**သိထိလံ, ဓနိတ ဉ္စ, ဒီဃ, ရဿံ၊ ဂရုကံ, လဟုက ဉ္စေ'ဝ နိဂ္ဂဟီတံ, ။**
**သမ္ဗန္ဓံ, ဝဝတ္ထိတံ, ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇန-ဗုဒ္ဓိယာ ပဘေဒေါ။ ။**

(ပရိဝါအဋ္ဌကထာ၊ နှာ၊ ၂၄၇)

ဟူသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတွင် ပါဝင်သော ဓနိတနှင့်ဃောသသည် ပြင်းပြင်းရွတ်အပ်သော အသံချင်းတူကြ၏။ အဘယ်သို့ ထူးပြားကြသနည်းဟူမူ ဌာန်, ကရိုဏ်းတို့ကို ညှင်းညှင်းဟာဟာ ပွတ်တိုက် ခြစ်ခြုတ်၍ လေးလေး, စည်စည်, ဟိန်းဟိန်း, ပြင်းပြင်း- မြည်သော သဘာဝသိဒ္ဓအသံသည် ဃောသ- မည်၏။ ရှားနှစ်တုတ် နှစ်ခုထိခိုက်ရိုက်နှက်သကဲ့သို့ မာမာ ခက်ခက်မြည်သော ပယောဂသိဒ္ဓ ပြင်းထန်လှသော အသံသည် ဓနိတ-မည်၏။ ထိုတွင် ခ-စသော ဒုတိယအက္ခရာသည် လေးလေး, ဟိန်းဟိန်း- မမြည်သောကြောင့် အဃောသ၊ မာမာ, ခက်ခက်- အသံထွက်သောကြောင့် ဓနိတ- မည်၏။ ဂ- စသော တတိယ အက္ခရာသည် လေးလေး, ဟိန်းဟိန်း- မြည်သောကြောင့် ဃောသ၊ ပယောဂ ကူစွက်၍ မာမာ, ခက်ခက်- မရွတ်ရသောကြောင့် သိထိလ-မည်၏။ ဤနည်းကို မှီ၍ အကြွင်းကို သိလေ။

ယံ, တံ- စသော နိဂ္ဂဟီတန္တ၊ ယမ်, တမ်- စသော မ-ကာရန္တတို့၏ ဆန့်ကျင်ဘက် ယော-သော, ယာ-သာ- စသည်တို့၏ ဝိမုတ္တ- အမည်။

---

နိဂ္ဂဟီတန္တနှင့် မကာရန္တသည် နာသိကဌာန်၌ ဖြစ်ချင်းသဘောတူသောကြောင့် သရဏဂုံ, ကမ္မဝါစာ- အရာ၌ အပ်သည်ချည်းတည်း။ ဝိမုတ္တဖြစ်မှ ကံပျက်သည်။ သရဏဂုံ ပေးရာ၌ -

အနုနာသိက'န္တံ ကတွာ ဒါန-ကာလေ အန္တရာ-ဝစ္ဆေဒေါ န ကာတဗ္ဗော။

စသည်ဖြင့် ဋီကာများ မိန့်ဆိုသည့်အတိုင်း "ဗုဒ္ဓံ သရဏံ" ဟု နိဂ္ဂဟီတန္တ ရွတ်ရာ၌ ခ-ကို ရွတ်လျှင် ရွတ်ချင်း ခံတွင်းက လေမထွက်စေရ။ နှာခေါင်းသို့ လေကိုလွှတ်၍ နာသိကဌာန်သံ ရွတ်ဆိုခြင်းသည် ခ-၏ ဒန္တဌာန်သံနှင့် နိဂ္ဂဟိတ်၏ နာသိကဌာန်သံ အကြားမပြတ်၊ တစ်စပ်တည်းဖြစ်၍ နိဂ္ဂဟီတန္တရွတ်နည်းမည်၏။ ဤနိဂ္ဂဟီတန္တရွတ်ရာ၌ နှုတ်ခမ်းချင်းလည်း မထိစေရ။ ခ-ကိုရွတ်၍ ပြီးလျှင် ပြီးချင်း ခံတွင်းကလည်း လေမထွက်စေရ။ ခ- သံကို အစလောက်သာ ထင်စေ၍ နှာခေါင်းသံ လွှမ်းမိုးလာအောင် ရွတ်ရသောကြောင့် "ကရဏံ နိဂ္ဂဟိတ္ဝာန၊ မုခေနာ'ဝိဝဋေန ယံ။ ဝုစ္စတေ နိဂ္ဂဟီတ'န္တိ၊ ဝုတ္တံ ဗိန္ဒုသရာ'နုဂံ" ဟု- ဝိဂြိုဟ်ဆိုရသည်။

မကာရန္တရွတ်ဆိုရာ၌ကား မ-အက္ခရာသည် ဩဋ္ဌဌာန်၌ဖြစ်သောကြောင့် ခ-ကိုရွတ်ပြီးလျှင် နှုတ်ခမ်း မပိတ်ခင် ပိတ်မည်ဟု အားထုတ်စဉ် အတော်ကြာ ကာလခြားပြတ်ပြီးမှ နှုတ်ခမ်းချင်း ထိကြသော မကြာခွဲ မ-သံဟူသော နှာခေါင်းသံဖြစ်လာရကား ခ-နှင့် မ်-သံအကြား ခြားပြတ်ခြင်းကို အန္တရာဝစ္ဆေဒ ဆိုရသည်။ ဗုဒ္ဓံနှင့် သရဏံ၏ အကြား၌ ခြားဖြတ်သက်အောင့်၍ ယခုကာလရွတ်ကြသည်ကား အဓိပ္ပါယ်သဘော ကင်းလွတ်သည်ဖြစ်၍ လူ, ရွတ် လူပျက်တို့ ရွတ်သည်နှင့်အလားတူ၏။ ဤမကာရန္တသည် အန္တရာဝစ္ဆေဒ ဖြစ်သော်လည်း နိဂ္ဂဟိတ်ဌာန် နှာခေါင်းသံမပျက်။ နှာခေါင်းမှ လေထွက်သောကြောင့် ဝိမုတ္တမဖြစ်။ နိဂ္ဂဟီတာနုလောမပင်ဖြစ်၍ သင်္ဂါယနာတင် အဋ္ဌကထာရှင်တို့ ခွင့်ပြုတော်မူအပ်သည်။

ဤမကာရန္တရွတ်ပုံကို သဘောမကျလျှင် ကက်၊ ကင်၊ ကစ်၊ ကည်၊ ကတ်၊ ကန်၊ ကပ်၊ ကမ်၊ ကယ်၊ ကဝ်-ဟူသော သင်ပုန်းကြီးအစဉ်ကို အသံထူးပြား သူတပါးကြား၍ ခြားနားသိသာအောင် ရွတ်၍ စမ်းရမည်။ သရကင်းသော တံခွန်လွှား ဗျည်းများကို မကြာခွဲသံ၊ သူ့ဌာန်သူ ကျကျ, နန- ကြားရအောင် ပါစေရမည်။ ထိုသို့ကွဲပြားအောင် ရွတ်ဖတ်လျှင် သရဏဂုံ, ကမ္မဝါစာများ၌ မကာရန္တကို နှုတ်ခမ်းပိတ်၍ ရွတ်ရသည်။ နိဂ္ဂဟီတန္တကို နှုတ်ခမ်းဖွင့်၍ ရွတ်ရသည်- ဟု သဘောကျလိမ့်မည်။ ငါတို့ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး ရွတ်၍ပြသည်ကိုလည်း ကြားနာလိုက်ရဖူးပေ၏။

ယဃာ'ယဃ္ဃောတော- စသည်တို့၏ သမ္ဗန္ဓ- အမည်။ ယဃာ အာယဃ္ဃောတော- စသည်တို့၏ ၀ဝတ္ထိတ- အမည်။ က, ခ, ဂ, ဃ, င၊ အ, အာ, ဧ, ဩ, ဟ- ဤဆယ်လုံးတို့၏ ကဏ္ဍဇ- အမည်။ ထို ကဏ္ဍဇ- ဆယ်လုံးတို့ကို ရွတ်ဆိုကြောင်း လည်ချောင်းအရပ်၏ သကဌာနကရိုဏ်း- အမည်။ စ, ဆ, ဇ, ဈ, ဉ၊ ဣ, ဤ, ဧ, ယ- ဤကိုးလုံးတို့၏ တာလုဇ- အမည်။ ထိုတာလုဇ ကိုးလုံးတို့ကို ရွတ်ဆိုကြောင်း လျှာလယ်အရပ်၏ ဇိဝှါမဇ္ဈကရိုဏ်း- အမည်။ ဋ, ဌ, ဍ, ဎ, ဏ၊ ရ, ဠ- ဤခုနစ်လုံးတို့၏ မုဒ္ဓဇ- အမည်။ ထိုမုဒ္ဓဇ ခုနစ်လုံးတို့ကို ရွတ်ဆိုကြောင်း လျှာဖျားအနီးအရပ်၏ ဇိဝှေါပဂ္ဂကရိုဏ်း- အမည်၊ တ, ထ, ဒ, ဓ, န၊ လ, ဝ, သ- ဤရှစ်လုံးတို့၏ ဒန္တဇ- အမည်။ ထိုဒန္တဇ ရှစ်လုံးတို့ကို ရွတ်ဆိုကြောင်း လျှာဖျားအရပ်၏ ဇိဝှဂ္ဂကရိုဏ်း- အမည်။ ပ, ဖ, ဗ, ဘ, မ၊ ဥ, ဦ, ဩ, ဝ- ဤကိုးလုံးတို့၏ ဩဋ္ဌဇ- အမည်။ ထိုဩဋ္ဌဇကိုးလုံးတို့ကို ရွတ်ဆိုကြောင်း နှုတ်ခမ်းအရပ်၏ သကဌာနကရိုဏ်း- အမည်။ နိဂ္ဂဟိတ်, ပဉ္စမက္ခရာ- တို့၏ နှာခေါင်း၌ဖြစ်သော နာသိကဇ- အမည်။ ငှ, ဉှ, ဏှ, နှ, မှ, ယှ, ရှ, လှ, ဝှ- ဟူ၍ ကိုးလုံးနှင့်ယှဉ်သော ဟ-၏ ရင်ခေါင်း၌ဖြစ်သော ဩရသ- အမည်။

အ- သရကို ရွတ်ဆိုရာ၌ ဌာန်ကရိုဏ်းပိတ်အောင် အားထုတ်ခြင်းလုံ့လ၏ သံဝုဋပယတ်- အမည်။ ကြွင်း သရခုနစ်, သ, ဟ- ဤကိုးလုံးတို့ကို ရွတ်ဆိုရာ၌ ဌာန်, ကရိုဏ်းပွင့်အောင် အားထုတ်ခြင်းလုံ့လ၏ ဝိဝဋပယတ်-အမည်။ ဝဂ်နှစ်ဆယ့်ငါးလုံးတို့ကို ရွတ်ဆိုရာ၌ ဌာန်, ကရိုဏ်း ထိခိုက်အောင် အားထုတ်ခြင်း လုံ့လ၏ ဖုဋ္ဌပယတ်- အမည်။ ယ, ရ, လ, ဝ- ဤလေးလုံးတို့ကို ရွတ်ဆိုရာ၌ ဌာန်ကရိုဏ်း စဉ်းငယ်ထိအောင် အားထုတ်ခြင်း လုံ့လ၏ ဤသံဖုဋ္ဌပယတ်- အမည်။ ရဿ, ဒီဃ- သရတို့၏အချင်းချင်း သရူပ-အမည်။ သဝဏ္ဏ- အမည်။ သရအခြားမရှိသော ဗျည်းတို့၏ သံယုဂ်-အမည်။ "ဓာတု-ပစ္စယ-ဝိဘတ္တိ-ဝဇ္ဇိတ'မတ္ထဝံ လိင်္ဂံ" ဟူသော ဒြပ်ဟောပုဒ်တို့၏ လိင်-အမည်။ နာမ်-အမည်။ ဏ, ဏာယန, ဏာန- ပစ္စည်း စသည်တို့၏ တဒ္ဓိတ်-အမည်။ နောက်ဆုံးဝဏ္ဏမှ ရှေ့ဖြစ်သော ဝဏ္ဏ၏ ဥပဓာ-အမည် စသည်တည်း။

(ဤဆိုခဲ့ပြီးသော ၃၄-မည်တို့တွင် အ-သည် အက္ခရ-ဝဏ္ဏ, သရ, ရဿ, လဟု, ဝိမုတ္တ, ကဏ္ဍဇ, သကဌာနကရဏိက, သံဝုဋပယတနိက, အာနှင့်သရူပ, သဝဏ္ဏ- ဤတစ်ဆယ့်တစ်မည်ရ၏။

---

ပယတန အရာ၌ နှုတ်ခမ်း၏ ပိတ်ခြင်း, ဖွင့်ခြင်း, ထိခြင်း, စဉ်းငယ်ထိခြင်း-သည် သံဝုဋ, ဝိဝဋ, ဖုဋ္ဌ, ဤသံဖုဋ္ဌ- မည်၏- ဟု ကျမ်းတတ်အကျော် ဆရာတော်ဦးပျော်, ဦးပုစ်တို့ မိန့်ဆိုရေးသားခဲ့သောကြောင့် အများ နောက်သားတို့ အမှားမှား အချွတ်ချွတ်မှတ်ယူကြရကုန်၏။ နှုတ်ခမ်းကိုပိတ်လျက် အ- အက္ခရာကိုရွတ်ဆို၍ မဖြစ်နိုင်။ ဖုဋ္ဌ, ဤသံဖုဋ္ဌလည်း ထို့အတူပင်ဖြစ်၍ ယုတ္တိမရှိလှသောကြောင့် သဘောမကျနိုင်ကြလေကုန်။

ပယတနံ သံဝုဋ္ဌာ'ဒိ-ကရဏ-ဝိသေသော။ သံဝုဋ္ဌတ္တ'မ- ကာရဿ၊ ဝိဝဋံ-သေသသရာနံ သကာရ-ဟကာရာန'ဥ္စ။ ဖုဋ္ဌံ ပဉ္စန္နံ ဝဂ္ဂါနံ၊ ဤသံဖုဋ္ဌ ယ-ရ-လဝါနံ။ (ရူ-၃)။ ပယတနံ ပန ယထာ'ရဟံ ဌာန-ကရဏာနံ သံဝုဋ္ဌာ'ဒိ-ဂုဏော။ (ဋင်းဋီ)။ သဒ္ဒနီတိလည်း နည်းတူ။

ဤသို့ကျမ်းဂန် တတ်သည်ထက် တတ်၊ ကျော်သည်ထက် ကျော်ကုန်သော ဆရာတော်ကြီးတို့ မိန့်ဆိုချက်အတိုင်း ကဏ္ဍဇအက္ခရာ ဆယ်လုံးတို့တွင် အ- အက္ခရာကို ရွတ်ရာ၌ ကဏ္ဍဌာန်ကို ပိတ်ဆို့ချုပ်တည်း၍ ရွတ်ရသောကြောင့် ကဏ္ဍဌာန်, သကဌာနကရိုဏ်းတို့၏ ပိတ်ဆို့ခြင်း သံဝုဋ္ဌ အမူအရာ ဂုဏ်အထူးသည် အ-သရ၏ သံဝုဋ္ဌပယတ်မည်၏။ အာ, ဧ, ဩ, ဟ-လေးလုံးတို့ကို ရွတ်ဆိုရာ၌ အ-ကို ရွတ်သလို မပိတ်မချုပ်ရ။ ထိုဌာန်, ကရိုဏ်းတို့ကို ဟာဟာ, ဟင်းလင်း ဖွင့်လွှတ်၍ ရွတ်ဆိုရသောကြောင့် ထိုဌာန်ကရိုဏ်းတို့၏ ပွင့်လင်းခြင်း ဝိဝဋအမူအရာ ဂုဏ်အထူးသည် ထိုလေးလုံးတို့၏ ဝိဝဋပယတ်မည်၏။ ကဝဂ်ငါးလုံးတို့ကို ရွတ်ဆိုရာ၌ အ- ကိုရွတ်သည်ထက်ပင် ဌာန်ကရိုဏ်းကို ထိခိုက်စေ၍၊ ရွတ်ဆိုရသော။ ဤသို့စသည်ဖြင့် အက္ခရာလေးဆယ့်တစ်လုံးကို ရထိုက်သော အမည်သရုပ်ကို ခွဲထုတ် ရေတွက် ပေါင်းစုနိုင်မှ ကျေပွန်မည်)။

ကြောင့် ထိုဌာန်ကရိုဏ်းတို့၏ ထိခိုက်ခြင်း ဖုဋ္ဌ- အမူအရာ ဂုဏ်ထူးသည် ထိုငါးလုံးတို့၏ ဖုဋ္ဌပယတ်မည်၏။ ဤသို့ မိမိဌာနဇက္ခရာ ချင်းချင်းတွင်သာ ထောက်ဆ၍ ပိတ်ပုံ, ဖွင့်ပုံ, ထိပုံ, စဉ်းငယ်ထိပုံ- ကို ယူရမည်။ နက်နဲကျနသော သဘောဉာဏ် ပဋိဘာန်ရှိသော ဝဇိရာရာမ ဆရာတော် မိန့်ဆိုသည်များကို လည်း ကြားနာရဖူးပေ၏။ ယုတ္တိ, အာဂုံ- နှစ်ချက်ရှိသည်ဖြစ်၍ နှစ်သက်ကြည်ဖြူ မှတ်ယူသင့်သော ဝိနိစ္ဆယပေတည်း။ တာလုဇက္ခရာ စသည်တို့၏ ပယတ်ကိုလည်း ဆိုခဲ့ပြီးသော ကဏ္ဍဇအက္ခရာတို့၏ နည်းကို မှီ၍ဆုံးဖြတ်လေ။

ဤပယတ်လေးပါး အဆုံးအဖြတ် မကာရန္တရွတ်ဖတ်နည်းများသည် ရှေးခုလတ်ဆရာစဉ် အဆက်ဆက်တို့ သဘောဉာဏ် မသက်စွမ်းနိုင်။ လမ်းရိုးကိုဖုံးလွှမ်း၍ လမ်းကောက် လမ်းမှားကို ပြထား ခဲ့ကြသည်နှင့် ဉာဏ်မဲ့နည်းပါးသော နောင်လာနောက်သား အဆက်ဆက် တပည့်များတို့ မစဉ်းစားနိုင်။ စဉ်းစားသော်လည်း လမ်းဟောင်းကို မဖွဲ့နိုင်၍ ယခုထက်တိုင် ထပ်ကာထပ်ကာ လိုက်လာခဲ့ကြသည်နှင့် လမ်းကောက်လမ်းမှားပင် သွားဖန်များ၍ ဖုံသကဲ့သို့ ရှိနေသောကြောင့် ဧရာမပညာရှိကြီး လုပ်တော်မူ ကြသော ဆရာတော်ဉူးပျော်, ဉူးဗုမ်တို့ပင် လိုက်သွားတော်မူကြသည်ကို တွေ့မြင်ရသောကြောင့် အလွန်အကဲ သတိထားစေလိုလှ လမ်းကောက်, လမ်းမှားကွယ်ပ လမ်းရိုး, လမ်းမှန်တွင် စေချင်လှ၍ နိဂ္ဂဟီတန္တ, မကာရန္တ ရွတ်ပုံအထူး, စပ်ပုံ, ဖြတ်ပုံအထူး အဆုံးအဖြတ် ပယတန အဆုံးအဖြတ်တို့ကို ထည့်သွင်းရေးသားအပ်သတည်း။

ယခုကာလ ရွတ်ကြသည့်အတိုင်း ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ- ဟု သုံးပုဒ်ကိုဖြတ်၍ အသံကို တုံ့ရပ်၍ ရွတ်ရသော မကာရန္တရွတ်နည်းသည် ဘယ်အကျိုးရှိပါသနည်း-ဟု ဆင်ခြင်စဉ်းစား သတိထား

(၁၀) **ပုဗ္ဗ'မဓော'ဋ္ဌိတ'မဿရံ သရေန ဝိယောဇယေ။** ပုဗ္ဗံ၊ ပရာသယဖြစ်သော ရှေ့ဗျည်းကို။ အဓော'ဋ္ဌိတံ၊ ရှေ့ဟူသောအောက်၌ အစဉ်မပျက်တည်ထားရန်ဘို့။ အ'ဿရံ၊ သရကင်းအောင်ပြု၍။ သရေန၊ မှီရာနောက်သရမှ။ ဝါ၊ နှင့်။ ဝိယောဇယေ၊ ခွဲခွေ့ရာ၏။

ပုံစံကား။ တတြ အယံ အာဒိ- အစရှိသည်တည်း။

(၁၁) **နယေ ပရံ ယုတ္တေ။** ယုတ္တေ၊ ဆောင်ကပ်၍ သန္ဓိစပ်သင့်သော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ အ'ဿရံ၊ သရကင်းသော။ အဓော'ဋ္ဌိတံ၊ အောက်၌တည်သော။ ပုဗ္ဗံ၊ ရှေ့ဗျည်းကို။ ပရံ၊ နောက်အက္ခရာသို့။ နယေ၊ ဆောင်ကပ်ရာ၏။

---

တတ်သော စာသင်သားတို့က ဆရာတော်ကြီးတစ်ပါးကို လျှောက်ထားမေးမြန်းကြရာ ထမင်းပွဲကို ရှေ့ထားလျက် ကျီးများမဝင်မနှိုက် မထိုးရအောင် ခြောက်နှင်၍ စားနိုင်လျှင် ရှင်ပြုစေ။

အနုဇာနာမိ ဘိက္ခဝေ----- ကာကုဍ္ဍေပကံ ပဗ္ဗာဇေတုံ။ (ဝိ၊ ၃။ ၁၁၀)

ဟု-ခွင့်ပြုတော်မူသောကြောင့် အလွန်ငယ်လှသော ရှင်လောင်းများ သုံးပုဒ်လုံးကို တစ်ခါတည်းလိုက်၍ မရွတ်မဆိုနိုင်ရကား တစ်ပုဒ်စီဖြတ်၍ ရပ်၍ ရပ်၍ ချရသော သရဏဂုံပေးနည်းတည်း-ဟု မိန့်ဆိုကြောင်းကို ၎င်းဆရာတော်ကြီးထံက ပြန်လည်ခဲ့သော စာသင်သားတို့ ပြောဆိုသည်ကို ငယ်စဉ်အခါ စာချတုန်းက ကြားရဖူး၏။ ထိုကဲ့သို့ မကာရန္တရွတ်နည်းကို ထိုမိန့်ဆိုသည့်အတိုင်း ပြောဆိုမှသာ အကျိုးရှိ၍ ယုတ္တိရပေသည်။ ခုလတ်အာစရိယ ပရမ္ပရ သိဿာနုသိဿ အစဉ်အဆက်က ချွတ်ပျက်၍ လာခဲ့သောလမ်းမှားကို မှားသည့်အတိုင်းပင် ယုတ္တိရှိအောင် ကြံကြံစည်စည် နေရာကျကျ ယူဆတွေးတောနိုင်သော သဘောညာဏ် ပဋိဘာန်ရှိပေစွ။

အက္ခရသညာ- စသော သကသမညာခုနစ်၊ ယောသ- စသော ပရသမညာသုံးဆယ့်နှစ်အားဖြင့် ပေါင်းသုံးဆယ့်ကိုးမည် ဖြစ်လျက် သံယုဂ်, လိင်, နာမ်, တဒ္ဓိတ်, ဥပစာ- ဤငါးမည်တို့ကို အက္ခရာတို့နှင့် မဆိုင်သောကြောင့် နုတ်ပယ်၍ သုံးဆယ့်လေးမည်တို့တွင်ဟု သရုပ်ခွဲရာ၌ဆိုသည်။

(၁၀) တတြ၊ ထိုခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကိုမြင်၍ ကြည်ရွှင်နှစ်သက်ခြင်း ပီတိပါမောဇ္ဇတည်းဟူသော အမတမဟာနိဗ္ဗာန်ကိုရခြင်း၌။ အယံ၊ ဤဆိုလတ္တံ့သော စတုပါရိသုဒ္ဓိသီလသည်။ အာဒိ၊ ကြောင်းရင်းမူလ, အစအဦးသည်။ ဘဝတိ၊ ဖြစ်၏။

ဤပြယုဂ်လာရင်း ဓမ္မပဒပါဠိတော်ကို မတွေးမိ သတိမရသောကြောင့် မာတိကာဟောစဉ်က မှတ်မိသော ဒဿနတိက် အဓိပ္ပါယ်ကို ရှုမျှော်လျက် အလွဲလွဲ အချော်ချော် နိဒ္ဒေသဖွင့်တိုင်း ယုံတော်မူကြ၍ နိသျဆရာတော်တို့ အနက်ပေးမှားကြသည်ကို သတိပြု။

(၁၁) ယုတ္တေ'တိ ကသ္မာ။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။ ဧတ္ထ ပန ယုတ္တံ န ဟောတိ-ဟု ဝုတ္တိရှိ၏။ ဧတ္ထ ယုတ္တ'ဂ္ဂဟဏံ နိဂ္ဂဟီတ-နိသေဓနတ္ထံ-ဟု-ရူပသိဒ္ဓိ(၈) လည်း ဆို၏။

ပုံစံကား။ တတြ'ယ'မာဒိ ဘဝတိ- အစရှိသည်တည်း။

ဣတိ သန္ဓိ-ကပ္ပေ ပဌမော ကဏ္ဍော

ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသော တစ်ဆယ့်တစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်- အပေါင်းသည်။ သန္ဓိ-ကပ္ပေ၊ သန္ဓိ-ကျမ်း၌။ ပဌမော၊ ရှေးဦးစွာသော။ ကဏ္ဍော၊ အဖြတ်အပိုင်းတည်း။ ဝါ၊ အဖြတ်အပိုင်းသည်။ ဣတိသမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

---

ထို့ကြောင့် မ- သုံးလုံးပေါ်၌ရှိသော နိဂ္ဂဟိတ်ကို ပုဗ္ဗာသယဗျည်းဖြစ်၍ နောက်အ- သရသို့ မကပ်ရသည်ကို ယုတ္တေ-သဒ္ဒါပြ၏-ဟု ယူရမည်။

ယုတ္တေ'တိပဒံ၊ ကို။ ကသ္မာ၊ ကြောင့်။ ဝုတ္တံ၊ နည်း။ မံ၊ ငါ့ကို။ အက္ကောစ္ဆိ၊ ဆဲရေးပြီ။ မံ၊ ကို။ အဝဓိ၊ ညှဉ်းဆဲပြီ။ မံ၊ ကို။ အဇိနိ၊ အောင်နိုင်ဖူးပြီ။ မေ၊ ငါ၏ဥစ္စာကို။ အဟာသိ၊ ဆောင်ယူဖူးပြီ။ ဧတ္ထ ပန၊ ဤပုံစံတို့၌ကား။ ယုတ္တံ၊ ပုဗ္ဗာသယဗျည်းဖြစ်သော နိဂ္ဂဟိတ်ကို နောက်သရသို့ ဆောင်ကပ်သင့်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ဉာပနတ္ထံ၊ ဤသို့သိစေခြင်းငှာ။ ဝါ၊ သိစေလိုသောကြောင့်။ ဝုတ္တံ၊ ဆိုအပ်၏-ဟု အနက်ပေး။ နိဂ္ဂဟိတ်ကို ပရာသယဗျည်း ဖြစ်အောင် မ, ဒ- ပြု၍။

အက္ကောစ္ဆိမ'မဝဓိမ'မဇိနိမ'မဟာသိမေ။ မ'မေ'ဝ။ တ'မဟံ ဗြူမိ။ ကိ'မဟံ ကရေယျံ။ မ'မုဒ္ဒေသိကော ဘိက္ခု-သံယော။ ဧတ'ဒေဝ အဟံ မဒ္ဒေ။

ဟု-ဆောင်ကပ်လိုမူကား ဆောင်ကပ်ရပါ၏။ တာသာ'ဟံ, ကျာ'ဟံ- စသည်၌ကဲ့သို့ နိဂ္ဂဟိတ်ကို ချေ၍ ဆောင်ကပ်လိုလျှင်လည်း ဆောင်ကပ်ရ၏ ဟူ၍မှတ်။ ဤအရာ၌ ဝဏ္ဏ, ကာလ- ခြားသောကြောင့် ဘယ်အခြင်းအရာနှင့်မှ သန္ဓိမစပ်ကောင်း-ဟု နိဒ္ဒေသ၌ အကျယ်ဆိုသမျှ စကားရပ်ကို အကျိုးမနပ် နိရတ္ထကချည်းမှတ်၊ ဝဏ္ဏ, ကာလ- ခြားရာ၌ သန္ဓိမဖြစ်သည်ကို "သရာ သရေ လောပံ" သုတ်မှာမှ။

သရေ'တိ နိမိတ္တ-နိဒ္ဒေသော။ နိမိတ္တ-သတ္တမီစာ'ယံ၊ နိမိတ္တော'ပါဒါန-သာမတ္ထိယတော ဝဏ္ဏ-ကာလ ဗျဝဓာနေ သန္ဓိ-ကာရိယံ န ဟောတိ။ (ရူပသိဒ္ဓိ၊ ၇။)

*သရေ'တျသ္မိံ ဩပသိလေ သိကော'ကာသ-သတ္တမီ။ တတော ဝဏ္ဏ-ကာလ-ဗျဝဓာနေ ကာရိယံ န ဟောတိ။ မံ အဟာသိ'တိ၊ ပမာဒ'မနုယုဥ္ဇန္တိ'တျာဒိ-ဂါထာယံ ဇနာ အပ္ပမာဒ'န္တိ စ။ တလာဝတာရတို့၌ ဆို၏။*

အန္တေန ဝသတိ- ကဲ့သို့ အကျိုးရှေ့ဖြစ်သော တတိယာဟိတ်၊ စတုဏ္ဏံ အရိယ-သစ္စာနံ အနနု-ဗောဓာ အ'ပ္ပဋိဝေဓာ- ကဲ့သို့ အကြောင်းရှေ့ဖြစ်သော ပဉ္စမီဟိတ်တို့နှင့် မဆိုမူ၍ အကြောင်းအကျိုး သဟစရဏဖြစ်သည်ကိုရင်း ဥက္ခလိယံ အာစာမော တိဋ္ဌတိ၊ ပရိယင်္ကေ ရာဇာ သေတိ- ကဲ့သို့ ချဉ်းကပ်၍ တည်သည်ကိုရင်း ပြတတ်သော နိမိတ္တသတ္တမီဟိတ်ဖြင့် ဆိုခြင်းကြောင့် ဝဏ္ဏ, ကာလ- ခြားရာ၌ သန္ဓိမဖြစ်

# ၁-သန္ဓိ ဒုတိယကဏ္ဍ

(၁၂) **သရာ သရေ လောပံ။** သရေ၊ ကျိုးကြောင်းတကွနက်, ကပ်လျက်နှောင်းသော နောက်သရရှစ်လုံးကြောင့်။ ဝါ၊ ၌။ သရာ၊ ရှေ့သရခြောက်ဆယ့်လေးလုံးတို့သည်။ လောပံ၊ ကျေပျောက်ခြင်းသို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။

ယဿိန္ဒြိယာနိ သမထံ ဂတာနိ-ကား ပုံစံတည်း။

သရေ'တိ နိမိတ္တ-နိဒ္ဒေသော။ နိမိတ္တ-သတ္တမီ စာ'ယံ။ နိမိတ္တော'ပါဒါန-သာမတ္ထိယတော ဝဏ္ဏ-ကာလ-ဗျဝဓာနေ သန္ဓိ-ကာရိယံ န ဟောတိ။ (ရူပသိဒ္ဓိ၊ ၇။)

**သရေ'တျ'သ္မိံ ဩပသိလေသိကော'ကာသ-သတ္တမီ၊ တတော ဝဏ္ဏ-ကာလ-ဗျဝဓာနေ ကာရိယံ န ဟောတိ။ မံ အဟာသီတိ၊ ပမာဒ'မနုယုဥ္ဇန္တီ'တျာဒိ-ဂါထာယံ ဇနာ အပ္ပမာဒ'န္တိ စ။ (ဗာလာဝတာရ)**

---

ဆိုလိုသည်။ မံ အဟာသိ-၌ ဗိန္ဒုဝဏ္ဏခြားသော အသရကြောင့် မ-၏အစိတ် အ-ကို ချေ၍ မ-ကို နောက် အ-သို့ကပ်၍ မစပ်ရ။

**ပမာဒ'မနုယုဥ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။**
**အ'ပ္ပမာဒ'ဥ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံ'ဝ ရက္ခတိ။** ။ (ဓမ္မပဒ၊ ဂါထာ -၂၆။)

ဟူသော ဂါထာ၌ ပုဗ္ဗဒ္ဓ, ပရဒ္ဓ- တို့ကို ခြားဖြတ်၍ ရွတ်ရိုးထုံးစံရှိသောကြောင့် ဂါထာ၏ ထက်ဝက် အလယ်ခေါင်မှာ ရွတ်ရာဥစ္စာရဏကာလခြားရကား ဇန'ပ္ပမာဒဥ္စ-ဟု မချေ မကပ် မစပ်ရ။

ကျမ်းတတ်အကျော် ဆရာတော်ဦးဗုမ်ကား ကရဏံ ကာရော၊ ကာရော ဧဝ ကာလော-ဟု ဝိဂြိုဟ်ပြု၍ တတြ အယံ အာဒိ- ၌ ရှေ့သရကိုချေခြင်း။ နောက်သရကို ဒီဃပြုခြင်း၊ နိဂ္ဂဟိတ်ကို မ-ပြုခြင်း ကာရိယတည်းဟူသော ကာလခြား၍ နေသောကြောင့် သန္ဓိမဖြစ်။ ထိုကာရိယတို့ကိုပြု၍ ပြီးလျှင် ကာလမခြားသောကြောင့် တတြ'ယ'မာဒိ-ဟု သန္ဓိဖြစ်၏ဟူ၍ ရှေးဆရာတော်တို့၏ လမ်းကောင်းဥပဒေ ကိုကျော်၍ လမ်းချော်တော်မူလေသည်။ ထိုဆရာတော် အလိုအတိုင်းဖြစ်လျှင် ဂါထာဝက်မှာပင် ကာရိယ ပြီးပြေက သန္ဓိဖြစ်ရချေတော့မည်။

✪ ✪ ✪ ✪ ✪

(၁၂) ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဣန္ဒြိယာနိ၊ စက္ခုစသောဣန္ဒြေတို့သည်။ သမထံ၊ ငြိမ်သက် တည်ကြည်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။

သရေတိ၊ သရေ- ဟူသောသဒ္ဒါသည်။ နိမိတ္တ-နိဒ္ဒေသော၊ နိမိတ်အနက်ကို ညွှန်ပြသောသဒ္ဒါ တည်း။ စ-သစ္စံ၊ ထိုစကားမှန်၏။ အယံ၊ ဤဝိဘတ်သည်။ နိမိတ္တ-သတ္တမီ၊ နိမိတ်အနက်၌သက်သော သတ္တမီဝိဘတ်တည်း။ နိမိတ္တော'ပါဒါန-သာမတ္ထိယတော၊ နိမိတ်ကိုယူခြင်း၏ အစွမ်းကြောင့်။ ဝဏ္ဏ-

၁။ သွ'ပ္ပ'က္ခရ'မသန္ဒေဟံ၊ သာရ'တ္ထံ သဗ္ဗတော-မုခံ။
အ'ကွောဘ'မနဝဇ္ဇ'ဥ္စ၊ ဆ'ဗ္ဗိဓံ သုတ္တ-လက္ခဏံ။ ။

၂။ သညာ စ ပရိဘာသာ စ၊ ဝိဓိပိ နိယမောပိ စ။
အတိဒေသော'ဓိကာရော'တိ၊ ဆဓာ ဝါ သုတ္တ-လက္ခဏံ။ ။

၃။ သီဟာ'ဝလောကိတော စေဝ၊ မဏ္ဍူက ပလုတောပိ စ။
ဂင်္ဂါ-သောတော'တိ ဘေဒေ'တ္ထ၊ အဓိကာရာ တယော မတာ။ ။

---

ကာလ-ဗျဝဓာနေ၊ ဝဏ္ဏခြားရာ- ကာလခြားရာ၌။ သန္ဓိ-ကာရိယံ၊ သန္ဓိပြုခြင်းသည်။ န ဟောတိ၊ မဖြစ်။ (ရူပသိဒ္ဓိ၊ ၇။)

သရေ'တျ'သ္မိံ၊ သရေ- ဟူသော ဤပုဒ်၌။ ဩပသိလေသိကော'ကာသ သတ္တမီ၊ ဩပလိလေသိကာဓာရအနက်၌ သက်သော သတ္တမီဝိဘတ်တည်း။ တတော၊ ထို့ကြောင့်။ ဝဏ္ဏ-ကာလ-ဗျဝဓာနေ၌။ ကာရိယံ၊ သည်။ နဟောတိ၊ မဖြစ်။ မံ အဟာသီတိ စ၊ ဟူသည်ရှင်း၊ ပမာဒ'မနုယုဥ္ဇန္တိ'တျာ'ဒိ-ဂါထာယံ၊ ပမာဒ'မနုယုဥ္ဇန္တိ- အစရှိသော ဂါထာ၌။ ဇနာ အပ္ပမာဒန္တိ စ၊ ဟူသည်ရှင်းတည်း။ (ဗာလာဝတာရ)

ရှေးယုတ္တေသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကိုဆောင်ကပ်၍ သန္ဓိမစပ်ရ။ ထိုထိုသုတ်၌ပါသော နိမိတ္တ သတ္တမီဖြင့် ဝဏ္ဏ, ကာလ- ခြားရာ၌ သန္ဓိမစပ်ရ-ဟု၊ သန္ဓိစပ်လိုလျှင်သာ ဆင်ခြင်ရှောင်သွေဖို့ ဥပဒေ စည်းကမ်း- နည်းလမ်းတို့ကို ပြသည်။ သန္ဓိမစပ်လိုလျှင် မနေရ-ဟု ပြဆိုသော ဥပဒေစည်းကမ်း- နည်းလမ်းကား မရှိသောကြောင့်-

ဧဝံ မေ သုတ'မေကံ။ ဇေတဝန္ဗျာ'နာထပိဏ္ဍိကဿာ'ရာမျာ'ထခ္ခ'ညတရာ ဒေဝတာ' ဘိက္ကန္တာယရတ္တိယာ'ဘိက္ကန္တ ဇေတဝန'မောဘာသေတွာ။ တေနု'ပသင်္ကမျု'ပသင်္ကမိတွာ၊ ဘဂဝန္တ'မဘိ ဝါဒေတွေ'ကမန္တ'မဌာသျေ'ကမန္တံ။ ဂါထာယ'ဇ္ဈဘာသိ- စသည်ဖြင့် သန္ဓိမစပ်ခြင်းကြောင့် တစ်စုံတစ်ရာ ဆိုဖွယ်ရာ အပြစ်မရှိ။ သမာသ်စပ်ရာ၌လည်း နည်းတူပင်။ ဝါစာသိလိဋ္ဌ ဖြစ်စေလိုခြင်း။ ပုဒ်ပါဌ် စာနေ ကျဉ်းစေလိုခြင်း။ "ဩဇော သမာသ-ဗာဟုလျံ၊ မေသော ဂဇ္ဇဿ ဇီဝိတံ"- ဟူသည့်အတိုင်း ဩဇဂုဏ်ပြည့်စုံစေလိုခြင်း စသောအကြောင်းကြောင့် သင့်လျော်သည့်အရာများ၌ စပ်လိုလျှင်သာ စပ်ရသည်။ မစပ်လိုလျှင် ဝါကျပင်ထားရ၏ ဟူ၍မှတ်။

၁။ သုတ္တံ၊ သုတ်သည်။ သွ'ပ္ပ'က္ခရံ၊ အလွန်နည်းပါးသော အက္ခရာရှိ၏။ အ-သန္ဒေဟံ၊ ယုံမှားဖွယ်မရှိ။ သာရ'တ္ထံ၊ ကောင်းမြတ်သောအနက်ရှိ၏။ သဗ္ဗတော-မုခံ၊ ထက်ဝန်းကျင်များစွာ- လိုရာဝိဓိသို့ လှည့်သော အဝရှိ၏။ အ'ကွောဘံ၊ စောဒကများ- မလှုပ်ရှားနိုင်။ အန'ဝဇ္ဇဥ္စ၊ အပြစ်လည်း မရှိ။ ဣတိ၊ ဤသို့။ သုတ္တ-လက္ခဏံ၊ သုတ်၏လက္ခဏာသည်။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိ၏။

(က) ကာရိ ကာရိယံ နိမိတ္တံ၊ တီဟိ သုတ္တ-မုဒါဟဋံ။
ကွစိ ကာရိ-ကာရိယေဟိ၊ ကာရိ-ဝဇ္ဇေဟိ ဝါ ကွစိ။ ။

(ခ) ယဿ နိဒ္ဒိဿေ ကာရိယံ၊ သ ကာရိ-တိ ပဝုစ္စတိ။
ယံ ကယျတေ တံ ကာရိယံ၊ အာဒေသပစ္စယာ'ဂမံ။
ယမှာ ပရံ ပရေ ယသ္မိံ၊ တံ နိမိတ္တံ ဒွိဓာ မတံ။ ။

(ဂ) ဗဟိရင်္ဂ-ဝိဓိတော တု၊ ဗလဝါ အန္တရင်္ဂကော။
ပစ္စယ'ဿိတံ ကာရိယံ၊ ဗဟိရင်္ဂ'မုဒါဟဋံ။ ။

---

၂။ ဝါ၊ တစ်နည်းလည်း။ သညာ စ၊ ခေါ်ဝေါ်သာအောင် သညာမှည့်သော သုတ်ရင်း။ ပရိဘာသာ စ၊ စာသားကျဉ်းမှု အမှတ်ပြုသော သင်္ကေတအထူးရင်း။ ဝိဓိပိ၊

လောပါ'ဒေသော အာဂမော စ၊ ဒီဃော ရဿော နိသေဓကော။
ဝိဘတ္တိ-ပစ္စယော စာ'တိ၊ ဝိဓိ'သုတ္တာနိ အဋ္ဌဓာ။ ။

ဟူသော ဝိဓိသုတ်ရင်း။ နိယမောပိ စ၊ သာမညကို နေရာချသော နိယမသုတ်ရင်း။ အတိဒေသော၊ ငှဲသောသုတ်ရင်း။ အဓိကာရော၊ လိုက်သောသုတ်ရင်း။ ဣတိ၊ သို့။ သုတ္တ-လက္ခဏံ၊ သည်။ ဆဓာ၊ ၏။

၃။ သီဟာ'ဝလောကိတော စေဝ၊ ခြင်္သေ့ကြည့်သည့်အလား- ရှေ့နောက် လိုက်သွားသောအဓိကာ-ရ ရင်း။ မဏ္ဍူက-ပလုတောပိ စ၊ ဖားခုန်သည့်အလား, ရှေ့သို့သာခုန်ကျော်လိုက်သွားသော အဓိကာ-ရရင်း။ ဂင်္ဂါ-သောတော၊ မြစ်ရေယဉ်အလား, ရှေ့သို့သာ အစဉ် လိုက်သွားသော အဓိကာရရင်း။ ဣတိဘေဒါ၊ ဤသို့သောအပြားဖြင့်။ ဧတ္ထ၊ ဤ ၆-သုတ်တို့တွင်။ အဓိကာရာ၊ လိုက်သောသုတ်တို့ကို။ တယော၊ ၃-ပါးတို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။

(က) ကာရီ၊ ကာရီရင်း။ ကာရိယံ၊ ရင်း။ နိမိတ္တံ၊ ရင်း။ ဣတိ၊ သို့။ တီဟိ၊ သုံးပါးသော အင်္ဂါတို့ဖြင့်။ သုတ္တံ၊ သုတ်ကို။ ဥဒါဟဋံ၊ ထုတ်ဆောင်တည်ထားအပ်၏။ ကွစိ၊ အချို့သောအရာ၌။ ကာရိ ကာရိယေဟိ၊ ကာရီ, ကာရိယ- ၂-ပါးတို့ဖြင့်လည်း။ ဥဒါဟဋံ၊ ၏။

(ခ) ယဿ၊ အကြင်အကြောင်းပကတိ၏။ ကာရိယံ၊ အကျိုးဝိကတိကို။ နိဒ္ဒိဿေ၊ ပို့ညွှန်းစီရင်အပ် ၏။ သော၊ ထိုအကြောင်းပကတိကို။ ကာရီ'တိ၊ ဟူ၍။ ပဝုစ္စတိ၊ ၏။ ယံ၊ အကြင်အကျိုးကို။ ကယျတေ၊ ပြုစီရင်အပ်၏။ အာဒေသ-ပစ္စယာ'ဂမံ၊ အာဒေသ, ပစ္စည်း, အာဂုံ- ဖြစ်သော။ တံ၊ ထိုအကျိုးသည်။ ကာရိယံ၊ မည်၏။ ယမှာ၊ အကြင်နိမိတ်မှ။ ပရံ၊ ၌။ ကယျတေ၊ ၏။ ပရေ၊ နှောင်းသော၊ ယသ္မိံ၊ အကြင်နိမိတ်ကြောင့်။ ကယျတေ၊ ၏။ ဒွိဓာ၊ ပဉ္စမိ, သတ္တမိ- ဟိတ်အားဖြင့် ၂-ပါးအပြားရှိသော။ တံ၊ ထိုအကြောင်းကို။ နိမိတ္တံ၊ ဟူ၍။ မတံ၊ သိအပ်၏။

(ဃ) ပကတိ'ဿိတ'န္တရဂ်ိ၊ အန္တရဂ်တရံ ပိ ဝါ။
သာဝကာသ-ဝိဓိတော တု၊ ဗလီ နိရဝကာသကော။ ။(သက္ကတဗျာကရုဏ်း)

(၁၃) **ဝါ ပရော အ-သ-ရူပါ။** အ-သ-ရူပါ၊ ဌာန်တူသော သဘောမရှိသော။ သရမှာ၊ ရှေးသရ ၈-လုံးမှ။ ပရော၊ နောက်ဖြစ်သော။ သရော၊ သရ ၅၂-လုံးသည်။ ဝါ၊ အချို့။ လောပံ၊ သို့။ ပပ္ပေါတိ၊ ၏။

ဝါ- သဒ္ဒါ၊ နိစ္စ, အနိစ္စ, အသန္တ- ဝိဓိတို့ကိုပြသော ဝဝတ္ထိတဝိဘာသာအနက်ရှိ၏။

ဘိက္ခုနီ၊ စတ္တာရော'မေ။ စတ္တာရော ဣမေ။ သဒ္ဒိ'န္ဒြိယံ- ကား ပုံစံတည်း။

သမာနံ ရူပံ ယဿ သော သ-ရူပေါ၊ န သ-ရူပေါ အသရူပေါ ဟု- ပြု။

* **အ-ဝဏ္ဏတော သရော'ဒါနီ'- တီ'ဝေ'ဝါ'ဒိ ဝိနာ ပရော။**
**န လုပ္ပတ'ညတော ဒီဃော၊ အာသေ'ဝါ'ဒိ-ဝိဝဇ္ဇိတော။** ။ (ရူပသိဒ္ဓိ၊ ၉။)

---

(ဂ) တု၊ ထိုမှတပါး။ ဗဟိရင်္ဂ'ဝိဓိတော၊ ဗဟိရင်္ဂဝိဓိထက်။ အန္တရင်္ဂကော၊ အန္တရင်္ဂဝိဓိသည်။ ဗလဝါ၊ အားရှိ၏။ ပစ္စယ'ဿိတံ၊ ပစ္စည်း, ဝိဘတ်- ကို မှီသော။ ကာရိယံ၊ ကို။ ဗဟိရင်္ဂ၊ ဟူ၍။ ဥဒါဟရုံ၊ ထုတ်ဆိုအပ်၏။

(ဃ) ပကတိ'ဿိတံ၊ ဓာတ်, လိင်- ကို မှီသော ကာရိယသည်။ အန္တရဂ်၊ အန္တရင်္ဂမည်၏။ အန္တရင်္ဂ- တရံပိ ဝါ၊ ထိုထက်အတွင်းကျမှု အန္တရင်္ဂတရလည်း မည်၏။ သာဝကာသ-ဝိဓိတော တု၊ အရာကျယ်သော ဝိဓိထက်ကား။ နိရဝကာသကော၊ အရာကျဉ်းသော ဝိဓိသည်။ ဗလီ၊ အားရှိ၏။

ဤ"သရာ သရေ လောပံ" သုတ်၌ ကာရိကို ဗဟုဝုစ်ဆိုခြင်းကြောင့် "**သခတော ဂဿေ ဝါ**" သုတ်၌ ဂဿ ဧ- ပုဒ်ဖြတ်၍ တဖန် ဧ-ကို အ, အာ, ဣ, ဤ, ဧ- ပုဒ်ဖြတ်ပြန်၍ ရှေးသရ ၄-လုံးကို တစ်ပြိုင်နက်ချေရ၏-ဟု ဉာဏ်ဆို၏။ အ စ အာ စ ဣ စ ဤ စ ဧစာတိ ဧ-ဟု ဒွန်တွဲပြီး ချေပြီးမှ။ ဂဿ ဧ ဂဿေ-ဟု တဖန် အ-ကိုချေ၍ စပ်ရသည်။ ဂဿ အ, အာ, ဣ, ဤ, ဧ-ဟု ယောင်၍ တစ်ခါတည်း ပုဒ်ဖြတ်မှားတတ်သည်၊ သတိရှိစေ။

(၁၃) * ဣဒါနီ'တီ'ဝေ'ဝါ'ဒိ၊ ဣဒါနိ, ဣတိ, ဣဝ, ဧဝ- သဒ္ဒါစသည်ကို။ ဝိနာ၊ ကြဉ်၍။ အဝဏ္ဏတော၊ အဝဏ် ၂-လုံးမှ။ ပရော၊ နောက်ဖြစ်သော။ သရော၊ သရသည်။ န လုပ္ပတော၊ မကျေ။ အညတော၊ အဝဏ်မှ တပါးသောသရမှ။ ပရော၊ သော။ အာသေ'ဝါ'ဒိ-ဝိဝဇ္ဇိတော၊ အာသိ, ဧဝ- စသည်သည် ကြဉ်အပ်သော။ ဒီဃော၊ ဒီဃသရသည်။ န လုပ္ပတော၊ မကျေ။

ဤဂါထာ၏ ပုံစံအစုံကား-

ယဿ'ဒါနိ၊ ယဿ ဣဒါနိ။ သညာ'တိ၊ သညာ ဣတိ။ ဆာယာ'ဝ၊ ဆာယာ ဣဝ။ ဆာယာ ဧဝ ဝါ။ ကထာ၀ ကာ၊ ကထာ ဧဝ ကာ။ ဣတိ'ပိ၊ ဣတိ အပိ။ အဿမဏီ'သိ၊ အဿမဏီ အသိ။ စက္ခု န္ဒြိယံ-ပုဒ်ကို နိစ္စဝိဓိ-ဟု ရူပသိဒ္ဓိ (၉)ဆို၏။ စက္ခု ဣန္ဒြိယ'န္တိ အာမန္တာ-ဟု ပါဠိရှိသောကြောင့် ဆင်ခြင်။

"စက္ခု-ဣန္ဒြိယံကား ဝါကျန္တရတည်းဟူ၍ပြောအံ့။ ယဋ္ဌေပံ စသည်လည်း ဝါကျန္တရပင်တည်း။ အကတညူ'သိ၊ အကတညူ အသိ၊ အာကာသေ'ဝ၊ အာကာသေ ဣဝ။ ဝန္ဒေ'ဟံ၊ ဝန္ဒေ အဟံ။ သော'ဟံ၊ သော အဟံ။ စတ္တာရော'မေ၊ စတ္တာရော ဣမေ။ ဝသလော'တိ၊ ဝသလော ဣတိ။ မောဂ္ဂလ္လာနော'သိ ဗီဇကော၊ မောဂ္ဂလ္လာနော အာသိ ဗီဇကော။ ပါတော'ဝ၊ ပါတော ဧဝ၊ (**အနိစ္စဝိဓိ**)။

ပဉ္စိ'န္ဒြိယာနိ။ သဒ္ဓိ'န္ဒြိယံ။ သတ္တု'တ္တမော။ ဧကူ'န-ဝီသတိ။ ယဿေ'တေ။ သုဂတော'ဝါဒေါ။ ဒိဋ္ဌာ'သဝေါ၊ ဒိဋ္ဌော'ယော။ စက္ခာ'ယတနံ။ တံ ကုတေ'တ္ထ လဗ္ဘာ။ (**အသန္တဝိဓိ**)။

ဣဒါနိ၊ ယခုအခါ၌။ ယဿ၊ အကြင်နေအိမ်သို့ ပြန်လည်ခြင်း၏။ ကာလံ၊ အခါကို။ မညထ၊ သိကြကုန်၏။ တံ၊ ထိုပြန်လည်ခြင်းကို။ ကရောထ၊ ပြုကြကုန်လော့။ စက္ခု'န္ဒြိယံ၊ စက္ခုဟူသော ဣန္ဒြေ။ စက္ခု၊ စက္ခုမည်၏။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏လော။ မောဂ္ဂလ္လာနော၊ မောဂ္ဂလ္လာန်သည်။ ဗီဇကော၊ ဗီဇကသည်။ အာသိ၊ ဖြစ်ပြီ။ (ပေး)။

ယဿ၊ အကြင်သရအား။ သမာနံ၊ တူသော။ ရူပံ၊ သဘောသုတိသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသရသည်။ သ-ရူပေါ၊ မည်၏။ (အချင်းချင်းထောက်၍ သဘောသုတိတူသော အ, အာ,၊ ဣ, ဤ,၊ ဥ, ဦ- ၆-လုံးရ၏)။ သ-ရူပေါ၊ တူသော သဘောသုတိရှိသော သရသည်။ န၊ မဟုတ်။ အ-သ-ရူပေါ၊ မဟုတ်။ (အ, အာ- စသည်ကိုထောက်၍ ကြွင်း ၆-လုံးစီ။ ဧ, ဩ- ကိုထောက်၍ ၈-လုံးစီရ၏)။

ယတ္ထ ဟိ ကာရိယ-ကာရိ-နိမိတ္တာနိ န သန္တိ၊ တတ္ထေ'ဝ ကာရိယ-ကာရိ-နိမိတ္တ-ဘာဝေန ဝတ္တန္တိ။
ယတ္ထ ပန သန္တိ၊ တတ္ထ တဗ္ဗိသေသက-ဘာဝေနေ'ဝ ဝတ္တန္တိ ဝါ နဝါ-

ဟု ဉာသ်ဆိုသောကြောင့် သရမှာ၊ သရဖြစ်သော။ အ-သ-ရူပါ၊ တူသောသုတိရှိသည် မဟုတ်သောရှေးမှ၊ သရော၊ သရဖြစ်သော။ ပရော၊ နောက်သည်-ဟု ဉာသ်အဆို နေရာကျထင်၍ ရှေးနိသျတို့ အနက်ပေးကြသည်ကား ရယ်ဖွယ်ကောင်းလှ၏။ နီလံနှင့်ဥပ္ပလံတို့ အချင်းချင်း အထူးပြုကြသကဲ့သို့သော ဝိသေသန သဘောမျိုးကိုရည်၍ ဉာသ်ဆိုပေတည်း။ အနက်ပေးသည့်အခါကား ဒြဗ်ဟော ထင်ရှားသည်ကို ဝိသေသျ ထားရသည်။ သို့ပါလျက်ကို နိသျဆရာတော်ကြီးများ အကြံဉာဏ်တော် သေချာလွန်းလှ၍ချော်သည်။

(၁၄) **ကွစာ'သ–ဝဏ္ဏံ လုတ္တော။** သရေ၊ ရှေ့အဝဏ် သရ ၂-လုံးသည်။ လုတ္တော၊ ကျေပြီးသည်ရှိသော်။ ပရော၊ နောက်ဖြစ်သော။ သရော၊ ဣဝဏ်, ဥဝဏ် သရ ၄-လုံးသည်။ ကွစိ၊ အချို့သောပုံစံ၌။ အ-သ-ဝဏ္ဏံ၊ ဧ, ဩ- အသဝဏ်အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

ဥပေ'က္ခာ။ ဇိနေ-ရိတော။ စန္ဒော'ဒယော။ ထူလော'ရူ။ ဝါမော'ရူ။ ကော'နသတံ-ကား ပုံစံတည်း။

ရှေ့၌ လောပရှိလျက် ဆိုပြန်သော လုတ္တော- သဒ္ဒါလွန်ဖြင့် ရှေ့သရကို **အသဝဏ်-** ပြု။

ဣသေ'လယော။ ရထေ'သဘော။ သော'တ္ထိ။ သော'တ္ထိ တေ ဟောတု သဗ္ဗဒါ။ ပုံစံ။

သမာနော ဝဏ္ဏော သ-ဝဏ္ဏော၊ န သ-ဝဏ္ဏော အ-သ-ဝဏ္ဏော-ပြု။

ရှေ့သုတ်၌ ဝါ-သဒ္ဒါရှိလျက် ဆိုပြန်သော **ကွစိ-သဒ္ဒါအလွန်ဖြင့်** အဝဏ်ကျေရာ၌သာ အသဝဏ်ပြုရာ၏-ဟု ရူပသိဒ္ဓိဆို၏။ ဤအလိုသော် အနက်တူ၊ ညသ်၌ကား ဝါ-သဒ္ဒါ ဒွိရုပ်ကို ကွစိ-သဒ္ဒါ ဧကရုပ်ကိုပြ၏-ဟု ဆို၏။

---

ဝါတိ ကသ္မာ-အစရှိသော ကိံဟူသမျှကိုလည်း နိဒ္ဒေသချဲ့ဖွင့်တိုင်းယူ၍ ကိံစွဲတွေနှင့် ဝေဝေ ဆာဆာ နိသျဆရာတော်များ အနက်ရေးထားသောကြောင့်ငင်း၊ ဘူဓာတ်က စတည်၍ ညသ်စီရင်သည့် အတိုင်း ဘောတိရုပ်ကို ရေးထားသောကြောင့်ငင်း၊ သဒ္ဒါတက်သစ်စ- စာသင်သားများကို- နိသျရှိ တိုင်းသော အစီအစဉ်ဖြင့် ချပို့ကြသော ဆရာများအတွက် အမျိုးကောင်းသားတို့, သာသနာတော်မှ ဆုတ်နစ် လူထွက်- ပျက်စီးသွားသည် များလှလေပြီ။ ထို့ကြောင့် ဝါတိပဒံ၊ ဝါ- ဟူသောပုဒ်ကို။ ကသ္မာ၊ အဘယ်ကြောင့်။ ဝုတ္တံ၊ ဆိုအပ်သနည်း။ ပဋ္ဋိန္ဒြိယာနိတျာ'ဒိ-သိဒ္ဓနတ္ထံ၊ ပဋ္ဋိန္ဒြိယာနိ- အစရှိသော ပြယုဂ်၏ ပြီးခြင်းငှာ။ ဝါ၊ ပြီးစေလိုသောကြောင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဤကဲ့သို့ ကျဉ်းကျဉ်းချပို့ရမည်။ ဘောတိရုပ်များကို လည်း ခုန်ကျော်ချန်ထားခဲ့ရမည်။ နိသျမဖတ်ဘဲ အနက်ထင်၍ တပည့်စာသင်သားအကဲကို ဆင်ခြင်၍ ချပို့တတ်မှသာ ကျောင်းကန်နေထိုင်ခြင်း စာပေပို့ချခြင်းသည် မိမိရော တပည့်စာသင်သားရော ရပ်ရွာနေ ဒကာ ဒကာမရော၊ ကြီးပွါးကြောင်း ဖြစ်ပေသည်-ဟု သတိပြုသင့်လှ၏။

(၁၄) ဥပေက္ခာ၊ ဥပ + ဣက္ခာ၊ အသင့်အားဖြင့် ရှုတတ်သော ဥပေက္ခာဝေဒနာ။ ဇိနေ'ရိတော၊ ဇိန+ဤရိတော၊ ဘုရားရှင်သည်ဟောအပ်သောတရား။ စန္ဒော'ဒယော၊ လထွက်ခြင်း။ ထူလော'ရူ၊ ထူလ ဥရူ၊ ဆူသောပေါင်။ ဝါမော'ရူ၊ ဝါမ ဥရူ၊ ငှက်ပျောကဲ့သို့ ချောမောတင့်တယ်သော ပေါင်ရှိသောသူ။ ကော'န'သတံ၊ ကေ+ဥန+သတံ၊ တစ်ခုယုတ်တစ်ရာ။ ဣသေ'လယော၊ ဣသိ+အာလယော၊ ရသေ့တို့၏နေရာ ကျောင်းသင်္ခမ်း။ ရထေ'သဘော၊ ရထိ+ဥသဘော၊ ရထားစီးချင်း- မင်းတကာတို့ထက်

* ကွစိ'န္တဝါစ ဧကေ'တ္ထာ၊ ယေဘုယျေနေ-က-ရူပကာ။
ဝါ ဝိဘာသာ သမာန'တ္ထာ၊ ပါယေနော'ဘယ-ရူပကာ။ ။

(ကွစိ'န္တဝါစ- ၌ နှ- နှစ်လုံးဆင့်ရှိမှ ဆန်း, သဒ္ဒါ နှစ်ချက်သင့်သည်။ မဖျက်မိစေနှင့်)။

**(၁၅) ဒီဃံ။** သရေ၊ ရှေ့သရသည်။ လုတ္တေ၊ သော်။ ပရော၊ သော။ သရော၊ သည်။ ကွစိ၊ ၌။ ဒီဃံ၊ ဒီဃအဖြစ်သို့။ ပပ္ပေါတိ၊ ၏။

သဒ္ဓီ'ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။ တဿ-တ္တော။ ပုံစံ။

**(၁၆) ပုဗ္ဗော စ။** သရေ၊ နောက်သရသည်။ လုတ္တေ၊ သော်။ ပုဗ္ဗော၊ ရှေးဖြစ်သော။ သရော စ၊ သရသည်လည်း။ ကွစိ၊ ၌။ ဒီဃံ၊ သို့။ ပပ္ပေါတိ၊ ၏။

ကိံသူ'ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။ ယဿ'ဒါနိ ကာလံ မညသိ။ ပုံစံ။

**စ- သဒ္ဒါ အနုကမ္မနတ္ထ**။ လုတ္တေ, ဒီဃံ- တို့ကို နောက်သုတ်သို့ မလိုက်ရအောင် ငင်၏။

---

မြတ်သောမင်း။ သော'တ္ထိ၊ သု+ဣတ္ထိ၊ ကောင်းသောမိန်းမ။ တေ၊ သင်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သော'တ္ထိ၊ သုအတ္ထိ၊ ဘေးရန်မသမ်း, ငြိမ်းချမ်းသာယာ- ကောင်းခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ (သွတ္ထိ- ဟု ဝဆွဲနှင့်လည်း သင့်၏)။

သမာနော၊ သုတိသဘော ဌာန်တူသော။ ဝဏ္ဏော၊ ဝဏ္ဏတည်း။ သ-ဝဏ္ဏော၊ သုတိသဘော ဌာန်တူသော ဝဏ္ဏ။ (ရှေးသရ ၆-လုံးရ၏)။ သ-ဝဏ္ဏော၊ သည်။ န၊ မဟုတ်။ အ-သ-ဝဏ္ဏော၊ မဟုတ်။ (ဧ, ဩ- ရ၏။ ကာရိကိုမဆိုသော်လည်း ကာရိယနှင့်ဌာန်နီးသော ဣ, ဤ, ဥ, ဦ- ကိုယူရသည်။)

* ကွစိ၊ ကွစိသဒ္ဒါသည်၎င်း။ နဝါ စ၊ သည်၎င်း။ ဧကေ'တ္ထာ၊ တူသောအနက်ရှိကုန်၏။ ယေဘုယျေန၊ များသောအားဖြင့်။ ဧကေ-ရူပကာ။ တစ်ရုပ်ကို ပြတတ်ကုန်၏။ ဝါ၊ ဝါသဒ္ဒါသည်၎င်း။ ဝိဘာသာ၊ သည်၎င်း။ သမာန'တ္ထာ၊ တူသော အနက်ရှိကုန်၏။ ပါယေန၊ များသောအားဖြင့်။ ဉဘယ-ရူပကာ၊ နှစ်ရုပ်ကို ပြတတ်ကုန်၏။

(၁၅) ဣဓ၊ ဤလောက၌။ ပုရိသဿ၊ ယောကျ်ား၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာကား။ သဒ္ဓါ၊ ယုံကြည် ကြည်ညိုခြင်း သဒ္ဓါတရားတည်း။ တဿ၊ ထိုပါဠိ၏။ အတ္တော၊ အနက်တည်း။ (ဌာနာ'သန္န-ဝသေန ရဿ'ဿရာနံ သ'ဝဏ္ဏ-ဒီဃော) (ရူပသိဒ္ဓိ၊ ၁၁။)။

(၁၆) ဣဓ၊ ၌။ ပုရိသဿ၊ ၏။ သေဋ္ဌံ၊ သော။ ဝိတ္တံ၊ ကား။ ကိံသု၊ အဘယ်ပါနည်း။ ဣဒါနိ၊ ၌။ ယဿ၊ အကြောင်နေရပ်သို့ပြန်လည်ခြင်း၏။ ကာလံ၊ ကို။ မညသိ၊ သိ၏။ တံ၊ ထိုသိတိုင်းကို။ ကရောဟိ၊ ပြုလေလော့။

(၁၇) **ယ'မေ'ဒန္တသာ'ဒေသော။** သရေ၊ သရကြောင့်။ ဧ-အန္တသ၊ တေ, မေ- ၏ အစိတ် ဧ- ၏။ ကွစိ၊ ၌။ ယံ၊ ယ-ဟူသော။ အာဒေသော၊ ညွှန်းဆိုအပ်သော ကာရိယသည်။ ဟောတိ၊ ၏။

တျ'သ ပဟီနာ၊ ပဗ္ဗတျာ'ဟံ။ ပုတ္တော တျာ'ဟံ။ အဓိဂတော ခေါ မျာ'ယံ ဓမ္မော။ နေ'နာ'ဂတာ။ ပုတ္တာ မ'တ္ထိ ဓနံ မ'တ္ထိ။ ပုံစံ။

(၁၈) **ဝ'မော'ဒု'ဒန္တာနံ။** သရေ၊ ကြောင့်။ ဩ-ဥ-အန္တာနံ၊ အစိတ် ဩ, ဥ- တို့၏။ ကွစိ၊ ၌။ ဝံ၊ ဝ- ဟူသော။ အာဒေသော၊ သည်။ ဟောတိ၊ ၏။

တေန ကွ'ဿော။ အတ္ထိ ခွေ'သ ဗြာဟ္မဏ။ စက္ခွာ'ပါတံ။ ဝတ္ထွေ'တ္ထ ဝိဟိတံ။ သွ'သ ဟောတိ။ ဗဟွာ'ဗာဓော။ စတ္တာရော'မေ။ ကိန္နွ'မာ'ဝ သမဏီယော။ သ'မန္နာ'ဂတော။ ပုံစံ။

အန္တ- သဒ္ဒါလွန်ဖြင့် ဣ- ကို ဝ- ပြု။ ဟောတွေ'ဝ။ သမန္တ-ပါသာဒိကာတွေ'ဝ သမညာ ဥဒပါဒိ။ပုံစံ။

---

(၁၇) တေ၊ ထိုအာသဝေါတို့ကို။ အဿ၊ ထိုပုဂ္ဂိုလ်သည်။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ အဟံ၊ သည်။ ပဗ္ဗတေ၊ ဂန္ဓမာဒနတောင်၌။ ဝသာမိ၊ နေ၏။ အဟံ၊ သည်။ တေ၊ သင်မင်းမြတ်၏။ ပုတ္တော၊ သားတော်ပါတည်း။ မေ၊ ငါသည်။ အဓိဂတော၊ သိအပ် ရအပ်သော။ အယံ ဓမ္မော၊ ဤသစ္စာလေးပါး တရားသည်။ ခေါ၊ စင်စစ်။ ဂမ္ဘီရော၊ နက်၏။ နေ၊ ထိုသူတို့သည်။ အနာဂတာ၊ မလာကုန်။ မေ၊ ငါ့အား။ ပုတ္တာ၊ သားကောင်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။ မေ၊ ငါ့အား။ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ (အန္တ'ဂ္ဂဟဏံ ကိံ၊ ဓမ္မ-စက္ကံ ပဝတ္တေန္တော၊ ဒမေန္တော စိတ္တံ) (ရူပသိဒ္ဓိ၊ ၁၃။)။

(၁၈) တေန၊ ထိုသို့ အမည်မှည့်ခြင်းကြောင့်။ ကွ'ဿော၊ ကော အဿော၊ အဘယ်အကျိုးသည်။ အတ္ထိ၊ ရှိသနည်း။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧသ ဧသော ပရိယာယော၊ ဤ ဆိုလတ္တံ့သော အကြောင်းသည်။ အတ္ထိခေါ၊ ရှိသည်တကား။ စက္ခွာပါတံ၊ စက္ခု အာပါတံ၊ စက္ခုအား ရှေးရှုကျခြင်းသို့။ ဝါ၊ စက္ခု၏လမ်းသို့။ အာဂစ္ဆတိ၊ ရောက်လာ၏။ (ဤပုဒ်ကို အာပါထံ-ဟု ထဆင်ထူးနှင့်ငှင်း အာဗာထံ-ဟု ဗထက်ခြိုက် ထဆင်ထူးတို့နှင့်ငှင်း အာဗာဓံ-ဟုဗထက်ခြိုက် ဓအောက်ခြိုက်တို့နှင့်ငှင်း အထူးထူး အထွေထွေရေးသား ဖတ်ရွတ်ကြ၏။ ထဆင်ထူးနှင့်ရှိသော အာပါထံ, အာဗာထံ- ပုဒ်တို့ကား မကောင်း။ (အာဗာဓ'န္တု နိရဂ္ဂလံ) အဘိဓာန် ရှိသောကြောင့် အာဗာဓပုဒ်ကို အသုံးပြုကြသည်များ၏။ စက္ခုဿ၊ အား။ အာဗာဓံ၊ ထင်ခြင်း သို့။ ဝါ၊ စက္ခုဿ၊ ကို။ အာဗာဓံ၊ ရှေးရှုထိခိုက် နှိပ်စက်ညှဉ်းဆဲခြင်းသို့။ အာဂစ္ဆတိ၊ ရောက်လာ၏- ဟူ၍လည်း အနက်ပေးကြ၏။ အဘိဓာန်ပါဠိပျက်ကို တွေ့မြင်ထောက်ထား၍ စာပြင်ဆရာတို့ ချွတ်ချော် ပြင်မှားကြလေသည်။ အ-ဗာဓ'န္တုနိ ရဂ္ဂလံ-(တန်၊ ၇၁၇)ဟု အရသနှင့်ပါဠိရှိရမည်။ အ-ဗာဓံ၊ အနှောက်အရှက် အဆီးအတား တံခါးကျည်မရှိ- ဟုပေး။ နတ္ထိ ဗာဓာ နိသေဓော ယဿ တံ အ-ဗာဓံ၊

(၁၉) **သဗ္ဗော စံ တိ။** သရေ၊ ကြောင့်။ သဗ္ဗော၊ အလုံးစုံသော။ တိ၊ အတိ, ပတိ, ဣတိ- သဒ္ဒါတို့၏ အစိတ်တိ-သည်။ ကွစိ၊ ၌။ စံ၊ စ- အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

အစ္စ'န္တံ၊ ပစ္စေ'တိ။ ဣစ္စေ'တံ ကုသလံ၊ ဣတိ'ဿ။ ပုံစံ။

(၂၀) **ဒေါ ဓဿ စ။** သရေ၊ ကြောင့်။ ဓဿ စ၊ ဓ- အောက်ခြိုက်၏လည်း။ ကွစိ၊ ၌။ ဒေါ စ၊ ဒ- ထွေးပြုသည်လည်း။ ဟောတိ၊ ၏။

ဧကေ'မိဒါ'ဟံ။ ဣဓေ'ဝ တိဋ္ဌမာနဿ။ ပုံစံ။

**“ဒေါ စ” ၌ စ-သဒ္ဒါ ပဒသမုစ္စည်း။ ဓ- အောက်ခြိုက်၏ ဟ- ပြုကိုဆည်း၏။ သာဟုဒဿန'** မရိယာနံ။ ပုံစံ။

---

(ဋီကာ)။ နိရုတ္တလံ၊ အဆီးအတား တံခါးကျည်မရှိ- ဟုပေး။ စက္ကာပါတံ-၌ကား အာရှေးရှိသော ပတဓာတ်, ဏ-ပစ္စည်းဖြင့် ပြီးသော အာပါတ- ပုဒ်ဟူ၍မှတ်။ အာပါတ၊ ပုလ္လိင်။ အာပုဗ္ဗ ပတ။ ဘာဝေ ဏ။ သဟာသာ ပတေန ဘဝတိ၊ အာဓာရေ ဝါ ဏ။ တက္ကာလေ မဂ္ဂေ စ- ဟူသော သက္ကတကျမ်းနှင့်အညီတည်း)။

ဝတ္ထေ'တ္ထ၊ ဝတ္ထု+ဧတ္ထ။ ဧတ္ထ၊ ဤအရပ်၌။ ဝတ္ထု၊ နေရာမြေကို။ ဝိဟိတံ၊ စီရင်အပ်ပြီ။ အဿ၊ ထိုသူအား။ သော၊ ထိုသဘောတရားသည်။ ဟောတိ၊ ၏။ ဗဟ္ဝါ'ဗာဓော၊ ဗဟု+အာဗာဓော၊ များသော အနာ ရောဂါရှိ၏။ စတ္တာရော'မေ၊ စတ္တာရော+ဣမေ။ စတ္တာရော၊ ကုန်သော။ ဣမေ ဓမ္မာ၊ တို့သည်။ ကိန္နွ'မာဝ၊ ကိန္နု+ဣမာဝ။ ဣမာဝ၊ ဤဘိက္ခုနီမတို့သည်သာလျှင်။ သမဏိယော ကိန္နု၊ ရဟန်းမိန်းမ တို့တဲ့လော။ သမန္နာဂတော၊ သံ + အနု + အာဂတော၊ ထက်ဝန်းကျင်လျော်စွာ ရောက်လာပြည့်စုံ၏။

ဟောတွေ'ဝ၊ ဟောတိ+ဧဝ၊ ဖြစ်သည်သာတည်း။ သမန္တသာဒိကာတွေ'ဝ၊ သမန္တပါသာဒိကာတိ +ဧဝ၊ သမန္တပါသာဒိကာ ဟူ၍သာလျှင်။ ဝါ၊ ဟူသည်သာလျှင် ဖြစ်သော။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်လာ၏။

(၁၉) အစ္စ'န္တံ၊ အတိ+အန္တံ၊ စင်စစ်။ ဝါ၊ ပျက်စီးခြင်းအဆုံးကို လွန်သည်။ ပစ္စေ'တိ၊ ပတိ+ဧတိ၊ ရှေးရှုကပ်၏၊ ယုံကြည်၏။ ဣစ္စေ'တံ၊ ဣတိ+ဧတံ၊ ဤသို့ဖြစ်ခြင်းသည်။ ကုသလံ၊ ကောင်း၏၊ အပြစ်မရှိ။ ဣတိ'ဿ၊ ဣတိ+အဿ၊ ဣတိ၊ ဤသို့ပြုလျှင်။ အဿ၊ ထိုသူအား။ မုဟုတ္တံပိ အဖာသု၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ (တီ'တိ နိဒ္ဒေသတော အ-ကတ-ယကာရဿေ'ဝါ'ယံ ဝိဓိ။ ဣတရထာ ကွစိ'ဂ္ဂဟဏဿ စ အတိဿစန္တဿာ'ဟိ စ သုတ္တဿ နိရတ္ထကတာ သိယာ။ ရူပသိဒ္ဓိ၊ (၁၄) ညာသ်၌ကား ယပြု၍ ရုပ်တွက်၏)။

(၂၀) ဣဒါ'ဟံ၊ ဣဓ အဟံ။ ဣဓ၊ ဤအရပ်၌။ အဟံ၊ သည်။ ဧကံ သမယံ၊ တစ်ခုသောအခါ ပတ်လုံး။ ဝါ၊ အခါ၌။ (သီလက္ခန်အဋ္ဌကထာ၌ကား ဣဒန္တိ နိပါတမတ္တံ၊ ဟူ၏)။ ဣဓေ'ဝ၊ ဤကာလ္နွ သာလ လိုဏ်ဝ၌သာလျှင်။ တိဋ္ဌမာနဿ၊ တည်နေစဉ်။ အရိယာနံ၊ သူတော်ကောင်းတို့ကို။ ဒဿနံ၊ တွေ့မြင်ရခြင်း သည်။ သာဟု၊ သာဓု၊ ကောင်း၏။ သုဂတော၊ သုဂဒေါ၊ ကျိုးရှိ-မှန်ရာ, သူနှ လို-မနု လို, ... ကောင်း

"ဓဿ စ" ၌ စ-သဒ္ဒါ ဝါကျသမုစ္စည်း။ ဒ-ထွေး၏ တ-ဝမ်းပူပြု စသည်ကိုဆည်း၏။

သုဂတော၊ ဒုက္ကဋံ၊ ဂန္ဓဗ္ဗော၊ အတြဇော၊ နိယကော၊ ဘစ္စော၊ ကုလူပကော၊ မဟာသာလော၊ ဂဝဇော၊ ကုဗ္ဗတော၊ နိယံပုတ္တံ၊ နိပ္ဖတ္တိ၊ နိက္ခမတိ၊ ပစေဿတိ၊ ပစ္စဝေက္ခဏာ။ ပုံစံ။

(၂၁) **ဏ္ဍ-ဝဏ္ဏော ယံ န ဝါ။** သရေ၊ အသရူပသရကြောင့်။ ဏ္ဍ-ဝဏ္ဏော၊ ဏ္ဍ, ဤ-နှစ်လုံးသည်။ နဝါ၊ အချို့။ ယံ၊ ယ- အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

အဂျာ'ဂါရံ၊ ယူနံ၊ နဒျာ'သန္နော၊ ပဥ္စဟ'င်္ဂေဟိ၊ ဂစ္ဆာမ'ဟံ။ ပုံစံ။

(၂၂) **ဧဝါ'ဒိဿ ရိ ပုဗ္ဗော စ ရဿော။** ဧဝါ'ဒိဿ၊ ဧဝ- သဒ္ဒါ၏ အစ ဧ- ၏။ ရိ၊ ရိ- ပြုသည်။ ပုဗ္ဗော စ၊ ရှေးဒီဃသရသည်လည်း။ ရဿော၊ ရဿပြုသည်။ နဝါ၊ အချို့။ ဟောတိ၊ ၏။

ယထ'ရိဝ၊ တထ'ရိဝ၊ ယထေ'ဝ၊ တထေ'ဝ။ ပုံစံ။

စ- သဒ္ဒါ ဒုတိယတ္ထသမ္ပိဏ္ဍန၊ တစ်သုတ်ထည်း၌ ကာရိယဝါကျ နှစ်ခုရှိရာ နောက်ကာရိယဝါကျ ၌ စ- ထိုင်လျှင် သမ္ပိဏ္ဍန၊ ရှေ့ကာရိယဝါကျ၌လည်း ထိုင်မူ သမုစ္စည်းဟူ၏။

ဣတိ သန္ဓိ-ကပ္ပေ ဒုတိယော ကဏ္ဍော။ ၁၁။

ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော တစ်ဆယ့်တစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်- အပေါင်းသည်။ သန္ဓိ-ကပ္ပေ၊ ၌။ ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ကဏ္ဍော၊ အဖြတ်အပိုင်းတည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

---

နှစ်ခွန်းကိုသာ မိန့်ဆိုတတ်သည်။ ဒုက္ကဋံ၊ ဒုက္ကတံ၊ မကောင်းပြုအပ်သည်။ ဂန္ဓဗ္ဗော၊ ဂန္တဗ္ဗော၊ အမိဝမ်းတိုက်သို့ ရောက်ထိုက်သသူ။ အတြ ဇော၊ အတ္တ-ဇော၊ မိမိမှဖြစ်သည်။ နိယကော၊ နိယတော၊ မြဲသည်။ ဘစ္စော၊ ဘတ္တော၊ သူခစား။ ကုလူ'ပကော၊ ကုလူ'ပဂေါ၊ အိမ်သို့ အမြဲကပ်သောရဟန်း။ မဟာ-သာလော၊ မဟာ-သာရော၊ များသော ဥစ္စာနှစ်ရှိသောသူ။ ဂဝဇော၊ ဂဝယော၊ ရှေ့ကျွဲ, နောက်နွား, နွားကဖွားသော နွားနောက်သတ္တဝါ။ ကုဗ္ဗတော၊ ကုဝတော၊ ပြုတတ်သသူအား၊ ၏။ ဝါ၊ စက်ဆုပ်အပ်သော အကျင့်ရှိသူ။ နိယံ၊ နိဇံ၊ မိမိကိုမှီ၍ ဖြစ်သော။ ပုတ္တံ၊ သားကို။ နိပ္ဖတ္တိ၊ နိပ္ပတ္တိ၊ ဖြစ်ခြင်း။ နိက္ခမတိ၊ နိက္ကမတိ၊ ထွက်သွား၏။ ပစေဿတိ၊ ဝိစေဿတိ၊ ရွေးချယ်နိုင်လတ္တံ့။ ပစ္စပေက္ခဏာ၊ ပစ္စဝေက္ခဏာ၊ အဖန်တလဲလဲ သက်ဝင်၍ ဆင်ခြင်ခြင်း။

(၂၁) အဂျာ'ဂါရံ၊ အဂ္ဂိ+အဂါရံ၊ မီးတင်းကုပ်။ ယူနံ၊ ဏ္ဍ+ဥနံ၊ ဏ္ဍ, ဥ- တို့၏။ နဒျာ'သန္နော၊ နဒီ+အာသန္နော၊ မြစ်နားအရပ်။ ပဥ္စဟ'င်္ဂေဟိ၊ ပဥ္စဟိ+အင်္ဂေဟိ၊ ငါးပါးသော အင်္ဂါတို့နှင့်။ ဂစ္ဆာ'မဟံ၊ ဂစ္ဆာမိ+အဟံ၊ အဟံ၊ သည်။ ဂစ္ဆာမိ၊ သွားအံ့။

# ၁-သန္ဓိ တတိယကဏ္ဍ

(၂၃) **သရာ ပကတိ ဗျဉ္ဇနေ။** ဗျဉ္ဇနေ၊ ကြောင့်။ သရာ၊ တို့သည်။ ပကတိ၊ ပကတိ အတိုင်းသည်။ ဟောန္တိ၊ ကုန်၏။ တိဏ္ဏော ပါရင်္ဂတော။ ပုံစံ။

(၂၄) **သရေ ကွစိ။** သရေ၊ ကြောင့်။ သရာ၊ တို့သည်။ ကွစိ၊ ၌။ ပကတိ၊ သည်။ ဟောန္တိ၊ ကုန်၏။ ပါရင်္ဂတော အဟု။ ပုံစံ။

*** ကွတိမနှောင်း၊ အာလုပ်ပေါင်းနှင့်၊ ဆန်းကောင်းမစောင့်ရ၊ ပဒန္တ၌၊ ဒီဃရှိရာ၊ သန္ဓိ'စ္ဆာကင်း၊ ဤလေးခင်းမှာ၊ ပြုလျဉ်းပကတိ-ကွစိတည်း။**

ပဿာ'နန္ဒ အာသီ-ဝိသံ ဃောရ-ဝိသံ၊ သက္ကာ ဒေဝ'တိ၊ သော-ဟံ နူန ကွတော ဂန္တာ၊ ဘဂဝါ ဧတ'ဒဝေါစ၊ ကော ဣမံ ပထဝိံ ဝိစေဿတိ။ ဇိဝှါ'ယတနံ၊ ဘယတူ'ပဋ္ဌာနံ၊ ဂါထာယ အဇ္ဈဘာသိ၊ ဂါထာဟိ အဇ္ဈဘာသိ။ ပုံစံ။

---

နဝါ-သဒ္ဒေါ ကွစိ-သဒ္ဒ-ပရိယာယော။ (ရူ၊ ၁၄။) ကွစေ ဝဏ္ဏော။ ကွဝဏ္ဏော'တိ ဝုတ္တတ္တာ ဤ-ဝဏ္ဏော ကထံ သင်္ဂဟံ ဂစ္ဆတီ'တိ။ သမာနရူပတ္တာ။ (နျာသ-၃၃။)

အ-ဝိသေသေန ကွ-ဝဏ္ဏော'တိ ဝုတ္တတ္တာ မာယူနမာဂမော ဌာနေ'တိ ဧတ္ထ အာဒိဿိ'မိနာ ယကာရော ဟောတိ။ တ'ဒတ္ထံ ဘိန္န-ယောဂ-ကရဏံ။

"ယဝကာရာ စ, ပသညဿ စ" သုတ်များဖြင့်ပြီးလျက် ဝမော, ကွဝဏ္ဏော- ဤသုတ်တို့ကို ဆိုကြိုးကား-

အသတိ ဟိ ကွမသ္မိံ သန္ဓိ-ဝိသယေ ဧျလာန-မိယုဝါ'တျာ'ဒိနာ ကွယု'ဝါ'ဒေသာပိ သိယုံ၊ တ'န္နိဝတ္တနတ္ထံ သိဒ္ဓေ သတျာ'ရမ္ဘော ဝိဓိယတော။ (ဉာသ်-၃၄။)

✪ ✪ ✪ ✪ ✪

(၂၃-၂၄)တိဏ္ဏော၊ ကူးမြောက်ပြီးသည်။ ပါရင်္ဂတော၊ ကမ်းတစ်ဖက်သို့ ရောက်သည်။ အဟု၊ ဖြစ်ပြီ။

အာနန္ဒ၊ အာနန္ဒာ။ အာသီ-ဝိသံ၊ လျင်သော အဆိပ်ရှိသော မြွေကို။ ဃောရ-ဝိသံ၊ ကြမ်းသော အဆိပ်ရှိသော မြွေကို။ ပဿ၊ မြင်၏လော။ ဒေဝ၊ မင်းမြတ်။ သက္ကာ၊ တတ်နိုင်ပါ၏။ သော အဟံ၊ ထို ငါသည်။ နူန၊ စင်စစ်။ ကွတော၊ ဤငရဲဘုံမှ။ ဂန္တာ၊ လူ့ပြည်သို့သွား၍။ ဘဂဝါ၊ သည်။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ကော၊ အဘယ်သူသည်။ ဣမံ ပထဝိံ၊ ဤအတ္တဘောတည်းဟူသော မြေကြီးကို။ ဝိစေဿတိ-ဝိဇာနိဿတိ၊ သိမည်နည်း။

သေက္ခော ဣမံ ပထဝိံ ဝိစေဿတိ၊ (ဖြေ)။

ဇိဝှါယတနံ၊ ဇိဝှါယတန။ ဘယတူ'ပဋ္ဌာနံ၊ ဘယတော+ဥပဋ္ဌာနံ၊ ဘေးအားဖြင့် ထင်မြင်သော ဉာဏ်။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ရိုသေစွာလျှောက်ပြီ။

(သိန္ဓိဟူသည် စပ်လိုမှသာ စပ်ရသည်။ မစပ်လိုသော အရာဟူသမျှကို ဤနှစ်သုတ်၏ အရာချည်းမှတ်)။

ရူပသိဒ္ဓိ(၂၂။) ၌ ထုတ်သော ပြယုဂ်တို့ကား။ ပကတိ'ဋ္ဌာနံ နာမ အာလပန'န္တာ, နီတိသိုံ အ-ဆန္ဒာ' နုရက္ခဏာ အ-သမာသေ ပဒ'န္တ-ဒီဃာစ ဣကာရု'ကာရာစ နာမ ပဒ'န္တာတီတကြိယာ'ဒိမှိ'တိ ဇေ'မာဒိ။

အာလပန'န္တေသု တာဝ ကတာမာ စာ'နန္ဒ အာဒီနဝ'သညာ၊ ဇဟိ သိဝိက ဥဋ္ဌေဟိ၊ ဥပါသကာ ဣဓေ'ကစ္စော၊ ဘောတိ အယျေ၊ ဘိက္ခု အ-ရောဂံ တဝ သီလံ၊ ဘိက္ခဝေ ဇဝံ ဝဒါမိ၊ ပဋိ'မေ ဂဟပတယော အာနိသံသာ၊ ဣစ္စေ'ဝ'မာဒီသု ပကတိ-ဘာဝေါ၊ သရလောပ-ယဝါဒေသာ' ဒယော န ဟောန္တိ၊ ကွစိ'ဂ္ဂဟဏေန ဣတိသိုံ ဆန္ဒာ'နုရက္ခဏေ သန္ဓိ ဟောတိ၊ ယထာ၊ သက္ကာ ဒေဝိ' တိ၊ နမော တေ ဗုဒ္ဓ ဝီရ'တ္ထု။

အ-သမာသေ ပဒ'န္တ-ဒီဃေသု- အာယသ္မာ အာနန္ဒော၊ ဒေဝါ အာဘဿရာ ယထာ၊ တေဝိဇ္ဇာ ဣဒ္ဓိ'ပတ္တာ စ၊ ဘဂဝါ ဥဋ္ဌာယာ'သနာ၊ ဘဂဝါ ဇေ'ဒဝေါစ၊ အဘိဝါဒေတွာ ဇေ'မန္တံ အဋ္ဌာသိ။ ဂန္ဓာ ဩလောကေန္တော၊ ဘူတ'ဝါဒီ အတ္ထ'ဝါဒီ၊ ယံ ဣတ္ထီ အရဟာ အဿ၊ သာမာဝတီ အာဟ၊ ပါပ'ကာရီ ဥဘယတ္ထ တပ္ပတိ၊ နဒီ ဩတ္ထရတိ၊ ယေ တေ ဘိက္ခူ အပ္ပိ'စ္ဆာ၊ ဘိက္ခူ အာမန္တေသိ၊ ဘိက္ခူ ဥဇ္ဈာယိံသု၊ ဘိက္ခူ ဇေ'မာဟံသု၊ ဂါမေ အာရက္ခကာ၊ သဗ္ဗေ ဣမေ၊ ကတမေ ဇကာဒသ၊ ဂမ္ဘီရေ ဩဒက'န္တိကေ၊ အပ္ပမာဒေါ အမတံ ပဒံ၊ သံယော အာဂစ္ဆတု၊ ကော ဣမံ ပထဝိံ ဝိစ္စေဿတိ၊ အာလောကော ဥဒပါဒိ၊ ဇကော ဇကာယ၊ စတ္တာရော ဩဃာ။ (ရူ၊ ၂၃)

နိပါတေသုပိ- အဒေ့ အဟံပိ၊ သစေ ဣမဿ ကာယဿ၊ နော အဘိက္ကမော၊ အဟော အစ္ဆရိယံ၊ အထခေါ အာယသ္မာ၊ အထော ဩဋ္ဌဝစိတ္တကာ၊ အထော အာမန္တယိ သတ္ထာ၊

ကွစိ'ဂ္ဂဟဏေန အကာရ-ဣတိ'ဝေ'ဝေ'တ္ထာ'ဒိသု သန္ဓိ'ပိ၊ ယထာ အာဂတ'တ္ထ၊ အာဂတ'မှာ၊ ကတမ'ဿု စတ္တာရော၊ အပ္ပ'ဿုတာ'ယံ ပုရိသော၊ ဣတ္ထိ'တိ၊ စမရီ'ဝ၊ သဗ္ဗေ'ဝ၊ သွေ'ဝ၊ ဇသေ'ဝနယော၊ ပရိသုဒ္ဓေ'တ္ထာ'ယသ္မန္တော၊ နေ'တ္ထ၊ တံ ကုတေ'တ္ထ လဗ္ဘာ၊ တထူ-ပမံ၊ ယထာ'ဟ။ (ရူ၊ ၂၃)

အသမာသေ'တိ ကိံ၊ ဇိဝှါ'ယတနံ၊ အဝိဇ္ဇော'ဃော၊ ဣတ္ထိ'န္ဒြိယံ၊ အဘိဘာ'ယတနံ၊ ဘယတူ'ပဋ္ဌာနံ၊ အ-ဆန္ဒာ'နုရက္ခဏေတိ ကိံ၊ သမ္ဗုဒ္ဓ'ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ယော မိ'ဿရော။

(၂၅) **ဒီဃံ။** ဗျဉ္ဇနေ၊ ကြောင့်။ သရာ၊ တို့သည်။ ကွစိ၊ ၌။ ဒီဃံ၊ သို့။ ပပ္ပေါန္တိ၊ ကုန်၏။

❀ **သုခုစ္စာရဏာ၊ ဆန်းစောင့်ထ၊ ဒီဃနှစ်ချက်မှတ်။**

ဆာရတ္တံ၊ ဇဝံ ဂါမေ မုနီစရေ၊ ဣ္တ ေ မောဒတိ။ ပုံစံ။

(၂၆) **ရဿံ။** ဗျဉ္ဇနေ၊ ကြောင့်။ သရာ၊ တို့သည်။ ကွစိ၊ ၌။ ရဿံ၊ ရဿအဖြစ်သို့။ ပပ္ပေါန္တိ၊ ကုန်၏။

❀ **ဆန်းစောင့်- အာဂုံ၊ နှောင်းတုံ သံယုဂ်၊ တဒ္ဓိတ်, သမာသ်လယ်၊ ဤငါးသွယ်၊ ချို့ဝယ် ရဿပြု။**

ပုဂ္ဂလ ဓမ္မ-ဒဿာ တေ၊ ယထ'ယိဒံ၊ အ'ဿာသ'ပ္ပဿာသာ၊ သဗ္ဗညုတ'ညာဏံ၊ ဒါသိ-ဒါသံ၊ မနသာ၊ ဒညာ ဝိမုတ္တာနံ၊ ယထာ'က္ကမံ။ ပုံစံ။

---

နာမပဒန္တ-က္ကကာရ'ကာရေသု- ဂါထာဟိ အဗ္ဗ'ဘာသိ၊ ပုပ္ဖါနိ အာဟရိံသု၊ သတ္တု အဒါသိ၊ **ကွစီ'တိ** ကိံ၊ မနသာ'ကာသိ၊ ဟူသည်တည်း။ (ရှု၊ ၂၄)

(၂၅) ဆ ရတ္တံ၊ ခြောက်ညဥ့်ပတ်လုံး။ ဇဝံ၊ ဤပန်းရက်ယူသုံးသော ပျားပိတုန်းအတူ။ ဂါမေ၊ ရွာ၌။ မုနိ၊ ရဟန်းသည်။ စရေ၊ ကျင့်ရာ၏။ ဣ္တ ေ၊ ဤပစ္စုပ္ပန်ဘဝ၌။ မောဒတိ၊ မွေ့လျော်၏။

ဤသုတ်၏ ဥဒါဟရုဏ်ကဲ့သို့ နောက်ပုဒ်အစ ဗျည်းနှောင်းရာ၌ ရှေ့ပုဒ်အဆုံး သရကိုသာ ဒီဃပြုသင့်ပါလျက် မျာ'ယံ၊ တျာ'ဟံ- စသည်တို့၌ ယဗျည်း, ဟဗျည်း- စသည်နှောင်းသောကြောင့် ဤတတိယပိုင်း ဒီဃံဖြင့် ဒီဃပြုကြသည်ကား ယုတ္တိမရှိ။ ထိုကဲ့သို့ပြုလျှင် တေ, မေ- တို့နှင့် မစပ်ပဲပင် အာယံ, အာဟံ-ဟု ဒီဃပြုရလိမ့်မည်။ ထို့ကြောင့် လောပေါ'တိ အဒဿနံ အနု'စ္စာရဏံ ဝါ (ရှု၊ ၇) ဟူသည်နှင့် အညီ ယ-အဖြစ်သို့ ရောက်၍ ဧပျောက်ကွယ်စင် မမြင်မရွတ်ရခြင်းသည်ပင် ဧကျေသည်နှင့် အလားတူ သောကြောင့် ဒုတိယပိုင်း ဒီဃံနှင့်ပြုခြင်းသည်သာ ကောင်းမြတ်သည်-ဟု ထင်ပေသည်။

သုခုစ္စာရဏာ ဆန္ဒာနုရက္ခဏောသု ဒီဃော။ (ရူပသိဒ္ဓိ၊ ၂၄)။

နမော ကတွာ ကတဥလီ- ၌ ဆန္ဒာနုရက္ခဏာဒီဃ-ဟု ကစ္စည်းဋီကာဆိုသည်ကား ဂါထာအဆုံး ဖြစ်သောကြောင့်တည်း။ ရဿပင်ဖြစ်သော်လည်း ဂရုဖတ်ရွတ်ရမည်ကို "ဒီဃော-သ-ဗိန္ဒု-သံယောဂါ၊ ပါဒ'န္တော ကွစိ ဂေါနု'ဇု" ဟု ဆန္ဒောမဥ္စရီ၌ ဆို၏။

(၂၆) ဓမ္မ-ဒဿာ၊ တရားကို မြင်သိကုန်သော။ တေ ပုဂ္ဂလာ၊ တို့သည်။ ဣဒံ ယထာ၊ ဤတရား ကဲ့သို့။ အဿာသ'ပ္ပဿာသာ၊ ထွက်သက်- ဝင်သက်တို့။ သဗ္ဗညုတ'ဉာဏံ၊ သဗ္ဗညုဖြစ်ကြောင်းဉာဏ်။

(၂၇) **လောပဥ္စ တတြာ’ကာရော။** ဗျဥ္ဇနေ စ၊ ကြောင့်လည်း။ သရာ၊ တို့သည်။ ကွစိ၊ ၌။ လောပံ၊ သို့။ ပပ္ပေါန္တိ၊ ကုန်၏။ တတြ၊ ထိုကျေရာ၌။ အကာရော စ၊ အ- အက္ခရာသည်လည်း။ အာဂမော၊ သည်။ ဟောတိ၊ ၏။

သေ’ဓမ္မော၊ သေော+ဓမ္မော။ သ’မုနိ၊ သော+မုနိ။ ပုံစံ။

“ဗျဥ္ဇနေ စ” ၌၊ စ-သဒ္ဒါ သမုစ္စည်း။ သရနှောင်းသည်ကို ဆည်း၏။ သေ’အတ္ထော။ ဒွိမတ္တော ဒီဃ ဥစ္စတေ။ ပုံစံ။

---

ဒါသိ’ဒါသံ၊ ကျွန်မ, ကျွန်ထီး။ မနသာ၊ စိတ်ဖြင့်။ အညာ-အညာယ၊ သိ၍။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်သောသူတို့အား။ ယထာက္ကမံ၊ အစဉ်အတိုင်း။

ဆန္ဒာနုရက္ခဏေ အာဂမေ သံယောဂေ စ ရဿတ္တံ။ (ရူ ၂၅)

**ဆန္ဒာနုရက္ခဏေ-** ယိဋ္ဌံဝ ဟုတံဝ လောကေ၊ ယဒိ ဝ သာဝကော၊ ပုဂ္ဂလ ဓမ္မ’ဒသာ တေ၊ ဘောဝါဒိ နာမ သော ဟောတိ၊ ယထာဘာဝိ ဂုဏေန သော။

အာဂမေ ယထ’ယိဒံ၊ သမ္မ’ဒက္ခာတော။

သံယောဂေ ပရ’က္ကမော၊ အ’ဿာဒေါ၊ တဏှ’က္ခယော၊ လာဘိ’မှိ၊ ဝသိ’မှိ၊ ထု’လ္လစ္စယော။

ကွစိ’တိ ကိံ မာ’ယိဒံ၊ မနသာဒညာ၊ ယထာ’က္ကမံ၊ အာချာတိကံ၊ ဒီယျတိ၊ သူယျတိ။ (ရူ ၂၅။)

ကစ္စည်း၌ ဒီဃံ- သုတ်၏ ဥဒါဟရုဏ်ကို သမ္မာ ဓမ္မံ ဝိပဿတော- ကို ထုတ်၏။ သမ္မ’တိ ဟိ အကာရ’န္တော နိပါတော-ဟု ဉာသ်လည်း ဖွင့်၏။ ရဿံ- သုတ်၌ ကွစီ’တိ ကသ္မာ သမ္မာသမာဓိ-ဟု သမ္မာ- ကိုပင် ထုတ်ပြန်၏။ သမ္မာ- သဒ္ဒါ ရှေ့သုတ်အလို ရဿပုဒ်ရင်း, နောက်သုတ်အလို ဒီဃပုဒ်ရင်း မညီကြ။ ပိဋကတ်တော်၌ သမ္မာဒိဋ္ဌိ, သမ္မာသက်ပ္ပ- စသည်ဖြင့် ဒီဃသာများ၏။ ယေ စ ခေါ သမ္မ’ဒက္ခာတေ- စသည်ဖြင့် အာဂုံနှောင်းသော ဆန်းအရာ၌ အနည်းငယ်မျှသာရှိ၏။ အဘိဓာန်(၁၁၅၄)၌ လည်း သမ္မာ သုဋ္ဌု, ၁သံသာယံ-ဟု ဒီဃနှင့်ရှိ၏။ သက္ကတ၌လည်း သမျစ်- ဟု စသတ်နှင့်ရှိ၍ ဒဏ္ဍိန်ကို ဒဏ္ဍီ, အာဝိသ်ကို အာဝီ- ပြန်သကဲ့သို့ သမ္မာ-ဟု ဒီဃပြန်သင့်၏။ ထို့ကြောင့် ဒီဃပုဒ်ရင်းသင့်၏။ ရူပသိဒ္ဓိလည်း ၎င်းကိုသာ ယူ၏။

(၂၇) သေ-သေော၊ ဤသည်ကား။ ဓမ္မော၊ ဓမ္မတာသဘောတည်း။ သ-သော၊ ထိုသို့သော ပုဂ္ဂိုလ်သည်။ မုနိ၊ ရဟန်းမည်၏။ သေ-သေော၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဒွိ-မတ္တော၊ နှစ်မတြာရှိသော သရကို။ ဒီဃ-ဒီဃော၊ ဒီဃဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏၊ မယံ၊ ငါတို့သည်။ တံ၊ သင့်ကို။ ကထံ၊ အဘယ်သို့သောသူဟူ၍။ ဇာနေမု-ဇာနေမ၊ သိရကုန်အံ့နည်း။ ကစ္စိနော- ကစ္စိနု၊ အသို့နည်း။ တွံ၊ သင်သည်။ တ’ဒမိနာ တံ ဣမိနာ၊ တံ၊ ထိုအနက်ကို။ ဣမိနာ၊ ဤစကားဖြင့်။ ဝိဇာနာထ၊ သိကြကုန်။

“အကာရော စ” ၌ စ-သဒ္ဒါ ဒုတိယတ္ထသမ္ပိဏ္ဍနႈ တစ်နည်း။ သမုစ္စည်း။ အ, ဥ-ကျေရာ၌ ဥ, သြ- လာခြင်းကို ဆည်း၏။ ကထံ ဇာနေမု တံ မယံ၊ ကစ္စိနော တွံ။ ပုံစံ။

တတြာကာရော- ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော သရကျေရာ၌ အ- လာ။ တဒမိနာ ဝိဇာနထ။ ပုံစံ။

(၂၈) **ပရ ဒွေ-ဘာဝေါ ဌာနေ။** ဌာနေ၊ သင့်လျော်သော အကြောင်းသည်။ သတိ၊ သော်။ ဝါ၊ ဌာနေ၊ သင့်လျော်သောအရာ၌။ သရမှာ၊ သရမှ။ ပရ၊ နောက်ဖြစ်သော။ ဗျဉ္ဇနဿ၊ ဗျည်း၏။ ဒွေ-ဘာဝေါ၊ နှစ်လုံးဆင့်ဖြစ်ကြောင်း သဒိသဒွေဘော်- ပြုသည်။ ဟောတိ၊ ၏။

က္လေဓ'ပ္ပမာဒေါ၊ အ'ပ္ပမတ္တော၊ သု'ပ္ပတိပန္နော၊ ဥဇု'ပ္ပတိပန္နော။ ပုံစံ။

ပရဿ ဒွေ-ဘာဝေါ'တိ ဝတ္တဗ္ဗေ နိပါတနေန ဝိဘတ္တိ-လောပံ ကတွာ ပရ ဒွေ-ဘာဝေါ'တိ ဝုတ္တ'န္တိ ဒဋ္ဌဗ္ဗံ။ (ရူပသိဒ္ဓိဋီကာ)။

(၂၉) **ဝဂ္ဂေ ဃောသာ' ဃောသာနံ တတိယ-ပဌမာ။** ဌာနေ၊ သည်။ သတိ၊ သော်။ ဝါ၊ ဌာနေ၊ ၌။ ဝဂ္ဂေ၊ ဝဂ်နှစ်ဆယ့်ငါးလုံး၌။ ဝါ၊ တွင်။ တတိယ-ပဌမာ၊ တတိယ, ပဌမအက္ခရာတို့သည်။ ဃောသာ'ဃောသာနံ၊ ဃောသ, အဃောသ- ဖြစ်ကုန်သော စတုတ္ထ, ဒုတိယအက္ခရာ-တို့၏။ ဒွေ-ဘာဝေါ၊ နှစ်လုံးဆင့်ဖြစ်ကြောင်း အသဒိသဒွေဘော်- ပြုသည်။ ဟောန္တိ၊ ကုန်၏။

ပ'ဌ္ဃရတိ၊ ပဌ'က္ခန္ဓာ။ ပုံစံ။

---

(၂၈) က္လေဓ၊ ဤလောက၌။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ အ'ပ္ပမတ္တော၊ မမေ့မလျော့သောသူ။ သု'ပ္ပတိပန္နော၊ ကောင်းစွာကျင့်သောသူ။ ဥဇု'ပ္ပတိပန္နော၊ ဖြောင့်မတ်စွာကျင့်သောသူ။ (ဤတွင် ပန္နော, ဝယ် ပ- ၌ ဒွေဘော်ရှိကြသည်ကား ပါဠ်ပျက်)။

(၂၉) ပဌ္ဃရတိ၊ ယိုစီး၏။ ပဌ၊ ငါးပါးကုန်သော။ ခန္ဓာ၊ တို့သည်။

(ဒွေဘော် ကဗျာ၏ ပုံစံ အစဉ်ကား။ အပ္ပမာဒေါ၊ သုပ္ပတိပန္နော၊ ဝိပ္ပဋိသာရော၊ အက္ကမတိ၊ သက-သမယ-သမယ'န္တရ-ဂဟန-ဝိဂ္ဂဟဏ-သမတ္ထံ။ မိတ္တဒ္ဒု၊ ဥပဒ္ဒဝေါ၊ ကယ-ဝိက္ကယော။ အက္ကောစ္ဆိမံ၊ ပက္ကောသတိ၊ သဗ္ဗညုတဉာဏံ၊ ပဇ္ဇောတော၊ အက္ကောဓနော၊ အဝဿယော မေ၊ ဝိဿုတော၊ ဗဟုဿုတော၊ ဥစ္စာရပဿာဝံ၊ ပဿမ္ဘယံကာယသင်္ခါရံ၊ ဗုဒ္ဓါနုဿတိ၊ အဋ္ဌဿရ'မကာသိ၊ အဿာသ'ပ္ပဿာသာ၊ ပရိစ္စဇတိ၊ ဒသ ဝိပဿနုပက္ကိလေသာ၊ ဓမ္မပ္ပီတိ၊ ပီတိတ္တိကံ၊ ဝတ္ထုတ္တယံ၊ ဧကတ္တိံသ-ဘဝေ၊ ပုနပ္ပုနံ၊

(ဤသဒိသာ'သဒိသ ဒွေဘော်အရပ်ရပ်ကို သက္ကတကျမ်းတတ်မှ ကောင်းစွာသိနိုင်သည်။ အတော်အသင့် သိနှင့်ရန် အမြွက်ကား--

* သောတု နုနယ်၊ မှတ်သားလွယ်အောင်၊ ဓိပ္ပါယ်ရှင်ပျ၊ ဒွေဘာဝ၏၊ ဌာနသဘော၊ အမြွက်ဟောပိမ့်၊ နစ်နေ့ကြည်ဆွ၊ ကျက်မှတ်ကြလေ။ ရဿသရာ၊ အာ-ဒီဃာ၏၊ နောက်မှာရောက်ရှိ၊ ပ, ပတိ-နှင့်၊ ပဋိ, ကမ၊ ဂဟ, ဒု, ကီ၊ တလီ ကုသ၊ ဉာ, ဇုတ-ဟု၊ ကုစ, သိ, သု၊ သမ္မု, သရ၊ သသ- စဇာ၊ ကိလေသာ, ပီတိ၊ တိကာဒိ- တို့၊ အာဒိဗျည်းမှာ၊ ဒွေဘော်သာတည်း။ ပုနာ, ဝတု၊ နိ, ဥ, ဒု, တ၊ စတု, ဆနှင့်၊ သန္တကိုပြု၊ သ- ဗျည်းစုနောက်၊ ဒွေဘော်ရောက်၏။ မဖောက် တဿ၊ စဝဂ္ဂ- နှင့်၊ ယဝတံ, ဧဟော၊ သယေ- တတန်၊ သဗ္ဗောစံ- ဟု၊ ငါးတန်သော သုတ်၊ ပြီးပြယုဂ်လည်း၊ ဆင့်ထုတ်ဒွေ ချည်း၊ စဖြင့်ဆည်းသည်၊ ဖြင်ပည်းများထို၊ ဝ- ကို ဗ- ပြု၊ ဆန္ဒာနုရက်၊ အချက်ချက်မှာ၊ ဒွေဘော်သာ တည်း။ ဝဂ္ဂါ ဒုတီယ၊ စတုတ္ထ- လည်း၊ ဌာနချင့်ထောက်၊ ဒွေဘော် ရောက်၏။ ရွေးကောက်မမှား၊ အကျဉ်းထား သည်။ မှတ်သားလွယ်ဘို့ ကဗျာတည်း)

ဣတိ သန္ဓိ-ကပ္ပေ တတိယော ကဏ္ဍော။ ၃ ။

ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ခုနစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်- အပေါင်းသည်။ သန္ဓိ-ကပ္ပေ၊ ၌။ တတိယော၊ သော။ ကဏ္ဍော၊ တည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

---

ပုနဗ္ဘဝေါ၊ ပဝတ္တတိ၊ ဝဋ္ဋတိ၊ အာဝဋ္ဋော၊ နိဂ္ဂတော၊ ဥဂ္ဂတော၊ တက္ကရော၊ စတုက္ကံ၊ ဆန္နဝုတိ၊ သဒ္ဓမ္မော၊ ဝုစ္စတေ၊ ဇစ္စန္ဓော၊ ဝိပလ္လာသော၊ ထည်၊ ယဇ္ဇေဝံ၊ အပ္ပေကစ္စေ၊ တညေဝ၊ သညောဂေါ၊ အစ္စန္တံ၊ ပဗ္ဗဇ္ဇာ၊ ပဗ္ဗဇတိ၊ ကုဗ္ဗတိ၊ ကြုဗ္ဗတိ၊ သီလဗ္ဗတံ၊ နပ္ပဋ္ဋဟေ ဝဏ္ဏာ-ဗလံ ပုရာဏံ၊ ယဿ နက္ခမတိ၊ ပဋ္ဌရတိ၊ တည်း)။

✪ ✪ ✪ ✪ ✪

## ၁-သန္ဓိ စတုတ္ထကဏ္ဍ

(၃၀) **အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ။** ဗျဉ္ဇနေ၊ ကြောင့်။ နိဂ္ဂဟီတံ၊ ဗိန္ဒုသည်။ အံ၊ အံ- သည်။ ဟောတိ၊ ၏။ ဧဝံ ဝုတ္တော၊ တံ'နမဿန္တိ။ ပုံစံ။

(၃၁) **ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။** ဝဂ္ဂေ၊ ဝဂ်ဗျည်းကြောင့်။ နိဂ္ဂဟီတံ၊ သည်။ ဝါ။ ချို့။ ဝဂ္ဂန္တံ၊ နှောင်းသော ဝဂ်၏အဆုံး င, ဉ ,ဏ, န, မ- အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

နိမိတ္တာနုသာရာနံ ဌာနာသန္နဝသေန တဗ္ဗဂ္ဂပဉ္စမော။ (ရူ၊ ၃၅။)။

တဏှ'င်္ကရော၊ တ'င်္ခဏံ၊ ရဏ'ဉ္ဇဟော၊ ဓမ္မ'ဉ္စရေ၊ သ'ဏ္ဌိတော၊ တ'ဏ္ဍာနံ၊ ဇုတိ'န္ဓရော၊ တ'န္ဒာနံ၊ သ'မ္ဘတော၊ တ'မ္ပတ္တော။ ပုံစံ။

ဝါ- သဒ္ဒါ ဝဝတ္ထိတ ဝိဘာသာအနက်ရှိ၏။ ရှေးရှေးပုံစံ နိစ္စ၊ နောက်နောက်ပုံစံ အနိစ္စ၊ န တံ ကမ္မံ ကတံ သာဓု- စသည်ကား အသန္တ။ ဤဝိဓိသုံးပါးကို ပြ၏။ "ပရော ဝါ သရော" သုတ်၌။ ဝါ-ရှိလျက် ဆိုသော ဝါ-သဒ္ဒါလွန်ဖြင့် လ- နှောင်းရာ၌ နိဂ္ဂဟိတ်ကို လ- ပြု။ ပဋိသလ္လီနော၊ သလ္လေခေါ၊ သလ္လာပေါ၊ သလ္လက္ခဏာ၊ ပုလ္လိင်္ဂ။ ပုံစံ။ (ကစ္စည်း၌ ပုဂ္ဂလံ-ကို ထုတ်မှား၏)။

---

(၃၀) ဧဝံ၊ ဤသို့။ ဝုတ္တော၊ ဆိုလတ်သော်။ တံ၊ အရှင်သိကြားမင်းကို။ နမဿန္တိ၊ ရှိခိုးကြကုန်၏။ (ဝဂ္ဂ'န္တံ ဝါ ဝဂ္ဂေ, ဗျဉ္ဇနေ စ, ဧဟေဉ်, သ ယေစ- သုတ်တို့ကို မြစ်၏)။

(၃၁) နိမိတ္တာနုသာရာနံ၊ နိမိတ်ဝဂ်အက္ခရာ, ကာရီနိဂ္ဂဟိတ်တို့နှင့်။ ဌာနာသန္နဝသေန၊ ဌာန်ချင်းနီးသည်၏ အစွမ်းဖြင့်။ တ'ဗ္ဗဂ္ဂ-ပဉ္စမော၊ ထိုနိမိတ်ဝဂ်၏ ပဉ္စမက္ခရာပြုသည်။ ဟောတိ၊ ၏။ တဏှ်ကရော၊ တဏှာကို သတ်ညှဉ်းဆဲတတ်သော ဘုရား။ (တဏှံ ကရောတိ ဟိံသတိ'တိ တဏှင်္ကရော-ဟု ဝစနတ္ထပြု။ ကရဏာ, ကာရဘေဒကော- တို့၌ကဲ့သို့ ကရဓာတ် ဟိံသနတ္ထ)။

တင်္ခဏံ၊ တံ+ခဏံ၊ ထိုခဏ- ထိုအခွင့်။ ရဏဉ္ဇဟော၊ ကိလေသာကို ပယ်ခြင်း။ ဓမ္မဉ္စရေ၊ ဓမ္မံ စရေ၊ တရားကိုကျင့်ရာ၏။ သဏ္ဌိတော၊ ကောင်းစွာတည်သည်။ တဏ္ဍာနံ၊ တံ+ဌာနံ၊ ထိုအရပ်။ ဇုတိ'န္ဓရော၊ အရောင်အဝါကို ဆောင်သည်။ တ'န္ဒာနံ၊ တံ+ဒါနံ။ ထိုအလှူ။ သ'မ္ဘတော၊ သမုတ်အပ်၏။ တမ္ပတ္တော၊ တံ+ပတ္တော၊ ထိုအရပ်သို့ရောက်၏။ ကတံ၊ ပြုမိသော။ တံ ကမ္မံ၊ ထိုနောင်တ ပူပန်ရကြောင်း မကောင်းမှုသည်။ န သာဓု၊ မကောင်း။ ပဋိသလ္လီနော၊ ဂိုဏ်းမှ ဖဲကြဉ်၍ ဆိတ်ငြိမ်ရာသို့ ဝင်၏။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးအောင် ခြစ်ခြင်း။ သလ္လာပေါ၊ အဖန်တလဲလဲ ပြောဟောခြင်း။ သလ္လက္ခဏာ၊ ကောင်းစွာမှတ်ခြင်း။ ပုလ္လိင်္ဂ၊ ယောက်ျား၏ အသွင်။

ဉာသ်၌ကား ပုံ ဝုစ္စတိ နိရိယော၊ တတ္ထ ဂစ္ဆတီ'တိ ပုဂ္ဂ-ဟု ဝိဂြိုဟ်ပြု၍ အံဝိဘတ်၏ သရကြောင့် လာသော နိဂ္ဂဟိတ်ကို လပြု၍ ပုဂ္ဂလံ-ဟု ရုပ်စီရင်၏။ ဝိဘတ်ခုနစ်သွယ်နှောင်းရာ၌ပင် ဤနည်းတူ။ (ပုဂ္ဂလော ပုဂ္ဂလာ။ ပ။ ပုဂ္ဂလေသု-ဟု စီရင်လို၏)။

(၃၂) **ဧဟော ဥ**။ ဧဟော၊ ဧ, ဟ- ကြောင့်။ နိဂ္ဂဟီတံ၊ သည်။ ဝါ၊ အချို့။ ဥံ၊ ဥ အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

❀ ဝဝတ္ထိတ၊ ဝါသဒ္ဒကြောင့်၊ ဧဝ-နှင့် ဟိ၊ နိပါတ် ဒွိမှ၊ ဧ- နှင့် ဟ၊ နှောင်းထ ဥ - ပြုရာ။ ထိုမှ သေသ၊ ဧ- နှင့် ဟ၊ နှောင်းထ မပြုရာ။

တ'ညေ'ဝေ'တ္ထ ပဋိပုစ္ဆိဿာမိ၊ ဧဝ'ဥ ဝေါ သိက္ခိတဗ္ဗံ၊ တ'မေဝ ဝါစံ ဘာသေယျ။ ဝုတ္တံ ဟောတံ၊ ဧဝ'မေတံ၊ ဧဝံ ဟောတိ။ ပုံစံ။

(၃၃) **သ ယေစ**။ ယေစ၊ ယ- ကြောင့်လည်း။ သ၊ နိမိတ်ယ- နှင့်တကွ။ ဝါ၊ တကွ သော။ နိဂ္ဂဟီတံ၊ နိဂ္ဂဟိတ်သည်။ ဥံ၊ ဥ - အဖြစ်သို့။ ဝါ၊ အချို့။ ပပ္ပေါတိ၊ ၏။

❀ ဝဝတ္ထိတာ၊ ဝါသဒ္ဒါကြောင့်၊ သံ- မှာ ဗိန္ဒု၊ မှတ်ရှုတဖန်၊ သဗ္ဗနာမ် ယ၊ နှောင်းထ ဗိန္ဒု၊ ဤနှစ်ခုသာ၊ ဥ -ပြုရာ၊ ကြွင်းမှာ မပြုရ။

သ'ညောဂေါ၊ သံယောဂေါ၊ ယ'ညဒေ'ဝ၊ ယံယံ ဧဝ ပရိသံ ဥပသင်္ကမတိ၊ အာနန္တရိက' ည'မာဟု၊ အာနန္တရိကံ+ယံ+အာဟု၊ ဧဝံ ယောဇနံ။ ပုံစံ။

စ- သဒ္ဒါ အနုကမုန၊ ဥ -ကိုင်၏။

---

(၃၂) ဧတ္ထ၊ ဤသင်မေးသော အချက်၌။ တညေဝ၊ တံ ဧဝ၊ သင့်ကိုသာလျှင်။ ပဋိပုစ္ဆိဿာမိ၊ ပြန်၍မေးအံ့။ ဧဝ'ဥ၊ ဧဝံ ဟိ၊ ဤသို့သာလျှင်။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ သင်အပ် ကျင့်အပ်၏။ တ'မေဝ ဝါစံ၊ ထိုစကားကိုသာလျှင်။ ဘာသေယျ၊ ဆိုရာ၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဧတံ၊ ဤဆိုလိမ့်သောစကားကို။ ဝုတ္တံ၊ မိန့်အပ်ပြီ။ ဧတံ၊ ထိုစကားသည်။ ဧဝံ၊ ဤဆိုတိုင်း မှန်၏။ ဧဝံ၊ ဤသို့။ ဟောတိ၊ ဖြစ်တတ်၏။

(၃၃) သ'ညောဂေါ၊ သံယောဂေါ၊ ယှဉ်ခြင်း။ ယ-ညဒေဝ၊ ယံ+ယံ+ဧဝ ပရိသံ၊ အကြင် အကြင်ပရိသတ်သို့သာလျှင်။ ဥပသင်္ကမတိ၊ ချဉ်းကပ်၏။ ယံ သမာဓိံ၊ အကြင်မဂ္ဂသမာဓိကို။ အာနန္တရိကံ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးတတ်၏ဟူ၍။ အာဟု၊ မိန့်ဆိုကြကုန်ပြီ။ ဧဝံ ယောဇနာ၊ ဤသို့ ယောဇနာခြင်း ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

(သဟ ယေ စ- ဆိုသင့်လျက်။ ပဋိသင်္ခါ ယောနိသော၊ သယံ အဘိညာ သစ္ဆိကတွာ၊ အလဋ္ဌိတာ၊ အာဝိကတာ ဟိ'ဿ- စသည်တို့၌ကဲ့သို့ သုခုစ္စာရဏအကျိုးငှာ ဟ-ကိုချေ၍ သ ယေစ- ဆိုသည်)။ (ရူပသိဒ္ဓိ၊ ၃၆။)။

(၃၄) **မ-ဒါ သရေ။** သရေ၊ ကြောင့်။ နိဂ္ဂဟီတံ၊ သည်။ မ-ဒါ၊ မ- ပြု, ဒ- ပြုတို့သည်၊ ဝါ၊ အချို့။ ဟောတိ၊ ၏။

❀ ယ, တ, ဧတ၊ သဒ္ဒနောက်ရှိ၊ နိဂ္ဂဟိသာ၊ ဒ- ပြုရာ၊ သဒ္ဒါ ဝါ- ကြောင့်မှတ်။

ယ'မေက ရတ္တိံ၊ တ'မေဝ ဝါစံ၊ ဧတ'မတ္ထ- ဝသံ ဉတွာ၊ ယဒ'နိစ္စံ၊ တ'ဒနတ္တာ၊ ဧတ' ဒဝေါစ၊ အဇိနိ မံ အဟာသိ မေ။ ပုံစံ။

မဒါ- ယောဂဝိဘာဂဖြင့် ဗျည်းနှောင်းရာ၌ မ, ဒ- ပြု၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊ တဒ္ဒိ'တံ၊ သ'ဒ္ဒဟနာ။ ပုံစံ။ ။သရေ- ယောဂဝိဘာဂဖြင့် ယ- ပြု၊ တ'ယိဒ'မ-သာရံ။ ပုံစံ။

(၃၅) **ယ-ဝ-မ-ဒ-န-တ-ရ-လာ စာ'ဂမာ။** သရေ၊ ကြောင့်။ ယ-ဝ-မ-ဒ-န-တ-ရ-လာ စ၊ ယ, ဝ, မ, ဒ, န, တ, ရ, လ- အက္ခရာ ရှစ်လုံးတို့သည်လည်း။ အာဂမာ၊ လာကုန်၏။

ယထ'ယိ'ဒံ စိတ္တံ၊ တိဝ'င်္ဂိကံ ဈာနံ၊ သိတ္တာ တေ လဟုမေ'ဿတိ၊ ဥ'ဒ'ဂ္ဂ-စိတ္တော၊ ဣတော နာ'ယတိ၊ တသ္မာ တိ'ဟ၊ စတု-ရဿော၊ သ-ဠာ-ယတနံ၊ ယထာ ဣဒံ၊ တထာ ဧတံ။ ပုံစံ။

စ- သဒ္ဒါ သမုစ္စည်း၊ ဟ- အက္ခရာစသည် လာခြင်းကိုဆည်း၏။ သုဟုဋ္ဌု စ။ ပုံစံ။

(၃၆) **ကွစိ ဩ ဗျဉ္ဇနေ။** ဗျဉ္ဇနေ၊ ကြောင့်။ ကွစိ၊ ၌။ ဩ၊ ဩ- သည်။ အာဂမော၊ လာ၏။

---

(၃၄) ယံ+ဧက+ရတ္တိံ၊ အကြင်တစ်ခုသော ညဉ့်၌။ တံ+ဧဝ ဝါစံ၊ ထိုစကားကိုသာလျှင်။ ဧတံ+အတ္ထ-ဝသံ၊ ဤအကျိုးထူးကို။ ဉတွာ၊ သိ၍။ ယံ၊ အကြင်တရားသည်။ အနိစ္စံ၊ အမြဲမရှိ။ တံ၊ ထိုတရားသည်။ အနတ္တာ၊ အစိုးရသော အတ္တမဟုတ်။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မိန့်ဆိုပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ အောင်နိုင်ပြီ။ မေ၊ ငါ၏ဥစ္စာကို။ အဟာသိ၊ ဆောင်ယူပြီ။ ဗုဒ္ဓမ်၊ ဗုဒ္ဓံ၊ ဘုရားမြတ်ကို။ သရဏမ်၊ သရဏံ၊ ဆင်းရဲကို ပယ်ဖျောက်- ချမ်းသာသို့ရောက်အောင် ပို့ဆောင်ကယ်ဆယ်တော်မူတတ်သော ကိုးကွယ်ရာ ဘုရားဟူ၍။ ဂစ္ဆာမိ၊ မှီဝဲ, ဆည်းကပ်၊ သိမှတ်ပါ၏။ တဒ္ဒိတံ၊ တံ+ဟိတံ၊ ထိုအပစ္စ- စသော အနက်အားလျော်သည်။ သဒ္ဒဟနာ၊ သံဓာဟနာ၊ ယုံကြည်ခြင်း။ တယိဒံ၊ တံ+ဣဒံ၊ ထိုစကားသည်။ အ-သာရံ၊ အနှစ်မရှိ။

(၃၅-၃၆) ဣဒံ စိတ္တံ ယထာ၊ ဤစိတ်ကဲ့သို့။ တိ အင်္ဂိကံ၊ အင်္ဂါသုံးပါးရှိသော။ ဈာနံ၊ ဈာန်။ တေ၊ သင်၏။ သိတ္တာ၊ လေးသည့်ကိလေသာရေဝန်ကို ပက်သွန်အပ်ပြီးသောအတ္တဘောလှေသည်။ လဟု၊ လျင်မြန်စွာ။ ဧဿတိ၊ နိဗ္ဗာန်ထုတ်ချောက် ရောက်ရလတ္တံ့။ ဥ+အဂ္ဂစိတ္တော၊ တက်ကြွသော စိတ်ရှိ၏။ ဣတော၊ ဤအခါမှ။ အာယတိ၊ နောင်ကာလ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤအရာ၌။ စတုရဿော၊ စတု+အဿော၊ လေးထောင့်စပ်စပ်။ သဠာယတနံ၊ ဆ+အာယတနံ၊ ခြောက်ခုသော အာယတန။

(ဤသုတ်၌ လငယ်, ငွကြီး မထူး)။ လ-ငွာန'မ'ဝိသေသော။ (ရှု ၂၁။)

※ အတိပ္ပါနှင့်၊ နောက်သာ ပရ၊ ဩ-လာရ၊ ကြွင်းထ ကွစိမြစ်။

အတိပ္ပဂေါ ခေါ၊ ပရောသဟဿံ။ ပုံစံ။

(၃၇) **နိဂ္ဂဟီတာ'ဂ္ဂ**။ သရေ ဝါ၊ ကြောင့်ရင်း။ ဗျဥ္ဇနေ ဝါ၊ ကြောင့်ရင်း။ ကွစိ၊ ၌။ နိဂ္ဂဟီတံ၊ သည်။ အာဂမော စ၊ လာသည်လည်း။ ဟောတိ၊ ၏။

စက္ခုံ-ဥဒပါဒိ၊ အဝံ'သိရော၊ ယာဝံ'ဥ္စိ'ဓ။ ပုံစံ။

စ- သဒ္ဒါ ဝိ, ဝ-တို့၏ ဝိကပ် ပ-ပြု ပ-၏ ဝ- ပြုတို့ကို ဆည်း၏။

ပစေဿတိ၊ ဝိစေဿတိ၊ ပစ္စပေက္ခဏာ၊ ပစ္စဝေက္ခဏာ၊ ကာဝည်။ ပုံစံ။

(၃၈) **ကွစိ လောပံ**။ သရေ၊ ကြောင့်။ နိဂ္ဂဟီတံ၊ သည်။ ကွစိ၊ ၌။ လောပံ၊ သို့။ ပပ္ပေါတိ၊ ၏။

တာသာ-ဟံ သန္တိကေ၊ ကျာ'ဟံ၊ ဧဝ'မဿ၊ ကိ'မဟံ။ ပုံစံ။

---

က္လဒံ ယထာ၊ ဤနိမ္မိတရုပ်ကဲ့သို့။ တထာ၊ ထို့အတူ။ ဇတံ၊ ထိုသင်၏ ကိုယ်ရုပ်သည်။ ဟောတိ၊ ၏။ ။သုဟုဋ္ဌု စ၊ အလွန်ဖြောင့်မတ်သည်လည်း။

(ရှု (၃၄)၌ ဂ- လာဆည်းသည် ဟူ၏။ အတိပ္ပါ ခေါ တည်၍ "**ကွစိ ဩ ဗျဥ္ဇနေ, ပါဿ စန္တော ရသော**" တို့ဖြင့် အတိပ္ပါဂေါ ခေါ ပြီးသောကြောင့် အကျိုးမရှိ)။

ပရောသဟဿံ၊ တစ်ထောင်ထက်အလွန်။ (နောက်သုတ်ဘို့)။

(၃၇) စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်လာပြီ။ အဝံသိရော၊ ဦးစောက်ပြောင်းပြန်။ ယာဝစ အတိဝိယ၊ အလွန်အကဲ။ က္လဓ၊ ဤသာ်ရတို့၌။ နိဗ္ဗိန္ဒိတုံ၊ ငှါ။ ။ပစေဿတိ၊ ဝိစေဿတိ၊ ရွေးချယ်လတ္တံ့။ ပစ္စပေက္ခဏာ၊ ပစ္စဝေက္ခဏာ၊ ဆင်ခြင်ခြင်း။ ကာဝည်၊ ကာပည်၊ သူဆင်းရဲ၏အဖြစ်။

(၃၈) အဟံ၊ သည်။ တာသံ၊ ထိုရဟန်းမိန်းမတို့၏။ သန္တိကေ၊ ၌။ အဟံ၊ သည်။ ကိံ အပရဇ္ဈာမိ၊ အဘယ်ပြစ်မှားပါသနည်း။ ဧဝံ၊ ဤသို့။ ဝစနီယော၊ သည်။ အဿ၊ ဖြစ်ရာ၏။ အဟံ၊ သည်။ ကိံ၊ အဘယ်သို့။ ကရေယျာမိ၊ ပြုရတော့အံ့နည်း။

(၃၉) **ဗျဉ္ဇနေ စ။** ဗျဥ္စနေ စ၊ ကြောင့်လည်း။ နိဂ္ဂဟီတံ၊ သည်။ ကွစိ၊ ၌။ လောပ'ဥ္စ၊ သို့လည်း။ ပပ္ပေါတိ၊ ၏။

အရိယသစ္စာန'ဒဿနံ၊ သာ'ရတ္တော၊ အဝသာ'ဟာရော၊ ဂန္တု'ကာမော၊ စိရ'ပ္ပဝါသိံ၊ ဧတံ မင်္ဂလ'မုတ္တမံ။ ပုံစံ။

**စ- သဒ္ဒါ စိရ'ပ္ပဝါသိံ- ၌ နိဂ္ဂဟိတ်၏ ပ-ပြုကို ဆည်း၏။ (ဉာသ်) သမ္ပိဏ္ဍန-လည်းသင့်။**

(၄၀) **ပရော ဝါ သရော။** နိဂ္ဂဟီတမှာ၊ မှ။ ပရော၊ သော။ သရော၊ သည်။ လောပံ၊ သို့။ ဝါ၊ အချို့။ ပပ္ပေါတိ၊ ၏။

*** ဝဝတ္ထိတ၊ ဝါသဒ္ဒကြောင့်၊ ကွ၀, ကွတိ၊ ကွဒါနိနှင့်၊ အသိ, ဧဝ၊ အပိ- မှသာ၊ နိပါတာဟု၊ ချေရန်စု၊ ခွင့်ပြု ရူပသိဒ်။**

အသိ- ကား အာချာတ်ပုဒ်၊ အဿ- နာမ်ပုဒ်လည်း ကျန်သေး၏။

စက္ကံ'ဝ၊ ကိံ'န္တိ၊ အဘိနန္ဒု'န္တိ၊ ကလိ'န္ဒာနိ၊ တွံ'သိ၊ သဒိသံ'ဝ။ တွံ'ပိနာမ၊ ဧဝံ'သ တေ အာသဝါ၊ ပုပ္ဖံ'သာ၊ ဧတ'ဒဟောသိ။ ပုံစံ။

---

(၃၉) အရိယ-သစ္စာနံ၊ အရိယ-အဖြစ်ကို ပြုတတ်သော သစ္စာလေးပါးတို့ကို။ ဒဿနံ၊ သိမြင်ရခြင်း။ သံရတ္တော၊ ပြင်းစွာတပ်သည်။ အဝသံဟာရော၊ အတင်းခိုးဆောင်ခြင်း။

ရကာရ-ဟကာရေသု ဥပသဂ္ဂ'န္တဿ ဒီဃော။ (ရူ ၃၈။)

ဂန္တုကာမော၊ သွားလိုသည်။ စိရံ ပဝါသိံ၊ ကြာရှည်ကွဲ၍နေသော။ (ဗိန္ဒုကျေ ပ- ဒွေဘော် (ရူပသိဒ္ဓိ၊ ၃၈။) စသဒ္ဒါဖြင့် ဗိန္ဒုကို ပပြု။ (ဉာသ်)

(၄၀) ဝါ-သဒ္ဒဿ ဝဝတ္ထိတ-ဝိဘာသတ္တာ ကွတိ'ဝ'ဒါနိ'သိ'ပေ'ဝါဒိတော အညတ္ထ နဟောတိ။ (ရူပသိဒ္ဓိ၊ ၃၈။)။ ။ဝါသဒ္ဒဿ၊ ၏။ ဝဝတ္ထိတ ဝိဘာသတ္တာ၊ ကြောင့်။ ကွတိ'ဝ'ဒါနိ'သိ'ပေ'ဝါဒိတော၊ ကွတိ, ကွ၀, ကွဒါနိ, အသိ, အပိ, ဧဝ- စသောပုဒ်မှ။ အညတ္ထ၊ တပါးပုဒ်၌။ န ဟောတိ၊ ကျေခြင်းမဖြစ်-ဟု အနက်ပေး)။

စက္ကံ+ကွ၀၊ လှည်းဘီးစက်ကဲ့သို့။ ကိံ+ကွတိ၊ အဘယ်သို့။ အဘိနန္ဒုံ၊ နှစ်သက်ကုန်ပြီ။ ကွတိ၊ ဤတွင်သုတ်ပြီးတည်း။ (ဤပုဒ်၌ ဥပျောက်၍ အဘိနန္ဒုန္တိ ဟု-ထိုထိုသုတ်အဆုံး၌ ရှိတတ်သည်။ အန္တိဝိဘတ် မှတ်တတ်သည်။ ဧကဝုစ်၌ အဘိနန္ဒီ'တိ-လည်း ဤပျောက်၍ အဘိနန္ဒတိ- ရှိတတ်သည်။ တိဝိဘတ် မှတ်တတ်သည်၊ သတိပြု)။

ကွဒါနိ၊ ၌။ ကလိံ၊ မကောင်းမှုကို။ ဝါ၊ ဆုံးရှုံးခြင်းကို။ တွံ၊ သင်သည်။ အသိ၊ ဖြစ်၏။ သဒိသံ ဧဝ၊ တူသည်သာတည်း။ တွံ အပိနာမ၊ သင်သို့သောသူ မည်သည်လျက်လည်း။ ဧဝံ၊ ဤသို့။ အဿ၊

(၄၁) ဗျဉ္ဇနော စ ဝိသညောဂေါ။ နိဂ္ဂဟီတုမှာ၊ မှ။ ပရသ္မိံ။ သော။ သရေ၊ သည်။ လုတ္တေ စ၊ ကျေသော်လည်း။ ဗျဉ္ဇနော၊ အာဂန္တုကသံယုဂ် ရှေ့ဗျည်းသည်။ ဝိ-သညောဂေါ၊ သံယုဂ် မဟုတ်သည်။ ဝါ၊ ကျေသည်။ ဟောတိ၊ ၏။

တစ်နည်း။ ဗျဉ္ဇနော၊ အာဝါသိက သံယုဂ် နောက်ဗျည်းသည်။ ဝိ'သညောဂေါ၊ အာဂန္တုက သံယုဂ် ရှေ့ဗျည်းမရှိသည်။ ဟောတိ၊ ၏။

ဧဝံ'သတေ အာသဝါ၊ ပုပ္ဖံ'သာ ဥပ္ပဇ္ဇတိ။ ပုံစံ။

စ-သဒ္ဒေန တိဏ္ဏံ ဗျဉ္ဇနာနံ သ-ရူပါနံ သံယောဂေါပိ ဝိ-သညောဂေါ ဟောတိ။ ယထာ၊ အဂျာ'ဂါရံ၊ ဝုတျ'သာ။ (ရူပသိဒ္ဓိ၊ ၃၉။)။

ဣတိ သန္ဓိ-ကပ္ပေ စတုတ္ထော ကဏ္ဍော။ ၁၂။

ဣတိ အယံ၊ ဤတစ်ဆယ့်နှစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်- အပေါင်းသည်။ သန္ဓိ-ကပ္ပေ၊ ၌။ စတုတ္ထော၊ လေးခုမြောက်သော။ ကဏ္ဍော။ တည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

---

ထိုပုဂ္ဂိုလ်အား။ တေ အာသဝေါ၊ ထိုအာသဝါတို့သည်။ အဿာ၊ ထိုမိန်းမအား။ ပုပ္ဖံ၊ ဥတုပန်းသည်။ ဧတံ ပရိဝိတက္ကနံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။

(၄၁) သံယုဇ္ဇတီ'တိ သံယောဂေါ၊ နယေ ပရံ ယုတ္တေ'တိ နေတဗ္ဗော။ သံယုဇ္ဇတိ ဧတ္ထာ'တိ သံယောဂေါ၊ နယေ ပရံ ယုတ္တေ'တိ နေတဗ္ဗ'က္ခရဿ ပတိဋ္ဌော။ ဉာသ်- ဆိုတိုင်း နှစ်ခုလုံး သံယုဂ်ဖြစ်သော်လည်း အာဂန္တုကကိုသာ ချေရ၏။

စ-သဒ္ဒေန၊ ဖြင့်။ တိဏ္ဏံ၊ ကုန်သော။ ဗျဉ္ဇနာနံ၊ သံယုဂ်ဗျည်းတို့တွင်။ သ-ရူပါနံ၊ သုတိတူသော ဗျည်းနှစ်လုံးတို့၏။ သံယောဂေါ၊ အာဂန္တုကသံယုဂ်သည်။ ဝိ-သညောဂေါ၊ သံယုဂ် မဟုတ်သည်။ ဝါ၊ ကျေသည်။ ဟောတိ၊ ၏။ ယထာ၊ ပုံစံကား။ အဂျာဂါရံ၊ ဝုတျဿ၊ ဿဟူသည်တည်း။ အဂ္ဂိအဂါရံ၊ မီးတင်းကုပ်။ ဝုတ္တိ၊ ဖြစ်ခြင်းသည်။ အဿ၊ ဖြစ်ရာ၏။

"တိဏ္ဏံ ဗျဉ္ဇနာန'မန္တရေ ယေ သရူပါ တေသံပိ လောပေါ ဟောတိ" ဟူသော ကစ္စည်း၌လည်း။ တိဏ္ဏံ ဗျဉ္ဇနာနံ၊ တို့တွင်။ ဝါ၊ တို့၏။ အန္တရေ၊ အတွင်း၌။ ယေ၊ အကြင်ဗျည်းနှစ်လုံးတို့သည်။ သ-ရူပါ၊ တူသော သဘောရုပ်သွင်ရှိကုန်၏။ တေသံပိ၊ ထိုနှစ်လုံးတို့တွင် တစ်လုံး၏လည်း။ ဝါ၊ ထိုနှစ်လုံးတို့၏ အစိတ်တစ်လုံး၏လည်း။ လောပေါ၊ သည်။ ဟောတိ၊ ၏။ ဟု-အနက်ပေး။ (ပဉ္စာဒီန မတ္တံ, ယဿ ဘဝိဿတိ- တို့ကဲ့သို့မှတ်)။

✪ ✪ ✪ ✪ ✪

# ၁-သန္ဓိ ပဉ္စမကဏ္ဍ

(၄၂) **ဂေါ သရေ ပုထဿာ'ဂမော ကွစိ။** သရေ၊ ကြောင့်။ ပုထဿ၊ ပုထ-နိပါတ်၏ အဆုံး၌။ ဂေါ၊ ဂ- အက္ခရာသည်။ ကွစိ၊ ၌။ အာဂမော၊ လာ၏။

ပုထ' ဂေဝါ' ယံ ဇနော၊ ပုထ ဧဝ။ ပုံစံ။ **ကွစိ- သဒ္ဒါ ဝါ အနက်ရှိ၏။**

(၄၃) **ပါဿ စ'န္တော ရဿော။** သရေ၊ ကြောင့်။ ပါဿ၊ ပါ- နိပါတ်၏ အဆုံး၌။ ဂေါ၊ သည်။ ကွစိ၊ ၌။ အာဂမော၊ ၏။ အန္တော စ၊ ပါ- ၏ အစိတ် အာ-သည်လည်း။ ရဿော၊ သည်။ ဟောတိ၊ ၏။

ပ'ဂေဝ၊ ပါ ဧဝ။ ပုံစံ။ **စ- သဒ္ဒါ ဒုတိယတ္ထသမ္ပိဏ္ဍနု။**

(၄၄) **အဗ္ဘော အဘိ။** သရေ၊ ကြောင့်။ အဘိ၊ အဘိ- ဥပသာရပုဒ်သည်။ အဗ္ဘော၊ အဗ္ဘ- ပြုသည်။ ဟောတိ၊ ၏။

အဗ္ဘော'ကာသော။ ပုံစံ။ (လွှင်တီးခေါင်- ဟုပေး)

(၄၅) **အဇ္ဈော အဓိ။** သရေ၊ ကြောင့်။ အဓိ၊ အဓိ- ဥပသာရပုဒ်သည်။ အဇ္ဈော၊ အဇ္ဈ- ပြုသည်။ ဟောတိ၊ ၏။ အဇ္ဈော'ကာသော။ ပုံစံ။ (လွှင်တီးခေါင်- ဟုပေး)

(၄၆) **တေ န ဝါ ဣဝဏ္ဏေ။** ဣ-ဝဏ္ဏေ၊ ကြောင့်။ တေ၊ ထိုအဘိ, အဓိ- ပုဒ်တို့၏ အဗ္ဘ- ပြု, အဇ္ဈ-ပြုတို့သည်။ ဝါ၊ ချို့။ န ဟောန္တိ၊ ကုန်။

အဘိ'စ္ဆိတံ။ အဓီ'ရိတံ၊ အဗ္ဘီ'ရိတံ၊ အဇ္ဈိ'ဏ္ဌော၊ ပါတိမောက္ခု'ဒ္ဒေသံ၊ အဇ္ဈေ'သေယျံ။ ပုံစံ။

(၄၇) **အတိဿ စ'န္တဿ။** ဣ-ဝဏ္ဏေ၊ ကြောင့်။ အတိဿ စ၊ အတိ- ဥပသာရပုဒ်၏ လည်း။ အန္တဿ၊ အစိတ် တိ-သဒ္ဒါ၏။ တံ၊ ထို သဗ္ဗော စံ တိ သုတ်၌ ဆိုခဲ့ပြီးသော စ- ပြုရုပ်သည်။ န ဟောတိ၊ မဖြစ်။

---

(၄၂) အယံ ဇနော၊ ဤပုထုဇဉ်အပေါင်းသည်။ ပုထ+ဧဝ၊ အရိယာတို့မှ အသီးသာတည်း။

(၄၃) ပါ+ဧဝ၊ အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း။ ဝါ၊ စောစောစီးစီး ရှေးဦးစွာပင်ပြီး၏။

(၄၆) အဘိ+ဣစ္ဆိတံ၊ လွန်စွာလိုအပ်၏။ အဓိ+ဤရိတံ၊ လွန်စွာ ဆိုအပ်၏။ အဗ္ဘီရိတံ၊ အဘိ +ဤရိတံ၊ ၏။ အဓိ+ဣဋ္ဌော၊ တိုက်တွန်းအပ်၏။ အာယသ္မန္တံ တိဿံ၊ အရှင်တိဿကို။ ပါတိမောက္ခုဒ္ဒေသံ၊ ပါတိမောက်ရွတ်ခြင်းကို။ အဇ္ဈေသေယျံ၊ တိုက်တွန်းပါ၏။

(၄၇) အတိ'စ္ဆာ၊ လွန်စွာ လိုချင်ခြင်း။ အတီရိတံ၊ အလွန်ဆိုအပ်၏။ ဣတိ'တိ၊ ဣတိ ဟူသော ပုဒ်သည်။ နိပါတော၊ နိပါတ်ပုဒ်တည်း။ ပတီ'တိ၊ ပတိဟူသော ပုဒ်သည်။ ဥပသဂ္ဂေါ၊ ဥပသာရပုဒ်တည်း။

အတိ'ဗ္ဗာ၊ အတိရိတံ။ ပုံစံ။

စ- သဒ္ဒါ ဣတိ, ပတိ- သဒ္ဒါတို့ကိုဆည်း၏။ ဣတိ'တိ နိပါတော၊ ပတိ'တိ ဥပသဂ္ဂေါ။ ပုံစံ။

**ဣဝဏ္ဏော ယံ နဝါတိစ၊ အသရူပါ'ဓိကာရတော။**

**ဣဝဏ္ဏာဿ သရူပသ္မိံ၊ ယာဒေသော စ န သမ္ဘဝေ။ ။**

ဉာဉ်ကို ပယ်ခြင်း၏ အာဘောဂ၊ ရူပသိဒ္ဓိ(၁၅)ပြဆိုသောဂါထာ။

ဣဝဏ္ဏော ယံ နဝါတိ ဣစ၊ ဤသုတ်၌။ အသရူပါဓိကာရတော၊ အသရူပသဒ္ဒါလိုက်သော ကြောင့်။ သရူပသ္မိံ၊ သရူပသရန္နောင်းရာ၌။ ဣဝဏ္ဏဿ၊ ဣဝဏ်၏။ ယာဒေသော စ၊ ယပြုသည်ပင်။ န သမ္ဘဝေ၊ မဖြစ်။

(၄၈) **ကွစိ ပဋိ ပတိဿ။** သရေ ဝါ၊ ကြောင့်ရင်း။ ဗျဉ္ဇနေ ဝါ၊ ကြောင့်ရင်း။ ပတိဿ၊ ပတိ- ဥပသာရပုဒ်၏။ ကွစိ၊ ၌။ ပဋိ၊ ပဋိ- ပြုသည်။ ဟောတိ၊ ၏။

ပဋ္ဋဂ္ဂိ၊ ပဋိဟညတိ၊ ပစ္စ'န္တိမာ၊ ပတိလီယတိ၊ ပတိရူပ-ဒေသ-ဝါသော၊ ပတိပတ္တိ။ ပုံစံ။

(၄၉) **ပုထဿု ဗျဉ္ဇနေ။** ဗျဉ္ဇနေ၊ ကြောင့်။ ပုထဿ၊ ပုထ- သဒ္ဒါ၏။ အန္တော၊ အစိတ် အ- သည်။ ဥ၊ ဥ- ပြုသည်။ ဟောတိ၊ ၏။

ပုထု'ဇ္ဇနော၊ ပုထု'ဘူတံ။ ပုံစံ။

---

(သဒ္ဒဝိဓိကို မြစ်သော အရာဖြစ်၍ အန္တသဒ္ဒါ အစိတ်တိ-ကို ဟော၏။ ဣ-ကို မဟော။ ဉာဉ်၌ကား၊ အတိဿ တိ အတိ-ဟု ကေသိသ်ပြု၏။ အန္တကို **ပုထဿု ဗျဉ္ဇနေ**- သုတ်ဖို့ ဆိုသည်။ ဤသုတ်၌လည်း အလုံးစုံကို မယူ-ဟု သိရသည်ဟူ၏)။

(၄၈) ပဋ္ဋဂ္ဂိ၊ မီးကြို။ ပဋိဟညတိ၊ ထိခိုက်၏။ ပစ္စ'န္တိမာ၊ အစွန်းအဖျား- တောကြားဇနပုဒ် တို့။ ပတိလီယတိ၊ တွန့်၏။ ပတိရူပ-ဒေသ-ဝါသော၊ သင့်လျော်ရာ အရပ်၌နေရခြင်း။ ပတိပတ္တိ၊ အကျင့် ပတိပဒါ။

(ရကောက်နောင် တဝမ်းပူဝဂ်ကို ငွေသံလျှင်းချိတ်ဝဂ် ပြန်ရာ၌ သက္ကတကျမ်းမှာ နယ်ကို ဏကြီးပြန်သာ ဥပဒေရှိ၏။ တဝမ်းပူ ထဆင်ထူးတို့ကို ငွေသံလျှင်းချိန် ဌဝမ်းဘဲပြန်ရမည်-ဟု ဥပဒေမရှိ။ ကေနဋ္ဌေန အဘိဓမ္မော- စသည်၌ အရဓာတ်နောင် သုတ္တနိပါတ် အဋ္ဌကထာပြန်သည်။ ဤ၌-ပြ ဥပသာရ နောင် ပြန်သည်။ မပြန်သောအရာသာလျှင် သာ၍များသည်။ မပြန်လျှင် မှားသည်ဟု မမှတ်လင့်)။

(၄၉) ပုထုဇ္ဇနော၊ အရိယာတို့မှ အသီးအခြားဖြစ်သောသူ။ ပုထု-ဘူတံ၊ အသီးအခြား ဖြစ်၍ ဖြစ်သည်။ မနု'ညံ၊ မနော+အညံ၊ စိတ်ကို လွန်စွာနှစ်သက်စေတတ်သောအာရုံ။ ဣတွေ'ဝံ၊ ဣတိ+ဧဝံ၊

အတိဿ တိ အတိ- ကဲ့သို့ ပုထဿ အ ပုထ- ဟု သမာသ်ပြုလျှင် ပြီးလျက် မဏ္ဍူကဂတိက အန္တ-သဒ္ဒါလွန်ဖြင့် ပုထ မဟုတ်သောသဒ္ဒါ၏ အစိတ် ဩ, ဣ, အ-တို့ကို ဥ- ပြု။

မနုဉ္ဉံ၊ ဣတ္တေ့ဝံ၊ ဧဝုမံ။ ပုံစံ။

(၅၀) **ဩ အဝဿ**။ ဗျဉ္ဇနေ၊ ကြောင့်။ အဝဿ၊ အဝ- ဥပသာရပုဒ်၏။ ကွစိ၊ ၌။ ဩ၊ ဩ- ပြုသည်။ ဟောတိ၊ ၏။

ဩနဒ္ဓ၊ ဩကာသော၊ ဩဝဒေယျ၊ ဩကိဏ္ဏော၊ ဩသာနံ။ အဝသာနံ။

**ကာမံ တစော စ နှာရူ စ၊ အဋ္ဌိစ အဝသိဿတု။**
**အဝသုဿတု နိ’ဿေသံ၊ သရီရေ မံသ’လောဟိတံ။** ။ ပုံစံ။

ဩ- ယောဂဝိဘာဂဖြင့် ဝ- ကို ဩ- ပြု။

ဥပေါသထော၊ နောနီတံ၊ သောဏ္ဏံ။ ပုံစံ။

(၅၁) **အနု’ပဒိဋ္ဌာနံ ဝုတ္တ–ယောဂတော**။ အနု’ပဒိဋ္ဌာနံ၊ မပြအပ်ခဲ့ကုန်သေးသော ရုပ်တို့၏။ သိဒ္ဓိ၊ ပြီးခြင်းကို။ ဝုတ္တ-ယောဂတော၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပါ’ပဏံ၊ ပရာ’ယဏံ၊ ပ’ဂ္ဂဟော၊ ပရိဂ္ဂဟော ပယိရုဒါဟာသိ၊ ဗဝှါဗာဓော၊ အနဘိနေယျ။ ပုံစံ။

---

ဤသို့။ (ဥကို ဝ-ပြုပြန်၊ ဧဝုမံ၊ ဧဝံ+ဣမံ- ဖြတ်၊ ဝိန္ဒုကို ချေ၍ ဥ-ပြု၊ နောက်ဣ-ကို ချေ)။

(၅၀) ဩနဒ္ဓ၊ အဝ+နဒ္ဓ၊ မြေးရှက်အပ်ကုန်၏။ ဩကာသော၊ အရပ်- အခွင့်။ ဩဝဒေယျ၊ ဆုံးမရာ၏။ ဩကိဏ္ဏော၊ ရောပွမ်းသည်။ ဩသာနံ။ အဝ သာနံ၊ အဆုံးစွန်။

သရီရေ၊ ငါ့ကိုယ်၌။ တစော စ၊ အရေသည်၎င်း။ နှာရု စ၊ အကြောသည်၎င်း။ အဋ္ဌိ စ၊ အရိုးသည်၎င်း။ ကာမံ အဝသိဿတု၊ အကယ်၍ ကြွင်းလိုကြွင်းပစေ။ မံသ-လောဟိတံ၊ အသား, အသွေးသည်။ နိဿေသံ၊ အကြွင်းမဲ့။ ကာမံ အဝသုဿတု၊ ခြောက်လိုခြောက်ပစေ။ ဝီရိယဿ၊ လုံ့လ၏။ သဏ္ဌာနံ၊ ရပ်တံ့ခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်လတ့ံ။

ဥပဝသထော၊ သုံးနေခြင်း။ နဝနီတံ၊ ဆီဉူး၊ သုဝဏ္ဏံ၊ ရွှေ။

(၅၁) ပါပဏံ၊ ပ+အာပနံ၊ အပြားအားဖြင့် ရောက်စေခြင်း။ ပရာယဏံ၊ ပရံ, ပရာ ဝါ အယနံ၊ လည်းလျောင်းရာ မှီခိုရာ။ ပဂ္ဂဟော၊ ချီးမြှောက်ခြင်း။ ပရိဂ္ဂဟော၊ သိမ်းဆည်းခြင်း။ ပယိရုဒါဟာသိ၊ ပရိ+ဥ+အာဟာသိ၊ ဟောရွတ်ပို့ချပြီ။ (ယ-အာဂုံ၊ ဒ-အာဂုံလာ။ ရ, ယ- ကို ရှေ့နောက်ပြန်)။ ဗဝှါဗာဓော၊ ဗဟွာဗာဓော၊ များသော အနာရှိ၏။ အနဘိနေယျ၊ န အဘိနေယျ၊ မပင့်မဆောင်ငြားအံ့။

ဤသန္ဓိကျမ်း၌ သညာသုတ်ပေါင်းကား။ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉။ ပေါင်း ရှစ်သုတ်။

အဓိကာရ သက်သက်မရှိ။ လိုက်သမျှကို ရေတွက်မှုကား။ အဓိကာရသုတ် သုံးဆယ်။

ပရိဘာသာသုတ်ကား။ ၁၊ ၁၀၊ ၁၁၊ ၅၁။ ပေါင်းလေးသုတ်၊ ကျန်ဝိဓိသုတ် သုံးဆယ့်ကိုးသုတ် ရှိ၏။

လောပသန္ဓိသုတ်။ ၁၂၊ ၁၃၊ ၂၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁။ ပေါင်း ခုနစ်သုတ် ရှိ၏။

အာဒေသ။ ၁၇၊ ၁၈၊ ၂၁၊ ၂၂၊ ၃၀၊ ၅၀။ ပေါင်းခြောက်သုတ်ရှိ၏။

အာဂမ။ ၂၇၊ ၂၈၊ ၂၉၊ ၃၅၊ ၃၆၊ ၃၇၊ ၄၂၊ ၄၃။ ပေါင်းရှစ်သုတ်ရှိ၏။

ဝိကာရ။ ၁၄၊ ၁၉၊ ၂၀၊ ၃၀၊ ၃၂၊ ၃၃၊ ၃၄၊ ၃၇၊ ၃၉၊ ၄၄၊ ၄၅၊ ၄၈၊ ၄၉၊ ပေါင်း တစ်ဆယ့် သုံးသုတ်ရှိ၏။

ပကတိ။ ၂၃၊ ၂၄၊ ၄၆၊ ၄၇။ ပေါင်းလေးသုတ်ရှိ၏။

ဒီဃသန္ဓိသုတ်။ ၁၅၊ ၁၆၊ ၂၅။ ပေါင်းသုံးသုတ်ရှိ၏။

ရဿသန္ဓိသုတ်။ ၂၂၊ ၂၆၊ ၄၃။ ပေါင်းသုံးသုတ်ရှိ၏။

ပေါ်လာဗိန္ဒု။ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၈၊ ၃၉၊ ၄၀။ ပေါင်းခုနစ်သုတ်ရှိ၏။

ပျောက်ဗိန္ဒု။ ၃၇။ နိဂ္ဂဟီတဉ္စ, တစ်သုတ်သာရှိ၏။

ရှစ်ခုသရ။ ၁၂။ လ။ ၂၂၊ ၃၂၊ ၃၄၊ ၃၅၊ ၃၈၊ ၄၀။ လ။ ၄၈။ ပေါင်းနှစ်ဆယ့် လေးသုတ်ရှိ၏။

ဒွေဘာဝ။ ၂၈၊ ၂၉။ ပေါင်းနှစ်သုတ်သာရှိ၏။

အာဂမ။ ၂၉၊ ၃၅၊ ၃၆၊ ၃၇၊ ၄၂၊ ၄၃။ ပေါင်း ခြောက်သုတ်ရှိ၏။

ယပင့်။ ၁၇၊ ၂၁။ ပေါင်းနှစ်သုတ်သာရှိ၏။

ဝဆွဲ။ ၁၈။ ဝမောဒုဒန္တာနံ, တစ်သုတ်သာရှိ၏။

ဌာန်လဲ။ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၂၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၇၊ ၃၉၊ ၄၄၊ ၄၅၊ ၄၈၊ ၄၉၊ ၅၀။ ပေါင်းတစ်ဆယ့်ရှစ်သုတ်ရှိ၏။

ပကတိ။ ၂၃၊ ၂၄၊ ၃၀၊ ပေါင်းသုံးသုတ်ရှိ၏။

သုတ်စွန်းအစီအရင် အပိုပါသော သုတ်ကား။ ကွစာ သဝဏ္ဏေ လုတ္တေ- စသော တစ်ဆယ့် တစ်သုတ်တည်း။

ႅတိ သန္ဓိ-ကပ္ပေ ပဌမော ကဏ္ဍော။ ၁၀။

ႅတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ဆယ်သုတ်, ဝုတ္တိ, ဥဒါဟရုဏ်- အပေါင်းသည်။ သန္ဓိ-ကပ္ပေ၊ ၌။ ပဌမော၊ သော။ ကဏ္ဍော၊ တည်း။ ဝါ၊ သည်။ ႅတိ သမတ္တော၊ ပြီးပြီ။

## ဣတိ သန္ဓိ-ကပ္ပေ ပဉ္စမော။ ၅၁။

(ဤဆိုလတ္တံ့သည်ကား သန္ဓိငါးဆယ့်တစ်သုတ်ကို သညာ, အဓိကာရ, ပရိဘာသာ, ဝိဓိ-သုတ်လေးမျိုး၌ရှင်း။

လောပါ'ဒေသော စ အာဂမော၊ ဝိကာရော ပကတီ ပိ စ။
ဒီဃော ရဿော'တိ သတ္တေ'တေ၊ သန္ဓိ ဘေဒါ ဝိဇာနိယာ။ ။

ဟူသော သန္ဓိအပြား ခုနစ်ပါး၌ရှင်း

* "ပုဒ်ဖြတ်နည်းမှာ။ ပေါ်လာဗိန္ဒု၊ ပျောက်ဗိန္ဒုနှင့်၊ ရှစ်ခုသရာ၊ ဒွေဘာ, ဂမ၊
ယ, ဝ, ပင့်, ဆွဲ၊ ဌာန်လဲ ပကတိ၊ ဆယ့်ခြောက်ရှိ။ မှတ်ဘိမြဲသချာ"။

ဟူသောပုဒ်ဖြတ်နည်း တစ်ဆယ့်ခြောက်ပါး၌ရှင်း၊ သွင်းချ၍ ရေတွက်သောသန္ဓိသရုပ်ခွဲနည်းကဗျာတည်း)။

* သန္ဓိသုတ်စစ်၊ ငါးဆယ့်တစ်တွင်၊ ရှစ်ခု-သညာ၊ ဓိကာ- မရှိ။ လေး-ပရိ နှင့်၊ ဝိဓိ-သုံးဆယ့်ကိုး၊ သုတ်လေးမျိုးဖြစ်၊ ခုနစ်-လောပ၊ ဆက္က-အာဒေ၊ အာဂမေဋ္ဌ၊ တေရဝိကာ၊ လေးဖြာ ပကတိ၊ တိစီဒီရဿ်၊ မျိုးသတ်သန္ဓိ။ ။မှတ်ဘိသောငှာ်၊ နည်းပုဒ်ဖြတ်ကား၊ သတ်ဗိန္ဒုပေါ်၊ ပျောက်သော်ဧကေ၊ သရစောဗ္ဗိ၊ နှစ်လီဒွေဘာ၊ အာဂမာဋ္ဌ၊ ယပင့် ဒွတည်း၊ ဧကေ ဝဆွဲ၊ ဌာန်လဲ ဆယ့်ရှစ်၊ သုံးဖြစ် ပကတိ။ ။ဝိဓိစွန်းမူ၊ မယွန်းမှန်စွာ၊ ကွစာ, ဝမော၊ ဒေါ, လော, ဝဂ္ဂန်၊ တဖန်မဒါ၊ ယဝါမဒနီ၊ နိဂ္ဂဟီတေ၊ ဗျဉ္ဇနေ နှော၊ ဗျဉ္ဇနောဟု၊ ပုထဿု ထုတ်၊ ဆယ့်တစ်သုတ်မှာ၊ သုတ်စွန်းပါသည်။ ။သေချာသန္ဓိ သရုပ်ခွဲနည်းတည်း။

ဤကဗျာလာ သင်္ချာအတိုင်း သုတ်ရအောင် စေ့စပ်သေချာ အထပ်ထပ်ရှာနိုင်မှ ကျေမည်ရှာလေ။

ပုံစံ ဆောင်ပုဒ် သရုပ်ခွဲနှင့်တကွ သန္ဓိသုတ်နက် ပြီး၏။

✪ ✪ ✪ ✪ ✪

---

(ရှေ့နောက်ပြန်ဟူသမျှ၌ "ဒေါ ဓဿ စ" ၌-စသဒ္ဒါဖြင့်ပြန်။ ပါပဏံ, ပရာယဏံ- တို့၌ ရဟာဒိတောဏ- နှင့် နငယ်ကို ဏကြီးပြန်။ ဤသို့မပြီးသမျှ ရုပ်ထူးတို့ကို သုတ်တစ်ပါးဖြင့် စီရင်ဖို့ညွှန်းသောကြောင့် ဤသုတ်သည် အတိဒေသမည်သော ပရိဘာသာသုတ်တည်း)။

✪ ✪ ✪ ✪ ✪

# ၂-နာမ်

## ပထမကဏ္ဍ

(၅၂) **ဇိန-ဝစန-ယုတ္တံ ဟိ။** ပုဗ္ဗာ'ပရ၊ ရှေ့နောက် သုတ်, ဝုတ္တိ, ဥဒါဟရုဏ်- အလုံးစုံသည်။ ဇိန-ဝစန-ယုတ္တံ ဟိ၊ ဇိန-ဝစန-ယုတ္တံ ဧဝ၊ မြတ်စွာဘုရား၏ ပါဠိတော်အား လျော်သည်ချည်းသာလျှင်တည်း။ ဟိ- သဒ္ဒါ, ဧဝ- သဒ္ဒါကဲ့သို့ အဝဓာရဏတ္ထ။

---

(၅၂) ပဒမတော ဝိဝိခံ သုဏောယျ- ၏ အရ သန္ဓိ၏အခြားမဲ့၌ နာမ်, အာချာတ်, ဥပသာရ, နိပါတ်ပုဒ်- လေးပါးတို့တွင် ဥပသာရပုဒ်, နိပါတ်ပုဒ်-နှင့်တကွ–

အတ္ထေ နမတိ, နာမေတိ၊ စိတ္တံ နမတိ ဧတ္ထ ဝါ။
နာမံ ဒဗ္ဗ'ဝဒံ ပဋ္ဌ၊ တျ'တ္ထော ယေန ပဒံပိ စ။ ။

ဟူသော နာမ်ပုဒ်ကို ပြလို၍ ဆိုအပ်သော **ဇိနဝစနယုတ္တံ** ဟိ- သုတ်၌-

ဥပသဂ္ဂါ နိပါတာ စ၊ ဓာတဝေါ ပစ္စယာ စိ'မေ။
နေကေ နေက'တ္ထ-ဝိသယာ၊ ဣတိ နေရုတ္တိကာ'ဗြဝုံ။ ။

(ဂန္ဓာဘရဏပါဌ်၊ ၈၃။ ဒုတိယပါဒမှ တပါး အားလုံးတူ)။

ဟူသော လေးပုဒ်တွင် ပါဝင်သော ဟိ နိပါတ်သည် -

ဟိ ဟေတုမှိ ဝိသေသာ'ဝ- ဓာရဏေ ပဒပူရဏေ။
သောက-ပုဋ္ဌာ'ဥသူယာသု၊ ဟေတူ'ပဒေသ-သမ္ဘမေ။ ။

ဟူသော ကိုးနက်တို့တွင် အဝဓာရဏတ္ထ ဧဝအနက်ဖြစ်၏။ ထိုအဝဓာရဏသည် သန္နိဋ္ဌာန, နိဝတ္တာပန-နှစ်ပါးတည်း။ ထိုတွင် မြစ်ဖို့ရာ အနက်တပါးမရှိလျှင် သန္နိဋ္ဌာနာဝဓာရဏမည်၏။ ထိုဧဝသည် ကြိယာနောက်၌သာ ထိုင်၏။ မြစ်ဖို့ရာ အနက်တပါးရှိလျှင် နိဝတ္တာပနာဝဓာရဏမည်၏။ ဒြပ်, ဂုဏ်, ကြိယာ- သုံးပါးနောက်ပင် ထိုင်၏။

ဒြပ်နောက်ပေ၊ ဧဝ နေ၊ ကန့်လေ ဒြပ်ချင်း။

ဂုဏ်၏နောက်မှာ၊ ဧဝ ပါ၊ ကန့်ရာ ဂုဏ်အချင်းချင်း။

ကြိယာနောက်၊ ဧဝ ရောက်၊ ချင့်ထောက်ယူလေလျှင်း။

ဟူသော နိယံနှင့်အညီ ခွဲလေ။ အကျယ်ကိုသိလိုလျှင် ဉာဏောဒယ စာစပ်မှာရှု။

(၅၃) လိင်္ဂ'ဥ္စ နိပစ္စတော။ လိင်္ဂ'ဥ္စ၊ လိင်ကိုလည်း။ ဓာတု စ၊ ဓာတ်ကိုလည်း။ နိပစ္စတေ စ၊ နိပ္ဖါဒီယတေ စ၊ ပြီးလည်း ပြီးစေအပ်၏။ ထပီယတေ စ၊ တည်လည်း တည်ထားအပ်၏။ စ-သဒ္ဒါ ကာရကသမုစ္စည်း၊ ကြိယာသမုစ္စည်း၊ ဝါကျသမုစ္စည်း သုံးနည်း။

ဧသော၊ ဧတော၊ ဂစ္ဆတိ၊ ဂမု။ ပုံစံ။

(က) လီန'မတ္ထံ ဂမေတီ'တိ၊ လိင်္ဂံ ဒဗ္ဗသ ဝါစကံ။
လိင်္ဂေတျ'တ္ထ'န္တိ ဝါ နာမံ၊ လိင်္ဂံ နာမံ သမံ ဟိတံ။ ။

(ခ) ဓာတု'ပ္ပစ္စယ-ဝိဘတ္တိ-ဝဇ္ဇိတ'မတ္ထဝံ လိင်္ဂံ ။ (ရူ၊ ၄၂။ ဝိဘတ်ပြင်ယူ)

(ဂ) ရုက္ခော-တိ-ဝစနံ လိင်္ဂံ၊ လိင်္ဂ'တ္ထော တေန ဒီပိတော။
ဧဝံ လိင်္ဂ'ဥ္စ လိင်္ဂ'တ္ထံ၊ ဉာတွာ ယောဇေယျ ပဏ္ဍိတော။ ။
(ထိုလိင်အပြားကို ပုဒ်စစ်အတိုင်းခွဲ)

---

ဇိနဝနယုတ္တ- ဟူသည် -

သာ မာဂဓိ မူလ-ဘာသာ၊ နရာ ယာယာ'ဒိ-ကပ္ပိကာ။
ဗြဟ္မာနော စာ-ဿုတာ'လာပါ၊ သမ္ဗုဒ္ဓါစာပိ ဘာသရေ။ ။ (ရူ၊ ၄၁။)

ဟူသော လေးဦးသားတို့ပြောဆိုမြဲ မူလ မာဂဓ ဘာသာ- သဘာဝနိရုတ္တိချည်း ဟူလို။

(၅၃) ဧသော၊ ဤသူသည်၊ ဤသူကို။ ဧတော၊ ဤသူ။ ဂစ္ဆတိ၊ သွား၏။ ဂမု၊ သွားခြင်း။

(က) လီနံ၊ ဓာတ်ပစ္စည်းတို့ဖြင့် မထင်ကွယ်ဝှက်သော။ အတ္ထံ၊ ဒြပ်အနက်ကို။ ဂမေတိ၊ သိစေတတ် ပြောဟောတတ်၏။ ဣတိ၊ ကြောင့်။ လိင်္ဂံ၊ လိင်မည်၏။ ဒဗ္ဗဿ၊ ဒြပ်ကို။ ဝါစကံ၊ ဟောတတ်သော။ နာမံ၊ နာမ်ပုဒ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဝါ၊ တစ်နည်းကား။ အတ္ထံ၊ ဒြပ်အနက်ကို။ လိင်္ဂေတိ၊ သိစေတတ်၏။ ဣတိ၊ ကြောင့်။ လိင်္ဂံ၊ ၏။ ဒဗ္ဗဿ၊ ကို။ ဝါစကံ၊ သော။ နာမံ၊ နာမ်ကိုရ၏။ ဟိ- သစ္စံ၊ ထိုစကားမှန်၏။ လိင်္ဂံ၊ လိင်ဂုဏ်း။ နာမံ၊ ဂုဏ်း။ တံ၊ ထိုနှစ်ပုဒ်သည်။ သမံ၊ ဒြပ်ဟောချင်းတူ၏။

(ခ) ဓာတု'ပ္ပစ္စယ-ဝိဘတ္တိ-ဝဇ္ဇိတံ၊ ကြိယာဟောဓာတ်, သတ္တိဟော ပစ္စည်း, ဝိဘတ်သည် ကြဉ်အပ်သော။ အတ္ထဝံ၊ ကြိယာသတ္တိနက်ကို စွန့်လတ်၍ ဒြပ်အနက်ရှိသော။ ပဒံ၊ ဓာတ်, ပစ္စည်း, ဝိဘတ်မကွဲ, တွေခဲ၍နေသောပုဒ်သည်။ လိင်္ဂံ၊ လိင်မည်၏။ (ဝိဘတ်ပါလျှင် နိပ္ဖန္န၊ မပါလျှင် အနိပ္ဖန္နလိင်-ဟု မှတ်)။

(ဂ) ရုက္ခောတိဝစနံ၊ ရုက္ခ-ဓာတ်, ဏ-ပစ္စည်း, သိ-ဝိဘတ် မကွဲ, တွေခဲ၍နေသော ရုက္ခော-သဒ္ဒါသည်။ လိင်္ဂံ၊ လိင်မည်၏။ တေန၊ ထိုသဒ္ဒါသည်။ ဒီပတော၊ ပြအပ်သော ဒြပ်အနက်သည်။ လိင်္ဂတ္ထော၊ လိင်္ဂတ္ထ မည်၏။ ဧဝံ၊ ဤသို့။ ဉာတွာ၊ သိ၍။ ပဏ္ဍိတော၊ သည်။ လိင်္ဂဥ္စ၊ ကိုဂုဏ်း။ လိင်္ဂတ္ထဥ္စ၊ ကိုဂုဏ်း။ ယောဇေယျ၊ ယှဉ်စေရာ၏။

(၅၄) **တတော စ ဝိဘတ္တိယော။** ဝိဘတ္တိယော၊ ဝိဘတ်တို့သည်။ တတော စ၊ ထိုလိင်တို့မှလည်း။ ပရာ၊ နှောင်းကုန်၏။ ဝါ၊ နောက်၌ သက်ကုန်၏။

**စ- သဒ္ဒါ၊** တဝေတုနာဒိပစ္စယန္တနိပါတ်ကိုဆည်း၏။ (ရူပသိဒ္ဓိ၊ ၄၂။)။

ဧကဝုစ်, ဗဟုဝုစ်, ပထမာ, ဒုတိယာ- စသောအမည်ကို ဆည်း၏။ (ညာသ်)။

ဥပသာရ, နိပါတ်- ကိုလည်း ဆည်းသင့်၏။

(၅၅) **သိ–ယော, အံ–ယော, နာ–ဟိ, သ–နံ, သ္မာ–ဟိ, သ–နံ, သ္မိံ–သု။** သိယော ။ပ။ သ္မိံ သု၊ သိ- သဒ္ဒါ ။ပ။ သု- သဒ္ဒါ တို့သည်။ ဝိဘတ္တိယော၊ ဝိဘတ်- မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

(၅၆) **တ'ဒနု'ပရောဓေန။** တ'ဒနု'ပရောဓေန၊ ထိုဇိနဝစနနှင့် မဆန့်ကျင်သဖြင့်။ လိင်'ဥ၊ ကိုလည်း။ ဓာတု စ၊ ကိုလည်း။ နိပစ္စတေ စ၊ ၏။ ထပီယတေ စ၊ ၏။ (ဒွိဝုစ်စသည်ကို မြစ်သော ဥပ္ပရိဘာသာသုတ်တည်း)။

---

(ထိုလိင်သည် အနွတ္ထ, ရုဠှီ- နှစ်ပါးပြား၏။ ဂဂ်ါယံ နှာယတိ။ ဂဂ်ါယံ သဿံ တိဋ္ဌတိ။ ပုံစံ။ ကူတ္တိလိင်, ပုလ္လိင်, နပုလ္လိင်- သုံးပါးပြား၏။ မာလာ၊ ရုက္ခော၊ ဓနံ။ ပုံစံ။ ဤသို့စသည်ဖြင့် ပုဒ်စစ်ကို မှီ၍ခွဲ။ ဤသုတ်၌ နိပစ္စတေ-ကို ထပီယတေ-ဖွင့်၍ လိင်, ဓာတ်-တို့ကို တည်ထားသောသုတ်။ နောက်- တဒနုပရောဓေန- သုတ်၌ နိပစ္စတေကို နိပ္ဖါဒီယတေဖွင့်၍ ပြီးစေသောသုတ်-ဟု ရူပသိဒ္ဓိ(၄၂၊ ၄၃)ဆို၏။

"ထပီယတိ နိပ္ဖါဒီယတိ စာ'တိ အတ္ထော။ တေ'မတ္ထံ စဂ္ဂဟဏဝသေန ဂဟေတဗ္ဗံ" ဟု မိန့်ဆိုသည့် ညာသ်အလိုကား လိင်, ဓာတ်တို့ကို တည်ထားခြင်း, ပြီးစေခြင်း- အလုံးစုံကို ဤသုတ်ဖြင့် ပရိဘာသာ ပြုပြီးဖြစ်သော်လည်း -

**"တစ်ပါးမှာ သွာ,၊ နှစ်ပါး န္တာ၊ သုံးပါးမှာ န္တော,၊ လေးပါး ယော"** ဟူရာ၌ ဒွိဝုစ်ကဲ့သို့ အခြင်းအရာ ပါဠိတော်မှာ ပါရှိသောကြောင့် ထိုဒွိဝုစ်ကို မြစ်ပယ်၍ လိင်'ဥ နိပစ္စတေ- အတိုင်းပင် ထပ်မံ၍ ပရိဘာသာ ပြုအပ်ပြန်သည်။ ဥပ္ပရိဘာသာသုတ် ဟူလို)။

(၅၅) ကမ္မာ'ဒိ-ဝသေန ဧကတ္တာ'ဒိ ဝသေန စ လိင်္ဂတ္ထံ ဝိဘဇန္တိ'တိ ဝိဘတ္တိယော။ ပထမာ'ဒိ- ဝေါဟာရော ဧကဝစနာ'ဒိ-ဝေါဟာရော စ အနွတ္ထ-ဝသေန ပရသမညာ-ဝသေန ဝါ သိဒ္ဓေါ (ရူပသိဒ္ဓိ၊ ၄၂၊ ၄၃။) ဧကဿ အတ္ထဿ ဝစနံ ဧကဝစနံ။ ဗဟုန္နံ ဝစနံ ဗဟုဝစနံ။ ပထတိ ချာတိ ပါကဋ္ဌာ ဘဝတီ'တိ ပထမာ။ ဒွိန္နံ ပူရဏီ ဒုတိယာ-စသည်ဖြင့် ဝစနတ္ထပြု။

(၅၆) ဣဓ ပဒ-နိပ္ဖါဒနံပိ ဇိန-ဝစနဿာ'ဝိရောဓေနာ'တိ ဉာပေတုံ ပရိဘာသန္တရ'မာဟ။ တေနေ'ဝ ဣဓ စ အာချာတေ စ ဒွိဝစနာ'ဂ္ဂဟဏံ သက္ကတ-ဝိသဒိသတော ဝိဘတ္တိ'ပစ္စယာ'ဒိ-ဝိဓာန'ဥ

(၅၇) **အာလပနေ သိ ဂ–သဉော။** အာလပနေ၊ အာလုပ်အနက်၌။ ဝိဟိတော၊ စီရင်အပ်သော။ သိ၊ သိ, ဝိဘတ်သည်။ ဂ-သဉော၊ ဂ- အမည်ရှိ၏။

ဘောပုရိသ၊ ဘောတိ သိလေ။ ပုံစံ။

(၅၈) **ဏ္ဍ–ဝဏ္ဏု'ဝဏ္ဏာ ဈလာ။** ဣ-ဝဏ္ဏု'ဝဏ္ဏာ၊ ဣဝဏ်-နှစ်လုံး, ဥဝဏ်-နှစ်လုံး တို့သည်။ ဈ-လာ၊ အစဉ်အတိုင်း ဈ, လ- မည်ကုန်၏။

ဣသိ၊ ဒဏ္ဍီ၊ ဘိက္ခု၊ ဝိညူ။ ပုံစံ။

(နောက်သုတ်ဖြင့် ဤသုတ်ကို ပုလ္လိင်, နပုလ္လိင် ဟု သိသာ၏)။

**ဈ-လ-သညာ ပ-သညာ'ဝ၊ န လိင်္'န္တ'ဝ နိဿိတာ။**
**အာချာတေ လိင်္ဂ-မဇ္ဈေ စ၊ ဒွိ'လိင်္ဂ'န္တေ စ ဒဿနာ။** ။ (ရူပသိဒ္ဓိ၊ ၁၇။)

(၅၉) **တေ ဣတ္ထိ'ချာ ပေါ။** ဣတ္ထိ'ချာ၊ ဣတ္ထိလိင်ကို ဟောကုန်သော။ တေ၊ ထိုဣဝဏ်, ဥဝဏ်- တို့သည်။ ပေါ၊ ပ- မည်သည်။ ဟောန္တိ၊ ကုန်၏။

ရတ္တိ၊ ဣတ္ထီ၊ ဓေနု၊ ဝဓူ။ ပုံစံ။

---

ကတ'န္တိ ဒဋ္ဌဗ္ဗံ။ (ရူပသိဒ္ဓိ၊ ၄၇။) ဧကမှိ ဝတ္တဗ္ဗေ ဧကဝစနံ။ ဗဟုမှိ ဝတ္တဗ္ဗေ ဗဟုဝစနံ။ ဝတ္တိ'စ္ဆာ'နုပုဗ္ဗိကာ သဒ္ဒ'ပ္ပတိပတ္တိ။ (ပရိဘာသာ)။ (သဒ္ဒ'ပ္ပတိပတ္တိ၊ သဒ္ဒါ၌ ပြုကျင့်ခြင်းသည်။ ပေး)။

(၅၇) ဘော ပုရိသ၊ အိုယောကျ်ား။ ဘောတိ သိလေ၊ အိုကျောက်ခဲ။ (အာ အဘိမုခံ ကတွာ လပနံ အာလပနံ။ အာ အဘိမုခံ လပီယတေ'တိ အာလပနံ-ဟု ကမ္မသာဓ်လည်း ပြုကြ၏)။

(၅၈) ဣသိ၊ ရသေ့ရဟန်း။ ဒဏ္ဍီ၊ တောင်ဝှေးရှိသူ။ ဘိက္ခု၊ ရဟန်း။ ဝိညူ၊ ပညာရှိသူ။

ဈ-လ-သညာ၊ ဈ, လ- အမည်တို့သည်။ ပ-သညာ'ဝ၊ ပ- အမည်ကဲ့သို့။ လိင်္ဂန္တ'ဝ၊ လိင်၏ အဆုံးကိုသာလျှင်။ နိဿိတာ၊ မှီကုန်သည်။ န၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အာချာတေ စ၊ ကုဗ္ဗတိ- စသော အာချာတ်၌၎င်း။ လိင်္ဂ-မဇ္ဈေ စ၊ အဂ္ဂိယာဂါရေ, ဘိက္ခုဝါသနေ- စသောလိင်၏အလယ်၌၎င်း။ ဒွိလိင်္ဂန္တေ စ၊ အဂ္ဂိနော, အဋ္ဌိနော, ဘိက္ခုနော, စက္ခုနော- စသော ပုလ္လိင်, နပုလ္လိင်၏ အဆုံး၌၎င်း။ ဒဿနာ၊ ဈ, လ- မှည့်သည်ကို မြင်ခြင်းကြောင့်တည်း။

(၅၉) ရတ္တိ၊ ညဉ့်။ ဣတ္ထီ၊ မိန်းမ။ ဓေနု၊ သားသည်မိ။ ဝဓူ၊ ချွေးမ, မိန်းမ, မယား။

(ဣတ္ထိ အာချာယန္တီတိ ဣတ္ထိ'ချာ- ပြု၊ ရူပသိဒ္ဓိ၌ကား။ ဣတ္ထိယာ အာချာ သညာ ဣတ္ထိ'ချာ- ဟုပြု၏။ ဣတ္ထိ၏ အမည်ဖြစ်ကုန်သော-ဟု အနက်ပေး)။

(၆၀) **အာ ယော**။ ဣတ္ထိ'ချော၊ ဣတ္ထိလိင်ကို ဟောသော။ အာ၊ အာ- အက္ခရာသည်။ ယော၊ ယ- မည်၏။

သဒ္ဓါ၊ ကပါလိကာ။ ပုံစံ။

(၆၁) **သာ'ဂမော သေ**။ သေ၊ ဝိဘတ်ကြောင့်။ သာ'ဂမော၊ သ- လာသည်။ ဝါ၊ သ-၏ လာခြင်းသည်။ ဟောတိ၊ ၏။

ပုရိသဿ၊ သဿ၊ အဂ္ဂိဿ၊ ဘိက္ခုဿ၊ ဝိဒုဿ။ ပုံစံ။

(၆၂) **သံ'သာသွေ'က– ဝစနေသု စ**။ ဧက- ဝစနေသု၊ ဧကဝုစ်ဖြစ်ကုန်သော။ သံ-သာသု စ၊ သံ- ပြ, သာ- ပြတို့ကြောင့်လည်း။ သာ'ဂမော၊ သည်။ ဟောတိ၊ ၏။

သဗ္ဗဿံ၊ သဗ္ဗဿာ၊ အမုဿံ၊ အမုဿာ။ ပုံစံ။

**စ- သဒ္ဒါ အနုကမ္မန၊ သာဂမော- ကိုငင်၏**။

---

(၆၀) သဒ္ဓါ၊ ကြည်ညိုယုံကြည်ခြင်း။ ကပါလိကာ၊ ခွက်ငယ်, အိုးခြမ်းကွဲ။

(ကံ ဇလံ ပါလယတီ'တိ ကပါလံ။ ခုဒ္ဒံ ကပါလံ ကပါလိကာ။ ထီ။ အပ္ပ'တ္ထေ ကံ။ အတော ဣတ္ထံ။ ဘဂ္ဂ'မတ္တိကာမယ'ခဏ္ဍော (သက္ကတ)။

ပေစာတို့၌ကား ကပလာယ- ဟု ပါဠ်ရှိ၏။ သီဟိုဠ်ပုံနှိပ်၌ ကပါလာယ-ဟု ပြင်၏။ ကပလ-ပုဒ်မရှိကောင်း။ ဗထက်ခြိုက် ဋ္ဌကြီးတို့နှင့် ထမင်းလုတ်ဟော ကဗဠ- ကားရှိ၏။ သက္ကလပ်, စုလျားဟော ကမ္ဗလ- လည်းရှိ၏။

**ကပါလော တု ယဋ္ဌာ'ဒျ'သော၊ ကဋ္ဌာဟော စ သိရော'ဋ္ဌိနိ။**

**ဘိက္ခာ-ပတ္တေ ကုဋ္ဌ-ရောဂေ၊ သမူဟော ပုန္နပုံသကေ။ ။**

ဟူသော ကပါလ- လည်း ဣတ္ထိလိင် မဟုတ်။ ထို့ကြောင့် ကပါလိကာ-သာ အသင့်မှတ်)။

(၆၁) သဿ၊ ခွေးအား၊ ၏။ ဝိဒုဿ၊ ပညာရှိအား၊ ၏။

(သဗ္ဗတော လိင်မှာ သကာရာ'ဂမော- ရူပသိဒ္ဓိ၌ အကာရန္တ- စသော ပုလ္လိင်, နပုလ္လိင် အကုန်ကို သဗ္ဗတောဆိုသည်။ ဩကာရန္တ ဂေါ သဒ္ဒါကျန်၏။ အဗ္ဘေဟာရိက၊ တစ်နည်းလည်း။ ပီယ-ပုဗ္ဗဿ-ဟူသော ဣတ္ထိလိင်နှင့်တကွ လိင်သုံးပါးကို ရည်၍ သဗ္ဗတော-ဆိုသည်ဟု ယူ)။

(၆၂) သဗ္ဗဿံ၊ ခပ်သိမ်းသော မိန်းမ၌။ သဗ္ဗဿ၊ အား၊ ၏။

(ဤသုတ်ကိုထောက်၍ ရှေးသုတ်ကို ပုလ္လိင်, နပုလ္လိင် ဟု သိရ၏။ ဝုတ္တိ၌ သံသာသု ဧကဝစနေသု- ကား သုတ္တဝုတ္တိ။ ဝိဘတ္တာဒေသေသု- ကား ဖြစ်သင့်သောကြောင့်ထည့်သော ပက္ခိပနဝုတ္တိ။ သကာရာဂမော- ကား ရှေးသုတ်မှ လိုက်သော အဓိကာရဝုတ္တိ။ ဤသို့ ဝုတ္တိသုံးပါး မှတ်။)

(၆၃) **ဧတိ'မာသ'မိ။** ဧက- ဝစနေသု၊ ကုန်သော။ သံ'သာသု၊ တို့ကြောင့်။ ဧတိ'မာသံ စ၊ ဧတာ, ဣမာ- သဒ္ဒါတို့၏လည်း အစိတ် အာ-၏။ ဣ၊ ဣ- ပြုသည်။ ဟောတိ၊ ၏။

ဧတိဿံ၊ ဧတိဿာ၊ ဧတိဿာယ၊ ဣမိဿံ၊ ဣမိဿာ၊ ဣမိဿာယ။ ပုံစံ။

လိုက်သော စ- သဒ္ဒါ သမုစ္စည်း။ ဧကာ, အညာ, အညတရာ, အညတမာ, ကတရာ, ကတမာ, ဣတရာ- သဒ္ဒါတို့၏ အစိတ်ကို ဆည်း၏။

ဧကိဿံ၊ ဧကိဿာ၊ ဧကိဿာယ၊ အညိဿံ၊ အညိဿာ၊ အညိဿာယ၊ အညတရိဿံ၊ အညတရိဿာ၊ အညတရိဿာယ၊ ဣတရိဿံ၊ ဣတရိဿာ၊ ဣတရိဿာယ။ ပုံစံ။

---

ဤသုတ်၌ အင်္ဂါသုံးပါးရှိသောကြောင့် ကိ သုံးခုရှိ၏။ *သံသာသွိ'တိ ကိ'မတ္ထံ၊* အဂ္ဂိနော၊ ပါဏိနော။ *ဧကဝစနေသွိ'တိ ကိ'မတ္ထံ၊* တာသံ၊ သဗ္ဗာသံ။ *ဝိဘတ္တာဒေသေသွိ'တိ ကိ'မတ္ထံ၊* မနသာ၊ ဝစသာ၊ ထာမသာ- တည်း။

သံသာသွိ'တိပဒံ၊ သံသာသု ဟူသောပုဒ်သည်။ ကိ'မတ္ထံ၊ အဘယ်အကျိုးရှိသနည်း။ အဂ္ဂိနော၊ မီးအား၊ ၏။ ပါဏိနော၊ သတ္တဝါအား၊ ၏။ ဣတျာ'ဒိ-သိဒ္ဓနတ္ထံ၊ ဤသို့အစရှိသော ပုံစံ ပြီးခြင်း အကျိုးရှိ၏။

(ဤသို့သာ အနက်ပေး။ နိဒ္ဒေသ, နိသျ- များကဲ့သို့ ကိစ္စွဲတွေ ပွေလီ ရှုပ်ယှက်, ထည့်စွက်၍ မပေးနှင့်။ စာသင်သားငယ်တို့ ပင်ပန်းခဲခက်၍ ပျက်စီးထွက်ပြေးတတ်သည်။ သာသနာဖျက် ဖြစ်တတ်သည်။

ညသ်၌ကား အဂ္ဂိနာ၊ ပါဏိနာ- ဟူသော ပါဌ်ပျက်ကို မြင်၍ နာဝိဘတ်နှင့်ရုပ်တွက်၏။ သွာဝိဘတ်ကို နာပြု၍တွက်မှုကား တော်သေး၏။ သုတ်ဟူသမျှ၌ သုတ်အင်္ဂါကိုရှု၍ ကိ ထုတ်ရသည်။ ရုပ်ပြီးသသူမှာ လွယ်လှ၏။ သဒ္ဒါတက်စ စာသင်သားငယ်မှာ "*သတိပိ ဧကဝစနေ ဝိဘတ္တာ'ဒေသေ သံသာနံ အ-ဘာဝါ*" ဟု နှုတ်လွတ်ပါဠိပါဌ်သား စီထားခြင်း၌ အဘယ်မှာ တတ်စွမ်းနိုင်ရှာလိမ့်နည်း။ ဆရာနေရာမကျသည့်အတွက် အဆဲဆဲ အဆိုဆို, အရိုက်ရိုက် အနှက်နှက်, ထွက်ပြေးရှာသော အကျိုးရှိလေသည်။ ပျက်စီးသူကိုလည်း တွေ့ဖူးလှလေပြီ။ ထို့ကြောင့် ကိ ဟူသမျှကို ဆိုခဲ့သည့်အတိုင်း အနက်ကျဉ်းသာ ပေးရမည်)။

(၆၃) ဧတိဿံ၊ ဤမိန်းမ၌။ ဧတိဿာ၊ ဧတိဿာယ၊ အား၊ ၏။ ဧကိဿံ၊ တစ်ယောက်သော မိန်းမ၌။ အညိဿံ၊ အညတရိဿံ၊ တပါးသော မိန်းမ၌။ ဣတရိဿံ၊ တပါးသော မိန်းမ၌။

"ဧတိဿ ဣဒါနိ ဝတ္တဗ္ဗံ ဗုဒ္ဓိယံ ဝိပရိဝတ္တမာနံ သာမညေန ဒဿေတိ" နေတ္တိ အဋ္ဌကထာရှိ၍ ဧတံ- ကို ဤပေးသည်။

(၆၄) **တဿာ ဝါ။** ဧက- ဝစနေသု၊ ကုန်သော။ သံ သာသု၊ တို့ကြောင့်။ တဿာ၊ တာ- သဒ္ဒါ၏ အစိတ် အာ- ၏။ ဿ၊ ဿ- ပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ၏။

တိဿံ၊ တိဿာ၊ တဿံ၊ တဿာ။ ပုံစံ။

(၆၅) **တတော သဿ ဿာယ။** တတော၊ ထိုတာ, ဧတာ, ဣမာ- သဒ္ဒါတို့မှ။ ပရဿ၊ နောင်းသော။ သဿ၊ သ- ဝိဘတ်၏။ ဿာယ၊ ဿာယ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

တိဿာယ၊ တဿာယ၊ အဿာယ၊ နဿာယ၊ ဧတိဿာယ၊ ဣမိဿာယ၊ တိဿာ၊ တဿာ၊ အဿာ၊ နဿာ၊ တာယ၊ နာယ၊ ဧတိဿာ၊ ဧတာယ၊ ဣမိဿာ၊ ဣမာယ။ ပုံစံ။

(၆၆) **ဃော ရဿံ။** ဧက- ဝစနေသု၊ ကုန်သော။ သံသာသု၊ တို့ကြောင့်။ ဃော၊ ဃ- အမည်ရှိသော အာ- သည်။ ရဿံ၊ ရဿအဖြစ်သို့။ ပပ္ပေါတိ၊ ၏။

တဿံ၊ တဿာ။ ပုံစံ။

(၆၇) **နော စ ဒွါ–ဒိတော နံမှိ။** နံမှိ၊ နံ- ဝိဘတ်ကြောင့်။ ဒွါ'ဒိတော စ၊ ဒွိ- အစ, အဋ္ဌာရသ- အဆုံးရှိသော သင်္ချာသဒ္ဒါတို့မှလည်း။ ပရဿိ၊ နောက်၌။ နော စ၊ န- သည်လည်း။ အာဂမော၊ လာ၏။

ဒွိန္နံ၊ စတုန္နံ၊ အဋ္ဌာရသန္နံ။ ပုံစံ။

(တိ- သဒ္ဒါကို သုတ်သီးရှိ၍ နုတ်သည်။ စတုန္နံ၌ ရ-ဟာ'ဒိတော ဏ- သုတ်ဖြင့် ဏ-ကြီး ပြန်သည်)။

"ဒွါ'ဒိတော စ" ၌ စ-သဒ္ဒါ ဂုန္နံ-၌ န- လာခြင်း၊ နော စ-၌ စ-သဒ္ဒါ တိဿန္နံ, စတဿန္နံ, ကတ္တိနံ- တို့၌ သံ- လာခြင်းတို့ကို ဆည်း၏။

(၆၈) **အ'မှာ ပတော သ္မိံ, သ္မာနံ ဝါ။** ပတော၊ ပ- မည်သော ဣဝဏ်မှ။ ပရေသံ၊ နောင်းကုန်သော။ သ္မိံ, သ္မာနံ၊ သ္မိံ, သ္မာ-ဝိဘတ်တို့၏။ အံ, အာ၊ အံ- ပြု, အာ- ပြုတို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

မတျံ၊ မတိယံ၊ မတျာ၊ မတိယာ၊ ရတျံ၊ ရတ္တိယံ၊ ရတျာ၊ ရတ္တိယာ၊ ပုထဗျံ၊ ပုထဝိယံ။ ပုထဗျာ၊ ပုထဝိယာ၊ ပထဗျံ၊ ပထဝိယံ၊ ပထဗျာ၊ ပထဝိယာ။ ပုံစံ။

---

(၆၇) ဒွိန္နံ၊ နှစ်ယောက်သော မိန်းမ, ယောကျာ်း, နပုံး- တို့အား၊ တို့၏။ ဂုန္နံ၊ နွားတို့အား၊ တို့၏။ တိဿန္နံ၊ သုံးယောက်ကုန်သော။ စတဿန္နံ၊ လေးယောက်ကုန်သော။ ကတ္တိနံ၊ မိန်းမတို့အား၊ တို့၏။

(၆၈) မတျံ၊ မတိယံ၊ ပညာ၌။ မတျာ၊ မတိယာ၊ မှ။ ရတျံ၊ ညဉ့်၌။ ပုထဗျံ၊ ပထဗျံ၊ မြေ၌။ ဇစ္စာ၊ အမျိုးဇာတ်အားဖြင့်။ ဝသလော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။ ပထဗျာ၊ မြေပြင်အလုံး၏။ ဝါ၊

(ဝဝတ္ထိတဝိဘာသာ ဝါ- သဒ္ဒါကြောင့် ဥဝဏ်-နောင် မပြုရ)။

အာပတော- ယောဂဝိဘာဂဖြင့် နာ, သ-ဝိဘတ်တို့ကို အာ-ပြု။ န ဇစ္စာ ဝသလော ဟောတိ၊ ပထဗျာ ဧက-ရဇ္ဇေန။ ပုံစံ။

(၆၉) **အာဒိတော ဩ စ**။ အာဒိတော စ၊ အာဒိ- သဒ္ဒါမှလည်း။ ပရသ်၊ သော။ သ္မိံ၊ သ္မိံဝိဘတ်၏။ ဩ စ၊ ဩ- ပြုသည်ဂင်း။ အံ စ၊ အံ- ပြုသည်ဂင်း။ ဝါ၊ အချို့။ ဟောန္တိ၊ ကုန်၏။

အာဒိံ၊ အာဒေါ၊ အာဒိသ္မိံ၊ အာဒိမှိ။ ပုံစံ။

အာဒိတော စ-၌ စ-သဒ္ဒါ သမုစ္စည်း။ တပါးသဒ္ဒါနောင် သ္မိံ-၏ အာ, အံ, ဩ-ပြုတို့ကို ဆည်း၏။ ရတျံ၊ ရတ္တိံ၊ ဒိဝါ စ၊ ရတ္တော စ။ ပုံစံ။

ဩစ- ၌ စ-သဒ္ဒါ အနုကမ္မန၊ အံ, အာ- ကို ငင်၏။

(၇၀) **ဈ-လာနမိယုဝါ သရေ ဝါ**။ သရေ၊ ကြောင့်။ ဈ-လာနံ၊ ဈ, လ- တို့၏။ ဣယုဝါ ၊ ဣယ- ပြု, ဥဝ- ပြုတို့သည်လည်း။ ဝါ၊ အချို့။ ဟောန္တိ၊ ကုန်၏။

အဂ္ဂိယာဂါရေ၊ ကိယာဒိတော နာ၊ ပုထုဝါသနေ၊ သယမ္ဘုဝါသနေ၊ အဂျာဂါရေ။ ပုံစံ။

ဝိကပ္ပနတ္ထ ဣယုဝါ ဝါ-၌၊ ဝါ- သဒ္ဒါဖြင့် ဣ, ဥ-တို့ကို အယ, အဝ-ပြု။ ဒွယံ၊ ဝတ္ထုတ္တယံ၊ ဝနေ ကပိလ-ဝတ္ထဝေ။ ပုံစံ။

(၇၁) **ယ-ဝကာရာ စ**။ သရေ၊ ကြောင့်။ ဈ-လာနံ၊ တို့၏။ ယ-ဝကာရာ စ၊ ယ- ပြု, ဝ- ပြုတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

အဂျာဂါရံ၊ စက္ခွာပါတံ၊ ဇုဟ္ဝတိ။ ပုံစံ။

စ-သဒ္ဒါ သမ္ပိဏ္ဍနတ္ထ၊ ဣယ, ဥဝ- ၌ ယ, ဝ- ပြုကို ပေါင်း၏။

---

မြေပြင်ထက်နေ- လူဝိုလ်ခြေ၏။ ဧက-ရဇ္ဇေန၊ တစ်မင်းထည်း ဖြစ်ရသည်ထက်ဂင်း။ (သောတာပတ္တိဖလံ ဝရံ- ၌စပ်)

(၆၉) အာဒိံ၊ အာဒေါ၊ အစ၌။ ရတျာ၊ ရတ္တိံ၊ ညဥ့်၌။ ဒိဝေါ စ၊ နေ့၌ဂင်း။ ရတ္တော စ၊ ညဥ့်၌ဂင်း။

(၇၀) အဂ္ဂိယာဂါရေ၊ မီးတင်းကုပ်၌။ ကိယာဒိတော၊ ကီအစရှိသော ဓာတ်မှနောက်၌။ နာ၊ နာ,ပစ္စည်းသက်။ ပုထုဝါသနေ၊ ကြီးမားသောနေရာ၌။ သယမ္ဘုဝါသနေ၊ ဘုရား၏နေရာ၌။ ဒွယံ၊ နှစ်ခုတို့၏အပေါင်း။ ဝတ္ထုတ္တယံ၊ ရတနာသုံးပါးအပေါင်း။ ကပိလဝတ္ထဝေ၊ ကပိလဝတ်ပြည်၏ အနီး၌ ဖြစ်သော။ ဝနေ၊ တော၌။ (ဒွယံ, တယံ- တို့ကား တဒ္ဓိတ်ဝုဒ္ဓိဖြင့်လည်း ပြီး၏)။

(၇၂) **ပ–သညသာ စ**။ သရေ၊ ဝိဘတ်ပြု ဩ, အာ, အံ- သရကြောင့်။ ပ-သညသာ စ။ ပ-မည်သော ဣဝဏ်၏လည်း။ ယကာရော စ၊ ယ- ပြုသည်သာလျှင်။ ဟောတိ၊ ၏။ စ၊ မဖြစ်သည်လည်း ရှိ၏။

ရတျော၊ ရတျာ၊ ရတျံ။ ပုံစံ။

"ပသညသာ စ" ၌ စ-သဒ္ဒါ ယကာရကို ငင်၏။ "ယကာရော စ" ၌ စ-သဒ္ဒါ ဝကာရကို။ ဟောတိနောင် စ-သဒ္ဒါ ရတ္တော- ၌ ယ-ပြုကို နစ်စေ၏။

(၇၃) **ဂါ'ဝ သေ**။ သေ၊ သ- ဝိဘတ်ကြောင့်။ ဂေါ၊ ဂေါ- သဒ္ဒါ၏ အစိတ် ဩ- ၏။ အာဝ၊ အာဝ- ပြုသည်။ ဟောတိ၊ ၏။

ဂါဝဿ။ ပုံစံ။

(၇၄) **ယော သု စ**။ ယောသု စ၊ ယော- နှစ်လုံးတို့ကြောင့်လည်း။ ဂေါ၊ ၏။ အာဝ၊ သည်။ ဟောတိ၊ ၏။

ဂါဝေါ၊ ဂါဝီ။ ပုံစံ။

အာဝေ ကတေ ယောန'မိ။ (သဒ္ဒနီတိသုတ်)။

စ- သဒ္ဒါ နာ, သ္မာ, သ္မိံ, သု- တို့ကြောင့် အာဝ- ပြုကို ဆည်း၏။

ဂါဝေန၊ ဂါဝါ၊ ဂါဝေ၊ ဂါဝေသု။ ပုံစံ။

(၇၅) **အဝံမှိ စ**။ အံမှိ စ၊ အံဝိဘတ်ကြောင့်လည်း။ ဂေါ၊ ၏။ အဝ စ၊ အဝ- ပြုသည်ရင်း။ အာဝ စ၊ အာဝ- ပြုသည်ရင်း။ ဟောတိ၊ ၏။

ဂဝံ၊ ဂါဝံ။ ပုံစံ။

---

(၇၂) ရတျော၊ ညဉ့်တို့သည်၊ တို့ကို။ ရတျာ၊ မှ။ ရတျံ၊ ရတ္တော၊ ၌။

(ယကြောင့် ဣဝဏ်ကိုသာ ပ, ဟုသိ)။

(၇၅) (ဝုတ္တိ-၌ "စဂ္ဂဟဏေန သာ'ဒိ-သေသေသု ပုဗ္ဗု'တ္တ-ဝစနေသု စ အဝါ'ဒေသော ဟောတိ" ဟု ပါ၌ရှိရမည်။ သာ'ဒိ-သေသေသု၊ ကြွင်းသော သ- အစရှိကုန်သော။ ပုဗ္ဗု'တ္တ-ဝစနေသု စ၊ ရှေးနှစ်သုတ်၌ ဆိုခဲ့ပြီးသော ရှစ်လုံးတို့ကြောင့်လည်း-ဟုပေး။ ပုဗ္ဗေ ဥတ္တာ ပုဗ္ဗု'တ္တာပြု)။

အံမှိ စ- ၌၊ စ-သဒ္ဒါ အံ-မှ ကြွင်းသော ရှေ့နှစ်သုတ်၌ ဆိုခဲ့ပြီးသော ဝိဘတ်ရှစ်လုံးတို့ကြောင့် အဝ- ပြုကို ဆည်း၏။

ဂဝဿ၊ ဂဝေါ၊ ဂဝေန၊ ဂဝါ၊ ဂဝေသု၊ ပုံစံ။

အဝ စ- ၌ စ-သဒ္ဒါ အနုကမှုန၊ အာဝ- ကိုငင်၏။

❀ **သုံးသုတ်ပေါင်းမိ၊ သိ, ဟိ, နံ- ချ၊ ကြွင်းကိုး၀၊ အာဝ, အဝ- စုံ။**

(၇၆) **အာဝဿု' ဝါ။** အံမှို၊ ကြောင့်။ အာဝဿ၊ အာဝ- ပြု၏ အစိတ် အ- ၏။ ဥ၊ ဥ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဂါဝုံ၊ ဂါဝံ။ ပုံစံ။

(၇၇) **တတော နံ'မံ ပတိမှာ'လုတ္တေ စ သမာသေ။** ပတိမှို၊ ပတိ- သဒ္ဒါကြောင့်။ အ-လုတ္တေ၊ ဝိဘတ်မကျေသော။ သမာသေ စ၊ သမာသ်၌လည်း။ တတော၊ ထိုဂေါသဒ္ဒါမှ။ ပရဿ၊ သော။ နံ၊ နံ- ဝိဘတ်၏။ အံ၊ အံ- ပြုသည်။ ဟောတိ၊ ၏။

ဂဝံ- ပတိ'တ္ထေရော။ ပုံစံ။

သမာသေ စ- ၌ စ-သဒ္ဒါ သမုစ္စည်း။ ဝါကျ၌ ပြုသည်ကို ဆည်း၏။ ဂဝံ။ ပုံစံ။ အဝံမှိ စ၊ ဖြင့် အဝပြု။

(၇၈) **ဩ သရေ စ။** သရေ စ၊ သရကြောင့်လည်း။ သမာသေ၊ လုတ္တသမာသ်၌။ ဂေါ၊ ဂေါ- သဒ္ဒါ၏။ ဩ စ၊ အစိတ်ဩ- ၏လည်း။ အဝ စ၊ အဝ- ပြုသည်လည်း။ ဟောတိ၊ ၏။

ဂဝ'ဿကံ။ ပုံစံ။

စ-သဒ္ဒါ သမုစ္စည်း။ သရေ စ-၌ စ-သဒ္ဒါ ယော, သ္မိံ ကို။ ဩစ-၌ စ-သဒ္ဒါ ဥ, ဥ-တို့ကို ဆည်း၏။ အဝ စ-၌ စ-သဒ္ဒါ အဝ, ဥရ- ပြုတို့ကို ဆည်း၏။

ပသဝေါ၊ ဂုရဝေါ၊ စတုရော၊ ဘုဝိ။ ပုံစံ။

---

(၇၇) ဂဝံပတိ၊ ဂဝံပတိမည်သော။ ထေရော၊ မထေရ်။ ဂဝံ၊ နွားတို့အား၊ တို့၏။

(၇၈) ဂဝ'ဿကံ၊ နွား, မြင်း။ (ဂေါ စ အဿော စ-ဟု ဒွန်တွဲ)။ ပသဝေါ၊ နွားတို့သည်၊ တို့ကို။ ဂုရဝေါ၊ ဆရာတို့သည်၊ တို့ကို။ စတုရော၊ လေးယောက်တို့သည်၊ တို့ကို။ ဘုဝိ၊ မြေ၌။ ဧကတ္တဒဿနည္တ္တ ဒဿိတ နည်းဖြင့် ဘိက္ခဝေါ- စသည်လည်း၊ ဤသုတ်ဖြင့် ဂုရဝေါ- စသည်လည်း ထိုသုတ်ဖြင့် ပြီးနိုင်၏။

(၇၉) **တ'ဗ္ဗိပရိ တုံ'ပ–ပဒေ ဗျဥ္ဇနေ စ။** ဗျဥ္ဇနေ၊ ကြောင့်။ ဥပ-ပဒေ၊ ပုဒ်၏ အနီး၌။ တ'ဗ္ဗိပရိတော၊ တည်ရှိသော ထိုအဝ- သဒ္ဒါ၏ ထိုဆိုခဲ့ပြီးသော ဩ- ၏ ဝိပရိတ်ဖြစ်သော ဥ- ပြု သည်။ ဟောတိ၊ ၏။ စ၊ မဖြစ်သည်လည်း ရှိ၏။

ဥဂ္ဂတော ပစ္ဆိမံ သူရော။ ပုံစံ။

စ- သဒ္ဒါ နိဝတ္တာပနာဝဓာရဏ၊ အဝဂတော၊ ဩသာနံ။ ပုံစံ။

(၈၀) **ဂေါဏ နံမှိ ဝါ။** နံမှိ၊ နံ- ဝိဘတ်ကြောင့်။ ဂေါ၊ ဂေါ- သဒ္ဒါ၏။ ဂေါဏ၊ ဂေါဏ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဂေါဏာနံ၊ ဂေါနံ။ ပုံစံ။

ဂေါဏ- ယောဂဝိဘာဂဖြင့် နံ- ဝိဘတ်မနှောင်းရာ၌ ဂေါဏ- ပြု။ ဂေါဏ-ဘူတော။ ပုံစံ။

(၈၁) **သု–ဟိ–နာသု စ။** သု-ဟိ-နာသု စ၊ သု, ဟိ, နာ- ဝိဘတ်တို့ကြောင့်လည်း။ ဂေါ၊ ၏။ ဂေါဏ စ၊ ဂေါဏ- ပြုသည်လည်း။ ဝါ၊ အချို့။ ဟောတိ၊ ၏။

ဂေါဏေသု၊ ဂေါသု၊ ဂေါဏေဟိ၊ ဂေါဟိ၊ ဂေါဏေန၊ ဂါဝေန။ ပုံစံ။

---

(၇၉) သူရော၊ နေသည်။ ပစ္ဆိမံ၊ နောက်ရပ်သီခေါင်, နေဝင်တောင်သို့။ ဥဂ္ဂတော၊ အဝဂတော၊ လျှောသက်ဝင်ရောက်လေ၏။ ဩသာနံ၊ အဝသာနံ။ အပြီးအဆုံး။

(တဿ ဩကာရဿ ဝိပရီတော တ-ဗ္ဗိပရီတော၊ ဥ- ရ၏။ တဿ အဝ-သဒ္ဒဿ တ-ဗ္ဗိပရီတော, တ-ဗ္ဗိပရီတော-ဟု တ- တစ်လုံးကိုချေ၍ ဧကသိသ်ပြု။ ပဒဿ သမီပံ ဥပ-ပဒံ ပြု)။

(၈၀) ဂေါဏာနံ၊ ဂေါနံ၊ နွားတို့အား၊ တို့၏။ ဂေါဏ-ဘူတော၊ နွားဖြစ်၍ ဖြစ်သည်။

(၈၁) (ဝုတ္တိ-၌ "စဂ္ဂဟဏေန သျာ'ဒိ'သေသေသု ပုဗ္ဗု'တ္တရ-ဝစနေသွပိ, ဂေါဏ-ဂု-ဂဝယာ'ဒေသာ ဟောန္တိ" ဟု ပါင်၍ရှိရမည်။ သျာ'ဒိသေသေသု၊ ကြွင်းသော သိ- အစရှိကုန်သော။ ပုဗ္ဗု'တ္တရ-ဝစနေသု၊ ရှေ့နောက်, ဝိဘတ်ရှစ်လုံးတို့ကြောင့်ရင်း။ အပိ၊ အကြွင်းမဟုတ် ဤနှစ်သုတ်၌ ပါသော နံ, ဟိ- လေးလုံးတို့ကြောင့်ရင်း။ ဂေါဏ-ဂု-ဂဝယာ'ဒေသာ၊ ပြုတို့သည်။ ဟောန္တိ၊ ယထာရဟဖြစ်ကုန်၏။ ဟု အနက်ပေး။ ဂုန္နံ- ၌ နောစ ဒွါဒိတော နမှိ- သုတ်၌ စသဒ္ဒါဖြင့် န- လာ။ (ရူပသိဒ္ဓိ)။ ရင်းစသဒ္ဒါ၊ ပရ ဒွေဘာဝေါ၊ နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တပြု)။

မဟာသုတ္တာ တေသုဝုဒ္ဓိ၊ ကွစိဓာတု စ ပစ္စယာ။
ဒနိဋ္ဌာ ယဒနူပါ'တိ၊ စတ္တာရိ'ပိ နိပါတနာ။ ။

ဟူသော သုတ်ကြီးလေးသုတ်ဖြင့် န- လာ ခုနစ်နည်း။ (ဉာသ်)

ရှေ့ စ- သဒ္ဒါ ကြွင်းဝိဘတ်ရှစ်လုံးတို့ကြောင့် ဂေါဏ- ပြု။ နောက် စ- သဒ္ဒါ နံ- ကြောင့် ဂု- ပြု၊ ဟိ- ကြောင့် ဂဝယ- ပြုတို့ကို ဆည်း၏။

ဂေါဏော၊ ဂေါဏာ၊ ဂေါဏံ၊ ဂေါဏေ၊ ဂေါဏာသ၊ မှာ။ ဂေါဏာသိ၊ မှိ။ ဂုန္နံ၊ ဂဝယေဟိ၊ ဘိ။ ပုံစံ။

❀ နှစ်သုတ်ပေါင်းတုံ၊ ဝိဘတ်ကုန်၊ ပြည့်စုံ ဂေါဏပြု။

(၈၂) **အံ–မော နိဂ္ဂဟီတံ ဈ–လ–ပေဟိ။** ဈ-လ-ပေဟိ၊ ဈ, လ, ပ- တို့မှ။ ပရော၊ သော။ အံ-မော၊ အံ- ဝိဘတ်, မ- အက္ခရာသည်။ နိဂ္ဂဟီတံ၊ နိဂ္ဂဟိတ်အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

အဂ္ဂိံ၊ ဒဏ္ဍိံ၊ ဘိက္ခုံ၊ သယမ္ဘုံ၊ အဋ္ဌိံ၊ သုခကာရိံ၊ အာယုံ၊ ဂေါတြဘုံ၊ ရတ္တိံ၊ နဒိံ၊ ယာဂုံ၊ ဝဓုံ၊ ပုလ္လိင်္ဂ။ ပုံစံ။

(၈၃) **သရလောပေါ'မာဒေသ–ပစ္စယာ'ဒိမှိ သရလောပေ တု ပကတိ။** အ'မာဒေသ-ပစ္စယာ'ဒိမှိ၊ အံဝိဘတ်, အာဒေသ, ပစ္စည်း, အာဂုံ- သရကြောင့်။ သရ-လောပေါ၊ သရ၏ ကျေခြင်းသည်။ ဟောတိ၊ ၏။ သရ-လောပေ၊ သရ၏ ကျေခြင်းသည်။ သတိ၊ သော်။ ပကတိ၊ နှောင်းသောသရ၏ ပကတိ- ပြုသည်။ ဟောတိ၊ ၏။ တု၊ နှစ်ပါးစုံ မဖြစ်သည်လည်းရှိ၏။

ပုရိသံ၊ ပုရိသေ၊ ပါပိယော၊ ဂစ္ဆိဿတိ။ ပုံစံ။
**တု- သဒ္ဒါ နိဝတ္တာပနာဝဓာရဏ။** ဘိက္ခုနီ။ ပုံစံ။

သရာ ပကတိ ဗျဉ္ဇနေ- သုတ်၌ ရှိလျက် ဆိုသော ပကတိသဒ္ဒါပိုကြောင့် သေယျော, သေဋ္ဌော- စသည်၌ ပကတိမပြုရ။ (ဉာသ်)။

သရလောပေ- သဒ္ဒါလွန်ကြောင့် တပါးသုတ်ဖြင့် ချေရာ၌ ပကတိ မပြုရ။ (ရူ)။

---

(၈၂) အဂ္ဂိံ၊ မီးကို။ သယမ္ဘုံ၊ အလိုလိုဖြစ်သော ဘုရားကို။ အဋ္ဌိံ၊ အရိုးကို။ သုခ-ကာရိံ၊ ချမ်းသာကို ပြုတတ်သော ဒါနကို။ အာယုံ၊ အသက်ကို။ ဂေါတြဘုံ၊ ဂေါတြဘူစိတ်ကို။ ပုလ္လိင်္ဂ၊ ယောက်ျား၏ အသွင်။ တစ်နည်း မ-ကို ဝိန္ဒုပြု၍ ချေ။ လ-ဒွေဘော်ပြု။ (ဉာသ်)

(၈၃) ပုရိသံ၊ ကို။ ပုရိသေ၊ တို့ကို ၌။ ပါပိယော၊ အထူးယုတ်မာသသူ။ ဂစ္ဆိဿတိ၊ သွားလတ္တံ့။ ဘိက္ခုနီ၊ ရဟန်းမ။ သေယျော၊ အထူးချီးမွမ်းအပ်သသူ။

(ဉာသ်၌ ယဒွေဘော်နှင့် ရုပ်မတွက်။ သဏ္ဍတ၌လည်း ယ- တစ်လုံးတည်းသာ။ သံယောဂ-ပုဗ္ဗာ ဧ-ဩကာရာ ရဿာ ဧတ္ထ၊ သေယျော၊ ဩဋ္ဌော၊ သောတ္ထိ- ဟူရာ၌ကား သံယုဂ်နှင့်လာ၏)။

(က) တျာ'ဒီ ဝိဘတ္တိယော စေ'တ္ထ၊ ပစ္စယတ္တေန ဂယှရေ။
အာဒိ'ဂ္ဂဟဏာ'မာချာတ- ကိတကေသွာ'ဂမ'တ္ထိ'ဒံ။ ။

(ခ) ပစ္စယာ သာဟ-စရိယာ- စာ'ဒေသော ပကတိ ပရော။
ပဒ'န္တသဿရ-လောပေါ န၊ တေန'ဗ္ဘာဟာ'ဒိကေ ပရေ။ ။ (ရူ၊ ၄၄။)

(၈၄) **အ-ယော ရဿ'မေက, ဝစနယောသွ'ပိ စ။** ဧက-ဝစန-ယောသု၊ ဧကဝုစ်ဝိဘတ်, ယော- ဝိဘတ်တို့ကြောင့်။ အ-ယော၊ ဃ- မမည်သော ဒီဃသရသည်။ ရဿံ၊ ရဿအဖြစ်သို့။ ပပ္ပေါတိ စ၊ ရောက်သည်သာတည်း။ အပိ၊ မရောက်သည်လည်း ရှိ၏။

စ- သဒ္ဒါ သန္နိဋ္ဌာနာဝဓာရဏ။ သုခ-ကာရိ ဒါနံ၊ ဣတ္ထိ၊ ဒဏ္ဍိ၊ သုခ-ကာရိ ဒါနံ။ ဣတ္ထိယော၊ ဒဏ္ဍိနော၊ ဣတ္ထိယာ၊ ဒဏ္ဍိနာ၊ သုခ-ကာရိနာ ဒါနေန- စသော ပုံစံတို့၌ မြဲစေ၏။

အပိ- သဒ္ဒါ နိဝတ္တာပနာဝဓာရဏ။ သိ- ကြောင့် ဣတ္ထီ, ဒဏ္ဍီ- စသော ဣတ္ထိလိင်, ပုလ္လိင်၊ ယော-ကြောင့် သုခကာရီနိ စသော နပုလ္လိင်၌ ရဿပြုကို တားမြစ် နစ်စေ၏။

❀ **ဧဝ-လည်း ဆို၊ စ-လည်း ဆို၊ ကုန်းအို ဖျာယက်နည်း။ လိပ်အို တောင်တက်နည်း။ ခွေးအို ပြာယက်နည်း။**

❀ **ဧဝ-လည်း ထိုင်၊ စ-လည်း ထိုင်၊ လုံကိုင် ခွေးခေါ်နည်း- ဟူသကဲ့သို့ မှတ်။**

---

(က) စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤသုတ်၌။ တျာ'ဒီ၊ တိ- အစရှိကုန်သော။ ဝိဘတ္တိယော၊ အာချာတ် ဝိဘတ်တို့ကို။ ပစ္စယတ္တေန၊ ပစ္စည်းအဖြစ်ဖြင့်။ ဂယှရေ၊ ယူအပ်ကုန်၏။ ဣဒံ အာဒိဂ္ဂဟဏံ၊ ဤအာဒိ သဒ္ဒါသည်။ အာချာတ-ကိတကေသု၊ အာချာတ်, ကိတ်တို့၌။ အာဂမတ္ထံ၊ အာဂုံကို ယူရကျိုးရှိ၏။

(ခ) ပစ္စယာ၊ ပစ္စည်းနှင့်။ သဟ-စရိယာ စ၊ တကွဖြစ်ခြင်းကြောင့်လည်း။ အာဒေသော၊ အာဒေသဟူ သည်။ ပကတိ-ပရော၊ လိင်, ဓာတ်မှ နောက်ဖြစ်သော အာဒေသတည်း။ တေန၊ ထို့ကြောင့်။ အဗ္ဘာ'ဟာ' ဒိကေ၊ အဗ္ဘပြု, အာဟပြု- စသည်သည်။ ပရေ၊ နှောင်းသောကြောင့်။ ပဒ'န္တသဿရ-လောပေါ၊ ရှေးပုဒ်၏ အဆုံးသရ၏ ကျေခြင်းသည်။ န၊ မဖြစ်။

(၈၄) သုခ-ကာရိ၊ ချမ်းသာကိုပြုတတ်သော။ ဒါနံ၊ အလှူသည်။ ဣတ္ထိ၊ ဒဏ္ဍိ၊ သုခကာရိ ဒါနံ၊ ကို။ ဣတ္ထိယော၊ ဒဏ္ဍိနော၊ တို့သည်၊ တို့ကို။ ဣတ္ထီ၊ ဒဏ္ဍီ၊ သည်။

(ယောဝိဘတ်ကျေပြီး, နိပြုပြီးဖြစ်မှုကား ရဿဖြစ်သော ရတ္တိ, အဂ္ဂိ, အဋ္ဌိ, အဋ္ဌိနိ- တို့ကိုပင် ယောသု ကတနိကာရလောပေသု ဒီဃံ- သုတ်ဖြင့် ဒီဃပြုရသေး၏။ ပင်ကိုယ်က ဒီဃဖြစ်သော ဣတ္ထီ, ဒဏ္ဍီ, သုခကာရီနိ, ဒါနာနိ- တို့မှာ ဆိုဖွယ်ရာမရှိ။ ဒီဃအတိုင်းသာ နေရတော့သည်။ ရဿ မပြုရပြီ။

(၈၅) **န သိသွံ'မ-နပုံသကာနိ။** သိသွံ၊ သိ- ဝိဘတ်ကြောင့်။ အ-နပုံသကာနိ၊ နပုလ္လိင် မဟုတ်ကုန်သော ဣတ္ထိလိင်, ပုလ္လိင်- တို့သည်။ ရဿံ၊ ရဿအဖြစ်သို့။ န ပပ္ပေါန္တိ၊ မရောက်ကုန်။

(ဤသုတ်မှာ ပုံစံအထူးမရှိ။ ရှေ့သုတ်က အပိ- သဒ္ဒါ၏ ပုံစံပင်)။

ဝိသဒါ'ဝိသဒါ'ကာရ၊ ဝေါဟာရော'ဘယ'မုတ္တကာ။

ပုမာ'ဒိ-ဇာနနေ ဟေတု၊ ဘာဝတော လိင်္ဂ'မီရိတာ။ ။ (ရူ ၆၉။)

(၈၆) **ဥဘာ'ဒိတော နမိန္နံ။** ဥဘာ'ဒိတော၊ ဥဘ- အစရှိသော သင်္ချာသဒ္ဒါမှ။ ပရဿ၊ သော။ နံ၊ နံ- ဝိဘတ်၏။ ဣန္နံ၊ ဣန္နံ- ပြုသည်။ ဟောတိ၊ ၏။

ဥဘိန္နံ၊ ဒွိန္နံ။ ပုံစံ။

(၈၇) **ဣဏ္ဏံ'မိဏ္ဏန္နံ တီဟိ သင်္ချာဟိ။** သင်္ချာဟိ၊ သင်္ချာဖြစ်ကုန်သော။ တီဟိ၊ တိ- သဒ္ဒါ တစ်ခုတို့မှ။ ပရဿ၊ သော။ နံ၊ ၏။ ဣဏ္ဏံ'မိဏ္ဏန္နံ၊ ဣဏ္ဏံ- ပြု ဣဏ္ဏန္နံ- ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တိဏ္ဏံ၊ တိဏ္ဏန္နံ၊ ပုရိသာနံ၊ စိတ္တာနံ။ ပုံစံ။

(၈၈) **ယောသု ကတ-နိကာရ-လောပေသု ဒီဃံ။** ကတ-နိကာရ-လောပေသု၊ နိ- ပြုအပ်ပြီး ကျေလေပြီးကုန်သော။ ယောသု၊ ယော- ဝိဘတ်တို့ကြောင့်။ သရာ၊ တို့သည်။ ဒီဃံ၊ သို့။ ပပ္ပေါန္တိ၊ ကုန်၏။

စိတ္တာနိ၊ အဋ္ဌီနိ၊ အဋ္ဌီ၊ ရတ္တီ၊ ဘိက္ခူ။ ပုံစံ။

(၈၉) **သု-နံ-ဟိသု စ။** သု-နံ-ဟိသု၊ သု, နံ, ဟိ- ဝိဘတ်တို့ကြောင့်။ သရာ၊ တို့သည်။ ဒီဃံ၊ သို့။ ပပ္ပေါန္တိ၊ ကုန်၏။ စ၊ မရောက်သည်လည်း ရှိကုန်၏။

ရတ္တီသု၊ ရတ္တီနံ၊ ရတ္တီဟိ၊ ဓေနူသု၊ ဓေနူနံ၊ ဓေနူဟိ၊ ပုရိသာနံ၊ အဂ္ဂီသု၊ ဘိက္ခူသု၊ စိတ္တာနံ၊ အဋ္ဌီသု၊ အာယူသု။ ပုံစံ။

စ- သဒ္ဒါ နိဝတ္တာပနာဝဓာရဏ၊ ပြဟ္မစာရိသု၊ ဘိက္ခုန် ဒတွာ သကေဟိ ပါဏိဘိ။ ပုံစံ။

---

(၈၈) စိတ္တာနိ၊ စိတ်တို့သည်၊ တို့ကို။ (စသည်ပေး)

(နိကာရော စ လောပေါ စ နိကာရ-လောပါ။ ကတာ နိကာရ-လောပါ ယေသံ တေတိ ကတ-နိကာရ-လောပါ။ တေသု၊ ဝိဘတျန်ခံ)။

(၉၀) **ပဥ္စာ'ဒိန'မတ္တံ**။ သု-နံ-ဟိသု၊ တို့ကြောင့်။ ပဥ္စာ'ဒီနံ။ ပဥ္စ, အစ အဋ္ဌာရသ, အဆုံးရှိကုန်သော သင်္ချာသဒ္ဒါတို့၏ အစိတ် အ-သည်။ အတ္တံ၊ အ- ၏ အဖြစ်သို့၊ ပပ္ပေါတိ၊ ၏။

ပဥ္စသု၊ ပဥ္စန္နံ၊ ပဥ္စဟိ။ ပုံစံ။ (ဤသုတ်ကား၊ ဒီဃ- ပြု, ဧ- ပြုတို့ကို မြစ်သည်)။

(၉၁) **ပတိဿိ'နီမှိ**။ ဣနီမှိ၊ ဣနီ- ပစ္စည်းကြောင့်။ ပတိဿ၊ ပတိ- သဒ္ဒါ၏ အစိတ် ဣ- သည်။ အတ္တံ၊ သို့။ ပပ္ပေါတိ၊ ၏။

ဂဟပတာနီ။ ပုံစံ (အိမ်ရှင်မ၊ သူကြွယ်မ။ ပေး)။

(၉၂) **န္တုဿ'န္တော ယောသု စ**။ ယောသု စ၊ တို့ကြောင့်ငှင်း။ သု-နံ-ဟိသု စ၊ တို့ကြောင့် ငှင်း။ န္တုဿ၊ န္တုပစ္စည်း၏။ အန္တော၊ အစိတ် ဥ- သည်။ အတ္တံ၊ သို့။ ပပ္ပေါတိ၊ ၏။

ဂုဏဝန္တာ၊ ဂုဏဝန္တာနိ၊ ဂုဏဝန္တေ၊ ဂုဏဝန္တေသု၊ ဂုဏဝန္တာနံ၊ ဂုဏဝန္တေဟိ။ ပုံစံ။

**စ- သဒ္ဒါ အနုကဍ္ဎန**။ သုနံဟိသုကို ငင်၏။ **တစ်နည်း သမုစ္စည်း**။ အံ, နာ, သ္မာ, သ္မိံ- လေးလုံးတို့ကို ဆည်း၏။

ဂုဏဝန္တံ၊ ဂုဏဝန္တေန၊ ဂုဏဝန္တသ္မာ၊ ဂုဏဝန္တသ္မိံ။ ပုံစံ။

ပဥ္စာ'ဒိန'မတ္တံ, စသည်တို့ကဲ့သို့ အန္တာပေက္ခဆဋ္ဌီဖြင့် ပြီးလျက်နှင့်ဆိုသော **အန္တော- သဒ္ဒါပို** ဖြင့် ယော- ဝိဘတ်ကို ဣပြု။ ဂုဏဝန္တိ။ ပုံစံ။

(**သိ- တစ်လုံး၊ သ- နှစ်လုံး၊ ပေါင်း သုံးလုံးသာ ကျန်တော့သည်**)။

(၉၃) **သဗ္ဗဿ ဝါ အံ-သေသု**။ အံ-သေသု၊ အံ, သ, ဝိဘတ်တို့ကြောင့်။ သဗ္ဗဿ၊ အလုံးစုံသော။ န္တုဿ၊ န္တု, ပစ္စည်း၏။ အတ္တံ၊ သည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

သတိမံ၊ ဗန္ဓုမံ၊ သတိမဿ၊ ဗန္ဓုမဿ။ ပုံစံ။

သတိမန္တံ၊ ဗန္ဓုမန္တံ၊ သတိမတော၊ ဗန္ဓုမန္တဿ၊ ဝါ- ၏ ပုံစံ။

(၉၄) **သိမှိ ဝါ**။ သိမှိ၊ ကြောင့်။ န္တုဿ၊ ၏။ အန္တော၊ သည်။ အတ္တံ၊ သို့။ ဝါ၊ ချို့၊ ပပ္ပေါတိ၊ ၏။

ဟိမဝန္တော'ဝ ပဗ္ဗတော၊ သီလဝန္တော, မိတိမန္တော၊ ပညဝန္တော စ ယော ဣသိ။ ပုံစံ။

သဗ္ဗဿ, ကို နစ်စေလို၍ ထည့်ပြန်သော ဝါ- ၏ ပုံစံကား။ ဟိမဝါ ပဗ္ဗတော၊ တည်း။

---

(၉၄) ဟိမဝန္တော၊ ဆီးနှင်းရှိသော။ ပဗ္ဗတော ဣဝ၊ တောင်ကဲ့သို့။ (သန္တော၊ သူတော်ကောင်း တို့သည်။ ဒူရေ၊ အဝေး၌။ ပကာသန္တိ၊ ထင်ရှားကုန်၏)။ ယော ဣသိ၊ အကြင်ရသေ့သည်။ သီလဝန္တော စ၊

(၉၅) **အဂ္ဂိသိ'နိ။** သိမို၊ ကြောင့်။ အဂ္ဂိသ၊ အဂ္ဂိ- သဒ္ဒါ၏။ အန္တော၊ အစိတ် ဣ-သည်။ ဣနိ၊ ဣနိ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

အဂ္ဂိနိ၊ အဂ္ဂိ။ ပုံစံ။

(၉၆) **ယောသွ'ကတ'ရဿော ဈော။** ယောသု၊ တို့ကြောင့်။ အ-ကတရဿော၊ မပြုမပြင် ပင်ကိုယ်ရဿဖြစ်သော။ ဈော၊ ဈ- သည်။ အတ္တံ၊ သို့။ ပပ္ပေါတိ၊ ၏။

အဂ္ဂယော။ ပုံစံ။

(၉၇) **ဝေ'ဝေါသု လော စ။** ဝေ'ဝေါသု၊ ဝေ- ပြု, ဝေါ- ပြုတို့ကြောင့်။ အ-ကတ-ရဿော၊ သော။ လော စ၊ သည်လည်း။ အတ္တံ၊ သို့။ ပပ္ပေါတိ၊ ၏။

ဘိက္ခဝေ၊ ဘိက္ခဝေါ။ ပုံစံ။ (**စ- သဒ္ဒါ အနုကမ္မန၊ အတ္တံ, ကို ငင်၏**)။

(၉၈) **မာတုလာ'ဒိန'မာနတ္တ'မီကာရေ။** ဤကာရေ၊ ဤ- ပစ္စည်းကြောင့်။ မာတုလာ' ဒီနံ၊ မာတုလ-နှင့် တူကုန်သောသဒ္ဒါတို့၏ အစိတ် အ- သည်။ အာနတ္တံ၊ အာန- အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

မာတုလာနီ၊ အယျိကာနီ၊ ဝရုဏာနီ။ ပုံစံ။

တ္တ- ပစ္စည်းလွန်ဖြင့် နဒီ- သဒ္ဒါ၏ ဒီ-ကို နှောင်းသော ယော, နာ, သ- တို့နှင့်တကွ ဇ္ဇော, ဇ္ဇာပြု။ နဇ္ဇော သန္ဒန္တိ၊ နဇ္ဇာ တရင်္ဂ ကတံ၊ နဇ္ဇာ နေရဥ္ဇရာယ တီရေ။ ပုံစံ။

---

သီလလည်းရှိ၏။ မိတိမန္တော၊ တည်ကြည်ခြင်း သမာဓိလည်းရှိ၏။ ပညဝန္တော စ၊ ပညာလည်းရှိ၏။ ဟိမဝါ၊ သော။ ပဗ္ဗတော၊ တောင်။

(ရူပသိဒ္ဓိ (၅၅) ၌ "ဝါဂ္ဂဟဏ-ကရဏံ ဟိမဝန္တု-သဒ္ဒတော အညတြ အတ္တနိသေနေတ္ထံ၊ ဝဝတ္ထိ တဝိဘာသတ္ထော'ယံ ဝါ-သဒ္ဒေါ။ တေန ဂုဏဝန္တော'ဒီသု နာ'တိပ္ပသင်္ဂေါ" ဟူသော စကားကို မမှတ်အပ်။ ရှေ့သုတ်ဝါလည်း နည်းတူ)။

(၉၈) မာတုလာနီ။ အရီး။ (မာတုလဿ ဘော ဘရိယာ မာတုလာနီ။ ဤ၊ အဿ အနော။ အဘိဓာန်ဋီကာ)။ အဘ၏ အစ်မ, နှမကိုလည်း အရီးကြီး, အရီးကလေး, ခေါ်ကြ၏)။

အယျိကာနီ၊ သခင်မ။ ဝရုဏာနီ၊ နတ်ဝင်မ။ နဇ္ဇော၊ မြစ်တို့သည်။ သန္ဒန္တိ၊ စီးသွားကုန်၏။ နဇ္ဇာ၊ မြစ်သည်။ တရင်္ဂ၊ လှိုင်းတံပိုးကို။ ကတံ၊ ပြုအပ်၏။ နေရဥ္ဇရာယ၊ နေရဥ္ဇရာမည်သော။ နဇ္ဇာ၊ မြစ်၏။ တီရေ၊ ကမ်း၌။

(၉၉) **သ္မာ-ဟိ-သ္မိံနံ မှာ-ဘိ-မှိ ဝါ။** သ္မာ-ဟိ-သ္မိံနံ၊ သ္မာ, ဟိ, သ္မိံ- ဝိဘတ်တို့၏။ မှာ-ဘိ-မှိ၊ မှာ-ပြု, ဘိ- ပြု, မှိ-ပြုတို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

ပုရိသမှာ၊ သ္မာ၊ ပုရိသေဘိ၊ ဟိ၊ ပုရိသမှိ၊ သ္မိံ။ ပုံစံ။

(၁၀၀) **န တိ'မေဟိ ကတာ'ကာရေဟိ။** ကတာ'ကာရေဟိ၊ အ- ပြုအပ်ပြီးကုန်သော။ တိ'မေဟိ၊ တ, ဣမ- သဒ္ဒါတို့မှ။ ပရေသံ၊ ကုန်သော။ သ္မာ-သ္မိံနံ၊ တို့၏။ မှာ-မှိ၊ မှာ-ပြု, မှိ-ပြုတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

အသ္မာ၊ အသ္မိံ။ ပုံစံ။ (ဟိ-ကြောင့် အ-ပြုသည် မရှိ)။

(၁၀၁) **သု-ဟိသွ'ကာရော ဧ။** သု-ဟိသု၊ သု, ဟိ-ဝိဘတ်တို့ကြောင့်။ အကာရော၊ သည်။ ဧ၊ ဧ-ပြုသည်။ ဟောတိ၊ ၏။

ပုရိသေသု၊ ပုရိသေဟိ။ ပုံစံ။

(၁၀၂) **သဗ္ဗ-နာမာနံ နံမှိ စ။** နံမှိ စ၊ ကြောင့်လည်း။ သဗ္ဗ-နာမာနံ၊ သဗ္ဗနာမ်ပုဒ်တို့၏။ အကာရော၊ သည်။ ဧ၊ သည်။ ဟောတိ၊ ၏။

သဗ္ဗေသံ၊ သဗ္ဗေသာနံ။ ပုံစံ။ (စ- သဒ္ဒါ အနုကဍ္ဎန ဧ- ကို ငင်၏)။

(၁၀၃) **အတော နေ'န။** အတော၊ အ- ကာရန္တမှ။ ပရဿ၊ သော။ နာ၊ နာ- ဝိဘတ်၏။ ဧန၊ ဧန- ပြုသည်။ ဟောတိ၊ ၏။

သဗ္ဗေန၊ ပုရိသေန။ ပုံစံ။

(၁၀၄) **သော။** အတော၊ မှ။ ပရော၊ သော။ သိ၊ သိဝိဘတ်သည်။ ဩ၊ ဩ- ပြုသည်။ ဟောတိ၊ ၏။

သဗ္ဗော၊ ပုရိသော။ ပုံစံ။ (သိဿ ဩ သော၊ ဟု ဉာသ်ဆို၏။ ဤအလို တသမာသ်ထည်းပေး)။

(၁၀၅) **သော ဝါ။** အတော၊ မှ။ ပရော၊ သော။ နာ၊ နာ- ဝိဘတ်သည်။ သော။ သော- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

အတ္ထသော၊ ဗျဉ္ဇနသော၊ ပါဒေန။ ပုံစံ။

(၁၀၆) **ဒီဃော'ရေဟိ။** ဒီဃော'ရေဟိ၊ ဒီဃ, ဩရ- သဒ္ဒါတို့မှ။ ပရော၊ သော။ သ္မာ၊ သ္မာ- ဝိဘတ်သည်။ သော၊ သော- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဒီဃသော၊ ဒီဃမှာ။ ဩရသော၊ ဩရမှာ။ ပုံစံ။ (အလျားမှ၊ အတွင်းမှ၊ ဟုပေး)။

(၁၀၇) **သဗ္ဗ–ယောနိန’မာ’ဧ။** အတော၊ အ- ကာရန္တမှ။ ပရေသံ၊ ကုန်သော။ သဗ္ဗ-ယော-နိနံ၊ အလုံးစုံသော ပထမာယော, ဒုတိယာယော, နိတို့၏။ အာ-ဧ၊ အစဉ်အတိုင်း အာ- ပြု, ဧ-ပြုတို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

ပုရိသာ၊ ပုရိသေ၊ ရူပါ၊ ရူပါနိ၊ အဂ္ဂယော။ ပုံစံ။

* **နိစ္စ’မေဝ စ ပုလ္လိင်ေ၊ အ-နိစ္စ’ဠ နပုံသကေ။**

**အ-သန္တံ့ ဈေ ကတ’တ္တေ တု၊ ဝိဓိ ဒီပေတိ ဝါ-သုတိ။** ။ (ရူပသိဒ္ဓိ၊ ၄၆။)

(၁၀၈) **သ္မာ–သ္မိံနံ ဝါ။** အတော၊ မှ။ ပရေသံ၊ ကုန်သော။ သ္မာ-သ္မိံနံ ဝါ၊ တို့၏လည်း။ အာ-ဧ၊ တို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

ပုရိသာ၊ ပုရိသသ္မာ၊ ပုရိသေ၊ ပုရိသသ္မိံ။ ပုံစံ။

ဝါ- သဒ္ဒါ ဝိကပ်။ အာ, ဧ- ကိုလည်း ငင်၏။ အောက်သုတ်မှလိုက်သော ဝါ-သဒ္ဒါ ကွစတ္ထ ဟု ပြခြင်းအကျိုးလည်းရှိ၏။

(၁၀၉) **အာယ စတုတ္ထေ’က–ဝစနဿ တု။** အတော၊ မှ။ ပရဿ၊ သော။ စတုတ္ထေ’က- ဝစနဿ၊ စတုတ္ထီ ဧကဝုစ်သ-၏။ အာယ- တု၊ အာယ- ပြုသည်လည်း။ ဝါ၊ ချို့။ ဟောတိ၊ ၏။

**တ’ဒတ္ထေ စ တု’မတ္ထေ စ၊ နိ-ဂတျ’တ္ထာန’ကမ္မနိ။**

**ဝိဘတ္တိ-ဝိပလ္လာသေ စာ’၊ ယာ’ဒေသော စတုဓာ ဘဝေ။** ။

---

(၁၀၇) ပုရိသာ၊ တို့သည်။ ပုရိသေ၊ တို့ကို။ ရူပါ၊ တို့သည်။ ရူပေ၊ တို့ကို။ ရူပါနိ၊ တို့သည်၊ တို့ကို။ အဂ္ဂယော၊ တို့သည်၊ တို့ကို။

* ပုလ္လိင်ေ၊ နိစ္စ’မေဝ၊ မြဲသည်သာဖြစ်သော။ ဝိဓိ’ဠ၊ အစီအရင်ကိုငှင်း။ နပုံသကေ၊ ၌။ အ-နိစ္စံ၊ မမြဲသော။ ဝိဓိ’ဠ၊ ကိုငှင်း။ ကတ’တ္တေ၊ ပြုအပ်ပြီးသော အဓ၏အဖြစ်ရှိသော။ ဈေ တု၊ ဈဉ်ကား။ အ-သန္တံ၊ ထင်ရှားမရှိသော။ ဝိဓိ’ဠ၊ ကိုငှင်း။ ဝါ-သုတိ၊ ဝဝတ္ထိတ ဝိဘာသာ ဝါသဒ္ဒါသည်။ ဒီပေတိ၊ ၏။

(၁၀၉) တ’ဒတ္ထေ စ၊ တဒတ္ထ သမ္ပဒါန်အနက်၌ငှင်း။ တုမတ္ထေ စ၊ တုမတ္ထသမ္ပဒါန်အနက်၌ငှင်း။ နိ’ဂတျ’တ္ထာနံ၊ နိဓာတ်, ဂတိအနက်ရှိသော ဓာတ်တို့၏။ ကမ္မနိ၊ ကံအနက်၌ငှင်း။ ဝိဘတ္တိ-ဝိပလ္လာသေ စ၊ ဝိဘတ်ဖောက်ပြန်ရာ၌ငှင်း။ အာယာ’ဒေသော၊ အာယပြုသည်။ စတုဓာ၊ လေးဌာနအပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

အတ္ထာယ ဟိတာယ သုခါယ သံဝတ္တတိ၊ လောကာ'နုကမ္ပာယ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ။ လောကံ အနုကမ္ပိတုံ'န္တိ အတ္ထော။ ဒကာယ နေတိ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ မူလာယ ပဋိကဿေယျ။ မဟတော ဂဏာယ ဘတ္တာ။ ပုံစံ။

တုံ- သဒ္ဒါ အတ္ထံ- ပြု, တ္ထံ- ပြု, အံ- ပြုတို့ကို ဆည်း၏။ ကိ'မတ္ထံ၊ အတ္ထတ္ထံ၊ ဒဿနံ၊ ဣမေ' မာဂတော။ ပုံစံ။

ဝါ- သဒ္ဒါ ဝိကပ်။ သမဏာဿ ဒေတိ။ ပုံစံ။

**(၁၁၀) တယော နေ'ဝစ သဗ္ဗ–နာမေ ဟိ။** အတော၊ အ- ကာရန္တဖြစ်ကုန်သော။ သဗ္ဗ-နာမေဟိ၊ သဗ္ဗနာမ်ပုဒ်တို့မှ။ ပရေသံ၊ ကုန်သော။ သ္မာ, သ္မိံ, သာနံ၊ တို့၏။ တယော၊ အာ, ဧ, အာယ-ပြု သုံးပါးတို့သည်။ နေ'ဝ ဟောန္တိ၊ မဖြစ်ကုန်သည်သာလျှင်တည်း။ စ၊ ဖြစ်သည်လည်း ရှိကုန်၏။

**ဧဝ- သဒ္ဒါ သန္နိဋ္ဌာနာဝဓာရဏ၊ သဗ္ဗ, ယ, တ- စသည်၌ မြစ်ခြင်းကို မြဲစေ၏။**

သဗ္ဗသ္မာ၊ သဗ္ဗသ္မိံ၊ သဗ္ဗဿ၊ ယသ္မာ၊ ယသ္မိံ၊ ယဿ၊ တသ္မာ၊ တသ္မိံ၊ တဿ၊ ပုံစံ။

**စ- သဒ္ဒါ နိဝတ္တာပနာဝဓာရဏ၊ ပုဗ္ဗ, ပရ- စသည်၌ အာ, ဧ- ပြု မြစ်ခြင်းကို နစ်စေ၏။**

ပုဗ္ဗာ၊ ပုဗ္ဗသ္မာ၊ ပုဗ္ဗေ၊ ပုဗ္ဗသ္မိံ၊ ပရာ၊ ပရသ္မာ၊ ပရေ၊ ပရသ္မိံ။ ပုံစံ။

**တစ်နည်း ဧဝ- သဒ္ဒါလွန်ဖြင့် ယော, နိ- တို့၏ အာ, ဧ- ကို နစ်စေ၏။ စ- သဒ္ဒါ အတော-ကို ငင်၏။**

---

အတ္ထာယ၊ အကျိုးငှာ။ ဟိတာယ၊ အစီးအပွားငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ လောကာ'နုကမ္ပာယ၊ လူသုံးပါးကို သနားစောင့်ရှောက်ခြင်းငှာ။ ဗုဒ္ဓေါ၊ သည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇတိ၊ ၏။ လောကံ၊ ကို။ အနုကမ္ပိတုံ၊ ငှါ။ ဣတိအတ္ထော၊ ဤကားအနက်။ ဒကာယ၊ ရေသို့။ နေတိ၊ ဆောင်၏။ အပ္ပေါ၊ အနည်းငယ်မျှသည်။ သဂ္ဂါယ၊ နတ်ပြည်သို့။ ဂစ္ဆတိ၊ သွားရောက်၏။ မူလာယ၊ အရင်းသို့။ ပဋိကဿေယျ၊ ငင်ချရာ၏။ မဟတော၊ များစွာသော။ ဂဏာယ၊ ဂိုဏ်း၏။ ဘတ္တာ၊ အရှင်တည်း။

ကိ'မတ္ထံ၊ အဘယ်ငှာ။ (ဤအနက်အလို အတ္ထံပြု)။ အဘယ်အကျိုးငှာ။ (ဤအနက်အလို အံပြု)။ အတ္ထတ္ထံ၊ အကျိုးငှာ။ ဒဿနံ၊ ဖူးမြင်ခြင်းငှာ။ ဣမေ၊ ဤအရပ်သို့။ အာဂတော၊ လာခဲ့၏။ သမဏာဿ၊ ရဟန်းအား။ ဒေတိ၊ လှူ၏။

(၁၁၀) (အယော ရဿ'မေကဝစန-ယောသွ'ပိ စ- ဟူသော ၈၄-သုတ်၌ကဲ့သို့ "ဧဝ လည်းဆို၊ စ-လည်း ဆို၊ ကုန်းအို ဖျာယက်နည်း" ဟူသည်ကို မှတ်)။ သဗ္ဗဿ၊ အား။ ငှါ။ (ပေး)။

(၁၁၁) **ယတော နာ'ဒီနံ။** ယတော၊ မှ။ ပရေသံ၊ ကုန်သော။ နာ'ဒီနံ၊ နာ- အစရှိကုန်သော ဧကဝုစ်ဝိဘတ်ငါးလုံးတို့၏။ အာယ၊ အာယ- ပြုသည်။ ဟောတိ၊ ၏။

ကညာယ။ ပုံစံ။ (ကညာယ၊ မိန်းမငယ်သည်, ဖြင့်, နှင့်, ကြော<sup></sup>့ အား, မှ, ကြောင့်, ၏, ၌, ကြောင့်-ဟု ဆယ်နက်ပေး)။

(၁၁၂) **ပတော ယာ။** ပတော၊ ပ- မှ။ ပရေသံ၊ ကုန်သော။ နာ'ဒီနံ၊ တို့၏။ ယာ၊ ယာ, ပြုသည်။ ဟောတိ၊ ၏။

ရတ္တိယာ၊ ဣတ္ထိယာ၊ ဓေနုယာ။ ပုံစံ။

(၁၁၃) **သခတော ဂသေ'ဝါ။** သခတော ဝါ၊ သခ, သဒ္ဒါမှသာလျှင်လည်း။ ပရသ္မိ၊ သော။ ဂသ္မိ၊ ဂသိ ၏။ ဧ၊ အ-ပြု, အာ-ပြု, ဣ-ပြု, ဤ-ပြု, ဧ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ဘော သခ၊ သခါ၊ သခိ၊ သခီ၊ သခေ။ ပုံစံ။

ဝါ- သဒ္ဒါ ပတော- ကို နှစ်စေ၏။ တပါးသဒ္ဒါနောင် ဧ-ပြုကိုလည်း ဆည်း၏။ ဘဒ္ဒန္တေ၊ ဣသေ။ ပုံစံ။

(၁၁၄) **ယတော' စ။** ယတော စ၊ ယ- မှလည်း။ ပရသ္မိ၊ သော။ ဂသ္မိ၊ ဂသိ- ၏။ ဧ၊ ဧ- ပြုသည်။ ဟောတိ စ၊ ဖြစ်သည်သာလျှင်တည်း။

**ဟောတိ စ- ၌ စ-သဒ္ဒါ သန္နိဋ္ဌာနာဝဓာရဏ။** ဘောတိ ကညေ။ ပုံစံ။

**ယတော စ- ၌ စ-သဒ္ဒါ ပတောကို ဆည်း၏။** ဝါ၊ ငင်၏။ ရာဇ-မီတေ။ ပုံစံ။ (အိုမင်းသမီး၊ ပေး)။

(၁၁၅) **န အမ္မာ'ဒိတော။** အမ္မာ'ဒိတော၊ အမ္မာ- အတူရှိသော သဒ္ဒါမှ။ ပရသ္မိ၊ သော။ ဂသ္မိ၊ ၏။ ဧ၊ ဧ- ပြုသည်။ န ဟောတိ၊ မဖြစ်။

ဘောတိ အမ္မ၊ အမ္မာ၊ အမ္ဗာ၊ အန္န၊ အန္နာ၊ တာတ၊ တာတာ။ ပုံစံ။
(အိုအမိ-ဟု ပေး။ အာကာရော ဝါ-သုတ်ဖြင့် ဝိကပ် ရဿ-ပြု။)

---

(၁၁၃) ဘော သခ ။လ။ ဘော သခေ၊ အိုခင်ပွန်း။ ဘဒ္ဒန္တေ၊ အိုအရှင်။ ဣသေ၊ အိုရသေ့။

(ဂသေကို ဂသ ဧ- ဟူ၍သာ ပုဒ်ဖြတ်၊ တဖန် ဧ, ကို အ စ, အာ စ, ဣ စ, ဤ စ, ဧ စ- ဟု ဒွန်သမာသ်- တွဲပြီးလျှင် ဧကသိသ်သော်လည်းပြု၊ သရာ သရေ လောပံ- သုတ်ဖြင့်သော်လည်း ရှေ့သရလေးလုံးကို ချေ။ ရူပသိဒ္ဓိ၌ကား "ပုဗ္ဗ'ဿရာနံ ကမေန လောပေါ" ဟူ၏)။

(၁၁၆) **အ–ကတ–ရဿာ လတော ယွာ'လပနဿ ဝေ–ဝေါ။** အ-ကတ-ရဿာ၊ မပြု မပြင် ပင်ကိုယ် ရဿဖြစ်သော။ လတော၊ လ-မှ။ ပရဿ၊ သော။ အာ-လပနဿ၊ အာလုပ်ဖြစ်သော။ ယော၊ ယော-၏။ ဝေ-ဝေါ၊ ဝေ-ပြု, ဝေါ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ ဘိက္ခဝေါ။ ပုံစံ။

(၁၁၇) **ဈ–လတော သဿ နော ဝါ။** ဈလတော၊ ဈ, လ-တို့မှ။ ပရဿ၊ သော။ သဿ၊ သ-ဝိဘတ်၏။ နော၊ နော-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

အဂ္ဂိနော၊ အဂ္ဂိဿ၊ ဒဏ္ဍိနော၊ ဒဏ္ဍိဿ၊ ဘိက္ခုနော၊ ဘိက္ခုဿ၊ ဝိညုနော၊ ဝိညုဿ။ ပုံစံ။

(၁၁၈) **ဃ–ပသော စ ယောနံ လောပေါ။** ဃပတော စ၊ ဃ, ပ-တို့မှလည်း။ ဈ-လတော စ၊ ဈ, လ-တို့မှလည်း။ ပရေသံ၊ ကုန်သော။ ယောနံ၊ တို့၏။ လောပေါ၊ သည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ကညာ၊ ရတ္တီ၊ ဣတ္ထီ၊ ဓေနူ၊ ဝဓူ၊ အဂ္ဂီ၊ ဒဏ္ဍီ၊ ဘိက္ခူ၊ ဝိဓူ၊ အဋ္ဌိ၊ သုခကာရိ ဒါနာနိ၊ အာယူ၊ ဝိညူ ကုလာနိ၊ ကညာယော။ ပုံစံ။

**စ-သဒ္ဒါ အနုကဍ္ဎန၊ ဈလတော-ကို ငင်၏။**

(၁၁၉) **လတော ဝေါကာရော စ။** လတော၊ လ-မှ။ ပရေသံ၊ ကုန်သော။ ယောနံ၊ တို့၏။ ဝေါကာရော၊ ဝေါ-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။ စ၊ မဖြစ်သည်လည်း ရှိ၏။

ဘိက္ခဝေါ၊ ဘိက္ခူ။ သယမ္ဘုဝေါ၊ သယမ္ဘူ။ ပုံစံ။

**ကာရ-သဒ္ဒါလွန်ဖြင့် နော-ပြု၊ ဇန္တုနော၊ သဗ္ဗညုနော။ ပုံစံ။**

**စ-သဒ္ဒါ နိဝတ္တာပနာဝဓာရဏ။ အမူ။ ပုံစံ။**

**ကိတ္တိ နာမ-ကပ္ပေ ပထမော ကဏ္ဍော။ ၆၈။**

ကိတ္တိ အယံ၊ ဤခြောက်ဆယ့်ရှစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်-အပေါင်းသည်။ နာမ-ကပ္ပေ၊ နာမ်ကျမ်း၌။ ပထမော၊ သော။ ကဏ္ဍော၊ တည်း။ ဝါ၊ သည်။ ကိတ္တိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

---

(၁၁၉) ဘိက္ခဝေါ၊ ဘိက္ခူ၊ တို့သည်။ တို့ကို။ သယမ္ဘုဝေါ၊ သယမ္ဘူ၊ ဘုရားတို့သည်။ တို့ကို။ ဇန္တုနော၊ သတ္တဝါတို့သည်။ တို့ကို။ သဗ္ဗညုနော၊ ဘုရားတို့သည်။ တို့ကို။

# ၂-နာမ် ဒုတိယကဏ္ဍ

(၁၂၀) **အမှသာ မမံ သ-ဝိဘတ္တိသာ သော။** သော၊ သ-ဝိဘ က်ကြောင့်။ သ-ဝိဘတ္တိသာ၊ ဝိဘတ်နှင့်တကွသော။ အမှသာ၊ အမှ-သဒ္ဒါ၏။ မမံ၊ မမံ-ပြုသည်။ ဟော က်၊ ၏။

မမံ။ ပုံစံ။

(၁၂၁) **မယံ ယောမှိ ပထမေ။** ပထမေ၊ ပထမာဖြစ်သော။ ယောမှိ၊ ယော-ဝိဘတ်ကြောင့်။ သ-ဝိဘတ္တိသာ၊ သော။ အမှသာ၊ ၏။ မယံ၊ မယံ-ပြုသည်။ ဟောတိ၊ ၏။

မယံ။ ပုံစံ။

(၁၂၂) **န္တုဿ န္တော။** ပထမေ၊ သော။ ယောမှိ၊ ကြောင့်။ သ-ဝိဘတ္တိသာ၊ သော။ န္တုဿ၊ န္တု-ပစ္စည်း၏။ န္တော၊ န္တော-ပြုသည်။ ဟောတိ၊ ၏။

ဂုဏဝန္တော။ ပုံစံ။

(၁၂၃) **န္တဿ သေ ဝါ။** သေ၊ ကြောင့်။ သ-ဝိဘတ္တိသာ၊ သော။ န္တုဿ၊ ၏။ န္တဿ၊ န္တဿ-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဂုဏဝန္တဿ၊ ဂုဏဝတော။ ပုံစံ။

(၁၂၄) **အာ သိမှိ။** သိမှိ၊ ကြောင့်။ သ-ဝိဘတ္တိသာ၊ သော။ န္တုဿ၊ ၏။ အာ၊ အာ-ပြုသည်။ ဟောတိ၊ ၏။

ဂုဏဝါ ပုရိသော။ ပုံစံ။

(၁၂၅) **အံ နပုံသကေ။** သိမှိ၊ ကြောင့်။ နပုံသကေ၊ နပုလ္လိင်၌။ ပဝတ္တသာ၊ သော။ သ-ဝိဘတ္တိသာ၊ သော။ န္တုဿ၊ ၏။ အံ၊ အံ- ပြုသည်။ ဟောတိ၊ ၏။

ဂုဏဝံ ကုလံ ဂစ္ဆတိ။ ပုံစံ။

---

(အထဝါ။ စ'ဂ္ဂဟဏံ နော'ဂ္ဂဟဏာ'နု ဝတ္တနတ္ထံ၊ တေန ဇန္တု- သဗ္ဗညူ အာဒိတော ယောနံ နော စ ဟောတိ။ ဝါ-သဒ္ဒေါ ဝ ဝတ္ထိတ ဝိဘာသတ္ထော။ တေန-

ဘိက္ခု'ပ္ပဘုတိတော နိစ္စံ၊ ဝေါ ယောနံ ဟေတု-အာဒိတော။

ဝိဘာသာ န စ ဝေါ-နော စ၊ အမု'ပ္ပဘုတိတော ဘဝေ။ ။

ဟု- ရူပသိဒ္ဓိ (၇၂) တနည်း ဆို၏)။

✪ ✪ ✪ ✪ ✪

(၁၂၆) **အ–ဝဏ္ဏာ စ ဧ၀။** ဧ၀၊ ဝသိ- ကြောင့်။ သ-ဝိဘတ္တိသည်၊ သော။ န္တုသည်၊ ၏။ အ-ဝဏ္ဏာ စ၊ အ, အာ- ပြုတို့သည်ရင်း။ အံ- စ၊ အံ- ပြုသည်ရင်း။ ဟောတိ၊ ၏။

ဘော ဂုဏဝ၊ ဂုဏဝါ၊ ဂုဏဝံ။ ပုံစံ။ (စ- သဒ္ဒါ အနုကမ္မန၊ အံ- ကိုင်င်၏)။

(၁၂၇) **တော–တိ–တာ သ–သ္မိံ–နာသု။** သ-သ္မိံ-နာသု၊ သ, သ္မိံ, နာ-ဝိဘတ်တို့ကြောင့်။ သ-ဝိဘတ္တိသည်၊ သော။ န္တုသည်၊ ၏။ တော-တိ-တာ၊ တော- ပြု, တိ- ပြု, တာ- ပြုတို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

ဂုဏဝတော၊ ဂုဏဝန္တဿ၊ ဂုဏဝတိ၊ ဂုဏဝန္တသ္မိံ၊ ဂုဏဝတာ၊ ဂုဏဝန္တေန။ ပုံစံ။

(၁၂၈) **နံမှိ တံ ဝါ။** နံမှိ၊ ကြောင့်။ သ-ဝိဘတ္တိသည်၊ သော။ န္တုသည်၊ ၏။ တံ၊ တံ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဂုဏဝတံ၊ ဂုဏဝန္တာနံ။ ပုံစံ။ (ဝါ- သဒ္ဒါ သီဟာဝလောကိတနည်း)။

(၁၂၉) **က္ကမဿိ'ဒ'မံ–သိသု နပုံသကေ။** အံ-သိသု၊ အံ, သိ- ဝိဘတ်တို့ကြောင့်။ နပုံသကေ၊ ၌။ ပဝတ္တဿ၊ သော။ သ-ဝိဘတ္တိသည်၊ သော။ က္ကမဿ၊ က္ကမ- သဒ္ဒါ၏။ က္ကဒံ၊ က္ကဒံ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။ က္ကဒံ စိတ္တံ၊ က္ကမံ စိတ္တံ။ ပုံစံ။

(၁၃၀) **အမုဿာ–ဒုံ။** အံ-သိသု၊ တို့ကြောင့်။ နပုံသကေ၊ ၌။ ပဝတ္တဿ၊ သော။ သ-ဝိဘတ္တိသည်၊ သော။ အမုဿ၊ အမု- သဒ္ဒါ၏။ အဒုံ၊ အဒုံ- ပြုသည်။ ဟောတိ၊ ၏။

အဒုံ ပုပ္ဖံ။ ပုံစံ။ (ထိုပန်းကို၊ သည်။ ဟုပေး)။

အမုဿဒုံ- ဝိနာဓိကာရယောဂဝိဘာဂဖြင့် သ- ကြောင့် အဒုံ- ပြု။ အဒုံဿ ခေတ္တ-ပါလဿ၊ ပုံစံ။ (ထိုလယ်စောင့်အား၊ ၏။ ပေး)။

လာသည့် သ- သံယုဂ်ကြောင့် ရုက္ခသကုနနည်းအားဖြင့် နိဂ္ဂဟိတ်အလိုလို ပျောက်၏။

(၁၃၁) **က္ကတ္ထိ-ပုမ–နပုံသက–သင်္ချာ။** ပရံ၊ နောက်ဆိုလတ္တံ့ သုံးသုတ်သည်။ က္ကတ္ထိ-ပုမ နပုံသက-သင်္ချံ၊ က္ကတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်ဟော သင်္ချာသဒ္ဒါကို။ ဝိဒဓာတိ၊ စီရင်၏။

---

(၁၃၁) (က္ကတ္ထိ စ ပုမာ စ နပုံသကဥ္စ သင်္ချာ စ က္ကတ္ထိ-ပုမ-နပုံသက-သင်္ချံ-ဟု သမာဟာရဒွန် သမာသ်တွဲ၍ နပုံကေင့်သည်။

ကမ္မဓာရယော ဒွန္ဒော စ၊ တပ္ပုရိသော စ လာဘိနော။
တယော ပရ-ပဒေ လိင်္ဂ၊ ဗဟုဗ္ဗီဟိ ပဒ'န္တရေ။

ဂါထာ၌ကား အသမာဟာရဒွန်ကို ဆိုသည်)။

တစ်နည်း။ ဣတ္ထိ-ပုမ-နပုံသက-သချာ်၊ ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင် သချာသည်။ ပရံ၊ နောက်သုံး သုတ်သို့။ အနုဝတ္တတိ၊ လိုက်၏။ (သမာဟာရဒွန်)

(၁၃၂) **ယောသု ဒွိန္နံ ဒွေ စ။** ယောသု စ၊ တို့ကြောင့်လည်း။ သ-ဝိဘတ္တီနံ၊ ကုန်သော။ ဒွိန္နံ၊ လိင်သုံးပါးရှိ, ဒွိ- သချာသဒ္ဒါတစ်ခုတို့၏။ ဒွေ စ၊ ဒွေ- ပြုသည်လည်း။ ဟောတိ၊ ၏။

ဒွေ အပ္ပမညာ ဓမ္မာ ဓမ္မေ၊ စိတ္တာနိ၊ ပုံစံ။

စ- သဒ္ဒါ ယော- ကြောင့် ဒုဝေ- ပြု၊ နံ- ကြောင့် ဒုဝိ- ပြုတို့ကို ဆည်း၏။

ဒုဝေ သမဏာ၊ သမဏေ။ ဒုဝိန္နံ သမဏာနံ။ ပုံစံ။

ဒွယ, ဥဘယ- တို့ကား တိဏ္ဏံ သမူဟော တယံ- ကဲ့သို့ တဒ္ဓိတ်ပုဒ်, ဧကဝုစ်။

ဒွယံ, ဒွယေန ဒွယဿ။ ဥဘယံ တေ န သမေတိ။ ပုံစံ။

အချို့ ဥဘယ, သဒ္ဒါ ဥဘ-သဒ္ဒါတို့ကား ဒွိသဒ္ဒါပရိယာယ် ဗဟုဝုစ်၊ တု-သဒ္ဒါဖြင့် ယော-ဝိဘတ်ကို အချို့ ဩ-ပြု။ ဥဘယော ဒေဝ-မာနုသာ။ ဥဘယေ'တေ ဒွိ-ကမ္မိကာ။ ဥဘယေသံ၊ ဥဘယေသာနံ။ ဥဘော၊ ဥဘေ ပုရိသာ။ ဥဘောဟိ။ ဥဘောဟိ။ (သုတ်ကြီးဖြင့် ဧ-ကို ဩ-ပြု)။ ဥဘေသု၊ ဥဘောသု။ ပုံစံ။

(၁၃၃) **တိ–စတုန္နံ တိဿော, စတဿော–တယော, စတ္တာရော–တီဏိ, စတ္တာရိ။** ယောသု တို့ကြောင့်။ သ-ဝိဘတ္တီနံ၊ ကုန်သော။ တိ-စတုန္နံ၊ လိင်သုံးပါးရှိ တိ, စတု- သချာ သဒ္ဒါတို့၏။ တိဿော, စတဿော-တယော-စတ္တာရော တီဏိ, စတ္တာရိ၊ တိဿော,ပြု၊ စတဿော,ပြု၊ တယော, ပြု၊ စတ္တာရော,ပြု၊ တီဏိ,ပြု၊ စတ္တာရိ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တိဿော စတဿော ဣတ္ထိယော။ တယော စတ္တာရော ပုရိသာ၊ ပုရိသေ။ တီဏိ စတ္တာရိ ကုလာနိ။ ပုံစံ။

---

(၁၃၂) ဒွေ၊ နှစ်ပါးကုန်သော။ အ'ပ္ပမညာ၊ စေတသိက်တို့သည်၊ တို့ကို။ ဓမ္မာ၊ တရားတို့သည်။ ဓမ္မေ၊ တို့ကို။ စိတ္တာနိ၊ တို့သည်၊ တို့ကို။ (ဒွိန္နံ သမူဟော ဒွေ ဝါ အဝယဝါ ယဿာ'တိ ဒွယံ။ ပြု)။

ဒွယံ၊ နှစ်ခုသည်။ ကို။ တေ၊ သင်၏။ ဥဘယံ၊ ရှေ့,နောက် အမူအရာ နှစ်ပါးသည်။ န သမေတိ၊ မညီပါတကား။

ဥဘယော၊ နှစ်ဉူးကုန်သော။ ဒေဝ-မာနုသာ၊ နတ်, လူတို့သည်။ ဥဘယေ၊ နှစ်ပါးကုန်သော။ ဧတေ၊ ဤဒုဟာဒိဂိုဏ်း, နယာဒိဂိုဏ်း, ဓာတ်တို့သည်။ ဒွိ-ကမ္မိကာ၊ ကံနှစ်ခုစီရှိကုန်၏။ (ဥဘယေ, ဥဘေ-တို့ကို။ သဗ္ဗနာမကာရတေ'ပထမော- သုတ်ဖြင့် ဧ-ပြု။ ကစ္စည်း၌ကား စ'ဂ္ဂဟဏေန ဒွိ-သဒ္ဒဿ ဒုဝေ-ဒွယ-ဥဘ-ဥဘယ ဒုဝိစ ဟောန္တိ ယော-နာ-အံ-နံ-ဣစ္စေတေသု-ဟု ဆို၏။ ဘဂါ အဿ သန္တီ'တိ ဘဂဝါ-ပြု၍ ဘဂပုဒ်, ဝန္တု-ပစ္စည်းဖြင့် ပြီးသော ဘဂဝါ-သဒ္ဒါကိုပင် နိပ္ဖန္န-အခိုက်ကို ငဲ့၍ ဘဝေသု ဝန္တ-ဂမနော ဘဂဝါ-ဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီး စီရင်သော အဋ္ဌကထာကဲ့သို့ မှတ်)။

(၁၃၄) **ပဥ္စာဒိန-မကာရော။** ယောသု၊ တို့ကြောင့်။ သ-ဝိဘတ္တိနှံ၊ ကုန်သော။ ပဥ္စာ-ဒီနံ၊ လိင်သုံးပါးရှိ ပဥ္စ, အစ-အဋ္ဌာရသ, အဆုံးရှိကုန်သော သချာတို့၏ အစိတ် အ-၏။ အကာရော၊ အ-ထပ်၍ ပြုခြင်းသည်။ ဟောတိ၊ ၏။

ပဥ္စ ဣတ္ထိယော၊ ပုရိသာ၊ ပုရိသေ။ ကုလာနိ။ ဆ၊ အဋ္ဌာရသ။ ပုံစံ။

(၁၃၅) **ရာဇဿ ရညော-ရာဇိနော သေ။** သေ၊ ကြောင့်။ သဝိဘတ္တိဿ၊ သော။ ရာဇဿ၊ ရာဇ-သဒ္ဒါ၏။ ရညော-ရာဇိနော၊ ရညော-ပြု, ရာဇိနော-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ရညော၊ ရာဇိနော၊ ပုံစံ။

(၁၃၆) **ရညံ နံမှိ ဝါ။** နံမှိ၊ ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ရာဇဿ၊ ၏။ ရညံ၊ ရညံ-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ရညံ၊ ရာဇူနံ၊ ရာဇာနံ၊ ပုံစံ။

(၁၃၇) **နာမှိ ရညာ ဝါ။** နာမှိ၊ နာ-ဝိဘတ်ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ရာဇဿ၊ ၏။ ရညာ၊ ရညာ-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ရညာ၊ ရာဇေန။ ပုံစံ။ (ဝါ-ကြောင့် နောက်သို့ ဝါ-မလိုက်)။

(၁၃၈) **သ္မိံ မှိ ရညေ-ရာဇိနိ။** သ္မိံ မှိ၊ ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ရာဇဿ၊ ၏။ ရညေ-ရာဇိနိ၊ ရညေ-ပြု, ရာဇိနိ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ရညေ၊ ရာဇိနိ။ ပုံစံ။

(၁၃၉) **တုမှ'မှာကံ တယိ-မယိ။** သ္မိံ မှိ၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ၊ တုမှ, အမှ-သဒ္ဒါတို့၏။ တယိ-မယိ၊ တယိ-ပြု, မယိ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တယိ၊ မယိ။ ပုံစံ။

(၁၄၀) **တွံ'မဟံ သိမှိ စ။** သိမှိ၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ။ တို့၏။ တွံ-အဟံ စ၊ တွံ-ပြု, အဟံ-ပြုတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

စ-သဒ္ဒါ တုဝံ-ပြုကို ဆည်း၏။

တွံ၊ တုဝံ၊ အဟံ။ ပုံစံ။

(၁၄၁) **တဝ-မမ သေ။** သေ၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တဝ-မမ၊ တဝ-ပြု, မမ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တဝ၊ မမ။ ပုံစံ။

(၁၄၂) **တုယံ့-မယှ'ဥ။** သော၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ။ တို့၏။ တုယံ့-မယှ'ဥ၊ တုယံ့- ပြု, မယံ့-ပြုတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

တုယံ့၊ မယံ့။ ပုံစံ။

**စ- သဒ္ဒါ အနုကမ္မုန၊** သော- ကို ငင်၏။ တဝ-မမ- ၌ ပေါင်းသော သမ္ပိဏ္ဍန- လည်းဆိုသင့်၏။

(၁၄၃) **တံ-မ'မံမှိ။** အံမှိ၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တံ-မံ၊ တံ- ပြု, မံ- ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တံ၊ မံ။ ပုံစံ။

(၁၄၄) **တဝံ-မမ'ဥ နဝါ၊** အံမှိ၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တဝံ-မမ'ဥ၊ တဝံ- ပြု, မမံ- ပြုတို့သည်လည်း။ နဝါ၊ အချို့။ ဟောန္တိ၊ ကုန်၏။

တဝံ၊ မမံ၊ တံ၊ မံ။ ပုံစံ။

**စ- သဒ္ဒါ အနုကမ္မုန၊** အံမှိ- ကို ငင်၏။ တံ, မံ- ၌ ပေါင်းသော သမ္ပိဏ္ဍန- လည်း ဆိုသင့်၏။ (နှစ်သုတ်ပြိုင်ရာ၌ ဤသုတ်ကဲ့သို့ ဝါ- မပါသော်လည်း ဝိကပ်ပင်၊ ပါလျှင် ပါသောသုတ်အစီအရင်သာ၍ နည်း၏)။

(၁၄၅) **နာမှိ တယာ-မယာ။** နာမှိ၊ ကြောင့်။ သ-ဝိဘတ္တိနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တယာ-မယာ၊ တယာ- ပြု, မယာ- ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တယာ၊ မယာ။ ပုံစံ။

(၁၄၆) **တုမှဿ တုဝံ-တွ'မံမှိ။** အံမှိ၊ ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ တုမှဿ၊ တုမှ-သဒ္ဒါ၏။ တုဝံ တွံ၊ တုဝံ- ပြု, တွံ- ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ကင္ဒြက်ရဿ တုဝံ၊ တွံ မညေ။ ပုံစံ။

---

(၁၄၆) ကင္ဒြက်ရဿ၊ ထင်းနုပ် ထင်းဖွဲ့လောက်။ ဝါ၊ ပဲရိုးကောက်ရိုးမှုန့်လောက်။ တုဝံ၊ သင့်ကို။ တွံ၊ သင့်ကို။ မညေ၊ မညာမိ၊ အောက်မေ့မှတ်ထင်၏။

(နိရတ္ထံဝ ကင္ဒြက်ရံ နိရူပကာရံ နိရတ္ထကံ ကဋ္ဌ-ခဏ္ဍံ ဝိယ။ (ဓမ္မပဒအဋ္ဌကထာ) ကဋ္ဌက်ရော ဘုသံကလီဝေါ၊ ဓညတ္တစေ ထုသောပမာ။ (အမရကောသ) ကဋ္ဌက်ရော ကရက်ရော ဣတိ ဟာရဒတ္တပါ-ဌော။ ဒွေ ပလာလာ'ဒ-စုဏ္ဏာဿ။ ထုသောဏ္ဏတျော'ကံ ဝီဟိ အာဒိ တစေ။ (ဋင်းဋီကာ)

(၁၄၇) **ပဒတော ဒုတိယာ-စတုတ္ထိ-ဆဋ္ဌီသု ဝေါ-နော။** ဗဟုဝစနေသု၊ ဗဟုဝုစ်ဖြစ်ကုန်သော။ ဒုတိယာ-စတုတ္ထိ-ဆဋ္ဌီသု၊ ဒုတိယာ, စတုတ္ထိ, ဆဋ္ဌီဝိဘတ်တို့ကြောင့်။ ပဒတော၊ ပုဒ်မှ။ ပရေသံ၊ ကုန်သော။ သ-ဝိဘတ္တီနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ ဝေါ-နော၊ ဝေါ- ပြု, နော- ပြုတို့သည်။ နဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။ (နောက်သုတ်ကြောင့် ဤ၌ ဗဟုဝစနေသု- ရှိရသည်)။

ပဟာယ ဝေါ ဂမိဿာမိ၊ မာ နော အဇ္ဇ ဝိကန္တိံသု၊ ဓမ္မံ ဝေါ ဒေသေဿာမိ၊ သံဝိဘဇေထ နော ရဇ္ဇေန၊ တုဋ္ဌော'သ္မိ ဝေါ ပကတိယာ၊ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တော၊ ဘယံ တုမှာက နော သိယာ၊ ဧသော အမှာကံ သတ္ထာ။ ပုံစံ။

(၁၄၈) **တေ-မေ'က, ဝစနေသု စ။** ဧက- ဝစနေသု၊ ဧကဝုစ်ဖြစ်ကုန်သော။ စတုတ္ထီ-ဆဋ္ဌီသု၊ တို့ကြောင့်။ ပဒတော ပရေသံ၊ ပဒတောပရ ဖြစ်ကုန်သော။ သ-ဝိဘတ္တီနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တေ-မေ၊ တေ- ပြု, မေ- ပြုတို့သည်။ နဝါ၊ အချို့။ ဟောန္တိ၊ ကုန်၏။

ဒဒါမိ တေ ပဉ္စ ဂါမ-ဝရာနိ၊ ဒဒါဟိ မေ ဂါမ-ဝရံ၊ ဣဒံ တေ ရဋ္ဌံ၊ အယံ မေ ပုတ္တော၊ ဣဒံ တုယှံ ဒမ္မိ၊ သုဏာထ ဝစနံ မမ။ ပုံစံ။

---

ကဋ္ဌံ ဂိရတိတိ ကဋ္ဌင်္ဂရံ။ မာသမုဂ္ဂါ'ဒိကဋ္ဌေ ဘုသော။ (ထောမနိမိ) မာဂဓအဘိဓာန်(၄၅၃)၌ကား- ဘုသံ ကလိင်္ဂရော စာထ၊ ထုသော ဓညတ္တစေ'ထ စ-ဟုရှိ၏။ ၎င်းသီဟိုဠ်ဋီကာ၌ ကေန ဝါတေန ဣင်္ဂတိ သုဒ္ဓသာလိတော အပဂစ္ဆတီ'တိ ကလိင်္ဂရော။ ဣင်္ဂ ဂမနေ။ အရော။ လာ'ဂမော- ဟူ၍၎င်း၊ ဥ၁'ဂမော- ဟူ၍၎င်း၊ စပါးခွံ ဖွဲဟောလုပ်၏။ မကောင်း။ နုပ်နုပ်ဖွဲဖွဲဟော မှတ်)။

(၁၄၇) ဝေါ၊ သင်တို့ကို။ ပဟာယ၊ စွန့်ပစ်၍။ ဂမိဿာမိ၊ နိဗ္ဗာန်ကျွန်းသို့, ယွန်းတောအံ့။ အဇ္ဇ၊ ယခုနေ့။ နော၊ ငါတို့ကို။ မာ ဝိကန္တိံသု၊ မခုတ်မလှီးစေကုန်လင့်။ ဝေါ၊ သင်တို့အား။ ဓမ္မံ ကို။ ဒေသေဿာမိ၊ ဟောအံ့။ နော၊ ငါတို့အား။ ရဇ္ဇေန၊ ပြည်စည်းစိမ်ကို။ သံဝိဘဇေထ၊ ဝေဖန်ပါကုန်။ ဝေါ၊ သင်တို့၏။ ပကတိယာ၊ ပင်ကိုယ်ရင်းသဘောဖြင့်။ တုဋ္ဌော၊ နှစ်သက်သည်။ အသ္မိ၊ ဖြစ်၏။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ဘဂဝါ၊ သည်။ အနုပ္ပတ္တော၊ ရောက်တော်မူလာ၏။ တုမှာကံ၊ သင်တို့အား၊ တို့၏။ ဘယံ၊ ကြောက်ခြင်းသည်။ နော သိယာ၊ မဖြစ်ရာ။ ဧသော၊ ဤသူသည်။ အမှာကံ၊ တို့၏။ သတ္ထာ၊ တည်း။

(၁၄၈) တေ၊ သင်အား။ ပဉ္စ၊ ကုန်သော၊ ဂါမ-ဝရာနိ၊ ရွာစားဆုလာဘ်တို့ကို။ ဒဒါမိ၊ ပေး၏။ မေ၊ အား။ ဂါမ-ဝရံ၊ ရွာစားဆုလာဘ်ကို။ ဒဒါဟိ၊ ပေးတော်မူလော။ ဣဒံ၊ ဤတိုင်းနိုင်ငံသည်။

(၁၄၉) **န အံမှိ॥** အံမှိ၊ ကြောင့်။ ပဒတော ပရေသံ၊ ကုန်သော။ သ-ဝိဘတ္တီနံ။ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တေ-မေ၊ တို့သည်။ န၊ မဖြစ်ကုန်။

ပဿေယျ တံ၊ သော မံ။ ပုံစံ။

(၁၅၀) **ဝါ တတိယေ စ॥** ဧကဝစနေ၊ ဧကဝုစ်ဖြစ်သော။ တတိယေ စ၊ တတိယာဝိဘတ်ကြောင့်လည်း။ ပဒတော ပရေသံ၊ ကုန်သော။ သ-ဝိဘတ္တီနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ တေ-မေ၊ တို့သည်။ ဝါ၊ အချို့၊ ဟောန္တိ၊ ကုန်၏။

ကတံ တေ ပါပံ၊ တယာ ဝါ၊ ကတံ မေ ပုညံ၊ မယာ ဝါ။ ပုံစံ။

(၁၅၁) **ဗဟု- ဝစနေသု ဝေါ-နော॥** ဗဟု-ဝစနေသု၊ ဗဟုဝုစ်ဖြစ်ကုန်သော။ တတိယေသု၊ တတိယာ ဟိ-တစ်လုံးတို့ကြောင့်။ ပဒတော ပရေသံ၊ ကုန်သော။ သ-ဝိဘတ္တီနံ၊ ကုန်သော။ တုမှ'မှာကံ၊ တို့၏။ ဝေါ-နော၊ တို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

ကတံ ဝေါ ကမ္မံ၊ ကတံ နော ကမ္မံ။ ပုံစံ။

ဗဟုဝုစ် သု ဝိဘတ်သဒ္ဒါလွှန်ဖြင့် ပဌမာယော- ကြောင့် ဝေါ, နော- ပြု ဂါမံ ဝေါ ဂစ္ဆေယျာထ၊ ဂါမံ နော ဂစ္ဆေယျာမ။ ပုံစံ။

---

တေ၊ သင်၏။ ရဋ္ဌံ၊ တိုင်းခရိုင်နိုင်ငံတည်း။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ ပုတ္တော၊ သားတည်း။ ဣဒံ၊ ဤဥစ္စာကို။ တုယှံ၊ အား။ ဒမ္မိ ၏။ မမ၊ ငါ၏။ ဝစနံ၊ ကို။ သုဏာထ၊ နာကြကုန်။

ဂါထာတို့၏ ဒုတိယပါဒါဒိအစကို ပဌမပါဒါဒိနောက်ဖြစ်သော်လည်း ပဒတော ပရ-ဟု မယူအပ်။ ရူပသိဒ္ဓိ၌ကား ပဒတောပရ- ယူ၍ နဝါသဒ္ဒါဖြင့် မြစ်လေသည်။ သဂ္ဂတနှင့်မညီ။

နဝါ'ဓိကာရတော စေ'တ္ထ၊ ဝေါ-နော-တေ-မေ-တိ-အာဒယော။
ပါဒါ'ဒေါ စ စ-ဝါ-ဧဝါ- ဒိ-ယောဂေ စ န ဟောန္တိ တေ॥ ॥ (ရူပသိဒ္ဓိ၊ ၁၁၆။)

ယထာ -

န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။
တုယှဉ္စာပိ မဟာ-ရာဇ၊ မယှဉ္စ ရဋ္ဌ-ဝဍ္ဎန။ ॥

ဧဝ'မိဒံ ဒီယ'မဒ္ဒါနိ သန္တာ၀ိတံ သံသရိတံ မမ'ဥ္စ'ဝ တုမှာကဥ္စာ'တိ။ (ရူပသိဒ္ဓိ၊ ၁၁၆။)

**(၁၅၂) ပုမ'န္တဿာ' သိမှိ။** သိမှိ၊ ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ပုမ'န္တဿ၊ ပုမ-၏ အစိတ် အ-၏။ အာ၊ အာ-အဖြစ်သည်။ ဟောတိ၊ ၏။

အန္တ- သဒ္ဒါလွန်ဖြင့် မဃဝ, ယုဝ- စသည်တို့၏ အစိတ်ကိုပြု၊ ပုမာ၊ မဃဝါ၊ ယုဝါ။ ပုံစံ။

**(၁၅၃) အ'မာလပနေ'က– ဝစနေ။** ဧက-ဝစနေ၊ ဧကဝုစ်ဖြစ်သော။ အာလပနေ၊ အာလုပ်ဝိဘတ်ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ပုမ'န္တဿ၊ ၏။ အံ၊ အံ- ပြုသည်။ ဟောတိ၊ ၏။

ဟေ ပုမံ။ ပုံစံ။

**(၁၅၄) သမာသေ စ ဝိဘာသာ။** သမာသေ စ၊ သမာသ်၌လည်း။ ဧကဝစနေ၊ သော။ အာလပနေ၊ ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ပုမ'န္တဿ၊ ၏။ အံ၊ သည်။ ဝိဘာသာ၊ ချို့။ ဟောတိ၊ ၏။

ဟေ ဣတ္ထိပုမံ၊ ဣတ္ထိပုမ, ဣတ္ထိပုမာ။ ပုံစံ။

ဣတ္ထိ စ ပုမာ စ နပုံသက'ဥ္စ ဣတ္ထိ-ပုမ-နပုံသကံ၊ ပုမ-နပုံသကာနိ ကား-သမာသမဖျှ၌ နလာ၍ ဝါ-နဒွေဘော်ပြု၍ ပြီးသည်။ ကစ္စာယနဝုတ္တိကာရ ဆရာသည် သုတ္တကာရဆရာ၏ အာဘော်ကို မသိ။ သီဟိုဠ်မူ၌ကား မ- ကို အံ- ပြု၍ ဣတ္ထိ ပုံ'နပုံသက- ရှိ၏။

စ- သဒ္ဒါ အနုကမ္မန၊ အံ- ကိုငင်၏။

**(၁၅၅) ယောသွာ'နော။** ယောသု၊ တို့ကြောင့်။ သ-ဝိဘတ္တိဿ၊ သော။ ပုမ'န္တဿ၊ ၏။ အာနော၊ အာနော-ပြုသည်။ ဟောတိ၊ ၏။

ပုမာနော။ ပုံစံ။

ယက္ခော တု ရက္ခသေ သက္ကေ၊ သတ္တေ ခီဏာသဝေ သုရေ။ ။

ဂန္ဓဗ္ဗ၊ ဂန္ဓဗ္ဗနတ်၊ စောင်းသမား၊ ဝမ်းတိုက်သွားမည့် သူငယ်။ ကိန္နရ၊ ကိန္နရာ။ မနုဿ၊ လူ။ ပိသာစ၊ မြေပုံဘီလူး။ ပေတာ၊ ပြိတ္တာတို့။ မာတင်္ဂ၊ ဆင်။ ဇင်္ဂမ၊ သွားတတ်သသူ။ တုရင်္ဂ၊ မြင်း။ ဝရာဟ၊ တောဝက်။ သီဟာ၊ ခြင်္သေ့တို့။ ဗျဂ္ဃ၊ ကျား။ အစ္ဆ၊ ဝံသတ္တဝါ။ ကစ္ဆပ၊ လိပ်သတ္တဝါ။ တရစ္ဆ၊ အောင်း။ မိဂ၊ သားသမင်။ အဿ၊ မြင်း။ သောနာ၊ ခွေးတို့။

၂။ အာလောက၊ အလင်း။ လောက၊ လောကသုံးပါး။ နိလယ၊ နေရာအိမ်။ အနိလ၊ လေ။ စာဂ၊ စွန့်ကြဲခြင်း။ ယောဂါ၊ အားထုတ်ခြင်း၊ ယှဉ်ခြင်းတို့။ ဝါယာမ၊ လုံ့လ။ ဂါမ၊ ရွာ၊ အပေါင်း။ နိဂမ၊ နိဂုံး။ အာဂမ၊ အာဂုမ်ပါဌ်။ ဓမ္မ၊ တရား။ ကာမာ၊ အလိုတို့။ သံဃ၊ အပေါင်း။ ဩဃ၊ ရေယဉ်။ ဃောသ၊ ကြွေးကြော်သံ။ ပဋိဃ၊ အမျက်ဒေါသ။ အာသဝ၊ အာသဝေါလေးပါး။ ကောဓ၊ အမျက်။ လောဘာ၊ လိုချင်ခြင်းတို့။ သာရမ္ဘ၊ ချုပ်ချယ်စော်ကားခြင်း။ ထမ္ဘ၊ ခက်ထန်ခြင်း။ မဒ၊ ယစ်မူးခြင်း။ မာန၊ ထောင်လွှားခြင်း။ ပမာဒ၊ မေ့လျော့ခြင်း။ မက္ခာ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းတို့။

၃။ ပုန္နာဂ-ပူဂ-ပနသာ'သန-စမ္ပက'မ္ဗာ၊
ဟိန္တာလ-တာလ-ဗကုလ'ဇ္ဇုန-ကိံ သုကာ စ။
မန္ဒာရ-ကုန္ဒ-ပုစိမန္ဒ-ကရဉ္ဇ-ရုက္ခာ၊
ဂိဇ္ဈော မယူရ-သကုန-ဏ္ဍဇ-ကောဉ္စ-ဟံသာ။ ။ (ရှု ၅၂။)

## ၂ - မနောဂိုဏ်းစု၌

❀ နာ, သ, သို, ဝိ၊ သာ, သော, သိ-ဆုံး၊ ကြိယာ- ကံ၊ ဩ-ခံ ဝိကပ်၊
သမာသ်, တဒ္ဓိ၊ လယ် ဩ-ရှိ၊ တိဝိ မနောဂိုဏ်း လက္ခဏာ။

ဟူသော လက္ခဏာသုံးပါးရှိသော သဒ္ဒါအပေါင်းသည် မနောဂိုဏ်းမည်၏။

မနသာ၊ မနသော၊ မနသိ၊ မနော ဉတွာ၊ မနော-ဓာတု၊ မနော-မယံ။ ပုံစံ။

* မနော ဝစော ဝယော တေဇော၊
တပေါ စေတော တမော ယသော။
အယော ပယော သိရော ဆန္ဒော၊
သရော ဉရော ရဟော အဟော။ ။ (ရှု ၅၃။)

ဤတစ်ဆယ့်ခြောက်ပုဒ်တို့သည် လက္ခဏာ သုံးပါးရှိသော မနောဂိုဏ်းမည်၏။

---

၃။ ပုန္နာဂ၊ ပုန်းညက်ပင်။ ပူဂ၊ ကွမ်းသီးပင်။ ပနသ၊ ပိန္နဲပင်။ အသန၊ ပိတောက်ပင်။ စမ္ပက၊ စကားပင်။ အမ္ဗ၊ သရက်ပင်တို့။ ဟိန္တာလ၊ ခနုန်းပင်။ တာလ၊ ထန်းပင်။ ဗကုလ၊ ခယားပင်။ အဇ္ဇုန၊ ထောက်ကြန့်ပင်။ ကိံသုက၊ ပေါက်ပင်တို့။ မန္ဒာရ၊ နတ်၌ဖြစ်သော ထင်းရှားပင်, ကသစ်ပင်။ ကုန္ဒ၊ သင်းခွေပင်။ ပုစိမန္ဒ၊ တမာပင်။ ကရဉ္ဇ၊ သင်းဝင်ပင်။ ရုက္ခ၊ သစ်ပင်တို့။ ဝါ၊ ကရဉ္ဇ-ရုက္ခ၊ သင်းဝင်ပင်တို့။ ဂိဇ္ဈ၊ လင်းတ။ မယူရ၊ ဥဒေါင်း။ သကုန၊ ငှက်။ (နငယ်နှင့် ရှိစေ)။ အဏ္ဍဇ၊ ငှက်။ ကောဉ္စ၊ ကြိုးကြာ။ ဟံသာ၊ ဟင်္သာတို့။ (ဣတရီတရ ဒွန်ဖြစ်၍ ဗဟုဝုစ်ချသည်)

(၂-မ) မနသာ၊ စိတ်ဖြင့်။ မနသော၊ အား၊ ၏။ မနသိ၊ ၌။ မနော၊ စိတ်ကို။ ဉတွာ၊ သိ၍။ မနော-ဓာတု၊ မနောဓာတ်။ မနော-မယံ၊ စိတ်ဖြင့်ပြီးသည်။

* မနော၊ စိတ်။ ဝစော၊ စကား။ ဝယော၊ အရွယ်။ တေဇော၊ အစွမ်း, တန်းခိုး, မီး။ တပေါ၊ အကျင့်။ စေတော၊ စိတ်။ တမော၊ အမိုက်။ ယသော၊ အခြံအရံ, အကျော်အစော။ အယော၊ သံ။ ပယော၊ ရေ, နို့ရည်။ သိရော၊ ဦးခေါင်း။ ဆန္ဒော၊ ဆန်း, အလို, တဏှာ, ဆန္ဒစေတသိက်။ သရော၊ ရေအိုင်။ ဉရော၊ ရင်, စိတ်။ ရဟော၊ ဆိတ်ကွယ်ရာ။ အဟော၊ နေ့ရက်။

ဗိလံ ဗလံ ဒမော ဝါဟော၊
ထာမော ထာမံ ဇရော ဇရာ။
ပဒံ မုခံတျ'ဌာ'ဒျ'က်၊
ပုဏ္ဏာ မနောဂဏာဒိကော။

ဤဂါထာလာ ရှစ်ပုဒ်တို့သည် အစလက္ခဏာ တစ်ပါးသာရှိ၍ မနောဂဏာဒိဂိုဏ်းမည်၏။

ဗိလသာ၊ ဗိလသော၊ ဗိလသိ၊ ဗိလံ ပဝိသ ဇမ္ဗုကာ၊ ဗိလ-ဇာတော၊ ဗိလ-မယော။ ပုံစံ။

ထာမ-သဒ္ဒါ၌ နာ, သ, သ္မာ, သ- လေးလုံးနှောင်းရာဝယ်၊ ထာမုနာ၊ ထာမသော၊ ထာမုနော၊ ထာမုနာ၊ ထာမုနော- ဟု ငါးရုပ်ပို၏။

အာပေါ စ သရဒေါ ဝါယော၊ ရဇော ရဇ'န္တိအာဒယော။
အန္တ'က်-ဒွယ-သမ္ပုန္နာ၊ မနောဂဏာဒိကော မတာ။ ။

ဤဂါထာလာပုဒ်တို့လည်း အဆုံးလက္ခဏာ နှစ်ပါးသာရှိ၍ မနောဂဏာဒိဂိုဏ်းမည်၏။

အာပေန၊ အာပသာ၊ အာပသို၊ အာပေါ ပိတွာ၊ အာပေါ-ဓာတု၊ အာပေါ မယံ။ ပုံစံ။

(၎င်း ရုပ်တို့ကို မနောဂဏာဒိတော၊ သသာစော၊ သသရေ ဝါ'ဂမော၊ အံဝစနသော၊ ဧတေ သမော လောပေ- သုတ်တို့ဖြင့် စီရင်၊ ကြွင်းသောရုပ်တို့ကား လိင်အားလျော်စွာ ပုရိသ, စိတ္တ, ကညာ-တို့နှင့် တူကုန်၏။ ပဒမာလာ စဉ်လေ)။

---

ဗိလံ၊ တွင်း။ ဗလံ၊ အားစွမ်း, စစ်သည်ဗိုလ်ပါ, အာဏာ။ ဒမော၊ ဣန္ဒြေကိုဆုံးမခြင်း။ ဝါဟော၊ လှည်းမြင်း, အတင်းရှစ်ဆယ် တစ်ဝါဟ။ ထာမော၊ ထာမံ၊ အားစွမ်း။ ဇရော၊ ဖျားနာ။ ဇရာ၊ အိုခြင်း။ ပဒံ၊ ပုဒ်, နိဗ္ဗာန်, ခြေရာ, ခြေ။ မုခံ၊ မျက်နှာ, ခံတွင်း။ ဣတိ ဣမေ အဋ္ဌ ဤရှစ်ပုဒ်တို့သည်။ အာ'ဒျက်ပုဏ္ဏာ၊ အစလက္ခဏာတစ်ပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍။ မနောဂဏာဒိကော၊ မနောဂဏာဒိဂိုဏ်း မည်၏။

အာပေါ၊ ရေ။ သရဒေါ၊ နှစ်, သရဒဥတု။ ဝါယော၊ လေ။ ရဇော၊ ရဇံ၊ မြူမှုန်။ ဥတု၊ သွေး။ ဣတိအာဒယော၊ ဤသို့အစရှိသည်တို့ကိုလည်း။ အန္တ'က် ဒွယ-သမ္ပုန္နာ၊ အဆုံးလက္ခဏာနှစ်ပါးနှင့် ပြည့်စုံကုန်သည်ဖြစ်၍။ မနောဂဏာဒိကော၊ ဟူ၍။ မတာ၊ သိအပ်ကုန်၏။

## ၃ - ဂုဏဝါဒိဂိုဏ်း၌

| | |
|---|---|
| ဘော ဂုဏဝံ, ဂုဏဝ, ဂုဏဝါ | ဘောန္တော ဂုဏဝန္တာ, ဂုဏဝန္တော, ဂုဏဝန္တိ, ဂုဏဝန္တာနိ |
| ဂုဏဝါ, ဂုဏဝံ | ဂုဏဝန္တာ, ဂုဏဝန္တော, ဂုဏဝန္တိ, ဂုဏဝန္တာနိ |
| ဂုဏဝံ, ဂုဏဝန္တံ | ဂုဏဝန္တေ, ဂုဏဝန္တိ, ဂုဏဝန္တာနိ |
| ဂုဏဝတာ, ဂုဏဝန္တေန | ဂုဏဝန္တေဟိ, ဂုဏဝန္တေဘိ |
| ဂုဏဝဿ, ဂုဏဝတော, ဂုဏဝန္တဿ | ဂုဏဝတံ, ဂုဏဝန္တာနံ |
| ဂုဏဝတာ, ဂုဏဝန္တသ္မာ, ဂုဏဝန္တမှာ, ဂုဏဝန္တာ | ဂုဏဝန္တေဟိ, ဂုဏဝန္တေဘိ |
| ဂုဏဝဿ, ဂုဏဝတော, ဂုဏဝန္တဿ | ဂုဏဝတံ, ဂုဏဝန္တာနံ |
| ဂုဏဝတိ, ဂုဏဝန္တသ္မိံ, ဂုဏဝန္တမှိ, ဂုဏဝန္တေ | ဂုဏဝန္တေသု |

ဟု အကျယ်လေးဆယ့်သုံးရုပ်ဖြစ်၏။ တစ်နက် ကိုးရုပ်၊ နှစ်နက် ဆယ့်တစ်ရုပ်၊ သုံးနက် လေးရုပ်၊ ပေါင်း အကျဉ်းနှစ်ဆယ့်လေးရုပ်တည်း။

(၎င်း ရုပ်တို့ကို အဝဏ္ဏာ စ ဂေ၊ န္တုဿ န္တော ယောသု စ- ၎င်းသုတ်၌ စ-သဒ္ဒါ၊ အန္တ-သဒ္ဒါ၊ ယောနံ နိ နပုံသကေဟိ၊ အာ သိမှိ၊ အံ နပုံသကေ၊ သဗ္ဗဿ ဝါ အံ သေသု၊ တော-တိ-တာ၊ န္တဿ သေဝါ၊ နံမှိ တံဝါ- စသော သုတ်တို့ဖြင့် စီရင်)။

ဝန္တု, မန္တု, တဝန္တု, တာဝန္တု, အာဝန္တု, ဣမန္တု- ပစ္စည်းအဆုံးရှိသော ပညဝါ၊ ရသ္မိဝါ၊ မဿုဝါ၊ သတိမာ၊ ဟိရီမာ၊ ဓီမာ၊ စက္ခုမာ၊ ဂေါမာ၊ ဘုတ္တဝါ ဧတ္တာဝါ၊ ယာဝါ၊ တာဝါ၊ စန္ဒိမာ၊ ပါပိမာ- အစရှိသည်တို့လည်း နည်းတူ။

---

(၃-၇) ဘောဂုဏဝံ၊ ဂုဏဝ၊ ဂုဏဝါ၊ အိုဂုဏ်ရှိသောသူ။ (စသည်ဖြင့် ဝိဘတ်, ဝုစ်တို့ကို ဆင်ခြင်၍ အနက်ပေး)။

ပညဝါ၊ ပညာရှိသသူ။ ရသ္မိဝါ၊ အရောင်ရှိသသူ။ မဿုဝါ၊ မုတ်ဆိတ်မွေးရှိသသူ။ သတိမာ၊ သတိရှိသသူ။ ဟိရီမာ၊ ရှက်ခြင်းရှိသသူ။ ဓီမာ၊ ပညာရှိသသူ။ စက္ခုမာ၊ မျက်စိငါးပါးရှိသော ဘုရား။

## ၄ - ပုမာဒိဂိုဏ်း၌

| | |
|---|---|
| ဟေ ပုမံ | ဘဝန္တော ပုမာနော |
| ပုမာ | ပုမာနော |
| ပုမံ | ပုမာနော |
| ပုမုနာ, ပုမာနာ, ပုမေန | ပုမာနေဟိ, ပုမာနေဘိ |
| ပုမုနော, ပုမဿ | ပုမာနံ |
| ပုမုနာ, ပုမသ္မာ, ပုမမှာ, ပုမာ | ပုမာနေဟိ, ပုမာနေဘိ |
| ပုမုနော, ပုမဿ | ပုမာနံ |
| ပုမာနေ, ပုမသ္မိံ, ပုမမှိ, ပုမေ | ပုမာသု, ပုမေသု |

ဟု အကျယ်နှစ်ဆယ့်ကိုးရုပ်ဖြစ်၏။ တစ်နက် ဆယ်ရုပ်၊ နှစ်နက် ရှစ်ရုပ်၊ သုံးနက် တစ်ရုပ်၊ ပေါင်း အကျဉ်းတစ်ဆယ့်ကိုးရုပ်တည်း။

(၎င်း ရုပ်တို့ကို အမာလပနေကဝစနေ၊ ယောသ္မာနော၊ ပုမန္တဿာ သိမှိ၊ ဥ နာမှိ စ- ၎င်း၌ စ-သဒ္ဒါ၊ ဟိဝိဘတ္တိမှိ စ၊ ဣဝဏ္ဏုဝဏ္ဏာဈလာ၊ ဈလတော သဿ နော ဝါ၊ ဈလတော စ၊ အာနေ သ္မိံမှိ ဝါ၊ သုသ္မိမာ ဝါ- စသော သုတ်တို့ဖြင့် စီရင်)။

ယုဝ-သဒ္ဒါ၌ကား အာနေ, အာနော, အံ, ဥ- ကာရိယလေးခုတို့ကို ကြဉ်ထား၍ ဟိဝိဘတ္တိမှိ စ- ၌ စ-သဒ္ဒါဖြင့် ဝိဘတ်ခုနစ်သွယ်ကြောင့် ယုဝ-၏ အစိတ် အ-ကို ဝိကပ် အာန-ပြု၍-

---

ဂေါမာ၊ နွားရှိသသူ။ ဘုတ္တာဝါ၊ စားပြီးသသူ။ ဧတ္တာဝါ၊ ဤမျှအတိုင်းအရှည်ရှိသည်။ ယာဝါ၊ အကြင်မျှ အတိုင်းအရှည်ရှိသည်။ တာဝါ၊ ထိုမျှ အတိုင်းအရှည်ရှိသည်။ စန္ဒိမာ၊ လ။ ပါဝိမာ၊ မာရ်နတ်။

(၄-ပုမာ) ဟေ ပုမံ၊ အိုယောက်ျား။ ဘဝန္တော ပုမာနော၊ အိုယောက်ျားတို့။ (စသည်ဖြင့် ဝိဘတ်, ဝုစ်တို့ကို မှတ်၍ ပေး)။ ဘော ယုဝါန, ယုဝါနာ, ယုဝ, ယုဝါ၊ အိုလုလင်ပျို။ (စသည်ပေး)

မဟီယတေ ပူဇီယတေ'တိ မဃဝါ။ မဟဓာတ် အပစ္စည်း၊ ဟ-ကို ဃ-ပြု၊ ဝ-လာ၊ ပုမာဒိဂိုဏ်း ဖြစ်၏။ မဟန့် မဃော၊ မဃော အဿ'တ္ထီ'တိ မဃဝါ- ပြုလျှင် ဂုဏဝါဒိဂိုဏ်းဖြစ်၏။

မဃဝါ၊ ပူဇော်အပ်သော သိကြား။ ဝါ၊ များသော ပူဇော်ခြင်းရှိသော သိကြား။ ဝါ၊ ရှေးဘဝ၌ မာဃအမည်ရှိသော သိကြား။ ဤနောက်အနက်ကား -

| | |
|---|---|
| ဘော ယုဝါန, ယုဝါနာ, ယုဝ, ယုဝါ | ဘဝန္တော ယုဝါနာ, ယုဝါ |
| ယုဝါနော, ယုဝါ | ယုဝါနာ, ယုဝါ |
| ယုဝါနံ, ယုဝံ | ယုဝါနေ, ယုဝေ |
| ယုဝါနေန, ယုဝါနာ, ယုဝေန | ယုဝါနေဟိ, ဘိ, ယုဝေဟိ, ဘိ |
| ယုဝါနဿ, ယုဝဿ | ယုဝါနာနံ, ယုဝါနံ |
| ယုဝါနသ္မာ, ယုဝါနမှာ, ယုဝါနာ, | |
| ယုဝသ္မာ, ယုဝမှာ, ယုဝါ | ယုဝါနေဟိ, ဘိ, ယုဝေဟိ, ဘိ |
| ယုဝါနဿ, ယုဝဿ | ယုဝါနာနံ, ယုဝါနံ |
| ယုဝါနသ္မိံ ယုဝါနမှိ, ယုဝါနေ, | |
| ယုဝသ္မိံ, ယုဝမှိ, ယုဝေ | ယုဝါနေသု, ယုဝါသု, ယုဝေသု |

ဟု အကျယ်လေးဆယ့်ရှစ်ရုပ်ဖြစ်၏။ တစ်နက် တစ်ဆယ့်ခုနစ်ရုပ်၊ နှစ်နက် ကိုးရုပ်၊ သုံးနက် တစ်ရုပ်၊ ငါးနက် နှစ်ရုပ်၊ ပေါင်း အကျဉ်းနှစ်ဆယ့်ကိုးရုပ်တည်း။ မဃဝ-သဒ္ဒါလည်း နည်းတူ။ ဝန္တု- ပစ္စည်း သက်မူကား ဂုဏဝါဒိဂိုဏ်းဖြစ်၏။

## ၅- ဂစ္ဆန္တာဒိ ဂိုဏ်း၌

ပထမာသိ-ကြောင့် "သိမှိ ဂစ္ဆန္တာဒီနံ" ဝိကပ် အံ-ပြု၍၊ ဂစ္ဆံ ဂစ္ဆာန္တော-ဟု ဖြစ်၏။

သန္တ-သဒ္ဒါ၌ ဟိ-ကြောင့် သန္တသဒ္ဒဿ သော- သုတ်ဖြင့် ဝိကပ် စီရင်၍ သဗ္ဘိ၊ သန္တေဟိ၊ သန္တေဘိ-ဟု ဖြစ်၏။

---

သက္ကော ခေါ မဟာလိ ပုဗ္ဗေ မနုဿ-ဘူတော မာဃော နာမ မာဏဝေါ အဟောသိ။

စသော ပါဠိတော်နှင့်အညီ မာဃော ဣတိ-နာမံ ယဿာ'တိ မဃဝါ- ဟုပြု၊ ရှေ့အနက်ကား သက္ကတနှင့် အညီတည်း။

(၅-ဂစ်) ဂစ္ဆံ၊ ဂစ္ဆန္တော၊ သွားသောသူ။ သဗ္ဘိ၊ သန္တေဟိ၊ သန္တေဘိ၊ သူတော်ကောင်းတို့ဖြင့်၊ ထင်ရှားရှိသော တရားတို့ဖြင့်၊ ချီးမွမ်းအပ်သော တရားတို့ဖြင့်။ ဘော၊ အိုအရှင်။ (စသည်ပေး။ ကစ္စည်း စာကိုယ်၌ ပါသော-ဩ ဘာဝေါ ကွစိ ယောသု ဝကာရဿ၊ ဘဒန္တဿ ဘဒ္ဒန္တ-ဘန္တေ- ဟူသော

ဘဝန္တ-သဒ္ဒါ၌ ဘောဝေတု- သုတ်ရင်း၊ တု-သဒ္ဒါတို့ဖြင့် စီရင်၍၊ ဂသိ-နှောင်းရာ၌ ဘော၊ ဘန္တေ၊ ဘောန္တ၊ ဘောန္တာ၊ ဘဒန္တ၊ ဘဒန္တာ၊ ဘဒ္ဒန္တ၊ ဘဒ္ဒန္တာ၊ ဘဒန္တေ၊ ဆယ်ရုပ်။ အာလုပ် ယော-၌ ဘန္တေ၊ ဘောန္တော၊ ဘောန္တာ၊ ဘဒန္တာ၊ ဘဒ္ဒန္တာ၊ ငါးရုပ်။ ပထမာ ယော-၌ နောက်လေးရုပ်။ ဒုတိယာ ယော-၌ ဘောန္တေ၊ ဘဒန္တေ၊ ဘဒ္ဒန္တေ၊ သုံးရုပ်။ နာ-၌ ဘောတာ။ သ-၌ ဘောတော-ဟု ဖြစ်၏။ ကြွင်းအလုံးစုံမှာ သေသေသွန္တုဝ- သုတ်ဖြင့် န္တ-ကို န္တု-ကဲ့သို့ငဲ့၍ ဂုဏဝါဒိဝိုဏ်းနှင့် တူစွာ ပဒမာလာဖြစ်၏။

## ၆- ရာဇာဒိဝိုဏ်း၌

| | |
|---|---|
| ဘော ရာဇ, ရာဇာ | ဘဝန္တော ရာဇာနော |
| ရာဇာ | ရာဇာနော |
| ရာဇာနံ, ရာဇံ | ရာဇာနော |
| ရညာ, ရာဇေန | ရာဇူဟိ, ဘိ, ရာဇေဟိ, ဘိ |
| ရညော, ရာဇိနော | ရညံ, ရာဇူနံ, ရာဇာနံ |
| ရညာ, ရာဇသ္မာ, ရာဇမှာ | ရာဇူဟိ, ဘိ, ရာဇေဟိ, ဘိ |
| ရညော, ရာဇိနော | ရညံ, ရာဇူနံ, ရာဇာနံ |
| ရညေ, ရာဇိနိ | ရာဇူသု, ရာဇေသု |

ဟု အကျယ် သုံးဆယ့်ငါးရုပ်ဖြစ်၏။ တစ်နက် ကိုးရုပ်၊ နှစ်နက် ဆယ်ရုပ်၊ သုံးဆယ့် နှစ်ရုပ်၊ ပေါင်း အကျဉ်း နှစ်ဆယ့်တစ်ရုပ်တည်း။ (၎င်း ရုပ်တို့ကို သျာ စ၊ ယောနမာနော၊ ဗြဟ္မတ္တသခ၊ နာမှိ ရညာ ဝါ၊ ရာဇဿ ရာဇု ရာဇဿ ရညော၊ ရညံ နံမှိဝါ၊ အမှ-တုမှ-န္တ၊ သ္မိမှိ ရညေ ရာဇိနိ- ဤကိုးသုတ် စသည်တို့ဖြင့် စီရင်)။

---

နှစ်သုတ်ကို အပို ဟု ဉာဏ်ပယ်ချသည်ကို ရူပသိဒ္ဓိကောက်၍ ဝ-ကို ဩ-ပြု၏။ ဘဒ္ဒန္တကိုလည်း ပုဒ်သီးယူ၍ ပုရိသနည်းတူ ရုပ်စဉ်၏။ သဒ္ဒနီတ၌လည်း ပုဒ်သီးပင်၊ ဘောန္တ, ဘဝန္တ-ဟု သဒ္ဒါနှစ်မျိုးကို ဂစ္ဆန္တနည်းတူ ရုပ်စဉ်၍ အကျယ်ကိုးဆယ်ကျော် ဖြစ်သင့်၏)။

(၆-ရာဇာ) ဘော ရာဇ၊ ရာဇာ၊ အိုမင်း။ ဘော ဗြဟ္မ၊ အိုဗြဟ္မာ။ ဘော အတ္တ၊ အတ္တာ၊ အိုကိုယ်။ ဘော သခ၊ သခါ၊ သခိ၊ သခီ၊ သခေ၊ အိုအဆွေခင်ပွန်း။ အာတုမ၊ ကိုယ်။ (စသည်ပေး)။

## ဗြဟ္မ- သဒ္ဒါ၌

| | |
|---|---|
| ဘော ဗြဟ္မေ | ဘဝန္တော ဗြဟ္မာနော |
| ဗြဟ္မာ | ဗြဟ္မာနော |
| ဗြဟ္မာနံ, ဗြဟ္မံ | ဗြဟ္မာနော |
| ဗြဟ္မုနာ | ဗြဟ္မေဟိ, ဘိ |
| ဗြဟ္မုနော, ဗြဟ္မဿ | ဗြဟ္မူနံ, ဗြဟ္မာနံ |
| ဗြဟ္မုနာ | ဗြဟ္မေဟိ, ဘိ |
| ဗြဟ္မုနော, ဗြဟ္မဿ | ဗြဟ္မူနံ, ဗြဟ္မာနံ |
| ဗြဟ္မနိ | ဗြဟ္မေသု |

ဟု အကျယ် နှစ်ဆယ့်သုံးရုပ်ဖြစ်၏။ တစ်နက် ငါးရုပ်၊ နှစ်နက် ခြောက်ရုပ်၊ သုံးနက် နှစ်ရုပ်၊ ပေါင်း အကျဉ်းတစ်ဆယ့်သုံးရုပ်တည်း။

(၎င်း ရုပ်တို့ကို ဗြဟ္မတော ဂဿ စ၊ ဥတ္တံ သနာသု- ၎င်း၌ ဥတ္တံ ယောဂဝိဘာဂ၊ ဘာဝနိဒ္ဒေသ၊ ဗြဟ္မတော တုသ္မိံ- စသည်တို့ဖြင့် စီရင်)။

## အတ္တ- သဒ္ဒါ၌

| | |
|---|---|
| ဘော အတ္တ အတ္တာ | ဘဝန္တော အတ္တာနော |
| အတ္တာ | အတ္တာနော |
| အတ္တာနံ အတ္တံ | အတ္တာနော |
| အတ္တနာ, အတ္တေန | အတ္တနေဟိ, ဘိ |
| အတ္တနော | အတ္တာနံ |
| အတ္တနာ | အတ္တနေဟိ, ဘိ |
| အတ္တနော | အတ္တာနံ |
| အတ္တနိ | အတ္တေသု |

ဟု အကျယ် နှစ်ဆယ့်တစ်ရုပ်ဖြစ်၏။ တစ်နက် ငါးရုပ်၊ နှစ်နက် ငါးရုပ်၊ သုံးနက် နှစ်ရုပ်၊ ပေါင်း အကျဉ်းတစ်ဆယ့်နှစ်ရုပ်တည်း။

(၎င်း ရုပ်တို့ကို အကမ္မန္တဿ စ- သုတ်၌ စ-သဒ္ဒါ၊ အတ္တ’န္တော ဟိသ္မိ’မနတ္တံ၊ သဿနော၊ သ္မာနာ၊ တတော သ္မိံ နိ- စသည်တို့ဖြင့် စီရင်)။

## သခ- သဒ္ဒါ၌

| | |
|---|---|
| ဘော သခ, သခါ, သခိ, သခီ, သခေ | ဘ၀န္တော သခါနော, သခါယော, သခိနော |
| သခါ | သခါနော, သခါယော, သခိနော |
| သခါနံ, သခါရံ, သခံ | သခါနော, သခါယော, သခိနော |
| သခိနာ | သခါရေဟိ, ဘိ, သခေဟိ, ဘိ |
| သခိနော, သခိဿ | သခီနံ, သခါရာနံ |
| သခိနာ | သခါရေဟိ, ဘိ, သခေဟိ, ဘိ |
| သခိနော, သခိဿ | သခီနံ, သခါရာနံ |
| သခေ | သခါရေသု, သခေသု |

ဟု အကျယ်သုံးဆယ့်ကိုးရုပ်ဖြစ်၏။ တစ်နက် ရှစ်ရုပ်၊ နှစ်နက် ဆယ်ရုပ်၊ သုံးနက် နှစ်ရုပ်၊ ငါးနက် သခိနော- တစ်ရုပ်၊ ပေါင်း အကျဉ်းနှစ်ဆယ့်တစ်ရုပ်တည်း။

(၎င်း ရုပ်တို့ကို သခတော ဂဿေ ဝါ၊ သခတော စာ'ယောနော၊ သခန္တဿိ နောနာနံသေသု၊ သုနမံသု ဝါ၊ အာရော ဟိမ္ဟိ ဝါ၊ သ္မိမေ- ဤခြောက်သုတ် စသည်တို့ဖြင့် စီရင်)။

အာတုမ-သဒ္ဒါကား ပထမာ, ဒုတီယာ-တို့၌ အတ္တ-သဒ္ဒါနှင့်၊ တတီယာ-စသည်တို့၌ ပုရိသာ ဒိဂိုဏ်းနှင့် တူ၏။

## ၇ - သတ္ထာဒိဂိုဏ်း၌

| | |
|---|---|
| ဘော သတ္ထ, သတ္ထာ | ဘ၀န္တော သတ္ထာရော |
| သတ္ထာ | သတ္ထာရော |
| သတ္ထာရံ | သတ္ထာရော |
| သတ္ထာရာ, သတ္ထုနာ | သတ္ထာရေဟိ, ဘိ |
| သတ္ထု, သတ္ထုနော, သတ္ထုဿ | သတ္ထာရာနံ, သတ္ထာနံ |
| သတ္ထာရာ | သတ္ထာရေဟိ, ဘိ |
| သတ္ထု, သတ္ထုနော, သတ္ထုဿ | သတ္ထာရာနံ, သတ္ထာနံ |
| သတ္ထရိ | သတ္ထာရေသု |

---

(၇-သတ်) ဘော သတ္ထ၊ သတ္ထာ၊ အိုဆရာ။ ဘ၀န္တော သတ္ထာရော၊ အိုဆရာတို့။ သတ္ထာ၊ ဆရာသည်။ သတ္ထာရော၊ ဆရာတို့သည်။

ဟု အကျယ် နှစ်ဆယ့်ခြောက်ရုပ်ဖြစ်၏။ တစ်နက် ငါးရုပ်၊ နှစ်နက် ကိုးရုပ်၊ သုံးနက် သတ္ထာရော-တစ်ရုပ်၊ ပေါင်း အကျဉ်းတစ်ဆယ့်ငါးရုပ်တည်း။

(ဧင်း ရုပ်တို့ကို သတ္ထုပိတာဒီနာမာ၊ အဎ္ဍေသွာရတ္တံ၊ တတော ယောနမော တုံ၊ နာ အာ၊ ဥသသ္မိံ ဝါ နံမှိ သတ္ထုနတ္တဥ္စ၊ တတော သ္မိမိ၊ အာရော ရဿ'မိကာရေ- ဤကိုးသုတ် စသည်တို့ဖြင့် စီရင်)။

ကတ္တု ဘတ္တု ဝတ္တု နေတု၊ သောတု ဉာတု ဇေတု ဆေတု။
ဆေတ္တု နတ္တု ဒါတု ဓာတု၊ ဝိညာပေတု ဗောဒ္ဓု ဘောတ္တု။ ။

စသည်တို့၌ ကတ္တုနံ့, ကတ္တုသု- စသည် နှစ်ရုပ်စီသာ ပိုလွန်၏။

## ပိတု- သဒ္ဒါ၌ကား

ပိတာဒီန'မသိမှိ- သုတ်ဖြင့် အာရ-၏ အာ-ကို ရဿပြု၍ ပိတရော-စသည် ဖြစ်၏။ ပိတူဟိ, ဘိ၊ ပိတူနံ၊ ပိတူသု- ဤခုနစ်ရုပ်လည်း သတ္ထုထက် ပိုလွန်၏။ ထို့ကြောင့် အကျယ် သုံးဆယ့်သုံးရုပ်ဖြစ်၏။ တစ်နက် ခြောက်ရုပ်၊ နှစ်နက် ဆယ့်နှစ်ရုပ်၊ သုံးနက် တစ်ရုပ်၊ ပေါင်း အကျဉ်းတစ်ဆယ့်ကိုးရုပ်တည်း။ ဘာတု-စသည်လည်း နည်းတူ။

## မာတု- သဒ္ဒါဝယ်

နာ, သ္မာ-၌ မာတရာ, မာတုယာ, မတျာ၊ ဟိ-၌ မာတူဟိ, ဘိ၊ သ-၌ မာတု, မာတုယာ, မတျာ၊ သ္မိံ-၌ မာတရိ, မာတုယာ, မတျာ, မာတုယံ, မတျံ-ဟု ဖြစ်၏။ အကြွင်းမှာ ပိတု-သဒ္ဒါနှင့်တူ၏။

(ဧင်း ရုပ်တို့ကို ပတော ယာ၊ ဃပတော သ္မိံ ယံ ဝါ- သုတ်တို့ဖြင့် စီရင်၊ မတျာ, မတျံ-ပုဒ်တို့၌ တေသုဝုဒ္ဓိ-သုတ်ကြီးဖြင့် အာ-ကို ရဿပြု၊ ဥ-ကို ချေ၊ ဓီတု, ဒုဟိတု, နတ္တု-စသော ဣတ္ထိလိင်သဒ္ဒါတို့လည်း သုတ်ကြီးအစီအရင်ကို ချန်လှပ်၍ မာတု-သဒ္ဒါနှင့် တူကုန်၏)။

---

ကတ္တု၊ ပြုတတ်သသူ။ ဘတ္တု၊ လင်, အရှင်။ ဝတ္တု၊ ဆိုတတ်သသူ။ နေတု၊ ဆောင်တတ်သသူ။ သောတု၊ နားထောင်တတ်သသူ။ ဉာတု၊ သိတတ်သသူ။ ဇေတု၊ အောင်တတ်သသူ။ ဆေတု၊ ဖြတ်တတ်သသူ။ ဆေတ္တု၊ ဆေတ္တာသည်။ (ဘေတ္တု-ရှိလျှင်- ဖောက်ခွဲတတ်သသူ- ဟု ပေး)။ နတ္တု၊ မြေး။ ဒါတု၊ ပေးတတ်သသူ။ ဓာတု၊ ဆောင်တတ်သသူ။ ဝိညာပေတု၊ သိစေတတ်သသူ။ ဗောဒ္ဓု၊ သိတတ်သသူ။ ဘောတ္တု၊ စားတတ်သသူ။

ပိတု၊ အဘ။ ဘာတု၊ အစ်ကို။ မာတု၊ အမိ။ ဓီတု၊ ဒုဟိတု၊ သမီး။ နတ္တု၊ မြေးမ။

ဓာ ဓာရဏေ၊ ရိတု၊ မာတာပိတူဟိ ဓရီယတီတိ ဓီတာ။ က္လကာရဿ ဒီဃော။

(အဘိဓာန်ဋီကာ)။

## ၈ - စိတ္တာဒိဂိုဏ်း၌

သိ၊ အတော နိစ္စ၊ ယောသု ကတနိကာရလောပေသု ဒီဃံ- သုတ်တို့ဖြင့် စီရင်၍ သိ-၌ စိတ္တံ-ဟု ဖြစ်၏။ ယော-သုံးလုံးတို့၌ စိတ္တာနိ-ဟု ပုရိသာဂိုဏ်းထက် ပိုလွန်၏။

### အ- သဒ္ဒါ၌

အာ-ကို သရော ရဿော နပုံသကေ- ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် အမြဲရဿ-ပြု၍ စိတ္တ-နှင့် ပဒမာလာတူ၏။

### ကမ္မ- သဒ္ဒါဝယ်

နာ, သ, သ္မာ, သ, သ္မိံ- ငါးလုံးနှောင်းရာ၌ ဥနာမှိစ- ၌ စ-သဒ္ဒါ၊ ဗျလတော စ၊ အကမ္မန္တဿ စ၊ ပြဟ္မတောတု သ္မိံ နိ- ၌ တု-သဒ္ဒါဖြင့် စီရင်၍။ ကမ္မုနာ၊ ကမ္မနာ၊ ကမ္မုနော၊ ကမ္မနာ၊ ကမ္မုနော၊ ကမ္မနိ-ဟု စိတ္တ-ထက် ခြောက်ရုပ်ပိုလွန်၏။

မနောဂဏာဒိဂိုဏ်း၌လည်း ဝင်သော ထာမ-သဒ္ဒါဝယ်-

နာ, သ, သ္မာ-နှောင်းရာ၌ အကမ္မန္တဿ စ, ဟိဝိဘတ္တိမှိ စ- သုတ်တို့၌ အန္တ, စ-သဒ္ဒါ၊ ဗျလတော သဿ နော ဝါ၊ ဗျလတော စ၊ သော ဝါ- သုတ်တို့ဖြင့် စီရင်၍ ထာမုနာ၊ ထာမသော၊ ထာမုနော၊ ထာမုနာ- ဟူ၍လည်း ဖြစ်သေး၏။

ဤဆိုလတ္တံ့သည်တို့ကား ဉာဏ်ရှိသူကျက်ဖို့ရာ စိတ္တာဒိဂိုဏ်း သဒ္ဒါစုတို့တည်း။

၁။ စိတ္တ'မသဒ္ဓ'မာပါနံ၊ ပုညံ ပါပံ ပဒံ မုခံ။
လောဟာ'လာတံ ကုလံ ကူလံ၊ နလိနံ ပုလိနာ'ယုဓံ။
တုဏ္ဍာ'ဏ္ဍံ ပတ္တနံ ပီဌံ၊ ဘုဝနံ ဘဝနံ ဝနံ။ ။

---

(၈-စိတ်) ၁။ စိတ္တံ၊ စိတ်။ အ-သဒ္ဓံ၊ သဒ္ဓါတရားမရှိသော အမျိုး။ အာ'ပါနံ၊ သေတင်းကုပ်။ ပဒံ၊ ပုဒ်, နိဗ္ဗာန်, ခြေ-စသည်။ မုခံ၊ မျက်နှာ, ခံတွင်း, အကြောင်း, အဝ။ လောဟံ၊ သံ, ကြေး။ အလာတံ၊ မီးစ။ ကုလံ၊ အမျိုးလေးပါး။ ကူလံ၊ ကမ်းပါး, အပုံ, အထွတ်။ နလိနံ၊ ကြာ, မှော်, ရေ။ ပုလိနံ၊ သဲ။ အာယုဓံ၊ လက်နက်။ တုဏ္ဍံ၊ နှုတ်သီး။ အဏ္ဍံ၊ အဥ။ ပတ္တနံ၊ လှေဆိပ်, လှည်းဆိပ်။ ပီဌံ၊ အင်းပျဉ်။ ဘုဝနံ၊ လောက။ ဘဝနံ၊ အိမ်။ ဝနံ၊ တော။

၂။ ရူပံ ကမ္ဗံ ဖလံ သောတံ၊ ယာနံ ကရဏ ကာရဏံ။
သုခံ ဒုက္ခံ ဓနံ ဒါနံ၊ သီလံ ဈာနံ ဗလံ ဇလံ။ ။

၃။ လောစနံ မကုဋံ မူလံ၊ လိင်္ဂ’င်္ဂ ပဒုမ’မ္ဗုဇံ။
ပဏ္ဏံ ဓညာ-မတံ ဇာလံ၊ ဟိရညံ ဟဒယိ’န္ဒြိယံ။ ။

၄။ သုသာနံ စိဝရံ ဝတ္ထံ၊ နယနံ ဝဒနော’ဒကံ။
ယာန’ုယျာန’ုဒ္ဒါနံ ပါနံ၊ သောပါနံ တီရ သာဓနံ။ ။

၅။ ညနာ’ရမဏာ’လမ္ဗနံ၊ တာဏာ’ရညံ ဃရံ ဂဟံ။
စရဏံ နာဂရံ ဆတ္တံ၊ ဆိဒ္ဒံ မရဏ’မာနနံ။ ။

## ၉ - ရတ္တာဒိဂိုဏ်း၌

က္လတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်- သုံးပါးရှိ၏။ ထိုတွင် က္လတ္ထိလိင်၌ က္လ, ဥ, ဦ- ကာရန် သုံးပါးတို့တွင် က္လ-ကာရန်၌-

| | |
|---|---|
| ဘောတိ ရတ္တိ | ဘောတိယော ရတ္တီ, ရတ္တိယော, ရတျော |
| ရတ္တိ | ရတ္တီ, ရတ္တိယော, ရတျော |
| ရတ္တိံ | ရတ္တီ, ရတ္တိယော, ရတျော |
| ရတ္တိယာ | ရတ္တီဟိ, ဘိ, ရတ္တိဟိ, ဘိ |
| ရတ္တိယာ | ရတ္တီနံ, ရတ္တိနံ |

---

၂။ ဈာနံ၊ ဈာန်သမာဓိ။ ဗလံ၊ အားစွမ်း ဗိုလ်ပါစစ်သည်။ ဇလံ၊ ရေ။

၃။ လောစနံ၊ မျက်စေ့။ မကုဋံ၊ မကိုဋ်သရဖူ။ မူလံ၊ အမြစ်, အရင်း။ လိင်္ဂံ၊ အသွင်။ အင်္ဂံ၊ အစိတ်, အကြောင်း။ ပဒုမံ, အမ္ဗုဇံ၊ ကြာ။ ပဏ္ဏံ၊ သစ်ရွက်။ ဓညံ၊ စပါး, ဘုန်းကျက်သရေ။ အမတံ၊ အမြိုက်သုဓာ။ ဇာလံ၊ ကွန်ပိုက်။ ဟိရညံ၊ ငွေ။ ဟဒယံ၊ စိတ်, နှလုံး, ရင်။ က္လန္ဒြိယံ၊ က္လန္ဒြေ။

၄။ သုသာနံ၊ သင်းချိုင်း။ ဝတ္ထံ၊ အဝတ်, ပုဆိုး။ နယနံ၊ မျက်စိ။ ဝဒနံ၊ ခံတွင်း။ ဥဒကံ၊ ရေ။ ယာနံ၊ ယာဉ်။ ဥယျာနံ၊ ဥယျာဉ်။ ဥဒ္ဒါနံ၊ ဥဒါန်းဂါထာ။ ပါနံ၊ အဖျော်။ သောပါနံ၊ စောင်းတန်းလှေကား။ တီရံ၊ ကမ်းပါး။ သာဓနံ၊ သာဓန ခုနစ်ပါး။

၅။ အာရမဏံ၊ အာလမ္ဗနံ၊ ဆွဲမှီရာအာရုံ။ တာဏံ၊ စောင့်ရှောက်တတ်သည်။ အရညံ၊ တော။ ဃရံ၊ ဂဟံ၊ အိမ်။ စရဏံ၊ ခြေ, စရဏတစ်ဆယ့်ငါးပါး။ အာနနံ၊ မျက်နှာ။ (အနက်လွယ်ရာပုဒ်ကို ချန်လှပ်ခဲ့သည်)။

(၉-ရတ်) ဘောတိ ရတ္တိ၊ အိုညဉ့်။ ဘောတိယော ရတ္တီ၊ ရတ္တိယော၊ ရတျော၊ အိုညဉ့်တို့။ (စသည်ပေး)။

ရတ္တိယာ, ရတျာ ရတ္တီဟိ, ဘိ, ရတ္တိဟိ, ဘိ
ရတ္တိယာ ရတ္တီနံ, ရတ္တိနံ
ရတ္တိယာ, ရတျာ, ရတ္တိယံ, ရတျံ
ရတ္တိံ, ရတ္တော ရတ္တီသု, ရတ္တိသု

ဟု အကျယ်သုံးဆယ့်ခုနစ်ရုပ်ဖြစ်၏။ တစ်နက် ငါးရုပ်၊ နှစ်နက် ကိုးရုပ်၊ သုံးနက် သုံးရုပ်၊ ငါးနက် ရတ္တိယာ- တစ်ရုပ်၊ ပေါင်း အကျဉ်းတစ်ဆယ့်ရှစ်ရုပ်တည်း။

(၎င်းရုပ်တို့ကို သေသတော လောပံ ဂသိပိ၊ တေ က္လတ္တိချာပေါ၊ ယပတော စ၊ ယောသု ကတ- နိကာရ၊ တတော ယောနမော တု-၌ တု-သဒ္ဒါ၊ ပသညာသ စ၊ ဗျဥ္ဇနော စ ဝိသညောဂေါ-၌ စ-သဒ္ဒါ၊ အံမော၊ ပတော ယာ၊ သုနံဟိသု စ၊ အမာ ပတော၊ ယပတော သ္မိံ ယံ ဝါ-ဤတစ်ဆယ့်နှစ် သုတ်တို့ဖြင့်စီရင်)။

၁။ ပတ္တိ ယုတ္တိ ဝုတ္တိ ကိတ္တိ၊ မုတ္တိ တိတ္တိ ကန္တိ ခန္တိ။
သန္တိ တန္တိ သိဒ္ဓိ သုဒ္ဓိ၊ ဝုဒ္ဓိ ဗုဒ္ဓိ က္လုဒ္ဓိ ဗောဓိ။ ။

၂။ ဘူတိ ဓူလိ ရသ္မိ ဒေါဏိ၊ နန္ဒိ ဘူမိ သာဏိ ကောဋိ။
ဒိဋ္ဌိ ဝုမ္ဘိ တုဋ္ဌိ ယဋ္ဌိ၊ ပါဠိ အာဠိ နာဠိ ကေဠိ။ ။

၃။ သတိ မတိ မုတျ'သနိ၊ ဓိတိ ယုဝတိ ဝသတိ။
ဩသဓ-ဂံုလိ ဒုန္ဒုဘိ၊ ဂတျ'ဝုဓိ ရုစိ ဆဝိ။ ။

---

၁။ ပတ္တိ၊ ခြေသည်, ရောက်ခြင်း။ ယုတ္တိ၊ အသင့်။ ဝုတ္တိ၊ အဖွင့်, အသက်မွေးခြင်း, စကား။ ကိတ္တိ၊ ကျော်စောခြင်း။ မုတ္တိ၊ ကင်းလွတ်ခြင်း။ တိတ္တိ၊ ရောင့်ရဲခြင်း။ ကန္တိ၊ တင့်တယ်, ထွန်းပ, နှစ်သက်ခြင်း။ ခန္တိ၊ သည်းခံခြင်း။ သန္တိ၊ ငြိမ်သက်ခြင်း။ တန္တိ၊ အစဉ်။ သိဒ္ဓိ၊ ပြီးစီးခြင်း။ သုဒ္ဓိ၊ စင်ကြယ်ခြင်း။ ဝုဒ္ဓိ၊ ကြီးပွားခြင်း။ ဗုဒ္ဓိ၊ သိခြင်း, ပွားခြင်း။ က္လုဒ္ဓိ၊ တန်ခိုး။ ဗောဓိ၊ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်။

၂။ ဘူတိ၊ ပွားခြင်း။ ဓူလိ၊ မြူမှုန်၊ ရသ္မိ၊ အရောင်, ကြိုး။ ဒေါဏိ၊ စားကျင်း။ နန္ဒိ၊ နှစ်သက်ခြင်း။ ဘူမိ၊ ဘုံ, မြေ။ သာဏိ၊ တင်းတိမ်, ကန့်လန့်ကာ။ ကောဋိ၊ ကုဋေ, အစွန်အဖျား။ ဒိဋ္ဌိ၊ မိစ္ဆာအယူ။ ဝုမ္ဘိ၊ ကြီးပွားခြင်း။ တုဋ္ဌိ၊ နှစ်သက်ရောင့်ရဲခြင်း။ ယဋ္ဌိ၊ နှင်တံ, တာဝါး။ ပါဠိ၊ အစဉ်, ပါဠိတော်။ အာဠိ၊ အစဉ်, ကန်သင်းရိုး။ နာဠိ၊ စလယ်တောင်း, ကျည်တောက်။ ကေဠိ၊ ကစားကျီစယ် ပြက်ရယ်ပြုခြင်း။

၃။ သတိ၊ အောက်မေ့ခြင်း။ မတိ၊ မုတိ၊ သိခြင်း။ အသနိ၊ မိုးကြိုး။ ဓိတိ၊ တည်ကြည်ခြင်း, လုံ့လ။ ယုဝတိ၊ မိန်းမပျို။ (ယုဝတော တိ- သုတ်ဖြင့် တိ- ပစ္စည်းသက်)။ ဝသတိ၊ နေရာအိမ်။ ဩသဓိ၊ သောက်ရှုးကြယ်, အသီးသီးလျှင် သေသောသစ်ပင်, ဆေးပင်။ အင်္ဂုလိ၊ လက်ချောင်း, ခြေချောင်း။ ဒုန္ဒုဘိ၊ စည်ကြီး။ ဂတိ၊ သွားခြင်း, လားရာဂတိ။ အဝုဓိ၊ တောအုပ်။ ရုစိ၊ အရောင်, နှစ်သက်ခြင်း။ ဆဝိ၊ အရေပါး။

စသော သဒ္ဒါတို့လည်း ရတျော၊ ရတျာ၊ ရတျံ၊ ရတ္တိ၊ ရတ္တော-တို့ကဲ့သို့သော ရုပ်တို့ကို ကြဉ်ထား၍ နည်းတူ။

၄။ ယာဂု ဓာတု ကာသု ဓေနု၊ ဒဒ္ဒု ကဏ္ဍု ကရေဏု စ။
ရဇ္ဇု သဿု ပိယင်္ဂု'ဥ္မု တျု'ကာရန္တိ'တ္ထိကာ ကထာ။ ။

၅။ ဝဓူ ဇမ္ဗူ စမူ ကစ္ဆူ၊ သရဗူ သရဘူ သုဘူ။
ဝါမူရူ နာဂနာသူရူ၊ သုတနူ'ကာရအန္တကာ။ ။

စသော ဥ-ကာရန္တ ဣတ္ထိလိင်တို့လည်း ဈလပ ရဿ၊ အဃော ရဿမေက- သုတ်တို့ဖြင့် ရဿ-ပြုခြင်း၊ သု, နံ, ဟိ- တို့၌ ရဿရုပ် မရှိခြင်းသာ ထူးပြားကုန်၏။

ပုလ္လိင်၌ အာ, ဣ, ဤ, ဥ, ဦ, ဩ- ကာရန် ခြောက်ပါးတို့တွင် **အာကာရန္တ သာ-သဒ္ဒါ၌**

| | |
|---|---|
| ဘော သ | ဘဝန္တော သာ |
| သာ | သာ |
| သံ | သေ |
| သေန | သာဟိ, ဘိ |
| သဿ | သာနံ |

---

၄။ ယာဂု၊ ယက်မန်း။ ဓာတု၊ ဓာတ်။ ကာသု၊ တွင်း, အစု။ ဓေနု၊ နို့တိုက်တတ်သော အမ။ ဒဒ္ဒု၊ ပွေးညှင်း။ ကဏ္ဍု၊ ယားနာ။ ကရေဏု၊ ဆင်မ။ ရဇ္ဇု၊ ကြိုး။ သဿု၊ ယောက္ခမ။ ပိယင်္ဂု၊ ပျဉ်းပင်, ဆေးဥပသကာပင်။ ဥဠုု၊ ကြယ်, တာရာ။ ဣတိ ဣမေ ဥကာရန္တိတ္ထိကာ၊ ဤ ဥကာရန္တ ဣတ္ထိလိင် သဒ္ဒါတို့သည်။ တထာ၊ ထိုဣကာရန္တ ဣတ္ထိလိင်သဒ္ဒါနှင့် တူကုန်၏။ (ကဏ္ဍုကို ရူပသိဒ္ဓိ-(၉၀)၌ ရဿ၊ သဒ္ဒတ္ထ၌ ဥဒီဃနှင့် ဆို၏)။

၅။ ဝဓူ၊ မိန်းမ, ချွေးမ။ ဇမ္ဗူ၊ သပြေပင်။ စမူ၊ စစ်သည်ဗိုလ်ပါ။ ကစ္ဆူ၊ ဝဲနာ။ သရဗူ၊ တက်တူ။ သရဘူ၊ သရဘူမည်သော မြစ်ကြီး။ သုဘူ၊ ကောင်းမြတ်သော မျက်မှောင်။ ဝါမူရူ၊ တင့်တယ်သော ပေါင်ရှိသောမိန်းမ။ နာဂနာသူရူ၊ ဆင်နှာမောင်းနှင့်တူသော ပေါင်ရှိသောမိန်းမ။ သုတနူ၊ တင့်တယ်သော ကိုယ်ရှိသောမိန်းမ။ ဣမေ၊ ဤသဒ္ဒါတို့သည်။ ဦကာရအန္တကာ၊ ဦ-အက္ခရာအဆုံးရှိသော ဣတ္ထိလိင်တို့တည်း။

ဘော သ၊ အိုခွေး။ ဘဝန္တော သာ၊ အိုခွေးတို့။ သာ၊ သည်။ သာ၊ တို့သည်။ (စသည်ပေး)။ ရာဥစ္စာ။ ပစ္စက္ခဓမ္မာ၊ မျက်မှောက်ပြုအပ်သော တရားရှိသသူ။ ဂဏ္ဍိဝ-ဓန္ဓာ၊ ကြမ်းသော လေးရှိသသူ။

ဘော အဂ္ဂိ၊ အိုမီး။ ဘဝန္တော အဂ္ဂီ, အဂ္ဂယော၊ အိုမီးတို့။ အဂ္ဂိ၊ အဂ္ဂိနိ၊ မီးသည်။ (စသည်ဖြင့် ပေး)။

| | |
|---|---|
| သသ္မာ, သမှာ, သာ | သာဟိ, ဘိ |
| သဿ | သာနံ |
| သသ္မိံ, သမှိ, သေ | သာသု |

ဟု အကျယ် နှစ်ဆယ့်နှစ်ရုပ်ဖြစ်၏၊ တစ်နက် ရှစ်ရုပ်၊ နှစ်နက် ငါးရုပ်၊ လေးနက် သာ- တစ်ရုပ်၊ ပေါင်းအကျဉ်း တစ်ဆယ့်လေးရုပ်တည်း။

(၎င်း ရုပ်တို့ကို သေသတော လောပံ၊ အဃောရဿ- စသော သုတ်တို့ဖြင့် စီရင်)။

ရာ- သဒ္ဒါ၊ ပစ္စက္ခမ္မော၊ ဂဏ္ဍိဝ-ဓန္ဓာ- သဒ္ဒါတို့လည်း နည်းတူ။

ဣ- ကာရန္တ အဂ္ဂိ-သဒ္ဒါ၌

| | |
|---|---|
| ဘော အဂ္ဂိ | ဘဝန္တော အဂ္ဂီ, အဂ္ဂယော |
| အဂ္ဂိနိ, အဂ္ဂိ | အဂ္ဂီ, အဂ္ဂယော |
| အဂ္ဂိံ | အဂ္ဂီ, အဂ္ဂယော |
| အဂ္ဂိနာ | အဂ္ဂီဟိ, ဘိ, အဂ္ဂိဟိ, ဘိ |
| အဂ္ဂိနော, အဂ္ဂိဿ | အဂ္ဂီနံ, အဂ္ဂိနံ |
| အဂ္ဂိနာ, အဂ္ဂိသ္မာ, အဂ္ဂိမှာ | အဂ္ဂီဟိ, ဘိ, အဂ္ဂိဟိ, ဘိ |
| အဂ္ဂိနော, အဂ္ဂိဿ | အဂ္ဂီနံ, အဂ္ဂိနံ |
| အဂ္ဂိသ္မိံ, အဂ္ဂိမှိ | အဂ္ဂီသု, အဂ္ဂိသု |

ဟု အကျယ်သုံးဆယ့်လေးရုပ်ဖြစ်၏။ တစ်နက် ရှစ်ရုပ်၊ နှစ်နက် ဆယ်ရုပ်၊ သုံးနက် နှစ်ရုပ်၊ ပေါင်း အကျဉ်းနှစ်ဆယ်တည်း။

(၎င်း ရုပ်တို့ကို ဣဝဏ္ဏုဝဏ္ဏာ ဈလာ၊ အဂ္ဂိဿိနိ၊ ယောသွကတရဿော ဈော၊ ဈလတော သဿနောဝါ၊ ဈလတော စ- ဤငါးသုတ် စသည်တို့ဖြင့် စီရင်။

၆။ အာဒိ ဇောတိ မဏိ ဂန္ထိ၊ မုဋ္ဌိ ကုစ္ဆိ ပတ'ဉ္ဇလိ။
သာလိ ဝီဟိ ဓနိ ဗျာဓိ၊ ဝတ္ထော'ဓိ ရာသိ သာရထိ။ ။

---

၆။ အာဒိ၊ အစ။ ဇောတိ၊ မီး။ မဏိ၊ ပတ္တမြား။ ဂန္ထိ၊ အထုံးအဖွဲ့။ မုဋ္ဌိ၊ လက်ဆုပ်။ ကုစ္ဆိ၊ ဝမ်း။ ပတိ၊ လင်, အရှင်။ အဉ္ဇလိ၊ လက်အုပ်။ တစ်နည်း။ ပတဉ္ဇလိ၊ ကျသော လက်အုပ်ရှိသော ရသေ့။ သာလိ၊ သလေး။ ဝီဟိ၊ ကောက်။ ဓနိ၊ အသံ။ ဗျာဓိ၊ အနာ။ ဝတ္ထိ၊ သိုအိမ်, စည်ပေါင်း။ ဩဓိ၊ အရေးအသား။ ရာသိ၊ အပုံ, အစု။ သာရထိ၊ ရထားထိန်း။

၇။ မသိ ပါဏိ အဟိ ကိမိ၊ ဟရာ'သျ'ရိ မဟောဒဓိ။
တိမိ'ဓိပတိ ဇလဓိ၊ ကလိ သန္ဓိ ဗလာ'တိထိ။ ။

စသော ဣကာရန္တသဒ္ဒါတို့လည်း အဂ္ဂိသနိ- အစီအရင်ကိုချန်၍ နည်းတူ။

ဤ- ကာရန္တ ဒဏ္ဍီ- သဒ္ဒါ၌

| | |
|---|---|
| ဘော ဒဏ္ဍိ | ဘဝန္တော ဒဏ္ဍိနော, ဒဏ္ဍီ |
| ဒဏ္ဍီ | ဒဏ္ဍိနော, ဒဏ္ဍီ |
| ဒဏ္ဍိနံ, ဒဏ္ဍိံ | ဒဏ္ဍိနော, ဒဏ္ဍီ |
| ဒဏ္ဍိနာ | ဒဏ္ဍီဟိ, ဘိ |
| ဒဏ္ဍိနော, ဒဏ္ဍိဿ | ဒဏ္ဍီနံ |
| ဒဏ္ဍိနာ, ဒဏ္ဍိသ္မာ, ဒဏ္ဍိမှာ | ဒဏ္ဍီဟိ, ဘိ |
| ဒဏ္ဍိနော, ဒဏ္ဍိဿ | ဒဏ္ဍီနံ |
| ဒဏ္ဍိနိ, ဒဏ္ဍိသ္မိံ, ဒဏ္ဍိမှိ | ဒဏ္ဍီသု |

ဟု အကျယ် နှစ်ဆယ့်ရှစ်ရုပ်ဖြစ်၏။ တစ်နက် ကိုးရုပ်၊ နှစ်နက် ငါးရုပ်။ လေးနက် ဒဏ္ဍီ၊ ငါးနက် ဒဏ္ဍိနော တစ်ရုပ်စီ၊ ပေါင်း အကျဉ်းတစ်ဆယ့်ခြောက်ရုပ်တည်း။

(၎င်းတို့ကို ဈလပါ ရဿံ၊ န သိသ္မိမ နပုံသကာနိ၊ ယောနံ နော၊ နံ ဈတော ကတရဿာ၊ ဈလတော သဿ နော ဝါ၊ ဈလတော စ၊ သ္မိံနိ- ဤ ခုနစ်သုတ် စသည်တို့ဖြင့် စီရင်)။

❀ ဟတ္ထီ၊ ဒန္တီ၊ ဒါဌီ၊ ဒါမီ၊ သာမီ၊ သကဒါဂါမီ- စသည်တို့လည်း နည်းတူ။

---

(၇) မသိ၊ မင်, မီးသွေး။ ပါဏိ၊ လက်ဝါး။ အဟိ၊ မြွေ။ ကိမိ၊ ပိုးလောက်။ ဟရိ၊ အဝါ, အရွှေ, မြွေ, ခြင်္သေ့, ဗိသနိုး- စသည်။ အသိ၊ သန်လျက်။ အရိ၊ ရန်သူ။ မဟောဒဓိ၊ သမုဒ္ဒရာ။ တိမိ၊ မိုက်မှောင်။ အဓိပတိ၊ အကြီးအကဲ။ ဇလဓိ၊ သမုဒြာ။ ကလိ၊ ဆုံးရှုံးခြင်း, ပြစ်မှားခြင်း, ကနခိုပင်။ သန္ဓိ၊ အစပ်။ ဗလိ၊ အခွန်အတုတ်။ အတိထိ၊ ဧည့်သည်။

ဘော ဒဏ္ဍိ၊ အိုတောင်ဝှေးရှိသသူ။ ဘဝန္တော ဒဏ္ဍီ၊ ဒဏ္ဍိနော၊ တို့။ ဒဏ္ဍီ၊ သည်။ ဒဏ္ဍီ၊ ဒဏ္ဍိနော၊ တို့သည်။ (စသည်ပေး)

❀ ဟတ္ထီ၊ ဒန္တီ၊ ဆင်။ ဒါဌီ၊ ခြင်္သေ့။ ဒါမီ၊ ကျင်စွယ်မွေးရှိသသူ။ သာမီ၊ ဥစ္စာရှိသော သခင်။ သကဒါဂါမီ၊ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်။ ဘော ဘိက္ခု၊ အိုရဟန်း။ (စသည်ပေး)။

## ဥ- ကာရန္တ ဘိက္ခု- သဒ္ဒါ၌

| | |
|---|---|
| ဘော ဘိက္ခု | ဘဝန္တော ဘိက္ခူ, ဘိက္ခဝေ, ဘိက္ခဝေါ |
| ဘိက္ခု | ဘိက္ခူ, ဘိက္ခဝေါ |
| ဘိက္ခုံ | ဘိက္ခူ, ဘိက္ခဝေါ |
| ဘိက္ခုနာ | ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ |
| ဘိက္ခုနော, ဘိက္ခုဿ | ဘိက္ခူနံ, ဘိက္ခုနံ |
| ဘိက္ခုနာ, ဘိက္ခုသ္မာ, ဘိက္ခုမှာ | ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ |
| ဘိက္ခုနော, ဘိက္ခုဿ | ဘိက္ခူနံ, ဘိက္ခုနံ |
| ဘိက္ခုသ္မိံ, ဘိက္ခုမှိ | ဘိက္ခူသု, ဘိက္ခုသု |

ဟု အကျယ်သုံးဆယ့်လေးရုပ်ဖြစ်၏။ တစ်နက် ရှစ်ရုပ်၊ နှစ်နက် ဆယ်ရုပ်၊ သုံးနက် နှစ်ရုပ်၊ ပေါင်း အကျဉ်းနှစ်ဆယ်တည်း။

(ဎင်း ရုပ်တို့ကို အကတရဿာ လတော၊ လတော ဝေါကာရော စ၊ ဝေဝေါသု လော စ- ဤသုံးသုတ် စသည်တို့ဖြင့် စီရင်)။

၈။ ဘိက္ခု သာနု ဘာနု ရာဟု၊ ကေတု ပင်္ဂု'စ္ဆု သိန္ဓွ'မု။
ဝေဠု ဝေဏု နေရု မေရု၊ သတ္တု ကာရု'ရုဗန္ဓု စ။
ပသွံ'သု ရုရု ပဏ္ဍု'သု၊ သေတွာ'ခု ဟေတု ဇန္တု စ။ ။

## ဥ- ကာရန္တ ပုလ္လိင် သဒ္ဒါစု

ထိုတွင် ဟေတု, ဇန္တု- သဒ္ဒါတို့၌ ယော- နှောင်းရာ ဟေတုယော၊ ဇန္တုယော။ လတော ဝေါကာရော စ- ၌ ကာရသဒ္ဒါဖြင့် နော- ပြု၍ ဇန္တုနော- ဟု ပိုလွန်၏။ အကြွင်း ဘိက္ခု- နည်းတူ။

---

၈။ သာနု၊ တောင်အပြင်။ ဘာနု၊ အရောင်။ ရာဟု၊ အသုရိန်။ ကေတု၊ မှန်ကင်း, ကိတ်ဂြိုဟ်။ ပင်္ဂု၊ သူဆွံ့။ ဥစ္ဆု၊ ကြံ။ သိန္ဓု၊ သမုဒ္ဒရာ။ က္ကမု၊ မီးစာ။ ဝေဠု၊ ဝေဏု၊ ဝါး။ နေရု၊ ရွှေတောင်။ နေရု၊ မေရု၊ မြင်းမိုရ်တောင်။ သတ္တု၊ ရန်သူ, မုန့်လုံး။ ကာရု၊ လက်သမား။ ဉရု၊ ပေါင်။ ဗန္ဓု၊ ဆွေမျိုး။ ပသု၊ နွား, သား သတ္တဝါ။ အံသု၊ အရောင်, ချည်မျှင်။ ရုရု၊ ဆတ်သတ္တဝါ။ ပဏ္ဍု၊ လူလိမ္မာ။ ဉသု၊ မြား။ သေတု၊ တံတား။ အာခု၊ ကြွက်။ ဟေတု၊ အကြောင်း။ ဇန္တု၊ သတ္တဝါ။

သယမ္ဘူ၊ အလိုလို ကိုယ်တိုင်ဖြစ်သော ဘုရား။

## ဥ- ကာရန္တ၌

| | |
|---|---|
| ဘော သယမ္ဘူ | ဘဝန္တော သယမ္ဘူ, သယမ္ဘုဝေါ |
| သယမ္ဘူ | သယမ္ဘူ, သယမ္ဘုဝေါ |
| သယမ္ဘုံ | သယမ္ဘူ, သယမ္ဘုဝေါ |
| သယမ္ဘုနာ | သယမ္ဘူဟိ, ဘိ |
| သယမ္ဘုနော, သယမ္ဘုဿ | သယမ္ဘူနံ |
| သယမ္ဘုနာ, သယမ္ဘုသ္မာ, သယမ္ဘုမှာ | သယမ္ဘူဟိ, ဘိ |
| သယမ္ဘုနော, သယမ္ဘုဿ | သယမ္ဘူနံ |
| သယမ္ဘုသ္မိံ, သယမ္ဘုမှိ | သယမ္ဘူသု |

ဟု အကျယ် နှစ်ဆယ့်ခြောက်ရုပ်ဖြစ်၏။ တစ်နက် ခုနစ်ရုပ်၊ နှစ်နက် ခြောက်ရုပ်။ သုံးနက် သယမ္ဘုဝေါ၊ လေးနက် သယမ္ဘူ- တစ်ရုပ်စီ။ ပေါင်း အကျဉ်း တစ်ဆယ့်ငါးရုပ်တည်း။ ရှေးနည်းကိုမှီ၍ ရုပ်တွက်။

❀ အဘိဘူ ဝတ္တဘူ သမ္ဘူ ပဘူ ဝိဘူ ပရာဘိဘူ- စသည်တို့လည်း နည်းတူ။

သဗ္ဗညူ ဝေဒဂူ ဝိညူ၊ ရတ္တညူ ပါရဂူ ဝိဒူ- စသည်တို့ကား ဝေါ- ပြရာ၌ နော-ပြ။ သဟဘူ-၌ကား ဝေါ, နော- နှစ်ပါးစုံပြ။ ဤမျှသာ ထူးပြား၏။

## ဩ- ကာရန္တ ဂေါ-သဒ္ဒါ၌

| | |
|---|---|
| ဟေ ဂေါ | ဘဝန္တော ဂါဝေါ, ဂဝေါ |
| ဂေါ | ဂါဝေါ, ဂဝေါ |
| ဂဝံ, ဂါဝံ, ဂါဝုံ | ဂါဝေါ, ဂဝေါ |
| ဂါဝေန, ဂဝေန | ဂေါဟိ, ဘိ |
| ဂါဝဿ, ဂဝဿ | ဂဝံ, ဂေါနံ, ဂုန္နံ |

---

❀ အဘိဘူ၊ လွှမ်းမိုးနှိပ်နင်းနိုင်သသူ။ ဝတ္တဘူ၊ ဝတ္တအသုရာကို နှိပ်နင်းနိုင်သော သိကြား။ သမ္ဘူ၊ ကောင်းစွာဖြစ်သသူ။ ဝိဘူ၊ တင့်တယ်သသူ။ ပရာဘိဘူ၊ သူတစ်ပါးကို လွှမ်းမိုးနိုင်သသူ။

သဗ္ဗညူ၊ ဘုရား။ ဝေဒဂူ၊ လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်သသူ။ ဝိညူ၊ ပညာရှိ။ ရတ္တညူ၊ ညဉ့်အပိုင်းအခြားကို သိသောရဟန္တာ။ ပါရဂူ၊ ကမ်းတစ်ဖက်သို့ရောက်သသူ။ ဝိဒူ၊ ပညာရှိ။

ဟေ ဂေါ၊ အိုနွား။ (စသည်ပေး) ။

ဂါဝသ္မာ, ဂါဝမှာ, ဂါဝါ,
ဂဝသ္မာ, ဂဝမှာ, ဂဝါ — ဂေါဟိ, ဘိ
ဂါဝဿ, ဂဝဿ — ဂဝံ, ဂေါနံ, ဂုန္နံ
ဂါဝသ္မိံ, ဂါဝမှိ, ဂါဝေ,
ဂဝသ္မိံ, ဂဝမှိ, ဂဝေ — ဂါဝေသု, ဂဝေသု, ဂေါသု

ဟု အကျယ်လေးဆယ့်နှစ်ရုပ်ဖြစ်၏။ တစ်နက် တစ်ဆယ့်ကိုးရုပ်၊ နှစ်နက် ခုနစ်ရုပ်၊ သုံးနက် သုံးရုပ်။ ပေါင်း အကျဉ်း နှစ်ဆယ့်ကိုးရုပ်တည်း။

(၎င်း ရုပ်တို့ကို ယောသု စ၊ အဝံမှိ စ- ၎င်း နှစ်သုတ်တို့၌ စ-သဒ္ဒါ၊ တတော ယောနမော တု- ၌ တု-သဒ္ဒါ၊ အာဝဿု ဝါ၊ ဂါဝ သေ၊ တတော နမံ ပတိမှာ- ၌ စသဒ္ဒါ၊ နော စ ဒွါဒိတော နံမှိ- ၌ စ-သဒ္ဒါ၊ သုဟိနာသု စ-၌ စ-သဒ္ဒါ၊ ပရဒွေဘာဝေါ- သုတ် စသည်တို့ဖြင့် စီရင်)။

ဂေါဏနံမှိ ဝါ၊ သုဟိနာသု စ- ၎င်းစ-၌ စ-သဒ္ဒါတို့ဖြင့် ဝိဘတ်ခုနစ်သွယ်တို့၌ပင် ဂေါ-သဒ္ဒါကို ဂေါဏ-ပြု၍၊ ဘော ဂေါဏ, ဂေါဏာ၊ ဘဝန္တော ဂေါဏာ။ ဂေါဏော၊ ဂေါဏာ- စသည်ဖြင့် ပုရိသာဒိဂိုဏ်း၌ ဖြစ်၏။

နပုလ္လိင် ဣ, ဤ, ဥ, ဦ, ဩ- ကာရန္တ ငါးပါးတို့တွင် -

—— ❀ အဋ္ဌိ သတ္ထိ ဒဓိ'က္ခ'စ္ဆိ၊ ဝါရိ သပ္ပိ နပုံသကာ။

ဟူသော ဣ- ကာရန္တသဒ္ဒါတို့သည် ပုလ္လိင် အဂ္ဂိသဒ္ဒါနှင့် တူကုန်၏။ အဂ္ဂယော- ၏ အရာ၌ ယောနံ နိ နပုံသကေဟိ-သုတ်ဖြင့် နိ-ပြု၍ အဋ္ဌီနိ- စသည်ဖြစ်ခြင်း။ အဂ္ဂိသိနိ- သုတ်၏ အစီအရင် မရှိခြင်းသာ ထူးပြား၏။

သုခကာရီ, သီဃယာယီ- စသော ဤ- ကာရန္တသဒ္ဒါတို့လည်း ပုလ္လိင် ဒဏ္ဍီသဒ္ဒါနှင့် တူကုန်၏။ န သိသ္မိ မနပုံသကာနိ, ယောနံ နိ နပုံသကေဟိ- ဆိုသောကြောင့် သုခကာရိ ဒါနံ၊ သီဃယာယိ စိတ္တံ- ဟု ရဿပြုခြင်း၊ ယော- ကို နော- မပြုဘဲ နိ- ပြုခြင်းသာ ထူးပြား၏။

---

❀ အဋ္ဌိ၊ အရိုး, သစ်စေ့။ သတ္ထိ၊ ပေါင်။ (ထဆင်ထူးသံယုဂ်သင့်)။ ဒဓိ၊ နို့ဓမ်း, ထောပတ်။ အက္ခိ၊ အစ္ဆိ၊ မျက်စိ။ ဝါရိ၊ ရေ။ သပ္ပိ၊ ထောပတ်။ နပုံသကာ၊ နပုလ္လိင် ဣ- ကာရန္တတို့တည်း။

သုခကာရီ၊ ချမ်းသာကို ပြုတတ်သော။ ဒါနံ၊ အလှူ။ သီဃယာယီ။ လျင်စွာ သွားရောက်တတ်သော။ စိတံ၊ စိတ်။

၉။ အာယု စက္ခု ဝသု ဒါရု၊ မဓွ'မ္ဗု တိပု ဟိင်္ဂု စ။
သိင်္ဂု မတ္ထု ဝတ္ထု ဇတု၊ သာလွ'သ္သု ဖလု ဗိန္ဒု စ။ ။

စသော ဥ- ကာရန္တသဒ္ဒါတို့လည်း အဋ္ဌိ-နှင့် နည်းတူ။ အာယုသာ-တစ်ပုဒ်သာ မနောဂိုဏ်း အစီအရင်ဝင်၍ ထူးပြား၏။

ဂေါတြဘူ, ဓမ္မညူ- စသော ဥူ-ကာရန္တလည်း သုခကာရီ- နှင့်တူ၏။

စိတ္တဂေါ- ဟူသော ဩ-ကာရန္တ၌ အလိုက်မခံသော သရော ရဿော နပုံသကေ- ယောဂဝိဘာဂဖြင့် အမြဲ ဥ- ရဿပြု၍၊ စိတ္တဂု ကုလံ- စသည်တို့ဖြင့် ဥ- ကာရန္တ နည်းတူဖြစ်၏။

## ၁၀ - ကညာဒိဂိုဏ်း၌

| | |
|---|---|
| ဘောတိ ကညေ | ဘောတိယော ကညာ, ကညာယော |
| ကညာ | ကညာ, ကညာယော |
| ကညံ | ကညာ, ကညာယော |
| ကညာယ | ကညာဟိ, ဘိ |
| ကညာယ | ကညာနံ |
| ကညာယ | ကညာဟိ, ဘိ |
| ကညာယ | ကညာနံ |
| ကညာယ, ကညာယံ | ကညာသု |

ဟု အကျယ် နှစ်ဆယ့်တစ်ရုပ်ဖြစ်၏။ တစ်နက် လေးရုပ်၊ နှစ်နက် သုံးရုပ်၊ သုံးနက်, လေးနက်, ငါးနက်- တစ်ရုပ်စီ။ ပေါင်း အကျဉ်းဆယ်ရုပ်တည်း။

(၎င်း ရုပ်တို့ကို၊ ဃတ္တိယမတော အာပစ္စယော၊ အာယော၊ ဃတေ စ၊ ဃပတော စ ယောနံ၊ ဃတော နာဒီနံ၊ ဃပတေ သ္မိံ ယံ ဝါ- ဤခြောက်သုတ် စသည်တို့ဖြင့် စီရင်)။

ဤဆိုလတ္တံ့သည်တို့ကား ဉာဏ်ရှိသူတို့ ကျက်ဖို့ရာ ကညာဒိဂိုဏ်း သဒ္ဒါစုတို့တည်း။

---

၉။ အာယု၊ အသက်။ စက္ခု၊ မျက်စိ။ ဝသု၊ ရတနာ။ ဒါရု၊ သစ်, ထင်း။ မဓု၊ ပျား။ အမ္ဗု၊ ရေ။ တိပု၊ သလွဲစင်, ခဲဖြူ။ ဟိင်္ဂု၊ ရှိန်းခို။ သိင်္ဂု၊ ချင်း။ မတ္ထု၊ နို့ဓမ်း။ ဝတ္ထု၊ တည်ရာဒြပ်။ ဇတု၊ ချိပ်။ သာလု၊ ကြာစွယ်။ အဿု၊ မျက်ရည်။ ဖလု၊ အဆစ်။ ဗိန္ဒု၊ အပြောက်လုံး။

ဂေါတြဘူ၊ ဂေါတြဘူစိတ်။ ဓမ္မညူ၊ တရားသိသော အမျိုး။

စိတ္တဂု၊ နွားပြောက်ရှိသော။ ကုလံ၊ အမျိုး။

(၁၀-ကညာဒိ) ဘောတိ ကညေ၊ အိုမိန်းမငယ်။ (စသည်ပေး)။

၁။ သဒ္ဓါ မေဓာ ပညာ ဝိဇ္ဇာ၊ စိန္တာ မန္တာ ဝီဏာ တဏှာ။
ကုစ္ဆာ ပုစ္ဆာ ဇဇ္ဇာ မာယာ၊ မေတ္တာ မတ္တာ သိက္ခာ ဘိက္ခာ။ ။ ကာရိကာ၊ ဂါ-၂၀၁။
(ရူ၊ ၈၂။)

၂။ ဇယ်ာ ဂီဝါ ဇိဝှါ ဝါစာ၊ ဆာယာ အသာ ဂင်္ဂါ နာဝါ။
ဂါထာ သေနာ လေခါ သာလာ၊ မာလာ ဝေလာ ပူဇာ ခိဍ္ဍာ။ ။ ကာရိကာ၊ ဂါ-၂၀၂။
(ရူ၊ ၈၃။)

၃။ ဝသုဓာ ဝေဒနာ သညာ၊ စေတနာ တသိဏာ ပဇာ။
ဒေဝတာ ဝဋ္ဋကာ ဂေါဓာ၊ ဗလာကာ ပရိသာ သဘာ။ ။ ကာရိကာ၊ ဂါ-၂၀၃
(ဝသုဓာ-၁-လုံး မတွေ့)(ရူ၊ ၈၃။)

၄။ ဂုဟာ သေဖာလိကာ လင်္ကာ၊ သလာကာ ဝါလိကာ သိခါ။
ဝိသာခါ ဝိသိခါ သာခါ၊ ဝစာ ဝဉ္ဈာ ဇဋ္ဌာ ဃဋ္ဌာ။ ။ ကာရိကာ၊ ဂါ-၂၀၄
(ဂုဟာ- ၁-လုံး မတွေ့) (ရူ၊ ၈၃။)

၅။ ဇေဋ္ဌာ သောဏ္ဍာ ဝိတဏ္ဍာ စ၊ ကရုဏာ ဝနိတာ လတာ။
ကထာ နိဒ္ဒါ သုဓာ ရာဓာ၊ ဝါသနာသိံသပါ ပပါ။ ။ (ရူ၊ ၈၃။)

---

၁။ သဒ္ဓါ၊ ယုံကြည်ခြင်း, ကြည်ညိုခြင်း။ ဇဇ္ဇာ၊ ထိုထို ကုဍ္ဍာရုံ ကာမဂုဏ်၌ တွန်လှုပ်တတ်သော တဏှာ။ မာယာ၊ လှည့်ပတ်တတ်သော တဏှာ။ မတ္တာ၊ အတိုင်းအရှည်။

၂။ ဝေလာ၊ အခါ, ကမ်း။ ခိဍ္ဍာ၊ မြူးထူးပျော်ပါး ကစားခြင်း။

၃။ ဝသုဓာ၊ မြေ။ တသိဏာ၊ တပ်မက်သော တဏှာ။ ပဇာ၊ သတ္တဝါ, သားသမီး။ ဝဋ္ဋကာ၊ ငုံး။ ဂေါဓာ၊ ဖွတ်။ ဗလာကာ၊ ဗျိုင်းအောက်။ သဘာ၊ သဘင်ဇရပ်။

၄။ သေဖာလိကာ၊ ဆိတ်ဖလူးပင်။ လင်္ကာ၊ လင်းယဉ်ရွက်, သီဟိုဠ်ကျွန်း။ သလာကာ၊ စာရေးတံ, ဝါးခြမ်းစိတ်။ ဝါလိကာ၊ သဲ။ (ဝါလုကာသိကတာသု- ဟု သက္ကတရှိ၏)။ သိခါ၊ အမောက်, ဥစွန်း, မီးလျှံ။ ဝိသိခါ၊ ခရီးဆုံ။ ဝစာ၊ လင်းလေ။ ဝဉ္ဈာ၊ မိန်းမမြုံ။ (ဆလိမ်နှင့် မသင့်)။ ဇဋ္ဌာ၊ ဆံကျစ်, အရှုပ်အထွေး။ ဃဋ္ဌာ၊ အပေါင်းအစု။

၅။ ဇေဋ္ဌာ၊ ဇေဋ္ဌနက္ခတ်, အစ်မကြီး။ သောဏ္ဍာ၊ ဆင်နှာမောင်း။ ဝိတဏ္ဍာ၊ ဆန့်ကျင်သောစကား။ ဝနိတာ၊ မိန်းမ။ သုဓာ၊ အင်္ဂတေ, နတ်သုဒ္ဓာ။ ရာဓာ၊ အနုရာဓ နက္ခတ်။ သိံသပါ၊ ယင်းတိုက်ပင်။ ပပါ၊ ရေအိုးစင်။

၆။ ပဘာ ဇာယာ ခမာ သီမာ၊ ခတ္တိယာ သက္ခရာ သုရာ။
ဒေါလာ တုလာ သိလာ လီလာ၊ လာလေ'လာ မေခလာ ကလာ။ ။ (ရှု ၈၃။)

၇။ ဝဠဝါ'လမ္ဗုသာ မူသာ၊ မဉ္ဇူသာ သုလသာ ဒိသာ။
နာ်သာ ဇုဏှာ'ပိပါသီ'ဟာ၊ လသိကော'ကာ ကပါလိကာ။ ။

အမိဟော- အမ္မာ, အမ္ဗာ, အန္နာ, တာတာ- သဒ္ဒါတို့၌ န အမ္မာဒိတော- သုတ်ဖြင့်မြစ်၍ ဧ- မပြုရ။ ဘောတိ အမ္မ၊ ဘောတိ အမ္မာ- စသည်သာ ထူးပြား၏။

## ၁၁ - နဒါဒိဂိုဏ်း၌

| | |
|---|---|
| ဘောတိ နဒိ | ဘောတိယော နဒီ, နဒိယော, နဇ္ဇော |
| နဒီ | နဒီ, နဒိယော, နဇ္ဇော |
| နဒိယံ, နဒိံ | နဒီ, နဒိယော, နဇ္ဇော |
| နဇ္ဇာ, နဒိယာ | နဒီဟိ, ဘိ |
| နဇ္ဇာ, နဒိယာ | နဒီနံ |
| နဒိယာ | နဒီဟိ, ဘိ |
| နဇ္ဇာ, နဒိယာ | နဒီနံ |
| နဒိယံ, နဒိယာ | နဒီသု |

ဟု အကျယ် နှစ်ဆယ့်ကိုးရုပ်ဖြစ်၏။ တစ်နက် သုံးရုပ်၊ နှစ်နက် လေးရုပ်၊ သုံးနက် သုံးရုပ်၊ လေးနက် နဒီ၊ ငါးနက် နဒိယာ- တစ်ရုပ်စီ၊ ပေါင်း အကျဉ်း တစ်ဆယ့်နှစ်ရုပ်တည်း။

---

၆။ ဇာယာ၊ မယား။ ခတ္တိယာ၊ မင်းသမီး။ သက္ခရာ၊ ကျောက်စရစ်။ သုရာ၊ သေရည်။ ဒေါလာ၊ အေးယဉ်ပခက်။ တုလာ၊ ချိန်ခွင်, ပိုလ်တစ်ရာ လေးပိဿာ, တူရာသီ, ထုပ်လျှောက်။ သိလာ၊ ကျောက်။ လီလာ၊ စမ္မာယ်မြူးထူးခြင်း။ လာလာ၊ တံတွေး။ ဧလာ၊ ညစ်ကြေး, ဖာလာသီး။ မေခလာ၊ ခါးကြိုး။ ကလာ၊ အစိတ်။

၇။ ဝဠဝါ၊ မြည်းမ။ အလမ္ဗုသာ၊ အလမ္ဗုသာနတ်သမီး။ မူသာ၊ မိုက်ခွက်။ မဉ္ဇူသာ၊ သေတ္တာ, တံတင်း။ သုလသာ၊ သုလသာမည်သော ပြည့်တန်းဆာမ။ ဒိသာ၊ အရပ်။ နာသာ၊ နှာခေါင်း။ ဇုဏှာ၊ လရောင်, လဆန်းညဉ့်။ ပိပါသာ၊ ရေမွတ်သိပ်ခြင်း။ ဤဟာ၊ အားထုတ်ခြင်း။ လသိကာ၊ အစေး။ ဥကာ၊ သန်း။ ကပါလိကာ၊ ခွက်ငယ်, အိုးခြမ်းကွဲ။ (ခက်ရာ၌ အနက်)

(၁၁-နဒါဒိ) ဘောတိ နဒိ၊ အိုမြစ်။ ဘောတိယော နဒီ၊ နဒိယော၊ နဇ္ဇော၊ အိုမြစ်တို့။ နဒီ၊ မြစ်သည်။ (စသည်ပေး)။

(ငင်း ရုပ်တို့ကို နဒါဒိတောဝါ ဤ၊ ဈလပါ ရသ်၊ အယောရသ မေက၊ အံယမီတော၊ မာတုလာဒီန- သုတ်၌ အာနတ္တဘာဝနိဒ္ဒေသ- စသည်တို့ဖြင့် စီရင်)။

၁။ ကုမာရီ တရုဏီ နာရီ၊ ဝါရုဏီ ဗြာဟ္မဏီ သိခီ။
မက္ကဋီ မာတုလာနီ'တ္ထိ၊ ပါဋလီ ကဒလီ ယဋ္ဌီ။ ။

၂။ သိရီ ဝေတရဏီ ဝါပီ၊ ပုထဝီ ပထဝီ ဂုဏာ-။
ဝဋ္ဋိ ဂုဏာဝတီ ဂါဝီ၊ ဂစ္ဆန္တီ ဂစ္ဆတီ မဟီ။ ။

စသည်တို့လည်း ဋ္ဌော-ပြု၊ ဋ္ဌာ-ပြုတို့ကို ကြည့်၍ နည်းတူ။ ပုထသ ပုထု ပထာ မော ဝါ- သုတ်ဖြင့် ပုထ- နိပါတ်ကို ပုထု- ပြု၍၊ နဒါဒိတော ဝါ ဤ- ၌ ဝါ-သဒ္ဒါဖြင့် ဤ-ပစ္စည်းသက်၍ ဩသရေ စ- ၌ စ-သဒ္ဒါဖြင့် ဥ-ကို အဝ-ပြု၍ ပုထဝီ၊ သုတ်ကြီးဖြင့် ပု-၏အစိတ်ကို အ- ပြု၍ ပထဝီ၊ ဤနှစ်ပုဒ်တို့၌ အမာပတော သ္မိံသ္မာနံ ဝါ၊ အာပတော- ယောဂဝိဘာဂ၊ ပသညသ စ- တို့ဖြင့် စီရင်၍ နာ, သ, သ္မာ- နှောင်းရာတို့၌ ပုထဗျာ၊ ပထဗျာ၊ သ္မိံ- နှောင်းရာ၌ ပုထဗျံ၊ ပထဗျံ- ဟု နှစ်ရုပ်စီ ပို၏။ ဂုဏာဝတီ, ဂစ္ဆတီ- တို့၌ န္တုသ တမီကာရေ- သုတ်ဖြင့် န္တု-ကို တ-ပြု၍ ပြီးစေ၏။

## ၁၂ - ဂဟပတာဒိဂိုဏ်း၌

အ, က္က, ဤ, ဥ, ဥု- ကာရန် ငါးမျိုးနောင် ဏီ- ပစ္စည်းသက်၍ ပြီးသော ပေါက္ခရဏီ၊ ဂဟပတာနီ၊ ဒဏ္ဍိနီ၊ ဘိက္ခုနီ၊ ပရစိတ္တဝိဒုနီ- အစရှိသော သဒ္ဒါတို့သည် နဒါဒိဂိုဏ်းနှင့် တူကုန်၏။

ထိုတွင် ပေါက္ခရဏီ- သဒ္ဒါနောင် ယော, နာ, သ, သ္မာ, သ္မိံ- နှောင်းရာ၌ တတော ယောန မော တု- ၌ တု- သဒ္ဒါ၊ ပသညသ စ၊ ယဝတံ- သုတ်၌ ကာရသဒ္ဒါ၊ အမာပတော သ္မိံ သ္မာနံ ဝါ၊ အာပတော- ယောဂဝိဘာဂ၊ အာဒိတောဩ စ- ၌ စ-သဒ္ဒါ၊ ပရဒွေဘာဝေါ- သုတ်တို့ဖြင့် စီရင်၍၊ ပေါက္ခရညော၊ ပေါက္ခရညာ၊ ပေါက္ခရညံ- ဟု ဖြစ်သေး၏။

---

၁။ ကုမာရီ၊ သတို့သမီး။ တရုဏီ၊ မိန်းမပျို။ နာရီ၊ လူမ။ ဝါရုဏီ၊ သေရက်, ဝရုဏနတ်၏ မယား။ မာတုလာနီ၊ အရီး။ ဣတ္ထိ၊ မိန်းမ။ ပါဋလီ၊ သခွတ်ပင်။ ကဒလီ၊ ငှက်ပျောပင်။ ယဋ္ဌီ၊ နေ့ညဥ့် အစိတ်နာရီ, အိုးငယ်။

၂။ သိရီ၊ ပွဉ်းပညာ။ ဝေတရဏီ၊ ဒါနဖြင့် လွန်အပ်သောငရဲ။ ဝါပီ၊ ရေအိုင်, ကန်။ ဂစ္ဆတီ၊ သွားသော မိန်းမ။ မဟီ၊ မြေ။

(၁၂-ဂဟ) ပေါက္ခရဏီ၊ ရေကန်။ ဂဟပတာနီ၊ အိမ်ရှင်မ။ ဒဏ္ဍိနီ၊ တောင်ဝှေးရှိသော မိန်းမ။ ဘိက္ခုနီ၊ ရဟန်းမ။ ပရစိတ္တဝိဒုနီ၊ သူတစ်ပါးစိတ်အကြံကို သိသောမိန်းမ။

ပေါက္ခရညော၊ ရေကန်တို့သည်၊ တို့ကို၊ တို့သို့။ ပေါက္ခရညာ၊ ဖြင့်၊ အား၊ မှ၊ ၏။ ပေါက္ခရညံ၊ ၌။

(ဤသုံးဂိုဏ်းတို့၌ လာသော အာ, ဤ, ဣနီ- သုံးပစ္စည်းတို့၏ သက်ရာ ဌာနအထူးကို ဤသို့ သိ)။

❀ အာ, ဤ, ဣနီ၊ ဣတ္ထိ ပစ္စယ၊ သက်ရာပြပိမ့်၊ ဖို, မ- ဟောရာ၊ ဤ-သာ သက်မြဲ၊ ဣနီ- နဲ၏။ ပစ္စဲ- ဏဝ၊ ဏိက, ဏေယျာ၊ ဏာ'ဒိ, န္တု, န္တု၊ ဆုံးမူ ဤ-သာ၊ အ- ကာရန္တော၊ ဂုဏ်ဟော နောက်မှာ၊ အာ-သာ သက်မို၊ ဣ, ဤ, ဥ, ဦ၊ ဆုံးမူ- ဣနီ၊ ကျမ်းနှင့် ညီသည်၊ ဣတ္ထိပစ္စည်း အချုပ်တည်း။

သုနီ၊ သုနခီ၊ သွာနီ၊ သူကရီ၊ ယက္ခီ၊ ယက္ခိနီ၊ နာဂီ၊ နာဂိနီ၊ ရာဇိနီ၊ မာနဝီ၊ နာဝိကီ၊ ဝေနတေယျီ၊ ဂေါတမီ၊ သာမဏေရီ၊ မဟန္တီ၊ ဂုဏဝန္တီ၊ အဘိရူပါ ကညာ၊ နီလာ, မာလာ၊ သောဘနာ ဝဓူ၊ ဣသိနီ၊ ဒဏ္ဍိနီ၊ ဘိက္ခုနီ၊ ဓမ္မညူနီ။ ပုံစံ။

## ၁၃ - သဗ္ဗနာမ်ဂိုဏ်းကား

သဗ္ဗ၊ ကတရ၊ ကတမ၊ ဣတရ၊ အည၊ အညတရ၊ အညတမ၊ ပုဗ္ဗ၊ ပရ၊ အပရ၊ ဒက္ခိဏ၊ ဥတ္တရ၊ အဓရ၊ ယ၊ တ၊ ဧတ၊ ဣမ၊ အမု၊ ကိံ၊ ဧက၊ ဥဘ၊ ဥဘယ၊ ဒွိ၊ တိ၊ စတု၊ ပဉ္စ၊ တုမှ၊ အမှ- ဤနှစ်ဆယ့်ရှစ်ပုဒ်- စသောအားဖြင့် များ၏။ ထိုတွင် -

### သဗ္ဗ- သဒ္ဒါ ပုလ္လိင်၌

| | |
|---|---|
| ဘော သဗ္ဗ, သဗ္ဗာ | ဘဝန္တော သဗ္ဗေ |
| သဗ္ဗော | သဗ္ဗေ |
| သဗ္ဗံ | သဗ္ဗေ |
| သဗ္ဗေန | သဗ္ဗေဟိ, ဘိ |
| သဗ္ဗဿ | သဗ္ဗေသံ, သဗ္ဗေသာနံ |
| သဗ္ဗသ္မာ, သဗ္ဗမှာ | သဗ္ဗေဟိ, ဘိ |

---

သုနီ၊ သုနခီ၊ သွာနီ၊ ခွေးမ။ သူကရီ၊ ဝက်မ။ ယက္ခီ၊ ယက္ခိနီ၊ ဘီလူးမ။ နာဂီ၊ နာဂိနီ၊ နဂါးမ, ဆင်မ။ နီလာ၊ ညိုသော။ မာလာ၊ ပန်း။ သောဘနာ၊ တင့်တယ်သော။ ဝဓူ၊ ချွေးမ။ (စသည်ဖြင့် ပေး။ ခက်ရာ၌ အနက်)

(၁၃-သဗ္ဗနာမ်) ဘော သဗ္ဗ, သဗ္ဗာ၊ အို အလုံးစုံ။ ဘဝန္တော သဗ္ဗေ၊ အို အလုံးစုံတို့။ ဘောတိ သဗ္ဗေ၊ အို အလုံးစုံသော မိန်းမ။

| | |
|---|---|
| သဗ္ဗဿ | သဗ္ဗေသံ, သဗ္ဗေသာနံ |
| သဗ္ဗသ္မိံ, သဗ္ဗမှိ | သဗ္ဗေသု |

ဟု အကျယ် နှစ်ဆယ့်သုံးရုပ်ဖြစ်၏။ အကျဉ်းရုပ်ကို တွက်စစ်၍ ဆို။

(၎င်း ရုပ်တို့ကို သဗ္ဗနာမကာရတော ပထမော၊ သဗ္ဗတော နံ သံသာနံ၊ တယော နေဝ စ သဗ္ဗနာမေဟိ၊ သဗ္ဗနာမာနံ နံမှိ စ- ဤလေးသုတ် စသည်တို့ဖြင့် စီရင်)။

## ဣတ္ထိလိင်၌

| | |
|---|---|
| ဘောတိ သဗ္ဗေ | ဘောတိယော သဗ္ဗာ, သဗ္ဗာယော |
| သဗ္ဗာ | သဗ္ဗာ, သဗ္ဗာယော |
| သဗ္ဗံ | သဗ္ဗာ, သဗ္ဗာယော |
| သဗ္ဗာယ | သဗ္ဗာဟိ, ဘိ |
| သဗ္ဗဿာ, သဗ္ဗာယ | သဗ္ဗာသံ, သဗ္ဗာသာနံ |
| သဗ္ဗာယ | သဗ္ဗာဟိ, ဘိ |
| သဗ္ဗဿာ, သဗ္ဗာယ | သဗ္ဗာသံ, သဗ္ဗာသာနံ |
| သဗ္ဗဿံ, သဗ္ဗာယံ | သဗ္ဗာသု |

ဟု အကျယ် နှစ်ဆယ့်ခြောက်ရုပ် ဖြစ်၏။ အကျဉ်းတွက်၍ ဆို။

(ထို ရုပ်တို့ကို ယပတော သ္မိံသာနံ၊ သံသာသွေကဝ၊ ယော ရဿံ၊ နေတာဟိ- သုတ် စသည်တို့ဖြင့် စီရင်)။

## နပုလ္လိင်၌

ဘော သဗ္ဗ, သဗ္ဗာ၊ ဘဝန္တာနိ သဗ္ဗာနိ။ သဗ္ဗံ၊ သဗ္ဗာနိ။ သဗ္ဗေန- စသည် ပုလ္လိင်နှင့် တူ၏။

ကတရ- စသော ခြောက်ပုဒ်တို့၌ သ, သ္မိံ- နှောင်းရှာ၊ ဧတိမာသမိ- ၌ လိုက်သော စ-သဒ္ဒါဖြင့် ဣ-ပြု၍ ကတရိဿာ၊ ကတရိဿံ- စသည်ဖြစ်ခြင်းသာ ထူးပြား၏။

---

ကတရိဿာ၊ အဘာယ်မိန်းမအား၊ ၏နည်း။ ကတရိဿံ၊ ၌နည်း။ (စသည်ဖြင့် လိင်, ဝိဘတ်-တို့ကို ဆင်ခြင်၍ ပေး)။

ပုဗ္ဗ-စသော ခြောက်ပုဒ် ပုလ္လိင် ပထမာယော- ၌ ပုဗ္ဗာ၊ သ္မာ-၌လည်း ပုဗ္ဗာ၊ သ္မိံ-၌ ပုဗ္ဗေ-စသည် သုံးရုပ်စီ ပိုလွန်၏။

ဒက္ခိဏ, ဥတ္တရ-သဒ္ဒါ ဣတ္ထိလိင် သ္မိံ-နှောင်းရာ၌ နေတာဟိ- သုတ်၌ လိုက်သော ဝါ-သဒ္ဒါ မြစ်၍ ဒက္ခိဏာယ, ဥတ္တရာယ- ဟု တစ်ရုပ်စီ ပိုလွန်၏။

ယ-စသည်တို့၌ အာလုပ်မရှိ၊ အကြွင်းသဗ္ဗ-နှင့် တူ၏။ ထိုတွင် -

## တ-သဒ္ဒါ ပုလ္လိင်၌

| | |
|---|---|
| သော | နေ, တေ |
| နံ, တံ | နေ, တေ |
| နေန, တေန | နေဟိ, ဘိ, တေဟိ, ဘိ |
| နဿ, အဿ, တဿ | နေသံ, နေသာနံ, တေသံ, တေသာနံ |
| နသ္မာ, အသ္မာ, တသ္မာ, နမှာ, တမှာ | နေဟိ, ဘိ, တေဟိ, ဘိ |
| နဿ, အဿ, တဿ | နေသံ, နေသာနံ, တေသံ, တေသာနံ |
| နသ္မိံ, အသ္မိံ, တသ္မိံ, နမှိ, တမှိ | နေသု, တေသု |

ဟု လေးဆယ့်သုံးရုပ်ဖြစ်၏။

(၎င်း ရုပ်တို့ကို ဧတေတေသံတော၊ တဿ ဝါ နတ္တံ သဗ္ဗတ္ထ၊ သသ္မာသ္မိံ သံသာ-သွတ္တံ၊ နတိမေဟိ ကတာကာရေဟိ- စသည်တို့ဖြင့် စီရင်)။

## ဣတ္ထိလိင်၌

| | |
|---|---|
| သာ | နာ, နာယော, တာ, တာယော |
| နံ, တံ | နာ, နာယော, တာ, တာယော |
| နာယ, တာယ | နာဟိ, ဘိ, တာဟိ, ဘိ |
| တိဿာ, တဿာ, နဿာ, အဿာ, | |
| တိဿာယ, တဿာယ, နဿာယ, | |
| အဿာယ, နာယ, တာယ | နာသံ, နာသာနံ, တာသံ, တာသာနံ |

* ပဉ္စမီ-၌ တတိယာနည်းတူ ခြောက်ရုပ်။

* ဆဋ္ဌီ-၌ စတုတ္ထီနည်းတူ တစ်ဆယ့်လေးရုပ်။

တိဿံ, တဿံ, နဿံ, အဿံ, နာယံ, တာယံ, နာသု, တာသု။

ဟု ငါးဆယ့်ကိုးရုပ်ဖြစ်၏။

(၎င်း ရုပ်တို့ကို တတော သဿ သာယ၊ တဿာ ဝါ၊ ယော ရဿံ- စသည်တို့ဖြင့် စီရင်)။

### နပုလ္လိင်၌

နံ, တံ၊ နာနိ, တာနိ။ နံ, တံ၊ နာနိ, တာနိ။ နေန, တေန- စသည်တို့ဖြင့် ပုလ္လိင်နှင့် တူ၏။

### ဧတ-သဒ္ဒါ ပုလ္လိင်၌

| | |
|---|---|
| ဧသော | ဧတေ |
| ဧတံ | ဧတေ |
| ဧတေန | ဧတေဟိ, ဘိ |
| ဧတဿ | ဧတေသံ, ဧတေသာနံ |
| ဧတသ္မာ, ဧတမှာ | ဧတေဟိ, ဘိ |
| ဧတဿ | ဧတေသံ, ဧတေသာနံ |
| ဧတသ္မိံ, ဧတမှိ | ဧတေသု |

ဟု ရုပ်နှစ်ဆယ်ဖြစ်၏။

### ဣတ္ထိလိင်၌

| | |
|---|---|
| ဧသာ, ဧတာ | ဧတာယော |
| ဧတံ, ဧတာ | ဧတာယော |
| ဧတာယ | ဧတာဟိ, ဘိ |
| ဧတိဿာ, ဧတိဿာယ, ဧတာယ | ဧတာသံ, ဧတာသာနံ |
| ဧတာယ | ဧတာဟိ, ဘိ |
| ဧတိဿာ, ဧတိဿာယ, ဧတာယ | ဧတာသံ, ဧတာသာနံ |
| ဧတိဿံ, ဧတာယံ | ဧတာသု |

ဟု နှစ်ဆယ့်ငါးရုပ်ဖြစ်၏။ ဧတိမာသမိ- စသည်တို့ဖြင့် စီရင်။

### နပုလ္လိင်၌

ဧတံ၊ ဧတာနိ- စသည်လွယ်၏။

## ဣမ- သဒ္ဒါ ပုလ္လိင်၌

| | |
|---|---|
| အယံ | ဣမေ |
| ဣမံ | ဣမေ |
| အနေန, ဣမိနာ | ဧဟိ, ဘိ, ဣမေဟိ, ဘိ |
| အဿ, ဣမဿ | ဧသံ, ဧသာနံ, ဣမေသံ, ဣမေသာနံ |
| အသ္မာ, ဣမသ္မာ, ဣမမှာ | ဧဟိ, ဘိ, ဣမေဟိ, ဘိ |
| အဿ, ဣမဿ | ဧသံ, ဧသာနံ, ဣမေသံ, ဣမေသာနံ |
| အသ္မိံ, ဣမသ္မိံ, ဣမမှိ | ဧသု, ဣမေသု |

ဟု သုံးဆယ့်လေးရုပ်ဖြစ်၏။

(အနပုံသကဿာယံ သိမှိ၊ အနိမိနာမှိ စ၊ သဗ္ဗဿိမဿေ ဝါ၊ ဣမသဒ္ဒဿ စ- စသော သုတ်တို့ဖြင့် စီရင်)။

## ဣတ္ထိလိင်၌

| | |
|---|---|
| အယံ | ဣမာ, ဣမာယော |
| ဣမံ | ဣမာ, ဣမာယော |
| ဣမာယ | ဣမာဟိ, ဘိ |
| အဿာ, ဣမိဿာ, အဿာယ, ဣမိဿာယ, ဣမာယ | ဣမာသံ, ဣမာသာနံ |
| ဣမာယ | ဣမာဟိ, ဘိ |
| * ဆဋ္ဌီ- ၌ စတုတ္ထီနည်းတူ ခုနစ်ရပ်။ | |
| အဿံ, ဣမိဿံ, အဿာ, ဣမိဿာ, ဣမာယံ | ဣမာသု |

ဟု သုံးဆယ့်နှစ်ရုပ်ဖြစ်၏။

(တေသုဝုဒ္ဓိ- သုတ်ကြီးဖြင့် သ္မိ-ကို သာ-ပြု၍ အဿာ, ဣမိဿာ- ပြီးစေ။ အကြွင်းလွယ်၏)။

## နပုလ္လိင်၌

ဣမဿိဒမံသိသု နပုံသကေ- သုတ်ဖြင့် ဝိကပ် ဣဒံ-ပြု၍
ဣဒံ၊ ဣမံ, ဣမာနိ။ ဣဒံ၊ ဣမံ, ဣမာနိ။ အနေန, ဣမိနာ- စသည် ပုလ္လိင်နှင့်တူ၏။

## အမု-သဒ္ဒါ ပုလ္လိင်၌

| | |
|---|---|
| အသု, အမု | အမူ |
| အမုံ | အမူ |
| အမုနာ | အမူဟိ, ဘိ အမုဟိ, ဘိ |
| အမုဿ, အဒုဿ | အမူသံ, အမူသာနံ, အမုသံ, အမုသာနံ |
| အမုသ္မာ, အမုမှာ | အမူဟိ, ဘိ, အမုဟိ, ဘိ |
| * (ဆဋ္ဌီ- ၌ စတုတ္ထီနည်းတူ ခြောက်ရုပ်)။ | |
| အမုသ္မိံ, အမုမှိ | အမူသု, အမုသု |

ဟု သုံးဆယ့်နှစ်ရုပ်ဖြစ်၏။

(အမုဿမောသံ၊ အမုဿာဒုံ- ဝိနာဓိကာရ ယောဂဝိဘာဂ-တို့ဖြင့် စီရင်)။

## ဣတ္ထိလိင်၌

| | |
|---|---|
| အသု, အမု | အမူ, အမုယော |
| အမုံ | အမူ, အမုယော |
| အမုယာ | အမူဟိ, ဘိ, အမုဟိ, ဘိ |
| အမုဿာ, အမုယာ | အမူသံ, အမူသာနံ, အမုသံ, အမုသာနံ |
| အမုယာ | အမူဟိ, ဘိ, အမုဟိ, ဘိ |
| * ဆဋ္ဌီ-၌ စတုတ္ထီနည်းတူ ခြောက်ရုပ်။ | |
| အမုဿံ, အမုယံ | အမူသု, အမုသု |

ဟု သုံးဆယ့်သုံးရုပ် ဖြစ်၏။

## နပုလ္လိင်၌

အမုဿာဒုံ- သုတ်ဖြင့် အဒုံ-ပြု၍ အဒုံ၊ အမူ, အမူနိ။ အဒုံ၊ အမူ, အမူနိ။ အမုနာ- စသည် ပုလ္လိင်နှင့်တူ၏။

(၎င်း အမု- သဒ္ဒါနောင် သဗ္ဗတော ကော-သုတ်ဖြင့် က- အက္ခရာလာလျှင် အမုကော၊ အမုကာ၊ အမုကံ။ အသုကော၊ အသုကာ၊ အသုကံ- စသည်ဖြင့် ပုရိသာဒိ, ကညာဒိ, စိတ္တာဒိ- ဂိုဏ်း၌ ဖြစ်၏)။

## ကိံ- သဒ္ဒါ ပုလ္လိင်၌

| | |
|---|---|
| ကော | ကေ |
| ကံ | ကေ |
| ကေန | ကေဟိ, ဘိ |
| ကဿ, ကိဿ | ကေသံ, ကေသာနံ |
| ကသ္မာ, ကမှာ | ကေဟိ, ဘိ |
| ကဿ, ကိဿ | ကေသံ, ကေသာနံ |
| ကသ္မိံ, ကိသ္မိံ, ကမှိ, ကိမှိ | ကေသု |

ဟု နှစ်ဆယ့်လေးရုပ်ဖြစ်၏။

(ကိဿကဝေ စ- ၌ စ-သဒ္ဒါ၊ သေသေသု စ- စသည်တို့ဖြင့် စီရင်။ ကိဿ, ကိသ္မိံ, ကိမှိ-တို့၌ နိဂ္ဂဟိတ်ကို ဗျဥ္စနေ စ-သုတ်ဖြင့် ချေ)။

## ဣတ္ထိလိင်၌

ကာ၊ ကာ, ကာယော။ ကံ၊ ကာ, ကာယော။ ကာယ- စသည် သဗ္ဗ-နှင့် တူ၏။

## နပုလ္လိင်၌

ကိံ၊ ကာနိ။ ကိံ၊ ကာနိ။ ကေန-စသည် ပုလ္လိင်နှင့်တူ၏။

စိ-နိပါတ်ပုဒ်နှောင်းရာ၌ ကောစိ၊ ကာစိ၊ ကိဥ္စိ- စသည်။

ယ- သဒ္ဒါ ရှေးရှိပြန်လျှင် ယောကောစိ၊ ယာကာစိ၊ ယံကိဥ္စိ-စသည်။

သမာသ်ဖြစ်ရာ၌ ကော-နာမော၊ ကိံ-နာမော၊ ဥပဇ္ဈာယော၊ ကာ-နာမာ၊ ကိံ-နာမာ၊ ဣတ္ထီ၊ ကံ-နာမံ၊ ကိံ-နာမံ၊ ကုလံ- စသည် လိင်သုံးပါး၌ ဖြစ်၏။

နာမ- သဒ္ဒါကြောင့် ကိံ-သဒ္ဒါကို သုတ်ကြီးဖြင့် ကော, ကာ, ကံ- ပြု။

---

ကောစိ၊ တစ်စုံတစ်ယောက်သော ယောက်ျားသည်။ ကာစိ၊ မိန်းမသည်။ ကိဥ္စိ၊ အမျိုးသည်။ ယောကောစိ၊ အလုံးစုံသော ယောက်ျားသည်။ ယာကာစိ၊ မိန်းမသည်။ ယံကိဥ္စိ၊ အမျိုးသည်။ (ကိံ နာမ ယဿာ'တိ) ကော-နာမော၊ ကိံ-နာမော၊ ဘယ်အမည်ရှိသော။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်နည်း။ ဝါ၊ သည်။ ကော-နာမော၊ ကိံ နာမော၊ နည်း။ (စသည်ပေး)။

* ဧကော တီသု သင်္ချာ တုလျာ-တုလျာ'သဟာယ-မိဿနေ။
သေဋ္ဌ'ည-သစ္စ-မုချေသု၊ အပ္ပမှိ ကေဝလေပိ စ။ ။

ဟူသော တစ်ဆယ့်တစ်နက်တို့တွင် သင်္ချာ, တုလျ, အတုလျ, အသဟာယ- လေးနက်တို့၌ တစ်ပုဒ်တည်းဖြစ်သော်ရင်း၊ ဧကေ'က- ဟု ဝိစ္ဆာသမာသ်ပုဒ်ဖြစ်သော်ရင်း၊ ဧကဝုစ်သာ၊ ဧကဝုစ်ကတရ- သဒ္ဒါနှင့် တူ၏။ အညာ- အနက်၌ ဗဟုဝုစ်သာ၊ ဗဟုဝုစ် သဗ္ဗ- သဒ္ဒါနှင့်တူ၏။ မိဿန- အနက်၌ကား သဗ္ဗနာမ်မဟုတ်၊ ဝုစ်နှစ်ပါးရှိ၏။

သော တေန ဧကော ဘဝတု၊ ပဥ္စလော စ ဝိဒေဟော စ၊ ဥဘော ဧကော ဘဝန္တု တေ။ ပုံစံ။

---

* တီသု၊ လိင်သုံးပါးတို့၌။ ပဝတ္တော၊ ဧသော။ ဧကော၊ ဧကသဒ္ဒါသည်။ သင်္ချာ-တုလျာ-တုလျာ'သဟာယ- မိဿနေ၊ တစ်ခုသင်္ချာ, အတူ, အတူမရှိ, အဖော်မရှိ, ရောနှောခြင်း အနက်၌ရင်း။ သေဋ္ဌ'ည-သစ္စ-မုချေသု၊ အမြတ်, တပါး, အမှန်, ပြဓာန်းခြင်း အနက်တို့၌ရင်း။ အပ္ပမှိ၊ အနည်းငယ် အနက်၌ရင်း။ ကေဝလေပိ စ၊ အလုံးစုံသော အနက်၌ရင်း။ ဘဝေ၊ ဖြစ်၏။

(ဧကေက- ဟူသော ဝိစ္ဆာပုဒ်ကို -

ဘိန္န-ဝတ္ထုနိ ဒဗ္ဗေန၊ ဂုဏေန ကိရိယာယ ဝါ။
ဗျာပေတုံ ဝတ္တုနော ဣစ္ဆာ၊ ဝိစ္ဆာတျေ'ဝ ပတီယတေ။ ။

ဂါမေ ဂါမေ ဇလံ ဂါမော၊ ဂါမော ရမ္မော စ ဂမျတေ။
ဂါမော ဂါမော ကွစိ သျာဒိ၊ လောပေါ'ကေကန္တိ-အာဒိသု။ ။

သာပေက္ခတ္တာ ဒွိရုပတ္တာ၊ ဧကေသော'ဝ သမာသတာ။
န ဝိစ္ဆာယံ တဒတ္တော'တိ၊ သာ'ပေက္ခန သမာသတာ။ ။

ဟု ဘေဒစိန္တာ(ဂါထာ-၂၈၇၊ ၂၈၈၊ ၂၈၉)၌ သမာသ်မဖြစ် ဆို၏)

သာပေက္ခ ဧကေသေ၀ ဒွိရုပ-ဖြစ်သော ပုဒ်များကို ဧကသိသ်ပင် လုပ်ရသေး၏။ ဧကသိသ်နှင့် သမာသ်သည် သဘောတူ စပ်လျက်ပင်ရှိသောကြောင့် -

ဧကေကဿ, ဧကေကသ္မိံ, မတ-မတာ အပါယေသု ပရိပူရေသုံ-

စသော ဝိစ္ဆာပုဒ်တို့၌ နိပါတနာသုတ်ကြီးနှင့် ဝိဘတ်ကိုချေမည့်အတွက်ကို တေသံ ဝိဘတ္တိယော လောပါ စ-သုတ်ဖြင့် သမာသ်လုပ်၍ ချေရလျှင် တစ်စုံတစ်ရာမျှ အပြစ်မရှိ ဟု ထင်ပေသည်။

သော၊ ထိုသူသည်။ တေန၊ ထိုသူနှင့်။ ဧကော၊ တစ်ပေါင်းတည်းသည်။ ဘဝတု၊ တည်း။ တေ ဥဘော၊ ထိုနှစ်ဦးသားတို့သည်။ ဧကာ၊ တစ်ပေါင်းတည်းတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

သေဋ္ဌ, သစ္စ- စသော အနက်တို့၌ ပြယုဂ်ပုံစံကို ရှာဖွေဆင်ခြင်၍ ယူ။ ဧက-သဒ္ဒါနောင် က- အက္ခရာလာမူ ဧကကော၊ ဧကိကော၊ ဧကက်- စသည်ဖြင့် ပုရိသ, ကညာ, စိတ္တ-နည်းတူ ဖြစ်၏။ သုတ်ကြီးဖြင့် အာကီ- ပစ္စည်းသက်မူ ဧကာကီ ပုရိသော၊ ဧကာကိနီ ဣတ္ထီ၊ ဧကာကိ ကုလ- စသည် ဖြစ်၏။

**ဥဘ- သဒ္ဒါ လိင်သုံးပါး၌ ဗဟုဝုစ်သာ**

ဥဘော, ဥဘေ
ဥဘော, ဥဘေ
ဥဘောဟိ, ဘိ
ဥဘေဟိ, ဘိ
ဥဘိန္နံ
ပဉ္စမီ, ဆဋ္ဌီလည်း ငါးရုပ်။
ဥဘောသု, ဥဘေသု။

ဟု တစ်ဆယ့်ခြောက်ရုပ် ဖြစ်၏။

(တတော ယောနမော တု-၌ တု-သဒ္ဒါ၊ ဥဘာဒိတော နမိန္နံ၊ တေသု ဝုဒ္ဓိ-စသည်ဖြင့် စီရင်)။

ဥဘယ- သဒ္ဒါ လိင်သုံးပါး၌ပင် ယော-ကို ဩ-ပြု၍ ဥဘယော- ဟု ဖြစ်၏။ အကြွင်း သဗ္ဗနှင့် နည်းတူ။

**ဒွိ- သဒ္ဒါ စသည် ဗဟုဝုစ်သာ**

ဒွေ, ဒုဝေ
ဒွေ, ဒုဝေ
ဒွီဟိ, ဘိ
ဒွီဟိ, ဘိ
ဒွိန္နံ, ဒုဝိန္နံ
ပဉ္စမီ, ဆဋ္ဌီ- ခြောက်ရုပ်။
ဒွီသု, ဒွိသု

ဟု လိင်သုံးပါး၌ပင် တစ်ဆယ့်ရှစ်ရုပ်စီ ဖြစ်၏။

(ယောသု ဒွိန္နံ ဒွေ စ- ဂုင်း၌ စ-သဒ္ဒါ၊ နော စ ဒွါဒိတော နံမှိ- စသည်တို့ဖြင့် စီရင်)။

---

ဧကကော၊ ဧကာကီ၊ တစ်ယောက်တည်းသော။ ပုရိသော၊ ယောက်ျား (စသည်ပေး)။

## တိ-သဒ္ဒါ ပုလ္လိင်၌

တယော

တယော

တီဟိ, ဘိ

တီဟိ, ဘိ

တိဏ္ဏံ, တိဏ္ဏန္နံ

ပဉ္စမီ, ဆဋ္ဌီ- လည်းခြောက်ရုပ်၊

တီသု, တိသု

ဟု တစ်ဆယ့်ခြောက်ရုပ်ဖြစ်၏။

(တိစတုဏ္ဏံ, ဣဏ္ဏမိဏ္ဏန္နံ- စသည်တို့ဖြင့် စီရင်)။

ဣတ္ထိလိင်၌ တိဿော, တိဿန္နံ။ နပုလ္လိင်၌ တီဏိ-တို့သာ ထူးကုန်၏။

နောစ ဒွါဒိတော- ၌ စ-သဒ္ဒါဖြင့် ဿ-နှစ်လုံးဆင့်နှင့် လာ၍ တိဿန္နံ- ပြီးစေ။

## စတု- သဒ္ဒါ ပုလ္လိင်၌

စတ္တာရော, စတုရော

စတ္တာရော, စတုရော

စတူဟိ, ဘိ, စတုဟိ, ဘိ, စတုဗ္ဘိ

စတုဏ္ဏံ

ပဉ္စမီ, ဆဋ္ဌီ- လည်းခြောက်ရုပ်။

စတူသု, စတုသု,

ဟု တစ်ဆယ့်ရှစ်ရုပ်ဖြစ်၏။

ဣတ္ထိလိင်၌ စတဿော, စတဿန္နံ။ နပုလ္လိင်၌ စတ္တာရိ-တို့သာ ထူးပြားကုန်၏။

စတုရော, စတုဗ္ဘိ, စတဿန္နံ- တို့ကို ဩသရေ စ-၌ စ-သဒ္ဒါ၊ သန္တသဒ္ဒဿ သော-၌ ဘေဘော စန္တေ-ယောဂဝိဘာဂ၊ ပဉ္စာဒီနမတ္တံ-၌ ဘာဝနိဒ္ဒေသ- တို့ဖြင့် စီရင်။

ပဉ္စ-သဒ္ဒါ၌ ပဉ္စာဒီနမကာရော၊ ပဉ္စာဒီနမတ္တံ- စသည်တို့ဖြင့် စီရင်၍ ပဉ္စ၊ ပဉ္စ၊ ပဉ္စဟိ, ဘိ၊ ပဉ္စန္နံ၊ ပဉ္စဟိ, ဘိ၊ ပဉ္စန္နံ၊ ပဉ္စသု- ဟု ကိုးရုပ်ဖြစ်၏။ အဋ္ဌာရသ- တိုင်အောင် လိင်သုံးပါး၌ နည်းတူ။

၁။ ဒွိ'ဒယော အဋ္ဌာရသန္တာ၊ တိ-လိင်ေ ဗဟု-ဝါစကာ။
ဝိသတျာ'ဒီ နဝုတျ'န္တာ၊ ဣတ္ထိ-လိင်ေ'က-ဝါစကာ။ ။

၂။ ကောဋိ'တ္တယ'က္ခောဘဏီယော၊ ဣတ္ထိ-လိင်ေ ဒွိ-ဝါစကာ။
သတာ'ဒီ ယာဝါ'သင်္ချေယျာ၊ နပုံသကေ ဒွိ-ဝါစကာ။ ။

ဟူ၍လည်း မှတ်။

## တုမ္ဟ- သဒ္ဒါ၌

| | |
|---|---|
| တွံ, တုဝံ | တုမ္ဟေ, တုမ္ဟံ, တုမ္ဟာနံ, ဝေါ |
| တံ, တဝံ, တုဝံ, တွံ | တုမ္ဟေ, တုမ္ဟံ, တုမ္ဟာနံ, |
| | တုမ္ဟာကံ, ဝေါ |
| တယာ, တွယာ, တေ | တုမ္ဟေဟိ, ဘိ, ဝေါ |
| တဝ, တုယှံ, တုမှံ, တေ | တုမ္ဟာကံ, တုမှံ, ဝေါ |
| တယာ, တွယာ | တုမ္ဟေဟိ, ဘိ |
| (ဆဋ္ဌီ- ၌ စတုတ္ထီနည်းတူ ခုနစ်ရုပ်) | |
| တယိ, တွယိ | တုမ္ဟေသု |

ဟု လေးဆယ့်နှစ်ရုပ်ဖြစ်၏။

---

၁။ ဒွိ'ဒယော၊ ဒွိအစရှိကုန်သော။ အဋ္ဌာရသ'န္တာ၊ အဋ္ဌာရသ အဆုံးရှိကုန်သော သဒ္ဒါတို့သည်။ တိ-လိင်ေ၊ လိင်သုံးပါး၌။ ဗဟု-ဝါစကာ၊ ဗဟုဝုစ်တို့တည်း။ ဝိသတျာ'ဒီ၊ ဝိသတိ-အစရှိကုန်သော။ နဝုတျ'န္တာ၊ နဝုတိ-အဆုံးရှိသော သဒ္ဒါတို့သည်။ ဣတ္ထိလိင်ေ၊ ၌။ ဧကဝါစကာ၊ ဧကဝုစ်တို့တည်း။

၂။ ကောဋိတ္တယ'က္ခောဘဏီယော၊ ကောဋိ, ပကောဋိ, ကောဋိပကောဋိ- သုံးလီ၊ အက္ခောဘဏီ သဒ္ဒါတို့သည်။ ဣတ္ထိလိင်ေ၊ ၌။ ဒွိ-ဝါစကာ၊ ဧကဝုစ် ဗဟုဝုစ် နှစ်ပါးတို့တည်း။ သတာ'ဒီ၊ သတ- အစရှိကုန်သော။ ယာဝါ'သင်္ချေယျာ၊ အသင်္ချေယျ- တိုင်အောင်သော သဒ္ဒါတို့သည်။ နပုံသကေ၊ ၌။ ဒွိ-ဝါစကာ၊ တို့တည်း။

## အမှ-သဒ္ဒါ၌

| | |
|---|---|
| အဟံ | မယံ, အမှံ, အမှာနံ, အမှေ, နော |
| မံ, မမံ | အမှာကံ, အမှံ, အမှာနံ, အမှေ, နော |
| မယာ, မေ | အမှေဟိ, ဘိ, နော |
| မမ, မယှံ, အမှံ, မမံ, မေ | အမှာကံ, အသ္မာကံ, အမှံ, နော |
| မယာ | အမှေဟိ, ဘိ |
| (ဆဋ္ဌီ- ၌ စတုတ္ထီနည်းတူ ကိုးရုပ်) | |
| မယိ | အမှေသု, အသ္မေသု |

ဟု လေးဆယ့်နှစ်ရုပ်ပင်ဖြစ်၏။

(၎င်း ရုပ်တို့ကို တွမဟံ သိမှိ စ ၎င်း၌ စ-သဒ္ဒါ။ သဗ္ဗနာမကာရတေ ပထမော၊ ဝါယောပ္ပထမော-၌ ဝါ-သဒ္ဒါ။ ဗဟုဝစနေသု ဝေါ နော-၌ ဗဟုဝုစ် သု-သဒ္ဒါ။ တံ မမံမှိ၊ တဝံ မမဉ္စ နဝါ၊ တုမှသ္မ တုဝံ တွမံမှိ၊ ဝါယောပ္ပထမော၊ ပဒတော ဒုတီယာ၊ နာမှိ တယာ မယာ၊ တယာတယိနံ၊ န အံမှိ၊ ဝါတတီယေ စ၊ ဗဟုဝစနေသု ဝေါနော၊ တဝ မမသေ၊ တုယှံ မယှဉ္စ၊ သသံ၊ တေမေကဝစနေသု၊ တုမှမှေဟိနမာကံ ၎င်း၌ ယောဂဝိဘာဂ၊ အမှတုမှန္တု၊ တုမှမှာကံ တယိမယိ၊ မယံ ယောမှိ ပထမေ၊ အမှဿ မမံ- သုတ်တို့ဖြင့် စီရင်။ တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် မှ-ကို သ္မ-ပြု၍ အသ္မာကံ, အသ္မေသု-တို့ကို ပြီးစေ)။

ဆိုခဲ့ပြီးသော သဗ္ဗနာမ်တို့နောင် တွာဒယော ဝိဘတ္တိသညာ-သုတ်ဖြင့် ဝိဘတ်အမည်မှည့်အပ်သော တော-အစရှိသော ပစ္စည်းသက်လတ်သော် -

| | |
|---|---|
| သဗ္ဗ- သဒ္ဒါ၌ | သဗ္ဗတော၊ သဗ္ဗတြ သဗ္ဗတ္ထ၊ သဗ္ဗဓိ၊ သဗ္ဗဒါ၊ သဒါ၊ ခြောက်ရုပ်။ |
| ယ- သဒ္ဒါ၌ | ယတော၊ ယတြ၊ ယတ္ထ၊ ယဟိံ၊ ယဒါ။ ငါးရုပ်။ |
| တ- သဒ္ဒါ၌ | တတော၊ တတြ၊ တတ္ထ၊ တဟိံ၊ တဟံ၊ တဒါ၊ တဒါနိ။ ခုနစ်ရုပ်။ |
| ဧတ- သဒ္ဒါ၌ | အတော၊ ဧတ္တော၊ အတြ၊ အတ္ထ၊ ဧတ္ထ။ ငါးရုပ်။ |
| ဣမ- သဒ္ဒါ၌ | ဣတော၊ ဣဟ၊ ဣဓ၊ ဧတရဟိ၊ အဓုနာ၊ ဣဒါနိ။ ခြောက်ရုပ်။ |
| ကိံ- သဒ္ဒါ၌ | ကုတော၊ ကုတြ၊ ကုတ္ထ၊ ကတ္ထ၊ ကွ၊ ကုဟိံ၊ ကုဟံ၊ ကဟံ၊ ကုဟိဉ္စနံ။ |
| | ကဒါ၊ ကုဒါစနံ၊ ကရဟိ။ တစ်ဆယ့်နှစ်ရုပ်ဖြစ်၏။ |

သဗ္ဗာ'ဒိတော တော, တြ, ထ, မိ၊ ဝ, ဟိံ, ဟံ, ဟ, ဓ, ဟိဥ္စနံ။
ဒါ, ဒါစနံ, ဒါနိံ, ရဟိ၊ ဓုနာ'တိ ဒသ-ပဥ္စ စ။

❀ သဒ္ဒါတိုင်းမှ၊ တော- သက်ရ၏။ သဗ္ဗ-နောက် တြ၊ ထ, မိ-နှင့် ဒါ၊ ယ-မှာ တြ, ထ၊ ဟိံ, ဒါ-ကျ၏။ တ-နောက်မှာ တြ၊ ထ, ဟိံ, ဟံ, ဒါ၊ ဒါနိံ- ပါတည်း။ ဧတော- တြ, ထ၊ နောင် ဣမ-မှ၊ ဟ, ဓ, ရဟိ။ ဒါနိံ, ဓုနာ၊ ကိံ- နောင်မှာ တြ၊ ထ, ဝ, ဟိံ, ဟံ၊ ဟိဥ္စနံ-နှင့်၊ ဒါစနံ, ဒါ၊ ရဟိ-ပါကိုး သက်ရနိုးသည်၊ ရှေးရိုးကျမ်းညီ မလွဲတည်း။

မာဂဓ မြန်မာ သင်္ဂဟဂါထာနှစ်ပုဒ်။

အည တြ, တ္ထ, ဒါ၊ ပုဗ္ဗ တြ, တ္ထ၊ ပရ တြ, တ္ထ၊ အပရ တြ, တ္ထ၊ အမု တြ, တ္ထ၊ ဧက တြ, တ္ထ, ဒါ၊ ဥဘယ တြ၊ ဥဘယတ္ထ-စသည်တို့ ကြွင်းသေးသည်ကိုလည်း သတိပြု။

တော-ပစ္စည်းကား သဗ္ဗနာမ်ပုဒ်နောင်သာမဟုတ်၊ အနိစ္စတော၊ ဒုက္ခတော၊ ပုရိသတော၊ ဣတ္ထိတော၊ ကညတော၊ ဇမ္ဗုတော-စသည်ဖြင့် နာမ်ပုဒ်တို့ နောက်မှာလည်း သက်ရ၏။

**နာမ်ဂိုဏ်းပြီး၏။**

သရုပ်ခွဲနှင့် တကွ နာမ်သုတ်နက်ပြီး၏။

---

သဗ္ဗာ'ဒိတော၊ သဗ္ဗအစရှိသော သဒ္ဒါတို့မှ။ ပရံ၊ နောက်၌။ တော-တြ-ထ-မိ။ လ။ ဓုနာတိ ဒသပဥ္စ၊ ဝိဘတ်အမည်ကို ရကုန်သော တော, တြ, ထ, မိ။ လ။ ဓုနာ- ဟူသော တစ်ဆယ့်ငါးပစ္စည်းတို့သည်။ ယထာရဟံ၊ စွာ။ ဟောန္တိ၊ ကုန်၏။

သရုပ်ခွဲနှင့်တကွ နာမ်သုတ်နက် ပြီး၏။

✪ ✪ ✪ ✪ ✪

# ၃-အာချာတ်

## ပထမကဏ္ဍ

ကိရိယာပုဒ်တို့ကို ရုပ်ပြီး မစီရင်တတ်လျှင် ကာရကသတ္တိ, သမာသ်, တဒ္ဓိတ်, ကိတ်- ဝိဂြိုဟ်တို့ကို မသိနိုင်ရာသောကြောင့် နာမ်၏ အခြားမဲ့၌ အာချာတ်ကို၊ ထိုနောင် ကိတ်, သမာသ်, တဒ္ဓိတ်, ကာရက, ဥဏာဒ်- သုတ်နက်ကို အစဉ်အတိုင်း ပြဆိုပေအံ့သတည်း။

(၂၇၀) **အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပဒါနိ။** အထ၊ ရှေ့စကား၏ အခြားမဲ့၌ အနန္တရ-ဤကာလမှ၊ ပဋ္ဌာယ၊ စ၍။ ဝုစ္စမာနာနံ၊ ဆိုအပ်လတ္တံ့ကုန်သော။ ဝိဘတ္တီနံ၊ ဝိဘတ်ရှစ်သွယ်တို့တွင်။ ဝါ၊ တို့၏။ ပုဗ္ဗာနိ၊ ရှေ့ရှေ့ဖြစ်ကုန်သော။ ဆ၊ ခြောက်ပုဒ်, ခြောက်ပုဒ်တို့သည်။ ဝါ၊ လေးဆယ့်ရှစ်ပုဒ်တို့သည်။ ပရဿပဒါနိ၊ ပရဿပုဒ်မည်ကုန်၏။ ဝါ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

တိ- အန္တိ, သိ- ထ, မိ- မ- အစရှိသည်ကား ပုံစံတည်း။

ပရဿ'တ္တာနိ ပဒါနိ ပရဿပဒါနိ၊ တ'ဗ္ဗာဟုလ္လတော တ'ဗ္ဗောဟာရော။ (ရူ၊ ၂၆၀။)

ကြိယ'မာချာတီတိ အာချာတံ။

---

(၂၇၀) (အထ ဣတျ'ယံ နိပါတော မရိယာဒတ္ထော။ တေန ဣတော ပဋ္ဌာယာ'တိ အတ္ထော ယုဇ္ဇတိ။ ဝုတ္တာ'ပေက္ခော ဝါ။ တဒ္ဓိတ-ကပ္ပဿ အနန္တရန္တိ အတ္ထော။ ဝုစ္စမာနာ'ပေက္ခော ဝါ။ ဥပရိ ဝုစ္စမာနာန'န္တိ အတ္ထော။ (ညာ်၊ ၃၁၇။)

**အထာ'မိကာရေ မင်္ဂလေ၊ နိပ္ပန္နေ စာ'ဝဓာရဏေ။**
**ပုစ္ဆာ'နန္တရာ'ပါဒါနေ၊ ဝိကပ္ပါ'ရမ္ဘ-သံသယေ။**
**သမုစ္စယေ ပက္ခန္တရေ၊ ဣစ္စာ'ဒိသု ပဝတ္တတိ။**

ဤအနက်တို့တွင် အထသဒ္ဒါ- အနန္တရ, အပါဒါန, အာရမ္ဘတ္ထ-တို့၌ ဖြစ်၏။

ပရဿ၊ တပါးဟော နာမ, တုမှ- သဒ္ဒါ၏။ အတ္တာနိ၊ အနက်ကို ပြတတ်ကုန်သော။ ပဒါနိ၊ ပုဒ်တို့တည်း။ ပရဿပဒါနိ၊ တို့။ တ'ဗ္ဗာဟုလ္လတော၊ ထိုပရမည်သော နာမ, တုမှ ယောဂ- များသောကြောင့် တ'ဗ္ဗောဟာရော၊ ထိုပရဿပုဒ်ဟူသော အမည်ကိုရ၏။

(အတ္တနောပုဒ် တစ်ဆယ့်ခြောက်လုံးမှာ ယေဘုယျနည်းဖြင့် ပရဿပုဒ် မည်၏ ဟူလို။ တစ်နည်း ဘော-တည်းဟူသော မိမိအနက်ကို မဟောတတ်။ ကတ္တား-တည်းဟူသော သူတစ်ပါးအနက်ကို ပြတတ်သောကြောင့် ရှေ့ခြောက်ပုဒ်သည် မုချပရဿပုဒ် မည်၏။ နောက်ခြောက်ပုဒ်ကား ဘော-ကို ဟောခိုက် မုချအတ္တနောပုဒ်။ ကံ, ကတ္တား- ကိုဟောခိုက် အတွင်ရှင်ဦး, ဘူတပုဗ္ဗဂတိကနည်း)။

ကြိယံ၊ ကို။ အာချာတိ၊ လွန်စွာပဓာနအားဖြင့် ဟောတတ်၏။ ဣတိ၊ ကြောင့်။ အာချာတံ၊ မည်၏။

၁။ ယံ တိကာလံ တိပုရိသံ၊ ကြိယာဝါစိ တိကာရကံ။
အတိလိင်္ဂ ဒွိဝစနံ၊ တ'ဒါချာတ'န္တိ ဝုစ္စတိ။ ။(ရူ၊ ၂၅၇၊ ဇာလိနီ၊ ဂါ-၄၈၄။)

၂။ ကာလာ'ဒိဝသေန ဓာတွတ္ထံ၊ ဝိဘဇန္တီ'တိ ဝိဘတ္တိယော။
ကြိယံ ဓာရေန္တီ'တိ ဓာတဝေါ။ ။(ရူ၊ ၂၅၇)

၃။ ဝုတ္တောပိ ဓာတုနာ ဘာဝေါ၊ ဝိဘတ္တိ-ပစ္စယာ'ဒိနာ။
ဘာဝိနော ဓာတုနော'တ္ထသာ'-ချာတေ ပါကဋ'ဘာဝတော။ ။(ဘေဒစိန္တာ၊ ဂါ-၃၂၇)

၄။ ကြိယံ ပဓာန-ဘာဝေန၊ အာချာယတီ'တိ တံ ပဒံ။
အာချာတံ ကေစိ ဓာတွ'တ္ထော- ပဓာရေနာ'တိ ဓာ'ဗြဝုံ။ ။(ဘေဒစိန္တာ၊ ဂါ-၃၂၈။)

---

(ကြိယာဝိသေသဒြပ်ကို ပဓာန၊ ကတ္တားဒြပ်, ကံဒြပ်တို့ကိုကား အပ္ပဓာနအားဖြင့် ဟောသည်။ ထို့ကြောင့် ဘောဟော အာချာတ်ပုဒ်၌ သကတ်, ဒြပ်, သင်္ချာ, ကာရက- အနက်လေးပါး။ ကတ္တားဟော, ကံဟော အာချတ်ပုဒ်တို့၌ သကတ်, ပဓာနဒြပ်, အ'ပ္ပဓာနဒြပ်, သင်္ချာ, ကာရက- အနက်ငါးပါး ကောက်ယူရသည်)။

၁။ ယံ ပဒံ၊ သည်။ တိကာလံ၊ ကာလသုံးပါး ရှိ၏။ တိပုရိသံ၊ ပုရိသ်သုံးပါး ရှိ၏။ ကြိယာ-ဝါစိ၊ ကြိယာကို ပဓာနအားဖြင့် ဟော၏။ တိကာရကံ၊ ကာရကသုံးပါး ရှိ၏။ အတိလိင်္ဂံ၊ လိင်သုံးပါး မရှိ။ ဒွိဝစနံ၊ ဝုစ်နှစ်ပါး ရှိ၏။ တံ ပဒံ၊ ကို။ အာချာတန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၂။ ကာလာဒိဝသေန၊ ကာလအစရှိသည်တို့၏ အစွမ်းဖြင့်။ ဓာတွ'တ္ထံ၊ ကို။ ဝိဘဇန္တိ၊ ဝေဖန်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ ဝိဘတ္တိယော၊ မည်ကုန်၏။ ကြိယံ၊ ကို။ ဓာရေန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ ဓာတဝေါ၊ ဓာတ်- မည်ကုန်၏။ (ရူပသိဒ္ဓိ၊ ၂၅၇။)

၃။ ဓာတုနာ၊ သည်။ ဘာဝေါ၊ ကြိယာကို။ ဝုတ္တောပိ၊ ဟောအပ်သော်လည်း။ အာချာတေ၊ ၌။ ဝိဘတ္တိ-ပစ္စယာ'ဒိနာ-ဘာဝိနော၊ ဝိဘတ်ပစ္စည်းနှင့် မကင်းမူ၍ ဖြစ်လေ့ရှိသော။ ဓာတုနော၊ ၏။ အတ္ထသ၊ ကြိယာအနက်၏။ ပါကဋ'ဘာဝတော၊ ကြောင့်။

၄။ ကြိယံ၊ ကို။ ပဓာနဘာဝေန၊ ပြဓာန်းသည်၏အဖြစ်ဖြင့်။ အာချာယတိ၊ ဟောတတ်၏။ ဣတိ၊ ကြောင့်။ တံ ပဒံ၊ သည်။ အာချာတံ၊ မည်၏။ ကေစိ၊ တို့သည်။ ဓာတွ'တ္ထော-ပဓာရေန၊ ဓာတ်နက်ကြိယာ အမည်ကို ကတ္တား, ကံ၌ တင်စားသောအားဖြင့်။ ကြိယံ၊ ကြိယာမည်သောကတ္တား, ကံကို။ အာချာယတိ၊ ၏။ ဣတိ၊ ကြောင့်။ တံ ပဒံ၊ သည်။ အာချာတံ၊ ၏။ ဣတိ ဧ၊ ဤသို့လည်း။ အဗြဝုံ၊ ကုန်ပြီ။

၅။ ဗျတိရေကေန ဂစ္ဆာမိ၊ န ဂစ္ဆာမီ'တိ ပါကဋာ။
ကိံ ကရောသိ ပစာမီ'တိ၊ ပဥ္စတော ဝါ ပယုံ'ယံ ကြိယာ။ ။ (ဘေဒစိန္တာ၊ ဂါ- ၃၂၉။)

၆။ အာချာတသဒ္ဒေ'ဝ ဝါ သာဓျ- ရူပတ္တာ ကိရိယာပဒာ-။
နတ္တ် ဒဗ္ဗ'ပ္ပဓာနတ္တံ၊ ကိတသဒ္ဒ သိဒ္ဓ-ရူပတော။ ။

(၂၇၁) **ပရာဏျ'တ္တနော ပဒါနိ။** ပရာဏိ၊ နောက်နောက်ဖြစ်ကုန်သော။ ဆ၊ တို့သည်။ ဝါ၊ တို့သည်။ အတ္တနောပဒါနိ၊ အတ္တနောပုဒ်- မည်ကုန်၏။

တေ-အန္တေ, သေ-ဝှေ, ဧ-မှေ- အစရှိသည်ကား ပုံစံတည်း။

* အတ္တနော အတ္ထာနိ ပဒါနိ အတ္တနောပဒါနိ။ တာနိ ပန အဋ္ဌစတ္တာလီသံ ဟောန္တိ။

---

၅။ ဂစ္ဆာမိ၊ သွား၏။ န ဂစ္ဆာမိ၊ မသွား။ ဣတိ၊ သို့။ ဗျတိရေကေန၊ အနွယ, ဗျတိရေကအားဖြင့် ၎င်း။ ကိံ၊ အဘယ်ကို။ ကရောသိ၊ နည်း။ ပစာမိ၊ ချက်၏။ ဣတိ၊ သို့။ ပဥ္စတော ဝါပိ၊ အမေးအဖြေအားဖြင့်၎င်း။ အယံ ကြိယာ၊ သည်။ အာချာတေ၊ ၌။ ပါကဋာ၊ ထင်ရှား၏။

ဤဂါထာအတိုင်း ရင်္ဂ, ရာဂ- ပုဒ်တို့၏ အနက်ကို မှတ်။

ဏာမ္ဟိ ရန္ဇဿ ကရဏော၊ ဇာ’ဒေသဿ ဝိဓာနတော။
အ’ကတ္တရိပိ ဝိညေယျော၊ ကာရကေ ဏာဿ သမ္ဘဝေါ။ ။(ရူပသိဒ္ဓိ၊ ၃၅၈။)

(၄၅၅) ပါဏဿ၊ သတ္တဝါကို။ ဃာတော၊ သတ်ခြင်း။ ပါဏ-ဃာတီ၊ သတ္တဝါကို သတ်လေ့ရှိသသူ။ ဂေါဃာတကော၊ နွားသတ်သမား။ ဃာတေတိ၊ သတ်စေ၏။

(၄၅၆) ဝဓတိ၊ ညှဉ်းဆဲတတ်၏။ ဣတိ၊ ကြောင့်။ ဝဓကော၊ မည်၏။ ပုတ္တ-ဝဓော၊ သားကို သတ်ခြင်း။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝဓိတွာ၊ ထု၍။ မံ၊ ငါ့ကို။ အဝဓိ၊ ညှဉ်းဆဲပြီ။ (အဟာနိ မံ- ကား၊ ဝါ-သဒ္ဒါ၏အကျိုး)။

(၄၅၇) **အကာရန္တာန'မာယော။** ဏာမို၊ ကြောင့်။ အာကာရန္တာနံ၊ အာ-အက္ခရာ အဆုံးရှိကုန်သောဓာတ်တို့၏ အစိတ် အာ-၏။ အာယော၊ အာယ- ပြုသည်။ ဟောတိ၊ ၏။

ဒါယကော၊ ဒါယီ၊ မဇ္ဇ-ပါယီ၊ သီဃ-ယာယီ။ ပုံစံ။

(၄၅၈) **ပုရ-သ'မုပ ပရိဟိ ကရောတိဿ ခ-ခရာ ဝါ တ'ပ္ပစ္စယေသု စ။** တ'ပ္ပစ္စယေသု စ၊ တ-ပစ္စည်းတို့ကြောင့်ရင်း။ ဏာမို စ၊ ကြောင့်ရင်း။ ပုရ-သ'မုပ-ပရိဟိ၊ ပုရ, သံ, ဥပ, ပရိ-သဒ္ဒါတို့မှ။ ပရဿ၊ သော။ ကရောတိဿ၊ ကရ- ဓာတ်၏။ ခ- ခရာ၊ ခ-ပြု, ခရ- ပြုတို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ ဏာမို-ကိုင်၏။ ပဟုဝုစ်သဒ္ဒါလွန်ဖြင့် တုံ, တွာ- စသည်တို့ကြောင့် ပြု၏။**

ပုရက္ခတော၊ ပုရက္ခာရော၊ သင်္ခတော၊ သင်္ခါရော၊ ဥပက္ခတော၊ ဥပကာရော ဝါ၊ ပရိက္ခာရော၊ အဘိသင်္ခရိတုံ၊ အဘိသင်္ခရိတွာ၊ ပုရက္ခရိတွာ၊ ပုရက္ခတွာ။ ပုံစံ။

(၄၅၉) **တဝေ-တုနာ'ဒီသု ကာ။** တဝေ'တုနာ'ဒီသု၊ တဝေ, တုန- စသော ပစ္စည်းတို့ကြောင့်။ ကရောတိဿ၊ ကရ- ဓာတ်၏။ ကာ၊ ကာ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ကာတဝေ၊ ကာတုန၊ ကာတုံ၊ ကတွာ၊ ကာတဗ္ဗံ၊ ကတ္တဗ္ဗံ ဝါ။ ပုံစံ။

---

(၄၅၇) ဒါယကော၊ ပေးလှူတတ်သသူ။ ဒါယီ၊ ပေးလှူလေ့ရှိသည်။ မဇ္ဇ-ပါယီ၊ ယစ်မျိုးကို သောက်လေ့ရှိသည်။ သီဃ-ယာယီ၊ လျင်စွာသွားလေ့ရှိသည်။

(၄၅၈) (စဂ္ဂဟဏံ ဏာ'ဂ္ဂဟဏာ'နုကမနတ္ထံ။ (ဉာသ်)။
ဗဟုဝစနနိဒ္ဒေသေန တုံ-တွာ'ဒီသုပိ) (ရူ၊ ၃၆၀)။

ပုရက္ခတော၊ ရှေ့၌ပြုအပ်သည်။ ဝါ၊ ရှေ့သွားပြုအပ်သည်။ ပုရက္ခာရော၊ ရှေ့သွားပြုခြင်း။ သင်္ခတော၊ ပြုပြင်အပ်သည်။ သင်္ခါရော၊ ပြုပြင်ခြင်း။ ဥပက္ခတော၊ ကျေးဇူးပြုအပ်၏။ ဥပကာရော၊ ကျေးဇူးပြုခြင်း။ ပရိက္ခာရော၊ ထက်ဝန်းကျင်ပြုအပ်သော အသုံးအဆောင်။ ပုရက္ခရိတွာ၊ ပုရက္ခတွာ၊ ရှေ့သွားပြု၍။

(ပုရက္ခတော- စသည်ဖြင့် သို့-ဝိဘတ် မကျေဘဲ အလုတ္တသမာသ်လည်း ရှိ၏။ ပင်ကိုယ်ရင်း, ကျေ၍ရင်း, ပြု၍ရင်း, တစ်လုံးတည်းနေသော ဧကက္ခရဓာတ်တို့၏ နောက်၌ ဒတွာ, ကတွာ, ပုရက္ခ-တွာ, အလက်တော- စသည်ဖြင့် က္က-အာဂုံ မလာရ မှတ်)။

(၄၆၀) **ဂမ-ခန-ဟနာ’ဒိနံ တုံ-တဗ္ဗာ’ဒိသု နူ။** တုံ-တဗ္ဗာ’ဒိသု၊ တုံ, တဗ္ဗ-အစရှိသော ပစ္စည်းတို့ကြောင့်။ ဂမ-ခန-ဟနာ’ဒိနံ၊ ဂမု, ခနု, ဟန-စသောဓာတ်တို့၏ အစိတ်တို့၏။ နူ၊ နု-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဂန္တုံ၊ ဂန္တုပ္ပံ၊ ဂန္တဝေ၊ ဂန္တုန၊ ဂန္တာန၊ ဂန္တာ၊ ဂမိတွာ ဝါ၊ ခန္တုံ၊ ဟန္တုံ၊ မန္တုံ မန္တုပ္ပံ၊ မန္တဝေ၊ မန္တုန၊ မန္တာန၊ မန္တာ၊ မနိတွာ ဝါ။ ပုံစံ။

(၄၆၁) **သဗ္ဗေဟိ တုနာ’ဒိနံ ယော။** သဗ္ဗေဟိ၊ ခပ်သိမ်းသောဓာတ်တို့မှ။ ပရေသံ၊ ကုန်သော။ တုနာ’ဒိနံ၊ တုန- အစရှိသော ပစ္စည်းတို့၏။ ယော၊ ယ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

အဘိဝန္ဒိယ၊ အဘိဝါဒိယ၊ အဘိဘုယျ၊ ဝိဘဇ္ဇ၊ ဝိဘဇိယ၊ ဥဒ္ဒိဿ၊ ဥဒ္ဒိသိယ၊ ဥဒ္ဒိသိတွာ ဝါ၊ ပိဓာယ၊ ပိဒဟိတွာ ဝါ၊ နိဿာယ၊ နိဿယိတွာ ဝါ၊ အာဒါယ၊ အာဒိယ၊ အာဒိယိတွာ ဝါ။ ပုံစံ။

(၄၆၂) **စ-န’န္တေဟိ ရစ္စံ။** စ-န’န္တေဟိ၊ စ-အက္ခရာ, န-အက္ခရာ အဆုံးရှိသောဓာတ်တို့မှ။ ပရေသံ၊ ကုန်သော။ တုနာ’ဒိနံ၊ တို့၏။ ရစ္စံ၊ ရစ္စ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ရစ္စ- ယောဂဝိဘာဂဖြင့် တပါးဓာတ်နောင် ပြု၏။

ဝိဝိစ္စ၊ ဝိဝိစိတွာ၊ ဝိဝေစေတွာ၊ ဝိမုစ္စ၊ ဝိမုစ္စိတွာ၊ ဝိမောစေတွာ၊ ပစ္စ၊ ပစိတွာ၊ အာဟစ္စ၊ ဥပဟစ္စ၊ ဟန္တာ၊ ဟနိတွာ၊ ပတိစ္စ၊ အမိစ္စ၊ ဥပေစ္စ၊ ဥပေတွာ၊ သက္ကစ္စ၊ အမိကိစ္စ၊ ကရိယ၊ ကတွာ။ ပုံစံ။

---

(၄၆၀) ဂန္တဝေ၊ သွားခြင်းငှာ။ ခန္တုံ၊ တူးဖြိုခြင်းငှာ။ ဟန္တုံ၊ သတ်ညှဉ်းဆဲခြင်းငှာ။ မန္တုံ၊ သိခြင်းငှာ။ မနိတွာ၊ သိ၍။

(ကွစ်ဓာတုတ်-ဗအာဒိနာ ခနန္တဿ ဏာတ္တစ္စ၊ ခဏိတပ္ပံ၊ ခဏနီယံ၊ ခနနီယံ ဝါ ဟု ရူပသိဒ္ဓိ (၃၄၁) ရှိရကား။ ခါဏု၊ သစ်ငုတ်။ ခဏ္ဍော၊ ကြံသကာ- စသည်ဖြင့် ခနုဓာတ်၌ အနည်းငယ်မျှ ဏကြီးပြန်လျက်ရှိ၏)။

(၄၆၁) အဘိဝန္ဒိယ၊ ရှိခိုးချီးမွမ်း၍။ အဘိဝါဒိယ၊ သုခိတော ဟောတု-စသော ဆုပေးစကားကိုဆိုစေ၍။ အဘိဘုယျ၊ နှိပ်စက်၍။ (ရဿ, ဒွေဘော်ပြု)။ ဥဒ္ဒိဿ၊ ညွှန်ပြ၍။ (ပုဗ္ဗရုပ် ပြု)။ ပိဒဟိတွာ၊ ပိတ်ဆို့၍။ (ဒွေဘော်, အဗ္ဘာသ-ပြု)။ နိဿာယ၊ မှီ၍။ (ဣ-ကို အာ-ပြု)။ အာဒိယိတွာ၊ ယူ၍။ (အာကို ဣပြု။ ဒိဝါဒိ ယ-ပစ္စည်း)။

(၄၆၂) ဝိဝိစ္စ၊ ဝိဝိစ္စိတွာ၊ ကင်း၍၊ ဆိတ်၍။ ဝိဝေစေတွာ၊ ကင်းစေဆိတ်စေ၍။ ဝိမုစ္စ၊ ဝိမုစ္စိတွာ၊ လွတ်၍။ ဝိမောစေတွာ၊ လွတ်စေ၍။ ပစ္စ၊ ပစိတွာ၊ ချက်၍။ အာဟစ္စ၊ ဥပဟစ္စ၊ ထိခိုက်၍။ ဟန္တာ၊ ဟနိတွာ၊ ညှဉ်းဆဲ၍။ ပတိစ္စ၊ အမိစ္စ၊ စွဲမှီ၍။ ဥပေစ္စ၊ ဥပေတွာ၊ ကပ်ရောက်၍။ သက္ကစ္စ၊ အမိကိစ္စ၊ အရိုအသေပြု၍။ ကရိယ၊ ကတွာ၊ ၍။

ဝါ-သဒ္ဒါ ဝဝတ္ထိတဝိဘာသတ္ထ၊ အဝမည၊ အဝမည်တွာ၊ မန္တာ- စသည့်၌ အသန္တဝိမိ။

(၄၆၃) **ဒိသာ သွာန-သွာ'န္တ-လောပေါ စ။** ဒိသာ၊ ဒိသ- ဓာတ်မှ။ ပရေသံ၊ ကုန်သော။ တုနာ'ဒီနံ၊ တို့၏။ သွာန-သွာ၊ သွာန-ပြ၊ သွာ-ပြတို့သည်။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။ အန္တ-လောပေါ စ၊ အစိတ် သ-၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ၏။

ဒိသွာန၊ ဒိသွာ၊ နေက္ခမ္မံ ဒဋ္ဌု၊ ဒိဋ္ဌာ၊ ပဿိယ၊ ပဿိတွာ။ ပုံစံ။

**စ'ဂ္ဂဟဏံ ဒုတိယတ္ထ သမ္ပိဏ္ဍနတ္ထံ။** (ဉာဿ)။

(၄၆၄) **မ-ဟ-ဒ-ဘေဟိ မ္မ ယှ-ဇ္ဇ-ဗ္ဘ-ဒ္ဓါ စ။** မ-ဟ-ဒ-ဘေဟိ၊ မ, ဟ, ဒ, ဘ- အက္ခရာ အဆုံးရှိသော ဓာတ်တို့မှ။ ပရေသံ၊ ကုန်သော။ တုနာ'ဒီနံ၊ တို့၏။ မ္မ-ယှ-ဇ္ဇ-ဗ္ဘ-ဒ္ဓါ စ၊ မ္မ-ပြ, ယှ-ပြ, ဇ္ဇ-ပြ, ဗ္ဘ-ပြ, ဒ္ဓ-ပြတို့သည်လည်း။ ဝါ၊ ချို့။ ဟောန္တိ၊ ကုန်၏။ အန္တ'လောပေါ စ၊ အစိတ်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ၏။

အာဂမ္မ၊ ပဂ္ဂယှ၊ ဥပ္ပဇ္ဇ၊ အာရဗ္ဘ၊ အာရဒ္ဓ၊ ဥပလဒ္ဓ၊ လဒ္ဓါ ဝနသည်။ ပုံစံ။

**စ-သဒ္ဒါ ဒုတိယတ္ထ သမ္ပိဏ္ဍန၊** ဝါ-ကိုလည်း ငင်၏။

(၄၆၅) **တဒ္ဓိတ-သမာသ-ကိတကာ နာမံ'ဝါ'တဝေ-တုနာ'ဒီသု စ။** အ-တဝေ- တုနာ'ဒီသု၊ တဝေ, တုန, တွာန, တွာ, တုံ, တာယေ- စသော နိပါတ်ပစ္စည်း အဆုံးရှိသည်မှ တစ်ပါးကုန်သော။ ဝါ၊ တစ်ပါးကုန်သော သဒ္ဒါတို့တွင်။ တဒ္ဓိတ-သမာသ-ကိတကာ စ၊ တဒ္ဓိတ်, သမာသ်, ကိတ်-သဒ္ဒါတို့ကိုလည်း။ နာမံ'ဝ၊ နာမ်တို့ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုမှတ်အပ်ကုန်၏။

---

အဝမည၊ အဝမည်တွာ၊ မထိမဲ့ သိမှတ်အောက်မေ့၍။ မန္တာ၊ သိ၍။ (သုတ်တိုင်း၌ပင် ပုံစံများလှ၍ မဆောင်နိုင်လျှင် ဝိဝိစ္စ၊ ဝိဝိစ္စတွာ- အစရှိသည်တည်း။ စသည်ဖြင့် ဆိုလေ)။

(၄၆၃) နေက္ခမ္မံ၊ တောထွက်ခြင်းကို။ ခေမတော၊ ဘေးငြိမ်းချမ်း၏ဟု။ ဒဋ္ဌု၊ မြင်၍။ ဒိဋ္ဌာ၊ မြင်၍။ ပဿိယ၊ ပဿိတွာ၊ မြင်၍။

(၄၆၄) အာဂမ္မ၊ လာ၍။ ပဂ္ဂယှ၊ ချီးမြှောက်၍။ ဥပ္ပဇ္ဇ၊ ဖြစ်၍။ အာရဗ္ဘ၊ အာရဒ္ဓ၊ အားထုတ်၍။ ဥပလဒ္ဓ၊ ရ၍။ ဝန'သည်၊ တောဟူသော အမှတ်သညာကို။ လဒ္ဓါ၊ ရ၍။

(၄၆၅) အ-တဝေ-တုနာဒီသု- ကို အဒဟနဟာနံ- ကဲ့သို့ ဝိသေသန, နိဒ္ဒါရဏစပ်။

စ'ဂ္ဂဟဏံ ကိစ္စပစ္စယ-အာ-ဤ-ဣတ္ထိပစ္စယ'န္တာ'ဒီဿပိ နာမ ဗျပဒေသတ္ထံ။

(ရူပသိဒ္ဓိ၊ ၁၈၈။)။ အာဒိသဒ္ဒေန သင်္ဂဟိတဿ ခါဒိဓာတုပစ္စယန္တာဒိဿ စ။ (ၾငင်းဋီကာ)။

ဝါသိဋ္ဌော၊ ပတ္တ-ဓမ္မော၊ ကုမ္ဘကာရော၊ ကာတဗ္ဗံ၊ ကညာ၊ နဒီ ဂဟပတာနီ။ ပုံစံ။

**စ-သဒ္ဒါ သမုစ္စည်း။** ကိစ္စ-ပစ္စည်း, ဣတ္ထိလိင်-ပစ္စည်း, ဓာတုနိဒ္ဒိဋ္ဌ-ပစ္စည်း အဆုံးရှိသော သဒ္ဒါတို့ကို ဆည်း၏။ (ရူပသိဒ္ဓိ)။

**(၄၆၆) ဒုမှိ ဂရု။** ဒုမှိ၊ နှစ်လုံးသော အက္ခရာအပေါင်းကြောင့်။ ပုဗ္ဗော၊ ရှေ့ရဿ-အက္ခရာသည်။ ဂရု၊ ဂရု- မည်၏။

ဒတွာ၊ ဘိတွာ၊ ဟုတွာ။ ပုံစံ။

**(၄၆၇) ဒီဃော စ။** ဒီဃော စ၊ ဒီဃ-အက္ခရာသည်လည်း။ ဂရု၊ ဂရု- မည်၏။

နာဝါ၊ နဒီ၊ ဝဓူ၊ ဒွေ၊ တယော။ ပုံစံ။

**စ-သဒ္ဒါ ဂရု-ကို ငင်၏။**

**(၄၆၈) အက္ခရေဟိ ကာရ။** အက္ခရေဟိ၊ အက္ခရာတို့မှ။ ပရံ၊ ၌။ ကာရ၊ ကာရ- ပစ္စည်းသည်။ ဟောတိ၊ ၏။

အ ဧဝ အကာရော။ ပုံစံ။

---

ကိစ္စိဓာန- ဟူရာ၌ကဲ့သို့ ကိတကဖြင့် ကိစ္စ, ဓာတုနိဒ္ဒိဋ္ဌပစ္စယန္တ- တို့ကို၊ တဒ္ဓိတဖြင့် ဣတ္ထိပစ္စယန္တ တို့ကို ယူလျှင်ပင် ပြီးသင့်သောကြောင့် ဤသည် မဆိုဟန်ရှိသည်။ ဗျတိရေကတ္ထဇောတက ဝါစာသိလို့ ကြံ။

ဝါသိဋ္ဌော၊ ဝါသိဋ္ဌ၏ အနွယ်အဆက်။ ပတ္တ-ဓမ္မော၊ ရောက်အပ်ပြီးသော လောကုတ္တရာ တရား ရှိ၏။ (ကုမ္ဘ-ကာရော-ကား သမာသ်, ကိတ်- နှစ်ဖက်ရ။ အကြွင်းသင်္ဂဟိတ)။

(၄၆၆-၄၆၇) (ဤနှစ်သုတ်တို့၌ "ဂရု၊ ဂရုကိုကဲ့သို့။ ဒဋ္ဌဗ္ဗော၊ အပ်၏။ ဝါ၊ ဝတ္တဗ္ဗော၊ ၏"-ဟု အနက်ပေးကြသည်ကား ဂရုစစ် ဥပမေယျရှိပါမှ သင့်နိုင်မည်။ အဝဟာသန္တ'မိဝ ဒေဝ-ဝိမာန-သိရိံ-ဟူသကဲ့သို့ ဥပရိက္ခုလည်း မသင့်။ ထို့ကြောင့် ဝုတ္တိ၌ "ဂရုကောဝ၊ ဂရုမည်၏ ဟူ၍သာလျှင်။ ဝါ၊ ဂရုဖြစ်အောင် သာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။ ဝါ၊ ဝတ္တဗ္ဗော၊ ၏"-ဟု ဧဝတ္ထ- သင့်ရာ၏။ ဣဝတ္ထ- မသင့်နိုင်ရာ။ ကြံကြကုန်။

သံယောဂါဒိ စ ဒီဃော စ၊ နိဂ္ဂဟိတ-ပရော စ ယော။
ဂရုဝကော ပါဒ'န္တော ဝါ၊ ရဿ'ညော မတ္တိကော လု'ဟု။ ။

ဟု ဆန်း၌လာသော ဂရုလေးမျိုးအတိုင်း နှစ်မတြာရှည်အောင် ရွတ်ရ၍ ဂရုမည်သည်။

(၄၆၈) အ ဧဝ၊ အ-သည်သာလျှင်။ အကာရော၊ အကာရမည်၏။

(ဒေဝေါ ဧဝ ဒေဝတာ- ကဲ့သို့ ကာရပစ္စည်းအနက်သီး မရှိ-ဟု ကာရသဒ္ဒါ၏ အနက်ကို ဧဝသဒ္ဒါ ကန့်သည်၊ သကတ္ထတဒ္ဓိတ်တည်း။ ဧဝ-ကာရော- စသည်၌ကား ကရီယတေ ဥစ္စာရီယတေ'တိ ကာရော၊

(၄၆၉) **ယထာ'ဂမ'မိကာရော။** ယထာ'ဂမံ၊ အာဂုံပါဋ္ဌိအားလျော်စွာ။ ဣကာရော၊ ဓာတ်နောင် ဣ- အက္ခရာလာသည်။ ဟောတိ၊ ၏။

ဝေဒိတဗ္ဗံ၊ ကာရိယံ၊ ဣစ္ဆိတံ၊ သီလံ ရက္ခိတော၊ ကရိတွာ။ ပုံစံ။

(၄၇၀) **ဒ–ဓ'န္တတော ယော ကွစိ။** တုနာ'ဒီသု၊ တုန- စသော ပစ္စည်းတို့ကြောင့်။ ဒ-ဓ-န္တတော၊ ဒထွေး, ဓအောက်ခြိုက် အဆုံးရှိသော ဓာတ်တို့မှ။ ပရံ၊ ၌။ ယထာ'ဂမံ၊ စွာ။ ယော၊ ယ-သည်။ အာဂမော၊ သည်။ ကွစိ၊ အချို့ပုံစံ၌။ ဟောတိ၊ ၏။

ဥပ္ပဇ္ဇိယ၊ ဥပ္ပဇ္ဇိတွာ၊ ဥပ္ပါဒေတွာ ဝါ၊ ဗုဇ္ဈိယ၊ ဗုဇ္ဈိတွာ၊ ဗောဓေတွာ ဝါ။ ပုံစံ။

**ဣတိ ကိ-ဗ္ဗိဓာန ကပ္ပေ စတုတ္ထော ကဏ္ဍော။ ၁၇။**

ဣတိ အယံ၊ ဤတစ်ဆယ့်ခုနစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်- အပေါင်းသည်။ ကိ'ဗ္ဗိဓာန-ကပ္ပေ၊ ၌။ စတုတ္ထော၊ သော။ ကဏ္ဍော၊ တည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

---

ဓေ-သဒ်ါတော ကာရော ဓေ-ကာရော- ဟု ကမ္မဓာရည်း ပြု၊ ကာရပုဒ် သဒ္ဒအနက်ဟော။ ဤကို နှလုံး မထားမိ၍ မဏိမဉ္ဇူဆရာတော် ဋီကာကျော်ကို ပယ်မှားလေ၏။ အကာရော-ကိုလည်း သမာသ်-ဟု အချို့ ထင်မှားကြ၏)။

(၄၇၀) ဥပ္ပဇ္ဇိယ၊ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ဗုဇ္ဈိယ၊ ဗုဇ္ဈိတွာ၊ သိ၍။ ဗောဓေတွာ၊ သိစေ၍။

(ရူပသိဒ္ဓိ၊ (၃၉၄)။ ၌ကား ယော ကွစီတိ ယောဂ-ဝိဘာဂေန ယကာရာ'ဂမော- ဟု ဆို၍ ဝိဝိစ္စိတွာ၊ ပစ္စိတွာ၊ ဝိမုစ္စိတွာ- တို့ကို ပုံစံထုတ်၏။ ဤအလုံးစုံသည် ကတ္တားဟောဖြစ်၍ ဒိဝါဒိ ယ-ပစ္စည်းဖြင့်ပင် ပြီးနိုင်သောကြောင့် ဤသုတ်ကို သုတ်ပိုဟူ၍ မှတ်ထင်မိပေ၏။ ကံဟောရာ၌ အာပဇ္ဇိယတိ၊ ဗုဇ္ဈိယတိ၊ ပစ္စိယတိ၊ မညီယတိ-စသည်ဖြင့် အာချာတ်ရုပ် ရှိကောင်းပါမူကား ဤသုတ်ကို အာချာတ်၌ ဆိုလျှင် အကျိုးရှိရာ၏။ ထိုသို့လည်း ရုပ်မရှိသင့်ရာ။ ကြံကြကုန်)။

✪ ✪ ✪ ✪ ✪

# ၄-ကိတ် ပဥ္စမကဏ္ဍ

(၄၇၁) **နိဂ္ဂဟီတံ သံယောဂါ'ဒိ နော။** သံယောဂါ'ဒိ၊ သံယုဂ်၌, သံယုဂ်တွင် အစဖြစ်သော။ ဝါ၊ အစ သံယုဂ်ဖြစ်သော။ နော၊ န- သည်။ နိဂ္ဂဟီတံ၊ ဗိန္ဒု- အဖြစ်သို့။ ပပ္ပေါတိ၊ ၏။

ဘင်္ဂေါ၊ ရင်္ဂေါ၊ သင်္ဂေါ။ ပုံစံ။

(၄၇၂) **သဗ္ဗတ္ထ ဂေ ဂီ။** သဗ္ဗတ္ထ၊ အလုံးစုံသော တ-ပစ္စည်း, တိ-ပစ္စည်း သက်ရာသာနေ၌။ ဂေ၊ ဂေ-ဓာတ်၏။ ဂီ၊ ဂီ-ပြုသည်။ ဟောတိ၊ ၏။

ဂီတော၊ ဂီတာ၊ ဂီတံ၊ ဂါထာ'ဘိဂီတံ မေ အ-ဘောဇနေယျံ၊ ဂါယနံ ဂီတိ၊ သင်္ဂီတိ။ ပုံစံ။

(၄၇၃) **သဒသ သီဒတ္တံ။** သဗ္ဗတ္ထ၊ အလုံးစုံသော ဝိဘတ်, ပစ္စည်းတို့ကြောင့်။ သဒဿ၊ သဒ- ဓာတ်၏။ သီဒတ္တံ၊ သီဒ- အဖြစ်သည်။ ဟောတိ၊ ၏။

နိသီဒတိ၊ ပသီဒတိ၊ သံသီဒတိ၊ အာသီဒတိ၊ နိသီဒိတွာ၊ နိသိန္နော။ ပုံစံ။

(၄၇၄) **ယဇဿ သရဿိ' ဋ္ဌေ။** ဋ္ဌေ၊ ဋ္ဌ-ပြုကြောင့်။ ယဇဿ၊ ယဇ-ဓာတ်၏။ သရဿ၊ အစိတ် သရ-၏။ ဣ၊ ဣ-ပြုသည်။ ဟောတိ၊ ၏။

ယိဋ္ဌော မယာ။ ပုံစံ။

(၄၇၅) **ဟ-စတုတ္ထာန'မ'န္တာနံ ဒေါ ဓေ။** ဓေ၊ ဓ-ပြုကြောင့်။ အန္တာနံ၊ ဓာတ်၏အစိတ်ဖြစ်ကုန်သော။ ဟ-စတုတ္ထာနံ၊ ဟ-အက္ခရာ, စတုတ္ထက္ခရာတို့၏။ ဒေါ၊ ဒထွေး-ပြုသည်။ ဟောတိ၊ ၏။

သန္နဒ္ဓေါ၊ ဗုဒ္ဓေါ၊ ဝုဒ္ဓေါ၊ ဗုဒ္ဓိ၊ ဝုဒ္ဓိ၊ လဒ္ဓေါ၊ လဒ္ဓိ၊ လုဒ္ဓေါ၊ အာရဒ္ဓေါ။ ပုံစံ။

---

(၄၇၁) ဘင်္ဂေါ၊ ချိုးဖဲ့ဖျက်ဆီးခြင်း။ ရင်္ဂေါ၊ တပ်စွဲခြင်း, ဆိုးရည်။ သင်္ဂေါ၊ ငြိကပ်ခြင်း။

(၄၇၂) ဂီတော၊ သီဆိုအပ်သော တရား။ ဂီတာ၊ သီဆိုအပ်သော ဂါထာ။ ဂီတံ၊ သီဆိုအပ်သော စကား, သီဆိုခြင်း, သီဆိုရာ အရပ်။ ဂါထာ'ဘိဂီတံ၊ ဂါထာဖြင့် ချီးမွမ်းသီဆိုအပ်သော ဆွမ်းကို။ မေ၊ ငါဘုရားသည်။ အ ဘောဇနေယျံ၊ မစားထိုက်။ ဂါယနံ၊ သီဆိုခြင်း။ ဂီတိ၊ သီဆိုခြင်း။ သင်္ဂီတိ၊ ပေါင်းစု၍ သီဆိုခြင်း, သင်္ဂါယနာတင်ခြင်း။ ။ (**တပစ္စယ, တိပစ္စယေသွေ၀ါ'ယံ**။ ရူပသိဒ္ဓိ၊ ၃၈၀)။

(၄၇၃) နိသီဒတိ၊ ထိုင်နေ၏။ ပသီဒတိ၊ ကြည်လင်၏။ သံသီဒတိ၊ နစ်မြုပ်၏။ အာသီဒတိ၊ ချဉ်းကပ်၏။ နိသိန္နော၊ ထိုင်နေသည်။

(ဤပုဒ်ကား ဘိဒါဒိတော- သုတ်ဖြင့်လည်း ရုပ်ပြီး၏။ နိသဇ္ဇတော၊ နိသဇ္ဇ ကပ္ပေယျ- စသည်၌ကား "**သဒ္ဒါဟူက၊ ယေဘုယျ၊ နိစ္စ မမှတ်ရာ**" ရူပသိဒ္ဓိ၊ ၂၉၀။ ၌ကား ကွစိသဒ္ဒါ လိုက်၏)။

(၄၇၅) သန္နဒ္ဓေါ၊ ဖွဲ့စည်းအပ်၏။ ဗုဒ္ဓေါ၊ သိ၏။ ဝုဒ္ဓေါ၊ ကြီး၏။ ဗုဒ္ဓိ၊ သိခြင်း။ ဝုဒ္ဓိ၊ ကြီးခြင်း။ လဒ္ဓေါ၊ ရအပ်၏။ လဒ္ဓိ၊ အယူ။ လုဒ္ဓေါ၊ လောဘကြီးသသူ။ အာရဒ္ဓေါ၊ အားထုတ်အပ်၏။

(၄၇၆) **ဍော ပကာရေ။** ပကာရေ၊ ပ- အက္ခရာကြောင့်။ အန္တာနံ၊ ကုန်သော။ ဟ-စတုတ္ထာနံ၊ တို့၏။ ဍော၊ ဍ ရင်ကောက် ပြုသည်။ ဟောတိ၊ ၏။

အဍ္ဍော၊ ဍ္ဍော၊ ဝုဍ္ဍော၊ ဝဍ္ဍော၊ ဝုဍ္ဎိ၊ ဝဍ္ဎိ။ ပုံစံ။

(၄၇၇) **ဂဟာဿ ဃရံ ဏော ဝါ။** ဏော၊ ဏ- ပစ္စည်းကြောင့်။ ဂဟဿ၊ ဂဟ- ဓာတ်၏။ ဃရံ၊ ဃရ- ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဃရံ၊ ဂါဟော။ ပုံစံ။

(၄၇၈) **ဒဟာဿ ဒေါ လံ။** ဏော၊ ကြောင့်။ ဒဟဿ၊ ဒဟ- ဓာတ်၏။ ဒေါ၊ ဒ- သည်။ လံ၊ လ- အဖြစ်သို့။ ဝါ၊ အချို့။ ပပ္ပေါတိ၊ ၏။

ပရိဠာဟော၊ ပရိဒါဟော။ ပုံစံ။

(၄၇၉) **ဓာတွ'န္တဿ လောပေါ ကွိမှိ။** ကွိမှိ၊ ကွိ- ပစ္စည်းကြောင့်။ ဓာတွ'န္တဿ၊ ဓာတွန္တ ဗျည်း၏။ လောပေါ၊ သည်။ ဟောတိ၊ ၏။

ဘုဇ-ဂေါ။ ပုံစံ။

(၄၈၀) **ဝိဒ'န္တေ ဦ။** ကွိမှိ၊ ကြောင့်။ ဝိဒ'န္တေ၊ ဝိဒ- ဓာတ်၏ အဆုံး၌။ ဦ၊ ဦ- အက္ခရာသည်။ အာဂမော၊ သည်။ ဟောတိ၊ ၏။

လောကံ ဝိဒတိ ဇာနာတီ'တိ လောကဝိဒူ။ ပုံစံ။

(၄၈၁) **န-မ-ရာန'မ'န္တာနံ နိ'ယုတ္တ-တမှိ။** က္တ-ယုတ္တ-တမှိ၊ က္တ-အာဂုံနှင့်ယှဉ်သော တ-ပစ္စည်းကြောင့်။ အန္တာနံ၊ ဓာတ်၏အစိတ် ဖြစ်ကုန်သော။ န-မ-ရာနံ၊ န-အက္ခရာ, မ-အက္ခရာ, ရ-အက္ခရာတို့၏။ လောပေါ၊ သည်။ န ဟောတိ၊ မဖြစ်။

---

(၄၇၆) ဒဍ္ဍော၊ ပူလောင်အပ်၏။ (ဍ ရင်ကောက်ပြုလျှင် ဍ္ဍော-ဖြစ်၏)။ ဝုဍ္ဍော၊ ဝဍ္ဍော၊ ကြီးပွားသည်။ ဝုဍ္ဎိ၊ ဝဍ္ဎိ၊ ကြီးပွားခြင်း။

(၄၇၇) ဃရံ၊ အဆောက်အဦကို ယူတတ်သော အိမ်။ ဂါဟော၊ ယူခြင်း။

(၄၇၉) ဘုဇ-ဂေါ၊ ကောက်တကျစ် သွားတတ်သော မြွေ။ (ဥရ-ဂေါ၊ မြွေ။ တုရ-ဂေါ၊ မြင်း။ ခ-ဂေါ၊ ဝိဟ-ဂေါ၊ ငှက်။ အ-ဂေါ၊ န-ဂေါ၊ သစ်ပင်၊ တောင်- စသည် ပုံစံများ၏)။

ဟနိတော၊ ဟနိတွာ၊ ဟနိတုံ၊ ဟနိတဗ္ဗံ၊ ဂမိတော၊ ဂမိတွာ၊ ဂမိတုံ၊ ဂမိတဗ္ဗံ၊ အဘိဟရိတော၊ အဘိဟရိတွာ၊ အဘိဟရိတုံ၊ အဘိဟရိတဗ္ဗံ။ ပုံစံ။

(ဣ- အာဂုံနှင့် မယှဉ်မူကား ဓာတွန် ကျေ၏။ န-ပြု၏ ဟူလိုသည်။ ဟတော၊ ဟန္တွာ၊ ဟန္တုံ၊ ဟန္တဗ္ဗံ။ ဂတော၊ ဂန္တွာ၊ ဂန္တုံ၊ ဂန္တဗ္ဗံ။ အဘိဟဋော၊ အဘိဟဋုံ၊ အဘိဟာတဗ္ဗံ။ ပုံစံ)။

---

(၄၈၁) ဟနိတော၊ ညှဉ်းဆဲသတ်ပုတ်အပ်၏။ ဂမိတော၊ သွားတတ်, ရောက်အပ်၏။ အဘိဟရိတော၊ ရှေးရှုဆောင်အပ်၏။ အဘိဟဋုံ ရှေးရှုဆောင်၍။ ဝါ၊ ဆောင်ခြင်းငှာ။ (အဘိဟဋုန္တိ အဘိဟရိတုံ၊ အဘိဟရိတွာ ဝါ- ကဒ်ါနှင့် အညီတည်း)။

(ဤဓာတ်သုံးခုသာမက ဣယုတ္တ တ-ပစ္စည်းနှောင်းလျှင် အင်္ဂိတော၊ လိခိတော၊ ဣင်္ဂိတော၊ လဃိတော၊ ပစိတော၊ အဋ္ဋိတော၊ ပတိတော၊ အပ္ပိတော၊ ဒယိတော၊ ခလိတော- စသည်ဖြင့် ဓာတ်-ဟူသမျှပင် ဓာတွန် မကျေရ။ သို့ဖြစ်ပါလျက် န, မ, ရ- ဆုံးသော ဓာတ်သုံးခုကိုသာ အသီးထုတ်ဆို-ခြင်း၏ အကျိုးထူးကို ကြံသင့်၏။ ဤသုတ်သည် ဣအာဂုံနှင့် မယှဉ်ခဲ့လျှင် ဂမခနဟနရမာဒီနမန္တော၊ ရကာရော စ- ဟူသော နှစ်သုတ်တို့ဖြင့် ဓာတွန် ကျေ၏။ ဂမခနဟနရမာဒီနံ တုံ တဗ္ဗာဒီသုန- ဟူသော သုတ်ဖြင့် န- ပြု၏ဟု ပြန်၍ပြသော ဗျတိရေက'ပွဓာန-သုတ်တည်း။ ထို့ကြောင့် ထိုသုံးသုတ်၌ ပါသော ဓာတ်တို့ကိုသာ ယူ၍ ဤသုတ်ကို ဆိုသည်။

ထိုသုံးသုတ်တို့၌ငင်း ဣယုတ္တတမှိတိကိမတ္ထံ။ ဂတော၊ သတော၊ ကတော, ဟတော- ဟူသော ကိုး-၌ငင်း ငယ်စဉ်က သင်ရဖူးသော မြန်မာပေစာဟောင်းတို့၌ငင်း က-ကာရန္တဓာတ် ပုံစံမပါ။ ထို့ကြောင့် ဤသုတ်၌ န-မ-ရာန'မန္တာနံ- ဟူ၍သော်ငင်း န-မ-ကာရာန'မန္တာနံ- ဟူ၍ အက္ခရာဟော ကာရသဒ္ဒါနှင့်သော်ငင်း ပါ၌မှန် ဖြစ်ရာ၏။ ဝုတ္တိ၌ နကာရ-မကာရ-ရကာရာနံ-ဟု ကကြီးတွေ ပေါလှ၍ က-သဒ္ဒါအပို ရောပါဟန်ရှိသည်။ သို့မဟုတ်လျှင်လည်း ကာ-၌ အာဒိယ ပျက်သည်နှင့် နကာရ-မကာရာနံ- တွင်၍မက ကကာရ-ရကာရာနံ-ဟု ဝုတ္တိကို ထည့်စွက် ပြင်မိကြဟန်ရှိသည်။ ထိုပါ၌ပျက်တို့ကို တွေ့မြင်ကြ၍ သီဟိုဠ် ဉာသ်၌ "သကိတောတိ သကပ္ပဇာယမိတိ မဿ ရူပံ"ဟု-သီဟိုဠ် ရူပသိဒ္ဓိ၌ သကိ သက်ာယံ၊ သကိတော-ဟု တကွဲတပြား နောက်မှ သီဟိုဠ်ဆရာများ ထည့်စွက်ထုတ်ထားကြဟန် ရှိသည်။ ထိုဓာတ်များမှာ ဣ- အာဂုံနှင့်မယှဉ်ဘဲ သတော-ဟု ကျေသောပုံစံ မရှိသောကြောင့် မြစ်ဖို့ရန် အကြောင်းမရှိ။

ယတ္ထ အာသက်ာ၊ တတ္ထ ပဋိသေဓော-ဟု ပရိဘာသာရှိသည်။ နမကာရာနမန္တာနံ- ပါ၌ရှိရာ၌ ကာရသဒ္ဒါလွန်ဖြင့် ဟရဓာတ် စသည်ကိုယူ။ တစ်နည်း နမကာရာန'မန္တာနံ- ပါ၌ရှိတိုင်း သင့်အောင် ကြံမူကား က-အက္ခရာလွန်ဖြင့် ဓာတွန် မကျေက ဓာတ်ဟူသမျှနောင် ဣ-အက္ခရာ လာရ၏။ ကျေမူကား

(၄၈၂) **န က-ဂတ္တံ စ-ဇာ ဏွမ္ဟိ။** ဏွမ္ဟိ ဏွ- ပစ္စည်းကြောင့်၊ စ-ဇာ၊ ဓာတွန် စ-အက္ခရာ, ဇ-အက္ခရာတို့သည်။ က-ဂတ္တံ၊ က-အဖြစ်, ဂ-အဖြစ်သို့။ န ပပ္ပေါန္တိ၊ ကုန်။

ပစတီ-တိ ပါစကော၊ ယဇတိ ပူဇေတီ'တိ ယာဇကော။ ပုံစံ။

(၄၈၃) **ကရဿ စ တတ္တံ တုသ္မိံ။** တုသ္မိံ၊ တု- ပစ္စည်းကြောင့်။ ကရဿ စ၊ ကရ- ဓာတ်၏လည်း။ အန္တဿ၊ အစိတ် ရ-၏။ တတ္တံ၊ တ-၏အဖြစ်သည်။ ဟောတိ၊ ၏။

**စ-သဒ္ဒါ တစ်ပါးဓာတ်ကို ဆည်း၏။**

ကတ္တာ၊ ဘတ္တာ၊ ဝတ္တာ၊ ဘောတ္တာ၊ ဆေတ္တာ။ ပုံစံ။

(၄၈၄) **တုံ-တုန-တဗ္ဗေသု ဝါ။** တုံ-တုန-တဗ္ဗေသု၊ တုံ, တုန, တဗ္ဗ-ပစ္စည်းတို့ကြောင့်။ ကရဿ၊ ၏။ အန္တဿ၊ ၏။ တတ္တံ၊ သည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ကတ္တုံ၊ ကာတုံ၊ ကတ္တုန၊ ကာတုန၊ ကတ္တဗ္ဗံ၊ ကာတဗ္ဗံ။ ပုံစံ။

ဝါ-သဒ္ဒါ ဝိကပ်။

(၄၈၅) **ကာရိတံ ဝိယ ဏာ'နုဗန္ဓော။** ဏာ'နုဗန္ဓော၊ ဏာ-အနုဗန်ရှိသော ပစ္စည်းကို။ ကာရိတံဝိယ၊ ကာရိတ်- ပစ္စည်းကိုကဲ့သို့။ ဝါ၊ ချို့။ ဒဋ္ဌဗ္ဗော၊ ရှုမှတ်အပ်၏။

ဒေဟော၊ နာယကော၊ စာရီ။ ပုံစံ။

ဝါ-သဒ္ဒါ ဝိကပ်၊ ဥပက္ခရော- စသည်၌ မြစ်၏။

---

မလာရ။ ကျေသည်ကို မဆိုထားဘိ၊ ကျေသည်နှင့်အလားတူသော ဘူတော၊ ဟုတော၊ ကီတော၊ ပီတော၊ ဌိတော၊ ဖိတော- စသော ဧကက္ခရဓာတ်နောင်ပင် က္က-မလာရ။ နှစ်လုံးဖြစ်ခဲ့မူကား မကျေသည်နှင့် အလားတူသောကြောင့် ဘဝိတော၊ ဘဝိတုံ၊ ဘဝိတဗ္ဗံ- စသည်ဖြင့် က္က-လာရ၏-ဟု ပြသည်ဟူ၍ ကြံလျှင် က-ပါကျိုးနပ်၏။ သို့သော်လည်း ယခင် ပါဌ်နှစ်ချက်နှင့်ပင် ထိုအနက်ပြီးသောကြောင့် မကြံသင့်ပြီ)။

(၄၈၃) ကတ္တာ၊ ပြုတတ်သည်။ ဘတ္တာ၊ မွေးမြူတတ်သော သခင်။ ဝတ္တာ၊ ဆိုတတ်သည်။ ဘောတ္တာ၊ ဖျက်ခွဲတတ်သည်။ ဆေတ္တာ၊ ဖြတ်တတ်သည်။

(စသဒ္ဒေန ဘရာဒီနဉ္စ။ (ရူပသိဒ္ဓိ၊ ၃၅၅။)။ ဤသ်၌ကား စဂ္ဂဟဏ'မဝဓာရဏတ္ထံ- ဟူ၏။ သန္နိဋ္ဌာနာ ဝဓာရဏ ယူ)။

(၄၈၅) ဒေဟော၊ ပွားတတ်, ပွားစေတတ်သော ကိုယ်။ နာယကော၊ ရှေ့ဆောင်အကြီးအကဲ။ စာရီ။ ကျင့်လေ့, သွားလေ့, စားလေ့ရှိသသူ။ ဥပက္ခရော၊ ကပ်၍ပြုခြင်း, ကျေးဇူးပြုခြင်း။

(၄၈၆) **အန'ကာ ယု-ဏ္ဍူနံ**။ ယု-ဏ္ဍူနံ၊ ယု-ပစ္စည်း, ဏ္ဍူ-ပစ္စည်းတို့၏။ အန'ကာ၊ အန-ပြု, အက-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

နန္ဒနံ၊ ကာရကော၊ ကာရိကာ။ ပုံစံ။

(၄၈၇) **က-ဂါ စ-ဇာနံ**။ ဏာ'နုဗန္ဓေ၊ ကြောင့်။ စ-ဇာနံ၊ ဓာတွန် စ-အက္ခရာ, ဇ-အက္ခရာတို့၏။ က-ဂါ၊ က-ပြု, ဂ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ပါကော၊ ဝါကျံ၊ ယောဂေါ၊ ဘာဂျံ။ ပုံစံ။

ကွတိ ကိ'ဗ္ဗိဓာန-ကပ္ပေ ပဥ္စမော ကဏ္ဍော။ ၁၇။

ကွတိ အယံ၊ တစ်ဆယ့်ခုနစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ်- အပေါင်းသည်။ ကိ'ဗ္ဗိဓာန-ကပ္ပေ၊ ၌။ ပဥ္စမော၊ သော။ ကဏ္ဍော၊ တည်း။ ဝါ၊ သည်။ ကွတိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

ကွတိ ကိတ-ကပ္ပေါ် စတုတ္ထော။

ဤကိတ်သုတ်ပေါင်း တစ်ရာတို့တွင် သညာ, အဓိကာရ, ပရိဘာသာ, ဝိဓိသုတ်မည်မျှစီ၊ ဓာတ်ကိုသာ စီရင်၊ ပစ္စည်းကိုသာ စီရင်၊ နှစ်ပါးလုံးကို စီရင်၊ နှစ်ပါးလုံးကို မစီရင်သောသုတ် မည်မျှစီ။ သုတ်စွန်း အစီအရင် ပါသောသုတ်, မပါသောသုတ် မည်မျှစီ ရှိ၏-ဟု ရေတွက်အပ်၏။ တစ်ခုတစ်ခုသောဓာတ်ကို သုံးဆယ့်ရှစ်ပစ္စည်းတို့နှင့်ယှဉ်၍ ရုပ်လုပ်ပြီးလျှင် လိင်သုံးပါးနှင့် ဝေဖန်၍ နာမ်ဂိုဏ်း တစ်ဆယ့်သုံးဂိုဏ်းသို့ချ၍ ပဒမာလာစဉ်ကို စီရင်အပ်၏။ ထိုတွင် သုတ်စွန်းပါသောသုတ်ကား-

(က) တဿီလာ, ဘာဝ-ကမ္မေသု၊ ဏျော, ကရမှာ, စ ကတ္တု, စ။
ရဟာဒိတော, သာသဒိသ၊ သာဒိသန္တ, သုသပ္ပ စ။ ။

(ခ) ပက္ကမာ, ဇနာဒီ, ဌာပါ၊ ပုရသမုပ, စနန္တေ။
တဒ္ဓိတ-သမာသ ဠေ၀၊ ကရဿ-ဓာတိ သော၀ူသ။ ။

ဟူသော တစ်ဆယ့်ခြောက်သုတ်တည်း။

---

(၄၈၆) နန္ဒနံ၊ နှစ်သက်ခြင်း, နှစ်သက်အပ်သော နန္ဒဝန်ဥယျာဉ်။ ကာရကော၊ ပြုတတ်သော ယောကျ်ား။ ကာရိကာ၊ ပြုတတ်သော မိန်းမ။

(၄၈၇) ဝါကျံ၊ ဆိုအပ်သော စကား။ ယောဂေါ၊ ယှဉ်ခြင်း, အားထုတ်ခြင်း။ ဘာဂျံ၊ မှိဝဲအပ်သော ဘုန်းကံ။ (ဝစနီယ'န္တိ ဝါကျံ။ ဘဇနီယ'န္တိ ဘာဂျံ။ ပြု)။

သုံးဆယ့်ရှစ်ပစ္စည်းဟူသည်ကား -

၁။ ဏာ, အ, ဏွု, တု(စ) အာဝီ, ကွိ၊ ရမ္မ, ဏီ, ယု, (စ) ရူ, ဏုက။
ရ, တဗ္ဗ'နီယ, ဏျ, တေယျ၊ ရစ္စ, က္က, တိ, ရိရိယ, တ။ ။

၂။ တဝန္တု, တာဝီ, က္ကန, ခ၊ တဝေ, တုံ, တုန, တွာန, တွာ။
မာန'န္တာ, ရတ္ထု, ရိတု, ရာတု၊ တုကိ'က, ကာရ'ဌတ္တိသ။ ။

ဟူသည်တည်း။ သုတ်စဉ်ကို ကြည့်၍ အနက်ပေးလေ။

သရုပ်ခွဲနှင့်တကွ ကိတ်သုတ်နက် ပြီး၏။

ကိတ်၏အခြားမဲ့၌ ဥဏာဒ်ကို ဆက်၍ဆိုနေလျှင် အခြေရနှေးမည်ကြောင့် သမာသ်, တဒ္ဓိတ် ပြီးသည်နောက် ကာရက- အဆုံးမှာ ဥဏာဒ်ကို ဆိုလအံ့။

✪ ✪ ✪ ✪ ✪

# ၅-သမာသ်

(၄၈၈) **နာမာနံ သမာသော ယုတ္တတ္ထော။** နာမာနံ၊ နာမ်တို့၏။ ဝါ၊ နာမ်တို့တွင်။ ဝါ၊ တို့နှင့်။ ယုတ္တတ္ထော၊ သင့်လျော်ပူးကပ်, စပ်ဟပ်သော အနက်သည်။ ဝါ၊ အနက်ရှိသော သဒ္ဒါသည်။ သမာသော၊ သမာသ်မည်၏။

**နာမာနံ သမာသော-** ယောဂဝိဘာဂဖြင့် အ-သဒ္ဓ-ဘောဇီ- စသော အယုတ္တတ္ထပုဒ်ကို **သမာသော ယုတ္တတ္ထော-** ယောဂဝိဘာဂဖြင့် ဒေဝါနံ ပိယ-တိဿော- စသော အလုတ္တပုဒ်ကို သမာသ် မှည့်၏။

ဤသုတ်သည် -

၁။ **သမာသော ကမ္မဓာရယော၊ ဒိဂု တပ္ပုရိသောပိ စ။**
**ဗဟုဗ္ဗီဟာ'ဗျယီဘာဝေါ၊ ဒွန္ဒော'တိ ဟောတိ ဆ'ဗ္ဗိဓော။ ။**

ဤသမာသ်ခြောက်ပါးလုံးကို မှည့်သော သာမညသညာသုတ်တည်း။

စက္ခု'န္ဒြိယံ၊ တိ-လောကံ၊ ကထိန-ဒုဿံ၊ မဟာ-ပညော၊ ဥပ-နဂရံ၊ ဒါသိ-ဒါသံ။ ပုံစံ။

---

(၄၈၈) အ-သဒ္ဓဘောဇီ၊ ကုဗ္ဗိး ထမင်းကို, မသာ ထမင်းကို မစားလေ့ရှိသောသူ။

(န သဒ္ဓံ အသဒ္ဓံ-ဟု တွဲ။ အ'ယုတ္တသမာသ်ဖြစ်၍ အနက်မပေးရ။ အသဒ္ဓံ ဘောဇီ အ-သဒ္ဓဘောဇီ-ဟု တွဲ၍ နိပ္ဖန္နသမာသ်ပြီးမှ အနက်ပေး၍ ဖြစ်သည်။ သဒ္ဓံ န ဘောဇီ အ-သဒ္ဓ-ဘောဇီ- ဟု သုံးပုဒ်လုံးကို တစ်ပြိုင်တည်းလည်း တိပဒသမာသ် တွဲကြကုန်၏။ အနာရမ္ဘာ ကတ္ဂာ၊ အနညမုပသေဝတိ- စသည်၌ မန္နံ။

အနညမုပသေဝတီတိ အညံ ပုရိသံ န ဥပသေဝတိ။ (ဇာတ်အဋ္ဌကထာ)။

ဘိက္ခုဝါ အနဘိနေယျ-၌ကား အာချာတ်ပုဒ်နှင့် သမာသ်မဖြစ်။ ဝဏ္ဏဝိပရိယာယနိရုတ္တိနည်းဖြင့် န အဘိနေယျ-ကို အနဘိနေယျ-ဟု န-နှင့် အ-ကို ရှေ့နောက်ပြန်သည်)။

ဒေဝါနံပိယတိဿော၊ ဒေဝါနံပိယတိဿမင်း။ "အလုတ္တသမာသ်၊ ဟူတုံလတ်၊ မြဲမှတ် **နာမည်ဟော**"။

၁။ သမာသော၊ သမာသ်သည်။ ကမ္မဓာရယော၊ ကမ္မဓာရည်းဝှင်း။ ဒိဂု၊ ဝှင်း။ တပ္ပုရိသောပိ စ၊ ဝှင်း။ ဗဟု'ဗ္ဗီဟိ၊ ဝှင်း။ အ-ဗျယီ-ဘာဝေါ၊ ဝှင်း။ ဒွန္ဒော၊ ဝှင်း။ ဣတိ၊ သို့။ ဆဗ္ဗိဓော၊ သည်။ ဟောတိ၊ ၏။

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေ။ တိလောကံ၊ သုံးပါးသော လောက။ ကထိန-ဒုဿံ၊ ကထိန်အလို့ငှာ ဆောင်အပ်သော ပုဆိုး။ မဟာ-ပညော၊ ကြီးမြတ်သော ပညာရှိသူ။ ဥပနဂရံ၊ မြို့၏အနီး၌ဖြစ်သော စကား။ ဒါသိ-ဒါသံ၊ ကျွန်မ, ကျွန်ထီး။

၂။ သမာသော ပဒ'သခ်ေပေါ၊ ပဒ-ပစ္စယ-သံဟိတံ။
တဒ္ဓိတံနာမ ဟောတေ'ဝံ၊ ဝိညေယျံ တေသ'မန္တရံ။ ။ (ရူ ၁၇၈။)

(၄၈၉) **တေသံ ဝိဘတ္တိယော လောပါ စ။** တေသံ၊ ထိုသင့်လျော်ပူးကပ်, စပ်ဟပ်သော အနက်ရှိကုန်သော သမာသ်တို့၏။ ဝိဘတ္တိယော၊ ဝိဘတ်တို့သည်။ လောပါ စ၊ ကျေကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ နိဝတ္တာပနာဝဓာရဏ၊** အလုတ္တသမာသ်၌ ဝိဘတ်ကျေခြင်းကို နစ်စေ၏။ **တေသံ** သဒ္ဒါလွန်ဖြင့် သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်-တို့၌ ကျန်ဝိဘတ်, ပစ္စည်း, ပုဒ်, အက္ခရာ, အာဂုံ-တို့ကို ချေရ၏။

အာဂန္တုက'ဘတ္တံ၊ ပဘာ'က်ရော၊ ဝါသေဋ္ဌော၊ ပဗ္ဗတာယတိ။ ပုံစံ။

(၄၉၀) **ပကတိ စ'ဿ သရ'န္တဿ။** ဝိဘတ္တိသု၊ တို့သည်။ လုတ္တာသု၊ ကျေကုန်ပြီးသည်ရှိသော်။ သရ'န္တဿ စ၊ သရ အဆုံးရှိသည်လည်းဖြစ်သော။ အဿ စ၊ ထိုယုတ္တ'တ္ထသမာသ် လိင်၏လည်း။ ပကတိ၊ ရှေးအတိုင်း ပကတိပြုသည်။ ဟောတိ၊ ၏။

မုခ-နာသိကံ။ ပုံစံ။

ရှေ့စ-သဒ္ဒါဖြင့် ကိံ-သမုဒယော၊ ကိံ'မ္ဘဝေါ၊ ဣဒံ-ပစ္စယတာ-ပဋိစ္စ သမုပ္ပါဒေါ- စသည်၌ ဗျဥ္ဇနန္တကို ဆည်း၏။ နောက် စ-သဒ္ဒါဖြင့် ဝါသေဋ္ဌော၊ ပဗ္ဗတာယတိ- စသော တဒ္ဓိတ်, အာချာတ်တို့ကို ဆည်း၏။

---

၂။ ပဒသခ်ေပေါ၊ ပုဒ်အများကို ချုံး၍ထားသော သဒ္ဒါသည်။ သမာသော၊ သမာသ်မည်၏။ ပဒ-ပစ္စယ-သံဟိတံ၊ ပုဒ်ပစ္စည်းနှစ်ပါးကို စပ်၍ထားသော ပုဒ်သည်။ တဒ္ဓိတံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ တေသံ၊ ထိုသမာသ်, တဒ္ဓိတ်တို့၏။ အန္တရံ၊ အထူးကို။ ဝိညေယျံ၊ သိအပ်၏။

(၄၈၉) (အာဂန္တုကဿ အာဘဋံ ဘတ္တံ) အာဂန္တုက ဘတ္တံ၊ ဧည့်သည်အလို့ငှာ ဆောင်အပ်သော ထမင်း။ ပဘာ'က်ရော၊ အရောင်အလင်းကို ပြုတတ်သော နေ။ ပဗ္ဗတာယတိ၊ တောင်သည်ကဲ့သို့ ပြုတတ်၏။
(၄၉၀) မုခ-နာသိကံ၊ ခံတွင်း, နှာခေါင်း။

(ကော သမုဒယော ယဿာ'တိ) ကိံ သမုဒယော၊ အဘယ်အကြောင်း ရှိသနည်း။ ကိံ'မ္ဘဝေါ၊ အဘယ်အမွန် အစအဝရှိသနည်း။ (ဣဒ'မေဝ သစ္စန္တိ အဘိနိဝေသော) ဣဒံသစ္စာဘိနိဝေသော၊ ဤဂါ၏အယူသာ မှန်၏-ဟု နှလုံးသွင်းခြင်း။ (ဣမေသံ ပစ္စယာ ဣဒံ ပစ္စယာ။ တေ ဧဝ ဣဒံ'ပစ္စယတာ၊ သာ ဧဝ ပဋိစ္စသမုပ္ပါဒေါ) ဣဒံ-ပစ္စယတာ-ပဋိစ္စ-သမုပ္ပါဒေါ၊ ဤသင်္ခါရ စသည်တို့၏ အကြောင်းလည်းဖြစ်, သင်္ခါရစသော အကျိုးကိုလည်းဖြစ်စေတတ်သော အဝိဇ္ဇာ-စသော ဣဒံပစ္စယတာ ပဋိစ္စသမုပ္ပါဒ်တရား။

(၄၉၁) **ဥပသဂ္ဂ–နိပါတ–ပုဗ္ဗကော အဗျယီ–ဘာဝေါ**။ ဥပသဂ္ဂ-နိပါတပုဗ္ဗကော၊ ဥပသာရ, နိပါတ် ပြဓာန်းရှေးရှိသော သမာသ်သည်။ အဗျယီ-ဘာဝေါ၊ အဗျယကဲ့သို့ဖြစ်ကြောင်း သတ္တိကြောင့် အဗျယီဘော မည်၏။

ယေ ယေ ဘိက္ခူ ဝုဗ္ဗာ ယထာ-ဝုမုံ နိသီဒန္တိ၊ အဓိကာရံ ကတွာ ပဝတ္တာ ဓမ္မာ အဓိကိစ္စိကာ၊ အတ္တာနံ အဓိကိစ္စိကာ အဇ္ဈတ္တံ၊ အဝ ကောကိလံ၊ ယထာ'က္ကမံ၊ နိ-ဗ္ဗာနံ၊ သမီပေ ပဝတ္တာ ကထာ သာမီပါ၊ နဂရဿ သာမီပါ ဥပ-နဂရံ၊ ဣတ္ထီသု အဓိကိစ္စိကာ ကထာ အဓိ'တ္ထိ။ ပုံစံ။

---

(ယ'ဓ္ဓေ'တံ ဣဒံ သဒ္ဒဿ ဣမံ ရူပံ နိပါတေတွာ တဿ ဣမဿိ'ဒ'မံသိသု နပုံသကေတိ ဣဒံ ရူပံ ဝိဟိတံ။ တံ ဣဒံ ရူပဿ အပ္ပ-ဝိသယတာယာတိ ဒဋ္ဌဗ္ဗံ။ ဣတရထာ ဣဒံပစ္စယတာတိ-ပါဠ ဝိရောဓော သိယာ။ (ရူဋီ) ဤသုတ်၌ မဟိရူပနည်းကို မလို၊ စန္ဒကန္တနည်း, သူရိယကန္တနည်းကို လိုအပ်၏)။

(၄၉၁) (အဗျယာနံ အတ္ထံ ဘာဝေတိ ဝိဘာဝေတိ အနဗျယံပိ ဝါ အဗျယံဝိယ ဘဝတီ'တိ အဗျယီ-ဘာဝေါ၊ ပြု)။

ယေ ယေ ဘိက္ခူ တို့သည်။ ဝုဗ္ဗာ၊ ကြီးကုန်၏။ ယထာ-ဝုမုံ၊ ကြီးစဉ်ငယ်လိုက်။ နိသီဒန္တိ၊ ထိုင်နေကုန်၏။ အဓိကာရံ၊ အရိုအသေ။ ကတွာ၊ ၍။ ပဝတ္တာ၊ ကုန်သော။ ဓမ္မာ၊ တို့တည်း။ အဓိကိစ္စိကာ၊ တို့။ အတ္တာနံ၊ သတ္တဝါ, ပုဂ္ဂိုလ်, ကိုယ်ကို။ ဝါ၊ ကိုယ်-ဟု ထင်မှတ်မှားအောင်။ အဓိကိစ္စိကာ၊ အရိုအသေပြု၍ ဖြစ်သော တရားတို့တည်း။ အဇ္ဈတ္တံ၊ ကိုယ်ကို အရိုအသေပြု၍ ဖြစ်သောတရား။ (ပုဂ္ဂိုလ် သတ္တဝါ ထင်မှားအောင် ဝိုင်းစု၍ လိမ်လည်လှည့်စားသော တရား ဟူလိုသည်)။ (ကောကိလေဟိ အဝကုဋ္ဌံ) အဝ-ကောကိလံ၊ ဥဩတို့သည် စက်ဆုပ်အပ်သော တော။ ယထာ'က္ကမံ၊ အစဉ်အားအလျော်။ နိ'ဗ္ဗာနံ၊ ဝါနတဏှာမှထွက်သော နိဗ္ဗာန်။ သမီပေ၊ ၌။ ပဝတ္တာ၊ သော။ ကထာ၊ စကားတည်း။ သာမီပါ၊ အနီး၌ဖြစ်သော စကား။ (ပဝတ္တတဒ္ဓိတ်)။ နဂရဿ၊ မြို့၏။ သာမီပါ၊ တည်း။ ဥပ-နဂရံ၊ မြို့၏အနီး၌ ဖြစ်သော စကား။

(ဤသို့ ဝစနတ္ထပြုမှ "ရှေ့ပထမာ၊ နောက်ပုဒ်မှာ၊ သတ္တာ ဝိလောပေါ်" ဟူသော အဗျယီဘော၏ လက္ခဏာနှင့်ညီသည်။ နဂရဿ သမီပေ ပဝတ္တတီတိ- ဟူသော ကစ္စည်း, ဉာသ်တို့ကား ဝိဂြိုဟ်တုတည်း။ ထိုကို ဝိဂြိုဟ်စစ် မှတ်ထင်၍ သမီပနောင် သို့ဝိဘတ်သက်၍ နိဿျဆရာတော်ကြီးများ ရုပ်တွက်မှားကြလေသည်။ သမီပကိုလည်း ဥပပြုကြလေသည်။

ရူပသိဒ္ဓိ၌ကား ဥပနောင်-သိ, နဂရနောင်-သ သက်ပြီးလျှင် နဂရဿ သာမီပန္တိအည-ပဒေန ဝိဂ္ဂဟော- ဆို၏။ ဗုဒ္ဓေါ-၌ ဗုဓဓာတ် တည်၍ တပစ္စည်း ကတ္တားဟောမှန်း သိရုံသာ၊ ဗုဇ္ဈတိ'တိ-ဟု ဝိဂြိုဟ်ဆိုရ၊ ဗုဇ္ဈတိပြီးအောင် ရုပ်တွက်၍ မနေရသကဲ့သို့ ဥပ နဂရဿ-ဟု ဝါကျထား၍ အနက်

(၄၉၂) **သော နပုံသက'လိင်္ဂေ**။ သော၊ ထိုအဗျယီဘော သမာသ်ကို။ နပုံသက-လိင်္ဂေ၊ နပုလ္လိင်ဟူ၍။ ဒဋ္ဌဗ္ဗော၊ ၏။

ဥပ-ဂင်္ဂ ကထာ၊ အဓိ'တ္ထိ။ ဥပ-ဝဓု။ ပုံစံ။

(၄၉၃) **ဒိဂုသော'ကတ္တံ**။ ဒိဂုဿ၊ သမာဟာရ ဒိဂုသမာသ်၏။ ဧကတ္တ'ဥ္စ၊ ဧကဝုစ်၏ အဖြစ်သည်၎င်း။ နပုံသက-လိင်္ဂတ္တ'ဥ္စ၊ နပုလ္လိင်အဖြစ်သည်၎င်း။ ဟောတိ၊ ၏။

စတု-ဒ္ဒိသံ၊ ဒိ-ရတ္တံ၊ ဒွါသဋ္ဌိ-ပတိပဒံ။ ပုံစံ။

စတု-ဒ္ဒိသာ၊ ဒိ-ရတ္တိယော၊ ဒွဋ္ဌိ-ပတိပဒါ- စသည်တို့ကား အသမာဟာရဒိဂု၊ နပုံးဧက မငဲ့ရပြီ။

---

ထင်ရှားရုံသာ၊ နဂရဿ သာမိပံ-ဟု ဝိဂြိုဟ် ဆိုရသည်။ နဂရဿ သာမိပံ-ပြီးအောင်ရုပ်တွက်၍ မနေရပြီ ဟူလိုသည်။ အဇ္ဈ'တ္တံ- စသည်တို့လည်း နည်းတူ။ အဓိသဒ္ဒါ့ အတ္တ- စသည်တည်၍ ရုပ်တွက်။ အနက်ဝိဂြိုဟ် ဆိုသည့်အခါ အနက်သိသာထင်ရှားရှိသောပုဒ် ဖွင့်ဆိုရသည်။

သောစ နိစ္စသမာသောတိ အ'ဿပဒဝိဂ္ဂဟော (ရူ၊ ၁၇၇။)။

အနိစ္စသမာသဿ ဟိ ရညောပုတ္တောတိ အာဒိသုဝိယ သက-ပဒေန ဝိဂ္ဂဟ-ဝါကျ-သမ္ဘဝတော၊ ဣဓ စ တ'ဒသမ္ဘဝါ အ'ဿ ပဒဝိဂ္ဂဟောတိ ဝုတ္တံ။ သော စ ခေါ ယေဘုယျ-ဝသေနေ'ဝ။ နိပါတပုဗ္ဗကေသု အန္တောပါသာဒါဒီသု ပန သက-ပဒေနာပိ ဝိဂ္ဂဟ-ဝါကျ-သမ္ဘဝတော။ (ရူဋီ)။

ဥပသာရ၊ ရှေ့ဝယ်ချ၍- စသည်ဖြင့် နိယံလည်း ရှိသည်ပင်)။

(၄၉၂) ဥပ-ဂင်္ဂ၊ ဂင်္ဂါမြစ်၏ အနီး၌ဖြစ်သော။ ကထာ၊ စကား။ အဓိတ္ထိ၊ မိန်းမတို့ကိုစွဲ၍ ဖြစ်သော စကား။ ဥပ-ဝဓု၊ ချွေးမ၏ အနီး၌ဖြစ်သော စကား။

(နပုံသကလိင်္ဂေတိ ကာရိယာတိဒေသော။ ယထာ၊ မဇ္ဈဋ္ဌာ မဇ္ဈာတိ ဝုစ္စန္တိ။ အညထာ လိင်္ဂါတိဒေသေ အဓိပညန္တိ-အာဒီသု အဓိညာဏန္တိ-အာဒိ-ရူပံ။ (ဉာဉ်) ဌာနူပစာအားဖြင့် ကာရိယာတိဒေသ-ဟူလို။

သတိပိ လိင်္ဂါတိဒေသေ အဓိပညန္တိ-အာဒီသု အဓိညာဏန္တိ-အာဒိ-ရူပ-ပ္ပသင်္ဂေါ န ဟောတိ သဒ္ဒန္တရတ္တာ။ တိပညန္တိ-အာဒီသု ဝိယာတိ ဒဋ္ဌဗ္ဗံ။ န စာ'ယံ အတိဒေသော, သုတ္တေ အတိဒေသ-လိင်္ဂဿ ဣဝ-သဒ္ဒဿ အ-ဒဿနတော (ရူ၊ ၁၈၀။)။

သုတ်၌ ဣဝသဒ္ဒါ မပါသောကြောင့် အတိဒေသသုတ်မဟုတ်။ ဝုတ္တိ၌ နပုံသကလိင်္ဂေါဝကို လိင်္ဂေါဝေ-ဟု ပုဒ်ဖြတ် ဟူလိုသည်)။

(၄၉၃) (စတဿော ဒိသာ သမာဟဋာ) စတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ။ ဒိ'ရတ္တံ၊ နှစ်ညဥ့်။ ဒွါသဋ္ဌိ ပတိပဒံ၊ ခြောက်ဆယ့်နှစ်ပါးသော အကျင့်။ ဒွဋ္ဌိပတိပဒါ၊ ခြောက်ဆယ့်နှစ်ပါးသော အကျင့်တို့။ (သ-ကိုချေ။ အ- ရဿပြု)။

(၄၉၄) **တထာ ဒွန္ဒေ ပါဏိ–တူရိယ–ယောဂ္ဂ–သေနင်္ဂ–ခုဒ္ဒဇန္တုက–ဝိဝိဓ ဝိရုဒ္ဓ– ဝိသဘာဂတ္ထာ’ဒီနံ’ဥ။** တထာ၊ ထိုဒိုဂုသမာသ်အတူ။ ဒွန္ဒေ၊ ဒွန်သမာသ်၌။ ပါဏိ-တူရိယ။ လ။ ဝိသဘာဂတ္ထာ’ဒီနံ’ဥ၊ သတ္တဝါ, တူရိယာ, ယာဉ်, စစ်သည်တို့၏အစိတ်, ငယ်သောသတ္တဝါ, အထူးထူးဆန့်ကျင်, အထူးထူးသဘောတူသော အနက်ရှိသော သဒ္ဒါ- စသည်တို့၏လည်း။ ဧကတ္တ’ဥ၊ သည်ရင်း။ နပုံသက-လိင်္ဂတ္တ’ဥ၊ သည်ရင်း။ ဟောတိ၊ ၏။

မုခ-နာသိကံ၊ သင်္ခ-ပဏဝံ၊ ဖာလ-ပါဇနံ၊ ဟတ္ထ’ဿ-ရထ-ပတ္တိကံ၊ ဍံသ-မကသံ၊ ကာကောလူကံ၊ သမထ ဝိပဿနံ။ ပုံစံ။

စ-သဒ္ဒါ အညမညသမုစ္စည်း၊ အာဒိသဒ္ဒါဖြင့် -

**❀ လိင်ချင်း ဆန့်ကျင်၊ သမ်ျာသဒ္ဒါ၊ ပရိမာဏ၊ စဏ္ဍာလ-မူ၊ ဆယ်ခု-ဒိသာ၊**
**အပ္ပါဏ-ဇာတ်၊ ဒွန်သမာသ်၊ ဧကတ် နပုံးငဲ့သတည်း။**

ဒါသိ-ဒါသံ၊ တိက-စတုက္ကံ၊ ဒီဃ-မဇ္ဈိမံ၊ ဝေန-ရထကာရံ၊ သာကုနိက-မာဂဝိကံ၊ သပါက-စဏ္ဍာလံ၊ ပုဗ္ဗာ’ပရံ၊ အာရ-သတ္ထံ။ ပုံစံ။

---

(၄၉၄) သင်္ခ-ပဏဝံ၊ ခရုသင်း, ထက်စည်။ ဖါလ-ပါဇနံ၊ ထွန်သွား, နှင်တံ။ ဟတ္ထ’ဿ ရထ ပတ္တိကံ၊ ဆင်, မြင်း, ရထား, ခြေသည်။ ဍံသ-မကသံ၊ ခြင်, မှက်။ (နိမ္မသက- ဟူ၍လည်း ပါဌ်ရှိ၏။ လောကီ၌လည်း မသက၊ ပိဋကတ်တော်၌ကား မကသ-ဟု က- မဇ္ဈပါဌ်ရှိ၏။ မသကော တိ မကသော- ဟု သဒ္ဒနီတိ၌ ပရိယာယဝေဝုစ် ဆို၏)။ ကာကော’ လူကံ၊ ကျီး, ခင်ပုပ်။

ဒါသိ-ဒါသံ၊ ကျွန်မ, ကျွန်ထီး။ (ကွစာဒိ တိအာဒိနာ မဇ္ဈေ ရဿတ္တံ။ (ရူ၊ ၂၁၂။) ဤနည်းတူ ဣတ္ထိ-ပုမံ၊ သဗ္ဗညုတညာဏံ- စသည်ဖြင့် သမာသ်လယ်, တဒ္ဓိတ်လယ်-တို့၌ ရဿပြုရသည်)။ တိက-စတုက္ကံ၊ သုံးခုပေါင်း, လေးခုပေါင်း။ ဒီဃ-မဇ္ဈိမံ၊ အရှည်, အလတ်။ ဝေန-ရထကာရံ၊ နှီးသမား, ရထားလုပ်သမား။ (နှီးဖြင့် တောင်းရက်သောကြောင့် တောင်းရွေသမား။ ဝေဏုနာ ဗီဝတီတိ ဝေနော။ ဏော။ ဏဿ နတ္တံ။ ဝေဏောပိ။ အဘိဓာန်ဋီကာ။ ရထားကို သားရေနယ်ဖုံးအုပ်၍ လုပ်သောကြောင့် သားရေနယ်သမား ဟူ၍လည်း ပေးကြ၏။ ရထကာရော’ဝ စမ္မဿ၊ ပရိကန္တ ဥပါဟနံ- ဟူရာ၌ ဖိနပ်ထိုးသမားကိုလည်း ရထကာရ- ဟူ၍ပင် ဆိုသည်)။ သာကုနိက-မာဂဝိကံ၊ ငှက်မုဆိုး, သားမုဆိုး။ သပါက-စဏ္ဍာလံ၊ ခွေးသား ကို ချက်စားတတ်သော ဒွန်းစဏ္ဍား, သာမညဒွန်းစဏ္ဍား။ ပုဗ္ဗာ’ပရံ၊ ရှေ့, နောက်အရပ်။ အာရ-သတ္ထံ၊ စူး, လက်နက်။ (စူးထားငယ်လည်းဟူ)။

(၄၉၅) **ဝိဘာသာ ရုက္ခ–တိဏ ပသု–ဓနု–ဓည’ဇနပဒါ’ဒိန’ဥ။** ဒွန္ဒေ၊ ဒွန်သမာသ်၌။ ရုက္ခ-တိဏ-ပသု-ဓနု-ဓည-ဇနပဒါ’ဒိန’ဥ၊ သစ်ပင်, မြက်, သားကောင်, ဥစ္စာ, စပါး, ဇနပုဒ်-အနက် ဟောသဒ္ဒါ အစရှိသည်တို့၏လည်း။ ကေတ္တဥ၊ သည်ရင်း။ နပုံသကလိင်္ဂတ္တဥ၊ သည်ရင်း။ ဝိဘာသာ၊ အချို့။ ဟောတိ၊ ၏။

အသတ္ထ’ကပိတ္ထနံ၊ ဥသီရ-ဗီရဏံ၊ အဇေ’ဠကံ၊ ဇာတရူပ-ရဇတံ၊ တိလ-မုဂ္ဂ-မာသံ၊ ကာသိ-ကောသလံ၊ ကာသိ-ကောသလာ ဝါ။ ပုံစံ။

ဝိဘာသာ-သဒ္ဒါ ဝိကပ်၊ စ-သဒ္ဒါ သမုစ္စည်း၊ သမ္ပိဏ္ဍန၊ ကေတ္တ, နပုံသကတ္တ-ကိုလည်း ငင်၏။ အာဒိသဒ္ဒါဖြင့် -

❀ ဂုဏ် ဆန့်ကျင်ဘက်၊ ဟင်းမျိုး ငှက်၊ ထည့်စွက် ဝိဘာသာ။

ကုသလာ-ကုသလံ၊ ဒဓိ-ဃတံ၊ ကာရဏ္ဍဝ’စက္ကဝါကံ၊ ကာရဏ္ဍဝ-စက္ကဝါကာ ဝါ။ ပုံစံ။

* အစ္စိတ’ပ္ပသင်္ခ်ရံ ပုဗ္ဗံ၊ က္လဝဏ္ဏာ’ဝဏ္ဏကံ ကွစိ။<br>
ဒွန္ဒေ သရာ’ဒျ’ကာရန္တံ၊ မပ္ပ-သင်္ချာ ပုရေ ဂတာ။<br>
ဧသော ပဒ-ဒွယေ ဝုတ္တော၊ ဗဟူသွ’နိယမော ဘဝေ။

❀ အမြတ်ဟော-စု၊ ယုဝဏ္ဏန္တ၊ သရ, သင်္ချာ၊ နည်းရာ ရှေ့ကျ၊ သရ စ-ပြန်၊ အ- ကာရန်လည်း၊ လက်မွန် ရှေ့ဖျား၊ နေရာများသည်၊ နှစ်ပါးဒွန်ပုဒ် နိယံတည်း။

---

(၄၉၅) အသတ္ထ-ကပိတ္ထနံ၊ ညောင်ဗုဒ္ဓဟေ, ညောင်ကြွတ်ပင်။ ဥသီရ ဗီရဏံ၊ ပန်းရင်း, ပြိတ်မြက်။ (ဥသီရတ္ထော ဝ ဗီရဏံ၊ ပါဠိရှိသောကြောင့် ပြိတ်မြက်မြစ်ကို ပန်းရင်းခေါ်သည် မှတ်)။

အဇေ-ဠကံ၊ ရှာဆိတ်, တောဆိတ်။ ဝါ၊ ဆိတ်, သိုး။ ဇာတရူပ-ရဇတံ၊ ရွှေ, ငွေ။ တိလ-မုဂ္ဂ-မာသံ၊ နှမ်း, ပဲနောက်, ပဲကြီး။ ကာသိ-ကောသလံ၊ ကာသိကတိုင်း, ကောသလတိုင်း။ ဝါ၊ ကား။ ကာသိ-ကောသလာ၊ တို့။ ကုသလာ-ကုသလံ၊ ကုသိုလ်, အကုသိုလ်။ ဒဓိ-ဃတံ၊ နို့ဓမ်း, ထောပတ်။ ကာရဏ္ဍဝ-စက္ကဝါကံ၊ ဝမ်းဘဲ, စက္ကဝက်ငှက်။ ဝါ၊ ကား။ ကာရဏ္ဍဝ-စက္ကဝါကာ၊ တို့။

* ဒွန္ဒေ၊ ဒွန်သမာသ်၌။ အစ္စိတ’ပ္ပ’သရံ၊ ပူဇော်အပ် မြတ်သော အနက်ဟောပုဒ်, သရနည်းသော ပုဒ်သည်။ ပုဗ္ဗံ၊ ရှေ့နေ၏။ ကွစိ၊ အချို့အရာ၌။ က္လဝဏ္ဏာ’ဝဏ္ဏကံ၊ ဣ, ဤ, ဥ, ဦ- အဆုံးရှိသောပုဒ်သည်ရင်း။ သရာ’ဒိ၊ အစ၌ သရရှိသော ပုဒ်သည်ရင်း။ အကာရန္တံ၊ အ- အက္ခရာအဆုံးရှိသော ပုဒ်သည်ရင်း။ ပုဗ္ဗံ၊ ရှေ့နေ၏။ အပ္ပ-သင်္ချာ၊ နည်းသော သင်္ချာသည်။ ပုရေ ဂတာ၊ ရှေး၌ဖြစ်၏။ ဧသော နိယမော၊ ဤအမှတ်ကို။ ပဒ္ဒ’ဒွယေ၊ နှစ်ပုဒ်ဒွန်၌။ ဝုတ္တော၊ ၏။ ဗဟူသု၊ ပုဒ်အများတို့၌။ အနိယမော၊ မမြဲသည်။ ဘဝေ၊ ၏။

သမဏ-ဗြာဟ္မဏာ၊ ဒါသိ-ဒါသံ၊ စက္ခု-သောတံ၊ မုခ-နာသိကံ၊ ဒုက'တ္တိကံ၊ ဥစ္စ-နီစံ၊ ဥစ္စ-နီစာဝ၊ အဟ'ဥ ရတ္တိ စ အဟော-ရတ္တံ၊ အဟော-ရတ္တာ ဝါ။ ပုံစံ။ (ကဗျာ၌ ယု-ကို ဣ + ဥ ဖြစ်)။

(၄၉၆) **ဒွိ-ပဒေ တုလျာ'ဓိကရဏေ ကမ္မ-ဓာရယော**။ ဒွိ-ပဒေ၊ နှစ်ပုဒ်သည်။ တုလျာ'ဓိကရဏေ၊ တူသောတည်ရာ အနက်ရှိလတ်သော်။ သော၊ ထိုသမာသ်သည်။ ကမ္မဓာရယော၊ ကမ္မဓာရည်း မည်၏။

မဟာ-ပုရိသော၊ မဟ'ဗ္ဗလံ။ ပုံစံ။

(၄၉၇) **သင်္ချာ-ပုဗ္ဗော ဒိဂု**။ သင်္ချာ-ပုဗ္ဗော၊ သင်္ချာရှေးရှိသော။ ကမ္မဓာရယော၊ ကမ္မဓာရည်း သမာသ်သည်။ ဒိဂု၊ ဒိဂု မည်၏။

ဧက-ပုဂ္ဂလော၊ ဒွ'င်္ဂုလံ၊ တိ-ဒဏ္ဍံ၊ စတု-ဒ္ဒိသံ၊ စတု'ဒ္ဒိသာ၊ ဒသ-သဟဿ-စက္ကဝါဠာနိ၊ တိ-သဟဿိ-မဟာသဟဿိ လောကဓာတုယော။ ပုံစံ။

---

မုခ-နာသိကံ၊ ခံတွင်း, နှာခေါင်း။ ဒုက'တ္တိကံ၊ နှစ်ခုပေါင်း, သုံးခုပေါင်း။ ဥစ္စ-နီစံ၊ အမြင့်, အနိမ့်။ ဝါ၊ ကား။ ဥစ္စ-နီစာ၊ တို့။ (နိကဋ္ဌာ ဤလက္ခဏိ၊ နီစမတိ ဘက္ခတီတိ နီစော၊ ပြု။ ဤဒီယ စ-တစ်လုံးနှင့် ရေးဖတ်)။ အဟဥ၊ နေ့လည်း။ ရတ္တိ စ၊ ညဥ့်လည်း။ အဟော-ရတ္တံ၊ နေ့, ညဥ့်။ ဝါ၊ ကား။ အဟော-ရတ္တာ၊ တို့။

**ကေဝလော အန္တာစယော စ၊ သမာဟာရော'တရေ တရ။**

**ယောဂေ'တိ စတုရော ဒွန္ဒာ၊ န သမာသော ပုရေဒုကေ။ ။**

ကြိယာသာ ပေက္ခတာယ နာမာန'မညမည် အယုတ္တတ္ထဘာဝတော (ရူ-ဟိတ်၊ ၂၀၈။)။

ဒွေ ဒွေ ပဒါနိ ဒွန္ဒာ၊ ဒွန္ဒဋ္ဌာ ဝါ ဒွန္ဒာ၊ ဒွန္ဒသဒိသတ္တာ အယံ သမာသောပိ အန္ဒတ္ထသညာယ ဒွန္ဒောတိ ဝုစ္စတိ။ ဥဘယ'ပဒ'တ္ထ'ပ္ပဓာနော ဟိ ဒွန္ဒော။ (ရူ ၂၀၈။) အံမော နိဂ္ဂဟီတံ ဈလပေဟီတိ ဧတ္ထ အံမောတိ-နိဒ္ဒေသ-ဒဿနတော ကတ္ထစိ နပုံသကလိင်္ဂတ္တံ န ဟောတီ'တိ ဒဋ္ဌဗ္ဗံ၊ တေန ဆန္ဒပါရိသုဒ္ဓိ ပဋိသန္ဓိ ပဝတ္တိယန္တိ-အာဒိ သိဇ္ဈတိ (ရူ)။

သမာဟာရ-ဒွန္ဒေပိ ဟိ ကတ္ထစိ ပုလ္လိင်္ဂ ဣစ္ဆန္တိ သဒ္ဒဝိဒူ- ဟူသော ဋီကာကား မနှံ)။

(၄၉၆) (ကမ္မ'မိဝ ဒွယံ ဓာရယတီ'တိ ကမ္မဓာရယော။ စုရာဒိ- ဏယ-ပစ္စည်းသက်)။ (ရူ ၁၈၃)။

(၄၉၇) ဧက-ပုဂ္ဂလော၊ တစ်ယောက်သော ပုဂ္ဂိုလ်။ ဒွ'င်္ဂုလံ၊ လက်နှစ်သစ်။ တိ-ဒဏ္ဍံ၊ သစ်သီးချူရာ၌ တက်ဖို့ရာ သစ်သားသုံးခွ။ ဝါ၊ ခွေးခြေ။ စတု'ဒ္ဒိသံ၊ အရပ်လေးမျက်နှာ။ စတု'ဒ္ဒိသာ၊ တို့။ ဒသ-သဟဿ-စက္ကဝါဠာနိ၊ တစ်သောင်းသော စကြဝဠာတို့။ တိသဟဿိ-မဟာသဟဿိ လောကဓာတုယော ကုဋေတစ်သိန်းသော လောကဓာတ်တို့။ (တိသဟဿိ-၏အရ တစ်ထောင်ဖြင့် မဟာသဟဿိ-၏အရ တစ်ထောင်ကို သုံးကြိမ်မြှောက်၍ သုည-တစ်ဆယ့်နှစ်လုံးရသောကြောင့် ကုဋေတစ်သိန်း အနက်ထွက်သည်)။

(၄၉၈) **ဥဘော တပ္ပုရိသာ။** ဥဘော၊ ကမ္မဓာရည်း, ဒိဂု- သမာသ် နှစ်ခုတို့သည်။ တ'ပ္ပုရိသာ၊ တပ္ပုရိသ်- မည်ကုန်၏။

အ-ဗြာဟ္မဏော၊ ပဉ္စ'န္ဒြိယံ၊ အသတ္တ-ဂေါဒါဝရံ။ ပုံစံ။

❀ ကမ္မဓိရည်း, ဒိဂု၊ ဝိဂြိုဟ် ပြု၊ တပ္ပု ဝင်သည်ချည်း။

(၄၉၉) **အ'မာဒယော ပရ-ပဒေဘိ။** ပရ ပဒေဘိ၊ နောက်ပုဒ်တို့နှင့်။ သဟ၊ တကွ။ သမာသန္တာ၊ ချဉ်းစပ်အပ်ကုန်သော။ အ'မာဒယော၊ အံ- အစရှိသော ဝိဘတ်အဆုံးရှိသော သဒ္ဒါတို့သည်။ တပ္ပုရိသာ၊ တပ္ပုရိသ်- မည်ကုန်၏။

ဒု'ဂ္ဂတော၊ သဗ္ဗ-ရတ္တိ-သောဘနော၊ ဒါသ-ကမ္မံ၊ သလ္လ-ဝိဒ္ဓေါ၊ ရတန'တ္တယ'ပ္ပဏာမော၊ ကထိန-ဒုသံ၊ မေထုနာ'ပေတော၊ ရာဇ-ပုတ္တော၊ ကမ္မ-ကရဏံ၊ သံသာရ-ဒုက္ခံ။ ပုံစံ။

---

ဒွေ ဂါဝေါ ဒိဂု။ ဒိဂု။ ဒိဂုသဒ္ဒိသတ္တာ အယံပိ သမာသော ဒိဂူတိ ဝုတ္တော။ အထဝါ သင်္ချာ ပုဗ္ဗတ္တ-နပုံသကေကတ္တ သင်္ခါတေဟိ ဒွီဟိ လက္ခဏေဟိ ဂတော အဝဂတော'တိ ဒိဂူတိ ဝုစ္စတိ။ ဒွီဟိ ဝါ လက္ခဏေဟိ ဂစ္ဆတိ ပဝတ္တတီ'တိ ဒိဂု (ရူ၊ ၁၉၁။)။

(၄၉၈) အ-ဗြာဟ္မဏော၊ ပုဏ္ဏားစစ်မဟုတ်၊ ပုဏ္ဏားတု။

(ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏော၊ ဏော၊ နာ'ဂမော၊ ဏတ္တံ၊ ဒီဃာ'ဒိ။ ဗြဟ္မံ အနတီ'တိ ဝါ ဗြာဟ္မဏော၊ မန္တေ သဇ္ဈာယတီ'တိ အတ္ထော။ အရိယာ ပန ဗာဟိတ-ပါပတ္တာ ဗြာဟ္မဏော။ (အဘိဓာန်ဋီကာ)။

ဗြဟ္မံ ဝေဒံ ဝိဒတိ အဓီတေ ဝါ'တိ ဗြာဟ္မဏော၊ အဏော (သဒ္ဒတာဘိဓာန်)။

အ-ပရိသုဒ္ဓ-ကမ္မဿ ပရိသုဒ္ဓေန ဝါဟနတော ဗြာဟ္မဏော ဟောတိ။ (သုတ္တနိပါတဋ္ဌကထာ)။

ဝါဟိတတ္တာ ဟိ ပါပါနံ၊ ဗြာဟ္မဏော-တိ ပဝုစ္စတိ (ဓမ္မပဒ)။

ဤသို့ ကျမ်းဂန်ရှိသောကြောင့် ဗြာဟ္မဏကို အာ-ဒီဃနှင့် ရေးဖတ်)။

ပဉ္စ'န္ဒြိယံ၊ ငါးပါးသောဣန္ဒြေ။ အ-သတ္တ-ဂေါဒါဝရံ၊ ဂေါဒါဝရီမြစ် ခုနစ်စင်းမဟုတ်။

(၄၉၉) ဒု'ဂ္ဂတော၊ ဒုက္ခ-ဂတော၊ ဒု'ဂ္ဂတိ-ဂတော၊ ဆင်းရဲသို့။ ဝါ၊ ဒု'ဂ္ဂတိ ဘဝသို့ ရောက်သည်။ သဗ္ဗ-ရတ္တိ-သောဘနော၊ တစ်ညဉ့်ပတ်လုံး တင့်တယ်သည်။ ဒါသ-ကမ္မံ၊ ကျွန်သည် ပြုအပ်သောအမှု။ သလ္လ-ဝိဒ္ဓေါ၊ မြားဖြင့် ဖောက်ထွင်းအပ်သည်။

(ဓနုနာ'ဝိဇ္ဈတိ-ကား သသမ္ဘာရကထာ ဌာနူပစာတည်း။ ယုတ္တိကို ကြံမိသော ဉာဏ်မနှံ့သော သဘောရှိသော နိသျဆရာတို့ကား-

(၅၀၀) **အည-ပဒ' တ္ထေသု ဗဟု'ဗ္ဗီဟိ။** အည-ပဒ'တ္ထေသု၊ သမာသ်ပုဒ်မှ တပါးသော ယ, တ, ဧတ, ဣမ- ဟူသော သဗ္ဗနာမ်လေးပုဒ်၏ အနက်တို့၌။ သမာသျန္တာ၊ ချဉ်းစပ်အပ်ကုန်သော သဒ္ဒါတို့သည်။ ဗဟု'ဗ္ဗီဟိ၊ ဗဟုဗ္ဗီဟိ- မည်သည်။ ဟောန္တိ၊ ကုန်၏။

သဟ ဟေတူဟိ ယေ'တိ သ-ဟေတုကာ၊ ဓမ္မာ။ အာဂတာ သမဏာ တ'န္တိ အာဂတ' သမဏော၊ ဝိဟာရော။ ဇိတာနိ ဣန္ဒြိယာနိ ဧတေနာ'တိ ဇိတိ'န္ဒြိယော၊ အရဟာ။ ဆိန္နရုက္ခော၊ အသိ။ ဒိန္နသုင်္ကော၊ ရာဇာ။ နိဂ္ဂတ-ဇနော၊ ဂါမော။ ဆိန္န-ဟတ္ထော၊ ပုရိသော။ ဗဟဝေါ ဝီဟယော ဣမသ္မိ'န္တိ ဗဟု'ဗ္ဗီဟိ၊ ဇနပဒေါ။ သယံ-ပတိတ-ပဏ္ဏ-ပုပ္ဖ-ဖလ-ဝါယု-တောယာ'ဟာရာ၊ ဣသယော။ နာနာ-ဒုမ-ပတိတ-ပုပ္ဖ-ဝါသိတ-သာနု၊ ပဗ္ဗတရာဇာ။ ပုံစံ။

ကစ္စည်း၌ ကြွင်းပုံစံများလည်း ဉာသ်က ဝိဂြိုဟ်ကို ယူ၍ ရှေးဆရာတော်ကြီးများ ထည့်ထား သောကြောင့် အနက်ထင်ရှားလေပြီ။

---

ဝိဓော ဘူ ကရေ ဒိ ဘာဂေ၊ ဘူ-စု ကမ္ဗန ဟိံသနေ။

ဒိ-ဘူ-စု ဝိဓ္ဓနေ ဟောတိ။

ဟူသော ဓာတွတ္ထ- အနက်မျိုးကို သတိမပြုဘဲ ဓနုနာကရိုဏ်းကို မျှော်ရှု၍ ဝိဓ္ဓတိ၊ ပစ်၏။- ဟု အနက်ပေး မှားကြလေသည်)။ ရတန'တ္တယ'ပ္ပဏာမော၊ ရတနာသုံးပါးအား။ ဝါ၊ ကို ရှိခိုးခြင်း။ (ဘာဝ သာဓန၊ **ယှဉ်လတ်က၊ ကမ္မတ္ထ, စတုတ္ထီ, ဆဋ္ဌီ-** ဟု နိယံကိုပြင်)။ (ကထိနဿ အာဘဋ္ဌံ ဒုဿံ) ကထိန- ဒုဿံ၊ ကထိန်အလို့ငှာ ဆောင်ခဲ့သောပုဆိုး။ မေထုနာ'ပေတော၊ မေထုန်အကျင့်မှ ကင်းသည်။) (ကမ္မံ ကမ္မဿ ဝါ ကရဏံ) ကမ္မ-ကရဏံ၊ အမှုကိုပြုခြင်း။ သံသာရ-ဒုက္ခံ၊ သံသရာ၌ ဖြစ်သောဆင်းရဲ။

(၅၀၀) ယေ ဓမ္မာ၊ တို့သည်။ ဟေတူဟိ၊ ဟိတ်တို့နှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သ'ဟေတုကာ၊ မည်ကုန်၏။ ဓမ္မာ၊ သဟိတ်စိတ္တုပ္ပါဒ်တရားတို့တည်း။

(ဤပထမာ ဗဟုဗ္ဗီဟိ၌ နိဂြောဓဿ ဣဝ ပရိမဏ္ဍလော ယော'တိ နိဂြောဓ-ပရိမဏ္ဍလော၊ စက္ခုနော ဣဝ ဘူတော ယော'တိ စက္ခု-ဘူတော-ဟု ဝစနတ္ထ ပြုကြ၏။ နိဂြောဓပုဒ်နှင့် ဂုဏ်-ဂုဏီ ဖြစ်၍ ဘိန္နတ္ထဖြစ်သော ပရိမဏ္ဍလပုဒ်၏ ယော- ဟူသော ဒြဗ်ဟော အညပုဒ်နှင့် တုလျတ္ထ ဖြစ်ခြင်း သည် ယုတ္တိမရှိ။ ထိုပုဒ် ဗဟုဗ္ဗီဟိဖြစ်လျှင် မဟန္တော ပုရိသော ယော'တိ မဟာ-ပုရိသော- စသော ကမ္မဓာရည်းသမာသ်။ ဧကော ပုဂ္ဂလော ယော'တိ ဧက-ပုဂ္ဂလော- စသော ဒိဂုသမာသ်။ ဘူမိံ ဂတော ယော'တိ ဘူမိ-ဂတော- စသော အမာဒိတပ္ပုရိသ်သမာသ်။ နဂရဿ သာမီပါ ယာ'တိ ဥပနဂရံ- စသော အဗျယီဘောသမာသ် ဟူသမျှသည် ပထမာ ဗဟုဗ္ဗီဟိချည်းသာ ဖြစ်ရာတော့မည်။ ဒွန်သမာသ်နှင့် ကျန် ဗဟုဗ္ဗီဟိများသာ လွတ်တော့မည်။ စက္ခု-ဘူတော- လည်း နည်းတူပင်။ ထို့ကြောင့် နိဂြောဓဿ ဣဝ

ပရိမဏ္ဍလော ယဿာ'တိ နိဂြောဓ-ပရိမဏ္ဍလော-ဟု ဆဋ္ဌီဗဟုဗ္ဗီဟိ-သော်ငြင်း နိဂြောဓော ဣဝ ပရိမဏ္ဍလော'တိ နိဂြောဓ-ပရိမဏ္ဍလော-ဟု ဥပမာ ပုဗ္ဗပဒကမ္မဓာရည်း-သော်ငြင်း ပြုသင့်၏။ စက္ခု-ဘူတပုဒ်ကိုလည်း ဝိနေယျာနံ စက္ခု ဟုတွာ ဘူတော'တိ စက္ခုဘူတော-ဟု သမ္ဘာဝနာ ကမ္မဓာရည်း သော်ငြင်း -

**ပဉ္စစက္ခု မံသ-ဒိဗ္ဗ၊ ပညာ-ဗုဒ္ဓ-သမန္တတော။**
**ဘူတော ပတ္တော'တိ တံ နာထံ၊ စက္ခု-ဘူတံ နမာမ'ဟံ။ ။**

-ဟု တပ္ပုရိသ်သော်ငြင်း။ စက္ခု ဘူတံ ယဿာ'တိ စက္ခု-ဘူတော-ဟု ဗဟုဗ္ဗီဟိသော်ငြင်း ပြုသင့်၏ -ဟုဆိုရန်ရှိ၏။ သို့သော်လည်း ကစွည်းကျမ်း၌လည်း ပါလျက်ရှိသည်။

**ရူပသိဒ္ဓိ(၂၀၆) ၌လည်း -**

ပထမာယတ္ထေ နိဂြောဓော ဣဝ ပရိမဏ္ဍလော ယော'တိ နိဂြောဓ ပရိမဏ္ဍလော။ သင်္ခါ ဝိယ ပဏ္ဍရော အယ'န္တိ သင်္ခ-ပဏ္ဍရော။ ကာကော ဝိယ သူရော အယ'န္တိ ကာက-သူရော။ စက္ခု ဣဝ ဘူတော အယံ ပရမတ္ထဒဿနတော'တိ စက္ခု-ဘူတော၊ ဘဂဝါ။ ဧဝံ အတ္တ-ဘူတော၊ ဓမ္မ-ဘူတော၊ ဗြဟ္မ-ဘူတော၊ အန္ဓော ဝိယ ဘူတော အယ'န္တိ အန္ဓ-ဘူတော၊ ဗာလော။ မုဥ္ဇပဗ္ဗဇ'မိဝ ဘူတာ အယ'န္တိ မုဥ္ဇပဗ္ဗဇ-ဘူတာ၊ ကုဒိဋ္ဌိ။ ဧဝံ တန္တာကုလကဇာတာ-ဟု ရှိ၏။

**ဝင်းဒီကာ၌လည်း -**

အယံ ပထမတ္ထော ဥပမာနပုဗ္ဗပဒေါ မဟာနိရုတ္တိယံ အည-ပဒတ္ထဝသေန ဒဿိတတ္တာ ဣဓာပိ အညပဒတ္ထေယေဝ ဝုတ္တော- ဟု မနှစ်သက်သံနှင့်ပင် ဆိုရှာရ၏။ ထို့ကြောင့် ပထမာဗဟုဗ္ဗီဟိ ဟူ၍လည်း ယူရာ၏။ သည်သာမကသေး-

**ဝါ-သဒ္ဒတ္ထေ သင်္ချာဘယပဒေါ** ယထာ၊ ဒွေ ဝါ တယော ဝါ ပတ္တာ ဒွတ္တိ-ပတ္တာ။ ဒွီဟံ ဝါ တီဟံ ဝါ ဒွီဟ-တီဟံ၊ ဆ'ပ္ပဉ္စ-ဝါစာ၊ သတ္တ'ဋ္ဌ-မာသာ၊ ဧကယောဇန-ဒွိယောဇနာနိ။ **ဒိသန္တရာဠတ္ထေ** ယထာ၊ ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ဒိသာယ ယ'ဒန္တရာဠံ သာ'ယံ ပုဗ္ဗ-ဒက္ခိဏာ၊ ဝိဒိသာ။ ပုဗ္ဗပဒေ ရဿတ္တံ၊ ဧဝံ ပုဗ္ဗု'တ္တရာ၊ အပရ-ဒက္ခိဏာ၊ ပစ္ဆိမု'တ္တရာ၊ ယဒါ ပန ကမ္မဓာရယ-သမာသော ဟောတိ၊ တဒါ ပုမ္ဘာဝါ'တိ ဒေသော ဥတ္တရပဒတ္ထ'ပ္ပဓာနတ္တာ၊ သဗ္ဗနာမိက-ဝိဓာနံပိ နိစ္စံ ဘဝတိယေဝ၊ ယထာ ဒက္ခိဏာ ပုဗ္ဗဿာ၊ ဒက္ခိဏာ ပုဗ္ဗဿမိ'တိ။ **ဗျတိဟာရလက္ခဏော** ယထာ၊ ကေသေသု ကေသေသု ဂဟေတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတီ'တိ ကေသာကေသိ၊ ဒဏ္ဍေဟိ ဒဏ္ဍေဟိ ပဟရိတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတီ'တိ ဒဏ္ဍာဒဏ္ဍိ၊ ကွစာဒိ-မဇ္ဈုတ္တရာန'န္တျာဒိနာ မဇ္ဈေဒီယော၊ တေသု ဝုဒ္ဓိတျာဒိနာ အန္တဿိကာရော၊ ပထမာဝိဘတျတ္ထ ဗဟုဗ္ဗီဟိ- ဟူ၍ **ရူပသိဒ္ဓိ(၂၀၇) ၌** ပထမာ ဗဟုဗ္ဗီဟိ- များစွာလာသေး၏။)

တံ၊ ထိုကျောင်းသို့။ သမဏာ၊ တို့သည်။ အာဂတာ၊ ရောက်လာကုန်၏။ ဣတိ၊ ဤသို့ ရဟန်းတို့ လာရောက်အပ်သောကြောင့်။ သော၊ ထိုကျောင်းသည်။ အာဂတ-သမဏော၊ မည်၏။ ဝိဟာရော၊ ကျောင်းတည်း။ ဧတေန၊ ထိုရဟန္တာသည်။ ကိလေသယာနိ၊ စက္ကူအစရှိသော ကိလေသခြောက်ပါး တို့ကို။ ဇိတာနိ၊ အောင်အပ်ကုန်ပြီ။ ဣတိ၊ ဤသို့ ကိလေသတို့ကို အောင်တတ်ပြီးသောကြောင့်။ ဝါ၊ အောင်အပ်ပြီးသော ကိလေသရှိသောကြောင့်။ ဇိတိန္ဒြိယော၊ မည်၏။ အရဟာ၊ တည်း။ ဆိန္နရုက္ခော၊ သစ်ပင်ကို ဖြတ်ကြောင်းဖြစ်သော။ အသိ၊ သန်လျက်။ ဒိန္န'သုင်္ကော၊ အခွန်အတုတ်ကို ပေးဆက်ရာ ဖြစ်သော။ ဝါ၊ ပေးဆက်အပ်သော အခွန်အတုတ်ရှိသော။ ရာဇာ၊ မင်း။ နိဂ္ဂတ'ဇနော၊ လူတို့ထွက်ခဲ့ရာ ဖြစ်သော။ ဝါ၊ ထွက်သွားသော လူရှိသော။ ဂါမော၊ ရွာ။ ဆိန္န-ဟတ္ထော၊ လက်ပြတ်၏ အရှင်ဖြစ်သော။ ဝါ၊ ပြတ်သော လက်ရှိသော။ ပုရိသော၊ ယောကျ်ား။

(စတုတ္ထီလည်း သင့်၏။ ပဟီန-ကိလေသော- ဟူသကဲ့သို့ လက်မရှိသောသူ ဆိုလိုသည်။ မပျောက်မပျက်အောင် သိမ်းဆည်း၍ထားသော လက်ပြတ်ရှိသေးသည် ဟူ၍ငှင်း၊ ကျန်အရင်းပိုင်း လက်တိုပြတ် ရှိသေးသည်ဟူ၍ငှင်း ယုံမှားပြောဆိုတတ်ကြ၏။ သတိပြု။

သံယော အာဒိမှိ ဧဝ သေသေသု စ ဣစ္ဆိတဗ္ဗော အဿာ'တိ သံယာဒိ-သေသော- ဟူသော အဋ္ဌကထာဝိဂြိုဟ်တုလည်း အာဒိ စ သေသာစာ'တိ အာဒိ-သေသာ၊ သံယော အာဒိသေသေသု ဣစ္ဆိတဗ္ဗော အဿာ'တိ သံယာဒိ-သေသော- ဟူသော ဘိန္နာဓိကရဏ စတုတ္ထီ, ဆဋ္ဌီ- ဗဟုဗ္ဗီဟိ ဝိဂြိုဟ်စစ်ကို ပြ၏။

**သဒ္ဒနီတိ၌ကား** ဣစ္ဆိတဗ္ဗ အဿတ္ထိတဒ္ဓိတ်ဟူ၏။ နှစ်ပုဒ်, သုံးပုဒ်ဖြစ်သောကြောင့်ငှင်း ပစ္စည်း, ဝုဒ္ဓိ မထင်သောကြောင့်ငှင်း မသင့်။ ဗဟုဗ္ဗီဟိ, အဿတ္ထိ- ဟူသည် ကြိယာပုဒ်တစ်ခုခု ထည့်၍ အနက်ပေးရမြဲ ဖြစ်၍ ဤ၌ ဣစ္ဆိတဗ္ဗော ဂဟေတဗ္ဗော၊ အဝှါတဗ္ဗော၊ အတ္ထိ၊ ဝိဇ္ဇတိ- စသည် တစ်ခုခု ထည့်သင့်သည်ပင်၊ အလိုရှိမှုကား- ဆိန္နော ဟတ္ထော ဆိန္န-ဟတ္ထော။ ဆိန္န-ဟတ္ထော အဿ အတ္ထီ'တိ ဆိန္နဟတ္ထော- စသည်ဖြင့် ခပ်သိမ်းသော ဗဟုဗ္ဗီဟိ သမာသ်ကိုပင် အဿတ္ထိတဒ္ဓိတ် ပြု၍ အ-ပစ္စည်းဖြင့် ရုပ်ပြီး စီရင်သင့်သကဲ့သို့ အာဒိ-သေသေသု ဣစ္ဆိတဗ္ဗော သံယော သံယာဒိ-သေသော-ဟု မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်ပြုပြီး၍ သံယာဒိသေသော အဿတ္ထီ'တိ သံယာဒိ-သေသော-ဟု အဿတ္ထိတဒ္ဓိတ် ပြုသင့်သည်ပင်။

အာပတ်သင့်သည်မှ စ၍ ထိုရဟန်းမှာ အာပတ်တန်းလန်း ရှိနေသောကြောင့် ထသည်တိုင်အောင် ဤအတွင်းကို အစ, အလယ်, အဆုံး-ဟု ယူ။

**နိဿဂ္ဂိယံ ပါစိတ္တိယံ**- ဟူရာ၌ကား ကုသ၍ ထဆဲအာပတ်ကို ယူ၍ "နိဿဇ္ဇနံ နိဿဂ္ဂေါ၊ ပုဗ္ဗေ ကတ္တဗ္ဗော ဝိနယကမ္မသော'တ အဓိဝစနံ" ဟု အဋ္ဌကထာ မိန့်ဆိုသည်။ ဤအဓိပ္ပါယ်ကို နားမလည်သော သူအချို့ကား စွန့်မှ အာပတ်သင့်သည်၊ မစွန့်ခင် မသင့်သေး-ဟု ထင်တွေးပြောမှားကြ၏။)

ဣမသ္မိံ၊ ဤဇနပုဒ်၌။ ဗဟဝေါ၊ များစွာကုန်သော။ ဝီဟယော၊ ကောက်စပါးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ ဗဟုဗ္ဗီဟိ၊ မည်၏။ ဇနပဒေါ၊ ဇနပုဒ်တည်း။ သယံ-ပတိတ-ပဏ္ဏ-ပုပ္ဖ-ဖလ-ဝါယု-တောယာ'ဟာရာ၊ အလိုလိုကြွေကျသော သစ်ရွက်, သစ်ပွင့်, သစ်သီး, လေ, ရေ, အစာ-ရှိကုန်သော။ ဣသယော၊ ရသေ့တို့။ နာနာ-ဒုမ-ပတိတ-ပုပ္ဖ-ဝါသိတ-သာနူ၊ အထူးထူးကုန်သော သစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် ထုံအပ်ကုန်သော တောင်ဝှမ်းတို့ရှိသော။ ပဗ္ဗတ-ရာဇာ၊ ဟိမဝန္တာ တောင်မင်းတည်း။ (အနက်ပေးစဉ်အတိုင်းကို ရှု၍ ကမ္မဓာရယ တပ္ပုရိသဂဗ္ဘ တုလျာဓိ- ကရဏဗဟုဗ္ဗီဟိ-ဝိဂြိုဟ်ပြု)၊ ဝါသိတာ သာနဝေါ ဝါသိတ-သာနူ။ နာနာ။ လ။ ပုပ္ဖေဟိ ဝါသိတသာနူ ယဿ ယသ္မိံ ဝါ ဝိဇ္ဇန္တိ'တိ နာနာ။ လ။ သာနူ၊ ဟု ပြုမှုကား "သာပေက္ခတ္တေ သတိပိ ဂမကတ္တာ သမာသော" ဟု ကစ္စည်းဆိုသော ယခင်ကမ္မဓာရည်းတပ္ပုရိသ်အတွင်းငုပ်သော ဘိန္နာဓိကရဏဂမက ဗဟုဗ္ဗီဟိ- မှတ်။

သာပေက္ခတ္တေ၊ ဝါသိတသဒ္ဒါ၏ သာနုသဒ္ဒါမှ တစ်ပါးသော ပုပ္ဖသဒ္ဒါကိုလည်း ငဲ့ခြင်းရှိသည်၏ အဖြစ်သည်။ သတိ အပိ၊ ရှိသော်လည်း။ ဂမကတ္တာ၊ ဝါသိတာ သာနဝေါ- ဟူသောဝါကျအခိုက်၌ ကဲ့သို့ ပုပ္ဖေဟိသဒ္ဒါ၏ အ'ပ္ပဓာနဖြစ်သော ဝါသိတဟူသော မိမိ၌သာ စပ်ရသည်၏အဖြစ်ကို သိစေတတ်သော ဂမကသတ္တိ ရှိသည်၏အဖြစ်ကြောင့်။ သမာသော၊ ဝါသိတာ သာနဝေါ ဝါသိတ-သာနူ-ဟု နောက်ပုဒ်နှင့် သမာသ်တွဲခြင်းသည်။ ဟောတိ၊ ၏။ အဓိပ္ပါယ်သိသာအောင် အနက်ပေးသည်။

> ယတ္ထ ဝိသေသန'တ္ထ- ဘူတော အတ္ထော အညပဒတ္ထ'ဂ္ဂဟဏေန ဂယှတိ၊ သော တဂ္ဂုဏသံဝိညာဏော၊ ယထာ လမ္ဗ-ကဏ္ဏ'မာနယာ'တိ၊ ယတ္ထ ပန န ဂယှတိ၊ သော အတဂ္ဂုဏသံဝိညာဏော၊ ယထာ ဗဟု-ဓန'မာဟရာသိ။

ဤရူပသိဒ္ဓိ(၂၀၀) ကား၊ ပယောဂတဂ္ဂုဏ၌ မနှံ့။

> * သမာသ်ပုဒ်တွင်၊ အညဝင်၊ ခေါ်တွင် တဂ္ဂုဏ။
> ယင်း၌ထိုနက်၊ မဝင်ထွက်၊ အတဂ္ဂုဏပ။

ဟု နိယံဆိုမှ သ-သဒ္ဓမ္မ-ဂဏုတ္တမံ သမ္မာသမ္ဗုဒ္ဓံ အဘိဝါဒိယ၊ ဗုဒ္ဓပ္ပမုခဿ သံဃဿ ဒါနံ ဒေတိ-စသော ပယောဂတဂ္ဂုဏ-ပါနှံ့မည်။

> ဂုဏီဘူတာနံပိ ဟိ ဓမ္မသံဃာနံ အဘိဝါဒေတဗ္ဗ-ဘာဝေါ သဟ-ယောဂေန ဝိညာယတိ၊ ယထာ သ-ပုတ္တ-ဒါရော အာဂတော'တိ ပုတ္တဒါရဿပိ အာဂမနံ။

ဟု ဋီကာကျော်(၇၂) လာတိုင်း သမဝါယတ္ထဇောတက သဟသဒ္ဒါ ယှဉ်ဘက်ပါသောကြောင့် သ-သဒ္ဓမ္မ ဂဏုတ္တမ-အရ တရားသံဃာလည်း သမ္မာသမ္ဗုဒ္ဓံ-အရ ဘုရားနှင့် ရှိခိုးခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏနသတ္တိ တည်းဟူသော ကမ္မဒ္ဒကြိယာသမဝါယဖြစ်၍ တရားသံဃာလည်း သ-သဒ္ဓမ္မ ဂဏုတ္တမံ-ဟူသော နိပ္ဖန္နသမာသ်ပုဒ်တွင် ပါဝင်၍ အဘိဝါဒိယ-တွင် စပ်နိုင်လေ၏။

ဤဥပမေယျ သာဓျကား ကမ္မဋ္ဌကြိယာ သမဝါယတည်း။ သ-ပုတ္တ-ဒါရော အာဂတော-ဟု လာသော ဥပမာ သာဓကကား ကတ္တုဋ္ဌကြိယာ သမဝါယတည်း။ ဤညာသ်ကောက်နည်းကို သတိ မမူမိ၍ ဂုဏသမဝါယ ဆိုခဲ့သော် တော်လေစွ-ဟု ဋီကာကျော်ကို မနှစ်သက်ယောင် သဂြိုဟ် ဂဏ္ဌိဆရာ ဆို၏။

**ပရမတ္ထဒီပနီ၌လည်း -**

> အဘိဝါဒေတဗ္ဗဘာဝေါတိ န ဝတ္တဗ္ဗံ။ အဘိဝါဒိတဘာဝေါတိ ပန အဘိဝါဒန'န္တိ ဝါ ဝတ္တဗ္ဗံ။ ဧဝံ ဟိ သတိ ဓမ္မ-သံယာနံပိ ထေရဿ ဝန္ဒနာကြိယ'ပ္ပတ္တိ သိဒ္ဓါ ဟောတိ။ ကြတရထာ အဘိဝါဒနာ'ရဟတာ'သင်္ခါတ-ဂုဏသမဝါယော ဝုတ္တော သိယာ။ သော စ ကြမ ဓာမိပေ္ပတော အတ္တနော နိဒဿနေန စ သဟ န သမေတိ သ-ပုတ္တ-ဒါရော အာဂတောတိ။

ဟု အပြစ်ဆို၏။ ဤ၌ အဘိဝါဒိ တဘာဝေါ- ဟု ပြင်သည်ကား အနုရုဒ္ဓါထေရ်၏ အတိတ် ရှိခိုးခြင်း ကြိယာပါပုဏနသတ္တိ ကမ္မဋ္ဌကြိယာကို ရသောကြောင့် ကောင်းလှပေ၏။

အဘိဝါဒနံ-ကား ရှိခိုးတတ်ခြင်း ကတ္တုဋ္ဌကြိယာကို ရသောကြောင့် တရားသံယာ၏ ရှိခိုးတတ်ခြင်းကြိယာ နှင့် မျှရလိမ့်မည်ဖြစ်၍ မကောင်း။ ဤကတ္တုဋ္ဌကြိယာ စသော ညာသ်ကောက်နည်းကို-

ဥဒ္ဒေသံ အာဂစ္ဆန္တီတိ ဥဒ္ဒိဿိတဗ္ဗတံ အာဂစ္ဆန္တိ- ဟူသော အဋ္ဌကထာကို ဥဒ္ဒိဿတေ'တိ ဥဒ္ဒေသော။ ဘာဝပ္ပဓာနော'ယံ ကမ္မနိဒ္ဒေသော- ဟူသော ဋီကာဖြင့် ယုံကြည်စွာ မှတ်အပ်၏။ ဥဒ္ဒိဿာနံ ဥဒ္ဒေသော- ပြုလျှင် ကြမေ ဓမ္မာ-အရ ပါတိမောက်သည် ပုဂ္ဂိုလ်ကဲ့သို့ ရွတ်တတ်ရာကျသည်။ ဥဒ္ဒိဿီယတီ'တိ ဥဒ္ဒေသော-ပြုလျှင် ရွတ်အပ်သော ပါတိမောက်ကိုရ၍ ကတ္တားနှင့်ကံ အရတူသောကြောင့် ပါတိမောက်သည် ပါတိမောက်သို့ ရောက်သည်ဟု ဆိုရာကျသည်။ ထို့ကြောင့် ကမ္မသာဓနပြု၍ ပါပုဏနသတ္တိ- ဟူသော ကမ္မဋ္ဌကြိယာဘောကို ကောက်ရသည်။ ကြမေ ဓမ္မာ၊ ဤပါတိမောက်တို့သည်။ ဥဒ္ဒေသံ၊ အကျဉ်းရွတ်ဆိုအပ်သော ပါတိမောက်၏ ဖြစ်ကြောင်း ရွတ်ဆိုအပ်ခြင်း ကမ္မဋ္ဌကြိယာပါပုဏန သတ္တိသို့။ အာဂစ္ဆန္တိ၊ ရောက်လာကုန်၏။ အနက်ပေး အလွန်ခဲခက်လှ၏။ အားသက်၍ ကြံကြကုန်။

ဗုဒ္ဓပ္ပမုခဿ-လည်း နည်းတူ။ ပမုခ-ဟူသောယှဉ်ဘက်ကြောင့် ဗုဒ္ဓ-အရ နိပ္ဖန္နသမာသ်ပုဒ်မှ ဝင်၍ ဒါနံ ဒေတိ-အရ အလှူကိုခံသော သံဃာကဲ့သို့ သမ္ပဒါန်ဖြစ်၏။ ဤအဓိပ္ပါယ်ကိုဆိုသော ဋီကာကျော် ကို သတိလစ်၍ ပုဒ်စစ်၌ ဒါနံ ဒေတိ-ကို ယှဉ်ဘက်ပယောဂ-ဟု ကောက်ယူမှားလေသည်။ သတိပြု။

> ဗဟဝေါ ဝီဟယော ယဿ သော ဗဟုဗ္ဗီဟိ။ ဗဟုဗ္ဗီဟိ-သဒိသတ္တာ အယံပိ သမာသော အနွတ္ထ-သညာ-ဝသေန ဗဟုဗ္ဗီဟီ'တိ ဝုတ္တော။ အညပဒတ္ထ'ပဓာနော ဟိ ဗဟုဗ္ဗီဟိ။
>
> (ညာ၊ ရှု၊ ၂၀၀။)။

(၅၀၁) **နာမာနံ သမုစ္စယော ဒွန္ဒော။** နာမာနံ၊ ဝိဘတ်တူကုန်, စပ်ရာတူကုန်သော နာမ်ပုဒ်တို့၏။ ဝါ၊ တို့တွင်။ သမုစ္စယော၊ ပေါင်းစည်းခြင်းအနက်သည်။ ဝါ၊ အနက်ရှိသော နာမ်သည်။ ဒွန္ဒော၊ ဒွန် မည်၏။

စန္ဒိမ-သူရိယာ။ ပုံစံ။

(၅၀၂) **မဟတံ မဟာ တုလျာ'ဓိကရဏေ ပဒေ။** တုလျာ'ဓိကရဏေ၊ တူသော တည်ရာ အနက်ရှိသော။ ပဒေ၊ ပုဒ်ကြောင့်။ မဟတံ၊ မဟန္တ-သဒ္ဒါတစ်ခုတို့၏။ မဟာ၊ မဟာ- ပြုသည်။ ဟောတိ၊ ၏။

မဟာ-ရာဇာ၊ မဟာ-ဒေဝီ၊ မဟာ-ဝနံ။ ပုံစံ။

မဟတံ- ဗဟုဝုစ်လွန်ဖြင့် မဟ'ဗ္ဗလံ, မဟ'ဗ္ဘယံ- စသည်၌ မဟ-ပြု၊ **မဟတံ မဟာ- ယောဂ** ဝိဘာဂဖြင့် မဟာ-ပညော- စသော ဗဟုဗ္ဗိဟိ၊ မဟာ-သတ္တော- စသော တပ္ပုရိသ်၊ မဟာ တေ ဥပါသက ပရိစ္စာဂေါ- စသော ဝါကျတို့၌ မဟာ-ပြု။

(၅၀၃) **ဣတ္ထိယံ ဘာသိတ-ပုမိ'တ္ထိ ပုမာ'ဝ စေ။** ဣတ္ထိယံ၊ နိယတ ဣတ္ထိလိင်၌။ ဝတ္တမာနေ၊ ဖြစ်သော။ တုလျာ-ဓိကရဏေ၊ သော။ ပဒေ၊ ကြောင့်။ ဘာသိတ-ပုမာ၊ ဟောဖူးသော ပုလ္လိင်ရှိသော။ ဣတ္ထိ၊ အနိယတ ဣတ္ထိလိင်ဟော သဒ္ဒါသည်။ စေ အတ္ထိ၊ အကယ်၍ ရှိငြားအံ့။ သော၊ ထိုအနိယတ ဣတ္ထိလိင်ဟောသဒ္ဒါကို။ ပုမာ'ဝ၊ ပုလ္လိင်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ရှုမှတ်အပ်၏။

ဒီဃာ ဇင်္ဃာ ယဿာ'တိ သော ဒီဃ-ဇင်္ဃော၊ ပုရိသော။ ဒီဃ-ဇင်္ဃာ ဣတ္ထိ၊ ဒီဃ-ဇင်္ဃံ ကုလံ။ ပုံစံ။

---

(၅၀၂) (မဟန္တော ရာဇာ) မဟာ'ရာဇာ၊ မြတ်သောမင်း။ (မဟတီ ဒေဝီ) မဟာ-ဒေဝီ၊ မြတ်သော မိဖုရားခေါင်ကြီး။ (မဟန္တံ ဝနံ) မဟာ-ဝနံ၊ တောကြီး။

မဟဗ္ဗလံ၊ ကြီးသောအား။ များသောဗိုလ်ထု။ (မဟတီ ဉာဏေ သတ္တော အာသတ္တောတိ) မဟာ-သတ္တော၊ ဘုရားလောင်း။ ဥပါသက၊ တကာ။ တေ၊ သင်၏။ ပရိစ္စာဂေါ၊ ပေးလှူစွန့်ကြဲခြင်းသည်။ မဟာ၊ ကြီးကျယ်၏။

(၅၀၃) ယဿ၊ အား။ ဒီဃာ၊ ရှည်ကုန်သော။ ဇင်္ဃာ၊ မြင်းခေါင်းတို့သည်။ သန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ သော၊ ထိုသူသည်။ ဒီဃ-ဇင်္ဃော၊ မည်၏။ ပုရိသော၊ ယောကျ်ားတည်း။ ဒီဃ-ဇင်္ဃာ၊ ရှည်သော မြင်းခေါင်းရှိသော။ ဣတ္ထိ၊ မိန်းမ။ ဒီဃ-ဇင်္ဃံ၊ သော။ ကုလံ၊ အမျိုး။

* ဉျာသေ ပရဿ ပုဗ္ဗာဝေါ၊ ပုဗ္ဗ-ဘာဝေါ ရူပသိဒ္ဓိယံ။
ဥဘယ-ဘာဝေါ ဗျာချာနေ၊ မဇ္ဈေ-ဝါဒေါ'ဝ သုန္ဒရော။ ॥ (နိဒ္ဒေသ)

(၅၀၄) **ကမ္မ-ဓာရယ-သညော စ။** ကမ္မ-ဓာရယ-သညော စ၊ ကမ္မဓာရည်း အမည်ရှိသော သမာသ်၌လည်း။ ဣတ္ထိယံ၊ ၌။ ဝတ္တမာနေ၊ သော။ တုလျာ'ဓိကရဏေ၊ သော။ ပဒေ၊ ကြောင့်။ ဘာသိတ ပုမာ၊ သော။ ဣတ္ထီ၊ သည်။ စေ အတ္ထိ၊ အံ့။ သော၊ ကို။ ပုမာ'ဝ၊ ကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။

ဗြာဟ္မဏ-ဒါရိကာ၊ ခတ္တိယ-ကညာ။ ပုံစံ။

သညာ-သဒ္ဒါလွန်ဖြင့် တဿာ ဣတ္ထိယာ မုခံ တံမုခံ၊ တပ္ပုရိသ် ၌ ငဲ့ရ၏။ စ-သဒ္ဒါ သမုစ္စည်း။
ယတော ဣတ္ထိယာ၊ ယတြ ဣတ္ထိယံ။ (နာမ်)။
တဿ ဣတ္ထိယာ ဘာဝေါ တတ္တံ၊ ဣတ္ထတ္တံ။ (တဒ္ဓိတ်)။
သာ ဣတ္ထီဝိယ အတ္တာန'မာစရတိ တဒါယတိ။ (အာချာတ်)တို့၌ ငဲ့ခြင်းကို ဆည်း၏။

---

* ဉျာသေ၊ ဉာသ်၌။ ပရဿ၊ နောက်ပုဒ်၏။ ပုဗ္ဗာဝေါ၊ ပုလ္လိင်ငဲ့သည်၏ အဖြစ်ကို။ ဝုတ္တော၊ ၏။ (ဤဉာသ်အလိုသော် ဘာသိတ-ပုမာ၊ ဟောအပ်ဆဲသော ပုလ္လိင်ရှိသော။ ဣတ္ထီ၊ နိယတ ဣတ္ထိလိင် သဒ္ဒါသည်-ဟု အနက်ပေး)။ ပုဗ္ဗ-ဘာဝေါ၊ ရှေ့ပုဒ်၏ ပုလ္လိင်ငဲ့သည်၏ အဖြစ်ကို။ ရူပသိဒ္ဓိယံ၊ ၌။ ဝုတ္တော၊ ၏။ ဥဘယ-ဘာဝေါ၊ ရှေ့, နောက်နှစ်ပုဒ်လုံးကို ငဲ့သည်၏အဖြစ်ကို။ ဗျာချာနေ၊ အတ္ထဗျာချာန်ကျမ်း၌။ ဝုတ္တော၊ အပ်၏။ တေသု၊ ထိုသုံးဝါဒတို့တွင်။ မဇ္ဈေ'ဝါဒေါ'ဝ၊ အလယ် ရူပသိဒ္ဓိဝါဒသည်သာလျှင်။ သုန္ဒရော၊ ကောင်းမြတ်၏။

နောက်သုတ် ကမ္မဓာရည်းသမာသ်ကို ထောက်၍ ခံကောက်သည်။ ရူပသိဒ္ဓိအလို၌ ကွစာဒိ-သုတ်ကြီးဖြင့် နောက်ပုဒ်၌ ရဿ-ပြု၊ ဉာသ်အလို၌ ထွန်နောက် ရေပါ၊ ဆန်ပါ ထမင်းရည်သောက်။ ရှေ့ပုဒ်၌ ဒီဃအလိုလို ပျောက်တော့သည်။ (၅၀၄) ဗြာဟ္မဏ-ဒါရိကာ၊ ပုဏ္ဏားသူငယ်မ။ ခတ္တိယ-ကညာ၊ မင်းမိန်းမငယ်။

တံ-မုခံ၊ ထိုမိန်းမ၏မျက်နှာ။

ယတော ဣတ္ထိယာ၊ အကြင်မိန်းမမှ။ ယတြ ဣတ္ထိယံ၊ ၌။ (နာမ်)။

တတ္တံ၊ ထိုမိန်းမ၏ဖြစ်ကြောင်း။ ဣတ္ထတ္တံ၊ မိန်းမ၏ဖြစ်ကြောင်း (တဒ္ဓိတ်)။

သာ ဣတ္ထီ ဝိယ၊ ထိုမိန်းမကဲ့သို့။ အတ္တာနံ၊ ကို။ အာစရတိ၊ ပြုတတ်၏။ တဒါယတိ၊ ထိုမိန်းမကဲ့သို့ ပြုတတ်၏။ (အာချာတ်)။

(၅၀၅) **အတ္တံ နသာ တပ္ပုရိသော။** တပ္ပုရိသော၊ တပ္ပုရိသ်သမာသ်၌။ ဝါ၊ ကြောင့်။ နသာ၊ န-နိပါတ်ပုဒ်၏။ အတ္တံ၊ အ- ၏အဖြစ်သည်။ ဟောတိ၊ ၏။

အ-ဗြာဟ္မဏော။ ပုံစံ။

အတ္တံ နသာ- ယောဂဝိဘာဂဖြင့် ဗဟုဗ္ဗီဟိသမာသ်ပြု၍ အ-တုလော။ ပုံစံ။ (ပြိုင်ဘက် တူသူ ရှိတော်မမူသောဘုရား- ပေး)။

(၅၀၆) **သရေ အန်။** တပ္ပုရိသော ၌။ ဝါ၊ ဖြစ်သော။ သရေ၊ သရကြောင့်။ နသာ၊ ၏။ အန်၊ အန်- ပြုသည်။ ဟောတိ၊ ၏။ အန'ရိယော။ ပုံစံ။

သရေအန်-ဝိနာဓိကာရယောဂဝိဘာဂဖြင့် ဗဟုဗ္ဗီဟိ-၌ ပြု။ အနာ'သဝေါ၊ အနု'တ္တရော။ ပုံစံ။

(က) နကာရော ပဋိသေဓေ စ၊ ဝုဒ္ဓ'ည-သဒိသေသု စ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ တဗ္ဘာဝေ ဝိရဟ'ပ္ပကေ။ ။

ဟူ၍ အ- ပြု၊ အန- ပြုသော န- နိပါတ်ပုဒ်၏ အနက်ဆယ်ပါး။

(ခ) ပသဇ္ဇ'ပ္ပဋိသေဓဿ၊ လက္ခဏံ ဝတ္ထု နတ္ထိတာ။
ဝတ္ထုတော အညတြ ဝုတ္တိ၊ ပရိယုဒါသ-လက္ခဏံ။ ။(ရူ ၁၈၈)

❀ ပသဇ္ဇမှာ၊ ကိရိယာ၊ ကြွင်းမှာ ဒြပ်မြစ်။ ။ ဟူ၍လည်း မှတ်။

---

(၅၀၆) အန'ရိယော၊ အရိယာသူတော်ကောင်း မဟုတ် သူယုတ်ပုထုဇဉ်။

အနာ'သဝေါ၊ အာသဝေါ မရှိသောရဟန္တာ။ အနု'တ္တရော၊ တူလွန်သူ မရှိသောဘုရား။

(က) နကာရော၊ အ- ပြု၊ အန-ပြုသော န-အက္ခရာသည်။ ပဋိသေဓေ စ၊ တားမြစ်ခြင်းအနက်၌၎င်း။ ဝုဒ္ဓိ-အည-သဒိသေသု စ၊ ကြီးပွားခြင်းအနက်, တပါးဟူသောအနက်, အတူဟူသောအနက်တို့၌၎င်း။ ဝိရုဒ္ဓေ၊ ဆန့်ကျင်သောအနက်၌၎င်း။ ဂရဟေ၊ ကဲ့ရဲ့ခြင်းအနက်၌၎င်း။ သုညေ၊ ဆိတ်သောအနက်၌၎င်း။ တဗ္ဘာဝေ၊ ယှဉ်ဘက်ပုဒ်၏ အနက်ဟူသော တဗ္ဘော အနက်၌၎င်း။ ဝိရဟေ၊ ကင်းခြင်း အနက်၌၎င်း။ အပ္ပကေ၊ အနည်းငယ် အနက်၌၎င်း။ ဘဝေ၊ ၏။

(ခ) ပသဇ္ဇ'ပ္ပဋိသေဓဿ၊ ၏။ လက္ခဏံ၊ ကား။ ဝတ္ထု-နတ္ထိတာ၊ ကြိယာဖြစ်၍ မြစ်အပ်သော ဝတ္ထု၏ မရှိခြင်းတည်း။ ဝတ္ထုတော၊ မြစ်အပ်သောဝတ္ထုမှ။ အညတြ၊ တစ်ပါးသော သဒိသဒြပ်စသည်၌။ ဝုတ္တိ၊ ဖြစ်ခြင်းသည်။ ပရိယုဒါသ လက္ခဏံ၊ ပရိယုဒါသ ပဋိသေဓ၏ လက္ခဏာတည်း။

(၅၀၇) **ကဒ် ကုသာ။** တပ္ပုရိသေ၊ ၌။ ဝါ၊ ဖြစ်သော။ သရော၊ ကြောင့်။ ကုသာ၊ ကု- နိပါတ်ပုဒ်၏။ ကဒ်၊ ကဒ်- ပြုသည်။ ဟောတိ၊ ၏။

ကဒ'န္နံ၊ ကဒ'သနံ။ ပုံစံ။

(၅၀၈) **ကာ'ပ္ပ'တ္ထေသု စ။** တပ္ပုရိသေ၊ ၌။ ဝါ၊ ကြောင့်။ အပ္ပ'တ္ထေသု စ၊ အနည်းငယ်ဟူသော အနက်တို့၌လည်း။ ဝတ္တမာနဿ၊ သော။ ကုဿ၊ ၏။ ကာ၊ ကာ- ပြုသည်။ ဟောတိ၊ ၏။

ကာ-လဝဏံ၊ ကာ-ပုပ္ဖံ။ ပုံစံ။

ဗဟုဝုစ်-သဒ္ဒါလွန်ဖြင့် ကုစ္ဆိတတ္ထ-၌လည်း အချို့ပြု၏။ ။ ကာ-ပုရိသော။ ကု-ပုရိသော။ ကု-မဂ္ဂေါ။ ပုံစံ။

စ- သဒ္ဒါ ကွစတ္ထ။ (ညသ်)။ တပ္ပုရိသေ ပဒေ-ကို ငင်သည်ဟု ဆိုလျှင် ကောင်းအံ့ထင်၏။

(၅၀၉) **ကွစိ သမာသ'န္တ-ဂတာန'မကာရ-န္တော။** သမာသ'န္တ ဂတာနံ၊ သမာသ်ပုဒ်၏အဆုံး၌ ဖြစ်ကုန်သော နာမ်တို့၏။ အန္တော၊ အစိတ်သရသည်။ ကွစိ၊ အချို့ပုံစံ၌။ အကာရော၊ အ-အက္ခရာပြုသည်။ ဟောတိ၊ ၏။

---

(တတ္ထ ယော အ-သူရိယ-ပဿာ ရာဇ-ဒါရာတိ အာဒီသု ဝိယ ဥတ္တရပဒတ္ထဿ သဗ္ဗထာ အဘာဝံ ဒီပေတိ။ သော ပသဇ္ဇ'ပ္ပဋိသေဓဝါစီ နာမ။ ယော ပန အဗြာဟ္မဏ-အမနုဿာတိ-အာဒီသု ဝိယ ဥတ္တရပဒတ္ထံ ပရိယုဒါသိတွာ တံ-သဒိသာဒိ ဝတ္ထုမှိ ကာရိယံ ပဋိပါဒယတိ။ သော ပရိယုဒါသ-ဝါစီ နာမ။ (ရူ၊ ၁၈၈။))။

နိသေဓေတဗ္ဗမေဝ ပသဇ္ဇ ပတွာ သဒိသတ္ထာန'နပေက္ခဏေန ပဋိသေဓော ပသဇ္ဇ'ပ္ပဋိသေဓော။ ယထာ အ-သဒ္ဓ-ဘောဇီ။ ပရိတုလိတ'မတ္ထ'မုဂ္ဂယှဥတ္တရ ပဒတ္ထဿ အသနံ ခေပေါ နိဝတ္တာပနံ ပရိယုဒါသော။ (ရူဋီ)။

(၅၀၇) (ကုစ္ဆိတံ အန္နံ) ကဒန္နံ၊ စက်ဆုပ်ဖွယ်သော ထမင်း။ (ကုစ္ဆိတံ အသနံ) ကဒသနံ၊ စက်ဆုပ်ဖွယ်သော အစာ။

(၅၀၈) (အပ္ပကံ လဝဏံ) ကာ-လဝဏံ၊ အနည်းငယ်သော ဆား။ ကာ-ပုပ္ဖံ၊ အနည်းငယ်သောပန်း။

ကာ-ပုရိသော၊ ကု-ပုရိသော၊ စက်ဆုပ်ဖွယ်သော ယောကျ်ား။ ကု-မဂ္ဂေါ၊ ကောက်ကွေးကြမ်းကြုတ်, စက်ဆုပ်ဖွယ်သောလမ်း။

ဒေဝ-ရာဇော၊ ဒေဝ-ရာဇာ၊ ဝိသာလ'က္ခော၊ တိ-ရတ္တံ။ ပုံစံ။

**ကာရ-သဒ္ဒါလွန်ဖြင့်** အာ, က္က-လည်းပြုရ၏။ အ-ပစ္စည်း, က-ပစ္စည်းလည်း သက်ရ၏။ ပစ္စက္ခ-ဓမ္မာ၊ သုရဘိ-ဂန္ဓိ၊ ပူတိ-ဂန္ဓိ၊ ပဥ္စ-ဂဝံ၊ ဗဟု-နဒိကော၊ ဗဟု-ကတ္တုကော။ ပုံစံ။

(၅၁၀) **နဒိမှာ စ**။ သမာသ'န္တ ဂတာ၊ သမာသ်ပုဒ်၏ အဆုံး၌ ဖြစ်သော။ န ဒိမှာ စ၊ နဒီ-မည်သော ဣတ္ထိလိင် ဤ, ဦ-ကာရန္တ သဒ္ဒါမှလည်း။ ပရံ နောက်၌။ ကာ၊ က-ပစ္စည်းသည်။ ဟောတိ၊ ၏။

**စ-သဒ္ဒါ တ္တု-ပစ္စယန္တကို ဆည်း၏**။ က-ပစ္စည်းနှင့်တကွ ကာရ-သဒ္ဒါကိုလည်း ငင်၏။ ထိုကာရ-သဒ္ဒါဖြင့် ပြီးလျက် နိစ္စဝိဓိအကျိုးငှာ ဤသုတ်ကို ဆိုပြန်၏။

(၅၁၁) **ဇာယာယ တု ဒံ-ဇာနိ ပတိမှိ**။ ပတိမှိ၊ ပတိ-သဒ္ဒါကြောင့်။ ဇာယာယ၊ ဇာယာ-သဒ္ဒါ၏။ ဒံ-ဇာနိတု၊ ဒံ- ပြု, ဇာနိ- ပြုတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

ဇာယာ စ ပတိ စ ဒ'မ္ပတီ၊ ဇာနိ-ပတီ။ ပုံစံ။

---

(၅၀၉) (ဒေဝါနံ ရာဇာတိ) ဒေဝ-ရာဇော၊ ဒေဝ-ရာဇာ၊ နတ်မင်း။ (ဝိသာလာနိ အက္ခီနိ ယဿာ'တိ) ဝိသာလ'က္ခော၊ ကျယ်သောမျက်လုံးရှိသူ။ တိ-ရတ္တံ၊ သုံးညဥ့်။

(ပစ္စက္ခော ဓမ္မော ယဿာ'တိ) ပစ္စက္ခ-ဓမ္မာ၊ မျက်မှောက်တရားရှိသူ။ (သုရဘိနော ဂန္ဓော ယဿာ'တိ) သုရဘိ-ဂန္ဓိ၊ ပန်းကောင်း၏ အနံ့ရှိသည်။ ပူတိ-ဂန္ဓိ၊ ပုပ်သောအနံ့။ ပဥ္စ-ဂဝံ၊ ငါးကောင်သော နွား။ ဗဟု-နဒိကော၊ များသောမြစ်ရှိရာ အရပ်။ ဗဟု-ကတ္တုကော၊ များသော ကတ္တားရှိသော သဒ္ဒါ, များစွာသော အမှုလုပ်ရှိသော ရွာ။

(ဤသုတ်ကား ဂိုဏ်းဖျက်သုတ်တည်း။ ရူပသိဒ္ဓိ(၂၉၂)၌ကား ရာဇာဒိဂဏသော'တိ ဂဟဏ်-ဟူ၏ အ-ကာ၊ အ-ပစ္စည်း, က-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏- ဟု တစ်နည်းအနက်ပေး၍ ရ-အာဂုံလည်း ကြံ၏)။

(၅၁၁) ဇာယာ စ၊ မယားလည်း။ ပတိစ၊ လင်လည်း။ ဒံ-ပတီ၊ မယား, လင်တို့။ ဇာနိ-ပတီ၊ သမီး, ခင်ပွန်းတို့။

ဇံ-ပတီ၊ ဇာယံ-ပတီ၊ ဇာယ'မ္ပတိကာ၊ လင်မယားတို့။

(**သီဟိုဠ်ညာသ်၌ ဤသုတ်ကို စတုပ္ပဒမိဒံ-ဟု ဆို၏**။ **သက္ကတအဘိဓာန်၌လည်း** ဒွန္ဒေ ဇာယာ'သဒ္ဒဿ ဒ-မာဒေသော၊ ဇံစ။ ဒမ္ပတီ၊ ဇမ္ပတီ-ဟု ရုပ်ရှိ၏။ ထို့ကြောင့် တု-သဒ္ဒါကို သမုစ္စယတ္ထ တစ်ပုဒ်ယူ။

ရူပသိဒ္ဓိ၌ကား တုဒံ-ပြု၍ တုဒမ္ပတီ-ဟု ရုပ်လုပ်၏။ တုဒံ စ ဇာနိ စ တုဒံ-ဇာနိ-ဟု ဋီကာလည်း ဆို၏။

ညာသ်၌ ဇာယာယ- ပတိဟု-တပ္ပုရိသ် တွဲ၏၊ ဥဘော ဇာယမ္ပတိကာ သဒ္ဒါ ပသန္နာ- စသော ပါဠိတော်နှင့်မညီ၊ သုတ်အင်္ဂါနှင့်ကား ညီပေသည်ပင်)။

တု-သဒ္ဒါ ဇံ-ပြုကို ဆည်း၏။ ဇံ-ပတိ၊ ရသ- ပြု၊ ဗိန္ဒု- လာလျှင် ဇာယံ-ပတိ၊ က-ပစ္စည်း သက်လျှင် ဇာယမ္ပတိကာ- ဖြစ်၏။

(၅၀၂) **ခနုမှာ စာ။** သမာသ်န္တ-ဂတာ၊ သော။ ခနုမှာ စ၊ ခနု- သဒ္ဒါမှလည်း။ ပရံ ၌။ အာ၊ အာ-ပစ္စည်းသည်။ ကွစိ၊ ၌။ ဟောတိ၊ ၏။

**စ- သဒ္ဒေန ဓမ္မာ-ဒိတော စ။ ။ (ရူ)**

ဂဏ္ဍိဝ-ဓန္ဝါ၊ ပစ္စက္ခ-ဓမ္မာ၊ သဟဿတ္တာမ-ဓနု၊ ပစ္စက္ခ-ဓမ္မော၊ ဒိဋ္ဌ-ပုဗ္ဗော။ ပုံစံ။

(၅၀၃) **အံ ဝိဘတ္တီနံ-မကာရန္တာ အဗျယီဘာဝါ။** အကာရန္တာ၊ အ-အက္ခရာ အဆုံးရှိသော။ အဗျယီ-ဘာဝါ၊ အဗျယီဘော သမာသ်မှ။ ပရာသံ၊ နှောင်းကုန်သော။ ဝိဘတ္တီနံ၊ အာလုပ်နှင့်တကွ ဝိဘတ်ရှစ်သွယ်တို့၏။ ကွစိ၊ ၌။ အံ၊ အံ-ပြုသည်။ ဟောတိ၊ ၏။

ဘော၊ ဘောန္တော၊ သော၊ တေ၊ တံ၊ တေ အဓိ-စိတ္တံ၊ တေန အဓိ-စိတ္တံ အဓိ-စိတ္တေန၊ တေဟိ အဓိ-စိတ္တံ အဓိ-စိတ္တေဟိ။ လ။ တေသု အဓိ-စိတ္တံ အဓိ-စိတ္တေသု ဘိက္ခူသု။ ပုံစံ။

---

(၅၀၂) ခနုမှာ အာစ- ပုဒ်ဖြတ်သည်ထက် ခနုမှာ စ အာ- ပုဒ်ဖြတ်ခြင်းက သာလွန်၍ အနက်သွားဖြောင့် သဒ္ဒါနေ မထောင့်ရကား စ-၌ ဒီဃနှင့် ဖြစ်ရာသည်။

ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ (ကုဋေ)၊ ကုဋေခု၊ ကုဋေဆယ်၊ ကုဋေရာ၊ ကုဋေထောင်၊ ကုဋေသောင်း၊ ကုဋေသိန်း၊ ကုဋေသန်း၊ (ပကောဋိ) ပကောဋိခု၊ ပကောဋိဆယ်၊ ပကောဋိရာ-စသော သင်္ချာအစဉ်ကို ဆိုတတ်စေ။ တစ်နောက်၌ သုည-တစ်လုံး တစ်လုံးစီ တိုး၍ အသင်္ချေတိုင်အောင် ရေးလေ။ တစ်-ကို ဆယ်-နှင့်မြှောက်။ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ-နှင့်မြှောက်။ ဆယ်-ကို ဆယ်-နှင့်မြှောက်။ ရာ၊ ထောင်- စသည်နှင့်မြှောက်။ ရာ-စသည်ကိုလည်း ဆယ်-စသည်နှင့်မြှောက်။ သုည-ထွက်ရာ အမည် တပ်၍ခေါ်။ မြှောက်သည့်ဂဏန်း ခြေအတိုင်းတည်၍ ဧကသိသ်ကို ကျရာသင်္ချာသဒ္ဒါပြု၍ ရုပ်တွက်ကြလေ။ အလွန် ရှုပ်ပွေများပြား ကျယ်ဝန်းလှ၏)။

တစ်နည်း။ နယုတ-ပြု။ ဒသဟိ ဂုဏိတံ သဟဿံ ဒသသဟဿံ-ဟု တပ္ပုရိသ်သမာသ် လည်း တွဲရ၏။ ဒသသဟဿ-သဒ္ဒါ, နယုတ-သဒ္ဒါတို့ကား တစ်သောင်း-ကို ဟောကုန်၏။ ထို့အတူ သောင်း-ဆယ်လီသည် သတသဟဿ, လက္ခ- တစ်သိန်းမည်၏။ သိန်း-ဆယ်လီသည် ဒသသတသဟဿ, နိယုတ- တစ်သန်းမည်၏။ သန်း-ဆယ်လီသည် ကောဋိမည်၏။ တစ်-နှင့် သုည-ခုနစ်လုံးရေး ကုဋေခု၊ ကုဋေဆယ်၊ ကုဋေရာ၊ ကုဋေထောင်၊ ကုဋေသောင်း၊ ကုဋေသိန်း၊ ကုဋေသန်း၊ ကုဋေ-အလီ တစ်ကုဋေသည် ပကောဋိမည်၏။ ထို့အတူ ပကောဋိ-အလီ တစ်ကုဋေသည် ကောဋိပကောဋိမည်၏။ အသင်္ချေတိုင်အောင် ကုဋေ-နှင့်ချည်း မြှောက်၍ တက်။ ထိုသင်္ချာတို့၏အစဉ် လိင်, ဝုစ်ကို ဤသို့သိ။

၁။ သတံ, သဟဿံ, နယုတံ၊ လက္ခံ, နိယုတ, ကောဋိယော။
ပကောဋိ, ကောဋိပကောဋိ၊ နဟုတံ, နိန္နဟုတံ, ပိ စ။ ။(ဓာန်၊ ၄၇၄။)

၂။ အက္ခောဘိဏီ, ဏ္ဍိ'ယံ ဗိန္ဒု၊ အဗ္ဗုဒ,ဥ နိရဗ္ဗုဒံ။
အဟဟံ, အဗဗ, ဥဋ္ဋဝါ၊ ငှရုံ, သောဂန္ဓိကု'ပ္ပလံ။ ။(ဓာန်၊ ၄၇၅။)

၃။ ကုမုဒံ, ပုဏ္ဍရီကဥ္စ၊ ပဒုမ,ဥ ကထာန, စ။
မဟာကထာနာ'သင်္ချေယျ'၊ မိစ္စေ'တာသု သတာ-ဒိ စ။ ။(ဓာန်၊ ၄၇၆။)

၄။ ကောဋျာ'ဒိစ ဒသ-ဂုဏာ၊ သတလက္ခ-ဂုဏာ ကမာ။
စတ္တာလီသ-သတံ-သုညာ၊ အသင်္ချေယျန္တိ ဝုစ္စတိ။ ။(ဓာန်၊ ၄၇၆။)

---

၁။ သတံ၊ တစ်ရာ။ သဟဿံ၊ တစ်ထောင်။ နယုတံ၊ တစ်သောင်း။ လက္ခံ၊ တစ်သိန်း။ နိယုတ ကောဋိယော၊ တစ်သန်း တစ်ကုဋေတို့။ ပကောဋိ၊ ပကုဋေ။ ကောဋိပကောဋိ၊ ကုဋေ ပကုဋေ။ နဟုတံ၊ နဟုတ။ နိန္နဟုတံ၊ နိန္နဟုတ။ ၂။ အက္ခောဘိဏီ၊ အက္ခောဘဏီ။ ဣတ္ထိ၊ ဣတ္ထိလိင်တည်း။ လ။

၃။ မဟာကထာနံ၊ မဟာကထာန။ အသင်္ချေယျံ၊ အသင်္ချေ။ ဣတိ ဧတာသု၊ ဤနှစ်ဆယ့်ငါးခုသော သင်္ချာတို့တွင်။ သတာဒိ စ၊ သတ-အစရှိသော သင်္ချာငါးခုကိုဧင်း။

၄။ ကောဋျာဒိစ၊ ကောဋိ-အစရှိသော သင်္ချာနှစ်ဆယ်ကိုဧင်း။ ကမာ၊ အစဉ်အတိုင်း။ ဒသဂုဏာ၊ ရှေ့ငါးခုကို တစ်ဆယ်-ဖြင့် မြှောက်အပ်၏။ သတလက္ခ-ဂုဏာ၊ နောက် နှစ်ဆယ်ကို သိန်းတစ်ရာဖြင့် မြှောက်အပ်၏။ ဝါ၊ တစ်ကုဋေဖြင့် မြှောက်အပ်၏။ စတ္တာလီသသတံ သုညာ၊ သုည-တစ်ရာ့လေးဆယ်ကို။ အသင်္ချေယျန္တိ၊ အသင်္ချေယျဟူ၍။ ဝုစ္စတိ၊ ၏။

၅။ ဒွါ'ဒယော အဋ္ဌာရသ'န္တာ၊ တိ-လိင်္ဂါ ဗဟု-ဝါစကာ။
ဝီသတျာ'ဒိ နဝုတျ'န္တာ၊ ဣတ္ထိ-လိင်္ဂေ'က-ဝါစကာ။ ။

၆။ သတာ'ဒီ အသင်္ချေယျ'န္တာ၊ နပုံသကာ ဒွိ-ဝါစကာ။
ကောဋိတ္တယ'မက္ခောဘိဏီ၊ ဣတ္ထိ-လိင်္ဂါ-ဒွိဝါစကာ။ ။

❀ ဒွိ စ ဋ္ဌာရည်၊ သုံးလိင်မှတ်၊ မြဲလတ်ဗဟုဝုစ်။
ဝီသတျာဒိ၊ နဝုတိ၊ ဣတ္ထိ ဧကဝုစ်။
သတံ စ အုံး၊ သင်္ချေဆုံး၊ နပုံး, နှစ်ပါးဝုစ်။
ကောဋိ သုံးလီ၊ က္ခောဘိဏီ၊ ဣတ္ထိ နှစ်ပါးဝုစ်။ ဟူလိုသည်။

(၅၆၇) **သက-နာမေဟိ။** တာသံ၊ ထိုသင်္ချာတို့၏၊ ရူပါနိ၊ ရုပ်တို့သည်။ ဝါ၊ တို့ကို။ သက-နာမေဟိ၊ မိမိတို့၏အမည်တို့ဖြင့်။ နိပတန္တိ၊ တင်၍ မနေရ, ကျကုန်၏။ ဝါ၊ နိပစ္စန္တေ၊ မပြီးမနေရ, ကျစေအပ်ကုန်၏။

သတသဟဿာနံ သတံ ကောဋိ။ ကောဋိ-သတသဟဿာနံ သတံ ပကောဋိ။ လ။ မဟာကထာန-သတသဟဿာနံ သတံ အသင်္ချေယျံ။ ပုံစံ။

သတသဟဿ-တစ်ရာဒွန်, ဧကေသိသ်ကို ကောဋိ-ပြု- စသည် ဟူလို။

---

(နောက်နှစ်ဂါထာ လွယ်၏။ သက္ကတကျမ်းတို့၌ကား -
ဧကံ ဒသ သတဉ္စေဝ၊ သဟဿ'မယုတံ တထာ။
လက္ခဉ္စ နိယုတဉ္စေဝ၊ ကောဋိ အဗ္ဗုဒမေဝ စ။ ။

ဗိန္ဒော ခဗ္ဗော နိခဗ္ဗော စ၊ သင်္ခေါပဒ္မေါ စ သာဂရော။
အန္တျံ မဇ္ဈံ ပရာဒ္ဓဉ္စ၊ ဒသဝုဍ္ဍျာ ယထောတ္တရံ။ ။
ဟု သင်္ချာမည် တစ်ဆယ့်ရှစ်ပါး လာ၏။ ဆယ်ခုဖြင့်ချည်း မြှောက်၍ သုည-တစ်ဆယ့်ခုနစ်လုံးရှိလျှင် ပရာဒ္ဓ-သင်္ချာဖြစ်၏။ ထိုမှအထက် အရေအတွက်သင်္ချာ မရှိသောကြောင့် အသင်္ချာဟူ၍လည်း ဆို၏။ ကစ္စည်းကျမ်းလာ သင်္ချာစဉ်၌ကား ပကောဋိ၊ တစ်ထောင်သာ ရှိ၏။

သဒ္ဒနီတိ၌ကား ကစ္စည်းကျမ်းလာ သင်္ချာတို့သည် ပါဠိ, အဋ္ဌကထာ မရှိဟုဆို၍ သင်္ချာစဉ် တစ်မျိုးဆို၏။ ၎င်းကို ရှုလေ)။

(၅၆၇) သတသဟဿနံ၊ တစ်သိန်းတို့၏။ သတံ၊ အလီတစ်ရာသည်။ ကောဋိ၊ ကုဋေမည်၏။ ပ။ မဟာကထာန-သတသဟဿာနံ၊ မဟာကထာန တစ်သိန်းတို့၏။ သတံ၊ သည်။ အသင်္ချေယျံ၊ မည်၏။

(၅၆၈) **တေသံ ဏော လောပေါ**။ တေသံ၊ ထို အနုဗန်-ရှိကုန်သော တဒ္ဓိတ်ပစ္စည်းတို့၏။ ဏော၊ ဏ-အနုဗန်သည်။ လောပံ၊ သို့။ ပပ္ပေါတိ၊ ၏။

ဝါသိဋ္ဌော။ ပုံစံ။

(၅၆၉) **ဝိဘာဂေ ဓာ စ**။ ဝိဘာဂေ စ၊ ဝေဖန်ခြင်း, အဘို့အစုအနက်၌လည်း။ ဓာ စ၊ ဓာ-ပစ္စည်းသည်လည်း။ ဟောတိ၊ ၏။

* **ဓာ ဝိဘာဂေ ပကာရေ စာ'-ကာရေ အသဃတ္တိယံပိ စ**။

ဟူသော လေးနက်တို့တွင် ကြွင်းသုံးနက်ကို ရှေ့စ-သဒ္ဒါဖြင့် သော-ပစ္စည်းကို နောက်စ-သဒ္ဒါဖြင့် ဆည်း၏။

---

(သတ-နှင့် မြှောက်သကဲ့သို့ သဟဿ-နှင့်၊ နဟုတ-နှင့်၊ နိယုတ-နှင့်၊ ကောဋိ-နှင့် မြှောက်လိုလျှင် ဂဏန်းပို တိုးတိုင်း ဂဏန်းမ, ဂဏန်းခြေကို လျှော့ရသည်။ လျှော့ပုံ, တိုးပုံကား ဒသသဟဿာနံ သဟဿံ ကောဋိ။ သဟဿာနံ ဒသသဟဿံ ကောဋိ။ သတာနံ သတသဟဿံ ကောဋိ။ ဒသာနံ ဒသသတ သဟဿံ ကောဋိ။ ဧကဿကောဋိကောဋိ။ ထိုနည်းအတူ ကောဋိလက္ခ-ကို သတ-နှင့်။ ကောဋိနယုတ-ကို သဟဿ-နှင့်။ ကောဋိသဟဿ-ကို နယုတ-နှင့်။ ကောဋိသတ-ကို လက္ခ-နှင့်။ ကောဋိဒသ-ကို နိယုတ-နှင့်။ ကောဋိ-ကို ကောဋိ-နှင့် မြှောက် ပကောဋိဖြစ်၏။ အသင်္ချေယျတိုင်အောင် ဤနည်းတူ သိ။ ဤ၌-အက္ခောဘိဏီ စစ်သည်တပ်ဖွဲ့ပမာဏကို -

> **သဋ္ဌိ-ဝံသကလာပေသု၊ ပစ္စေကံ သဋ္ဌိဒဏ္ဍိသု။**
> **ဓူလီကတေသု သေနာယ၊ ယန္တိယာက္ခောဘိဏီ'တ္တိယံ။** ။(ဓာန်၊ နှာ-၄၇။)

ဟု အဘိဓာန်၌ ဝါးလုံး ခြောက်ဆယ်စီစည်းသော ဝါးစည်းခြောက်ဆယ်ကို မြူမှုန်ဖြစ်အောင် နင်းချေ၍ သွားသော စစ်အင်္ဂါလေးပါးကိုဆို၏။ **သက္ကတကျမ်း**၌ ဆင်နှစ်ထောင့်တစ်ရာရှစ်ဆယ့်ခုနစ်။ ရထား-နည်းတူ။ မြင်းခြောက်သောင်း ငါးထောင့်ခြောက်ရာ့တစ်ဆယ်။ ခြေသည်လက်နက်ကိုင် တစ်သိန်း ကိုးထောင့်သုံးရာ့ငါးဆယ်။ ဤစစ်အင်္ဂါလေးပါးအပေါင်းကို အက္ခောဘိဏီတပ် ဟူ၏)။

(၅၆၉) * ဓာ၊ ဓာ-ပစ္စည်းသည်။ ဝိဘာဂေ၊ ၌၎င်း။ ပကာရေ စ၊ အပြားအနက်၌၎င်း။ အာကာရေ စ၊ အခြင်းအရာအနက်၌၎င်း။ အသဃတ္တိယံပိ စ၊ အသဃတ္တိအနက်၌၎င်း။ ဝတ္တတိ၊ ဖြစ်၏။

ဧကေန ဝိဘာဂေန ဧကေဓာ၊ ဒွိဟိ ဝိဘာဂေဟိ ပကာရေဟိ အာကာရေဟိ ဝါ ဒွိဓာ၊ ဒုဓာ၊ ဒွေဓာ၊ တိဓာ၊ တေဓာ၊ စတုဓာ၊ ဗဟုဓာ၊ သဟဿဓာ။ ဤပုဒ်တို့ကား တတိယန္တနိပါတ် ပဉ္စ ဝိဓာ ပကာရာ အဿ အတ္ထီ'တိ ပဉ္စဓာ၊ ဝိဘတ်ခုနစ်ပါး, ဝုစ်နှစ်ပါးဆက်ဆံသောနိပါတ်။ သုတ္တေန ဝိဘာဂေန သုတ္တသော၊ ပဒသော၊ သဗ္ဗသော။ ပုံစံ။

**(၅၇၀) သဗ္ဗ–နာမေဟိ ပကာရ–ဝစနေ တု ထာ။** သဗ္ဗ-နာမေဟိ၊ သဗ္ဗနာမ်ပုဒ်တို့မှ။ ပရေ၊ နောက်၌။ ပကာရ-ဝစနေ၊ ပကာရ-သဒ္ဒါသည် ဟောအပ်သော အထူးအပြားအနက်၌။ ထာ တု၊ ထာ-ပစ္စည်းသည်လည်း။ ဟောတိ၊ ၏။

သော ပကာရော တထာ။ လ။ တေသု ပကာရေသု တထာ၊ သဗ္ဗထာ။ ပုံစံ။

**တု-သဒ္ဒါ တတ္ထာပစ္စည်းကို ဆည်း၏။** တထတ္တာ။ ပုံစံ။

**(၅၇၁) ကိံ'မိမေဟိ ထံ။** ကိံ'မိမေဟိ၊ ကိံ-သဒ္ဒါ, ဣမ-သဒ္ဒါတို့မှ။ ပရေ၊ နောက်၌။ ပကာရ-ဝစနေ၊ ၌။ ထံ၊ ထံ-ပစ္စည်းသည်။ ဟောတိ၊ ၏။

ကော ပကာရော။ လ။ ကေသု ပကာရေသု ကထံ။ အယံ ပကာရော။ လ။ ဣမေသု ပကာရေသု ဣတ္ထံ။ ပုံစံ။

---

ဧကေန၊ တစ်ခုသော။ ဝိဘာဂေန၊ ဝေဖန်ခြင်း, အဘို့အစုဖြင့်။ ဧကေဓာ၊ တစ်ခုသော အစုအပုံဖြင့်။ ဒွိဓာ၊ နှစ်ခုသော အဘို့အစုအပြားအခြင်းအရာတို့ဖြင့်။ အဿ၊ ထိုဝတ္ထုအား။ ပဉ္စ၊ ငါးပါးကုန်သော။ ဝိဓာ ပကာရာ၊ တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ ပဉ္စဓာ၊ ပဉ္စဓာမည်၏။ သုတ္တေန၊ သုတ်ဟူသော။ ဝိဘာဂေန၊ ဝေဖန်အပ်သော အဘို့အစုအားဖြင့်။ သုတ္တတော၊ သုတ်အဘို့အစု အားဖြင့်။ (သဗ္ဗာကာရေန) သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။

(ဥပါယသော၊ ဟေတုသော၊ ဌာနသော၊ ယောနိသော-စသည်တို့ကိုလည်း ထုတ်လေဉ်း။ သောဝါ-သုတ်၌ သုတ္တသော-ကိုကား သုတ်အားဖြင့်။ ပေး)။

(၅၇၀) သော၊ ထိုသို့သဘောရှိသော။ ပကာရော၊ အထူးအပြားတည်း။ တထာ၊ ထိုသို့သော အပြား။ တထတ္တာ၊ ထိုသို့သောအပြားသည်။ လ။ အပြားတို့၌။

(၅၇၁) ကော၊ အဘယ်သို့သော။ ပကာရော၊ အထူးအပြားနည်း။ ပ။ ကေသု၊ အဘယ်သို့ကုန်သော။ ပကာရေသု၊ အထူးအပြားတို့နည်း။ ကထံ၊ အဘယ်သို့သော အထူးအပြားတို့နည်း။ ဣတ္ထံ၊ ဤသို့သော အထူးအပြားသည်။ လ။ ဤသို့ကုန်သော အထူးအပြားတို့၌။

(၅၇၂) **ဝုဒ္ဓါ'ဒိ'ဿရဿ ဝါ အ-သံယောဂ'န္တဿ သ-ဏေ စ။** သ-ဏေ၊ ဏ-အနုဗန် ရှိသောပစ္စည်းကြောင့်။ အ-သံယောဂ'န္တဿ၊ သံယုဂ်အဆုံး၌ မရှိသော။ အာဒိ'ဿရဿ ဝါ၊ အစ သရ၏ရင်း။ အာဒိ-ဗျဉ္ဇနဿ ဝါ၊ အစဗျည်း၏ အစိတ်သရ၏ရင်း။ ဝုဒ္ဓိ၊ ဝုဒ္ဓိ-အပြုသည်။ စ၊ ချို့။ ဟောတိ၊ ၏။

အာဘိဓမ္မိကော၊ ဝေနယိကော၊ နီလေန ရတ္တော ပဋော နီလော။ ပုံစံ။

ဝါ-သဒ္ဒါ အာဒိဗျဉ္ဇန၏ အစိတ်သရကို ပေါင်းဆည်း၏။ စ-သဒ္ဒါ နိဝတ္တာပနာဝစာရဏ။

(၅၇၃) **မာ ယူနံ'မာဂမော ဌာနေ။** ဌာနေ၊ သင့်လျော်သောအကြောင်းသည်။ သတိ၊ သော်။ သ-ဏေ၊ ကြောင့်။ အ-သံယောဂန္တာနံ၊ ကုန်သော။ အာဒိ-ဘူတာနံ၊ အစဖြစ်၍ဖြစ်ကုန်သော။ ယူနံ၊ ဣ-ဥတို့၏။ ဝုဒ္ဓိ၊ ဧ-ဝုဒ္ဓိ, ဩ-ဝုဒ္ဓိပြုသည်။ မာ ဟောတိ၊ မဖြစ်။ တတြ၊ ထိုဝုဒ္ဓိအရာ၌။ အာဂမော၊ ဧ-ဝုဒ္ဓိ, ဩ-ဝုဒ္ဓိလာခြင်းသည်။ ဟောတိ၊ ၏။

ဝေယျာကရဏော၊ ဒေါဝါရိကော။ ပုံစံ။ (ဝိ + အာ + ကရဏ၊ ဒု + အာရိက၊ ပုဒ်ဖြတ်)။

(၅၇၄) **အာတ္တဉ္စ။** ဌာနေ၊ သည်။ သတိ၊ သော်။ သ-ဏေ၊ ကြောင့်။ အ-သံယောဂ'န္တာနံ၊ ကုန်သော။ ယူနံ၊ တို့၏။ အာတ္တ'ဉ္စ၊ အာ-၏ အဖြစ်သည်လည်း။ ဟောတိ၊ ၏။

* **ဌာနာဓိကာရတော အာတ္တံ၊ ဣသိ-ဏု'သဘု'ဇာ'ဒီနံ။**
**ဣသိဿေ'ဝ ရိကာရ'ဂ-မော စာ'တ္တာ'နန္တရေ ဘဝေ။** ။(ရူ ၂၂၇-အနည်းငယ်ကွဲ၏။)

ဣသိနော ဘာဝေါ အာရိသျံ၊ အာဏျံ၊ ဥသဘဿ ဣဒံ အာသဘံ ဌာနံ။ အာသဘီ ဝါစာ၊ အဇ္ဇဝံ၊ မဒ္ဒဝံ။ ပုံစံ။

**စ-သဒ္ဒါ ရိ-အာဂုံကို ဆည်း၏။**

---

(၅၇၄) * ဌာနာဓိကာရတော၊ ဌာန-သဒ္ဒါလိုက်ခြင်းကြောင့်။ ဣသိ'ဏု'သဘု'ဇာဒီနံ၊ ဣသိ, ဣဏ, ဥသဘ, ဥဇု-အစရှိကုန်သောသဒ္ဒါတို့၏ အစ ဣ, ဥ-တို့၏။ အာတ္တံ၊ အာ-၏အဖြစ်သည်။ ဘဝေ၊ ဖြစ်၏။ ဣသိဿေ'ဝ၊ ဣသိ-သဒ္ဒါ၏ အစ ဣ-၏သာလျှင်။ အာတ္တ-နန္တရေ၊ အာ-ပြုသည်၏ အခြားမဲ့၌။ ရိကာရာဂမော စ၊ စ-သဒ္ဒါဖြင့် ရိ-အက္ခရာ လာခြင်းသည်လည်း။ ဘဝေ၊ ၏။ (သက္ကတ၌ ရိ-သရ အစရှိသောသဒ္ဒါတို့ကို အာရ်-ဝုတ္တိပြုသောကြောင့် မာဂဓ၌ အာ-ပြု၍ နောက်မှာ ဒွေဘော်ပြု ရသည်မှတ်)။

အာရိသျံ၊ ရသေ့၏ဖြစ်ကြောင်း။ (ဣဏဿ ဘာဝေါ) အာဏျံ၊ ကြွေးမြီ၏ဖြစ်ကြောင်း။ ဥသဘဿ၊ နွားလားဥသဘအတူ, ရဲရင့်တော်မူသော ဘုရားရှင်၏။ ဣဒံ၊ ဥစ္စာတည်း။ အာသဘံ၊ ဥစ္စာ-ဖြစ်သော။ ဌာနံ၊ တည်ရာ စတုဝေသာရဇ္ဇဉာဏ်။ အာသဘီ၊ မကြောက်မရွံ့, ရဲဝံ့စွာဆိုအပ်သော။ ဝါစာ၊ စကား။ (ဥဇုနော ဘာဝေါ) အဇ္ဇဝံ၊ ဖြောင့်မတ်သည်၏ ဖြစ်ကြောင်း။ (မုဒုနော ဘာဝေါ) မဒ္ဒဝံ၊ နူးညံ့သည်-၏ ဖြစ်ကြောင်း။

(၅၇၅) **ကွစာ'ဒိ–မဇ္ဈ'တ္တရာနံ ဒီဃ–ရဿာ ပစ္စယေသု စ။** ပစ္စယေသု စ၊ ပစ္စည်းတို့ကြောင့်လည်း။ အာဒိ'မဇ္ဈ'တ္တရာနံ၊ အစ, အလယ်, အဆုံး-သရတို့၏။ ကွစိ၊ ၌။ ဒီဃ-ရဿာ၊ ဒီဃ-ပြု, ရဿ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ အပစ္စယေသုကို ဆည်း၏။**

* ဒီဃတ္တံ ပါကဋာ'နူပ၊ ယာတာ-ဒေါ မစုဝါ'ဒိသု။
ရဿတ္တံ အဇ္ဇဝံ ဣတ္ထိ၊ ရူပါ'ဒေါ စ က-တာ'ဒိသု။ ။ ပုံစံ။ (ရူ၊ ၂၀၃)

(၅၇၆) **တေသု ဝုဒ္ဓိ–လောပါ'ဂမ–ဝိကာရ–ဝိပရိတာ–ဒေသာ စ။** တေသု၊ ထိုအာဒိမဇ္ဈတ္တရ-တို့၌။ ဝုဒ္ဓိ-လောပါ'ဂမ-ဝိကာရ-ဝိပရိတာ'ဒေသာ စ၊ ပွားခြင်း, ကျေခြင်း, လာခြင်း, ဖောက်ပြန်ခြင်း, ဆန့်ကျင်သောဖြစ်ခြင်း, ဝဏ္ဏတစ်ပါး ပြုခြင်းတို့သည်လည်း။ ကွစိ၊ အချို့ပုံစံ၌။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ အညမညသမုစ္စည်း။**

အာဘိဓမ္မိကော၊ သုခသေယျာ၊ မာဂဓော၊ ဝုဒ္ဓိ-၃။ တာလီသံ၊ ကတ္တု-ကာမော၊ ဘိက္ခုလောပ-၃။ ဝုတ္တော၊ သသီလဝါ၊ ဝေဒလ္လံ၊ အာဂုံ-၃။ အာရိသျံ၊ ဝရာရိသျံ၊ သုခါနိ၊ ဝိကာရ-၃။ ဥဂ္ဂတော၊ သမုဂ္ဂတော၊ ဒိဂု၊ ဝိပရိတ-၃။ ယူနံ။ နျာယောဂေါ၊ သဗ္ဗ-သေယျော၊ အာဒေသ-၃။ ပုံစံ။

---

(၅၇၅) * ပါကဋာ'နူပယာတာ'ဒေါ၊ ပါကဋ, အနူပယာတ-စသည်၌ရှင်း။ မစုဝါ'ဒိသု၊ မစုဝါ မညတိ ဗာလော-စသည်တို့၌ရှင်း။ ဒီဃတ္တံ၊ အာဒိမဇ္ဈတ္တရ-ဒီဃအဖြစ်သည်။ ဟောတိ၊ ၏။ အဇ္ဇဝံ ဣတ္ထိရူပါဒေါ စ၊ အဇ္ဇဝံ ဣတ္ထိရူပံ စသည်၌ရှင်း။ က-တာ'ဒိသု၊ က-ပစ္စည်း, တာ-ပစ္စည်း စသည် နှောင်းရာတို့၌ရှင်း။ ရဿတ္တံ၊ အာဒိမဇ္ဈတ္တရ-ရဿအဖြစ်သည်။ ဟောတိ၊ ၏။ ပါကဋ၊ ထင်ရှား။ အနူပယာတ၊ မညှဉ်းဆဲ။ မစုဝါ၊ ပျားရည်ကိုကဲ့သို့။ မညတိ၊ မှတ်ထင်၏။ အဇ္ဇဝံ၊ ဖြောင့်မတ်သည်၏ အဖြစ်။ ဣတ္ထိရူပံ၊ မိန်းမ၏အဆင်း။ ဗဟု-နဒိကော၊ များသောမြစ်ရှိသော အရပ်။ သဗ္ဗညုတာ၊ ခပ်သိမ်းသော တရားကိုသိသော ဘုရား၏ဖြစ်ကြောင်းဉာဏ်။

(ပါကာရော၊ နီဝါရော၊ ပါသာဒေါ၊ ပါဠိမောက္ခော၊ ပါဋိကင်္ခီ။ (အာဒိ ဒီဃ)။ အင် မာဂမိကော၊ ဩရမ္ဘ မာဂဝိကော။ (မဇ္ဈေဒီဃ)။ ခန္တီ ပရမံ တပေါ တိတိက္ခာ။ အဥ္စနာဂိရိ၊ မျက်စဉ်းတောင်။ ကောဋရာ-ဝနံ၊ အခေါင်းရှိသော သစ်တော။ နမော ကတွာ ကတ'ဥ္စလီ (အန္တဒီဃ)။ ပဂေဝ (အာဒိရဿ)။ သုမေဓသော၊ သုဝဏ္ဏဓရာ၊ (မဇ္ဈေရဿ)။ ဘောဝါဒိ၊ ယထာဘာဝိ (အန္တရဿ) ဤသို့ စသည်ကိုလည်း ထုတ်လေ)။

(၅၇၆) ဝရာရိသျံ၊ မြတ်သော ရသေ့၏အဖြစ်။ သမုဂ္ဂတော၊ ကောင်းစွာအောက်သို့ သက်လျှောသည်။ နျာယောဂေါ၊ အမြဲအားထုတ်ခြင်း။

*　ပထမာ'နိဒ္ဒိဌာ'ဒေသော၊ ဒုတီယာယ ဝိကာရတာ။
ဝိပရီတော ဩကာရဿ၊ သညာ ပေါရာဏိကာ မတာ။　။

(ဉာဏ်အဆို သင်္ဂဟ)

(၅၇၇) **အ–ယုဝဏ္ဏာ'နဥာ'ယော ဝုဒ္ဓိ။**　အ, ယု-ဝဏ္ဏာနံ၊ အ-အက္ခရာ, ဣ-ဝဏ်, ဥ-ဝဏ်တို့၏။ အာယော ဧ၊ အစဉ်အတိုင်း အာ, ဧ, ဩ-ပြုသည်သာလျှင်။ ဝုဒ္ဓိ၊ ဝုဒ္ဓိမည်၏။

အာဘိဓမ္မိကော၊ ဝေနတေယျော၊ ဝေဏိကော၊ ဩဋ္ဌုပိကော၊ ဘောမံ။ ပုံစံ။

စ-သဒ္ဒါ နိဝတ္တာပနာဝဓာရဏ အဘိဓမ္မိကော၊ ဝိနတေယျော၊ ဝိဏိကော၊ ဥဋ္ဌုပိကော၊ ဘူမံ၊ ဘုမ္မံ-စသည်၌ ဝုဒ္ဓိကို တားမြစ်၏။

ဝုဒ္ဓိသဒ္ဒါလွန်ဖြင့် အင်္ဂမာဂဓိကော, နေဂမဇာနပဒါ- စသည်၌ ဥတ္တရပဒ-ဝုဒ္ဓိကို ပြ၏။

အ-ယုဝဏ္ဏာနံ-ဟူသော ဌာနနိယမစကားဖြင့် သဘာဝ-ဝုဒ္ဓိကို နစ်စေ၏။

♣　ယထာ ဟိ ကတဝုဒ္ဓီနံ၊ ပုန ဝုဒ္ဓိ န ဟောတိ'ဟ။
ဧဝံ သဘာဝ ဝုဒ္ဓီနံ၊ အာယောနံ ဝုဒ္ဓိ ဟောတိ န။　။ (ရှု၊ ၂၁၈။)

---

* ပထမာနိဒ္ဒိဋ္ဌော၊ ပထမာဝိဘတ်ဖြင့် ညွှန်းအပ်သော အစီအရင်ကို။ အာဒေသော၊ ဟူ၍။ မတော၊ သိအပ်၏။ ဒုတီယာယ၊ ဖြင့်။ နိဒ္ဒိဋ္ဌော၊ ကို။ ဝိကာရတာ၊ ဝိကာရဟူ၍။ မတော၊ ၏။ ဩကာရဿ၊ ၏။ ဝိပရီတော၊ ဝိပရိတ် ဥ-ကို။ ပေါရာဏိကာ၊ ရှေးအထက်က လာခဲ့သော။ သညာ၊ ဟူ၍။ မတာ၊ ၏။

(ဣဝဏ္ဏော ယံ နဝါ-စသည်ဖြင့် ကာရီ, ကာရိယတို့သည် ပထမာ, ဒုတီယာ, ဆဋ္ဌီ-ဝိဘတ်တို့ဖြင့် အထူးထူးအထွေထွေရှိသောကြောင့် ဤဥပဒေဂါထာ ညီနိုင်ဖွယ်ရာမရှိ။ ဆင်ခြင်ကြလေ။ ရှေးသုတ်, ဤသုတ်ပုံစံများလည်း သုတ်ငယ်တို့နှင့်ပြီး၍ ဤသုတ်ကြီးတို့မှာ ပဋ္ဌန္တဂတိကချည်းသာ များ၏)။

(၅၇၇) (ဘူမိယံ ဇာတံ) ဘောမံ၊ ဘူမံ၊ ဘုမ္မံ၊ မြေ၌ဖြစ်သည်။

♣ ဟိ သစ္စံ ၏။ ဣဟ၊ ဤဝိဓိအရာ၌။ ကတ ဝုဒ္ဓီနံ၊ ပြုအပ်ပြီးသော ဝုဒ္ဓိရှိကုန်သော သရတို့၏။ ပုန၊ တဖန်။ ဝုဒ္ဓိ၊ ဝုဒ္ဓိ-ပြုသည်။ န ဟောတိ ယထာ၊ ကဲ့သို့။ ဧဝံ၊ ဤအတူ။ သဘာဝ-ဝုဒ္ဓီနံ၊ ပင်ကိုယ်ဝုဒ္ဓိဖြစ်ကုန်သော။ အာ-ယောနံ၊ အာ, ဧ, ဩ-တို့၏။ ဝုဒ္ဓိ၊ ဝုဒ္ဓိ-ပြုသည်။ န ဟောတိ၊ မဖြစ်။ (မောဂ္ဂလာနော- စသည်ကို ယူ)။

## ဣတိ တဒ္ဓိတ ကပ္ပေါ် ဆဋ္ဌော။ ၆၂။

ဣတိ အယံ၊ ဤ ခြောက်ဆဲ့နှစ်သုတ်, ဝုတ္တိ, ဥဒါဟရုဏ်-အပေါင်းသည်။ ဆဋ္ဌော၊ သော။ တဒ္ဓိတ ကပ္ပေါ်၊ တဒ္ဓိတ်ကျမ်းတည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

ဤတဒ္ဓိတ် ခြောက်ဆဲ့နှစ်သုတ်တွင် သညာ၊ အဓိကာရ၊ ပရိဘာသာ၊ ဝိဓိသုတ် မည်မျှစီ။ သာမည၊ အဗျယ၊ ဘာဝတဒ္ဓိတ် သုံးပါးကိုစီရင်သောသုတ် မည်မျှစီ။ သာမညတဒ္ဓိတ် တဆဲ့လေးပါး တို့တွင်လည်း အပစ္စ၊ တရတျာဒိ၊ ရာဂါဒိ၊ ဇာတာဒိ၊ သမူဟ၊ ဌာန၊ ဥပမာ၊ နိဿိတ၊ ဗဟုလ၊ ဝိသေသ၊ အဿတ္ထိ၊ ပကတိ၊ ပူရဏ၊ သင်္ချာတဒ္ဓိတ်ကို စီရင်သောသုတ် မည်မျှစီ။ အပစ္စ၊ အနေကတ္ထ၊ သွတ္ထ၊ ဧကသေသ၊ သင်္ချာတဒ္ဓိတ် ငါးပါးကို စီရင်သောသုတ် မည်မျှစီ။ ကတ္တု၊ ကမ္မ၊ ကရဏ၊ သမ္ပဒါန၊ အပါဒါန၊ သမ္ဗန္ဓ၊ အဓိကရဏ၊ ဘာဝဝါစက တဒ္ဓိတ်ရှစ်ပါးတို့ကို စီရင်သောသုတ် မည်မျှစီ။ သုတ်စွန်းပါသောသုတ် မည်မျှစီ။ တဒ္ဓိတ်ပစ္စည်းမည်မျှစီ ရှိ၏ဟု ရေတွက်အပ်၏။ တစ်ခုတစ်ခုသော တဒ္ဓိတ်ပုဒ်ကို လိင်သုံးပါးနှင့် ဝေဖန်၍ နာမ်ဂိုဏ်း တစ်ဆယ့်သုံးပါးတို့၌ ထိုက်ရာချ၍ ပဒမာလာ စဉ်အပ်၏။ ထိုတွင် ဤဆိုလတ္တံ့သည်တို့ကား သုတ်စွန်းပါသောသုတ်ကို သိရန် ဂါထာတို့ပေတည်း။

၁။ ဏေယျော, အတောဏ်ိ, ယေနဝါ၊ တမဓီတေ, ဇာတာဒီနံ။
တဒဿဌာနံ, ဏျတ္တတာ၊ တဒဿတ္ထီတိဝီစ, စ။ ။

၂။ သတျာဒီဟိ, တပ္ပကတိ၊ သင်္ချာပူရဏ, ဝီသတိ။
အဋ္ဌာဒိတော, သရူပါနံ၊ စတူပပဒ, ဝိဘာဂေ။ ။

၃။ သဗ္ဗနာမေဟိ, ဝုဒ္ဓါဒိ၊ အာတ္တံ, ကွစာဒိမဇ္ဈေ, စ။
အယုဝဏ္ဏာန'မိစ္စေ'တံ၊ သာဓိကံ ဧကဝီသတိ။ ။

တဒ္ဓိတ်ပစ္စည်းကား-

(က) ဏ, ဏာယန, ဏာန, ဏေယျ၊ ဏိ, ဏဝ, ဏိက, ဏေရ စ။
ဏက, ဏေယျက, ဣမိ' ယ၊ ကိယ, ကဏ်, တီ'လာ'ယိတတ္တ,။

---

(၁၊ ၂၊ ၃) ဏေယျော၊ ဏေယျော ကတ္တိကာဒီဟိ-သုတ်။ အတောဏ်ိ၊ အတောဏ်ိ ဝါ-သုတ်။ ယေနဝါ၊ ယေနဝါသံသဋ္ဌံ- စသောသုတ်။ လ။ အယုဝဏ္ဏာနံ၊ အယုဝဏ္ဏာနမာယော ဝုဒ္ဓိ-သုတ်။ ဣတိ၊ သို့။ ဧက-ဝီသတိ၊ နှစ်ဆယ့်တစ်ပါးသော။ ဧတံ၊ ဤသုတ်စုသည်။ သာ'ဓိကံ၊ သုတ်စွန်းအပိုပါသော သုတ်စုတည်း။

(ခ) လာ'လု, ဏျ, တ္တ, တ္တန, တရ၊ တမိ' သိကိ'ဠ, ဝီ, သ, ဝ။
အာလ,ဣလ, သီ, ဣက, ဤ၊ ရ, ဝန္တု, မန္တု, ဣမန္တု။ ။

(ဂ) မယ, မ, ထ, ဌ, တီယ, ဋ္ဌ၊ ဍ္ဍ, တန, တ္တက, အာဝန္တု။
က, ဓာ, သော, ထာ, ထတ္တာ, ထ'န္တိ၊ စောပ္ပညာသေ-က-သတ္တတိ။ ။

ဟူသော အကျဉ်းငါးဆယ့်လေး။ ဏ, ဏိက, ဣယ-သုံးပစ္စည်း လေးထပ်စီ။ ဏေယျ, ကဏ်, တာ, ဣလ, ဏျ, တ္တန, ဤ, က- ရှစ်ပစ္စည်း နှစ်ထပ်စီဖြစ်၍ အကျယ်ခုနစ်ဆယ့်တစ်တည်း။

သရုပ်ခွဲနှင့်တကွ တဒ္ဓိတ်သုတ်နက် ပြီး၏။

✪ ✪ ✪ ✪ ✪

---

(က၊ ခ၊ ဂ)

-ဏ၊ ဏ-ပစ္စည်း။ ဏာယန၊ ဏာယန-ပစ္စည်း။ ဏာန၊ ဏာန-ပစ္စည်း။ ဏေယျ၊ ဏိ၊ ဏဝ၊ ဏိက၊ ဏေရ၊ ဏက၊ ဏေယျက။ (၁၀)။

-ဣမ၊ ဣယ၊ တိယ၊ ကိယ၊ ကဏ်၊ တာ၊ ဣလ၊ အာယိ တတ္တ၊ လ၊ အာလု၊ ဏျ။ (၂၀)။

-တ္တ၊ တ္တန၊ တရ၊ တမ၊ ဣသိက၊ ဣဋ္ဌ၊ ဝီ၊ သ၊ ဝ၊ အာလ၊ (၃၀)။

-ဣလ၊ သီ၊ ဣက၊ ဤ၊ ရ၊ ဝန္တု၊ မန္တု၊ ဣမန္တု၊ မယ၊ မ၊ (၄၀)။

-ထ၊ ဌ၊ တိယ၊ ဋ္ဌ၊ ဍ္ဍ၊ တန၊ တ္တက၊ အာဝန္တု၊ က၊ ဓာ။ (၅၀)။

-သော၊ ထာ၊ တတ္တာ၊ ထံ၊ ထံ-ပစ္စည်း။

ဣတိ၊ ဤသို့။ စောပ္ပညာသ၊ အကျဉ်းငါးဆယ့်လေး ပစ္စည်းတည်း။ ဧက-သတ္တတိ၊ အကျယ်ကား ခုနစ်ဆယ့်တစ်ပစ္စည်းတည်း။

*ဏနှင့် ဏိက၊ ဤယ- ပြ၊ သုံး၀ လေးထပ်စီ။
ဏေယျ, ကဏ်, တာ၊ ဣလာ, ဤ, က၊ ဏျ, တ္တန၊ ရှစ်၀ နှစ်ထပ်စီ။
ပိုသတ် ဒသ၊ ဖော်လတ်က၊ ဧကသတ္တတိ။

✪ ✪ ✪ ✪ ✪

# ၇- ကာရက

(၅၇၈) **ယသ္မာ'ဒပေတိ ဘယ'မာဒတ္တေ ဝါ၊ တ'ဒပါဒါနံ။** ယသ္မာ ဝါ၊ အကြင် အရပ်မှ သော်လည်း။ အပေတိ၊ ဖဲသွား၏။ ယသ္မာ ဝါ၊ အကြင်အာရမ္မဏဘေးမှသော်လည်း။ ဘယံ၊ ကြောက်ခြင်းစိတ္တုပ္ပါဒ ဘေးသည်။ ဇာယတေ၊ ဖြစ်၏။ ယသ္မာ ဝါ၊ အကြင်သူ့ထံမှသော်လည်း။ အာဒတ္တေ၊ ယူ၏။ တံ၊ ထိုဖဲရာ, ကြောက်ရာ, ယူရာကာရကသည်။ အပါဒါနံ၊ အပေစ္စ ဣတော အဒံ အာဒဒါတိ၊ ဝစနတ္ထကြောင့် အပါဒါန်မည်၏။

<u>ဂါမာ</u> အပေန္တိ မုနယော၊ စောရာ ဘယံ ဇာတံ၊
ဇိဂုစ္ဆတိ နာ-ဟိရိကော၊ ပါပါ ဂူထာ'ဝ သူကရော၊
န ဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ၊
ပါပါ ဥတ္တသတိ ဓီရော၊ အာစရိယမှာ သိက္ခံ ဂဏှာတိ သိဿော။ ပုံစံ။

၁။ **သမေ ပ'ပဂမေ ဒွိန္နံ၊ ပုဗ္ဗ-ရူပါ ယ'မစ္စုတံ။**
**ဝုစ္စတေ တ'ဒပဒါနံ၊ တံ စလာ'စလတော ဒွိဓာ။** ။ (ဘေဒစိန္တာ၊ ၇၉။)

---

(၅၇၈) <u>ဂါမာ</u>၊ ရွာမှ။ မုနယော၊ ရဟန်းတို့သည်။ အပေန္တိ၊ ဖဲခွါကုန်၏။ စောရာ၊ ခိုးသူမှ။ ဘယံ၊ ကြောက်ခြင်းသည်။ ဇာတံ၊ ၏။ သူကရော၊ ရွာဝက်သည်။ ဂူထာ ဣဝ၊ မစင်မှကဲ့သို့။ အဟိရိကော၊ အရှက်မရှိသောသူသည်။ ပါပါ၊ မကောင်းမှုမှ။ န ဇိဂုစ္ဆတိ၊ မရှက်မစက်ဆုပ်။ သလဘော၊ ပိုးပရန်သည်။ ပါဝကာ ဝိယ၊ မီးမှကဲ့သို့။ အနောတ္တပ္ပီ၊ ဩတ္တပ္ပကင်းသောသူသည်။ ပါပါ၊ မှ။ န ဘာယတိ၊ မကြောက်။ ဓီရော၊ ပညာရှိသည်။ ပါပါ၊ မှ။ ဥတ္တသတိ၊ ကြောက်လန့်၏။ သိဿော၊ သည်။ အာစရိယမှာ၊ မှ။ သိက္ခံ၊ အတတ်ပညာကို။ ဂဏှာတိ၊ ယူ၏။

၁။ ဒွိန္နံ၊ မြင်း, လူ-နှစ်ပါးစသည်တို့၏။ အပဂမေ၊ ဖဲကင်းကြခြင်းသည်။ သမေပိ၊ တူမျှသော်လည်း။ ယံ၊ အကြင်မြင်းစသည်သည်။ ပုဗ္ဗ-ရူပါ၊ ရှေးပြေးမြဲတိုင်း စသောသဘောမှ။ အစ္စုတံ၊ မရွေ့။ တံ၊ ထိုမြင်းစသည်ကို။ အပါဒါနံ၊ ဟူ၍။ ဝုစ္စတေ၊ ၏။ တံ၊ ထိုအပါဒါန်သည်။ စလာ'စလတော၊ စလအပါဒါန်, အစလအပါဒါန်အားဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။

ယထာ၊ ပုံစံကား။ အဿာ။ လ။ ဖလံ၊ ဖလံဟူသည်တည်း။ ယောဓာ၊ မြင်းစီးသူရဲသည်။ ဓာဝတာ၊ ဓာဝန္တသွာ၊ ပြေးသော။ အဿာ၊ မြင်းမှ။ ပတတေ၊ ကျရစ်၏။ ရုက္ခတော၊ သစ်ပင်မှ။ ဖလံ၊ သစ်သီးသည်။ ပတတေ၊ ကြွေကျ၏။

၂။ နိဒ္ဒိဋ္ဌဝိသယံ ဝါပိ၊ ဥပါတ္တဝိသယံ ပိ စ။
အနုမေယျဝိသယ'န္တိ၊ အပါဒါနံ တိဓာ မတံ။ ။ (ဘေဒစိန္တာ၊ ၈၁။)

၃။ ယထာ နဂရာ နိဂ္ဂတော၊ ကုသူလာ တဏ္ဍုလံ ပစေ။
မာထုရာ ပါဋလိပုတ္တေ- ဟာ'ဘိရူပတရာ-တိ စ။ ။ (ဘေဒစိန္တာ၊ ၈၂။)

---

၂။ ဝါပိ၊ တစ်နည်းလည်း။ နိဒ္ဒိဋ္ဌဝိသယံ၊ တိုက်ရိုက်ပြအပ်သော စပ်ရာကြိယာရှိသောအပါဒါန်ဇင်း။ ဥပါတ္တဝိသယံ ပိ စ၊ ဆောင်ယူအပ်သော စပ်ရာကြိယာရှိသော အပါဒါန်ဇင်း။ အနုမေယျဝိသယံ၊ မှန်းဆအပ်သော စပ်ရာကြိယာရှိသော အပါဒါန်ဇင်း။ ဣတိ၊ ဤသို့။ အပါဒါနံ၊ ကို။ တိဓာ၊ သုံးပါး အပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။

၃။ ယထာ၊ ပုံစံကား။ နဂရာ၊ မြို့မှ။ နိဂ္ဂတော၊ ထွက်ခွာ ဖဲသွား၏။ ကုသူလာ၊ ကျီမှ။ တဏ္ဍုလံ၊ ဆန်ကို။ နီဟရိတွာ၊ ထုတ်ဆောင်၍။ ပစေ၊ ချက်၏။ မာထုရာ၊ မထုရာပြည်သူတို့သည်။ ပါဋလိ ပုတ္တေဟိ၊ ပါဋလိပုတ်ပြည်သူတို့ထက်။ အဘိရူပတရာ၊ အလွန်အဆင်းလှ ထူးကုန်၏။

(ဤ၌ ပါဋလိပုတ္တေဟိ-ကို အဘိ၌ စပ်မှားတတ်သည်။ ရှေးအခါ ကျည်းကန်ကိုရင်ကြီးကို နှိပ်လိုသော သာသနာပိုင်ဆရာတော်သည် ကျည်းကန်ကိုရင်ကြီးကို ခေါ်၍ "နင်ပါတိမောက် ပြန်နိုင်မည်လား၊ နင်ဘယ်အခါ ပြန်မည်လဲ" စသည်ဖြင့် နင်တွေအထပ်ထပ်နှင့် မေးမြန်းသည်ကို မခံလို၍ "နင်ပြန်ဆိုသည့်အခါ ပြန်ပါမည်"ဟု ကိုရင်ကြီးက လျှောက်ရာတွင် "ငါ့ကို နင်ဆိုလိုသလား"ဟု မင်းဧကရာဇ်ထံ ဝင်ပြောသည်နှင့် ပင့်မေးရာ "ဆရာ့နင် မဟုတ်၊ သူ့နင်ပါ။ သာသနာပိုင်ဆရာတော် စာစပ်မတတ်၍ ဆရာ့နင် မှတ်ထင်စိတ်ဆိုးပါသည်"ဟု ကျည်းကန်ကိုရင်ကြီးက ပြန်လှဲသည်နှင့် မင်းပွဲတွင် သာသနာပိုင် အရှက်ကွဲသကဲ့သို့ မဖြစ်စေလင့်။

အဘိက္ကန္တ ရူပံ ဧတေသန္တိ အဘိရူပါ-ပြုစဉ်က တခြားပြည်သားများအား အဘိ၏အပါဒါန် ရှိလေပြီ၊ ပါဋလိပုတ္တေဟိကား-တရပစ္စည်း၏အပါဒါန်။ ထိုအဘိရူပ တစ်ပုဒ်လည်း ကြိယာမဟုတ်။ ဒဗ္ဗဝါစကတဒ္ဓိတ်နာမ်ပုဒ်ဖြစ်၍ "အဘိရူပတရဂ္ဂဟဏေန ဥက္ကံသန္တိတိကြိယာ အနုမာနိတဗ္ဗာ" ဒီပနီနှင့် အညီ လွန်တက်ခြင်းကြိယာ အဓိပ္ပါယ်စကားကျအတွင်း ဝင်လျက်ပါသောကြောင့် ထိုကြိယာကို မှန်းဆ၍ ဒဗ္ဗဝါစကပုဒ်မှာပင် စပ်ရသည်။ အချို့ဆရာတို့ကား ကြိယာရှိကောင်းပါ၏ဟု ရမ်းဆ၍ စပ်ရသည် ဟူကုန်၏။ အချို့တို့လည်း ဥတုရေမြေ အစာအာဟာရ အပြင်အဆင်လွန်သည်ကို သိရသည်ဟူကုန်၏။ ဖလာနုမာနနည်းသာတည်း။ ကြိယာတိုက်ရိုက်ရှိရာ၌ပင် ထိုနည်းရကောင်းသည်ပင်။

(၅၇၉) **ဓာတု–နာမာန'မုပသဂ္ဂ ယောဂါ'ဒီသွ'ပိ စ။** ဓာတုနာမာနံ၊ အပါဒါန်ကို ငဲ့ကုန်သော အာချာတ်နာမ်တို့၏။ ယောဂေ၊ ယှဉ်ရာပုဒ်၌ရင်း။ ဥပသဂ္ဂ'ယောဂါ'ဒီသွ'ပိ စ၊ ဥပသာရ၏ ယှဉ်ရာပုဒ်အစရှိသည်တို့၌ရင်း။ ယံ၊ အကြင်ကာရကသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကာရက သည်။ အပါဒါနံ၊ မည်၏။

**အာဒိသဒ္ဒါဖြင့်** နိပါတ်ယှဉ်ရာပုဒ်ကို၊ **အပိ-သဒ္ဒါဖြင့်** ကာရကမဖွဲ့ပုဒ်ကို၊ **စ-သဒ္ဒါဖြင့်** ဘယ်ဟာ တစ်စုံတစ်ခုနှင့်မယှဉ်ဘဲ သင့်ရာပုဒ်ကို အပါဒါန်မှည့်ရ၏။

ဗုဒ္ဓသ္မာ ပရာဇေန္တိ အညႉ-တိတ္ထိယာ၊ ဟိမဝတာ ပဘဝန္တိ ပဉ္စ မဟာ-နဒိယော၊ အနောတတ္တာ မဟာသရာ။ (ဓာတ်ယှဉ်)။ ဥရသ္မာ ဇာတော၊ သရမှာ ပရော၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။ (နာမ်ယှဉ်)။ အပ သာလာယ အာယန္တိ၊ အာပဗ္ဗတာ ခေတ္တံ၊ အာဗြဟ္မလောကာ သဒ္ဒေါ၊ ပရိပဗ္ဗတာ ဒေဝေါ ဝဿတိ၊ ဗုဒ္ဓသ္မာ ပတိ ဒေသေတိ၊ ယတ'မဿ တေလသ္မာ ပတိ ဒဒါတိ။ (ဥပသဂ္ဂယှဉ်)။

---

ဤသုတ်၌ထုတ်သော ဘယယောဂအပါဒါန်ကို သဒ္ဒနီတိကား မနှစ်သက်။ န တံ ဘာယာမိ အာဝုသော၊ ဘီတော စတုန္နံ အာသီဝိသာနံ ယောရဝိသာနံ နာဂါနံ- ဟု ဒုတိယာ, ဆဋ္ဌီကံသာ ရှိသည်ဟုဆို၏။ ဘီဓာတ်နှင့် သဘောတူသော တသဓာတ်, လဇ္ဇဓာတ်, ဟရေဓာတ်- စသည်တို့ ၌ ကံ, အပါဒါန်, နှစ်မျိုးကိုပင် အဋ္ဌကထာဋီကာ ရှင်တို့ အသုံးပြုကြသောကြောင့်ရင်း။ ငြီးငွေ့ရက်နိုး ကြောက်ရွံ့ခြင်းဟူသည် နောက်သို့ဆုတ်နစ် ဖဲကြဉ်ခြင်း သဘောဖြစ်သောကြောင့်ရင်း ဘီရုတာ-ယောဂ၌ ကံ, အပါဒါန်, နှစ်ပါးပင် အသင့်ဟုမှတ်)။

(၅၇၉) (ကစ္စည်းကျမ်း၌၊ အာဒိဖြင့် ကာရကမဖွဲ့ကို။ အပိဖြင့် နိပါတပယောဂကိုယူ၏။ ရူပသိဒ္ဓိယူပုံ ဟန်ရသည်)။

အညႉ-တိတ္ထိယာ၊ တစ်ပါးသောတိတ္ထိတို့သည်။ ဗုဒ္ဓသ္မာ၊ ဘုရားမှ။ ပရာဇေန္တိ၊ ရှုံးကုန်၏။ ဟိမဝတာ၊ ဟိမဝန္တာတောင်မှ။ ပဉ္စ၊ ငါးစင်းကုန်သော။ မဟာ-နဒိယော၊ တို့သည်။ ပဘဝန္တိ၊ စ၍ ဖြစ်ကုန် စီးဆင်းကုန်၏။ အနောတတ္တာ၊ အနဝတတ်အိုင်မှ။ မဟာ-သရာ၊ အာဝဋ္ဋဂင်္ဂါ-စသောမြစ်ကြီး တို့သည်။ ပဘဝန္တိ ကုန်၏။ ဥရသ္မာ၊ ရင်မှ။ ဇာတော၊ ဖြစ်သောသား။ သရမှာ၊ သရမှ။ ပရော၊ နောက်။ ဒုက္ခာ၊ မှ။ အညံ၊ တစ်ပါးသောတရားသည်။ န နိရုဇ္ဈတိ၊ ချုပ်သည်မရှိ။ သာလာယ၊ စရပ်ကို။ အပ၊ မကပ်မဝင်ဖဲကြဉ်၍။ (သဒ္ဒအပါဒါန်)။ သာလာယ၊ မှ။ အပ၊ ထွက်ခွာဖဲခဲ့၍။ (သဒ္ဒတ္ထ အပါဒါန်)။ အာယန္တိ၊ လာကုန်၏။ အာပဗ္ဗတာ၊ တောင်တိုင်အောင်။ ဣတော ပက္ခသ္မာ ကောသာ ဝါ မိဂံ ဝိဇ္ဈတိ၊ အဇ္ဇ က္ကမ ဝါ ဝိဇ္ဈိတွာ ပက္ခသ္မာ ကောသာ ဝါ ဝိဇ္ဈတိ။ ခေတ္တံ၊ လယ်တောသည်။ တိဋ္ဌတိ၊ ၏။ (မရိယာဒအဝဓိ)။ အာဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။ (အဘိဝိဓိအဝဓိ)။ ပဗ္ဗတာ၊ မှ။ ပရိ၊ ထက်ဝန်းကျင်။ ဒေဝေါ၊ မိုးသည်။ ဝဿတိ၊ ရွာ၏။ (ဥပရိပဗ္ဗတာ၊ ဟု-ပါဌ်ရှိသို့ လိုက်၍ ပဗ္ဗတာ၊ ၏။ ဥပရိ၊ အထက်၌- ဟု ပေးမူ၊ နိပါတယောဂသဒ္ဒအပါဒါန်)။ ဗုဒ္ဓသ္မာ၊ မှ။ ဝါ၊ ၏။ ပတိ၊ ကိုယ်တော်စားပြု၍။ ဒေသေတိ၊

ရိတေ သဒ္ဓမ္မာ။ ဝိနာ သဒ္ဓမ္မာ, သဒ္ဓမ္မံ, သဒ္ဓမ္မေန ကုတော သုခံ လဘတိ၊ အညတြ သုပိနန္တာ, သုပိနန္တံ, သုပိနန္တေန၊ နာ'ညတြ ဒုက္ခာ, ဒုက္ခံ, ဒုက္ခေန သမ္ဘောတိ၊ နာနာ ကုလာ ပဗ္ဗဇိတာ၊ ယာဝ ဗြဟ္မလောကာ၊ အရိယေဟိ ပုထဂေ-ဝါယံ ဇနော'တိ ပုထုဇ္ဇနော၊ ယတော ပဘုတိ၊ တတော ပဋ္ဌာယ၊ (နိပါတ်ယှဉ်)။

❀ ရိတေနှင့်ယှဉ်၊ ဝိနာ'ညတြ၊ ယှဉ်လတ်က၊ ဒု, တ, ပဉ္စမီ-သက်။

❀ ကံ'ပါဒါန်လယ်၊ ကြိယာလယ်ဟု၊ နှစ်သွယ်ကာလ၊ ဒေသဒ္ဓ၊ ကာရကမဇ္ဈခေါ်။

နိဒ္ဒေသဉ္ဇကား -

(က) ကတ္တုနံ ကတ္တု-ကမ္မာနံ၊ ကမ္မာ'ပါဒါန-သတ္တိနံ။
ကမ္မော'ကာသ-ကြိယာနဉ္စ၊ ကာလ-ဒ္ဓါ ဒီပိတာ မဇ္ဈေ။ ॥

ဟု ကာရကမဇ္ဈများ၏။

---

တရားဟော၏။ အဿ၊ ထိုဆီကိုချေးငှားဘူးသော မြီကြွေးရှင်အား။ တေလသ္မာ၊ မှ။ ဝါ၊ ၏။ ပတိ၊ အစားပြု၍။ ယတံ၊ ထောပတ်ကို။ ဒဒါတိ၊ ၏။ သဒ္ဓမ္မာ၊ သူတော်ကောင်းတရားမှ။ သဒ္ဓမ္မံ၊ မှ။ ဝါ၊ ကို။ သဒ္ဓမ္မေန၊ မှ။ ဝါ၊ နှင့်။ ရိတေ၊ ကင်း၍။ ကြဉ်၍။ ဝိနာ၊ ကင်း၍၊ ကြဉ်၍။ ကုတော၊ အဘယ်မှ။ သုခံ၊ ကို။ လဘတိ၊ ရနိုင်အံ့နည်း။ သုပိနန္တာ၊ မှ။ သုပိနန္တံ၊ မှ။ကို။ သုပိနန္တေန၊ မှ။ နှင့်။ အညတြ၊ ကင်း၍၊ ကြဉ်၍။ ဒုက္ခာ၊ မှ။ ဒုက္ခံ၊ မှ။ ကို။ ဒုက္ခေန၊ မှ။ နှင့်။ အညတြ၊ ၍။ နသမ္ဘောတိ၊ ဖြစ်သည်မရှိ။ ကုလာ၊ အမျိုးကောင်းမှ။ နာနာ၊ ခွဲခွဲ၍။ ပဗ္ဗဇိတာ၊ ရဟန်းဖြစ်ကုန်၏။ ယာဝ ဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ သည်။ အဗ္ဘုဂ္ဂတော၊ ၏။ အယံ ဇနော၊ ကိလေသာ ပြောထူ ဤသူများသည်။ အရိယေဟိ၊ သူတော်ကောင်းတို့မှ။ ပုထဂေဝ၊ အသီးအခြားသာလျှင်တည်း။ ဣတိ၊ ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။ ယတော၊ အကြင်အခါမှ။ ပဘုတိ၊ စ၍။ တတော၊ မှ။ ပဋ္ဌာယ၊ ၍။

ဣတော၊ ဤနေ့မှ၊ ဤအရပ်မှ။ ပက္ခသ္မာ၊ တစ်ဆယ့်ငါးရက်မှ။ ဝါ၊ တစ်နည်း။ ကောသာ၊ ငါးရာတွင်းမှ။ မိဂံ၊ ကို။ ဝိဇ္ဈတိ၊ ပစ်ဖောက်၏။ အဇ္ဇ၊ ယနေ့၌။ ဝါ၊ တစ်နည်း။ ဣဓ၊ ဤအရပ်၌။ ဝိဇ္ဈိတွာ၊ ပစ်ဖောက်ပြီး၍။ ပက္ခသ္မာ၊ မှ။ ဝါ၊ တစ်နည်း။ ကောသာ၊ မှ။ ဝိဇ္ဈတိ၊ ၏။

(က) ကတ္တုနံ၊ ကတ္တားနှစ်ခုတို့၏ရင်း။ ကတ္တု-ကမ္မာနံ၊ ကတ္တား, ကံ နှစ်ခုတို့၏ရင်း။ ကမ္မာ'ပါဒါနံ သတ္တိနံ၊ ကမ္မသတ္တိ, အပါဒါနသတ္တိ, နှစ်ခုတို့၏ရင်း။ ကမ္မော'ကာသ-ကြိယာနဉ္စ၊ ကံ-ဩကာသ- နှစ်ခု, ကြိယာနှစ်ခုတို့၏ရင်း။ မဇ္ဈေ၊ အလယ်ဖြစ်ကုန်သော။ ကာလဒ္ဓါ၊ ကာလအခွန့်, ခရီးအခွန့်တို့ကို။ မဇ္ဈေ၊ ကာရကမဇ္ဈတို့ဟူ၍။ ဒီပိတာ၊ ပြအပ်ကုန်၏။

ယတော’ဟံ ဘဂိနိ အရိယာယ ဇာတိယာ <u>ဇာတော</u>။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တော’သ္မိ ဝိညုတံ ယတ္ထာ’မိ ကရဏမေ’နံ အဘိဇ္ဈာ-ဒေါမနဿာ ပါပကာ အ-ကုသလာ ဓမ္မာ အန္ဝာ’ဿဝေယျုံ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ (ယှဉ်ရာမရှိသော အပါဒါန်၏ပုံစံ)။

(၅၈၀) **ရက္ခဏ’တ္ထာန’မိစ္ဆိတံ**။ ရက္ခဏ’တ္ထာနံ၊ စောင့်ရှောက်ခြင်းအနက်ရှိကုန်သော ဓာတ်တို့၏။ ပယောဂေ၊ ယှဉ်ရာ၌။ ဝါ၊ ရက္ခဏ’တ္ထာနံ၊ စောင့်ရှောက်အပ်သောအနက်တို့တွင်။ ဣစ္ဆိတဥ္စ၊ အလိုရှိအပ်သော အနက်သည်လည်း။ အပါဒါနံ၊ မည်၏။

ကာကေ ဝါရေန္တိ မဏ္ဍမှာ၊ ယဝံ ပဋိသေဓေန္တိ ဂါဝေါ။ ပုံစံ။

**လိုက်သော စ-သဒ္ဒါ အနိစ္ဆိတကို ဆည်း၏။**

ပါပါ စိတ္တံ နိဝါရယေ၊ ရာဇတော ဝါ စောရတော ဝါ အာရက္ခံ ဂဏှန္တု။ ပုံစံ။

(၅၈၁) **ယေန ဝါ အ–ဒဿနံ**။ ယေန၊ အကြင်မြင်တတ်သသူသည်။ ဝါ၊ ၏။ အ-ဒဿနံ၊ မမြင်ခြင်းကို။ ဣစ္ဆတိ၊ သည်။ ဣစ္ဆိတံ၊ ၏။ တံ၊ ထိုမြင်တတ်သသူသည်။ ဝါ၊ ချို့။ အပါဒါနံ၊ မည်၏။

ဥပဇ္ဈာယမှာ အန္တရဓာယတိ သိဿော။ ပုံစံ။

---

(အဇ္ဇ ဣမ ဝါ ဝိဇ္ဈိတွာ မိဂံ လုဒ္ဒကော ပက္ခမ္ဘာ ကောဿာ ဝါ လုဒ္ဒကော မိဂံ ဝိဇ္ဈတိ။ စသည်ဖြင့် ဂါထာကိုရှု၍ ပုံစံထုတ်လေ။ မယံပိ ယတ္ထ ဂန္တာန၊ ပဿိဿာမ မယံ ဇိနံ၊ ဟု ဗုဒ္ဓဝင် ပါဠိတော်ရှိသည်ဖြစ်၍ ကတ္တား, ကံ စသည်ထပ်သော်လည်း အပြစ်မဆိုအပ်ပေ)။

ဘဂိနိ၊ နှမ။ အဟံ၊ သည်။ ယတော၊ အကြင်အခါမှ။ အရိယာယ၊ သူတော်သဘောမြဲသော။ ဇာတိယာ၊ ဇာတ်အားဖြင့်။ <u>ဇာတော</u>၊ ဖြစ်၏။ ယတော၊ မှ။ အတ္တာနံ၊ ကို။ သရာမိ၊ သတိရ၏။ ယတော၊ မှ။ ဝိညုတံ၊ သိကြားလိမ်မာသော အဖြစ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ ယတောအဓိကရဏံ၊ အကြင်မလုံခြုံသည့် စက္ခုန္ဒြေဟူသော အကြောင်းကြောင့်။ ဧနံ၊ ထိုသူယုတ်ကို။ အဘိဇ္ဈာ-ဒေါမနဿာ၊ လောဘ, ဒေါသ-ဟုဆိုအပ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ တို့သည်။ အနုအာဿဝေယျုံ၊ အဖန်တလဲလဲ အစဉ်ညှဉ်းဆဲနှိပ်စက်ကုန်ရာ၏။ တဿ၊ ထိုစက္ခုဣန္ဒြေကို။ သံဝရာယ၊ စောင့်စည်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။

(ယှဉ်ရာမရှိသော်လည်း၊ ဝိဇ္ဈတိ၊ ဇာတော စ-စသည်၌ စပ်ရသည်ပင်။ ထိုပုဒ်တို့ကြောင့် ဖြစ်သည် မဟုတ်၍သာ ယှဉ်ရာပုဒ်မရှိဆိုသည်။ အချို့သောနာမ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ် တို့နှင့်စပ်ရာ ၌လည်း ကြိယာတိုက်ရိုက်မရ၊ ထုတ်၍မရသောကြောင့် အနုမေယျဝိသယအပါဒါန်ဟူ၍ မှတ်လေကုန်။

နိပါတပယောဂ၌ ရဟိတာ မာတုဇာ ပုညံ ကတွာ ဒါနံ ဒေတိ၊ မာတုဇံ၊ မာတုဇေန ဝါ။ ဟု-ကစ္စည်းမှာရှိ၏။ ရဟိတာလည်း နိပါတ်မဟုတ်။ ပုညံ ကတွာ ဒါနံ ဒေတိ-လည်း အနက်မရဖြစ်၍ နောက်ထည့်ဖြစ်ရာ၏။ ဖျက်လေ)။

ဝါ-သဒ္ဒါ ဝိကပ်၊ တန်ခိုးဖြင့် ကွယ်ရာ၌မြစ်၏။

ဇေတဝနေ အန္တရဟိတော ဘဂဝါ၊ ယက္ခော တတ္ထေ'ဝ'န္တရဓာယိ။ ပုံစံ။

(၅၈၂) **ဒူရ'န္တိ က'ဒ္ဓ–ကာလ–နိမာန–တွာ, လောပ–ဒိသာ, ယောဂ'ဝိဘတ္တာ' ရပ္ပယောဂ–သုဒ္ဓ'ပ္ပမောစန–ဟေတု–ဝိဝိတ္တ'ပ္ပမာဏ ပုဗ္ဗ, ယောဂ–ဗန္ဓန–ဂုဏ, ဝစန– ပဉ္စ, ကထန–ထောကာ–ကတ္တုသု စ။** ဒူရ'န္တိကဒ္ဓ။ လ။ ထောကာ'ကတ္တုသုစ၊ ဒူရ-သဒ္ဒါ၊ ဒူရ-အနက်ရှိသောသဒ္ဒါတို့၏ယှဉ်ရာ၊ ဒူရ-အနက်၊ အန္တိက-သဒ္ဒါ, အန္တိက-အနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၊ အဓွန့် ကာလတို့ကို နှိုင်းယှဉ်ရာ၊ တွာပစ္စယန္တကျေသောကံ, အာဓာရအရာ၊ ဒိသာ-အနက်, ဒိသာ-အနက်ရှိသော သဒ္ဒါ၏ယှဉ်ရာ၊ ဝေဘန်ခြင်းအနက်, ရှောင်ကြဉ်ခြင်း အာရတိ-အနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၊ စင်ကြယ်ခြင်း, လွတ်ခြင်းအနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၊ ဟိတ်, အနက်, ကင်းဆိတ်ခြင်းအနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၊ နှိုင်းယှဉ်ခြင်းအနက်, ပုဗ္ဗ-စသောသဒ္ဒါ၏ယှဉ်ရာ၊ နှောင်ဖွဲ့ခြင်းအနက်ရှိသော သဒ္ဒါ၏ယှဉ်ရာ၊ ကျေးဇူးကို ဆိုခြင်း, မေးခြင်း, ဖြေခြင်းအနက်၊ အနည်းငယ်ဟူသောအနက်၊ ကာရကဟိတ်မဟုတ်သော ဉာပကဟိတ် အနက်တို့၌လည်း။ ယံ အတ္တဇာတံ၊ အကြင်အပါဒါန်, ဟိတ်, ကံ အစရှိသော အနက်သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ။ ထိုအနက်သဘောသည်။ အပါဒါနံ၊ မည်၏။

စ-သဒ္ဒါအပါဒါန်ထိုက်သော ကျန်ပြယုဂ်တို့ကို။ တစ်နည်း။ ဒုတိယာ, တတိယာ, ဆဋ္ဌီ ဝိဘတ်သက်သော ဝိဓိတို့ကို ဆည်း၏။

ဂါမတော, ဂါမံ, ဂါမဿ ဒူရော၊ အာရကာ။ ဒူရတော, ဒူရံ, ဒူရေန ဂါမေန အာဂတော။ ဂါမတော, ဂါမံ, ဂါမေန အန္တိကံ၊ အာသန္နံ၊ သမီပံ။ မထုရာယ စတူသု ယောဇနေသု သင်္ကဿံ၊ ဧကေနဝုတိ'တော ကပ္ပေ၊ ဝိပဿီ ဘဂဝါ အဟု၊ ပါသာဒါ သင်္ကမေယျ၊ ပါသာဒံ အဘိရူဟိတွာ ဝါ၊ အဋ္ဌဟိ သရေဟိ သေသာ၊ အဋ္ဌသရေ ထပေတွာ ဝါ၊ အာသနာ ဝုဋ္ဌာတိ၊ အာသနေ နိသီဒိတွာ ဝါ၊ ယတော ခေမံ၊ တတော ဘယံ၊ ပုရတ္ထိမတော အဂ္ဂိ ပဇ္ဇလန္တိ။ ဣတော သာ ပုရိမာ ဒိသာ။

---

(၅၈၂) ဂါမတော၊ ရွာမှ။ ဂါမံ၊ မှ။ ဂါမဿ၊ မှ။ ဒူရော၊ ဝေး၏။ အာရကာ၊ ဝေး၏။ ဒူရတော၊ ဒူရံ၊ ဒူရေန၊ ဝေးသော။ ဂါမေန၊ မှ။ အာဂတော၊ လာခဲ့၏။ ဂါမတော၊ ဂါမံ၊ ဂါမေန၊ မှ။ နှင့်။ အန္တိကံ၊ အာသန္နံ၊ သမီပံ၊ နီး၏။ မထုရာယ၊ မှ။ စတူသု ယောဇနေသု၊ လေးယူဇနာတို့၌။ သင်္ကဿံ၊ သင်္ကဿပြည်သည်။ တိဋ္ဌတိ၊ ၏။ ဣတော၊ ဤဘဒ္ဒကပ်မှ။ ဧကနဝုတိ ကပ္ပေ၊ ကိုးဆယ့် တစ်ကမ္ဘာထက်၌။ ဝိပဿီ ဘဂဝါ၊ သည်။ အဟု၊ ဖြစ်ထွန်းပွင့်လင်းတော်မူပြီ။ ပါသာဒါ၊ ပြာသာဒ်မှ။ သင်္ကမေယျ၊ ပြောင်းရွှေ့ရာ၏။ ဝါ၊ ပါသာဒံ၊ သို့။ အဘိရူဟေတွာ၊ တက်ပြီး၍။ သင်္ကမေယျ၊ ၏။ ယတော၊ အကြင်အရပ်မှ။ ခေမံ၊ ဘေးကင်းမရှိ။ တတော၊ မှ။ ဘယံ၊ ယခုဘေးဖြစ်လာ၏။ ပုရတ္ထိမတော၊ မှ။ ၌။ အဂ္ဂိ၊ တို့သည်။ ပဇ္ဇလန္တိ၊ ထွန်းလင်းကုန်၏။ သာ၊ ထိုအရပ်သည်။ ဣတော၊ ဤ နေရာမှ။ ပုရိမာ ဒိသာ၊ အရှေ့အရပ်တည်း။ ပါဒတလာ၊ ခြေဖဝါးအပြင်မှ။

ဥဒ္ဒံ ပါဒတလာ အဓော ကေသ-မတ္ထကာ၊ သီလ'မေဝ သုတာ သေယျော၊ ဆန္ဒဝုတီနံ ပါသဏ္ဍာနံ ပဝရံ ယဒိဒံ သုဂတ-ဝိနယော၊ အာရတိ ဝိရတိ ပါပါ၊ မဇ္ဇ-ပါနာ စ သံယမော၊ ပါဏာတိပါတာ ဝေရမဏီ၊ လောဘနိယေဟိ ဓမ္မေဟိ သုဒ္ဓေါ၊ မာတိတောစ ပိတိတော စ သုဒ္ဓေါ အ-သံသဋ္ဌော အနုပက္ကုဋ္ဌော အ-ဂရဟိတော၊ မုတ္တော'ဟံ-သဗ္ဗ-ပါသေဟိ၊ န တေ မုစ္စန္တိ မစ္စုနာ၊ ကသ္မာ နု တုမှံ ဒဟရာ န မီယရေ၊ တသ္မာတိ'ဟ ဘိက္ခဝေ၊ ကိံ ကာရဏာ၊ ကေန ဟေတုနာ၊ တံ ကိဿ ဟေတု၊ ကိဿ တုမှေ ကိလမထ၊

---

ဥဒ္ဒံ၊ အထက်ဆံဖျား တိုင်အောင်။ ကေသ-မတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ခြေဖဝါး တိုင်အောင်။ သီလမေဝ၊ သည်သာလျှင်။ သုတာ၊ အကြားအမြင် ပညာထက်။ သေယျော၊ ချီးမွမ်းအပ် ကောင်းမြတ်၏။ ယဒိဒံ၊ ယံ ဣဒံ၊ ယော အယံ သုဂတဝိနယော၊ အကြင်ဘုရား၏ ဝိနည်းတရားတော်သည်။ အတ္ထိ၊ ရှိ၏။ သော သုဂတ-ဝိနယော၊ သည်။ ဆန္ဒဝုတီနံ၊ ကိုးဆယ့်ခြောက်ပါးကုန်သော။ ပါသဏ္ဍာနံ၊ တဏှာဒိဋ္ဌိ ကျော့ကွင်းကို ထောင်တတ်ကုန်သော မိစ္ဆာဝါဒတရားတို့ထက်။ ပဝရံ-ပဝရော၊ အလွန် မြတ်၏။

(တဏှာဒိဋ္ဌိပါသံ ဍေန္တိ ဩဍေန္တီ'တိ ပါသဏ္ဍာ။ သီလက္ခန်လာ ဒွါသဋ္ဌိ ဒိဋ္ဌိ၌၊ ကုဋီသက ဝါဒ, စသော စတုတ္ထ် သလဒ္ဓိကိုထည့်၍ ဆန္ဒဝုတိ, ဖြစ်၏။ အဘိဓာန်ဋီကာ။ ပါတိ ရက္ခတီ'တိ ပါ၊ ဝေဒဓမ္မော။ တံ သဏ္ဍယတိ နိပ္ဖလံ ကရောတီ'တိ ပါသဏ္ဍော။ ပါခဏ္ဍောတိပိ ပါဌော။

> **ပါလနတ္တာ တယော ဓမ္မာ၊ ပါ-သဒ္ဒေန နိဂဇ္ဇရေ။**
> **သဏ္ဍယန္တိ တု တံ ယသ္မာ၊ ပါသဏ္ဍော တေန ကိတ္တိတော။ ။**

ဣတျူတ္တော္တဝေဒါစာရစ္စာဂိနိ။ **သက္ကတအဆို။**

ပါပါ၊ မကောင်းမှုမှ။ အာရတိ၊ စိတ်ဖြင့်ကြဉ်ရှောင်ခြင်း။ ဝိရတိ၊ ကိုယ်နှုတ်ဖြင့်ကြဉ်ရှောင်ခြင်း။ မဇ္ဇ'ပါနာ၊ ယစ်မျိုးကိုသောက်ခြင်းမှ။ သံယမော၊ စောင့်စည်းကြဉ်ဖဲခြင်း။ ပါဏာတိပါတာ၊ သတ္တဝါ၏ အသက်ကို, သေရက်မရောက်ခင်, လျင်စွာကျစေခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ကြောင်းသိက္ခာပုဒ်။ လောဘနိယေတိ၊ တပ်မက်ဖွယ်ကုန်သော။ ဓမ္မေဟိ၊ တို့မှ။ သုဒ္ဓေါ၊ ၏။ မာတိတော စ၊ မိမျိုးအားဖြင့် ၎င်း။ ပိတိတော စ၊ ဘမျိုးအားဖြင့်၎င်း။ သုဒ္ဓေါ၊ ၏။ အ-သံသဋ္ဌော၊ အမျိုးယုတ်တစ်ပါးနှင့် မရောယှက်။ အနုပက္ကုဋ္ဌော၊ မဆဲရေးအပ်။ အ-ဂရဟိတော၊ မကဲ့ရဲ့အပ်။ အဟံ၊ ငါဘုရားသည်။ သဗ္ဗပါသေဟိ၊ အလုံးစုံသောကျော့ကွင်းတို့မှ။ မုတ္တော၊ ပြီ။ တေ၊ ထိုသူတို့သည်။ မစ္စုနာ၊ သေခြင်းမှ။ န-မုစ္စန္တိ၊ မလွတ်ကုန်သေး။ ကသ္မာ၊ ကြောင့်။ တုမှံ၊ သင်တို့၏။ ကုလေ၊ ဓမ္မပါလမျိုး၌။ ဒဟရာ၊ တစ်ရာ့နှစ်ဆယ် မပြည့်သေးသော သူငယ်တို့သည်။ န-မီယရေ နု၊ မသေကုန်သနည်း။ ဘိက္ခဝေ၊ တို့၊ တသ္မာ၊ ကြောင့်။ ဣဟ၊ ဤသာသနာ၌။ ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်နည်း။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း။ တုမှေ၊ တို့သည်။ ကိဿ၊ အဘယ်ကြောင့်။ ကိလမထ၊ ပင်ပန်းကြကုန်သနည်း။

ဝိဝိတ္တော ပါပကာ ဓမ္မာ၊ ဝိဝိစ္စေ'ဝ ကာမေဟိ၊ ဒီယသော နဝ-ဝိဒိတ္တိယော၊ ဒီယေန ဝါ၊ ပုဗ္ဗေ'ဝ သမ္ဗောဓာ၊ တတော ပရံ ပစ္စန္တိမာ ဇနပဒါ။ တတော စေ ဥတ္တရိ သာဒယေယျ၊ သတသ္မာ ဗန္ဓော၊ သတေန ဝါ၊ က္လသရိယာ ဇန် ရက္ခတိ ရာဇာ၊ က္လသရိယေန ဝါ၊ သီလတော နံ ပသံသန္တိ သီလေနဝါ၊ ပုညာယ သုဂတိံ ယန္တိ၊ ကုတော'သိ တွံ၊ ပါဋလိပုတ္တတော၊ အဘိဓမ္မာ ပုစ္ဆန္တိ၊ အဘိဓမ္မံ သုတွာ ဝါ၊ အဘိဓမ္မာ ကထယန္တိ၊ အဘိဓမ္မေ ဌတွာ ဝါ၊ ထောကာ အပ္ပ-မတ္တကာ ကိစ္ဆာ မုစ္စတိ၊ ကိစ္ဆေန ဝါ၊ ကမ္မသ္မာ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ၊ န တာဝိ'ဒံ နာမ-ရူပံ အ-ဟေတုကံ၊ သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသ'ဥ္စ ဧကေသဒိသ-ဘာဝါ'ပတ္တိတော၊ ဟုတွာ အ-ဘာဝတော အနိစ္စံ၊ ဥဒယ'ဗ္ဗယ-ပီဠနာ ဒုက္ခံ၊ အ'ဝသ-ဝတ္တိတ္တာ အနတ္တာ။ ပုံစံ။

---

ဒီယသော၊ အလျားမှ။ ဝါ၊ အားဖြင့်။ နဝဝိဒတ္ထိယော၊ ကိုးထွာတို့တည်း။ ဝါ၊ ဒီယေန၊ မှ။ ဖြင့်။ နဝဝိဒတ္ထိယော၊ တို့တည်း။ သမ္ဗောဓာ၊ ဘုရားဖြစ်သည်မှ။ ပုဗ္ဗေ'ဝ၊ ရှေး၌ပင်လျှင်။ တတော၊ ထိုရှေ့ဂဇင်္ဂလာ၊ **ထောင့်သလ္လာတည်း၊ တောင်မှာသေတ၊ ကဏ္ဏိကတ-နိ၊ ပစ္ဆိ-ထုန၊ ဥတ္တရ၌၊ သုသိရဒ္ဓဇ၊ ငါးဝမှတ်ပိုက်၊ မရွှေတိုက်မှ။** ပရံ၊ ပြင်ပသည်။ ပစ္စန္တိမာ၊ အစွန်းအနားဖြစ်ကုန်သော။ ဇနပဒါ၊ တို့တည်း။ တတော၊ ထိုထက်။ ဥတ္တရိ၊ အလွန်။ စေ သာဒယေယျ၊ အကယ်၍သာယာငြားအံ့။ သတသ္မာ၊ တစ်ရာသော မြီကြောင့်။ ဝါ၊ သတေန၊ ကြောင့်။ ဗန္ဓော၊ နှောင်ဖွဲ့အပ်၏။ က္လသရိယာ၊ အစိုးရခြင်းကြောင့်။ ဝါ၊ က္လသရိယေန၊ ကြောင့်။ ရာဇာ၊ သည်။ ဇနံ၊ တိုင်းသားပြည်သူကို။ ရက္ခတိ၊ ၏။

(ပုညာယကား လိင်္ဂဝိပလ္လာသ။ စာဂါယ ဝိပုလံ ဓနံ၊ လည်းနည်းတူ)။

တွံ၊ သင်သည်။ ကုတော၊ ဘယ်အရပ်က။ အသိ၊ ဖြစ်သနည်း။ ပါဋလိပုတ္တတော၊ မှ။ အမှိ၊ ၏။

(အာဂစ္ဆသိ, အာဂစ္ဆာမိ ဆိုလျှင် ယသ္မာဒပေတိ, သုတ်နှင့်ပြီးသည်ဟူ၏)။

ထောကာ၊ အပ္ပမတ္တကာ၊ အနည်းငယ်ဖြင့်။ ကိစ္ဆာ၊ ကိစ္ဆေန၊ ငြိုငြင်ပင်ပန်းခြင်းဖြင့်။ မုစ္စတိ၊ အကျဉ်းမှ လွတ်၏။

(အ'ဒဗ္ဗသ္မ ဝစနေ ကရဏ-ဘူတေ အပါဒါန-သညာ၊ ရှုဦး)။

ကမ္မသ္မာ၊ ဒီပဒါန စသောကုသိုလ်ကံ၏။ ဝါ၊ ကို။ ကတတ္တာ၊ ပြုအပ်ဘူးသောကြောင့်။ ဥပစိတတ္တာ၊ ဆည်းပူးအပ်ပြီး ပွားစေအပ်ပြီးသောကြောင့်။ ဥဿန္နတ္တာ၊ များသည်၏အဖြစ်ကြောင့်။ ဝိပုလတ္တာ၊ ပြန့်ပြောသည်၏အဖြစ်ကြောင့်။ စက္ခုဝိညာဏံ၊ ကုသလဝိပါက် စက္ခုဝိညာဏ်သည်။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်လာသည်။ ဟောတိ၊ ၏။

(ရှုဦးကာ၌ ကုသိုလ်ကံဆို၏။ အကုသိုလ်ကံလည်း သင့်သည်ပင်။ ကံသည် ချုပ်လေပြီးဖြစ်၍ သဟာစရဏမဖြစ်သောကြောင့် ကာရကမဟုတ်။ ကြည်ကြည်လင်လင်ဖြစ်သောအကျိုး စက္ခုဝိညာဏ်ကို မြင်သောကြောင့် ဖလာနုမာနနည်းအားဖြင့် အကြောင်းကောင်းမှုကံကို မှန်းဆ၍ သိရသည်ဖြစ်၍ ကတ-ကံသည် ကာရိယဉာပကဟိတ်မည်၏။ ဓူမတော အဂ္ဂိ အတ္ထိ'တိ ဉာယတိ-ကဲ့သို့တည်း။ စက္ခုဝိညာဏ်

၏ ဖြစ်ခြင်းကို စေခိုင်းခြင်း ဟေတုကြိယာကိုဟူမှုကား သဟာစရဏဖြစ်၍ 'ယော ကရောတိ သ ကတ္တာ' ဟူသော သုဒ္ဓကတ္တု ကာရကဟိတ် မဟုတ်သော်လည်း 'ယော ကာရေတိ သဟေတု'ဟူသော ဟေတုကတ္တု ကာရကဟိတ်ဖြစ်၏။

**ပုံစံကား**။ ကမ္မံ ကတံ ဥပစိတံ ဥဿန္နံ ဝိပုလံ စက္ခုဝိညာဏံ ဥပ္ပါဒေတိ၊ တည်း။

အကြောင်းကံနှင့် အကျိုး စက္ခုဝိညာဏ် သန္တာန်, ခြားပြားသောကြောင့် ကမ္မံ ကတံ စက္ခုဝိညာဏံ ဟောတိ-ဟု ပကတိ, ဝိကတိသုဒ္ဓကတ္တားကား မဖြစ်နိုင်။ သန္တာန်တူမှုကား တဒါ ရာဇာ အာနန္ဒော အဟောသိ၊ တာပသော ပနာဟမေဝ-ဟု ဧကတ္တနည်းအားဖြင့် ကတ္တားဖြစ်၏။ ဤကား ရှုပသိဒ္ဓိအလို ဆိုသော အဓိပ္ပါယ်တည်း။

တစ်နည်း၊ **ပါဏိနီအလို** အဓိပ္ပါယ်ဆိုသော်ကား 'ယော ကာရေတိ သဟေတု' သုတ်ဖြင့် ဟေတုသညာ မှည့်သောကိတ္တိမဟိတ်, ဖလသာဓနယောဂ္ဂဖြစ်သော လောကိကဟိတ် နှစ်ပါးတို့တွင် "ယတ္ထ အာသင်္ကာ၊ တတ္ထ ပဋိသေဓော" ဟူသည်နှင့်အညီ ကိတ္တိမဟိတ် (ဟေတုကတ္တား) ကိုနစ်စေ လို၍ 'အကတ္တရိ' ဟုဆိုသည်။ "ကမ္မေန ကတေန ဥပစိတေန ဥဿန္နေန ဝိပုလေန စက္ခုဝိညာဏံ ဥပ္ပါဒိတံ" ဟု ဆိုလိုရာ၌ကား 'ယော ကာရေတိ သဟေတု' သုတ်ဖြင့်၊ ကတ စသည်ကို ဟေတုကတ္တု သညာမှည့်၍ 'ကတ္တရိစ' သုတ်ဖြင့် တတိယာသက်သည်။ ကတ စသောပုဒ်သည် ကမ္မဟူသော ဟိတ်၏ ဝိသေသနဖြစ်၍ ဟိတ်ပင်ဖြစ်သော်လည်း ကတ္တားဖြစ်နေပြန်သောကြောင့် ပဉ္စမီမသက်ဟူလို။ ဤ 'အကတ္တရိ' သဒ္ဒါကို "အကတ္တရိဏေ ပဉ္စမီ" ၂၊ ၃၊ ၂၄၊ သတသ္မာ ဗဒ္ဓေါ၊ အကတ္တရိ ကိံ၊ သတေန ဗန္ဓိတော" ဟူသောပါဏိနီသုတ်ကို မှီ၍ဆိုအပ်၏။ အကတ္တရိ၊ ဟေတုကတ္တား မဟုတ်သော။ ဣဏေ၊ ဟိတ်ဖြစ်၍ဖြစ်သော ကြွေးမြီဟူသောအနက်၌။ ဝတ္တမာနတော၊ ဖြစ်သောသဒ္ဒါမှ နောက်၌။ ပဉ္စမီ၊ သည်။ ဘဝတိ၊ ၏။ သတသ္မာ၊ တစ်ရာသော ကြွေးမြီကြောင့်။ ဗဒ္ဓေါ၊ နှောင်ဖွဲ့အပ်၏။ အကတ္တရိ၊ သည်။ ကိံ၊ နည်း။ သတေန၊ တစ်ရာသောကြွေးမြီသည်။ (ပယောဇကကတ္တား)။ ဥတ္တမိဏေန၊ မြီရှင်သည် (ပယောဇ္ဇကတ္တား)။ အဓမိဏော၊ မြီစားကို။ ဗန္ဓိတော၊ နှောင်ဖွဲ့စေအပ်၏။ ဤ၌ သတ-သည် ဟိတ်ပင်ဖြစ်သော်လည်း ကတ္တားဖြစ်သောကြောင့် ၎င်းနောင် ပဉ္စမီမသက်ဟူလို။ ပါဏိနီအဓိပ္ပါယ်။ ထိုအလို အကတ္တရိ၊ ဟေတုကတ္တားမဟုတ်သော ဖလသာဓနယောဂ္ဂဟိတ်၌ဟု အနက်ပေး)။ ဣဒံ နာမရူပံ၊ ဤနာမ်ရုပ်သည်။ န တာဝ အဟေတုကံ၊ သင့်လျော်သောအကြောင်း မရှိသည်မဟုတ်။ သဗ္ဗတ္ထ စ၊ ခပ်သိမ်းသော ဘုံအရပ်တို့၌ ၎င်း။ သဗ္ဗဒါ စ၊ နေ့, ရက်, လ, နှစ်, သက္ကရာဇ်ရှည်ကြာ, ကမ္ဘာခပ်သိမ်း၎င်း။ သဗ္ဗေသဉ္စ၊ ခွေး, ဝက်, နတ်လူ, ခပ်သိမ်းသော သူတို့၏၎င်း။ ဧက-သဒိသ-ဘာဝါ'ပတ္တိတော၊ အကွဲအထူးမဖြစ်, စင်စစ်တူသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ (သီတတ္တာ အဂ္ဂိ နတ္ထီ'တိ ဉာယတိ, ကဲ့သို့ ဗျတိရေက ဉာပကဟိတ်)။ ဟုတ္ဂွာ၊ ဖြစ်ပြီး၍။ ဖြစ်ပြီး သည်ရှိသော်။ အ-ဘာဝတော၊ မရှိချုပ်ကွယ်ခြင်းကြောင့်။ အ-နိစ္စံ၊ မမြဲ။ ဥဒယဗ္ဗယ-ပီဠနာ၊ ဥပါဒ် ဘင်သည် နှိပ်စက်အပ်ခြင်းကြောင့်။ ဒုက္ခံ၊ ဆင်းရဲ၏။ အ'ဝသ-ဝတ္တိတ္တာ၊ အလိုအတိုင်း မဖြစ်ခြင်းကြောင့်။ အနတ္တာ၊ အစိုးရသောအတ္တမဟုတ်။

(၅၈၃) **ယဿ ဒါတု-ကာမော ရောစတေ ဓာရယတေ ဝါ၊ တံ သမ္ပဒါနံ။** ယဿ ဝါ၊ အကြင် ကာရကအားသော်လည်း။ ဒါတု-ကာမော၊ ပေးခြင်းငှာ အလိုရှိ၏။ ယဿ ဝါ၊ အားသော်လည်း။ ရောစတေ၊ မြိန်ရှက်သက်ဝင်၏။ ယဿ ဝါ၊ အားသော်လည်း။ ဓာရယတေ၊ ဆောင်၏။ တံ၊ ထိုပေးရာ, တင့်တယ်ရာ, ဆောင်ရာကာရကသည်။ သမ္ပဒါနံ၊ သမ္ပဒါန်မည်၏။

ဘိက္ခုဿ စီဝရံ ဒေတိ၊ သမဏဿ ရောစတေ သစ္စံ၊

န မေ ရုစတိ ဘဒ္ဒန္တေ၊ ဥလူကဿာ ဘိသေစနံ၊

မာ'ယသ္မန္တာနံပိ သံဃဘေဒေါ ရုစိတ္ထ၊ ယဿာ'ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ၊ ဒေဝဒတ္တဿ သုဝဏ္ဏ'စ္ဆတ္တံ ဓာရယတေ ယညဒတ္တော။ ပုံစံ။

ဝါ-သဒ္ဒါ ကြွင်းသောဓာတ်, နာမ်, ဥပသာရ, နိပါတ် တို့ယှဉ်ရာ၌ ဖြစ်ထိုက်သော သမ္ပဒါန်တို့ကို ဆည်း၏။

---

(ဥဏှတ္တာ အဂ္ဂိ အတ္ထိ ဉာယတိ-ကဲ့သို့ သဘာဝဉာပကဟိတ်။ ပုဒ်စစ်၌ ဉာယတိ-ပါသည် ချည်းဖြစ်၍ ဉာယတိ-ပါမှ ဉာပကဟိတ်-ဟု ဆိုကြ၏။ ဥဏှတ္တာ၊ အပူကြောင့်။ အဂ္ဂိ၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ နိစ္ဆယော၊ ဆုံးဖြတ်အပ်၏ -စသည်ဖြင့်တစ်ပါး ကြိယာလည်းဖြစ်ကောင်းသည်ပင်။ ဗီဇတော အင်္ကုရော ဇာယတိ၊ နာဝါယ တီရံ ပါပုဏာတိ-တို့ကဲ့သို့ ဇနကဟိတ်, သမ္ပာပကဟိတ်-မဟုတ်လျှင် ဉာပကဟိတ်မှတ်ရာသည်)။

(၅၈၃) သမဏဿ၊ အား။ သစ္စံ၊ မှန်သောစကားသည်။ ရောစတေ၊ မြိန်ရှက်သက်ဝင်၏။ (ရဟန်းသည် အမှန်ကို နှစ်သက်၏ဟူလို)။ ဘဒ္ဒန္တေ၊ အရှင်ငှက်များတို့။ ဥလူကဿ၊ ခင်ပုပ်ငှက်ကို။ အဘိသေစနံ၊ မင်းမြှောက်ခြင်းသည်။ မေ၊ ငါကျီးကန်းအား၊ န ရုစတိ၊ မမြိန်ရှက်မသက်ဝင်။ (အက္ကုဒ္ဓဿ မုခံ ပဿ၊ ကထံ ကုဒ္ဓေါ ကရိဿတိ-ဟု ပရဒ္ဓဆက်)။ အာယသ္မန္တာနံပိ၊ ငါ့ရှင်တို့အားလည်း။ သံဃ-ဘေဒေါ၊ သံဃာကွဲခြင်းသည်။ မာရုစိတ္ထ၊ မမြိန်ရှက် မသက်ဝင်သင့်။ (စဒွေဘော်နှင့် ကံဟော ပေးလျှင် သမ္ပဒါန်ကတ္တားဖြစ်၏။ သဒ္ဒနီတိ၌ ဒိဝါဒိ ကတ္တုရုပ်ဟူ၏။ သက္ကတမရှိ)။ နာဂဿ၊ ပဉ္စင်းလောင်းကို။ ဝါ၊ ၏။ ဥပသမ္ပဒါ၊ ပဉ္စင်းခံခြင်းသည်။ ဝါ၊ သိက္ခာပုဒ်ပြည့်စုံခြင်းသည်။ ယဿ အာယသ္မတော၊ အကြင် အရှင်အား။ ခမတိ၊ မြိန်ရှက်သက်ဝင်၏။ (အချို့ မဒွေဘော်နှင့် ကံဟောယူ ကြ၏။ ဝိနည်းယောဇနာ၌ မ-တစ်လုံးဖြစ်၍ ကတ္တုရုပ်နှင့်တူသော ကမ္မရုပ်ဟူ၏။ တေသံ တေ ဓမ္မာ န နိက္ခမန္တိ ခမန္တိ၊ အဋ္ဌကထာ။ နိက္ခမန္တိ ပဒံ န ခမန္တိ။ မူလဋီကာတို့နှင့်အညီ ကတ္တုရုပ်, ကတ္တား အနက်သာ ကောင်းသည်)။ ယညဒ'တ္တော၊ သည်။ ဒေဝဒတ္တဿ၊ အား။ သုဝဏ္ဏစ္ဆတ္တံ၊ ရွှေထီးကို။ ဓာရယတေ၊ ဆောင်းမိုး၏။

၁။ သမ္မာ ပဒီယတေ ယဿ၊ သမ္ပဒါနံ တ'ဒုစ္စတေ။
ဝတ္ထုဿ ဝါ ပဋိဂ္ဂါဟ-လက္ခဏံ တံ ကြိယာယ ဝါ။ ။(ဘေဒစိန္တာ၊ ၇၄။)

၂။ ပူဇာ'နုဂ္ဂဟ-ကာမေန၊ ဒိန္နံ သမ္မာ'တိ မန္နတေ။
ဒိန္နဿ သာမိကတ္တေ စ၊ သမ္ပဒါနံ တ'ဒုစ္စတေ။ ။(ဘေဒစိန္တာ၊ ၇၅။)

၃။ ရဇကဿ ဒဒေ ဝတ္ထံ၊ ရညော ဒဏ္ဍ'န္တိ-အာဒိသု။
န ဘဝေ သမ္ပဒါနတ္တံ၊ ပူဇာ'ဒိန'မဘာဝတော။ ။(ဘေဒစိန္တာ၊ ၇၆။)

၄။ အနိရာကတ္တာ'ရာဓေ- အဗ္ဘနုည-ဝသေနိဒံ။
သမ္ပဒါနံ တိဓာ ဝုတ္တံ၊ ရူက္ခ-ယာစက-ဘိက္ခဝေါ။ ။

(ရူ၊ ၁၅၁။ ကာရိကာ ၂၉၄၊ မှီးပြင်ထားသည်။)

---

၁။ ယဿ၊ အား။ သမ္မာ၊ ကောင်းမွန်ရိုသေစွာ။ ပဒီယတေ၊ အပိုင်ပေးအပ်၏။ တံ၊ ထိုကာရကကို။ သမ္ပဒါနံ၊ ဟူ၍။ ဥစ္စတေ၊ ၏။ တံ၊ ထိုသမ္ပဒါန်သည်။ ဝတ္ထုဿ၊ ဒြပ်ကိုသော်ငင်း။ ကြိယာယ ဝါ၊ တင့်တယ်ခြင်းစသော ကြိယာကိုသော်ငင်း။ ပဋိဂ္ဂါဟလက္ခဏံ၊ ခံတတ်သော လက္ခဏာရှိ၏။

(မှတ်လွယ်ဖို့ရာ လက္ခဏာကိုသာဆိုသည်၊ ခံတတ်သည်ကား ကတ္တုသတ္တိသာတည်း။ ပုဒ်စစ်၌ ထိုကတ္တုသတ္တိကိုပင် သမ္ပဒါန်ဟု ဆိုမိလေ၏။ သက်နံးစသော ဝတ္ထုကိုပေးရာ၊ သမ္မာပဒါန သတ္တိသည် သမ္ပဒါနကာရကမည်၏ဟု ဆိုရမည်)။

၂။ ပူဇာနုဂ္ဂဟကာမေန၊ အငယ်ကပူဇော်လို, အကြီးကချီးမြှောက်လိုသဖြင့်။ ဒိန္နံ၊ ပေးလှူအပ်သည်ကို။ သမ္မာတိ၊ ကောင်းစွာပေးသည်ဟူ၍။ မန္နတေ၊ ၏။ ဒိန္နဿ၊ ကို။ သာမိကတ္တေ စ၊ စိုးရပိုင်ဆိုင်သည့်အဖြစ်သည်လည်း။ သတိ၊ ရှိသော်။ တံ၊ ထိုအပိုင်ရသသူကို။ သမ္ပဒါနံ၊ ဟူ၍။ ဥစ္စတေ၊ ၏။

၃။ ရဇကဿ၊ ကဝါသည်၏။ ဟတ္ထံ၊ လက်သို့။ ဝတ္ထံ၊ ကို။ ဒဒေ၊ ဖွပ်ရန်ပေး၏။ ရညော၊ ၏။ ဒဏ္ဍံ၊ တပ်သောဥစ္စာဒဏ်ကို။ ရညော၊ ၏။ ဟတ္ထံ။ သို့။ ဒဒေ၊ ပေးဆက်၏။ ဣတိအာဒိသု၊ တို့၌။ ပူဇာဒိနံ၊ ပူဇော်ခြင်း ချီးမြှောက်ခြင်း ပိုင်ခြင်းတို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သမ္ပဒါနတ္တံ၊ သည်။ န ဘဝေ၊ မဖြစ်။

(သက္ကတအလို သဒ္ဒတ္ထကို အလေးပြုသည်။ သဒ္ဒနီတိ၌ကား သဘာဝတ္ထကို ဂရုပြု၍ ဘိက္ခုဿ ပဟာရံ ဒဒေယျ ဝေရိနော မာရဏတ္ထာယ ဝိသံ ဒေတိ-စသည်၌ပင် သမ္ပဒါန်ဖြစ်၏ ဟူ၏၊ ရှုဦး)။

၄။ အနိရာကတ္တာရာဓေ အဗ္ဘနုည-ဝသေန၊ မတားမြစ်သော အနိရာကတ္တု သမ္ပဒါန်, ရှေးကကောင်းလို့ခုကောင်းကြွယ်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မယ်- စသည်ဖြင့် နှစ်သက်အားရစေ၍ တောင်းရမ်း

**(၅၈၄) သိလာဃ-ဟနု-ဌာ-သပ-ခာရ ပိဟ-ကုစ-ဒုဟိသော'သူယ-ရာစိ'ကွ-ပဇ္ဇာ'သုဏ'အနု-ပတိ-ဂိဏ-ပုဗ္ဗကတ္တာ'ရောစနတ္ထ'တာဒတ္ထ-တုမတ္ထာ'လမတ္ထ-မညာ နာဒရာ'ပွါဏိနိ ဂတျတ္ထ-ကမ္မနိ အာသိသတ္ထ-သမ္မုတိ-ဘိယျ-သတ္တမျ'တ္ထေသု စ။** သိလာဃ။ လ။ နာဒရာ'ပွါဏိနိ စ၊ သိလာဃ-ဓာတ်, ဟနု-ဓာတ်, ဌာ-ဓာတ်, သပ-ဓာတ်, ဓာရ-ဓာတ်, ပိဟ-ဓာတ်, အမျက်ထွက်ခြင်း, မကောင်းပြုခြင်း, ငြူစူခြင်း, ဝန်တိုချုပ်ချယ်ခြင်း အနက်ရှိသော ဓာတ်, ရာစ-ဓာတ်, ဣက္ခ-ဓာတ်တို့၏ ယှဉ်ရာ, ပတိရှေး အာရှေးရှိသော သုဓာတ်, အနုရှေး-ပတိ ရှေးရှိသော ဂေ-ဓာတ်တို့၏ ရှေးဝါကျရှိ ကတ္တား, ပြောဆိုခြင်းအနက်ရှိသော ဓာတ်၏ယှဉ်ရာ, ထိုထို ကြိယာ၏ အကျိုးဖြစ်သော သမ္ပဒါန်, တုံပစ္စည်းအနက်ရှိသော သမ္ပဒါန်, ထိုက်ခြင်း-ပယ်ခြင်းအနက်ရှိသော သဒ္ဒါ၏ယှဉ်ရာ, မထီမဲ့မြင် အောက်မေ့အပ်, မရှိသေအပ်, သတ္တဝါမဟုတ်သည်၌ရင်း။ ဂတျတ္ထကမ္မနိ စ၊ သွားခြင်းအနက်ရှိသော ဓာတ်တို့၏ကံ၌ရင်း။ အာသိသတ္ထ-သမ္မုတိ-ဘိယျ-သတ္တမျ'တ္ထေသု စ၊ တောင့်တခြင်းအနက်ရှိသော သဒ္ဒါ, သမ္မုတိသဒ္ဒါ, ဘိယျသဒ္ဒါတို့၏ယှဉ်ရာ, သတ္တမီဝိဘတ်၏ အနက်တို့၌ရင်း။ ပဝတ္တံ၊ ဖြစ်သော ကာရကသည်။ ဝါ၊ ချို့။ သမ္ပဒါနံ၊ မည်၏။

ဗုဒ္ဓဿ သိလာဃတေ ထောမေတိ၊ တုယှံ ဟနုတေ အပလပတိ၊ ဘိက္ခုဿ ဥပတိဋ္ဌေယျ၊ တုယှံ သပတိ၊ တောသာပနတ္ထံ သစ္စံ ကရောတိ၊ သုဝဏ္ဏံ တေ ဓာရေတိ ဣဏာယိကော၊ ဒေဝါပိ တေသံ ပိဟယန္တိ ပတ္ထေန္တိ၊ တဿ ကုဇ္ဈ မဟာဝီရ၊ ယဒိ'ဟံ တဿ ကုပ္ပေယျံ၊ ဒုဟယတိ ဒုယှတိ ဇိဃံသတိ အနိဋ္ဌံ စရတိ ဟိံသတိ ဒိသာနံ မေဃော၊ ဣဿန္တိ တိတ္ထိယာ သမဏာနံ။ ဥသူယန္တိ ဒုဇ္ဇနာ ဂုဏဝန္တာနံ ဂုဏ-ဂိဒ္ဓေန၊ ကာ ဥသူယာ ဝိဇာနတံ၊ အာရာဓော မေ ရညော ရာဇာနံ ဝါ၊ ကျာ ဟံ အယျာနံ အပရဇ္ဈာမိ အယျေ ဝါ။

---

တတ်သော အာရာဓက သမ္ပဒါန်, ကာယဝိညတ်၊ ကိုယ်ဖြင့်ရပ်၍၊ ခွင့်ပြုတတ်သော အဗ္ဘနုညသမ္ပဒါန်တို့၏ အစွမ်းဖြင့်။ ဣဒံ သမ္ပဒါနံ၊ ကို။ တိဓာ၊ အားဖြင့်။ ဝါ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ရက္ခ-ယာစက-ဘိက္ခုဝေါ၊ ရက္ခဿ ဇလံ ဒေတိ၊ ယာစကဿ အန္နံ ဒေတိ၊ ဘိက္ခုဿ စီဝရံ ဒေတိ- ၌-သစ်ပင်, သူတောင်းစား, ရဟန်းများတို့တည်း။

(အနိရာကတ္တုဟူရာ၌ နိရာကရောတိ နိဝါရေတီတိ နိရာကတ္တာ။ ပြု။ "ပစ္စမိတ္တေ နိရာကတွာ၊ သံယမံ သော ဥပါဂမိ"- ၌ကဲ့သို့ နိ-ရှေး အာ-ရှေးရှိသော ကရ-ဓာတ်)။

(၅၈၄) ဗုဒ္ဓဿ၊ အား။ ဝါ၊ ကို။ သိလာဃတေ ထောမေတိ၊ ချီးမွမ်း၏။ တုယှံ၊ သင်အား။ ဝါ၊ ကို။ ဟနုတေ၊ ခွန်းတုံ့မပြန်, လိမ်ညာန်နှင့်နေ၏။ ဝါ၊ စကားတုံ့မချေ ဆိတ်ဆိတ်နေ၏။ အပလပတိ၊ စကားမပြွက်, လိမ်လျက်နေ၏။

* မဏိ-ရတ္နပိဠန္ဓာယ၊ ယရ-ဿာမိ ဥဒိက္ခတိ။
သီလ-ရတ္န ပိဠန္ဓဿ၊ ဥဒိက္ခန္တိ သ-ဒေဝကာ။ ။

---

(ဤ-ဟနုဓာတ်၏ အနက်ကား ဉာသ်, ရူပသိဒ္ဓိ, သဒ္ဒနီတိ-တို့၌ ဟနု၊ အပနယနေ၊ ပါဌ်ရှိကြ၏။ အပလပနေ-ရှိလျှင်လည်း ဟနုတေ အပလပတီတိ အတ္ထော။ (ရူ၊ ၁၅၂)။ အပလပတီတိ ဝဉ္စေတိ၊ ဋင်းဋီကာ တို့နှင့်ညီသည်။ သက္ကတနှင့်လည်း ဆီသည်။ အကျယ်ကို အသေအချာ သိလိုလျှင် ဓာတွတ္ထသင်္ဂြိုဟ် ဟနုဓာတ်မှာရှု)။

ဘိက္ခုဿ၊ အား။ ဝါ၊ ကို။ ဥပတိဋ္ဌေယျ၊ လုပ်ကျွေးခစား, အနား၌တည်ငြားအံ့။ တုယှံ၊ အား။ သပတိ၊ ကျိန်ဆို၏။ တောသာပနတ္ထံ၊ နှစ်သက်ယုံကြည်စေခြင်းငှာ။ သစ္စံ၊ သစ္စာဆိုခြင်းကို။ ကရောတိ၊ ပြု၏။ ဣဏာယိကော၊ မြီစားသည်။ တေ၊ မြီရှင်သင်အား။ သုဝဏ္ဏံ၊ ရွှေကို။ ဓာရေတိ၊ ဆောင်နှင်း ဆက်သွင်း၏။ ဒေဝါပိ၊ နတ်တို့သည်သော်လည်း။ တေသံ၊ ထိုဘုရားရှင်တို့အား။ တို့ကို။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ ပတ္ထေန္တိ၊ တောင့်တကုန်၏။ မဟာ-ဝီရ၊ ကြီးသောလုံ့လရှိသော ရှင်ရသေ့။ တဿ၊ ထိုကလာဗုမင်းအား။ ကုဋ္ဌံ၊ အမျက်ထွက်တော်မူပါ။ (မာ ရဋ္ဌံ ဝိနဿာ ဣဒံ၊ ဆက်။အမျက်မထွက်လျှင် ပြည်ပျက်ပါလိမ့်မည်ဟူလို)။ အဟံ၊ ငါသည်။ တဿ၊ ထိုနေသာဒအား။ ကို။ ယဒိ ကုပ္ပေယျံ၊ အကယ်၍အမျက်ထွက်ငြားအံ့။ မေဃော၊ မိုးသည်။ ဒိသာနံ၊ အရပ်မျက်နှာ တို့အား။ တို့ကို။ ဒုဟယတိ ဒုယှတိ၊ ဖျက်ဆီး၏။ ဇိဃံသတိ၊ မကောင်းပြု၏။ အနိဋ္ဌံ၊ အလိုမရှိအပ် သည်ကို။ စရတိ၊ ပြုကျင့်၏။ ဟိံသတိ၊ ၏။ တိတ္ထိယာ၊ တို့သည်။ သမဏာနံ၊ တို့အား။ တို့ကို။ ဣဿန္တိ၊ ငြူစူကုန်၏။ ဒုဇ္ဇနာ၊ သူယုတ်တို့သည်။ ဂုဏ-ဂိဒ္ဓေန၊ ဂုဏ်ကိုရလိုမက်မောသောကြောင့်။ ဂုဏဝန္တာနံ၊ တို့အား။ တို့ကို။ ဥသူယန္တိ၊ စောင်းမြောင်းကုန်၏။ ဝိဇာနတံ၊ ပညာရှိတို့အား။ တို့ကို။ ဥသူယာ၊ စောင်းမြောင်းခြင်းသည်။ ကာ၊ ဘယ်အကျိုးရှိအံ့နည်း။ ရဉော၊ စကားမပြော, တုဏှီဘောနေသော အရှင်မင်းမြတ်အား။ ဝါ၊ ရာဇာနံ၊ ကို။ မေ၊ အကျွန်ုပ်၏။ အာရာဓော၊ နှစ်သက် အားရခြင်းသည်။ ဟောတိ၊ ၏။ အဟံ၊ သည်။ အယျာနံ၊ အရှင်မင်းတို့အား။ ဝါ၊ အယျေ၊ တို့ကို။ ကိံ အပရဇ္ဈာမိ၊ အဘယ်ပြစ်မှားမိပါသနည်း။ ဝါ၊ ပြစ်မှားဝံ့ပါအံ့နည်း။

(ဤသို့ အမှုအရပ်ရပ်ကို ဖွင့်လှပ်ပြန်မိန့်စေလို၍ လျှောက်ဆိုတင်မေးရာ၌ စကားမပြော တုဏှီဘော နေသောမင်း သမ္ပဒါန်ဖြစ်၏)။

* မဏိရတ္နပိဠန္ဓာယ၊ ပတ္တမြားရတနာ ဆင်ဝတ်သော အိမ့်ရှင်မအား။ ကို။ ယရဿာမိ၊ အိမ့်ရှင်လင်ယောကျ်ားသည်။ ဥဒိက္ခတိ၊ တစိန်းစိန်းကြည့်ရှု၏။ သီလရတ္နပိဠန္ဓဿ၊ သီလရတနာ ဆင်ဝတ်သော ရဟန်းအား။ ကို။ သ-ဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ဥဒိက္ခန္တိ၊ တစိန်းစိန်း ရှုမြော်ကုန်၏။

အာယသ္မတော ဥပါလိ'တ္ထေရဿ ဥပသမ္ပဒါ'ပေက္ခော ဥပတိဿော အာယသ္မန္တံ ဝါ၊ ဘဂဝါ ဘိက္ခူ တော'ဒဝေါစ၊ တေ ဘိက္ခူ ဘဂဝတော ပစ္စ'သ္သောသုံ၊ အာ'သုဏန္တိ ဗုဒ္ဓဿ၊ ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ၊ တဿ ဘိက္ခုနော ဇနော အနု-ဂိဏှာတိ၊ ပတိ-ဂိဏှာတိ၊ သာဓုကာရ-ဒါနာ'ဒိနာ တံ ဥဿာဟာပေတိ၊ အာရောစယာမိ ဝေါ၊ အာမန္တယာမိ ဝေါ၊ အာမန္တေတွာ တံ ဂစ္ဆာမိ ဝါ၊ သော သော အတ္ထော ယဿာတိ တ'ဒတ္ထော၊ တံ စီဝရံ နိက္ခိပိတဗ္ဗံ ဥပနဿ ပါရိပူရိယာ၊ ဗုဒ္ဓဿ ဓမ္မဿ

---

ဥပတိဿော၊ ဥပတိဿသည်။ အာယသ္မတော၊ သက်တော်ရှည်သော။ ဥပါလိ'တ္ထေရဿ၊ အား။ ဝါ၊ ကား။ အာယသ္မန္တံ ဥပါလိ'တ္ထေရံ၊ ကို။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းခံခြင်းငှာ ရှုငဲ့၏။

(အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော-ဟူရာ၌ ဥပဇ္ဈာယ်သမ္ပဒါန် ဖြစ်သည်။ သာရိပုတြာမထေရ် ဧဟိဘိက္ခုဖြစ်၍ရင်း သာရိပုတြာထေရ်မှတစ်ပါး ဥပတိဿ-ဟု ကျမ်းဂန်တွင် မတွေ့မမြင်ဘူးသောကြောင့်ရင်း -

❀ ပြည်ဗာရာဏ၊ ရာဇဂဟာ၊ ဝေသာ, မကုလိ၊ ဝတိ, ဘဂ္ဂ၊ ကောသမ်, ပါလိလာ၊ နာဠာ, ဝေရဉ္ဇ၊ စာလိယ, ဇေတာ၊ ကပိလာ, ဠဝိက်၊ ဂိရိဗ်-စာလိယ၊ ရာဇ, သာဝတ်၊ ဗေလု ဝတ်ထပ်၊ ဆယ့်ကိုးရပ်မှာ၊ တစ်ဝါ-သုံးဝါ၊ တစ်ဝါစီစဉ်၊ နောက်တွင်နှစ်ဝါ၊ တစ်ဝါဆိုရေး၊ နှစ်ဆယ့်လေးဝါ၊ ဆုံးတစ်ဝါဟု၊ ဒေသစာရီ၊ ကြွချီသုံးနေ၊ လူဗိုလ်ခြေကို၊ မြိုက်ရေဖျန်းဆွတ်၊ ချေချွတ်တော်မူသော ဝါတော်စဉ်ဖြင့်။

အရှင်သာရိပုတြာကသာ ကြီးရာသောကြောင့်ရင်း အရှင်ဥပါလိ ဥပဇ္ဈာယ်မဟုတ်၊ လုပ်ပြယုဂ် ဖြစ်ရာ၏)။

ဘဂဝါ၊ သည်။ ဘိက္ခူ ရဟန်းတို့ကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မူပြီ။ တေ ဘိက္ခူ တို့သည်။ ဘဂဝတော၊ ရှေ့ဝါကျ၌ ကတ္တားဖြစ်သော ဘုရားမြတ်အား။ ပစ္စဿောသုံ၊ ရှေးရှုနာကုန်၏။ ဗုဒ္ဓဿ၊ အား။ အာသုဏန္တိ၊ ရှေးရှုနာကုန်၏။ ဘိက္ခု၊ သည်။ ဇနံ၊ လူကို။ ဓမ္မံ၊ ကို။ သာဝေတိ၊ နာကြားစေ၏။ ဟော၏။ တဿ ဘိက္ခုနော၊ ထိုဝါကျ၌ ကတ္တားရဟန်းအား။ ဇနော၊ သည်။ အနုဂိဏှာတိ၊ သာဓု သာဓု ကောင်းချီးပြုကာ လျော်စွာဆို၏။ ပတိဂိဏှာတိ၊ သာဓု သာဓု ကောင်းချီး ပြုလျက် အားတက်စေလို ခွန်းတုံ့ဆို၏။ သာဓုကာရ-ဒါနာဒိနာ၊ ကောင်းချီးပေးခြင်းစသည်ဖြင့်။ တံ၊ ထိုဓမ္မကထိကရဟန်းကို။ ဥဿာဟာပေတိ၊ အားတက်စေ၏။ ဝေါ၊ သင်တို့အား။ တို့ကို။ အာရောစယာမိ၊ ပြောဆို၏။ ဝေါ၊ တို့အား။ တို့ကို။ အာမန္တယာမိ၊ တိုင်တန်း၏။ ဝါ၊ တံ၊ သင်မင်းမြတ်ကို။ အာမန္တေတွာ၊ တိုင်တန်းပြောဆို၍။ ဂစ္ဆာမိ၊ အံ့။

(အာရောစနသဒ္ဒဿ ကထနပ္ပကာရတ္ထတ္တာ ဒေသနတ္ထာဒိပ္ပယောဂေပိ စတုတ္ထီ-ရူ(၁၅၄)နှင့်အညီ ဒေသေတု ဘိက္ခုနံ၊ ယထာ နော ဗျာကရေယျ၊ နိရုတ္တိံ တေ ပဝက္ခာမိ, စသည်ကိုလည်း ထုတ်)။

သံယသ တုမှာက'မတ္တာယ ဇီဝိတံ ပရိစ္စဇာမိ၊ နေဝ ဒဝါယ၊ န-မဒါယ၊ ယုဒ္ဓါယ သန္နဒ္ဓေါ ဝိနယော သံဝရတ္ထာယ၊ ဥပေါသထော သမဂ္ဂတ္ထာယ၊ ပရိသုဒ္ဓတ္ထာယ ပဝါရဏာ၊ တုံ-ပစ္စယေန သမာန'တ္တော တု'မတ္တော၊ လောကာ'နုကမ္ပာယ လောကံ အနုကမ္ပိတုံ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ၊ ဘိက္ခူနံ ဖာသု-ဝိဟာရာယ ဖာသုံ ဝိဟရိတုံ သိက္ခာပဒံ ပညတ္တံ၊ အလံ မေ ဗုဒ္ဓေါ၊ အက္ခ-ဓုတ္တော ပုရိသ-ပုဂ္ဂလော နာ'လံ ဒါရ-ဘရဏာယ၊ အရဟတိ မလ္လော မလ္လဿ၊ အလံ မေ ဗုဒ္ဓေန၊ အလံ တေ ဣဓ ဝါသေန၊ ကိံ တေ ဇင္ဃာဟိ ဒုမ္မေဓ၊ ကဥ္စဿ ကဥ္စိဂ်ရဿ ဝါ တံ မဒ္ဒေ၊ ဇီဝိတံ တိဏာယပိ န မညမာနော၊ အပ္ပေါ သဂ္ဂါယ သဂ္ဂံ ဝါ ဂစ္ဆတိ၊ သဂ္ဂဿ ဂမနေန ဝါ၊ မူလာယ ပဋိကဿေယျ၊ ဒကာယ နေတိ၊ ဂါမဿ ဂတော၊ ဂါမံ ဝါ၊ နိဗ္ဗာနာယ ဝဇန္တိယာ၊ နိဗ္ဗာနံ ဝါ၊ သုခံ ဘဝတော ဟောတု၊ သွတ္ထိ တေ ဟောတု သဗ္ဗဒါ၊ သာဓု သမ္မုတိ မေ ဘဂဝတော ဒဿနာယ၊ ဘိယျောသော မတ္တာယ၊ တုယှ'ဥ္စ'ဿ အာဝိ ကရောမိ၊ တဿ မေ သက္ကော ပါတုရဟောသိ။ ပုံစံ။

ဤသုတ်၌ စ-သဒ္ဒါသည် ရှေ့သုတ်က ဝါသဒ္ဒါကို ငင်၏။

**စ-သဒ္ဒေန ပဟိဏေယျ၊ ဟပ္ပတေ ဥပမာ'ဥ္ဇလိ။**
**ပဟောတိ ဖာသွတ္ထ သယျာ'- ဒိ ယောဂေပိ သမ္ပဒံတံ။ ။**

ဟူသော သမ္ပဒါန်ဖြစ်ထိုက်သော ပြယုဂ်တို့ကိုလည်းဆည်း၏။

တဿ ပဟိဏေယျ၊ ဘိက္ခူနံ ဒူတံ ပါဟေသိ၊ ကပ္ပတိ သမဏာနံ အာယောဂေါ၊ ဥပမံ တေ ကရိဿာမိ၊ အဥ္ဇလိံ တေ ပဂ္ဂဏှာမိ၊ ဧကဿ ဒွိန္နံ ဒွိန္နံ တိဏ္ဏံ ပဟောတိ၊ တထာဂတဿ ဖာသု ဟောတိ၊ မဏိနာ မေ အတ္ထော၊ သေယျော မေ အတ္ထော။ ပုံစံ။

---

သော သော၊ ထိုထိုသို့သော။ အတ္ထော၊ အကျိုးသည်။ ယဿ၊ အကြင်သမ္ပဒါန်အား။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ သော၊ ထိုသမ္ပဒါန်သည်။ တဒတ္ထော၊ မည်၏။ ဥနဿ၊ မပြည့်ဟောက်ယုတ်သည်၏။ ပါရိပူရိယာ၊ ပြည့်ခြင်းငှာ။ တံ စီဝရံ ထို အစွေကသက်န်းကို။ နိက္ခိပိတဗ္ဗံ၊ အမိဌာန် ဝိကပ္ပနာ မပြုဘဲ ထားအပ်၏။ ယုဒ္ဓါယ၊ စစ်ထိုးခြင်းငှာ။ သန္နဒ္ဓေါ၊ ချပ်ဝတ်စည်းနှောင်၏။ ဥပေါသထော၊ ဥပုသ်ပြုခြင်းသည်။ သမဂ္ဂတ္ထာယ၊ သံဃာညီညွတ်ခြင်းအကျိုးငှာ။ ပဝါရဏာ၊ ဝါကျွတ်ခါဖိတ်ခြင်းသည်။ ပရိသုဒ္ဓတ္ထာယ၊ စင်ကြယ်ခြင်းအကျိုးငှာ။ ဟောတိ၊ ၏။ တုံပစ္စယေန၊ နှင့်။ သမာနတ္တော၊ တူသောအနက်သည်။ တုမတ္တော၊ မည်၏။ လောကာနုကမ္ပာယ၊ လူသုံးပါးကို သနားစောင့်ရှောက်ခြင်းငှာ။ လောကံ၊ ကို။ အနုကမ္ပိတုံ၊ ငှာ။ ဗုဒ္ဓေါ၊ သည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇတိ၊ ပွင့်တော်မူ၏။

(ဟေတု, အတ္ထ-သမ္ပဒါန်နှစ်ပါးတွင် အား-ပေးမှု ဟေတု၊ ၎ာ-ပေးလျှင် အတ္ထ၊ ထိုအတ္ထ၌ တုံပစ္စည်းဖြင့် ပါဌ်မစီမထားသင့်လျှင် တဒတ္ထ၊ စီထားသင့်လျှင် တုမတ္ထ-ဟု ပြယုဂ်ကို ထောက်၍ ဆိုကြကုန်၏။ မန္တ။ ထို့ကြောင့် -

**တဒတ္ထေ' နာဂတေ ဘာဝေ၊ တာယေ-တုံ-တျာဒေယော တယော။**
**တုံ တု ဘာဝေ တဒတ္ထာ စေ၊ ဣစ္ဆတ္ထာဒိ-ကြိယာပိ စ။ ။**

ဟု တဒတ္ထ၌ တုံပစ္စည်း သက်ကြောင်းကို သဒ္ဒါငယ်ဆို၏။ တစ်နည်းလည်း -

**ယံ ယံ ပယောဇနံ ယဿ၊ သော တဒတ္ထော'တိ ဝုစ္စတိ။**
**န တုံ'ပ္ပယောဇနံ ယံ ယံ၊ သော တုမတ္ထော'တိ ဝုစ္စတိ။ ။**

ဟူသည်နှင့်အညီ အကြောင်းအကျိုးပြန်၍ရလျှင် တဒတ္ထ၊ မရလျှင် တုမတ္ထ၊ တစ်နည်းလည်း-

**ယထာ-ရုတော တဒတ္ထော-တိ၊ အတ္ထော ဝုစ္စတိ တညုနာ။**
**ပရံပရာယ အတ္ထော တု၊ တုမတ္ထော'တိ ပဝုစ္စတိ။ ။**

ဟူသည်နှင့်အညီ။ တိုက်ရိုက်အကျိုးဖြစ်လျှင် တဒတ္ထ၊ အဆက်ဆက်အကျိုးဖြစ်လျှင် တုမတ္ထ သမ္ပဒါန်မည်၏။

တံ စီဝရံ နိက္ခိပိတဗ္ဗံ ဥုနဿ ပါရိပူရိယာ၊ သိက္ခာပဒံ ပညပေဿာမိ ဘိက္ခူနံ ဖာသုဝိဟာရာယ၊ သုံး၎ာနလုံး ပုံစံ။ နောက်ဆုံးဝါဒန္တရာ၏)။

မေ၊ ငါ့အား။ ဗုဒ္ဓေါ၊ သည်။ အလံ၊ ထိုက်တန်၏။ အက္ခဓုတ္တော၊ ကြွေအန်ကြူးသော။ ပုရိသပုဂ္ဂလော၊ သည်။ ဒါရ-ဘရဏာယ၊ မယားမွေးမြူခြင်းငှာ။ နာလံ၊ မထိုက်။ မလ္လော၊ လက်ဝှေ့ လက်ပန်းသည်တစ်ယောက်သည်။ မလ္လဿ၊ အား။ အရဟတိ၊ ၏။ မေ၊ ငါ့အား။ ဗုဒ္ဓေန၊ ဖြင့်။ အလံ၊ အကျိုးမရှိ။ တေ၊ သင် ကုလဒူသကရဟန်းအား။ ဣဓ၊ ဤရွာဤကျောင်း၌။ ဝါသေန၊ နေခြင်းဖြင့်။ အလံ၊ မရှိ။ ဒုမ္မေဓ၊ ပညာနည်းပါးသောရသေ့။ ဇဋ္ဌာဟိ၊ ဆံကျစ်တို့ဖြင့်။ တေ၊ သင့်အား။ ကိံ၊ ဘယ်အကျိုးရှိလိမ့်နည်း။ တံ၊ သင့်ကို။ ကဋ္ဌဿ၊ ထင်းတုံးကိုလောက်။ ဝါ၊ ကဋိင်္ဂရဿ၊ ထင်းနုပ် ထင်းဖွဲကိုလောက်။ မညေ၊ အောက်မေ့မှတ်ထင်၏။

(သစ်ခုတ်သမားတို့ အသုံးမကျ၍ တောစပ်၌ပစ်ထားခဲ့သော အနုပ်အဖွဲ့ အတိုအစကို နိရတ္ထံဝ ကဋိင်္ဂရန္တိ နိရတ္ထကံ ကဋ္ဌခဏ္ဍံ ဝိယ- ဟု အဋ္ဌကထာဖွင့်၏။ ကဋိ လဝဏံ ဂရတိ ဂိလတိ ဂိဏာတိ ဝါ အဝှါယတီတိ ကဋိင်္ဂရော။ မာသ-မုဂ္ဂါဒိ-ကဋ္ဌေ ဗုသေ- ဟူသောသက္ကတအလိုလည်း ပဲခင်း၌ သိမ်းယူပြီးနောက် ကျန်ရစ်သောနွယ်ထင်း အနုပ်အဖွဲ့ကို ကဋိင်္ဂရဟု အသရနှင့် ဆို၏။ မဂဓ၌ ဣသရနှင့်ရှိ၏။ အဘိဓာန်ဋီကာ၌ကား ကေန ဝါတေန ဣင်္ဂတိ သုဒ္ဓ-သာလိတော အပဂစ္ဆတီတိ ကလိင်္ဂရော။ ဣင်္ဂ ဂမနေ၊ အရော၊ လာဂမော-ဟု ဖွဲ့စပ်ဖြင်းဟော ဖွင့်လေ၏)။

(၅၈၅) **ယောခေရော၊ တ'မောကာသံ။** ယော၊ အကြင်ကာရကသည်။ အာခေရော၊ ကြိယာ၏မှီရာ ကတ္တား, ကံ တို့၏တည်ရာသည်။ ဟောတိ၊ ၏။ တံ၊ ထို တည်ရာ အာခာရ ကာရက သည်။ ဩကာသံ၊ ဩကာသမည်၏။

* ကြိယ'ဌ-ကတ္တု-ကမ္မာနံ၊ အဝကာသန္တိ ဇ္ဈေ တိ။
ဩကာသော စတုဗ္ဗော ဟောတိ၊ ဗျာပိကော'ပသိလေသိကော။ ။

---

ဇီဝိတံ၊ ကို။ တိဏာယပိ၊ မြက်ကိုလောက်မျှလည်း။ န မညမာနော၊ မမှတ်ထင်။ အပ္ပေါ၊ အနည်းငယ်မျှသောသတ္တဝါသည်။ သဂ္ဂါယ၊ နတ်ပြည်သို့။ ဝါ၊ သဂ္ဂံ၊ သို့။ ဂစ္ဆတိ၊ ၏။ သဂ္ဂဿ၊ သို့။ ဂမနေန ဝါ၊ ရောက်ရသည်ထက်လည်း။ ဝရံ၊ ၏။ မူလာယ၊ အရင်းသို့။ ပဋိကဿေယျ၊ ငင်ရာ၏။ ဒကာယ၊ ရေသို့။ နေတိ၊ ၏။ နိဗ္ဗာနာယ၊ သို့။ ဝဇန္တိယာ၊ သွားသောဂေါတမီအား။ တေ၊ သင့်အား။ သဗ္ဗဒါ၊ သိမ်း။ သွတ္ထိ၊ သုအတ္ထိ၊ ငြိမ်းအေးဘေးကင်း, ကောင်းစွာဖြစ်ခြင်းသည်။ ဟောတု၊ တည်း။ ဘဂဝတော၊ ကို။ ဒဿနာယ၊ ငှာ။ မေ၊ ငါ့အား။ သမ္မုတိ၊ သမုတ်ခြင်းသည်။ သာဓု၊ ကောင်း၏။ သော၊ ထိုနွားခေါင်းဝ၌ သည်းခြေကိုချေအပ်သော ခွေးဆိုးသည်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ စဏ္ဍတရော၊ ကြမ်းတမ်း၏။ အဿ တုယှဥ္စ၊ ထိုသင့်ထံ၌လည်း။ အာဝီ၊ ထင်စွာ။ ကရောမိ၊ ၏။ တဿ မေ၊ ထိုငါ့ထံ၌။ သင်္ကော၊ သိကြားမင်းသည်။ ပါတုရဟောသိ၊ ထင်ရှားဖြစ်လာပြီ။

စသဒ္ဒေန၊ ဖြင့်။ ပဟိဏေယျ။ လ ။ ယောဂေပိ၊ ပဟိဏေယျသဒ္ဒါ, ကပ္ပတေ, ဥပမာ, အဉ္ဇလိ, ပဟောတိ, ဖာသု, အတ္ထ, သေယျသဒ္ဒါ-အစရှိသည်တို့၏ယှဥ်ရာ၌လည်း။ သမ္ပဒါနံ၊ ကို။ သမုစ္စိတံ၊ ဆည်းအပ်၏။

တဿ၊ ထိုသူအား။ဝါ၊ ထိုသူ့ထံသို့။ ပဟိဏေယျ၊ စေလွှတ်ရာ၏။ ဘိက္ခူနံ၊ တို့အား။ ဝါ၊ တို့သို့။ ဒူတံ၊ တမန်ကို။ ပါဟေသိ၊ စေလွှတ်ပြီ။ သမဏာနံ၊ တို့အား။ အာယောဂေါ၊ အာယောဂ ပတ်သည်။ ကပ္ပတိ၊ ၏။ တေ၊ သင့်အား။ ဥပမံ၊ ကို။ ကရိဿာမိ၊ အံ့။ တေ၊ အား။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဏှာမိ၊ ချီမြှောက်၏။ ဧကဿ၊ တစ်ယောက်သောသူအား။ ဒိန္နံ၊ လှူအပ်သောဝတ္ထုသည်။ ဒွိန္နံ တိဏ္ဏံ၊ တို့အား။ ပဟောတိ၊ ၏။ တထာဂတဿ၊ အား။ ဖာသု၊ ချမ်းသာခြင်းသည်။ ဟောတိ၊ ၏။ မေ၊ ငါ့အား။ မဏိနာ၊ ပတ္တမြားဖြင့်။ အတ္ထော၊ အကျိုးသည်။ အလိုသည်။ အတ္ထိ၊ ၏။ မေ၊ ငါ့အား။ အတ္ထော၊ သည်။ သေယျော၊ ၏။

(၅၈၅) * ဇ္ဈေ၊ ဤတည်ရာ၌။ ကြိယဋ္ဌ-ကတ္တု-ကမ္မာနံ၊ ကြိယာ၏တည်ရာ ကတ္တား, ကံ တို့သည်။ အဝကာသန္တိ ဒိဗ္ဗန္တိ၊ ထွန်းပထင်ရှားကုန်၏။ ဣတိ၊ ကြောင့်။ ဩကာသော၊ ဩကာသမည်သော ကာရကသည်။ ဗျာပိကော၊ နှံ့၍တည်ရာဗျာပကိကောခာရရင်း။ဩပသိလေသိကော၊ ကပ်၍တည်ရာ ဩပသိလေသိကာခာရရင်း။

♣ ဝေသယိစ သာမိပိကော၊ ဣတျေ'သော'ဝ ယထာက္ကမံ။
မုချော ပရမ္ပရော တဗ္ဗိ-သယော တဒုပနိဿယော။ ။

ဇလေသု ခီရံ၊ တိလေသု တေလံ၊ ခဂ္ဂမှိ ဩဘာသော။ (ဗျာ)။ ဥက္ခလိယံ အာစာမော၊ ပရိယင်္ကေ ရာဇာ သေတိ။ (ဩ)။ ပါဒေသု ပတိတွာ ဝန္ဒိ၊ ဘူမိသု စရန္တိ။ (ဝေ)။ ဝနေ ဟတ္ထိနော စရန္တိ၊ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။ (သာ) ပုံစံ။ နောက်လေးပါးပုံစံလည်းရှင်းပင်။

၁။ ပဓာန-ပရိကပ္ပါနံ၊ ဝသာ-ဓာရော ဟိ ဒုဗ္ဗိဓော။
မုချော'ပစာရတော ဝါပိ၊ တိလ-ဂင်္ဂါ'ဒယော ယထာ။ ။(ဘေဒစိန္တာ၊ ၈၆။)

---

♣ ဝေသယိ စ၊ မကင်းကောင်းသောတည်ရာ ဝေသယိကာဓာရရှင်း။ သာမိပိကော၊ အနီး၌ တည်ရာ သာမိပိကာဓာရရှင်း။ ဣတိ၊ ဤသို့။ စတုဓာ၊ ရှိသည်။ ဟောတိ၊ ၏။ ဧသော'ဝ၊ ဤလေးပါး သည်သာလျှင်။ ယထာက္ကမံ၊ တိုင်း။ မုချော၊ မုချာဓာရမည်၏။ ပရမ္ပရော၊ မည်၏။ တဗ္ဗိသယော၊ မည်၏။ တဒုပနိဿယော၊ မည်၏။

ဇလေသု၊ ရေတို့၌။ ခီရံ၊ နို့ရည်သည်။ တိဋ္ဌတိ၊ ၏။ (ဧကဒေသဗျာပီ၊ တိလေသုကား သကလဗျာပီ)။ ခဂ္ဂမှိ၊ သန်လျက်၌။ ဩဘာသော၊ အရောင်အဆင်းသည်။ ဒိဗ္ဗတိ၊ ၏။ (ဤလည်း- သကလ။ ဤသုံးပါးလုံး မုချာဓာရချည်း)။ ဥက္ခလိယံ၊ ထမင်းအိုး၌။ အာစာမော၊ ထမင်းချိုးသည်။ တိဋ္ဌတိ၊ ၏။ အလ္လီန-ဩ)။ ပရိယင်္ကေ၊ ပလ္လင်၌။ ရာဇာ၊ သည်။ သေတိ၊ ၏။ (အနလ္လီန-ဩ)။ ပါဒေသု၊ ခြေတို့၌။ ပတိတွာ၊ ဝပ်၍။ ဝန္ဒိ၊ ရှိခိုးပြီ။

(ကဋ္ဌသာရကေ-စသောတည်ရာ တစ်ပိုင်းကိုဖြတ်သော ဒေသန္တရာဝစ္ဆေဒ-ဝေ၊ ဘူမိသု-ကား အညထာဘာဝ ဝေသယိကာဓာရ၊ တောအနီး သိ၍သွားသည်ကိုမြင်၍ ဝနေဆိုသည်။ သစ်ပင်အပေါင်း သည် တောဖြစ်၍ သစ်ပင်ပေါ်သို့တက်၍ မသွားနိုင်သောကြောင့် သာမိပိကဆိုသည်ဟု အချို့ပြောကြ၏။ မကောင်း။ ရေ, နို့ရည်ရောနေသည်ကို ဇလ။ နှမ်းဖတ်ဆီရောနေသည်ကို တိလ။ အရောင်ပါ အဋ္ဌကလာပ်ကို ခဂ္ဂယူ၏။ ဗျာပိကာဓာရကို မုချာဓာရဆိုသည်။ ကြိယာ၏တည်ရာ ကတ္တားသည် အာဓာရတွင်ဝင်လျက်ပါ၍ တည်ရာမုချဖြစ်သည်ဟူလို)။

၁။ ဟိသစ္စံ၊ ၏။ ပဓာန-ပရိကပ္ပါနံ၊ ပဓာန, ပရိကပ္ပ တို့၏။ ဝသာ၊ အစွမ်းဖြင့်။ အာဓာရော၊ တည်ရာသည်။ ဒုဗ္ဗိဓော၊ ၏။ မုချော'ပစာရတော ဝါ ပိ၊ ဖြင့်လည်း။ ဒုဗ္ဗိဓော၊ ၏။ တိလ-ဂင်္ဂါဒယော, ယထာ၊ နှမ်း ဂင်္ဂါစသည်တို့ကဲ့သို့တည်း။

၂။ မုချာ'မုချ-ဝသေန'ဝံ၊ သဗ္ဗော သဒ္ဒေါ ပဘိဇ္ဇတေ။ ॥ (ဘေဒစိန္တာ၊ ၈၇။)
မဇ္ဈေသု သယတေ မဥ္စာ၊ ယောသန္တိ'တိ နိဒဿနံ။ ပုံစံ မတူ။

၃။ ဘူတ'မတ္ထ'မတိက္ကမ္မ၊ ယေနာ'ဘူတ'မပေက္ခတိ။
ဘူတ'တ္ထသော'ကဒေသံ ဝါ၊ သော'ပစာရော'တိ ဝုစ္စတိ။ ॥(ဘေဒစိန္တာ၊ ၈၈။)

၄။ သီဟော ဂါယတိ သော သီဟော၊ မာဏဝေါ'ယ'န္တိ ဒု'ဗ္ဗိဓော။
အ-ဘေဒ-ဝိဝါချာ-သော'ယ'၊ မိတိ သမ္ဗန္ဓတောပျ'ယံ။ ॥(ဘေဒစိန္တာ၊ ၈၉။)

---

၂။ ဧဝံ၊ ဤအတူ။ မုချာ'မုချ ဝသေန၊ ဖြင့်။ သဗ္ဗော၊ သော။ သဒ္ဒေါ၊ သည်။ ပဘိဇ္ဇတေ။ ပြား၏။ မဇ္ဈေသု၊ တို့၌။ သယတေ၊ ၏။ မဥ္စာ၊ တို့သည်။ ယောသန္တိ၊ ကြွေးကြော်ကုန်၏။ ဣတိ၊ ဤကား။ နိဒဿနံ၊ ပုံစံတည်း။

၃။ ယေန၊ အကြင်သဒ္ဒါဖြင့်။ ဘူတံ၊ ဟုတ်မှန်သော။ အတ္ထံ၊ အနက်ကို။ အတိက္ကမ္မ၊ လွန်၍။ အ-ဘူတံ ဝါ၊ မဟုတ်မမှန်သောအနက်ကိုသော်ငင်း။ ဘူတတ္ထဿ၊ ဟုတ်မှန်သောအနက်၏။ ဧကဒေသံ ဝါ၊ တစ်စိတ်ကိုသော်ငင်း။ အပေက္ခတိ၊ ငဲ့၏။ သော၊ ထိုသဒ္ဒါကို။ ဥပစာရောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၄။ သီဟော၊ ခြင်္သေ့သည်။ ဂါယတိ၊ သီချင်းဆို၏။ သော သီဟော၊ ထိုခြင်္သေ့ဟူသည်။ အယံ မာဏဝေါ၊ ရဲရင့်တူဆင်, ဤလုလင်တည်း။ ဝါ၊ သည်။ သော သီဟော၊ ထိုခြင်္သေ့တည်း။ ဣတိ၊ ဤကား အစဉ်ပုံစံတည်း။ အဘေဒဝိဝါချာ-သောယမိတိသမ္ဗန္ဓတောပိ၊ မကွဲမပြား တစ်သားတည်းဆိုသော အဘေဒ ဝိဝါချူပစာ, ပြားလျက်ကို တစ်ခုခုသောအခြင်းအရာစပ်သဖြင့် သော အယံ သဒ္ဒါတို့နှင့် စပ်၍ဆိုသော သောယမိတိသမ္ဗန္ဓူပစာအားဖြင့်လည်း။ အယံ၊ ဤဆိုခဲ့ပြီးသော အဘူတောပစာ, ဘူတေကဒေသူပစာ-နှစ်ပါးသည်။ ဒု'ဗ္ဗိဓော၊ အမည်သာခြား၍ နှစ်ပါးအပြားရှိပြန်၏။

မဥ္စာ ယောသန္တိ-၌ လူနှင့်ညောင်စောင်းနှစ်ပါးကို မကွဲမပြား နှလုံးထား၍ဆိုလျှင် အဘူတော-ပစာ, အဘေဒဝိဝါချူပစာ-မည်၏။ ဌာနီ, ဌာန-ကွဲပြားသည်ကို နှလုံးထား၍ဆိုလျှင် ဘူတေကဒေသူပစာ, သောယမိတိသမ္ဗန္ဓူပစာ-မည်၏- စသည်ဖြင့် ဥပစာတိုင်းမှာပင် ခွဲသင့်၏။ ခွဲလေ။ ထိုကြောင့် အဝယဝူပစာနှင့်တကွ ဥပစာတစ်ဆယ့်တစ်ပါးတွင် တစ်ပါးပါး၌ လေးပါးစီဖြစ်၍ ဥပစာ လေးဆယ့် လေးပါးဖြစ်၏။

**(၅၈၆) ယေန ဝါ ကယိရတေ၊ တံ ကရဏံ။** ယေန ဝါ၊ အကြင်ကာရကဖြင့်မူလည်း။ ကယိရတေ၊ ပြုတတ်၏။ တံ၊ ထိုပြုကြောင်း ကာရကသည်။ ကရဏံ၊ ကရိုဏ်းမည်၏။

ဝါ-သဒ္ဒါ အဝုတ္တသမုစ္စည်း။ ဘာသတိ, စိန္တေတိ, ပဿတိ။ စသည်ကိုဆည်း၏။

၁။ ယံ ကြိယာ-သာဓနေ ကတ္တု- ပကာရံ'တိသယေန တံ။
ကရဏံ ကတ္တုတော'ညေသံ မဓိက န္တိ ဥဒီရိတံ။ ။ (ဘေဒစိန္တာ၊ ၇၀။)

၂။ ဗာဟိယ'ဇ္ဈတ္တတော ဗာဟျ- ဇ္ဈတ္တရေန စ ဒု'ဗ္ဗိဓံ။
ဝီဟိံ လုနာတိ ဒတ္တေန၊ စက္ခုနာ စန္ဒ'မိက္ခတိ။ ။(ဘေဒစိန္တာ၊ ၇၁။)

၃။ မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ စိန္တေတိ ဝါ။ ။

**(၅၈၇) ယံ ကရောတိ တံ ကမ္မံ။** ယံ ဝါ၊ အကြင်ကာရကကိုမူလည်း။ ကရောတိ၊ ပြု၏။ တံ၊ ထိုကာရကသည်။ ကမ္မံ၊ ကံမည်၏။

လိုက်သော ဝါ-သဒ္ဒါ အဝုတ္တသမုစ္စည်း။

၁။ ယံ ကြိယာယာ'ဘိဂန္တဗ္ဗံ၊ တံ ကမ္မံ ယံ ကရီယတေ။
ဣတိ သတ္တိ တဒါ ကမ္မံ၊ ကရဏာ'န္တိ ကြိယာ တထာ။ ။(ဘေဒစိန္တာ၊ ၇၂။)

---

(၅၈၆) ၁။ ယံ၊ အကြင်ကာရကသည်။ ကတ္တု၊ ကတ္တား၏။ ကြိယာ-သာဓနေ၊ ကြိယာကို ပြီးစေခြင်း၌။ အတိသယေန၊ အလွန်အားဖြင့်။ ကတ္တု၊ အား။ ဥပကာရံ၊ ကျေးဇူးပြုတတ်၏။ တံ၊ သည်။ ကရဏံ၊ မည်၏။ တံ ကရဏံ၊ ကို။ ကတ္တုတော၊ မှ။ အညေသံ၊ တစ်ပါးကုန်သော ကာရက ငါးပါးတို့တွင်။ ဝါ၊ လေးပါးတို့ထက်။ အဓိကန္တိ၊ လွန်ကဲ၏ဟူ၍။ ဥဒီရိတံ၊ ဆိုအပ်၏။

၂။ ဗာဟိယဇ္ဈတ္တတော၊ ဗာဟိယကရိုဏ်း, အဇ္ဈတ္တကရိုဏ်း-အားဖြင့်၎င်း။ ဗာဟျဇ္ဈတ္တရေန စ၊ ဗာဟျကရိုဏ်း, အဇ္ဈတ္တရကရိုဏ်း-အားဖြင့်၎င်း။ ဒု-ဗ္ဗိဓံ၊ ၏။ ဒတ္တေန၊ တံစင်ဖြင့်။ ဝီဟိံ၊ ကောက်ပင်ကို။ လုနာတိ၊ ရိတ်ဖြတ်၏။ စက္ခုနာ၊ ဖြင့်။ စန္ဒံ၊ လကို။ ဣက္ခတိ၊ ကြည့်ရှု၏။

၃။ ပဒုဋ္ဌေန၊ ပြစ်မှားသော။ မနသာ၊ ဖြင့်။ ဘာသတိ ဝါ၊ ဆိုမူလည်းဆိုငြားအံ့။

(၅၈၇) ၁။ ယံ၊ အကြင်ကာရကသို့။ ကြိယာယ၊ သည်။ ဝါ၊ ဖြင့်။ ကတ္တာရာ၊ ကတ္တားသည်။ အဘိဂန္တဗ္ဗံ၊ ရှေးရှုရောက်အပ်၏။ တံ၊ သည်။ ယံ ကရီယတေဣတိ၊ "ယံ ကရီယတေ ပါပုဏီယတေ" ဟူသော ဝစနတ္ထကြောင့်။ ကမ္မံ၊ မည်၏။ တဒါ၊ ထိုကမ္မသာဓ်ဝစနတ်ပြုခါ၌။ သတ္တိ၊ ကြိယာပါပုဏနသတ္တိ သည်။ ကမ္မံ၊ မည်၏။ တထာ၊ ထိုမှတစ်ပါး။ ကရဏာ၊ ပြုခြင်း။ ဣတိ၊ ဤဘာဝသာဓ် ဝစနတ်ပြုခါ၌။ ကြိယာ၊ သည်။ ကမ္မံ၊ မည်၏။

၂။ ဝုတ္တော ကမ္မာ’ဒိ သာမိသ္မိံ၊ လိင်္ဂတ္တေ ပထမာ သိယာ။
အ-ဝုတ္တေ တု ဘဝန္တ’ညာ၊ ဒုတိယာ’ဒီ ယထာ’ရဟံ။ ။

၃။ ကမ္မေ’က-ကမ္မ-ကြိယာယ၊ ဝုတ္တေ တံ ယေဝ မနျတေ။
နေ’က ကမ္မာယ တု ကမ္မေ၊ ဝုတ္တေ ကိံ တေသု မနျတေ။ ။(ဘေဒစိန္တာ၊ ၂၀၃။ ပြင်ထားသည်)

၄။ အ’ပ္ပဓာနံ ဒုဟာဒီနံ၊ နျာ’ဒီနံ္တု ပဓာနကံ။ (ဘေဒစိန္တာ၊ ၂၀၄။)
ကာရိတာနံ သကံ ကမ္မံ၊ ဝုတ္တံ ကတ္တာ ပယောဇကော။ ။ (တ စ ပြင်ထားသည်။)

---

(မဥ္စ ဝါ အဘိနိသီဒေယျ-စသည်၌ သကမ္မက အဘိဘဝနကြိယာ-စသည်ကို ဟောသော အဘိစသည်ကို “ကမ္မံ ပဝစနီယံ ယေနာတိ”- ဝစနတ္ထကြောင့် ကမ္မပ္ပဝစနီယ ဆိုသည်)။

၂။ ကမ္မာဒိ-သာမိသ္မိံ၊ ကံအစရှိသော ကာရကခြောက်ပါးအနက်, သမ္ဗန်အနက်ကို။ ဝုတ္တေ၊ ဝါစကကြီးတို့ ဟောအပ်ပြီးလတ်သော်။ လိင်္ဂတ္တေ၊ သကတ်, ဒြပ်, လိင်, ဟူသောသဒ္ဒါအနက်မျှရှိလတ်သော်။ ပထမာ၊ သည်။ သိယာ၊ ၏။ အ-ဝုတ္တေတု၊ မဟောအပ်သော်ကား။ အညာ၊ တစ်ပါးကုန်သော။ ဒုတိယာဒီ၊ တို့သည်။ ယထာရဟံ၊ စွာ။ ဘဝန္တိ၊ ကုန်၏။

(ဟောရာဟောရာ ပထမာ။ မဟောလျှင် ဒုတိယာ စသည်ဟူလို)။

၃။ ဧကကမ္မကြိယာယ၊ ဧကကမ္မကဓာတ်သည်။ ကမ္မေ၊ ကို။ ဝုတ္တေ၊ ဟောအပ်သည်ရှိသော်။ တံ ယေဝ၊ ထိုကံတစ်ခုသာလျှင်။ ဝုတ္တန္တိ၊ ဝုတ္တကံဟူ၍။ မနျတေ၊ သိအပ်၏။ နေက-ကမ္မာယ တု၊ နှစ်ပါး, သုံးပါး, လေးပါး, ငါးပါး များသောကံရှိသောဓာတ်သည်ကား။ ကမ္မေ၊ ကို။ ဝုတ္တေ၊ ရှိသော်။ တေသု၊ ထိုကံအများတို့တွင်။ ကိံ၊ ဘယ်ကံကို။ ဝုတ္တန္တိ၊ ဟူ၍။ မနျတေ၊ နည်း။

၄။ ဒုဟာဒီနံ၊ ဒုဟာဒိ ဂဏိကဓာတ်တို့၏။ ဒွိသု၊ ကံနှစ်ပါးတို့တွင်။ အ’ပ္ပဓာနံ၊ မပြဓာန်းသောကံကို။ ဝုတ္တံ၊ ဝုတ္တကံဟူ၍။ မနျတေ၊ ၏။ နျာဒီနန္တု၊ နျာဒိ ဂဏိကဓာတ်တို့၏ကား။ ဒွိသု၊ တို့တွင်။ ပဓာနကံ၊ ပဓာနကံကို။ ဝုတ္တံ၊ ဟူ၍။ မနျတေ၊ ၏။ ကာရိတာနံ၊ ကာရိတ်ပစ္စည်းနှင့်ယှဉ်ကုန်သော ဓာတ်တို့၏။ ဗဟူသု၊ တစ်ပါး, နှစ်ပါး, သုံးပါး, လေးပါး, ငါးပါး ကံအများတို့တွင်။ သကံ-ကမ္မံ၊ မိမိ၏ဥစ္စာဖြစ်သော ကာရိတ်ကံကို။ ဝုတ္တံ၊ ဟူ၍။ မနျတေ၊ ၏။ ကာရိတာနံ၊ တို့၏။ ဗဟူသု၊ နှစ်ပါး, သုံးပါး, လေးပါး, ကတ္တားအများတို့တွင်။ ပယောဇကော၊ တိုက်တွန်းတတ်သော။ ကတ္တာ၊ ကာရိတ်ကတ္တားကို။ ဝုတ္တော၊ ဝုတ္တကတ္တားဟူ၍၊ မနျတေ၊ ၏။

၅။ ဒုပဟ-ယာစ-ရုမိ-ပုစ္ဆ၊ ဘိက္ခ'သာသ-ဝစာ'ဒယော။ (ဘေဒစိန္တာ၊ ၂၀၅။)
ဒုဟာ'ဒီ နီ-ဝဟ-ဟရာ'- ဒယော ဉာ'ဒီ ဒွိ-ကမ္မကာ။ ။(တ စ ပြင်ထားသည်။)

၆။ ကြိယာယာ'ဘိမတံ ကမ္မံ၊ ပဓာန'န္တိ ပဝုစ္စတိ။
ကြိယာ-နိမတ္တ-မတ္တ'န္တု၊ အ-ပ္ပဓာ'နန္တိ ဝုစ္စတိ။ ။(ဘေဒစိန္တာ၊ ၂၀၈။)

၇။ ယံ ကတ္တုနော ကြိယာယိ'စ္ဆိ-တံ ကမ္မံ တံ ပဓာနကံ။
ယံ တ'ဗ္ဗိပရီတံ တ'န္တု၊ အ'ပ္ပဓာန'န္တိ ဝါ မတံ။ ။(ဘေဒစိန္တာ၊ ၂၀၉။)

၈။ ပဓာန'မပ္ပဓာန'ဥ္စ၊ အာချာတဿ ကိတဿ စ။
ဝိသယော ဓမ္မတာယာ'တိ၊ ဝုတ္တံ ဇာတိနိရုတ္တိယံ။ ။(ဘေဒစိန္တာ၊ ၂၁၀။)

၉။ ကာရိတော ဓာတုတော'ညေန၊ သုဒ္ဓ-ကတ္တု ပယောဇနေ။
တထာ ပယောဇကဿာ'ပိ၊ ကာရိတ'န္တာပိ ကာရိတော။ ။(ဘေဒစိန္တာ၊၂၁၅။)

---

၅။ ဒုပဟ-ယာစ-ရုမိ-ပုစ္ဆ-ဘိက္ခ-သာသဝစာဒယော၊ အစရှိကုန်သော။ ဒုဟာဒီ၊ ဒုဟာဒိဂိုဏ်း ဓာတ်တို့သည်၎င်း။ နီ-ဝဟ-ဟရာဒယော၊ ကုန်သော။ ဉာဒီ၊ ဉာဒိဂိုဏ်းဓာတ်တို့သည်၎င်း။ ဒွိကမ္မကာ၊ ကံနှစ်ပါးစီရှိကြကုန်၏။

၆။ ကြိယာယ၊ နို့ညှစ်ခြင်း, ဆောင်ခြင်း-စသောကြိယာဖြင့်။ အဘိမတံ၊ အဘိလက္ခိတံ၊ မှတ်အပ်သော။ ကမ္မံ၊ ခီရံ, အဇံ-အစရှိသောကံကို။ ပဓာနန္တိ၊ ဟူ၍။ ပဝုစ္စတိ၊ အပ်၏။ ကြိယာ နိမိတ္တမတ္တံ၊ ကြိယာ၏အကြောင်းမျှဖြစ်သော။ ကမ္မန္တု၊ ဂါဝိံ, ဂါမံ-အစရှိသောကံကိုကား။ အ-ပ္ပဓာနန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၇။ ဝါ၊ တစ်နည်းကား။ ကြိယာယ၊ ၏။ ကတ္တုနော၊ သည်။ ယံ ကမ္မံ၊ ကို။ ဣစ္ဆိတံ၊ ၏။ တံ ကမ္မံ၊ ကို။ ပဓာနကံ၊ ဟူ၍။ မတံ၊ ၏။ ယံ ကမ္မံ၊ သည်။ တ'ဗ္ဗိပရီတံ၊ ထိုမှပြန်၏။ တန္တု၊ ကိုကား။ အ'ပ္ပဓာနန္တိ၊ ဟူ၍။ မတံ၊ ၏။

၈။ ပဓာနံ၊ သည်၎င်း။ အ'ပ္ပဓာနဥ္စ၊ သည်၎င်း။ ဓမ္မတာယ၊ သဘောဓမ္မတာအားဖြင့်။ အာချာ-တဿ၊ ၏၎င်း။ ကိတဿ စ၊ ၏၎င်း။ ဝိသယော၊ အရာတည်း။ ဣတိ၊ သို့။ ဇာတိနိရုတ္တိယံ၊ ကျမ်း၌။ ဝုတ္တံ၊ ၏။

(သမာသ်, တဒ္ဓိတ်ဝါစကတို့ကား ဤဥပဒေအတိုင်း မကျဟူလိုသည်)။

၉။ အညေန၊ သူတစ်ပါးသည်။ သုဒ္ဓကတ္တု၊ သုဒ္ဓကတ္တားကို။ ပယောဇနေ၊ စေခိုင်းတိုက်တွန်းခြင်းသည်။ သတိ၊ သော်။ ဓာတုတော၊ ဓာတ်မှနောက်၌။ ကာရိတော၊ ကာရိတ်ပစ္စည်းသက်၏။ တထာ၊ အတူ။ ပယောဇကဿာပိ၊ ကာရိတ်ကတ္တားကိုလည်း။ အညေန၊ သည်။ ပယောဇနေ၊ သည်။ သတိ၊ သော်။ ကာရိတန္တာပိ၊ ကာရိတ်ပစ္စည်းအဆုံးရှိသောဓာတ်မှလည်း။ ပရံ၊ ၌။ ကာရိတော၊ သက်ပြန်၏။

၁၀။ သော ဟိ လောက'ပ္ပမာဏေန၊ တိက္ခတ္တုံ ပတိပဇ္ဇတေ။ (ဘေဒစိန္တာ၊ ၂၁၆။)
လုတ္တော ဟိ ပုရိမော တတ္ထ၊ နိပါတနေန ကာရိတော။ ။(တစ ပြင်ထားသည်။)

(၅၈၈) **ယော ကရောတိ သ ကတ္တာ။** ယော၊ အကြင်ကာရကသည်။ ကရောတိ၊ ကိုယ်တိုင်ပြုတတ်၏။ သော၊ ထိုကာရကသည်။ ကတ္တာ၊ သုဒ္ဓကတ္တားမည်၏။

၁။ သဗ္ဗ-ဘာဝါ'ဝိနာ-ဘာဝီ၊ ကာရကာ'ဒိ-ပုရေက္ခတော။
ယော ကရောတျ'တ္တ-ကမ္မ'ဋ္ဌ၊ ကြိယံ ကတ္တာ သ ကာရကော။ ။(ဘေဒစိန္တာ၊ ၆၇။)

၂။ ကတ္တာ သဗ္ဗ-ကြိယာ ဗျာပီ၊ သေသံ ကမ္မာ'ဒိ-ပဥ္စကံ။
ဝိသေသ-ကြိယာ-ဗျာပီ'တိ၊ ကာရကံ ဒု'ဗ္ဗိခံ မတံ။ ။(ဘေဒစိန္တာ၊ ၆၈။)

---

၁၀။ ဟိသစ္စံ၊ ၏။ သော၊ ထိုကာရိတ်ပစ္စည်းကို။ လောကပ္ပမာဏေန၊ လူတို့သုံးစွဲရိုးပမာဏအားဖြင့်။ တိက္ခတ္တုံ၊ သုံးဆင့်။ ပတိပဇ္ဇတေ၊ သက်အပ်၏။ ဟိသစ္စံ၊ မှန်၏။ တတ္ထ၊ ထိုနှစ်ဆင့် သုံးဆင့်တို့တွင်။ ပုရိမော၊ ရှေးဖြစ်သော။ ကာရိတော၊ သည်။ နိပါတနေန၊ မပြီးတင်နေသောရုပ်ကို ကျစေတတ်သော သုတ်ကြီးဖြင့်။ လုတ္တော၊ ကျေပျောက်လေ၏။

(သဒ္ဒနီတိ၌ကား ပရိယောသာဝါပေတိ-ဟု မကျေသော ပုံစံကို ထုတ်ဆို၏။ **ပေစာတို့၌** ထိုကဲ့သို့သောပါဌ်ကို မတွေ့ဘူးပေ၊ ရောပါပေတဗ္ဗာကား ရှိ၏)။

(၅၈၈) ၁။ သဗ္ဗ-ဘာဝါ'ဝိနာဘာဝီ၊ ခပ်သိမ်းသော ကြိယာတို့နှင့် မကွေမကွာဖြစ်လေ့ရှိသော။ ကရဏာဒိ-ပုရေက္ခတော၊ ကရိုဏ်းစသည်တို့သည် ရှေ့သွားပြုအပ်သော။ ယော ကာရကော၊ သည်။ အတ္တ-ကမ္မဋ္ဌ၊ မိမိ၌ရှင်း, ကံ၌ရှင်း-တည်သော။ ကြိယံ၊ ကို။ ကရောတိ၊ ၏။ သော ကာရကော၊ သည်။ ကတ္တာ၊ မည်၏။

(ကံ၌တည်သော ကြိယာမရှိသော်လည်း ယောကျ်ားချက်ဆဲတွင် ကံဖြစ်သော ထမင်းသည် ကျက်သောကြောင့် ထိုကျက်ခြင်းကြိယာကို ထိုကံ၌ တည်သည်ဟု စကားကျအားဖြင့်သာဆိုရသည်)။

၂။ ကတ္တာ၊ သည်။ သဗ္ဗ-ကြိယာဗျာပီ၊ အလုံးစုံသောကြိယာ၌ နှံ့၏။ သေသံ၊ ကြွင်းသော။ ကမ္မာဒိ-ပဥ္စကံ၊ ကံ-အစရှိသော ကာရကငါးပါးအပေါင်းသည်။ ဝိသေသ-ကြိယာဗျာပီ၊ ထူးသောကြိယာအချို့၌ နှံ့၏။ ဣတိ၊ သို့။ ကာရကံ၊ ကို။ ဒု'ဗ္ဗိခံ၊ ဟူ၍။ မတံ၊ ၏။

၃။ ကတ္တာ'ယံ တိ-ဝိဓော သုဒ္ဓ၊ ဟေတု-ကမ္မ'ပ္ပဘေဒတော။
ဒတ္တော ကရောတိ ကာရေတိ၊ ပီယတေ ပါနီယံ သယံ။ ။(ဘေဒစိန္တာ၊ ၆၉။)
ဂရုဠေန ဟတော နာဂေါ၊ ဟနာပိတော ပရေန ဝါ။ ။ ပုံစံ။ (ဖြည့်ထားသည်။)

(၅၈၉) **ယော ကာရေ တိ၊ သ ဟေတု။** ယော၊ အကြင်ကာရကသည်။ ကတ္တာရံ၊ ကတ္တားတစ်ပါးကို။ ကာရေတိ၊ ပြုစေတတ်၏။ သော၊ ထိုကာရကသည်။ ဟေတု (ကတ္တာ)၊ ဟေတုကတ္တားမည်၏။ ဝါ၊ ကာရိတ်ကတ္တားမည်၏။

၁။ ဒါသံ ဒါသေန ဒါသဿ၊ ဂါမေတိ ဒါသ-ဇေဋ္ဌကော။
တံ တေန တဿ ဝါ'မစ္စော၊ ဂါမံ တထေ'ဝ ဘူပတိ။ ။

၂။ ဂတိ-ဗုဒ္ဓိ-ဘုဇ'သဒ္ဒ၊ ဟရ-က္ကရ-သယာ'ဒိနံ။
ကတ္တာ အ-ကာရိတေ ယော တံ၊ ဝုတ္တ-ကမ္မ'န္တိ ကာရိတေ။ ။(ဘေဒစိန္တာ၊ ၂၁၁။ )

---

၃။ အယံ ကတ္တာ၊ သည်။ သုဒ္ဓ-ဟေတု-ကမ္မ'ပ္ပဘေဒတော၊ သုဒ္ဓကတ္တား, ဟေတုကတ္တား, ကမ္မကတ္တား အပြားအားဖြင့်။ တိ ဝိဓော၊ ၏။ ဒတ္တော၊ ဒေဝဒတ်သည်။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ အညံ၊ သူတစ်ပါးကို။ ကာရေတိ၊ ပြုစေ၏။ ပါနီယံ၊ သောက်ရေသည်။ သယံ၊ အလိုလိုမိမိသည်။ ပီယတေ၊ သောက်တတ်၏။ (ဝုတ္တကတ္တားပုံစံ)။ ဂရုဠေန၊ ဂဠုန်သည်။ နာဂေါ၊ ကို။ ဟတော၊ သတ်အပ်၏။ ဂရုဠေန၊ သည်။ ပရေန၊ တစ်ပါးသောဂဠုန်ငယ်ကို။ ဝါ၊ သည်။ ဟနာပိတော၊ သတ်စေ အပ်၏။ (အဝုတ္တကတ္တားပုံစံ)။

(ကမ္မံ ယေဝ ဥပစာရတော ကတ္တာတိ ကမ္မကတ္တာ၊ ဒီပနီဆိုတိုင်း မုချကံဖြစ်လျက် ပြုလွယ်သောကြောင့် ပုဂ္ဂိုလ်၏ကြိယာကို ကံ၌တင်စား၍ ကတ္တားဆိုသည်။ ကုသူလော၊ ကျီအိုးသည်။ သယံ၊ အလိုလိုမိမိသည်။ ဘိဇ္ဇတေ၊ မိမိကိုယ်ကို ဖြိုတတ်၏-စသည်ပေး။ ပုဒ်စစ်လို ပြို၏ဟု မပေးသင့်)။

(၅၈၉) (၁-)ဒါသ ဇေဋ္ဌကော၊ ကျွန်ကြီးသည်။ ဒါသံ၊ ကျွန်ငယ်ကို။ ဒါသေန၊ ဒါသဿ၊ ကို။ ဝါ၊ သည်။ ဂါမံ၊ သို့။ ဂါမေတိ၊ သွားစေ၏။ (တစ်ဆင့်သက်)။ အမစ္စော၊ အမတ်သည်။ ဒါသံ၊ ကို။ တံ၊ ထိုကျွန်ကြီးကို။ ဝါ၊ တေန၊ တဿ၊ ကို။ ဝါ၊ သည်။ ဂါမံ၊ ရွာသို့။ ဂါမေတိ၊ သွားပစေဟု စေ၏။ (နှစ်ဆင့်သက်)၊ ဘူပတိ၊ မင်းသည်။ တထေဝ၊ ထို့အတူသာလျှင်။ ဒါသံ၊ ကို။ ဒါသ-ဇေဋ္ဌံ၊ ကို။ တံ၊ ထိုအမတ်ကို။ ဝါ၊ တေန၊ တဿ၊ ကို။ ဝါ၊ သည်။ ဂါမံ၊ သို့။ ဂါမေတိ၊ သွားပစေဟု စေခိုင်းစေ၏။ (ကတ္တားဟော)။

၂။ ဂတိ-ဗုဒ္ဓိ-ဘုဇ-သဒ္ဒ-ဟရ-က္ကရ-သယာဒီနံ၊ သွားခြင်း, သိခြင်း, စားခြင်း, ရွတ်ဆိုခြင်း, ဆောင်ခြင်းအနက်ရှိသောဓာတ်, ကရဓာတ်, သီ-အစရှိသော အကမ္မဓာတ်တို့၏။ အကာရိတေ၊ ကာရိတ်ပစ္စည်းမယှဉ်ရာ၌။ ယော ကတ္တာ၊ အကြင်သုဒ္ဓကတ္တားသည်။ အတ္ထိ၊ ၏။ တံ၊ သည်။ ကာရိတေ၊ ရှိသော်။ ဝုတ္တကမ္မန္တိ ဝုတ္တကမ္မံ နာမ၊ ဝုတ္တကံမည်၏။

၃။ ဒါသော ဂါမိယတော ဒါသ-ဇေဒ္ဓေန သောပိ သာမိနာ။
သော ပိ ရညာ ဒါသ-ဇေဋ္ဌ၊ ဒါသံ ဂါမံ ဂမာပိတော။ ။ ပုံစံ။

(၅၉၀) **ယဿ ဝါ ပရိဂ္ဂဟော၊ တံ သာမိ။** ယဿ ဝါ၊ အကြင် အရှင်၏လည်း။ ပရိဂ္ဂဟော၊ သိမ်းဆည်းအပ်သော ဥစ္စာသည်။ ဟောတိ၊ ၏။ တံ၊ ထိုအရှင်သည်။ သာမိ၊ သာမိ မည်၏။ ဝါ၊ သံ၏သမ္ဗန် သံသမ္ဗန်မည်၏။

ဤသုတ်ဖြင့် သံသမ္ဗန်ကို မုချသာမိမှည့်၏။ သာမိသမ္ဗန်, သမီပ, သမိပိ, သမူဟ, အဝယဝ, ဝိကာရ, ဝိကာရီ, ဌာနီ, ဌာန, ဇည, ဇနကသမ္ဗန်-စသောအရာမကသော သမ္ဗန်တို့ကား ဝါသဒ္ဒါဖြင့် ဆည်း၍ သဒိသူပစာအားဖြင့် သာမိမှည့်။

သာမိနော ဓနံ၊ ဓနဿ သာမိ။ လ။ ရညော ပုတ္တော၊ ပုတ္တဿ ပိတာ ရာဇာ။ ပုံစံ။

၁။ သမ္ဗန္ဓော ကာရကေဟ'ညော၊ ကြိယာ-ကာရက-ပုဗ္ဗကော။
သမ္ဗန္ဓိ-ဗုဒ္ဓိ-ဇနကော၊ သမ္ဗန္ဓိ-ဒွယ-နိဿိတော။ ။(ဘေဒစိန္တာ၊ ၃၅။)

---

၃။ ဒါသ-ဇေဋ္ဌေန၊ သည်။ ဒါသော၊ ကို။ ဂါမံ၊ ကို။ ဂါမိယတော၊ သွားစေအပ်၏။ သောပိ၊ ထိုကျွန်ကြီးကိုလည်း။ သာမိနာ၊ သခင်သည်။ ဒါသံ၊ ကို။ ဂါမံ၊ သို့။ ဂမာပိတော၊ သွားပစေဟု စေအပ်၏။ သောပိ၊ ထိုသခင်ကိုလည်း။ ရညာ၊ သည်။ ဒါသဇေဋ္ဌ၊ ကို။ ဒါသံ၊ ကို။ ဂါမံ၊ သို့။ ဂမာပိတော၊ သွားပစေဟု စေခိုင်းစေအပ်၏။ (ကံဟော)။

(ဂတိဗုဒ္ဓိစသည်ဖြင့် ကစ္စည်း, မောဂ္ဂလာန်, ကစ္စာယနသာရ, ဘေဒစိန္တာ စသည်တို့၌ ဝိကပ် ကမ္မသညာကို ရသည်ဟု ပိုင်းခြားအပ်သောဓာတ်တို့မှတစ်ပါး ကာရိတ်ပစ္စည်းနှင့်ယှဉ်ရာ၌ ကမ္မသညာကို မရသောဓာတ်သာ များပြား၏။ ဂဟပတိ ဝါ ဂဟပတာနိ ဝါ တန္တဝါယေဟိ စီဝရံ ဝါယာပေယျ။ ပုံစံ။

ကံဟောရာ၌လည်း ဂဟပတိနာ ဝါ ဂဟပတာနိယာ ဝါ တန္တဝါယေဟိ စီဝရံ ဝါယာပီယတေ ဟု ဓာတ်ကံကိုဟော၏)။

(၅၉၀) သာမိနော၊ အရှင်၏။ ဓနံ၊ ဉစ္စာ။ ဓနဿ၊ ၏။ သာမိ၊ အရှင်။

၁။ သမ္ဗန္ဓော၊ သမ္ဗန်ဟူသည်။ ကာရကေဟိ၊ ပေးခြင်း, ယူခြင်း စသောကြိယာကို ပြီးစေတတ်သောကာရကတို့မှ။ အညော၊ တစ်ပါးတည်း။ ကြိယာ-ကာရက-ပုဗ္ဗကော၊ ကြိယာကာရက ရှေ့သွားရှိ၏။ သမ္ဗန္ဓိ ဗုဒ္ဓိဇနကော သမ္ဗန္ဓိဒြပ်နှစ်ပါးကို သိသောဉာဏ်ကို ဖြစ်စေတတ်၏။ သမ္ဗန္ဓိ-ဒွယ နိဿိတော၊ သမ္ဗန္ဓိဒြပ်နှစ်ပါး၌ မှီ၏။

၂။ သမ္ပန္ဓိ ဝိယ သမ္ဗန္ဓော၊ ရူပတော န ကုဒါစနံ။
ဒဋ္ဌဳ သက္ကောတိ ဝိညူဟိ၊ မနျတေ သော'နုမာနတော။ ။(ဘေဒစိန္တာ၊ ၃၆။)

၃။ ရာဇာ ဒဒါတိ ဂဏှာတိ၊ ပုရိသော'တိ ပဝတ္တတိ။
ကြိယံ နိဿာယ သမ္ဗန္ဓော၊ အညော'ညာ-ပေက္ခ-လက္ခဏော။ ။(ဘေဒစိန္တာ၊ ၃၇။)

၄။ ကြိယာ ကာရကတော သေသော၊ ဆဋ္ဌီ ဇာယတိ သာ ပန။
သမ္ဗန္ဓ-မပိ'ဇောတေတိ၊ ဝုတ္တော သာ ဟိ ပလုဇ္ဇတေ။ ။(ဘေဒစိန္တာ၊ ၃၈။)

၅။ ဝိသေသျဿ ဝိသေသေ ဝါ၊ သမ္ဗန္ဓိ-ဒွယ-ဇောတိတံ။
သမ္ဗန္ဓံ ဇောတိတုံ ဆဋ္ဌီ၊ သဒ္ဒ-သတ္တိ-သဘာဝတော။ ။(ဘေဒစိန္တာ၊ ၃၉။)

---

၂။ သမ္ဗန္ဓိ ဝိယ၊ သမ္ဗန္ဓီဒြဗ်ကဲ့သို့။ သမ္ဗန္ဓော၊ ကို။ ဝါ၊ သည်။ ရူပတော၊ သရုပ်အသွင်အားဖြင့်။ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ။ ဒဋ္ဌုံ၊ ငှာ။ န သက္ကောတိ၊ မတတ်စွမ်းကောင်း။ သော သမ္ဗန္ဓော၊ ကို။ အနုမာနတော၊ ရမ်းဆ-သဖြင့်။ ဝိညူဟိ၊ တို့သည်။ မနျတော၊ ၏။

၃။ ရာဇာ၊ သည်။ ဒဒါတိ၊ ၏။ ပုရိသော၊ သည်။ ဂဏှာတိ၊ ၏။ ဣတိ ကြိယံ၊ ဤကြိယာကို။ နိဿာယ၊ ၍။ အညောညာပေက္ခ-လက္ခဏော၊ အချင်းချင်းငဲ့ခြင်းလက္ခဏာရှိသော။ သမ္ဗန္ဓော၊ စပ်ခြင်းသမ္ဗန်သည်။ ပဝတ္တတိ၊ ၏။

၄။ ကြိယာ-ကာရကတော၊ ရညော ပုတ္တော ဂစ္ဆတိ စသည်၌ သွားခြင်းစသောကြိယာကို ပြီးစေတတ်သော ပုတ္တ စသော ကာရကသမ္ဗန္ဓီမှ။ သေသော၊ ကြွင်းသောရာဇ စသော အကာရက သမ္ဗန္ဓီ၌။ ဆဋ္ဌီ၊ ဆဋ္ဌီဝိဘတ်သည်။ ဇာယတိ၊ ၏။ ပန၊ ယင်းသို့ ရှေ့သမ္ဗန္ဓီ၌ သက်သော်လည်း။ သမ္ဗန္ဓ'မပိ၊ ကိုလည်း။ ဇောတေတိ၊ ထွန်းပြ၏။ (အပိ-သဒ္ဒေန သဉ္ဇိ သမုစ္စယတိ။ ဒီပနီ)။ ဟိသစ္စံ၊ ၏။ ဝုတ္တော၊ သမ္ဗန်ကို သမာသ်, တဒ္ဓိတ်, ဝါစကတို့ ဟောအပ်သည်ရှိသော်။ သာ၊ ထိုဆဋ္ဌီဝိဘတ်သည်။ ပလုဇ္ဇတေ၊ ကျေပျောက် လေ၏။

၅။ ဝါ၊ တစ်နည်းလည်း။ ဝိသေသျဿ၊ ဝိသေသျသမ္ဗန္ဓီကို။ ဝိသေသေ၊ အထူးပြုတတ်သော ဝိသေသနသမ္ဗန္ဓီ၌။ သမ္ဗန္ဓိ-ဒွယ-ဇောတိတံ၊ သမ္ဗန္ဓီနှစ်ပါးသည် ပြအပ်သော။ သမ္ဗန္ဓံ၊ ကို။ ဇောတိတုံ၊ ငှာ။ ဆဋ္ဌီ၊ သည်။ ဇာယတိ၊ ၏။ သဒ္ဒ-သတ္တိ-သဘာဝတော၊ ဆဋ္ဌီဝိဘတ်သဒ္ဒါ၏ ရှေ့ပုဒ်၌ သက်မှသာ သမ္ဗန်ကိုပြစွမ်းသတ္တိသဘောရှိသောကြောင့်တည်း။

၆။ ဇနယိတွာန သမ္ဗန္ဓံ၊ ကြိယာ ကာစိ နိဝတ္တတေ။
သုယျမာနေ ကြိယာ-သဒ္ဒေ၊ သမ္ဗန္ဓော ဇာယတေ ကွစိ။ ။

၇။ သမ္ဗန္ဓိ ဒွယေ ဝိသေသျော၊ ကောစိ ကောစိ ဝိသေသနံ။
ကိဉ္စု’ဒ္ဒိဿ ကြိယံ တေသံ၊ သမ္ဗန္ဓော သော ပဝတ္တတေ။ ။

(၅၉၁) **လိင်္ဂ’တ္ထေ ပထမာ။** သဒ္ဒေ၊ သုဒ္ဓနာမ်, သင်္ချာ, ဥပသာရ, နိပါတ်, သမာသ်, တဒ္ဓိတ်, ကိတ် ပြီးသဒ္ဒါသည်။ လိင်္ဂတ္ထေ၊ အနက်ထူးထွေမပါ သကတ်, ဒြပ်, လိင် ဟူသော အနိပ္ဖန္နလိင်္ဂတ္ထ မျှသာရှိသည်။ ဝါ၊ သကတ်, ဒြပ်, လိင်, သင်္ချာ သာမန်, ကာရကသာမန်, ဟူသော အနိပ္ဖန္နလိင်၏ အနက်မျှသာရှိသည်။ သတိ၊ ဖြစ်လတ်သော်။ အတ္ထမတ္တ-ဇောတနတ္ထံ၊ အတ္ထမတ္တကို ထွန်းပြခြင်း အကျိုးငှာ။ လိင်္ဂတော၊ လိင်မှ။ ပရံ ၌။ ပထမာ၊ ပထမာဝိဘတ်သည်။ ဟောတိ၊ ၏။

ပုရိသော၊ ဧကော၊ ပဏ္ဍိတံ၊ စ၊ ဝါ၊ ရာဇ-ပုတ္တော၊ ဝါသိဋ္ဌော၊ ဗုဒ္ဓေါ ဓမ္မံဒေသေတိ။ ဗုဒ္ဓေါ ပူဇိယတေ သဒ္ဓေန။ ပုံစံ။

---

၆။ ကာစိ ကြိယာ၊ တောင်းပန်ခြင်း, ဝန်ခံခြင်း စသော မူလကြိယာအချို့သည်။ သမ္ဗန္ဓံ၊ ကျွန်, အရှင်, စပ်ခြင်းစသော မူလသမ္ဗန်ကို။ ဇနယိတွာန၊ ဖြစ်စေပြီး၍။ နိဝတ္တတေ၊ ချုပ်နစ်ကွယ်ပျောက်၏။ ကွစိ၊ အချို့သော။ ကြိယာသဒ္ဒေ၊ ပဝတ္တိအမူအရာ ကြိယာသဒ္ဒါကို။သုယျမာနေ၊ ကြားမြင်သည်ရှိသော်။ သမ္ဗန္ဓော၊ ပဝတ္တိသမ္ဗန်သည်။ ဇာယတေ၊ ထင်ရှားသိသာဖြစ်ပေါ်လာ၏။ (မူလဇာတိသမ္ဗန်, ပဝတ္တိသမ္ဗန် နှစ်ပါးရှိ၏ဟူလို)။

၇။ သမ္ဗန္ဓိ-ဒွယေ၊ သမ္ဗန္ဓိနှစ်ပါးတွင်။ ကောစိ၊ အချို့သောသမ္ဗန္ဓိသည်။ ဝိသေသျော၊ တည်း။ ကောစိ၊ သည်။ ဝိသေသနံ၊ တည်း။ ကိဉ္စိ၊ သော။ ကြိယံ၊ ကျွန်, အရှင် ဖြစ်လိုကြောင်း တောင်းပန် ခြင်း, ဝန်ခံခြင်း စသော မူလကြိယာ၊ ပေးခြင်း, ယူခြင်း စသော ပဝတ္တိကြိယာကို။ ဥဒ္ဒိဿ၊ ရည်ငဲ့၍။ တေသံ၊ ထိုသမ္ဗန္ဓိနှစ်ပါးတို့၏။ သော သမ္ဗန္ဓော၊ သည်။ ပဝတ္တတေ၊ ၏။

(၅၉၁) (ဗုဒ္ဓေါ, ကား ဗုဒ္ဓသဒ္ဒါတည်း။ သည်ဟူ၍, ကိုဟူ၍ပင် အနက်ပေးသော်လည်း နောက် ဝါစကကြီး ဟောလေပြီးဖြစ်၍ ကတ္တားအနက်, ကံအနက်ကိုမလို၊ လိင်အနက်သာမည ကိုသာ အလိုရှိအပ်ရကား ပရသမညာ ပယောဂေ, သုတ်ဖြင့် ဗုဒ္ဓကိုလိင်မှည့်။ လိင်္ဂတ္ထေ ပထမာ-သုတ်ဖြင့် လိင်္ဂတ္ထမတ္တကို ဝါ၊ နောက်ဝါစကကြီးဟောပြီးသော အနက်ကို ထွန်းပြခြင်းငှာ ဗုဒ္ဓ-ဟူသော အနိပ္ဖန္နလိင် မှနောက်၌ ပထမာဝိဘတ်, ဧကဝုစ်သိသက်။ သြပြု။ ဗုဒ္ဓေါဟု နိပ္ဖန္နလိင်ဖြစ်၏။ ဤသို့ဝိဘတ်သွယ် အထူးဘို၍ ရုပ်တွက်)။

၁။ ပထမာ တု ပရတ္ထဿ၊ ဇောတကတ္တာ န အတ္တနော။
န ဝါစကာ'တိ ဘာသန္တိ၊ သဒ္ဒ-သတ္ထာ'ဝ စာရိနော။ ။

၂။ ကတ္တာ'ဒေါ ယတ္ထ အာချာတံ၊ ကိတ္တမာသ'ဿု တဒ္ဓိတံ။
သ ဝုတ္တော တတ္ထ ပထမာ၊ အတ္ထ-မတ္တ-ဝိဝစ္ဆယာ။ ။ (ကစ္စာယနသာရ၊ ၃။)

၃။ လိင်္ဂတ္ထော ဒု'ဗ္ဗိဓော သုဒ္ဓ၊ သံသဋ္ဌာနံ ပဘေဒတော။
ကြိယာ'နပေက္ခကော သုဒ္ဓေါ၊ သံသဋ္ဌော တ'ဒပေက္ခကော။ ။

(၁၉၂) **အာလပနေ စ။** သဒ္ဒေါ၊ သည်။ အာလာပနေ၊ ရှေးရှုခေါ်ခြင်း။ ဝါ၊ ခေါ်အပ်သော အာလုပ်အနက် အလွန်အပိုရှိသော။ လိင်-တ္ထော၊ ရှိသည်။ သတိ စ၊ သော်လည်း။ အတ္ထ-ဇောတနတ္ထံ၊ အာလုပ်နှင့်တကွသော အတ္ထမတ္တကို ထွန်းပြခြင်းအကျိုးငှာ။ လိင်္ဂတော၊ မှ။ ပရံ၊ နောက်၌။ ပထမာ၊ သည်။ ဟောတိ၊ ၏။

ဘောပုရိသ ပုရိသာ၊ ဘဝန္တော ပုရိသာ။ ပုံစံ။

---

၁။ ပထမာ တု၊ သည်ကား။ ပရတ္ထဿ၊ သူတစ်ပါး၏အနက်ကို။ ဇောတကတ္တာ၊ ကြောင့်။ အတ္တနော၊ ၏။ အတ္ထဿ၊ ကို။ န ဝါစကတ္တာ၊ ကြောင့်။ ဝါ၊ ဟောဖို့ရာအနက်ပင်မရှိသောကြောင့်။ န ဝါစကာတိ၊ ဝါစက မတပ်ဟူ၍။ သဒ္ဒသတ္ထာဝစာရိနော၊ သဒ္ဒါကျမ်းတွင် ကျင်လည်ကျက်စားကုန်သော ပညာရှိတို့သည်။ ဘာသန္တိ၊ ကုန်၏။

၂။ ယတ္ထ ကတ္တာဒေါ၊ အကြင် ကတ္တား အစရှိသောအနက်၌။ အာချာတံ၊ အာချာတ်ဝါစက သည်ငှင်း။ ကိတံ၊ ကိတ်ဝါစကသည်ငှင်း။ သမာသော၊ သည်ငှင်း။ တဒ္ဓိတံ၊ သည်ငှင်း။ အဿု၊ ဖြစ်ကုန်၏။ သော ကတ္တာဒိ၊ သည်။ ဝုတ္တော၊ မည်၏။ တတ္ထ၊ ထိုဝုတ္တကတ္တား စသည်၌။ အတ္ထမတ္တ-ဝိဝစ္ဆယာ၊ ဝိဝစ္ဆာယ၊ အနက်သာမည့်သုံးပါးကို၊ ဝါ၊ ငါးပါးကို ထွန်းပြခြင်းငှာ။ ပထမာ၊ သည်။ ဟောတိ၊ ၏။

(ဤကစ္စယနသာရ-အလို ဝါစကကြီးတို့ ဟောပြီးသည်မှ ကြွင်းကျန်သော လိင်္ဂတ္ထသုံးပါး, ငါးပါးတို့ကို ပထမာထွန်းသည်။ ဝါစကငယ်တို့ဟောရာ၌ ဘယ်သူထွန်းသနည်းဟူမူ အမိထင်ရှား ရှိသောသားမှာ နို့ထိန်းရှာဖွယ်မရှိ။ အမိကင်းဝေးသောသားမှာသာ နို့ထိန်းရှာရသကဲ့သို့ မှတ်)။

၃။ လိင်္ဂတ္ထော၊ သည်။ သုဒ္ဓ-သံသဋ္ဌာနံ၊ တို့၏။ ပဘေဒတော၊ အားဖြင့်။ ဒု-ဗ္ဗိဓော၊ ၏။ ကြိယာ နပေက္ခကော၊ ကြိယာကို မငဲ့သေးသောပုဒ်အခိုက်၌။ သုဒ္ဓေါ၊ သက်သက်သော လိင်္ဂတ္ထသည်။ ဟောတိ၊ ၏။ တဒပေက္ခကော၊ ထိုကြိယာကို ငဲ့သောပုဒ်၌။ သံသဋ္ဌော၊ သချာ, ကာရက ဝိသေသတို့နှင့် ရောသော လိင်္ဂတ္ထသည်။ ဟောတိ၊ ၏။

**စ-သဒ္ဒါ ပဌမာကိုင်၏။**

ပဌမာ တု ပရတ္ထာသ စသည်ဖြင့် ပဌမာဝိဘတ်ဝါစက မတပ်ဆိုသော်လည်း ဤဆိုလတ္တံ့သော ဂါထာအရ ကရဏတ္ထ စသည်၌ ဝါစကတပ်၏။

၁။ လိင်္ဂ-ဟေတု-ကတ္တု-ကမ္မေ၊ ကရဏေ သမ္ပဒါနကေ။
အပါဒါနေ သာမိ-ဘုမ္မာ၊ မန္တာ'ဒေါ ပဌမာ ဘဝေ။ ။

၂။ ဗုဒ္ဓေါ ယော ဗောဓိ ရောပေတိ၊ ယော ပဗ္ဗဇတိ ယော ဟတော။
ထေယျ-စိတ္တံ အာဒိယေယျ၊ ပါပံ တေ နရကံ ဒဒေ။ ။

၃။ ဗုဒ္ဓေါ မိစ္ဆာ'ဒယော ဒူရော၊ သဗ္ဗေ ဗုဒ္ဓါ ဗလ'ပ္ပတ္တာ။
ဣဿရော ဘဂဝါ စိတ္တံ၊ ဘော ဂေါတမ အဘိက္ကန္တံ။ ။

---

(၅၉၂) ၁။ လိင်္ဂ-ဟေတု-ကတ္တု-ကမ္မေ၊ လိင်အနက်, ဟေတုကတ္တားအနက်, သုဒ္ဓကတ္တားအနက်, ကံအနက် ၌၎င်း။ ကရဏေ၊ ၌၎င်း။ သမ္ပဒါနကေ၊ ၌၎င်း။ အပါဒါနေ၊ ၌၎င်း။ သာမိ-ဘုမ္မ-အာမန္တာဒေါ၊ သမ္ဗန္ဓအနက်, ဩကာသအနက်, အာလုပ်အနက် စသည်၌၎င်း။ ပဌမာ၊ သည်။ ဘဝေ၊ ၏။

၂။ ဗုဒ္ဓေါ၊ ဘုရား။ ယော၊ အကြင်သူတော်ကောင်းသည်။ ဗောဓိ၊ ဗောဓိပင်ကို။ ရောပေတိ၊ ပေါက်စေ၏။ (သဒ္ဒါနက်)။ စိုက်၏။ (အဓိပ္ပါယ်နက်၊ ရူဟ-ဇနနေ၊ ဏာပေပစ္စည်း)၊ ယော၊ အကြင်ရှင်လောင်းသည်။ ပဗ္ဗဇတိ၊ ရှင်ဖြစ်၏။

ယော ဗောဓိရုက္ခံ ရောပေတိ၊ ယော စ ပဗ္ဗဇိတော နရော။
ယော စ သတ္တု ကရော ဗိမ္ဗံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။ ။ (ဉာသ်ပုံစံ)။

ယော၊ ကို။ ဟတော၊ သတ်ညှဉ်းဆဲအပ်၏။ (ဤလေးပုဒ်မှာလိင်္ဂတ္ထချည်း)။ ထေယျစိတ္တံ၊ ခိုးလိုသောစိတ်ဖြင့်။ အာဒိယေယျ၊ အံ့။ ပါပံ၊ ထိုသူပြုသောမကောင်းမှုသည်။ တေ။ ထိုပြုသူတို့ကို။ နရကံ၊ ငရဲအား။ ဒဒေ၊ ပေးလိုက်၏။

ယံ ပါပံ ပကတံ ကမ္မံ၊ ဗာလိသေဟိ စ စိန္တိတံ။
န ဒေတိ နရကံ တံ တေ၊ န စ ပဿာမိ ဣဿရေ။ ။ (ဉာသ်ပုံစံ)။

ကာရကော ဒေတိ ဝိပါကော။ ဧကက္ခရ ပုံစံ။

၃။ ဗုဒ္ဓေါ၊ သည်။ မိစ္ဆာဒယော၊ မိစ္ဆာဇီဝ စသည်တို့မှ။ ဒူရော၊ ဝေးလွန်း၏။

(ပါပ-ကမ္မေသု သန္တုဋ္ဌိ၊ မိစ္ဆာဇီဝေါ မဟိစ္ဆတာ။
မိစ္ဆာဒယော ဣမေ ဓမ္မာ၊ ဗုဒ္ဓေါ ဒူရတရော ဘဝေ။ ။ (ဉာသ်ပုံစံ)။

(၅၉၃) **ကရဏေ တတိယာ**။ ကရဏော၊ ကရိဏ်းအနက်၌။ တတိယာ၊ တတိယာဝိဘတ်သည်။ ဟောတိ၊ ၏။ အဂ္ဂိနာကုဋိံ ဈာပေတိ။ ပုံစံ။

(၅၉၄) **သဟာ'ဒိ–ယောဂေ စ**။ သဟာ'ဒိ ယောဂေ စ၊ သဟ, သဒ္ဓိံ, သမံ, နာနာ, ဝိနာ, ယောဂ, သဒိသ, သမာန, တုလျ, မိဿက- စသည်တို့နှင့် ယှဉ်သည်လည်း။ သတိ၊ သော်။ တတိယာ၊ သည်။ ဟောတိ၊ ၏။

သဟာပိ ဝိနာပိ ဂင်္ဂေန၊ ဘိက္ခု-သံဃေန သဒ္ဓိံ၊ သဟဿေန သမံ မိတာ၊ ပိယေဟိ နာနာ-ဘာဝေါ ဝိနာ-ဘာဝေါ အညထာ-ဘာဝေါ၊ ဝေဒနာယ ယောဂေါ၊ ဉာဏေန သမ္ပယုတ္တော၊ ပိတရာ သဒိသော၊ မာတရာ သမာနော တုလျော၊ ဂုဠေန မိဿကော။ ပုံစံ။

**စ-သဒ္ဒါ သဟတ္ထကိုဆည်း၏**။ ဒေဝဒတ္တော ရာဇဂဟံ ပါဝိသိ ကောကာလိကေန ပစ္ဆာ-သမဏေန။ ပုံစံ။

ဤ သဟာဒိယောဂသည် ဒြပ်, ဂုဏ်, ကြိယာ တူမျှသော သမဝါယအရာ၌ ဖြစ်၏။ အန္တေ-ဝါသိကသဒ္ဒိဝိဟာရိကေဟိ သဟ အာစရိယု'ပဇ္ဈာယာနံ လာဘော၊ ပုတ္တေန သဟ ထူလော၊ ဝိတက္ကေန သဟ ဝတ္တန္တိ။ ပုံစံ။

---

သမ္ဗေ၊ ကုန်သော။ ဗလပ္ပတ္တာ၊ ကာယဗလ, ဉာနဗလ ဆယ်ပါးသို့ရောက်ကုန်သော။ ဗုဒ္ဓါ၊ တို့၏။ ယံ ဗလံ၊ သည်ရှိသော။ ဘဂဝါ၊ သည်။ စိတ္တံ၊ ၌။ ဣဿရော၊ ၏။ ဘောဂေါတမ၊ မ။ အဘိက္ကန္တံ၊ အလွန် နှစ်သက်ဖွယ်ရှိပေစွ။

(အာဒိဖြင့် ယေန ဘဂဝါ၊ တေနုပသင်္ကမိ ဟူသော ဒိသာယောဂ စသည်ကိုယူ။ သင်္ဂဟကာရ အလို၊ ဉာဏ်ဆိုချက်စကားစု)။

(၅၉၄) ဂင်္ဂေန၊ ဂင်္ဂါမြစ်နှင့်။ သဟာပိ၊ တကွရှိ။ ဝိနာပိ၊ ကင်း၍ရှိ။ ဥပေါသထံ၊ ကို။ ကရေယျ၊ ၏။ သဟဿေန၊ တစ်ထောင်နှင့်။ သမံ၊ တူမျှ၏ဟူ၍။ မိတာ၊ နှိုင်းယှဉ်အပ်ကုန်၏။ ပိယေဟိ၊ ချစ်အပ်သသူတို့နှင့်။ နာနာဘာဝေါ၊ ရှင်ကွဲ ကွဲရခြင်း။ ဝိနာဘာဝေါ၊ သေကွဲ ကွဲရခြင်း။ အညထာဘာဝေါ၊ ဘဝပြောင်းခြား တစ်ပါးစီဖြစ်ရခြင်း။ ဝေဒနာယ၊ နှင့်။ ယောဂေါ၊ ယှဉ်ခြင်း။ ဉာဏေန၊ နှင့်။ သမ္ပယုတ္တော၊ ယှဉ်သောတရား။

(ရူပသိဒ္ဓိ(၁၄၈)၌- အလံ တေ ကာ္လမ ဝါသေန၊ ကိံ မေ ဧကေန တိဋ္ဌတော။ ပုရိသေန ထာမ-ဒဿိနာ၊ ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာတို့ကိုလည်း ထုတ်၏။ သမဝါယ- မထင်သောကြောင့် ဆင်ခြင်ရန်ရှိသည်ဟု ထင်တတ်သည်။ သဟယောဂ, သဟာဒိယောဂဟု သဒ္ဒယောဂ နှစ်မျိုးရှိရာ သဟယောဂ၌သာ သမဝါယ တစ်မျိုးတည်းရ၍ သဟာဒိယောဂ၌ကား သမဝါယ ဟုတ်, မဟုတ် နှစ်မျိုးရသောကြောင့် မထင်သင့်)။

(၅၉၅) **ကတ္တရိ စ။** ကတ္တရိ စ၊ အဝုတ္တကတ္တားအနက်၌လည်း။ တတီယာ၊ သည်။ ဟောတိ၊ ၏။

ရညာ စောရော ဟညတေ၊ ဂရုဋ္ဌေန နာဂေါ ဟတော။ ပုံစံ။

**စ-သဒ္ဒါ အဝုတ္တသမုစ္စည်း။**

၁။ **ကရဏေ သဟာဒိ ယောဂေ၊ ဟေတွတ္ထေ ပိစ ကတ္တရိ။**
**သတ္တမျံ မဏ္ဍိတေ စေဝ၊ ဥဿုက္ကေ စ ဝိသေသနေ။ ။**

၂။ **ကမ္မေ ပဉ္စမိ-ပစ္စတ္တ၊ ကြိယာပဝဂ္ဂကေသု စ။**
**ကလဟေ' တ္ထမ္ဘူတေ ပုဗ္ဗ-ယောဂါဒေါ စ တတီယကာ။ ။**

ဤတတီယာဝိဘတ်အနက် တစ်ဆယ့်ငါးချက်တို့တွင် နောက်ဂါထာအရ ခုနစ်နက်တို့ကို ဆည်း၏။

တိလေဟိ ခေတ္တေ ဝပတိ၊ သံဝိဘဇေထ နော ရဋ္ဌေန။ ၂။

---

ဒေဝဒတ္တော၊ သည်။ ကောကာလိကေန၊ မည်သော။ ပစ္စာ-သမဏေန၊ နှင့်တကွ။ ရာဇဂဟံ၊ သို့။ ပါဝိသိ၊ ဝင်ပြီ။

(ဒဗ္ဗ, ဂုဏ, ကြိယာ, သမဝါယပုံစံ၊ အနက်လွယ်၏။ မာတာ-ပိတူဟိ သဟ မာဂဏ္ဍိ၊ (နာမ သမဝါယ) ပိတရာ သဟ ကစ္စာယနော၊ (ဇာတိသမဝါယ)။ ပရိယတ္တိယာ သဟ ဒသ-ဝိဓော ဓမ္မော။ (သင်္ချာ သမဝါယ) တို့လည်း ဖြစ်သင့်ရာ၏။ အဖေဂ္ဂုသာရနည်း။ သဗ္ဗသမဝါယ, ဧကဒေသသမဝါယ, အသဗ္ဗသမဝါယ-သုံးပါးအပြားလည်း ဖြစ်သင့်ရာ၏)။

(၅၉၅) ၁။ ကရဏေ၊ ကရိုဏ်းအနက်၌၎င်း။ သဟာဒိယောဂေ၊ ၎င်း။ ဟေတွတ္ထေ ပိစ၊ ၎င်း။ ကတ္တရိ၊ ၎င်း။ သတ္တမျံ၊ သတ္တမီအနက်၌၎င်း။ မဏ္ဍိတေစေဝ၊ ကြည်လင်ခြင်းအနက်၌၎င်း။ ဥဿုက္ကေစ၊ အားထုတ်ခြင်း အနက်၌၎င်း။ ဝိသေသနေ စ၊ ၎င်း။ (ဤရှစ်နက်တို့မှာ သက်ရန် သုတ်သီး ရှိပြီ)။

၂။ ကမ္မေ၊ ၎င်း။ ပဉ္စမိ-ပစ္စတ္တကြိယာ ပဝဂ္ဂကေသု စ၊ အပါဒါနအနက်, ပထမာအနက်, ကြိယာ ပဝဂ္ဂ-အနက်တို့၌၎င်း။ ကလဟေ၊ ခိုက်ရန်ဖြစ်ခြင်းအနက်၌၎င်း။ ဣတ္ထမ္ဘူတေ၊ အထူးသို့ရောက် သည်ကို မှတ်ကြောင်းအနက်၌၎င်း။ ပုဗ္ဗယောဂါဒေါ စ၊ ပုဗ္ဗသဒ္ဒါ၏ ယှဉ်ရာစသည်၌၎င်း။ တတီယကာ၊ တတီယာ ဝိဘတ်သည်။ ဟောတိ၊ ၏။

တိလေဟိ၊ နှမ်းတို့ကို။ ခေတ္တေ၊ ယာခင်း၌။ ဝပတိ၊ စိုက်ပျိုးကြဲချ၏။ နော၊ အကျွန်ုပ်တို့အား။ ရဋ္ဌေန၊ ပြည်စည်းစိမ်ကို။ သံဝိဘဇေထ၊ ဝေဖန်ပါကုန်။

သုမုတ္တာ မယံ တေန မဟာ-သမဏေန၊ အတ္တနာ'ဝ အတ္တာနံ သမ္မနတိ၊ မဏိနာ မေ အတ္တော။ ၂။ ဧကာ'ဟေနေ'ဝ ပါယာသိ၊ အသိနာ ဝါစာယ ဝါ ကလဟော၊ ကာဠီ ဘိန္နေန သီသေန၊ မာသေန ပုဗ္ဗော။ ပုံစံ။

**(၅၉၆) ဟေတွ'တ္ထေ စ။** ဟေတွ'တ္ထေ စ၊ ဟိတ်အနက်၌လည်း။ တတိယာ၊ သည်။ ဟောတိ၊ ၏။

အန္နေန ဝသတိ။ ပုံစံ။

---

မယံ၊ ငါတို့သည်။ တေန မဟာသမဏေန၊ ထိုရဟန်းကြီးဂေါတမမှ။ သုမုတ္တာ၊ ကောင်းစွာလှုလှု, လွတ်ကြကုန်ပြီ။ အတ္တနာဝ၊ မိမိသည်သာလျှင်။ အတ္တာနံ၊ မိမိကို။ သမ္မနတိ၊ သမုတ်၏။ မေ မယာ၊ ငါသည်။ မဏိနာ၊ ဖြင့်။ အတ္တော၊ အလိုရှိ၏။ ဧကာဟေနေဝ၊ တစ်ရက်တည်းဖြင့်သာလျှင်။ ပါယာသိ၊ သွားရောက်ပြီ။

ကိရိယာပဝဂ္ဂေါ စ နာမေ'တ္ထ ကိရိယာယ အာသု ပရိနိဋ္ဌာပနံ။ (ဉာဉ်) ထိုအလိုကြိယာကို လျင်စွာပြီးစေသောအရာရှိခဲ့လျှင် ကြိယာကို နှေးနှေးပြီးစေသောအရာလည်း ရှိရာ၏။ လက်သမား များ မတတ်နိုင်သည်ကို တန်ခိုးဖြင့် ဣန္ဒဂုတ္တထေရ်ကြီးကြပ်၍ အသောကာရုံကျောင်းတော်ကြီးကို ဆောက်လုပ်ရာ၌ လာသော ဧဝံပိ တီဟိ သံဝစ္ဆရေဟိ ဝိဟာရ-ကမ္မံ နိဋ္ဌာပေသိ ဟူသောပုံစံကို ကြိယာဒန္ဓာ ပဝဂ္ဂ-ဟု ဆိုသင့်၏။

**သဏ္ဍတ၌ကား** "ဖလပ္ပတ္တိယံ ကြိယာပရိသမပတ္တိ အပဝဂ္ဂေါ" ဟူသောကြောင့် လျင်မြန် သည်ဖြစ်စေ, နှေးသည်ဖြစ်စေ ပြုလုပ်အပ်သော ကြိယာပြီးဆုံးလျှင် "မာသေန သံဝစ္ဆရေန ဝါ ဗျာကရဏံ အဓီတံ"- ဟု ကြိယာပဝဂ္ဂ၌ တတိယာ မပြီးဆုံးလျှင် "မာသမဓီတံ ဗျာကရဏံ၊ န စ တေန ဂဟိတံ"- ဟု အစ္စန္တသံယောဂ၌ ဒုတိယာသက်၏။

အသိနာ၊ သန်လျက်ဖြင့်။ ဝါ၊ ဝါစာယ၊ နှုတ်ဖြင့်။ ကလဟော၊ ငြင်းခုံခိုက်ရန်ဖြစ်ခြင်း။ ကာဠီ၊ ကျွန်မကာဠီသည်။ ဘိန္နေန သီသေန၊ ကွဲသောဦးခေါင်းဖြင့်။ ပဂ္ဃရိတေန လောဟိတေန၊ ယိုသောသွေးဖြင့်။ ပဋိဝိသကေ၊ တို့ကို။ ဥဇ္ဈာပေတိ၊ ၏။ မာသေန၊ တစ်လဖြင့်။ ပုဗ္ဗော၊ ရှေ့ကျ၍ ကြီး၏။

(နိပါတယောဂ, ပဋိကွေပ, သဒိသ, သမာ, ဥန, မိဿက, နိပုဏ, သခိလ, ကာလ, ကုဆ္တိ တင်္ အနက်တို့ကိုလည်း ဉာဉ်ထုတ်သေး၏။ သဟာဒိယောဂ-စသော ထိုထိုအရာ၌ ဝင်လေပြီ)။

(၅၉၆) အန္နေန၊ စားရလတ္တံ့သောထမင်းကြောင့်။ ဝသတိ၊ နေလင့်၏။

စ-သဒ္ဒါ ယောဂကိုင်၏။ ကေန ဟေတုနာ၊ တေန နိမိတ္တေန။ ပုံစံ။

(၅၉၇) **သတ္ထာမျ'တ္တေ စ။** သတ္ထာမျတ္တေ စ၊ သတ္ထာမိ၏ အနက်၌လည်း။ တတိယာ၊ သည်။ ဟောတိ၊ ၏။

**စ-သဒ္ဒါ သမုစ္စည်း။** ကာလ'ဒ္ဓါန, ဒိသာ, ဒေသ, စသည်တို့၌သက်သည်ကို ဆည်း၏။

တေန သမယေန၊ ကာလေန ဓမ္မ'ဿဝဏံ၊ သော ဝေါ မမ'စ္စယေန သတ္ထာ၊ မာသေန ဘုဥ္စတိ။ ၄။ ယောဇနေန ဓာဝတိ၊ ပုရတ္ထိမေန ဓတရဋ္ဌော၊ ပုရတ္ထိမေန ဂါမံ၊ ယေန ဘဂဝါ တေ'နုပသင်္ကမိ။ ပုံစံ။

(၅၉၈) **ယေန'ဂ် ဝိကာရော။** ယေန အင်္ဂေန၊ အကြင်အစိတ်ဖြင့်။ အင်္ဂ-ဝိကာရော၊ အပေါင်း၏ ဖောက်ပြန်ခြင်းကို။ လက္ခီယတေ၊ မှတ်အပ်၏။ တတ္ထ၊ ထိုအစိတ်၌။ တတိယာ၊ သည်။ ဟောတိ၊ ၏။

အက္ခိနာ ကာဏော။ ပုံစံ။

---

ကေန ဟေတုနာ၊ အဘယ်အကြောင်းကြောင့်။ ဝသတိ၊ နည်း။ တေန နိမိတ္တေန၊ ထိုအကြောင်း ကြောင့်။ ဝသတိ၊ ၏။

(ရူပသိဒ္ဓိ(၁၄၉)၌ န ဇစ္စာ ဝသလော ဟောတိ။ ဒါနေန ဘောဂဝါ။ ကေန ပါဏံ ကာမဒဒေါ။ စသည်တို့ကိုလည်းထုတ်၏။ ဟိတ်ကား အကျိုးရှေ့။ ကာရဏကား အကြောင်းရှေ့ဟု-ပြောဆိုရိုး အထူးမထင်ပြီ။ ထို့ကြောင့် တတိယာ, ပဥ္စမီစသော ဝိဘတ်အမျိုးမျိုးသက်ရသော ဟိတ်မျိုးကို ဒူရန္တိသုတ်၌လာသော အနိယတဟိတ်လေးမျိုး၌သွင်းရလျှင် သင့်လျော်ရာ၏။

(၅၉၇) တေန သမယေန၊ ထိုအခါ၌။ ဝိဟရတိ၊ ၏။ ကာလေန၊ သင့်တင့်သောအခါ၌။ ဓမ္မ'ဿဝဏံ၊ တရားနာခြင်း။ သော၊ ထိုဓမ္မဝိနယသည်။ မမ၊ ၏။ အစ္စယေန၊ ပရိနိဗ္ဗာန်စံလွန်သော နောက်အခါ၌။ ဝေါ၊ သင်တို့၏။ သတ္ထာ၊ ဆရာတည်း။ မာသေန၊ တစ်လ၌။ ယောဇနေန၊ တစ်ယူဇနာ၌။ ပုရတ္ထိမေန၊ မြင့်မိုရ်တောင်၏ အရှေ့မျက်နှာ၌။ ဓတရဋ္ဌော၊ ဂန္ဓဗ္ဗတို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်းသည်။ တိဋ္ဌတိ၊ ၏။ ဂါမံ၊ ရွာမှ။ ပုရတ္ထိမေန၊ အရှေ့အရပ်၌။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ ၌။ ဝါ၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လေပြီ။ (ကာလဒ္ဓါနဒိသာဒေသာဒိသု စာယံ။ ရူ၊ ၁၄၉)။

(၅၉၈) အက္ခိနာ၊ မျက်စေ့ဖြင့်။ ကာဏော၊ ကန်းသသူ။

(ပါဒေန ခဥ္ဇော၊ ဟတ္ထေန ကုဏီ။ ပိဋ္ဌိယာ ခုဇ္ဇော-စသည်ကိုလည်းထုတ်။ ဤအင်္ဂဝိကာရ ကို ကုစ္ဆိတင်္ဂဟူ၍လည်း ခေါ်ကြ၏။ ကာဠီ ဘိန္နေန သီသေန ပဂ္ဃရန္တေန လောဟိတေန ပဋိဝိသကေ ဥဇ္ဈပေတိ-စသော ဣတ္ထမ္ဘူတလက္ခဏာသည်လည်း။ ဗျာဓိမန္တအင်္ဂါ တူသောကြောင့် ဤအင်္ဂဝိကာရသို့ ဝင်၍ ဤသုတ်ဖြင့်ပင် ပြီးသည်ဟုဆိုသင့်၏။ အထူးကား တစ်ပုဒ်နှင့်နှစ်ပုဒ်ထူးသည်ဟု ဆိုကြ၏။

(၁၉၉) **ဝိသေသနေ စ။** ဝိသေသနေ စ၊ ဇာတိ, ဂေါတ္တ, နာမ, သိပ္ပ, ဝယ, တပဂုဏ်, စသော ဘိန္နာဓိကရဏဝိသေသန အနက်၌လည်း။ တတိယာ၊ သည်။ ဟောတိ၊ ၏။

၁။ တ'ဒဟု ပဗ္ဗဇိတော သန္တော၊ ဇာတိယာ သတ္တ-ဝဿိကော။
သောပိ မံ အနုသာသေယျ၊ သမ္ပဋိစ္ဆာမိ မတ္ထကေ။ ။

၂။ ဇာတိယာ ခတ္တိယော ဗုဒ္ဓေါ၊ ဂေါတ္တေန ဂေါတမော မုနိ။
နာမေန သာရိ-ပုတ္တော သော၊ သိပ္ပေန နဠကာရကော။ ။

၃။ ဧကူနတ္တိံသော ဝယသာ၊ တပသာ ဥတ္တမော ဣသိ။
သုဝဏ္ဏေနာ'ဘိရူပေါ သော၊ ကိံ တေ အဇိန-သာဋိယာ။ ။

---

ဥက္ခိတ္တကာယာတိ ဥက္ခေပေန။ ဣတ္ထမ္ဘူတ-လက္ခဏေ ကရဏဝစနံ၊ တိဒဏ္ဍကေန ပရိဗ္ဗာဇက'မဒ္ဒက္ခိ-စသည်၌ တစ်ပုဒ်တည်းလည်း ရှိသည်ပင်။ တိ'ဒဏ္ဍကေန၊ မြင့်သော သစ်သီးမှည့်ကို ချူသောအခါ တက်ဖို့ရာ သုံးချောင်းထောက်ခွေးခြေဖြင့်။ လက္ခိတံ၊ သော၊ ပရိဗ္ဗာဇကံ၊ ပရိဗိုဇ်ရဟန်းကို။ အဒ္ဒက္ခိ၊ မြင်ပြီ။ (အနက်ပေး)။ ဒြဗ်တူဒြဗ်ပြားဟူ၍လည်း ဆိုကြ၏။ ပုဂ္ဂိုလ်ဆောင်ရွက်သမျှ အတူတကွ ပါသော အဝတ်, သင်္ကန်း, နားပန်း, လက်စွပ်, လည်ဝတ်, ခွေးခြေ, စသည်ကို အစိတ်အင်္ဂါဟု ဆိုသင့်ရာ၏။ အင်္ဂဝိကာရ၌အဆိုးဖောက်ပြန်သည်။ ဣတ္ထမ္ဘူတလက္ခဏ၌ အကောင်း, အဆိုး, ကြား, သုံးပါး ဖောက်ပြန်သည်။ ဤသို့ထူးသည်ဟုဆိုရန်ရှိ၏။ အက္ခိနာ ကာဏော-ကဲ့သို့ အက္ခိနာ သောဘနော ပုရိသော-ဟု အကောင်းလည်း ရှိသင့်သည်ပင်။ ၎င်းကို တပသာ ဥတ္တမော-ကဲ့သို့ ဝိသေသန ဆိုငြားအံ့။ အက္ခိနာ ကာဏော-လည်း ဝိသေသနသဘော ရှိသည်ဖြစ်၍ ဒြဗ်အထည်မရှိလျှင် ဝိသေသ န၊ ရှိလျှင် အင်္ဂဝိကာရ။ ဟု အထူးကြံသင့်၏။ ကြံကြလေကုန်)။

(၁၉၉) ၁။ တဒဟု၊ ထိုနေ့၌။ ပဗ္ဗဇိတော၊ ရှင်ပြုစသည်။ သန္တော၊ ဖြစ်၍။ ဇာတိယာ၊ မွေးဖွားသောအားဖြင့်။ သတ္တ-ဝဿိကော၊ ခုနစ်နှစ်ရွယ်သာ ရှိသေးသော။ သောပိ၊ ထိုကဲ့သို့သော သာမဏေငယ်သည်သော်လည်း။ မံ၊ ငါသာရိပုတြာကို။ အနုသာသေယျ၊ ဆုံးမသည်ဖြစ်အံ့။ မတ္ထကေ၊ ဦးခေါင်းဖြင့်။ သမ္ပဋိစ္ဆာမိ၊ တင်ရွက်ခံယူအံ့။

၂။ ဗုဒ္ဓေါ၊ သည်။ ဇာတိယာ၊ ဇာတ်အားဖြင့်။ ခတ္တိယော၊ မင်းမျိုးတည်း။ မုနိ၊ ဘုရားသည်။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ ဂေါတမော၊ ဂေါတမမည်တော်ရှိ၏။ သော၊ ထိုဥပတိဿထေရ်သည်။ နာမေန၊ အားဖြင့်။ သာရိ-ပုတ္တော၊ ရှိ၏။ သိပ္ပေန၊ အတတ်အားဖြင့်။ နဠ-ကာရကော၊ ကျူထရံသည် တည်း။

၃။ ဝယသာ၊ အရွယ်အားဖြင့်။ ဧကူနတ္တိံသော၊ နှစ်ဆဲ့ကိုးနှစ်တည်း။ တပသာ၊ အားဖြင့်။ ဥတ္တမော၊ မြတ်သော။ ဣသိ၊ ရသေ့တည်း။ သော၊ ထိုသူသည်။ သုဝဏ္ဏေန၊ ကောင်းမွန်ဝါဝင်းသော အဆင်းဖြင့်။ အဘိရူပေါ၊ လွန်သောအဆင်းရှိ၏။ တေ၊ သင်ရသေ့စဉ်းလဲအား။ အဇိန'သာဋိယာ၊ သူတော်ဂုဏ်နေ, သစ်နက်ရေအဝတ်ဖြင့်။ ကိံ၊ ဘယ်အကျိုးရှိလိမ့်နည်း။

၄။ **အလံ တေ ဣဓ ဝါသေန၊ ဥနော ကဟာပဏေန သော။**
**နိပုဏော စ အာစာရေန၊ ဝါစာယ သခိလော စ သော။ ။**

၅။ **ပကတိယာ အဘိရူပေါ၊ ယေဘုယျေန’ပသက်မုံ။**
**သမေန ဓာဝတိ ဝိသမေန စ၊ သဟဿေန အဿကေ ဝိက္ကိဏာတိ။ ။ပုံစံ။**

စ-သဒ္ဒဂ္ဂဟဏံ တတိယာ’ဂ္ဂဟဏာနု’ကမုနတ္ထံ။ (ကစ္စည်း)။ စသဒ္ဒေန ပကတိ’ အာဒီဟိ စ။ (ရူ။ ညသ်)။

(၆၀၀) **သမ္ဗဒါနေ စတုတ္ထီ။** သမ္ပဒါနေ၊ သမ္ပဒါနကာရကၝ်။ စတုတ္ထီ၊ စတုတ္ထီဝိဘတ် သည်။ ဟောတိ၊ ၏။

သမဏဿ ဒါတာ စီဝရဿ။ ပုံစံ။

(၆၀၁) **နမော-ယောဂါ’ဒီသွပိ စ။** နမော-ယောဂါ’ဒီသုအပိ စ၊ နမော, သွတ္ထိ, သောတ္ထိ, သုဝတ္ထိ, သွာဂတ-သဒ္ဒါတို့နှင့် ယှဉ်ရာစသည်တို့၌လည်း။ စတုတ္ထီ၊ သည်။ ဟောတိ၊ ၏။

ဝိပဿိဿ စ နမတ္ထု၊ နမော ကရောဟိ နာဂဿ၊ သွတ္ထိ ပဇာနံ၊ သောတ္ထိ တေ၊ သုဝတ္ထိ ဟောတု၊ သွာဂတံ တေ မဟာ-ရာဇ။ ပုံစံ။

---

၄။ တေ၊ သင်အား။ ဣဓ၊ ဤရွာဤကျောင်း၌။ ဝါသေန၊ နေခြင်းဖြင့်။ အလံ၊ အကျိုးမရှိ။ သော ဘာရော၊ ထိုချိန်ဝန်သည်။ ကဟာပဏေန၊ အချိန်တစ်ကျပ်ဖြင့်။ ဥနော၊ ယုတ်လျော့၏။ သော၊ ထိုသူသည်။ အာစာရေန၊ အကျင့်အားဖြင့်။ နိပုဏော စ၊ သိမ်လည်းသိမ်မွေ့၏။ ဝါစာယ၊ နှုတ်ဖြင့်။ သခိလော စ၊ ပြေလည်းပြေ၏။

၅။ ပကတိယာ၊ နဂိုရ်အားဖြင့်။ အဘိရူပေါ၊ ၏။ ယေဘုယျေန၊ အားဖြင့်။ ဥပသက်မုံ၊ ချဉ်းကပ်ကုန်ပြီ။ သမေန၊ ညီညွတ်သဖြင့်ရင်း။ ဝိသမေန စ၊ သဖြင့်ရင်း။ ဓာဝတိ၊ ပြေးသွား၏။ သဟဿေန၊ တစ်ထောင်ဖြင့်။ အဿကေ၊ မြင်းတို့ကို။ ဝိက္ကိဏာတိ၊ ရောင်း၏။

(ညသ်, ရူပသိဒ္ဓိ-တို့၌ အထပ်ထပ်လာသည်ကို သင့်လျော်အံ့ထင်ရာ သုတ်တို့၌ထည့်သွင်း၍ ထုတ်အပ်သတည်း)။

(၆၀၁) ဝိပဿိဿ စ၊ အားလည်း။ ဝါ၊ ကိုလည်း။ နမော၊ ရှိခိုးဦးညွတ်ခြင်းသည်။ ဝါ၊ ကို။ အတ္ထု၊ ဝမ်းမြောက်ကြည်သာဖြစ်ပါ၏။ ဝါ၊ ပြုပါ၏။

(အတ္ထိကဲ့သို့ အတ္ထုလည်းအဗျယရှိ၏။ အနုညာ, ပသံသာ, ပဟာဿ, အင်္ဂီကာရ စသည်၌ဖြစ်သည်ဟူ၏။

**အပိ-သဒ္ဒါ သမ္ဗိဏ္ဍနု၊ စ-သဒ္ဒါ စတုတ္ထီကိုင်၏။**

(၆၀၂) **အပါဒါနေ ပဉ္စမီ။** အပါဒါနေ၊ အပါဒါနကာရကၥ၌။ ပဉ္စမီ၊ ပဉ္စမီဝိဘတ်သည်။ ဟောတိ၊ ၏။

ပါပါ စိတ္တံ နိဝါရယေ၊ အဟ္မာ မုတ္တော'ဝ စန္ဒိမာ။ ပုံစံ။

(၆၀၃) **ကာရဏတ္ထေ စ။** ကာရဏတ္ထေ စ၊ ဇနကဟိတ်အနက်၌လည်း။ ပဉ္စမီ၊ သည်။ ဟောတိ၊ ၏။

စတုန္နံ ဘိက္ခဝေ အရိယ-သစ္စာနံ အနနုဗောဓာ အ'ပ္ပဋိဝေဓာ ဧဝ'မိဒံ ဒီဃ'မဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမ'ဥ္စေ'ဝ တုမှာက'ဥ္စ၊ အဝိဇ္ဇာ-ပစ္စယာ သင်္ခါရာ။ ပုံစံ။

**စ-သဒ္ဒါ ပဉ္စမီကိုင်၏။**

---

သက္ကတ၊ အာချာတ်ပုဒ်ယူ၍ အတ္ထု၊ ဖြစ်စေသတည်း- ဟု ပေးသောအနက်ကား အဟုတ် ရှိခိုးရာမကျ။ ရှိခိုးရအောင် တောင့်တရုံသာ အနက်ရ၏)။

နာဂဿ၊ ရဟန္တာအား။ ဝါ၊ ကို။ နမော၊ ကို။ ကရောဟိ၊ ပြုလော့။

(နမောသဒ္ဒါ ဘာဝရုပ်နိပါတ်ပုဒ်တည်း။ ထို့ကြောင့်

❀ **ဘာဝသာဓနေ၊ ယှဉ်လတ်က၊ ကမ္မတ္ထ စတုတ္ထီ၊ ဆဋ္ဌီ။** ဟူ၍ ဆိုသင့်၏)။

ပဇာနံ၊ သတ္တဝါတို့အား။ သွတ္ထိ၊ သု-အတ္ထိ၊ ငြိမ်းချမ်း အေးမြခြင်းသည်။ ဟောတု၊ တည်း။

(သောတ္ထိ, သုဝတ္ထိ-ပုဒ်တို့လည်း နည်းတူ။ ခေမ, ပုည, အာသီသ-အနက်စသည်၌ဖြစ်သော အဗျယပုဒ်)။

မဟာရာဇ၊ မင်းမြတ်။ တေ၊ ၏။ အာဂတံ၊ ရောက်လာခြင်းသည်။ တေ၊ အား။ သွာဂတံ၊ ကောင်းသောရောက်လာခြင်းဖြစ်ပေ၏။

(၆၀၃) ဘိက္ခဝေ၊ တို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယ-သစ္စာနံ၊ အရိယာဖြစ်ကြောင်း သစ္စာတို့ကို။ အနနုဗောဓာ၊ လောကီဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့်။ အ'ပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် မဖောက်ထွင်းနိုင်ခြင်းကြောင့်။ ဝါ၊ သိခြင်း ဖောက်ထွင်းခြင်း၏ ဆန့်ကျင်ဘက် အဝိဇ္ဇာကြောင့်။ ဧဝံ ဒီဃံ၊ ဤသို့စဉ်, အနမတဂ္ဂ ရှည်လျားလှစွာသော။ ဣဒံ အဒ္ဓါနံ၊ ဤသံသရာကာလ အခွန့်ပတ်လုံး။ မမဉ္စေဝ၊ ငါဘုရား၏ရင်း။ တုမှာကဉ္စ၊ တို့၏ရင်း။ သန္ဓာဝိတံ၊ ပြေးသွားရခြင်းသည်။ သံသရိတံ၊ တပြောင်းပြန် ပြန်ကျင်လည်ရခြင်းသည်။ အဟု၊ ဖြစ်လှပြီ။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်း-ကြောင့်။ သင်္ခါရာ၊ ကုသလာ ကုသလ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။

(၆၀၄) **ကမ္မ'တ္ထေ ဒုတိယာ။** ကမ္မတ္ထေ၊ အဝုတ္တကံအနက်၌။ ဒုတိယာ၊ ဒုတိယာဝိဘတ်သည်။ ဟောတိ၊ ၏။

ဂဝံ ဟနတိ၊ ဝီဟယော လုနာတိ၊ ဂါဝိံ ခီရံ ဒုဟတိ၊ အဇံ ဂါမံ နေတိ၊ သုဝဏ္ဏံ ကဋကံ ကရောတိ။ ပုံစံ။

၁။ ကြိယာဝိသေသနံ ကတ္တု-ကမ္မတ္ထေ တိဋ္ဌတေ တတော။
သိဒ္ဓံ ဧျာယေန တံ တသ္မာ၊ န တံ ဒုတ္တံ ဝိသုံ ဝိဓိ။ ။ (ဘေဒစိန္တာ၊ ၃၀၃။)

၂။ မုဒုံ ပစ္စတိ ဣစ္စ'တြ၊ ပစနံ ဘဝတိ'တိ စ။
သုခံ သယတိ ဣစ္စ'တြ၊ ကရောတိ သယနံ'ဣတိ စ။ ။ (ဘေဒစိန္တာ၊ ၃၀၄။)

---

(ကရောတိ အတ္တနော ဖလန္တိ ကာရဏံ။ ကာရဏဟေတု ဇနကဟေတု။ ဝိကပ္ပေ နာ'ယံ။ ဟေတွတ္ထေ တတိယာယ စ ဝိဟိတတ္တာ။ ရူ၊ ၁၆၅)။

(၆၀၄) သုဝဏ္ဏံ၊ ကို။ ကဋကံ၊ လက်ကောက်ကို။ ကရောတိ၊ ၏။

(နိယုရော ဝလယော နိတ္ထီ၊ ကဋကံ ပရိဟာရကံ။ လက်ကောက်ပရိယာယ်။ ကဋ္ဌော ဂတိဝဿာဝရေ။ ဏွု။ ပုဒ်စစ်၌ ကဍုကံ -ဟု-ဉသရနှင့် ပါ၍ပျက်၏။ ကရဓာတ်ကား ဧျာဒိ, ဒုဟာဒိ နှစ်ဂိုဏ်း၌ မပါဘဲလျက် ယေဘုယျအားဖြင့် ဒွိကမ္မကဟူ၏။ ကြိယာဝိသေသနအနက်၌ဒုတိယာလည်း သက်ရသော ကြောင့် ဤ၌သွင်း၍ဆိုသည်)။

၁။ ကြိယာဝိသေသနံ၊ သည်။ ကတ္တု-ကမ္မတ္ထေ၊ ကတ္တားအဖြစ်, ကံအဖြစ်၌။ တိဋ္ဌတေ၊ ၏။ တတော၊ ထို့ကြောင့်။ တံ၊ ထိုကြိယာဝိသေသနသည်။ ဧျာယေန၊ ကတ္တားသဘော, ကံသဘော အသင့်ယုတ္တိ အားဖြင့်။ သိဒ္ဓံ၊ လိင်္ဂတ္ထေ ပထမာ, ကမ္မတ္ထေ ဒုတိယာ-သုတ်တို့ဖြင့် ပြီး၏။ တသ္မာ၊ ကြောင့်။ တဒုတ္တံ၊ ထိုကြိယာဝိသေသနအကျိုးငှာ။ ဝိသုံ၊ အသီး။ ဝိဓိ၊ ဝိဘတ်သက်သော ဝိဓိသုတ်ကို။ န ဝုတ္တော၊ မဆိုအပ်ပြီ။

(ဧျာယဖြင့် ပြီးပုံကား)

၂။ မုဒုံပစ္စတိ ဣစ္စတြ၊ ဤပုံစံ၌။ မုဒုံ၊ နူးညံ့သော။ ပစနံ၊ ကျက်ခြင်းသည်။ ဘဝတိ၊ ၏။ ဣတိ စ၊ ဤသို့ငှင်း။ သုခံ သယတိ ဣစ္စတြ၊ ၌။ သုခံ၊ သော။ သယနံ၊ ကို။ ကရောတိ၊ ပြု၏။ ဣတိ စ၊ ဤသို့ငှင်း။ သိဒ္ဓံ၊ ပြီး၏။

(မုဒုံ၌ နိဂ္ဂဟိတ်လာ ဘူကရာ သဗ္ဗဓာတွတ္ထ- အန္တောဂတာတိ ဇာနိယာ၊ မှတ်။ မုဒုံ ပစ္စတိ ပစနံ ဘဝတိ။ သုခံ သယတိ သယနံ ကရောတိ၊ ဟူ၍လည်းပြန်)။

၃။ ကမ္မ-သဒ္ဒေါ ယထာ ကမ္မေ၊ တထာ ဘာဝေပိ တေန ဝါ။
ကမ္မ-တ္တော'တျော'က-သေသေန၊ ပဒီပ-နယတောပိ ဝါ။ ။(ဘေဒစိန္တာ၊ ၃၀၅။)

၄။ ဗာလာဝတာရ-သမ္မန္ဓ၊ စိန္တာ'ဒီသု နပုံသကံ။
ဒုတိယေ'က-ဝစန'န္တံ၊ ယံ တံ တ'ဂ္ဂတိ တီရိတံ။ ။(ဘေဒစိန္တာ၊ ၃၀၆။)

၅။ သမုဒါယီန'မေကတ္တော၊ ပေက္ခိတေ ပထမာ သိယာ။
ဘေဒတ္တေ တု ဒုတိယာ'တျ၊ တ္ထဗျာချာနေ ဥဒီရိတံ။ ။ (ဘေဒစိန္တာ၊ ၃၀၇။)

---

၃။ ဝါ၊ ကား။ ကမ္မ-သဒ္ဒေါ၊ သည်။ ကမ္မေ ယထာ၊ ကံ၌ကဲ့သို့။ တထာ၊ တူ။ ဘာဝေပိ၊ ဘော၌-လည်း။ ဘဝတိ၊ ၏။ တေန၊ ထို့ကြောင့်။ ကမ္မတ္တော'တိ၊ ကမ္မတ္တော ဒုတိယာ-သုတ်၌။ ဧက-သေသေန ဝါ၊ ဧကသိသ်အားဖြင့်ရင်း။ ပဒီပနယတောပိ ဝါ၊ ပဒီပနည်းအားဖြင့်သော်ရင်း။ သိဒ္ဓံ၊ ဒုတိယာပြီး၏။

(ဤအလို ကရဏံ ကမ္မံ-ပြု၍ မဒ္ဒဝကြိယာ, သုခနကြိယာ, စသည်၌ ဒုတိယာသာသက်၍၊ မုဒုံ, သုခံ-စသည်ပြီး၏)။

၄။ ယံ၊ အကြင် သယနံ, ပစနံ, အစရှိသော ကြိယာပုဒ်သည်။ နပုံသကံ၊ နပုလ္လိင်တည်း။ ဒုတိယေ'က-ဝစနန္တံ၊ ဒုတိယာဧကဝုစ်အဆုံးရှိ၏။ တ'ဂ္ဂတိ၊ ထိုကြိယာပုဒ်၏ အလားကဲ့သို့သော အလားရှိသည်ဖြစ်၍။ တံ၊ ထိုကြိယာဝိသေသနကို။ ဗာလာဝတာရ-သမ္မန္ဓစိန္တာဒီသု၊ တို့၌။ နပုံသကံ၊ ဟူ၍။ ဒုတိယေ'က'ဝစနန္တံ၊ ဟူ၍။ ဤရိတံ၊ ဆိုအပ်၏။

(ကြိယာဝိသေသနံ ယာဝ၊ တံ သဗ္ဗံ ဟိ နပုံသကေ။
သိယာ စ ဧကဝစနံ၊ ယထာ ဘိက္ခူ သုခံ ဠိတာ။
ဗာလာဝတာရ၊ ဤအလို ဒုတိယာသာ သက်ရ၏)။

၅။ သမုဒါယီနံ၊ မုဒုံ, ပစနံ-စသော အစိတ်ကြိယာတို့၏။ ဧကတ္တော၊ တုလျာ ဓိကရဏဖြစ်၍ တစ်ခုတည်းအဖြစ်ကို။ အပေက္ခိတေ၊ ငဲ့အပ်သည်ရှိသော်။ ပထမာ၊ သည်။ သိယာ၊ ၏။ ဘေဒတ္တေ၊ ကွဲပြားသည့်အဖြစ်ကို။ အပေက္ခိတေ တု၊ ငဲ့အပ်မူကား။ ဒုတိယာ၊ သည်။ သိယာ၊ ၏။ ဣတိ၊ သို့။ အတ္ထဗျာချာနေ၊ အတ္ထဗျာချာကျမ်း၌။ ဥဒီရိတံ၊ ဆိုအပ်၏။

(ဝိသေသျ-တဗ္ဗိသေသာန'- မ ဘေဒတ္တ-မပေက္ခတိ။
ယဒါ လိင်္ဂတ္ထ-မတ္တတ္တာ၊ တဒေ'တ္ထပထမာ သိယာ။ ။

ယဒါ'ပေက္ခတိ ဘေဒတ္တံ၊ တဒါ တဿ'ဂ်ဘာဝတော။
ဒုတိယာ စ တဒေ'ကတ္တာ၊ သဒေ'က-ဝစနံ သိယာ။ ။

၆။ ဓာတုဝိသေသနံ သတ္တေ၊ ဘာဝေ နပုံသက-န္တိ’ခ။
ဒွေ ဝါ’လပနံ ဗဟိဒ္ဓါ၊ အဗဟိဒ္ဓါ မုဒါ’ဒိ’တိ။ ။

၇။ တတိယ’န္တံ ဆဋ္ဌျ’န္တ န္တိ၊ ကြိယာဝိသေသနံ ဒွိဓာ။
ကော’ဟေနေ’ဝ ပါယာသိ၊ ပါဒသု’က္ခိပနန္တိ ဝါ။ ။
❀ ကြိယာဝိသေသန၊ ပေါင်းပဥ္စ၊ အာ, ပ, ဒု, တ, ဆဋ္ဌ။

ဤဒုတိယာသက်သောအရာကား-

* ကမ္မေ သဟတ္ထ-ဆဋ္ဌီသု၊ သတ္တမျံ နေ-ယောဂကေ။
ဝိသေသနေ’စ္စန္တ-သံယောဂေ၊ ကမ္မပ္ပဝစနီယကေ။ ။

ဟူ၍ ဆယ်ဌာနရှိ၏။ ဝိဘတ်သက်ရန် အသီးသီးသုတ်ရှိလေပြီ။

---

ငင်းကို အကျယ်ဆိုပြန်သော ဘေဒစိန္တာ(၃၀၈၊ ၃၀၉)ကို ဒီပနီအဖွင့်လွဲ၏။ အန္တောဂတကြိယာ ကရောတိ ဝင်လျှင် ဒုတိယာ။ ဘဝတိဝင်လျှင် ပထမာသာ ဖြစ်ရသောကြောင့် ဤဝါဒမကောင်း။ လဟုမေဿတိ၊ ဂရုမေဿတိ-၌ မ-အာဂုံကြံသော ကစ္စည်းအလိုလည်း ပထမာကြိယာဝိသေသန ရှိသည်ပင်၊ သက္ကတ၌ကား ဗာလာဝတာရ, သမ္ဗန္ဓစိန္တာတို့ကဲ့သို့ ဒုတိယာသာ)။

၆။ သတ္တေ၊ သက္ကတကျမ်း၌။ ဓာတုဝိသေသနံ၊ ဓာတုဝိသေသနဆို၏။ ဣခ၊ ဤသာသနာ တော်ကျမ်း၌။ ဘာဝေ နပုံသကန္တိ၊ ဘော၌ဖြစ်သော နပုလ္လိင်ဖြစ်၍ ဘာဝနပုံးဟု ဆို၏။ ဝါ၊ ပထမာ, ဒုတိယာမှ တစ်နည်းလည်း။ အာလပနံ၊ အာလုပ်သည်။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓါကြိယာဝိသေသနမည်၏။ မုဒါဒိ၊ မုဒုံ အစရှိသည်သည်။ အဗဟိဒ္ဓါ၊ အဇ္ဈတ္တရကြိယာဝိသေသနမည်၏။ ဣတိ၊ သို့၊ ဒွေ၊ နှစ်ပါးတို့တည်း။

၇။ ဝါ၊ ကား။ ကြိယာဝိသေသနံ၊ သည်။ တတိယ’န္တံ၊ ငင်း။ ဆဋ္ဌျ’န္တံ၊ ငင်း။ ဣတိ၊ သို့။ ဒွိဓာ၊ ၏။ ကော’ဟေနေ’ဝ၊ ဖြင့်သာလျှင်။ ပါယာသိ၊ ၏။ ပါဒဿ၊ ကို။ ဥက္ခိပနံ၊ ကြွခြင်း။ ဣတိ၊ ဤကားပုံစံတည်း။

(ယုပစ္စည်း၌စပ်လျှင် သမ္ဗန်၊ ခိပဓာတ်၌စပ်လျှင် ကြိယာဝိသေသန ဟူကြ၏။ ပေါင်းသော် အာလုပ်, ပထမာ, ဒုတိယာ, တတိယာ, ဆဋ္ဌီ-ဟု ငါးပါးတည်း။ ထိုတွင် ဆဋ္ဌီဝိသေသနကား ယုတ္တိမရှိ။ ဓာတ်၌စပ်သည်ဖြစ်စေ၊ ပစ္စည်း၌စပ်သည်ဖြစ်စေ၊ ခြေ၏ပယောဂကိုယူလျှင် သမ္ဗန်သာ၊ ပုဂ္ဂိုလ်၏ ပယောဂကိုယူလျှင် ဆဋ္ဌီကံသာ ဖြစ်၏။

ဓာတွ’တ္ထာ ပစ္စယတ္ထဿ၊ ဝိသုံ ဘာဝေ အ-ဘာဝတော။
ဓာတွ’တ္ထော’ဝ ပစ္စယေန၊ ဥဒီရိတော’တိ ဘာသိတော။

ဟူသည်နှင့်အညီ၊ ဓာတ်ရ, ပစ္စည်းရ-မကွဲကြပြီ။

* ဒုတိယာ၊ သည်။ ကမ္မေ၊ ကံအနက်၌ငင်း။ သဟတ္ထ-ဆဋ္ဌီသု၊ သဟအနက်, ဆဋ္ဌီဝိဘတ်၏ သမ္ဗန်အနက်, အပါဒါန်အနက်တို့၌ငင်း။ သတ္တမျံ၊ သတ္တမီ၏ အာဓာရအနက်, သမ္ပဒါန်အနက်၌ငင်း။

(၆၀၅) **ကာလ'ဒ္ဓါန-မစ္စန္တ-သံယောဂေ။** ကာလ'ဒ္ဓါနံ၊ ကာလအဓွန့်တို့၏။ အစ္စန္တ-သံယောဂေ၊ ဒြပ်, ဂုဏ်, ကြိယာ-တို့နှင့် မပြတ်ယှဉ်ရာ၌။ ဒုတီယာ၊ သည်။ ဟောတိ၊ ၏။

သတ္တာ'ဟံ ဂဝ-ပါနံ၊ သရဒံ ရမဏီယာ၊ မာသံ သဇ္ဈာယတိ၊ ယော-ာနံ ဝန-ရာဇိ၊ ဂါဝုတံ ဒီဃော၊ ကောသံ ဂါယတိ။ ပုံစံ။

(၆၀၆) **ကမ္မ'ပ္ပဝစနီယ-ယုတ္တေ။** ကမ္မ'ပ္ပဝစနီယ-ယုတ္တေ၊ သကမ္မက ကြိယာကိုဟော တတ်သော ဥပသာရ, နိပါတ်တို့နှင့် ယှဉ်ခြင်းသည်။ သတိ၊ သော်။ ဒုတီယာ၊ သည်။ ဟောတိ၊ ၏။

❀ **အနုပဒံ၊** လက္ခဏံနှင့်၊ ကုတ္ထမ္ဘူတ၊ ချာန, ဝိစ္ဆာ၊ ဘာဂါ, ဟီန၊ သဟတ္ထခြောက်၊ ဖြစ်မြောက် ပတိ၊ ပရိနှစ်မှာ၊ ရှေ့လေးဖြာတည်း၊ ဘိမှာရှေ့ထြိ၊ မီ, ဝိနာယှဉ်၊ စသည်ထင်၊ များဖြင် **ကမ္မပ္ပ ဝစနီယ။**

ပဗ္ဗဇိတ'မနု ပဗ္ဗဇိံသု၊ ပတိ၊ ပရိ၊ အဘိ ပဗ္ဗဇိံသု၊ သူရိယု'ဂ္ဂမနံ အနု၊ ပတိ၊ ပရိ၊ အဘိ ဒိဗ္ဗ-ဘက္ခာ ပါတုဘဝေယျုံ။ (လက္ခဏ)။

သာဓု ဒေဝဒတ္တော မာတရ'မနု၊ ပတိ၊ ပရိ၊ အဘိ၊ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။ (ကုတ္ထမ္ဘူတချာန)။

---

နေ-ယောဂကော၊ နေ-သဒ္ဒါနှင့် ယှဉ်ရာ၌ရင်း။ ဝိသေသနေ၊ ကြိယာဝိသေသနအနက်၌ရင်း။ အစ္စန္တသံယောဂေ၊ ၌ရင်း။ ကမ္မ'ပ္ပဝစနီယကေ၊ ၌ရင်း။ ဣတိ၊ သို့။ ဒသသု၊ ဆယ်ဌာနတို့၌။ ဝတ္တတိ၊ ၏။

(၆၀၅) သတ္တာ'ဟံ၊ ခုနစ်ရက်ပတ်လုံး။ ဂဝ-ပါနံ၊ နွားမှဖြစ်သော သောက်ဖွယ်ပေါ်၏။ သရဒံ၊ သီတင်းကျွတ်, တန်ဆောင်မုန်းဟု, သရဒဥတုပတ်လုံး။ ရမဏီယာ၊ မွေ့လျော်ဖွယ်ရှိသောမြစ်။ မာသံ၊ လုံး။ သဇ္ဈာယတိ၊ ရွတ်အံ၏။ ယောဇနံ၊ တစ်ယူဇနာတိုင်အောင်။ ဝန-ရာဇိ၊ တောရေးတည်၏။ ဂါဝုတံ၊ အသီတိဥတ်, တစ်ဂါဝုတ်တိုင်အောင်။ ဒီဃော၊ ရှည်သောတောင်။ ကောသံ၊ ကုလလေးတာ, ငါးရာတိုင်အောင်။ ဂါယတိ၊ သီချင်းဆို၏။ (ကာလ'စ္စန္တသံယောဂသုံး။ အဒ္ဓါန'စ္စန္တသံယောဂသုံး)။

(၆၀၆) ပဗ္ဗဇိတံ၊ တောထွက်သော ဘုရားလောင်းကို။ အနု၊ အမှတ်ပြု၍။ ပတိ၊ ပရိ၊ အဘိ၊ အမှတ်ပြု၍။ ပဗ္ဗဇိံသု၊ တောထွက်ကြကုန်၏။ သူရိယု'ဂ္ဂမနံ၊ နေထွက်ခြင်းကို။ အနု၊ ပတိ၊ ပရိ၊ အဘိ၊ အမှတ်ပြု၍။ ဒိဗ္ဗ-ဘက္ခာ၊ နတ်ဩဇာတို့သည်။ ပါတုဘဝေယျုံ၊ ထင်ရှားပေါ်လာစေကုန်သတည်း။ (အနုစသည်အနက်မဲ့မူ ပဗ္ဗဇိတေ၊ သူရိယုဂ္ဂမနေ၊ သည်။ သတိ၊ သော်-ဟု-ဘာဝလက္ခဏဖြစ်၏)။

ဒေဝဒတ္တော၊ သည်။ မာတရံ ကို။ အနု၊ လျော်စွာလိုက်၍။ ပတိ၊ ရှေးရှုလိုက်၍။ ပရိ၊ သိမ်းပိုက်၍။ အဘိ၊ ရှေးရှုပျပ်ဝပ်၍။ သာဓု၊ အကျင့်ကောင်း၏။ (အနု-စသည်အနက်မဲ့မူ မာတရိ၊ ၌။-ဟု အာဓာရဖြစ်၏)။

အန္ဒဒ္ဓ-မာသံ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ၊ အနုရုက္ခံ၊ ပတိ ရုက္ခံ၊ ပရိ ရုက္ခံ၊ အဘိ ရုက္ခံ စန္ဒော ဝိရောစတိ၊ အတ္ထ'မတ္ထံ ပတိသဒ္ဒေါ နိဝိသတိ။ (ဝိစ္ဆာ)။

ယ'ဒေတ္ထ မံ အနုသိယာ၊ ပတိ၊ ပရိ သိယာ၊ တံ ဒိယတု။ (ဘာဂ)။

အနု သာရိပုတ္တံ ပညဝါ။ (ဟီန)။ နဒိံ အန္ဝ'ဝ-သိတာ ဗာရာဏသီ။ (သဟတ္ထ)။

ဓိ ဗြာဟ္မဏဿ ဟန္တာရံ၊ ဓိ ရတ္ထု' မံ ပူတိ-ကာယံ၊ ဝိနာ အာဟာရံ၊ ဝိနာ သဒ္ဓမ္မံ။ ပုံစံ။

ကရဏံ ကမ္မံ၊ ကမ္မံ ပဝစနီယံ ယေဟိ'တိ ကမ္မပ္ပဝစနီယာ။ ပြု။ ပရသမညာဝသေန ဝါ အန္ဒာ'ဒယော ကမ္မ'ပ္ပဝစနီယ'သညာ။ (ရူ ၁၄၂။ ညသ်)။

---

တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ထိုအရှင်ဂေါတမကို။ အဘိ၊ ရှေးရှုငဲ့၍။ ဧဝံ ကလျာဏော၊ ဤသို့ အရဟတာ-စသည်ဖြင့် ကောင်းမြတ်သော။ ကိတ္တိ-သဒ္ဒေါ၊ ကျော်စောသံသည်။ ဥဂ္ဂတော၊ ဘဝဂ်မဆုံ့ နှံ့၍တက်၏။ (အဘိအနက်မဲ့မူ တဿ ခေါ ပန ဘောတော ဂေါတမဿ၊ ၏-ဟု သမ္ဗန်ဖြစ်၏။ (ဣမံ ပကာရံ ဘူတဿ ပတ္တဿ ကထနံ ဣတ္ထမ္ဘူတချာနံ၊ ပြု)။

အဒ္ဓမာသံ၊ လခွဲကို။ အနု၊ အဖန်တလဲလဲအစဉ်ပြု၍။ ပါတိမောက္ခေ၊ ကို။ ဥဒ္ဒိဿမာနေ၊ ရွတ်ဆိုအပ်သည်ရှိသော်။ (အနုမယှဉ်မူ အဒ္ဓမာသေ အဒ္ဓမာသေ၊ လခွဲတိုင်း လခွဲတိုင်း၌-ဟု အာခေရ ဖြစ်၏)။

ရုက္ခံ၊ ကို။ အနု၊ ပတိ၊ ပရိ၊ အဘိ၊ အပြန့်အနှံ့ပြု၍။ စန္ဒော၊ လသည်။ ဝိရောစတိ၊ ထွန်းလင်း တောက်ပ၏။ (ရုက္ခေ ရုက္ခေ ဝိရောစတိ၊ ဟူလို)။

အတ္ထံ အတ္ထံ၊ အနက်တိုင်း အနက်တိုင်းကို။ ပတိ၊ စွဲ၍။ သဒ္ဒေါ၊ သဒ္ဒါဟူဟူသမျှသည်။ နိဝိသတိ၊ တည်နေရ၏။ (ဤ၌ ပတိ၏ ဝိစ္ဆာမထင်။ ဝိစ္ဆာဖြစ်ပြီး၌သာ ပတိနှင့်ယှဉ်၍ ဒုတိယာသက်ရသည်)။

ဧတ္ထ၊ ဤ-ပစ္စည်းပုံစံ၌။ ယံ ယောဘာဂေါ၊ အကြင်အဖို့သည်။ မံ၊ ငါ့ကို။ အနု၊ လိုက်ငဲ့၍။ ပတိ၊ ရှေးရှု၍။ ပရိ၊ ပိုက်ဘက်ငဲ့ကွက်၍။ သိယာ၊ ရှိရာ၏။ တံ၊ ထိုအဖို့ကို။ သံယော၊ သည်။ ဒိယတု၊ ပေးစေသတည်း။ (ကံဟောလျှင် 'သော သံယေန ဒိယတု ဒိယျတု'-ဟု ထားရ၏)။

ပညဝါ၊ ပညာရှိဟူသမျှသည်။ သာရိပုတ္တံ၊ ကို။ ဝါ၊ အောက်။ အနု၊ ထောက်သော် အောက်ကျ, ယုတ်ညံ့နောက်နေ၏။ ဗာရာဏသီ၊ သည်။ နဒိံ၊ ဂင်္ဂါမြစ်ကို။ ဝါ၊ နှင့်။ အနု၊ အစဉ်လျှောက်လျက်တကွနက်။ အဝ-သိတာ၊ အဝ-ဗဒ္ဓါ၊ တစ်စပ်တည်းတည်၏။ (အနု-မပါမူ ဗာရာဏသိယာနှင့်တကွ-ဟု သဟတ္ထ ဖြစ်၏)။

ဗြာဟ္မဏဿ၊ ရဟန္တာကို။ ဟန္တာရံ၊ ညှဉ်းဆဲပုတ်ခတ်, သတ်သသူကို။ ဓိ၊ စက်ဆုပ်၏။ ဣမံ ပူတိကာယံ၊ ဤကိုယ်ပုပ်ကို။ ဓိ၊ ထွီထွီထွေးသည်။ အတ္ထု၊ ဖြစ်၏။ အာဟာရံ၊ ကို။ သဒ္ဓမ္မံ၊ ကို။ ဝိနာ၊ ၍။

(၆၀၇) **ဂတိ–ဗုဒ္ဓိ–ဘုဇ–ပဌ–ဟရ–ကရ–သယာ'ဒီနံ ကာရိတေ ဝါ။** ဂတိ-ဗုဒ္ဓိ-ဘုဇ-ပဌ-ဟရ-ကရ-သယာ'ဒီနံ၊ သွားခြင်း, သိခြင်း, စားခြင်း, ရွတ်ဆိုခြင်း အနက်ရှိသောဓာတ်၊ ဟရဓာတ်, ကရဓာတ်, သီ-အစရှိသော အကမ္မကဓာတ်တို့၏။ ကာရိတေ၊ ကာရိတ်ပစ္စည်းနှင့် ယှဉ်ခြင်းသည်။ သတိ၊ သော်။ ကမ္မနိ၊ သုဒ္ဓကတ္တားဖြစ်သော ကာရိတ်ကံ၌။ ဒုတိယာ၊ သည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဘိက္ခု ဇနံ ဂါမံ ဂါမေတိ၊ ဓမ္မံ ဗောဓေတိ၊ ဘတ္တံ ဘောဇေတိ၊ ပါဠိံ ပါဌေတိ၊ ဘာရံ ဟာရယတိ၊ ကမ္မံ ကာရာပေတိ' သယာပယတိ၊ ဇနေန ဝါ ဇနဿ ဝါ။ ပုံစံ။

(၆၀၈) **သာမိသ္မိံ ဆဋ္ဌီ။** သာမိသ္မိံ၊ သမ္ဗန်အနက်၌။ ဆဋ္ဌီ၊ ဆဋ္ဌီဝိဘတ်သည်။ ဟောတိ၊ ၏။

---

(မဇ္ဈံ သဟသာ အဘိနိသီဒတိ မဇ္ဈံ သဟသာ အဘိဘဝိတွာ အဇ္ဈောတ္ထရိတွာ နိသီဒတိ။ ဘုမ္မတ္ထေ ဝါ ဧတံ ဥပယောဂ-ဝစနံ။ မဇ္ဈေ နိသီဒတီတိ အတ္ထော၊ အဘီတိ က္ကဒံ ပန ပဒသောဘနတ္ထံ ဥပသဂ္ဂ-မတ္တမေဝ။

ပါစိတ်အဋ္ဌကထာနှင့် အညီ အနက်ပေးသည်။ ထို့ကြောင့် ကမ္မပ္ပဝစနီယ, ဟူရာ၌ ကမ္မံ၏အရကို ကံကိုရင်း သကမ္မကကြိယာကိုရင်း ယူ၍- ယေဟိ၊ အကြင် ဥပသာရ, နိပါတ်တို့သည်။ ကမ္မံ၊ သကမ္မက ကြိယာကို။ ဝါ၊ ကံကို။ ပဝစနီယံ၊ ဟောအပ်ဖြစ်စေအပ်၏။-ဟု အနက်ပေးသင့်၏။ ကံ, ကြိယာ မရနိုင်မူ ပရသမညာ, ရူဠှီသညာ-ဟု မှတ်အပ်၏)။

(၆၀၇) ဂတိဗုဒ္ဓိ, သုတ်သည် ကမ္မတ္ထေ ဒုတိယာ-သုတ်ဖြင့် ရောက်လာသော ဒုတိယာ ဝိဘတ်-ကို ဝိကပ်အားဖြင့် ဤဓာတ်များ၌ ဆို့ပိတ်၍ ကတ္တရိ စ-သုတ်ကို ခွင့်ပေးသည်။ တစ်နည်းလည်း ကာရိတ်ယှဉ်ရာ ဓာတ်ကတ္တား၌ တတိယာဝိဘတ်သက်သော ကတ္တရိ စ, သုတ်ကို ဤအနည်းငယ်မျှ သောဓာတ်၌ တားမြစ်၍ ကမ္မတ္ထေ ဒုတိယာ-သုတ်ကို ဝိကပ် ခွင့်ပြုသည်။

အဘိဟိတေ န ဘဝတိ၊ ပုရိသေန ပုရိသော ဂါမံ ဂါမိယတေ၊ သိဿော ဓမ္မံ ဗောဓိယတေ က္ကစ္စာဒိ။ (ရူပသိဒ္ဓိ၊၁၄၁)။ ကာရိတာနံ သကံ ကမ္မံ-ဟူသည်နှင့် ညီ၏။ အောက်၌ဆိုခဲ့ပြီ။

(၆၀၈) (သမ္ဗန်သည် သံ၊ သာမီ၊ သမီပ၊ သမူဟ၊ အဝယဝ၊ ဝိကာရ၊ ဌာန၊ သမ္ဗန္ဓ၊ ဝေသ၊ အာကတိ၊ ဗျာဓိ၊ သစ္စ၊ ကလိက၊ သုကဋ္ဋ၊ ဒုက္ကဋ္ဋ၊ ပရိမာဏ၊ ပူရဏ၊ ဂုဏ၊ သုတိတတ္ထ၊ အန္တ၊ အဗျယ၊ တဗ္ဗ၊ ဇနန၊ မရဏ၊ အာဝရဏ၊ သုခ၊ ဒုက္ခ၊ ရောဟဏ၊ ရောပဏ၊ ဆေဒန၊ ကဿန၊ လေခန၊ သဒ်ါရ၊ ဆာယာ၊ ဥပလဒ္ဓိ၊ သန္တနသမ္ဗန်-စသည်ဖြင့် များစွာ ညသ်၌လာ၏)။

(၆၀၉) **ဩကာသေ သတ္တမီ။** ဩကာသေ၊ ဩကာသ ကာရကဝ်၌။ သတ္တမီ၊ သတ္တမီ ဝိဘတ်သည်။ ဟောတိ၊ ၏။

(ဤနှစ်သုတ် ပုံစံကို အောက်၌ အကျယ်ဆိုခဲ့ပြီ)။

၁။ ဘုမ္မေ သာမိ'ဿရာ'ဓိသု၊ နိဒ္ဓါရဏေ စ'နာဒရေ။
ကမ္မေ ကရဏေ နိမိတ္တေ၊ သမ္ပဒါနာ'ဝဓိသု စ။ ။

၂။ မဏ္ဍိတု'ဿုက္ကော'ပ'ဇ္ဈာ'ဓိ၊ ကိဿရေ ကာလ-ဘာဝကေ။
ပစ္စတ္တေ စာ'တိ တေ-ဝီသ၊ အတ္ထေ ဝတ္တတိ သတ္တမီ။ ။

(၆၁၀) **သာမိ'ဿရာ'ဓိပတိ-ဒါယာဒ-သက္ခိ-ပတိဘူ-ပသုတ-ကုသလေဟိ စ။** သာမိ။ လ။ ဟိ စ၊ သာမီသဒ္ဒါ, ဣဿရ, အဓိပတိ, ဒါယာဒ, သက္ခိ, ပတိဘူ, ပသုတ, ကုသလ, သဒ္ဒါတို့နှင့် လည်း။ ယုတ္တေ၊ ယှဉ်ရာ၌။ ဆဋ္ဌီ၊ သည်ဝင်း။ သတ္တမီ စ၊ သည်ဝင်း။ ဟောတိ၊ ၏။

ဂေါပေါ ဂဝံ ဂေါသု ဝါ သာမီ၊ ဣဿရော၊ အဓိပတိ၊ ဒါယာဒေါ၊ သက္ခိ၊ ပတိဘူ၊ ပသုတော၊ ကုသလော။ ပုံစံ။

---

(၆၀၉) ၁။ ဘုမ္မေ၊ ဩကာသအနက်၌ဝင်း။ သာမိ'ဿရာဓိသု၊ သာမိ, ဣဿရ-စသည်တို့နှင့် ယှဉ်ရာ ရှစ်ဌာနတိုင်ငင်း။ နိဒ္ဓါရဏေ စ၊ ၌ဝင်း။ အနာဒရေ၊ ၌ဝင်း။ ကမ္မေ၊ ကရဏေ၊ နိမိတ္တေ၊ ၌ဝင်း။ သမ္ပဒါနာ'ဝဓိသု စ၊ တို့၌ဝင်း။

၂။ မဏ္ဍိတု'ဿုက္ကေ၊ မဏ္ဍိတ, ဥဿုက္ကအနက်၌ဝင်း။ ဥပဇ္ဈာဓိကိဿရေ၊ အဓိက, ဣဿရအနက်ဟောဥပ, အဓိ တို့နှင့်ယှဉ်ရာ၌ဝင်း။ ကာလ-ဘာဝကေ၊ ကာလ, ဘာဝအနက်၌ဝင်း။ ပစ္စတ္တေ စ၊ ပထမာဝိဘတ် အရာ၌ဝင်း။ ဣတိ၊ သို့။ တေဝီသ အတ္ထေ၊ နှစ်ဆဲ့သုံးပါးသော အနက်၌။ သတ္တမီ၊ သည်။ ဝတ္တတိ၊ ၏။

(သက်ရန် သုတ်သီးရှိကြပြီ။ ပစ္စတ္တ၌ကား နိဒ္ဓါရဏေ စ-၌ စသဒ္ဒါဖြင့် သက်၊ ဉာသ်အဆို)။

(၆၁၀) ဂေါပေါ၊ နွားကျောင်းသူဌေးသည်။ ဂဝံ၊ နွားတို့၏။ ဝါ၊ ဂေါသု၊ တို့၌။ သာမိ၊ အရှင်တည်း။ ဣဿရော၊ အစိုးရတည်း။ အဓိပတိ၊ အကြီးအကဲတည်း။

(သာမိဿရာဓိပတီန မေကတ္ထတ္တေပိ ပုထဂ္ဂဟဏာတော သာမျတ္ထသဒ္ဒန္တရေန ယောဂေန သိယာ။ တေန ကဏ္ဍော သဗ္ဗေသံ ပတိက္ကတျာဒေါ သမ္ပန္နေ ဆဋ္ဌေဝ)။ (သဏ္ဍတအဆို)။

စ-သဒ္ဒါဖြင့် အာယုတ္တ, နိပုဏ, သာဓု-စသည်တို့ကို ဆည်း၏။ ဂဝံ ဂေါသု ဝါ အာယုတ္တော၊ နိပုဏော၊ သာဓု။ ပုံစံ။

(၆၁၁) **နိဒ္ဓါရဏေ စ။** နိဒ္ဓါရဏေ စ၊ အပေါင်းမှ အစိတ်ကို ထုတ်ခြင်းအနက်၌လည်း။ ဆဋ္ဌီ-သတ္တမီ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

**ဇာတိယာ ဂုဏ-ကြိယာဟိ၊ ဒဗ္ဗ-နာမေဟိ သချ်ယာ။**
**သမူဟတော'ဝယဝဿ၊ နိဒ္ဓါရဏံ ဆဓာ ဘဝေ။ ။**

မနုဿာနံ မနုဿေသု ဝါ ခတ္တိယော သူရတမော၊ ဂါဝီနံ ဂါဝီသု ဝါ ကဏှာ သမ္ပန္န-ခီရတမာ၊ ပထိကာနံ ပထိကေသု ဝါ ဓာဝန္တော သီဃတမော၊ ယောဓာနံ ယောဓေသု ဝါ ဝမ္မိကော သူရတမော၊

---

(ဒါယာဒေါ၊ အမွေခံဆွေမျိုးတည်း။ ပတိဘူ၊ အတူအစားဝန်ခံအမွန်တည်း၊ (ပတိဘူ နာမ ပါဋိဘောဂေါ ပုရိသော' (ရူဋီ)။ ပတိနိဓိ ဘဝတီတိ ပတိဘူ၊ လဂ္ဂနကော၊ ဥဒယော)။ ပသုတော၊ မွေးဖွားသောသားတည်း။ (ဇာတောတျတ္ထော။ သက္ကတ)။ ကုသလော၊ လိမ္မာသောဆရာတည်း။ ဂဝံ၊ တို့၏။ ဝါ၊ ဂေါသု၊ တို့၌။ အာယုတ္တော၊ ပဓာနဝန်ဆောင်တည်း)။

ကုသလာယုတ္တေဟိ ယောဂေ တပ္ပရတ္တေ ဧဝ။ အညတြ ကလာ သုကုသလော သုသိက္ခိတော။ ရထေ အာယုတ္တော ဗဒ္ဓေါ က္လတျာဒီသု သတ္တမျေဝ၊ ဧဝံ နိပုဏသာဓုဟိ ပသံသာယမေဝ။ (သက္ကတ)။

ဂဝံ၊ တို့၏။ ဝါ၊ ဂေါသု၊ တို့၌။ နိပုဏော၊ သိမ်မွေ့စွာ ပြုပြင်တတ်သသူတည်း။ သာဓု၊ အမွေးအမြူကောင်းသသူတည်း။ (ဤအနက်စုကိုထည့်လျှင် သတ္တမျတ္ထ တေဝီသထက် ပိုသေး၏)။

(၆၁၁) ဇာတိယာ၊ ဇာတ်အားဖြင့်၎င်း၊ ဂုဏ-ကြိယာဟိ၊ တို့ဖြင့်၎င်း။ ဒဗ္ဗ-နာမေဟိ၊ တို့ဖြင့်၎င်း။ သချ်ယာ၊ သချ်ာယ၊ သချ်ာအားဖြင့်၎င်း။ သမူဟတော၊ အပေါင်းမှ။ အဝယဝဿ၊ အစိတ်ကို။ နိဒ္ဓါရဏံ၊ ထုတ်ခြင်းနိဒ္ဓါရဏသည်။ ဆဓာ၊ ဇာတိနိဒ္ဓါရဏစသည် ခြောက်ပါးအပြားရှိသည်။ ဘဝေ၊၏။

(ကွဲပြီးကို ခွဲခြင်းသည် ဝိဘတ္တအပါဒါန်။ မကွဲသည်ကို ခွဲခြင်းသည် အဝိဘတ္တဝိဘဇနမည်၏။ နိဒ္ဓါရဏမည်၏။ ထိုနိဒ္ဓါရဏသည် သမ္ပန်ကဲ့သို့ နိဒ္ဓါရဏသမုဒါယ'နိဒ္ဓါရဏီယ ဒြပ်နှစ်ပါး၌မှီ သော်လည်း ရှေ့ပုဒ်၌သာ ဆဋ္ဌီ,သတ္တမီသက်၍ ရှေ့ပုဒ်ကိုသာ နိဒ္ဓါရဏခေါ်၍ စာစပ်ရသည်။ သမ္ပန် နည်းတူ အဆုံးအဖြတ်ကိုမှတ်)။

မနုဿာနံ၊ ဝါ၊ မနုဿေသု၊ တို့တွင်။ ခတ္တိယော၊ မင်းမျိုးသည်။ သူရတမော၊ ရဲလွန်၏။ ကဏှာ၊ နွားနက်မသည်။ သမ္ပန္နခီရတမာ၊ ချိုမြိန်သော နို့ရည်ရှိ၏။

အရဟာတံ အရဟန္တေသု ဝါ အာယသ္မာ အာနန္ဒော အညတရော၊ ဘိက္ခုနံ ဘိက္ခူသု ဝါ ဒွေ တယော သမ္မနိတဗ္ဗာ။ ပုံစံ။

**စ-သဒ္ဒါ သမုစ္စည်း၊ ပဌမတ္ထ၌ သတ္တမီကို ဆည်း၏။**

က္လဒံပိ'ဿ ဟောတိ သီလသ္မိံ။ ပုံစံ။

(၆၁၂) **အနာဒရေ စ။** အနာဒရေ စ၊ မရိုသေခြင်း ကြိယာကိုလည်း။ ဂမျမာနေ၊ သိအပ်သည်ရှိသော်။ အနာဒရိယတော၊ မရိုသေအပ်သော ကြိယာမှ။ ပရံ ၌။ ဆဋ္ဌီ-သတ္တမီ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ ဆဋ္ဌီ, သတ္တမီ တို့ကို ငင်၏။**

ရုဒတော ဒါရကဿ၊ ရုဒတိ ဝါ ဒါရကေ ပဗ္ဗဇတိ ပိတာ။ ပုံစံ။

ဤ၌ အနာဒရ၊ အနာဒရဝန္တ၊ အနာဒရိယ၊ အနာဒရိယဝန္တ လေးပါးခွဲ။

---

ဝမ္မိကော၊ ချပ်မိန်ညိုဝတ်သော သူရဲသည်။ အညရော၊ တစ်ပါးအပါအဝင်တည်း။ ဒွေတယော၊ နှစ်ပါးသုံးပါးတို့ကို၊ သမ္မနိတဗ္ဗာ၊ သမုတ် အပ်ကုန်၏။ (အဖေဂ္ဂုသာရ၌၊ ဒွေ, သချာ, နိဒ္ဓါရဏနှစ်ပါးကို ထည့်သည်)။

က္လဒံပိ၊ ဤတရားသည်လည်း။ အဿ၊ ထိုရဟန်း၏။ သီလသ္မိံ၊ သီလသည်။ ဟောတိ၏။

တတြိဒံ သမန္တပါသာဒိကာယ သမန္တပါသာဒိကသ္မိံ၊ စသည်လည်း နည်းတူ၊ လိင်္ဂတ္ထ၌ သတ္တမီဝိဘတ်ဖောတကမျှသာ။ ဝါစက မတပ်။ ဂါဝီနံသည် နိဒ္ဓါရဏသမုဒါယ။ ကဏှာသည် နိဒ္ဓါရဏီယ၊ ထုတ်ကြောင်း မည်းနက်သော ဂုဏ်သည် နိဒ္ဓါရဏဟေတု။

(၆၁၂) ဒါရကဿ၊ သားငယ်သည်။ ရုဒတော ရုဒန္တဿ၊ ငိုစဉ်။ ဝါ၊ ဒါရကေ၊ သည်။ ရုဒတိ ရုဒန္တေ၊ ငိုစဉ်။ ပိတာ၊ အဘသည်။ ပဗ္ဗဇတိ၊ တောထွက်သမှု, ရှင်ရဟန်းပြု၏။

(အာကောဋယန္တော သော နေတိ၊ သိဝိရာဇဿ ပေက္ခတော။ သိဝိရာဇိနိ ပေက္ခတိ ဝါ၊ စသည်ကိုလည်း ထုတ်။ ကြိယာနှစ်ခုပြိုင်ရာ၌ နောက်ဖြစ်လာသောကြိယာသည် အနာဒရ၊ ထို၏ ဝုတ္တကတ္တား, ကံသည် အနာဒရဝန္တ၊ ရှေ့ဖြစ်နှင့် ယင်းကြိယာသည် အနာဒရိယ၊ ထို၏ ဝုတ္တကတ္တား, ကံသည် အနာဒရိယဝန္တမည်၏ မှတ်။ ကောင်းကောင်းဆိုးဆိုး ကြိယာနှစ်မျိုးပြိုင်သည်ကို မရိုသေ ဆိုသည်)။ ဟေတု၊ ထိုဂုဏ်ကြောင့် အသီးထုတ်ခြင်း ကြိယာသည် နိဒ္ဓါရဏမည်၏ ဟု-လေးပါးခွဲ။ နို့ရည်ချိုသော ဂုဏ်ကို နိဒ္ဓါရဏဟေတု မှတ်မှားတတ်သည်။ စပ်ရာပုဒ်၏ သကတ်ကို ဟေတု ယူမှ နိဒ္ဓါရဏခြောက်ပါး ကွဲပြားနိုင်သည် မှတ်)။

(၆၁၃) **ကွစိ ဒုတီယာ ဆဋ္ဌိနံ့မတ္တေ။** ဆဋ္ဌီနံ၊ ဆဋ္ဌီဝိဘတ်တို့၏။ အတ္ထေ၊ သမ္ဗန်-အနက် ၌။ ဒုတီယာ၊ သည်။ ကွစိ၊ ၌။ ဟောတိ၊ ၏။

အန္တရာ-ပတိအဘိတော၊ ပရိတော-ပဋိဘာ-ဒိဟိ။
ယောဂေ ဆဋ္ဌျတ္ထေ ဒုတီယာ၊ ဗဟွာ'ဒိကေန စာ'ဝဓိ။

အန္တရာ စ ရာဇဂဟံ အန္တရာ စ နာလန္ဒံ၊ အန္တရာ နဒိဥ္စ ဂါမဥ္စ၊ မိဂါ နေရဥ္ဇရံ ပတိ၊ အဘိတော ဂါမံ၊ ပရိတော ဂါမံ၊ ဥပမာ မံ ပဋိဘာတိ။ ပုံစံ။

ပုဗ္ဗေန ဂါမံ ရမဏီယံ၊ ဗဟုဝုစ်လွှန်၏ပုံစံ။

(၆၁၄) **တတီယာ–သတ္တမီ'နဥ္စ။** တတီယာ-သတ္တမီနံ၊ တတီယာ, သတ္တမီဝိဘတ်တို့၏။ အတ္ထေစ၊ အနက်၌လည်း။ ဒုတီယာ၊ သည်။ ကွစိ၊ ၌။ ဟောတိ၊ ၏။

လပ-ဘာသ'န္တရေန-ဝိနာ'- တျာဒိ-ယောဂေ သဟာ'ဒိကေ။
ကာလေ တ'ပ္ပါန-စာရေသု၊ ဥပါ'န္ဝ'ဇ္ဈာ'ဝသဿစ။
အဓိ-သီ-ဌာ-ဓာတူန'ဥ္စ၊ ယောဂေ ဘုမ္မေ ဒုတီယကာ။ ။

---

(၆၁၃) အန္တရာ။ လ။ ပဋိဘာဒီဟိ၊ အန္တရာသဒ္ဒါ, ပတိ, အဘိတော, ပရိတော, ပဋိဘာသဒ္ဒါ-စသည်တို့နှင့်။ ယောဂေ၊ ၌။ ဆဋ္ဌျတ္ထေ၊ ၌။ ဒုတီယာ၊ သည်။ ဟောတိ၊ ၏။ ဗဟွာ'ဒိကေန၊ ဆဋ္ဌီနံ-ဟူသော ဗဟုဝုစ်လွှန်ဖြင့်။ အဝဓိဥ္စ၊ ဒုတီယာ ပဥ္စမီနဥ္စ-သုတ်၌လာသော ဆဋ္ဌျတ္ထအပါဒါန်အနက်၌လည်း။ ဒုတီယာ၊ သည်။ ဟောတိ၊ ၏။

ရာဇဂဟံ၊ ရာဇဂဟဿ၊ ၏။ အန္တရာ စ၊ အကြား၌ဇင်း။ နာလန္ဒံ၊ နာလန္ဒာယ၊ နာလန္ဒမြို့၏။ အန္တရာစ၊ ၌ဇင်း။ (အဒ္ဓါန-မဂ္ဂ'ပ္ပဋိပန္နော ဟောတိ၊ စပ်)။ နဒိဥ္စ၊ ၏ဇင်း။ ဂါမဥ္စ၊ ၏ဇင်း။ အန္တရာ၊ ၌။ ဝဿတိ၊ ၏။ နေရဥ္ဇရံ၊ ၏။ ပတိ၊ ရှေးရှုနီးပါး, ကမ်းနား၌။ မိဂါ၊ သမင် နောင်, ညီတို့သည်။ အဟုမှ၊ ဖြစ်ကုန်ပြီ။ ဂါမံ၊ ၏။ အဘိတော၊ ရှေးရှုအနီး၌။ ပရိတော၊ ထက်ဝန်းကျင်အနီး၌။ ဥပမာ၊ သည်။ မံ၊ ငါ၏။ ပဋိဘာတိ၊ ရှေးရှုဉာဏ်တွင် ထင်လာ၏။

ဂါမံ၊ မှ။ ပုဗ္ဗေန၊ အရှေ့အရပ်၌။ ရမဏီယံ၊ မွေ့လျော်ဖွယ်ရှိသော။ ဝနံ၊ တောတည်း။ (ဤဗဟုဝုစ်လွှန်ကား ဉာဉ်)။

(၆၁၄) လပ-ဘာသ'န္တရေန-ဝိနာ-တျာဒိ-ယောဂေ၊ လပဓာတ်, ဘာသဓာတ်, အန္တရေန သဒ္ဒါ, ဝိနာသဒ္ဒါ-စသည်နှင့်ယှဉ်ရာ၌။ သဟာဒိကေ၊ သဟာဒိယောဂအနက်၌။ ဒုတီယကာ၊ သည်။ ဟောတိ၊ ၏။ ကာလေ၊ အခါအနက်၌ဇင်း။ တ'ပ္ပါ'နစာရေသု၊ ထို၌သောက်ခြင်း, ထို၌သွားလာ လှည့်လည်ခြင်း အနက်တို့၌ဇင်း။

သစေ မံ နာ'လပိဿတိ၊ တွဉ္စ မံ နာ'ဘိဘာသသိ၊ ဥပါယ'မန္တရေန၊ ဝိနာ သဒ္ဒမ္ပိ၊ ကော် သမယံ ဘဂဝါ၊ ကွမံ ရတ္တိံ ဥပါဂမုံ၊ နဒိံ ပိဝတိ၊ ဂါမံ စရတိ၊ ဥပဝသတိ၊ အနုဝသတိ၊ အဓိဝသတိ၊ အာဝသတိ၊ အဇ္ဈာဝသတိ၊ ပထဝိံ အဓိသေဿတိ၊ အဓိတိဋ္ဌတိ။ ပုံစံ။

စ-သဒ္ဒါဖြင့် သမ္ပဒါန်, အပါဒါန်အနက်တို့ကို ဆည်း၏။

ပစ္စာရောစေမိ တံဒေဝ၊ ပုဗ္ဗေန ဂါမံ ရမဏီယံ။ ပုံစံ။ (ဗာလာဝတာရ)။

**(၆၁၅) ဆဋ္ဌီ စ။** တတီယာ-သတ္တမီနံ၊ တို့၏။ အတ္ထေ၊ ၌။ ဆဋ္ဌီ စ၊သည်လည်း။ ကွစိ၊ ၌။ ဟောတိ၊ ၏။

**ယဇာ'ဒိကရဏေ ပုဏ္ဏာ- တုလျ-ကိ'လံ ကိတေဟိ စ။**
**ယောဂေ ဆဋ္ဌီ တတီယ'တ္ထေ၊ ဘုမ္မ'တ္ထေ ကုသလာ'ဒိနာ။**

ပုပ္ဖဿ ဗုဒ္ဓံ ယဇတိ၊ ဃတဿ အဂ္ဂိံ ဇုဟောတိ၊ ဗာလော ပူရတိ ပါပဿ၊ ပိတု တုလျော၊

---

ဥပါ'န္ဝ'ဇ္ဈာ'ဝသဿ၊ ဥပ-ရှေး, အနု-ရှေး, အဓိ-ရှေး, အာ-ရှေး, အာဓိ,အာ-ရှေးရှိသော ဝသ-ဓာတ်၏။ ယောဂေ စ၊ ယှဉ်ရာ၌၎င်း။ အဓိ-သီ-ဌာ-ဓာတူနံ၊ အဓိ-ရှေးရှိသော သီ-ဓာတ်, ဌာ-ဓာတ်တို့၏။ ယောဂေ စ၊ ၌၎င်း။ ဘုမ္မေ၊ အာဓာရအနက်၌၎င်း။ ဒုတိယကာ၊ သည်။ ဟောတိ၊ ၏။

မံ၊ ငါနှင့်။ သစေ နာလပိဿတိ၊ အကယ်၍ စကားမပြောမဆိုသည်ဖြစ်လတ္တံ့။ တွဉ္စ၊ သင် သည်လည်း။ မံ၊ ငါနှင့်။ နာဘိဘာသသိ၊ စကားမဆို။ ဥပါယံ၊ အကြောင်းဥပါယ်နှင့်။ အန္တရေန၊ ကင်း၍။ သဒ္ဒမ္ပိ၊ နှင့်။ ဝိနာ၊ ၍။ ကော် သမယံ၊ အခါတစ်ခု၌။ ဘဂဝါ၊ သည်။ သာဝတ္ထိယံ၊ ၌။ ဝိဟရတိ၊ ၏။ ကွမံ ရတ္တိံ၊ ဤညဉ့်၌။ ဥပါဂမုံ၊ ချဉ်းကပ်လာကုန်ပြီ။ နဒိံ၊ ၌။ ပိဝတိ၊ ရေသောက်၏။ ဂါမံ၊ ၌။ စရတိ၊ သွားလာလှည့်လည်၏။ ဥပဝသတိ၊ နေ၏။ ပထဝိံ၊ မြေ၌။ အဓိသေဿတိ၊ အိပ်ရလတ္တံ့။ အဓိတိဋ္ဌတိ၊ ရပ်တည်၏။

(ကမ္မပ္ပဝစနီယပုဒ်တို့ အနက်မဲ့ရာ၌ အနက်ပေးရန် ရူပသိဒ္ဓိဗာလာဝတာရတို့၌ ထုတ်သည်)။

ဒေဝ၊ မင်းမြတ်။ တံ၊ သင် မင်းမြတ်အား။ ပစ္စာရောစေမိ၊ ပြန်လျှောက်ပါ၏။

(၆၁၅) ယဇာဒိ ကရဏေ၊ ယဇဓာတ်စသည်၏ ကရိုဏ်း၌၎င်း။ ပုဏ္ဏာ-တုလျ-ကိံ လံ ကိတေဟိ၊ ပုဏ္ဏတ္ထ, တုလျတ္ထ, ကိံ, အလံသဒ္ဒါ, ကိတ်ပစ္စည်းတို့နှင့်။ ယောဂေ စ၊ ၌၎င်း။ တတီယတ္ထေ၊ ၌။ ဆဋ္ဌီ၊ သည်။ ဟောတိ၊ ၏။ ကုသလာဒိနာ၊ ကုသလ, ပသန္န, ဝါရတ္တ-စသောသဒ္ဒါနှင့်။ ယောဂေ၊ ၌။ ဘုမ္မတ္ထေ၊ ၌။ ဆဋ္ဌီ၊ သည်။ ဟောတိ၊ ၏။

ပုပ္ဖဿ၊ ပန်းဖြင့်။ ဗုဒ္ဓံ၊ ကို၊ ယဇတိ၊ ပူဇော်၏။ ဃတဿ၊ ထောပတ်ဖြင့်။ အဂ္ဂိံ၊ ကို။ ဇုဟောတိ၊

မာတု သဒိသော၊ ကိံ တဿ စတု-မဋ္ဌဿ၊ အလံ ဝါ၊ သောဘနာ ကစ္စာယနဿ ကတိ၊ ရညော သမ္မတော၊ မာနိတော၊ ပူဇိတော၊ သ'က္ကတော၊ အ-မတံ တေသံ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာ၊ ကုသလာ နစ္စ-ဂီတဿ၊ သိက္ခိတာ စာတုရိ'တ္ထိယော၊ ဘဂဝတော ပသန္နာ၊ ဒိဝသဿ တိက္ခတ္တုံ၊ ဒိဝသေ ဝါ။ ပုံစံ။

စ-သဒ္ဒါ တတိယာ, သတ္တမီတို့ကို ငင်၏။

(၆၁၆) **ဒုတိယာ–ပဉ္စမီနံ'ဉ္စ။** ဒုတိယာ-ပဉ္စမီနဉ္စ၊ ဒုတိယာ, ပဉ္စမီ-ဝိဘတ်တို့၏လည်း။ အတ္ထေ၊ ၌။ ဆဋ္ဌီ၊ သည်။ ကွစိ၊ ၌။ ဟောတိ၊ ၏။

***ဏွုတု, ဘာဝါ၊ သရိ'စ္ဆာနှင့်၊ ဘိသင်္ခါရတ္ထ၊ ယှဉ်လတ်က၊ ကမ္မတ္ထဆဋ္ဌီ။**
**ပရိဟာန၊ ဘယတ္ထ၊ ယှဉ်ဝမိဆဋ္ဌီ။**

ကမ္မဿ ကာရကော၊ ကတ္တာ၊ ကရဏံ၊ န တေသံ ကောစိ သရတိ၊ ပုတ္တဿ ဣစ္ဆတိ၊ ကဏ္ဍဿ ပတိကုရုတေ၊ အ'ဿဝဏတာ ဓမ္မဿ ပရိဟာယန္တိ၊ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော၊ န တံ ဘာယာမိ အာဝုသော။ ပုံစံ။

စ-သဒ္ဒါ ကွစိ, အတ္ထ, ဆဋ္ဌီ တို့ကို ငင်၏။

---

ပူဇော်၏။ ဗာလော၊ သည်။ ပါပဿ၊ မကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။ ပိတု၊ အဘနှင့်။ တုလျော၊ တူ၏ မာတု၊ အမိနှင့်။ သဒိသော၊ ၏။ တဿ စတု'မဋ္ဌဿ၊ ဇာတ်သွင်သဏ္ဍာန် ကျင့်ကြံလေးပါးစုံ ယဉ်ကျေးသော ထိုခွေးချေးဖြင့်။ ကိံ၊ အဘယ်မူအံ့နည်း။ ဝါ၊ အလံ၊ အကျိုးမရှိ။ ကစ္စာယနဿ၊ ကစ္စည်းထေရ်သည်။ ဝါ၊ ၏။ ကတိ၊ ပြုခြင်းသည်။ သောဘနာ၊ တင့်တယ်၏။ ရညော၊ သည်။ သမ္မတော၊ အမြတ်ဟု သမုတ်အပ်၏။ မာနိတော၊ မြတ်နိုးအပ်၏။ ပူဇိတော၊ ၏။ သ'က္ကတော၊ အရိုအသေပြုအပ်၏။ ယေသံ၊ အကြင်သူတို့သည်။ ကာယဂတာသတိ၊ ကို။ ပရိဘုတ္တာ၊ သုံးဆောင်အပ်၏။ တေသံ၊ တို့သည်။ အ-မတံ၊ မသေကြောင်း မသေရာ နိဗ္ဗာန်ဩဇာ နတ်သုဓာကို။ ပရိဘုတ္တံ၊ သုံးဆောင်အပ်သည်မည်၏။ နစ္စဂီတဿ၊ ကခြင်း, သီခြင်း, ၌။ ကုသလာ၊ လိမ္မာကုန် သော။ သိက္ခိတာ၊ သင်အပ်ပြီးသော အတတ်ရှိ ကုန်သော။ စာတုရာ၊ တင့်တယ် စမွယ်ခြင်းရှိကုန် သော။ ဣတ္ထိယော၊ တို့သည်။ ပရိဝါရေန္တိ၊ ခြံရံခစား ကုန်၏။ ဘဂဝတော၊ ၌။ ပသန္နာ၊ ကုန်၏။ ဒိဝသဿ၊ တစ်နေ့၌။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဝါ၊ ဒိဝသေ၊ ၌။ တိက္ခတ္တုံ၊ ကြိမ်။

(၆၁၆) ကမ္မဿ၊ အမှုကို။ ကာရကော၊ ပြုတတ်၏။ ကတ္တာ၊ ၏။ ကရဏံ၊ ပြုခြင်း။ တေသံ၊ ထိုပိတ္တာတို့ကို။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ န သရတိ၊ အမှုဝေရအောင်သတိ မရ။ ပုတ္တဿ၊ သားကို။ ဣစ္ဆတိ၊ အလိုရှိ၏။ ကဏ္ဍဿ၊ မြားကို။ ပတိကုရုတေ အဘိသင်္ခရောတိ၊ ပြုပြင်စီရင်၏။ ဓမ္မဿ၊ ကို။

(၆၁၇) **ကမ္မ-ကရဏ-နိမိတ္တ'တ္ထေသု သတ္တမီ။** ကမ္မ-ကရဏ-နိမိတ္တ'တ္ထေသု၊ ကံ, ကရိုဏ်း, နိမိတ်အနက်တို့၌။ သတ္တမီ၊ သည်။ ဟောတိ၊ ၏။

ဘိက္ခူသု အဘိဝါဒေန္တိ၊ ပုရာဏ-ဒုတိယိကာယ ဗာဟာသု ဂဟေတွာ၊ မုဒ္ဓနိ စုမ္ဗိတွာ၊ ဟတ္ထေသု ပိဏ္ဍာယ စရန္တိ၊ ဒီပိ စမ္မေသု ဟညတေ၊ အဏု-မတ္တေသု ဝဇ္ဇေသု ဘယ-ဒဿာဝီ၊ သမ္ပဇာန-မုသာ-ဝါဒေ ပါစိတ္တိယံ၊ သရာသရေ လောပံ။ ပုံစံ။

(၆၁၈) **သမ္ပဒါနေ စ။** သမ္ပဒါနေ စ၊ သမ္ပဒါန်အနက်၌လည်း။ သတ္တမီ၊ သည်။ ဟောတိ၊ ၏။

**စ-သဒ္ဒါ ကတ္တားအနက်ကို ဆည်း၏။**

သံဃေ ဂေါတမိ ဒေဟိ၊ သံဃေ ဒိန္နေ အဟ'ဉ္စေ'ဝ ပူဇိတော ဘဝိဿာမိ၊ သံဃော စ၊ သံဃေ ဒိန္နံ မဟပ္ဖလံ၊ မဏိမှိ ပဿ နိမ္မိတံ။ ပုံစံ။

---

အ'ဿဝဏတာ၊ တာယ၊ မကြားမနာရသည့်အဖြစ်ကြောင့်။ ဓမ္မဿ၊ သူတော်ကောင်းအကျင့်တရားမှ။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ သဗ္ဗေ၊ သူခပ်သိမ်းတို့သည်။ ဒဏ္ဍဿ၊ ဥစ္စာလက်နက်, နှုတ်ထွက်ဒဏ်မှ။ တသန္တိ၊ လန့်ဖျပ်ကုန်၏။ သဗ္ဗေ၊ တို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကုန်၏။ အာဝုသော၊ တကာမာရ်နတ်။ တံ၊ သင့်ကို။ န ဘာယာမိ၊ မကြောက်ဘူး။

(၆၁၇) ဘိက္ခူသု၊ တို့ကို။ အဘိဝါဒေန္တိ၊ ရှိခိုးကုန်၏။ ပုရာဏ-ဒုတိယိကာယ၊ မယားဟောင်း၏။ ဗာဟာသု၊ လက်မောင်းတို့ကို။ ဂဟေတွာ၊ ၍။ မုဒ္ဓနိ၊ ထိပ်ကို။ စုမ္ဗိတွာ၊ စုပ်မှုတ်ငုံ၍။ ဟတ္ထေသု၊ လက်တို့ဖြင့်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တိ၊ လှည့်လည်ကုန်၏။ ဒီပိ၊ နှစ်ဆင်းသို့ရောက်, အရေပြောက်ရှိသောသစ်ကို။ စမ္မေသု၊ တို့ကြောင့်။ ဟညတေ၊ သတ်အပ်၏။ အဏု-မတ္တေသု၊ အဏုမြူမျှ, နည်းငယ်လှကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့ကြောင့်။ ဘယ-ဒဿာဝီ၊ မြင့်မိုရ်အထု, ဘေးဟုရှုလေ့ရှိ၏။ သမ္ပဇာန-မုသာ-ဝါဒေ၊ သိလျက်ပျက်စကားကိုဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

(ဤသတ္တမီဟိတ်သည် နိမိတ္တဝန်နှင့် သဟစရဏဖြစ်၏။ ယေဘုယျအားဖြင့် နိမိတ္တဝန် ပျက်ရ၏)။

(၆၁၈) ဂေါတမိ၊ မိထွေးတော်ဂေါတမီ။ သံဃေ၊ အား၊ ဒေဟိ၊ ငါခံသည်မှ, ကျန်တစ်ထည် ကို လှူလော့။ သံဃေ၊ အား။ သေသေ၊ ငါယူကြွင်း တစ်ထည်ကို။ ဒိန္နေ၊ လှူအပ်သည်ရှိသော်။ အဟဉ္စေဝ၊ ငါ့ကိုလည်း။ ဝါ၊ သည်လည်း။ ပူဇိတော၊ ပူဇော်အပ်သည်။ သံဃော စ၊ ကိုလည်း။ ဝါ၊ သည်လည်း။ ပူဇိတော၊ သည်။ ဘဝိဿာမိ၊ ဖြစ်လတ်အံ့။ (ကေဝုစ် ပရောပုရိသ်)။ သံဃေ၊ အား။ ဒိန္နံ၊ လှူအပ်သော ဝတ္ထုသည်။ မဟပ္ဖလံ၊ ၏။

(၆၁၉) **ပဥ္စမျတ္တေ စ**။ ပဥ္စမျ’တ္တေ စ၊ ပဥ္စမီဝိဘတ်၏ အနက်၌လည်း။ သတ္တမီ၊ သည်။ ဟောတိ၊ ၏။

ကဒလီသု ဂဇေ ရက္ခန္တိ။ ပုံစံ။

**စ-သဒ္ဒါ သမ္ပိဏ္ဍန**။

(၆၂၀) **ကာလ–ဘာဝေသု စ**။ ကာလ-ဘာဝေသု စ၊ အချိန်အခါအနက်, လက္ခဏာဘောအနက်တို့၌လည်း။ သတ္တမီ၊ သည်။ ဟောတိ၊ ၏။

ပုဗ္ဗဏှေ မဇ္ဈန္ဟေ မဇ္ဈန္ဟိကေ သာယန္ဟေ ဂတော၊ ဂေါသု ဒုယှမာနာသု ဂတော ပုရိသော၊ ဒုဒ္ဓါသု အာဂတော။ ပုံစံ။

**စ-သဒ္ဒါ သမ္ပိဏ္ဍန**။

---

ယာ ပလာလမယံ မာလံ၊ နာရီ ဒတွာန စေတိယေ။
အလတ္ထ ကဥ္စနမယံ၊ မာလံ ဗောဇ္ဈင်္ဂိကဥ္စ သာ။ ။(ရူ၊ ၁၇၄။)

စသည်ကိုလည်း ထုတ်။

မဏိမှိ၊ ပတ္တမြားသည်။ နိမ္မိတံ၊ စီမံဖန်ဆင်းအပ်သော စည်းစိမ်ကို။ ပဿ၊ ရှုပါလော့။

(၆၁၉) ကဒလီသု၊ ငှက်ပျောပင်တို့မှ။ ဂဇေ၊ ဆင်တို့ကို။ ရက္ခန္တိ၊ ကုန်၏။

(၆၂၀) (ပုဗ္ဗဏှ-ပုဒ်၌သာ ဏကြီးပြန်ရသည်။ နောက်ပုဒ်စု၌မပြန်ရ၊ နယ်အတိုင်းသာ။ ဒုယှမာနာသု-လည်း ကညာဒိဂိုဏ်းမှတ်)။

ပုဗ္ဗဏှေ၊ နံနက်အခါ၌။ မဇ္ဈန္ဟေ၊ မဇ္ဈန္ဟိကေ၊ မွန်းတည့်အခါ၌။ သာယန္ဟေ၊ ညနေချမ်း အခါ၌။ ဂတော၊ ၏။ ဂေါသု၊ နွားမတို့ကို။ ဒုယှမာနာသု၊ နို့ညှစ်အပ်ကုန်ဆဲသည်ရှိသော်။ ဂတော၊ ၏။ ဒုဒ္ဓါသု၊ နို့ညှစ်အပ်ကုန်ပြီးသည်ရှိသော်။ အာဂတော၊ ၏။

(ဤဘာဝကို ဘာဝေနဘာဝလက္ခဏာဟုကျမ်းဂန်တို့၌ ဆို၏)။ “ပဓာနမှိ ဂဟိတမှိ၊ အပ္ပဓာနံပိ ဂယှတိ” ဟူသည်နှင့်အညီ ဂေါသု-ဟူသော လက္ခဏဝန္တ၌လည်း ဤသုတ်ဖြင့်ပင် သတ္တမီ ဝိဘတ်သက်။ လက္ခဏ, လက္ခဏဝန္တ, လက္ခ, လက္ခဝန္တ လေးပါးခွဲ။

ပါသာဏာ သက္ခရာ စေဝ၊ ကထလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။ ။

တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမ-ဟံသနံ။
သဗ္ဗာကာရ-ဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။ ။ (ဒီ၊ ၂။ ၁၂၉။)

စသည်ကိုလည်း ထုတ်။

(၆၂၀) **အဓိကိ'ဿရ'တ္ထော'ပါ'ဓိ'ယောဂေ။** အဓိကိ'ဿရ'တ္ထ'ဥပ-အဓိ-ယောဂေ၊ အဓိကအနက် ရှိသော ဥပသဒ္ဒါ, ဣဿရအနက်ရှိသော အဓိသဒ္ဒါ-တို့နှင့် ယှဉ်ရာ၌။ သတ္တမီ၊ သည်။ ဟောတိ၊ ၏။

ဥပခါရိယံ ဒေါဏော၊ ဥပနိက္ခေ ကဟာပဏံ၊ အဓိဗြဟ္မဒတ္တေ ပဉ္စာလာ၊ အဓိဒေဝေသု ဗုဒ္ဓေါ။ ပုံစံ။

(ဤမျှလောက်သော အနက်ကိုပင် သိခက်လှ၍ မုဒ္ဓဗောဓ, စသည်တို့နှင့်အညီ ကစ္စည်းသုတ်ကို ပြင်လိုက်သည်)။

---

(၆၂၁) ဒေါဏော၊ လေးပြည်ရှိစိတ်သည်။ ဥပခါရိယံ၊ လေးတင်းရှိ တို့ထက်လွန်၏။ (တစ်တို့ရှိသော စပါးပုံကို စိတ်တောင်းဖြင့်ခြင်မှု တစ်ဆဲ့ခြောက်စိတ်ဖြစ်၍ တို့ထက်စိတ်က သချာသာလွန် ပိုမို၏ဟူလို)။

ကဟာပဏံ၊ သပြာကျပ်ချိန်သည်။ ဥပနိက္ခေ၊ တစ်ပိဿာထက်လွန်၏။ (အဘိဓာန်၌ နိက္ခသဒ္ဒါ၊ နှစ်ပိဿာ ဟောဟု လာ၏)။

ပဉ္စာလာ၊ ပဉ္စာလတိုင်းသူတို့သည်။ အဓိဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်း၏ အခြံအရံ ကျေးကျွန်တို့တည်း။ ဗုဒ္ဓေါ၊ သည်။ အဓိဒေဝေသု၊ နတ်သုံးမျိုးတို့၏ အရှင်တည်း။ (ဒေါဏော၊ စိတ်သည်။ ခါရိယံ၊ တို့၌။ ဥပ၊ ပိုလွန်လျှံတက်၏။ စသည်လည်း ပေး)။

အဓိကတ္ထေနော'ပေန သာမျတ္ထေနာ'ဓိနာ စ ယောဂေ သတ္တမီ အဿ။

ဂုဏာ ဥပပရာဒ္ဓေသု၊ ဇိနဿာဓိဇိနေ သုရာ။
ဗုဒ္ဓေါ အဓိသုရေသူတိ၊ ပယောဂါ'မေ ယထာက္ကမံ။ ။

သာမျတ္ထေ နေတျဿ ဥဘယာတ္ထ တံ့ သဿာမိတ္တာ သမ္ဗန္ဓဿ ဥဘယနိဒ္ဒေသတ္တာ။

တထာ စ အဓိနာ ယောဂေ ယဿ ပရိဝါရာ တတော ယဿ သာမီ၊ တတော စ သတ္တမိတျတ္ထော။ ပရာဒ္ဓံ့ စရိမသင်္ချာ။ တထာ စောတ္တံ့။

ဧကံ ဒသ သတဉ္စေဝ၊ သဟဿ'မယုတံ တထာ။
လက္ခဉ္စ နိယုတဉ္စေဝ၊ ကောဋိ အဗ္ဗုဒမေဝ စ။ ။

ဗိန္ဒော ခဗ္ဗော နိခဗ္ဗော စ၊ သင်္ခပဒ္မံ စ သာဂရော။
အန္တံ့ မဇ္ဈံ ပရာဒ္ဓဉ္စ၊ ဒသဝုဍ္ဎျာ ယထောတ္တရန္တိ။ ။

သက္ကတစာကိုယ်. . . ဋီကာတို့အလို။

ဤသ်၌လည်း ဣဿရဝစနန္တိဒံ ဒွိဓာ ဂဟိတံ၊ စသည်ဖြင့် နည်းတူပင်ဆို၏။ ဣဿရတ္ထ အဓိနှင့် ယှဉ်ရာ၌ သာမိနောင်ရင်း၊ သံနောင်ရင်း၊ သမ္ဗန်အနက်၌ သတ္တမီသက် ဟူလိုသည်။

(၆၂၂) **မဏ္ဍိတုဿုက္ကေသု တတိယာ စ။** မဏ္ဍိတုဿုက္ကေသု၊ ကြည်လင်ခြင်း, အားထုတ်ခြင်းအနက်တို့ကို။ ဂမျမာနေသု၊ သိအပ်ကုန်သည်ရှိသော်။ တတိယာ စ၊ သည်ရင်း။ သတ္တမီ စ၊ သည်ရင်း။ ဟောတိ၊ ၏။

ဉာဏေန ဉာဏသ္မိံ ဝါ ပသန္နော ဥဿုက္ကော ဝါ တထာဂတော သပ္ပုရိသော ဝါ။ ပုံစံ။

**စ-သဒ္ဒါ ဝုတ္တသမုစ္စည်း။**

**ဣတိကာရက-ကပ္ပေါ် သမတ္တော။ ၄၅။**

ဣတိ အယံ၊ ဤလေးဆယ့်ငါးသုတ်, ဝုတ္တိ, ဥဒါဟရဏ်-အပေါင်းသည်။ သတ္တမော၊ ခုနစ်ခု မြောက်သော။ ကာရက-ကပ္ပေါ၊ ကာရကကျမ်းတည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

✪ ✪ ✪ ✪ ✪

ဤကာရက လေးဆယ့်ငါးသုတ်တို့တွင် သညာ၊ အဓိကာရ၊ ပရိဘာသာ၊ ဝိဓိ သုတ်မည်မျှစီ။ ကာရက ခြောက်ပါးကို စီရင်သောသုတ်မည်မျှစီ။ အကာရကကို စီရင်သောသုတ်မည်မျှ။ သုတ်စွန်းပါ သောသုတ်မည်မျှရှိ၏- ဟု ရေတွက်အပ်၏။ ထိုတွင် သုတ်စွန်းအစီအရင်ပါသော သုတ်ကား-

**၁။ ဓာတု, ရက္ခဏ, ဒူရန္တိ၊ ယဿ ဒါတုံ, သိလာဃ, စ။**
**ယေနဝါ, ယံ ကရော, ယဿ၊ သဟာ, ကတ္တရိ, ဟေတွ စ။**

**၂။ သတ္တမျ, ကမ္မ, သာမိဿ၊ နိဒ္ဓါ, ကွစိ ဒုတိယကာ။**
**တတိယာသတ္တမီ, သမ္ဗ- ဒါနေ'ဋ္ဌာရသ သာဓိကာ။ ။**

ဟု-တစ်ဆယ့်ရှစ်သုတ်တည်း။

---

(၆၂၂) တထာဂတော၊ သည်။ ဝါ၊ သပ္ပုရိသော၊ သည်။ ဉာဏေန၊ သဟစရဏဉာဏ်ဖြင့်။ ဝါ၊ ရှေးပကတူပဉာဏ်ကြောင့်။ ဝါ၊ ကား။ ဉာဏသ္မိံ၊ ကြောင့်။ ဖြင့်။ ပသန္နော ပသီဒိတော၊ မြူကြေးမတင်, လဝန်းသွင်သို့, ကြည်လင်တောက်ပ၏။ ဝါ၊ ကား။ ဥဿုက္ကော၊ ကေသရမင်း, ရဲမာန်တင်းသို့, မယွင်း မပေါ့, မလျော့မဆုတ်, အားထုတ်၏။

၁။ ဓာတု၊ ဓာတုနာမာန-စသောသုတ်။ ရက္ခဏ၊ ရက္ခဏတ္ထာနမိစ္ဆိတံ-သုတ်။ ဒူရန္တိ၊ ဒူရန္တိ-စသောသုတ်။ ယဿဒါတုံ၊ ယဿဒါတုကာမော-စသောသုတ်။ သိလာဃ-သုတ်။ ယေနဝါ-သုတ်။ ယံကရော၊ ယံကရောတိ တံကမ္မံ-သုတ်။ ယဿ၊ ယဿဝါ ပရိဂ္ဂဟော-သုတ်။ သဟာ၊ သဟာဒိယောဂေ စ-သုတ်။ ကတ္တရိ၊ ကတ္တရိ စ-သုတ်။ ဟေတွ စ၊ ဟေတွတ္ထေ စ-သုတ်။

၂။ သတ္တမျ၊ သတ္တမျတ္ထေ စ-သုတ်။ ကမ္မ၊ ကမ္မတ္ထေ ဒုတိယာ-သုတ်။ သာမိဿ၊ သာမိ-ဿရာ' ဓိပတိ-စသောသုတ်။ နိဒ္ဓါ၊ နိဒ္ဓါရဏေ စ-သုတ်။ ကွစိ ဒုတိယကာ၊ ကွစိ ဒုတိယာဆဋ္ဌီနမတ္ထေ-သုတ်။

ကာရက, အကာရက အပြား-

(က) ဆ ကာရကာနိ သညာယ၊ ဘေဒါ တု အဋ္ဌ-သတ္တတိ။
ကတ္တာ ဒွါဒသ ကမ္မံ'ဋ္ဌ၊ ဝီသတိ ကရဏံ စတု။ ။

(ခ) သမ္ပဒါန်'ပါဒါန်'ဋ္ဌ၊ ဒသာ'ဓာရော စတုဒ္ဒသ။
အကာရကာ တေရသာ'တိ၊ ပဒစ္ဆေဒါ'ဂတာ ကမာ။ ။ တည်း။

❀ ကတ္တုဘေဒ၊ ဝုတ္တာ, သယံ၊ သပ္ပဓာန်နှင့်၊ ပေသံ, ပယောဇ၊ ဒွါဒသတည်း။
ကမ္မဘေဒါ၊ ဝုတ္တာ, ဘိဟိတ၊ ပဓာန, ကထိ၊ ကာ, ပကတိနှင့်၊ ဣစ္ဆိ, နိပ္ဖတ်၊ သန္တတ်, ဝိဋ္ဌာ၊ ပရိစ္စာ, ဆေဒ၊ ကာယ'ဋ္ဌဝီ၊ ဗာဟိ, ဗာဟျ၊ ကရဏလေးတန်၊ သမ္ပဒါန်မှာ၊ ကာ,ဝတ်,အနိ၊ ကမ္မာခိ, ဆယ်၊ ပါဒါန်ဆယ်မှာ၊ ကာ, စ, နိဒ်, သဒ်၊ ဩကာသတ် ဗျာ၊ သကလာ, အလွှဲ၊ ဒေသန်, မုချ၊ စုဒ္ဒသတည်း။
❀ အကာရကံ၊ သမ္ဗန်, လိင်, အာ၊ သမဝါ, ဟိတ်၊ ဣတ္ထမ်, ဝိသေသ၊ အစ္စန္တ သံ၊ ကမ္မပ္ပ, နိဒ္ဓါ၊ အနာ, လက္ခဏ၊ တေရသ။

(ပုဒ်စစ်ကြေပြီးသူတို့ ဤကဗျာကိုရလျှင် ကာရကပုဒ်စစ် မမေ့နိုင်ပြီ)။

သရုပ်ခွဲနည်းနှင့်တကွ ကာရကသုတ်နက်ပြီး၏။

✪ ✪ ✪ ✪ ✪

---

တတိယာသတ္တမီ၊ သုတ်။ သမ္ပဒါနေ၊ သုတ်။ ဣတိ၊ သို့။ သာ-ဓိကာ၊ သုတ်စွန်းဝိဓိပါသောသုတ်တို့သည်။ အဋ္ဌာရသ၊ တစ်ဆယ့်ရှစ်သုတ်တို့တည်း။

(က) ကာရကာနိ၊ တို့သည်။ သညာယ၊ အမည်အားဖြင့်။ ဆ၊ ခြောက်ပါးတို့တည်း။ ဘေဒါ တု၊ အပြားအားဖြင့်ကား။ အဋ္ဌသတ္တတိ၊ ခုနစ်ဆယ့်ရှစ်ပါးတည်း။ ကတ္တာ၊ သည်။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါး အပြားရှိ၏။ ကမ္မံ၊ သည်။ အဋ္ဌ-ဝီသတိ၊ ရှိ၏။ ကရဏံ၊ သည်။ စတု၊ ရှိ၏။

(ခ) သမ္ပဒါန်၊ သည်ငှင်း။ အပါဒါနဥ္စ၊ သည်ငှင်း။ ဒသ၊ ဆယ်ပါးစီအပြားရှိ၏။ အာဓာရော၊ သည်။ စတု'ဒ္ဒသ၊ တည်း။ အ-ကာရကာ၊ တို့သည်။ တေရသ၊ တို့တည်း။ ဣတိ၊ ဤသည်တို့ကား။ ပဒစ္ဆေဒေ၊ ပုဒ်စစ်၌။ ကမာ၊ အစဉ်အားဖြင့်။ အာဂတာ၊ လာကုန်သော ကာရက, အကာရကတို့တည်း။

✪ ✪ ✪ ✪ ✪

## ၈- ဥဏာဒ်

(၆၂၃) **ကတ္တရိ ကိတ်။** ကတ္တရိ၊ ကတ္တားအနက်၌။ ကိတ်၊ ကိစ္စငါးပစ္စည်းမှ တပါးသော ကိတ်-ပစ္စည်းသည်။ ဟောတိ၊ ၏။

ကာရု၊ ကာရုကော၊ ပါစကော၊ နေတာ။ ပုံစံ။

(၆၂၄) **ဘာဝ-ကမ္မေသု ကိစ္စ-တ္တ-ခ-တ္ထာ။** ဘာဝ-ကမ္မေသု၊ ဘောအနက်, ကံ-အနက်တို့၌။ ကိစ္စ-တ္တ-ခ'တ္ထာ၊ ပေသာတိသဂ္ဂ ပတ္တကာလ-စသောကိစ္စ-အနက်, ဘျာဒိမတိ ဗုဒ္ဓိ ပူဇာ စသော တ္တအနက်, ဤသံဒုသု-ဟူသော ခ-အနက်ရှိကုန်သော ကိစ္စ-ပစ္စည်း, က-အနုဗန်ရှိသော တ-ပစ္စည်း, ခ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

(ပုံစံကား၊ ထိုထိုသုတ်တို့၌ ပါလေ၏)။

(၆၂၅) **ကမ္မနိ ဒုတိယာယံ တ္တော။** ကမ္မနိ၊ ၌။ ဒုတိယာယံ၊ ဒုတိယာဝိဘတ်သည်။ သတိ၊ သက်လတ်သော်။ ကတ္တရိ၊ ၌။ တ္တော၊ က-အနုဗန်ရှိသော တ-ပစ္စည်းသည်။ ဟောတိ၊ ၏။

ဒါနံ ဒိန္နော၊ သီလံ ရက္ခိတော၊ ဘတ္တံ ဘုတ္တော ဒေဝဒတ္တော။ ပုံစံ။

(၆၂၆) **ချာ'ဒီဟိ မန်၊ မ စ တော ဝါ။** ချာ'ဒီဟိ၊ ခိ, ဘီ, ပီ, လူ, ရု, သု, ဟု, ဝါ, အဒ-စသော ဓာတ်တို့မှ။ ပရံ၊ ၌။ မန်၊ နု, အနုဗန်ရှိသော မ-ပစ္စည်းသည်။ ဟောတိ၊ ၏။ မ စ၊ မသည်လည်း။ ဝါ၊ အချို့သော အဒဓာတ်၌။ တော၊ တ-ပြုသည်။ ဟောတိ၊ ၏။

ခီယန္တိ ဥပဒ္ဒဝါ ဧတ္ထာ'တိ ခေမော၊ ဘာယိတဗ္ဗော'တိ ဘီမော၊ ဘေမော ဝါ၊ ပေမော၊ လောမော၊ ရောမော၊ သောမော၊ ဟောမော၊ ဝါမော၊ အဒတိ ဘက္ခတိ၊ အဒီယတေ ဝါ'တိ အတ္တာ၊ အာတုမာ ဝါ။ ပုံစံ။

❀ အဒ-နောက် မ၊ တ-ပြု ရ၊ သဒ္ဒဝါကြောင့်တည်း။

---

(၆၂၃) ကာရု၊ ပြုတတ်သောသူ၊ လက်သမား။ နေတာ၊ ဆောင်တတ်သည်။

(ဘဝိတဗ္ဗော ဘဝိဿတီ'တိ ဝါ ဘဗ္ဗော ကုလပုတ္တော။ နိယျန္တိ'တိ နိယျာနိကာ ဓမ္မာ-စသည်တို့၌ တဗ္ဗ, အနီယ, ဏျ-ဟူသော ကိစ္စပစ္စည်းများလည်း အပွကအားဖြင့် ကတ္တားကို ဟောပါသေး၏)။

(၆၂၆) ဧတ္ထ၊ ဤအရပ်၌။ ဥပဒ္ဒဝါ၊ ဘေးရန်တို့သည်။ ခီယန္တိ၊ ကုန်ကုန်၏။ ဣတိ၊ ကြောင့်။ ခေမော၊ မည်၏။ (ဒီဃ, ရဿ-နှစ်ချက်သင့်။ ဘီ, ပီ, လူ-ဓာတ်တို့ကား ဒီဃ)။ ဘီမော၊ ဘေမော၊ ကြောက်အပ်သသူ။ ပေမော၊ ချစ်အပ်သသူ၊ လောမော၊ ရိတ်ဖြတ်အပ်သော အမွေး။ ရောမော၊ ပေါက်ရောက်တတ်သော အမွေး။ သောမော၊ လမင်း။ ဟောမော၊ ယစ်ပူဇော်ခြင်း။ ဝါမော၊ လက်ျာ၏ ဆန့်ကျင်ဘက်

(၆၂၇) **သမာ'ဒီဟိ ထ–မာ။** သမာဒီဟိ၊ သမ, ဒမ, သီ, ဟိ, ဒု, ဓူ, ဒါ, ယာ-အစရှိသော ဓာတ်တို့မှ။ ပရံ၊ ၌။ ထ-မာ၊ ထ-ပစ္စည်း, မ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

သမေတီတိ သမထော၊ ဒမထော၊ သီမာ၊ ဟိမော၊ ဒုမော၊ ဓူမော၊ ဒါမော၊ ယာမော၊ ထာမော၊ သာမော၊ ဘသ္မာ။ ပုံစံ။

(၆၂၈) **ဂဟာဿု'ပဓဿေ ဝါ။** ဂဟဿ၊ ဂဟ-ဓာတ်၏။ ဉပဓဿ၊ အဆုံးဝဏ္ဏမှ အစဉပဓာ-မည်သော အ-သရ၏။ ဧ၊ ဧ-ပြုသည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

ဂဏှာတီတိ ဂေဟံ၊ ဂဟံ။ ပုံစံ။

---

ဖြစ်တတ်သောလက်ဝဲ။ အဒဘိ ဘက္ခတိ၊ ချမ်းသာဆင်းရဲကို စားတတ်၏။ ဝါ၊ အဒီယတေ၊ ဇာတိဒုက္ခစသည်တို့သည် စားအပ်ကိုက်ခဲအပ်၏။ က္လတိ၊ ကြောင့်။ အတ္တာ၊ မည်၏။ ဝါ၊ အာတုမာ၊ မည်၏။

(၆၂၇) သမေတိ၊ နီဝရဏတို့ကို ငြိမ်းဧးစေတတ်၏။ က္လတိ၊ ကြောင့်။ သမထော၊ သမာဓိမည်၏။ ဒမထော၊ ဆုံးမခြင်း။ (သိယတေ ဗန္ဓိယတေ'တိ) သီမာ၊ သိမ်။ (ဒီဃပြု)။ ဟိမော၊ ဆီးနှင်း။ ဒုမော၊ သစ်ပင်။ ဓူမော၊ မီးခိုး။ ဒါမော၊ ပန်းဆိုင်း။ ယာမော၊ ညဉ့်ယာမ်။ (ထာတိ ဧတေနာ'တိ) ထာမော၊ အားအစွမ်း။ (ဒဓာတီတိ ဓာမော၊ ငှင်း)။ သာမော၊ ဝါ, ရွှေ, မည်းနက်။ (ဘသီယတိ နိန္ဒိယတီတိ) ဘသ္မာ၊ ပြာ။

(ဤသုတ်၌ မပစ္စည်းပါပြီးဖြစ်၍ ရှေ့သုတ်အပိုပင်။ အတ္တာ၌ သာနုဗန္ဓ မ-ကို တ-ပြုရန် ခွဲသည်။ ဟု-ဉာဉ်ဆို၏။ အကျိုးမကြီးလှ။ ဤသုတ်ကိုသော်လည်း သမာဒီဟိ ထော- ဟူသင့်၏။ ချာ'ဒီဟိ မ-ထာ မ စ တောဝါ၊ ဟု တစ်သုတ်ထည်းမူလည်း ပေါင်းသင့်၏။ ဗုခ-ဂမာဒိ'တ္တေ ကတ္တရိ- သုတ်ရှိပြီးဖြစ်၍ ကမ္မနိ ဒုတိယာယံ ကွေ-သုတ်လည်း အပိုပင်။ ဘာဝ-ကမ္မေသု တ။ တဗ္ဗနီယာ။ ပေသာ'တိသဂ္ဂ။ ဘျာ'ဒီဟိ။ ဤသံ-ဒု-သူဟိ ခ-စသော သုတ်များရှိပြီးဖြစ်၍ ဘာဝ-ကမ္မေသု ကိစ္စ'က္တ'ခတ္တာ သုတ်လည်း ထပ်ပိုသည်ပင်။ ဉာဉ်ပယ်ထားခဲ့သော သုတ်ပိုသုတ်ထပ်လည်း အများရှိ၏)။

(၆၂၈) ဂဏှာတိ၊ သစ်, ဝါး, အဆောက်အဉုတို့ကို။ ဝါ၊ ပစ္စည်းဉစ္စာတို့ကို ယူငင်သိမ်းပိုက်တတ်၏။ က္လတိ၊ ကြောင့်၊ ဂေဟံ၊ ဂဟံ။ အိမ် ကျောင်း ဇရပ် တဲအုံမည်၏။

(အန္တဝဏ္ဏာ ပုဗ္ဗော ပေစ္စ၊ မိယတေ'တျု'ပဓာ မတော။ အန္တ-ဝဏ္ဏာ၊ အဆုံးဝဏ္ဏမှ။ ပုဗ္ဗော၊ ရှေ့ဝဏ္ဏကို။ ဉပေစ္စ မိယတေတိ၊ တေ-ဟူသောဝစနတ္ထကြောင့်။ ဉပဓာ၊ ဟူ၍။ မတော၊ ၏)။

(၆၂၉) **မသုဿ သုဿ ဆွရ-ဆွေရာ။** မသုဿ၊ မသုဓာတ်၏။ သုဿ၊ သု-အက္ခရာ၏။ ဆွရ-ဆွေရာ၊ ဆွရပြု, ဆွေရပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

မစ္ဆရတီ'တိ မစ္ဆရော၊ မစ္ဆေရော။ ပုံစံ။

(၆၃၀) **အာ ပုဗ္ဗ'စရဿ စ။** အာ-ပုဗ္ဗ-စရဿ စ၊ အာ-ရှေးရှိသော စရ-ဓာတ်၏လည်း။ ဆွရ-ဆွေရာ စ၊ ဆွရ-ပြု, ဆွေရာ-ပြုတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ သမ္ပိဏ္ဍန၊ ဆွရိယ-ပြုကို ဆည်း၏။**

အာဘုသံ စရတိ၊ စရိတဗ္ဗံ ဝါ'တိ အစ္ဆရံ၊ အစ္ဆေရံ၊ အစ္ဆရိယဥ္စ။ ပုံစံ။

အစ္ဆရံ ပဟရိတုံ ယုတ္တ'န္တိ အစ္ဆရိယံ- ပြုမှု တဒ္ဓိတ်။

(၆၃၁) **အလ ကလ-သလေဟိ လ-ယာ။** အလ-ကလ-သလေဟိ၊ အလ, ကလ, သလ-ဓာတ်တို့မှ။ ပရံ နောက်၌။ လ-ယာ၊ လ-ပစ္စည်း, ယ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

အလတိ သမတ္ထေတီတိ အလ္လံ၊ အလျံ၊ ကလီယတေ သင်္ချာယတေ'တိ ကလ္လံ၊ ကလျံ၊ သလတိ ဂစ္ဆတိ ပဝိသတီတိ သလ္လံ၊ သလျံ။ ပုံစံ။

---

(၆၂၉) မစ္ဆရတိ၊ မိမိနှင့်စပ်သမျှကို, သူတပါးတို့နှင့် မစပ်စေလို, ဝန်တိုတတ်၏။ ဣတိ၊ ကြောင့်။ မစ္ဆရော၊ မစ္ဆေရော၊ မည်၏။ ဝန်တိုနှစ်မြောသသူ၊ ဟု အနက်ပေး။

(ဧတ္ထ မသုတျနိပ္ဖန္နပါဋိပဒိကော၊ နိပ္ဖန္နော ဝါ။ ဒုဝိဓော ဟိ ပါဋိပဒိကော နိပ္ဖန္နော အနိပ္ဖန္နော စ။ တတ္ထ နိပ္ဖန္နော ကာရကောတျာဒိ။ အနိပ္ဖန္နော ယဋ္ဌပဋ္ဌောတျာဒိ။

ဟု-ဉာသ်ဆို၏။ မသုပုဒ်သက်သက် ပိဋကတ်၌ကျင်လည်သည် မရှိသောကြောင့် ကွိပစ္စည်း သက်၍ ဆွရ, ဆွေရ ပြု၍ တခါတည်းပြီးသော ရူပသိဒ္ဓိနည်းကောင်းပေသည်။ သဒ္ဒတ္ထ၌ကား အနိပ္ဖန္န ဟူ၍ပင်မရှိ။ ဥပသာရနိပါတ်မျှ မလွတ်ရ။ ဓာတ်ပစ္စည်းဝေဖန်၍ နိပ္ဖန္နပြီးသည်ချည်း။ ရုပ်မပြီးခင်သာ အနိပ္ဖန္န ဆိုရသည်။ ဤ၌လည်း မသုဓာတ်တည်ခိုက် အနိပ္ဖန္န။ မစ္ဆရ, မစ္ဆေရ ပြီးသည့်အခါ နိပ္ဖန္န။ ၎င်းလည်း အနိပ္ဖန္န။ မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ- ဟု ဘာဝတ္ထ ဏျပစ္စည်း, ဣအာဂုံတို့ဖြင့် ပြီးသည့်အခါ နိပ္ဖန္န။ အဋ္ဌကထာ၌ကား မာယိဒံ အစ္ဆရိယံ အညေသံ ဟောတူတိ ပဝတ္တံ မစ္ဆရိယံ- ဟု ပထမာ ဗဟုဗ္ဗီဟိလည်း ပြု၏။ ॥ **အာဝါသော စ ကုလံ လာဘော၊ ဝဏ္ဏော ဓမ္မောတိ ပဥ္စဓာ- ဟု မစ္ဆရိယ ငါးပါးရှိ၏)။**

(၆၃၀) အာဘုသံ၊ လွန်စွာ။ စရတိ၊ ဖြစ်တတ်၏။ ဝါ၊ စရိတဗ္ဗံ၊ ပြုကျင့်အပ်သြအပ်၏။ ဣတိ၊ ကြောင့်။ အစ္ဆရံ၊ မည်၏။ အစ္ဆေရံ၊ ၏။ အစ္ဆရိယဥ္စ၊ လည်းမည်၏။ အံ့ဘွယ်သရဲ (ပေး)။ အစ္ဆရံ၊ လက်ဖျစ်ကို။ ပဟရိတုံ၊ တီးခတ်ခြင်းငှါ။ ယုတ္တံ၊ ၏။ ဣတိ၊ ကြောင့်။ အစ္ဆရိယံ၊ ၏။

(၆၃၁) အလ္လံ၊ စိုစွတ်သည်။ ကလျံ၊ ခန့်ကျန်းသည်။ သလျံ၊ မြားငြောင့်။ အလျံ၊ စသည်တူ၏။

(၆၃၂) **ယာဏ–လာနာ**။ ကလ-သလေဟိ၊ တို့မှ။ ပရံ၊ ၌။ ယာဏ-လာနာ၊ ယာဏ-ပစ္စည်း, လာန-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ကလျာဏံ၊ ပဋိသလ္လာနံ။ ပုံစံ။

(၆၃၃) **မထိသ ထဿ လော စ**။ မထိဿ၊ မထဓာတ်၏၊ ထဿ၊ ထ-၏။ လော စ၊ လ-ပြုသည်လည်း။ ဟောတိ၊ ၏။

**စ-သဒ္ဒါ ထ-ပစ္စည်းကို ဆည်း၏**။ (ရူ)။

မထတိ ဝိလောဠတီတိ မလ္လော၊ သောယေဝ မလ္လကော။ (က-လာ) ။ မထနံ ဝိလောဠနံ မလ္လံ၊ မလ္လကံ။ ပုံစံ။

(၆၃၄) **ပေသာ'တိသဂ္ဂ–ပတ္တ, ကာလေသု ကိစ္စာ**။ ပေသ-အတိသဂ္ဂ-ပတ္တကာ-လေသု၊ စေခိုင်းတိုက်တွန်းခြင်း, စွန့်လွှတ်ခွင့်ပြုခြင်း, ချိန်ခါရောက်သည်ကို ပြောဆိုခြင်းတို့၌။ ကိစ္စာ၊ ကိစ္စ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

---

(၆၃၂) ကလျာဏံ၊ ကောင်းသောစိတ်။ (ကလျာဏော၊ တရား။ ကလျာဏီ၊ မိန်းမ)။ ဂဏာတော ပဋိက္ကမိတွာ သလတိ ဧတ္ထာတိ ပဋိသလ္လာနံ၊ ဆိတ်ငြိမ်ရာအရပ်၊ (လီဓာတ်ကြံလျှင် ပဋိသလ္လာယန, ပဋိသလ္လီန, ပဋိသလ္လီယန- ဟု ဖြစ်၏။ ကလျေ ပါတော အဏျတေ သဒ္ဒီယတေတိ ကလျာဏံ။ ဟေမနိ မင်္ဂလေ စ သုဘယုတ္တေ တိလိင်္ဂံ။ က္လတ္တိယံ ကလျာဏီ-ဟု သက္ကတ၌ ဏကြီးနှင့်ရှိ၏။ ပဋိသလ္လာန-၌ကား ဏကြီးဖြစ်ရန် ဉပဒေမရှိ ပိဋကတ်တော်၌လည်း နငယ်နှင့်သာ တွေ့ရှိသည်။

ရူပသိဒ္ဓိ (၄၀၇)၌ကား-

ယဒါ ပန လီ သိလေသနေတိ ဓာတု၊ တဒါ ပဋိသလ္လယဏံ ပဋိသလ္လာဏန္တိ ယုပစ္စယေန သိဒ္ဓံ၊ ဉပသဂ္ဂန္တဿ နိဂ္ဂဟီတဿ လတ္တံ။ ရဟာဒိ-ပရတ္တာ နဿ ဏတ္တံ။ ဧကာရဿ ကွစိဓာတူတိအာဒိနာ အတ္တဉ္စ။

ဟု-လီဓာတ်ကြံ၍ ဏကြီးပြုန်၏။ ရူပသိဒ္ဓိကား အဆိုရဲလှ၏။ အာဒိန္နပုဒ်များပင် ဏကြီးပြုန် ဟုဆိုခြင်းကြောင့်။ ဉပါဒိန္နစသော ပုဒ်များမှာ ဏကြီးနှင့်ချည်း ပြင်ကြကုန်၏။ ရဟာဒိပရဉပဒေ၊ ရူပသိဒ္ဓိ မှာမရှိ၊ ဏကြီးနှင့်ပါ၌တွေ့တိုင်းကိုပင် ရဟာဒိ၌သွင်းလေသည်။

(၆၃၃) မထတိ ဝိလောဠတိ၊ လုံးထွေးမွှေနှောက်တတ်၏။ က္လတိ၊ ကြောင့်။ မလ္လော၊ မလ္လကော၊ လက်ဝှေ့ လက်ပန်းသည်မည်၏။ မလ္လံ၊ မလ္လကံ၊ လက်ဝှေ့သတ်ခြင်း, လက်ပန်းလုံးထွေးခြင်း။ (စသဒ္ဒါဖြင့် က-လာ။ ကစ္စည်း၊ အကျိုးမရှိ။ လပစ္စည်းသက်)။ (ရူ၊ ၄၀၇။)

ကတ္တာဗ္ဗံ ကရဏီယံ ကိစ္စံ ကမ္မံ ဘဝတာ။ ပုံစံ။

(၆၃၅) **အဝဿကာ’ဓမိ’ဏေသု ဏီ စ။** အဝဿက-အဓမ-ဣဏေသု၊ မချွတ်မယွင်းဟူသော အနက်, မပြတ်တောင်းပူ ယုတ်ညံ့သော ကြွေးမြီယူသောအနက်တို့၌။ ဏီ စ၊ ဏီ, ပစ္စည်းသည်ငှင်း။ ကိစ္စာ စ၊ တို့သည်ငှင်း။ ဟောန္တိ၊ ကုန်၏။

**စ-သဒ္ဒါ ကိစ္စာကို ငင်၏။**

အဝဿံ ကမ္မံ ကရောတီ’တိ ကာရီ၊ အဝဿံ တွံ ဘာရံ ဟရသီ’တိ ဟာရီ၊ အဝဿ’မဟံ ဓမ္မံ စရာမီ’တိ စာရီ၊ ကမ္မကာရီ၊ ဘာရ-ဟာရီ၊ ဓမ္မစာရီ၊ သတံ ဣဏံ ဒဒါတိ ဒဒါသိ ဒဒါမီ’တိ ဒါယီ၊ သဟဿံ ဣဏံ ဓာရေတိ ဓာရေသိ ဓာရေမိ’တိ ဓာရီ၊ အဝဿံ ကရီယတေ’တိ ကာတဗ္ဗံ ကာရိယံ ကိစ္စံ၊ ဒီယတေ သတံ ဣဏ’န္တိ ဒါတဗ္ဗံ ဒါနီယံ ဒေယျံ။ ပုံစံ။

(၆၃၆) **အရဟ-သက္ကာ-ဒိဟိ တုံ။** အရဟ-သက္ကာ’ဒိဟိ၊ တို့နှင့်။ ယောဂေ၊ သော်။ တုံ၊ သည်။ ဟောတိ၊ ၏။

(အရဟသက္ကာဒိသု စ-သုတ်ရှိပြီးဖြစ်၍ အပိုပင်၊ ပဋ္ဌာန္တဂတိက)။

(၆၃၇) **ဝဇာ’ဒိဟိ ပဗ္ဗဇ္ဇာဒယော နိပစ္စန္တေ။** ဝဇာ’ဒိဟိ၊ ဝဇ-ဓာတ်အစရှိသည်တို့ ဖြင့်။ ပဗ္ဗဇ္ဇာ’ဒယော၊ ပဗ္ဗဇ္ဇ-အစရှိကုန်သော သဒ္ဒါတို့သည်။ နိပစ္စန္တေ၊ ပြီးစီးကုန်၏။

ပထမံ ဝဇိတဗ္ဗာ’တိ ပဗ္ဗဇ္ဇာ၊ ဣဇ္ဇန္နံ ယဇနံ ဝါ ဣဇ္ဇာ။ ပုံစံ။

---

(၆၃၄) ဘဝတာ၊ သင်သည်။ ကမ္မံ၊ အမှုကို၊ ကတ္တာဗ္ဗံ၊ ကရဏီယံ၊ ကိစ္စံ၊ ပြုရမည်။ ပြုလိုပြုတော့ ပြုချိန်တန်ပြီ။

(၆၃၅) အဝဿံ၊ မချွတ်။ ကမ္မံ၊ ကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ကြောင့်။ ကာရီ၊ မချွတ်ပြုသသူ မည်၏။ ဟာရီ၊ မချွတ်ဆောင်သောသင်။ စာရီ၊ မချွတ်ကျင့်သောငါ။ ကမ္မကာရီ၊ အမှုကို မချွတ်ပြုသော ထိုသူ။ သင်၊ ငါ။ ဘာရ-ဟာရီ၊ ဝန်ကို မချွတ်ဆောင်သောထိုသူ၊ သင်၊ ငါ။ ဓမ္မ-စာရီ၊ သူ၊ သင်၊ ငါ။ ဒါယီ၊ ကြွေးမြီယုတ်ကို ပေးဆပ်သသူ၊ သင်၊ ငါ။ ဓာရီ၊ ကြွေးမြီယုတ်ကို ဆောင်သသူ၊ သင်၊ ငါ။ ကာတဗ္ဗံ၊ ကာရိယံ၊ ကိစ္စံ၊ မချွတ်ပြုအပ်သော အမှု။ ဒါတဗ္ဗံ၊ ဒါနီယံ၊ ဒေယျံ၊ ပေးဆပ်သော ကြွေးမြီပူ။

(၆၃၇) ပထမံ၊ ပဥ္စင်းခံသည်မှရှေးဦးစွာ။ ဝဇိတဗ္ဗာ၊ ရောက်အပ်၏။ ဣတိ၊ ကြောင့်။ ပဗ္ဗဇ္ဇာ၊ မည်၏။ ဣဇ္ဇန္နံ၊ တုန်လှုပ်ခြင်း။ ဝါ၊ ယဇနံ၊ ပူဇော်ခြင်း။ ဣဇ္ဇာ၊ ခြင်း။

(ပပုဗ္ဗ ဝဇဓာတ်၊ ဏျပစ္စည်းသက်၍ ဒေါဓဿ စ-၌ စ၊ ပရဒွေဘာဝတို့ဖြင့် ပြီးသင့်လျက် ဉ်နိပါတနသုတ်ဖြင့် ပဝဇျာကို ပဗ္ဗဇ္ဇပြု။ အာပစ္စည်းသက်၍ပြီး၏။ ဣဇ္ဇာ-လည်း နည်းတူ။

(ဤလည်း ပဋ္ဌာန္ဒဂတိကပင်)။

၁။ ပဗ္ဗဋ္ဌာ ဇဋ္ဌာ သမဋ္ဌာ၊ နိသဋ္ဌာ သံကုဋ္ဌာ ဝိဋ္ဌာ။
ကုဋ္ဌာ ရုဋ္ဌာ လဋ္ဌာ ရဋ္ဌာ၊ တိရဋ္ဌာ စ တိရဋ္ဌာနော။ ။

၂။ သာကစ္ဆာ သာဂစ္ဆာ မုဋ္ဌာ၊ တုဋ္ဌာ ဝဋ္ဌာ စ ဗျာပဋ္ဌာ။
မစ္ဆော မစ္ဆု သစ္ဆံ နစ္ဆံ၊ နိစ္ဆံ ကညာ မာယာ ဇာယာ။ ။

(ဉာဏ်ရှိသူကျက်ရန် ပုံစံ)။

(၆၃၈) **ကွိ'လောပေါ စ။** ကွိ-လောပေါ စ၊ ကွိပစ္စည်း၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ၏။ နိပစ္စန္တေ စ၊ သင့်ရာဝိဓိလည်းပြီးကုန်၏။

ဝိဘူ၊ ဒိဗော။ ပုံစံ။ **စသဒ္ဒါ နိပစ္စန္တေကို ငင်၏။**

(၆၃၉) **သ, စ-ဇာနံ က-ဂါ ဏာ'နုဗန္ဓေ။** ဏာ'နုဗန္ဓေ၊ ဏ, အနုဗန်ရှိသော ပစ္စည်းကြောင့်။ သ, စ-ဇာနံ၊ စ, ဇ, အဆုံးရှိသော ဓာတ်တို့၏ အစိတ် စ, အက္ခရာ ဇ,အက္ခရာတို့၏။ က-ဂါ၊ က, ပြု ဂ,ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

သေကော၊ ဝိဝေကော၊ သင်္ဂေါ၊ ဘင်္ဂေါ။ ပုံစံ။

---

ဝုဒ္ဓိပြုလျှင် ဇဋ္ဌာ-ဖြစ်၏။ ဤသို့စသည်ဖြင့် သုတ်ငယ်တို့ဖြင့် ပြီးသောကြောင့် ဤနိပါတနသုတ်ကြီး အပိုင်။ ပဋ္ဌာန္ဒဂတိကသုတ်။

၁။ ပဗ္ဗဋ္ဌာ၊ ရှင်ဖြစ်ခြင်း။ ဇဋ္ဌာ၊ တဏှာ။ သမဋ္ဌာ၊ ပွဲသဘင်။ နိသဋ္ဌာ၊ ထိုင်နေခြင်း။ သံကုဋ္ဌာ၊ တွန့်တိုခြင်း။ ဝိဋ္ဌာ၊ အတတ်ပညာ။ ကုဋ္ဌာ၊ လိုချင်။ ရုဋ္ဌာ၊ ကျင်နာ။ လဋ္ဌာ၊ ရ။ ရဋ္ဌာ၊ လမ်း။ (ရဒဓာတ်။ တိရတိ အဓောဘာဂေန ဂစ္ဆတီ'တိ တိရဋ္ဌာ။ တိရဋ္ဌာန-၌ ဋ္ဌာနပစ္စည်း။

၂။ သဟ ကထနံ၊ သာကစ္ဆာ၊ ဆွေးနွေးခြင်း။ (သဟ အာဂမနံ သာဂစ္ဆာ)။ မုဋ္ဌာ၊ တွေဝေခြင်း။ (တုဒနံ) တုဋ္ဌာ၊ ထိုးဆွခြင်း။ ဝဋ္ဌာ၊ နေခြင်း။ ဗျာပဋ္ဌာ၊ ကြောင့်ကြခြင်း။ (မရတီ'တိ) မစ္ဆော၊ မစ္ဆု၊ သေမင်း။ (သတနံ သစ္ဆံ၊ နတနံ နစ္ဆံ။ နိတနံ နိစ္ဆံ။ ကန ဒိတ္တိ-ကန္တိဂတော၊ ကညာ။ မာ မာနေ)။ မာ၊ မျက်လှည့်။ ဇာယာ၊ မယား။ (ဇန-ဓာတ်၊ ဏျ-ပစ္စည်း)။

(၆၃၈) (ဝိသေသေန ဘဝတီ'တိ) ဝိဘူ၊ တင့်တယ်သည်။ (ဒွေ ဝါရေ ဇာယတီ'တိ) ဒိဗော၊ ငှက်၊ ပုဏ္ဏား၊ သွား။ (ဒွိဇောလည်း သင့်၏။ ရပစ္စည်းဖြင့်လည်းပြီးသောကြောင့်။ ကွိပစ္စယဝိဓိစုအပိုင်)။

(၆၃၉) သေကော၊ သွန်းလောင်းခြင်း။ ဝိဝေကော၊ ဆိတ်ငြိမ်ခြင်း။ သင်္ဂေါ၊ ငြိကပ်ခြင်း။ ဘင်္ဂေါ၊ ချိုးဖျက်ခြင်း။ (သိစ၊ ဝိပုဗ္ဗ ဝိစ၊ သန္ဇ၊ ဘန္ဇဓာတ်တည်း)။

(၆၄၀) **နုဒါ'ဒိဟိ ယု–ဏွုနု'မနာ'နနာ'ကာ'နနကာ သ–ကာရိတေဟိ စ။** နုဒါ'ဒိဟိ၊ နုဒ-အစရှိသောဓာတ်တို့မှရင်း။ သကာရိတေဟိ စ၊ ကာရိတ်ပစ္စည်းရှိသော ဓာတ်တို့မှရင်း။ ပရေသံ၊ ကုန်သော။ ယု-ဏွုနံ၊ ယု-ပစ္စည်း, ဏွု-ပစ္စည်းတို့၏။ အနာ'နနာ'ကာ'နနကာ၊ အန-ပြု, အာနန-ပြု, အက-ပြု, အာနနက-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ပနူဒနံ၊ ပနူဒနော၊ အာဏာပနံ၊ အာဏာပနော၊ သဉ္ဉာနနံ၊ သဉ္ဉာနနော၊ ပနုဒကော၊ အာဏာပကော၊ သဉ္ဉာနနကော၊ သူဒကော၊ ဇနကော၊ သာဝကော၊ လာဝကော၊ ပါဝကော၊ ဥပါသကော၊ ဥပါသိကာ။ ပုံစံ။

---

(၆၄၀) ပနူဒနံ၊ ပယ်ခြင်း၊ ပယ်ကြောင်း။ ပနူဒနော၊ ပယ်တတ်သည်။ (နုဒဓာတ်၊ ဒီဃပြု။ ပနောဒနော၊ ဝိနောဒနော- ဟု ဝုဒ္ဓိလည်းပြုရ၏)။ အာဏာပနံ၊ အာဏာပနော၊ အာပုဗ္ဗ, ဉာဓာတ်၊ ပဏ္ဏာသ, ပဏ္ဏတ္တိ-တို့ကဲ့သို့ ဉ-ကို ဏ-ပြု။ သိစေခြင်း, ခိုင်းခြင်း၊ သိစေတတ်, ခိုင်းတတ်၏။ ဟု-အနက်ပေး။ (ဓာတွတ္ထ သဂြိုဟ်၌ စာရှိသို့ လိုက်၍= အာဏော တု ဘူစု ပေသဏေ- ဆိုလိုက်သည်။ ရှေ့၌ ရှေ့နောက်ဉာဓာတ်ညှပ်လျက်ရှိသောကြောင့် ဉာဓာတ်ပင် အရင်းဖြစ်ရာ၏။ သက္ကတ၌လည်း မာဂဓ အာဏာပုဒ်အရာ, အာဉာ-ဟု ရှိ၏။ အာဏာ, အာဏာပန, အာဏာပကတို့သည် ကာရိတ်မြဲသောပုဒ်များတည်း)။ သဉ္ဉာနနံ၊ သိခြင်း၊ သိစေခြင်း။ သဉ္ဉာနနော၊ သိတတ်၊ သိစေတတ်သည်။ (ကာရိတ်ကျေလည်းဟူ၏)။ ပနူဒကော၊ ပယ်တတ်၏။ အာဏာပကော၊ သိစေတတ်၊ စေခိုင်းတတ်၏။ သဉ္ဉာနနကော၊ သိတတ်၊ သိစေတတ်၏။ (သူဒတိ ပဂ္ဃရာပေတီ'တိ) သူဒကော၊ အရသာကို ယိုချတတ်သော စဖိုသည်။ (သုဒ္ဓကတ္တုရုပ်) ဇနကော၊ ဖြစ်တတ်၊ ဖြစ်စေတတ်၏။ ဝါ၊ အဖ။ (အမိဟောမူ ဇနိကာ၊ အကို ဣပြု)။ သာဝကော၊ တပည့်။ လာဝကော၊ မြက်ရိတ်သသူ။ ဥပါသကော၊ သီတင်းသည်။ ဥပါသိကာ၊ သီတင်းသည်မ။

ဤသုတ်ရှိပြီ ဖြစ်၍ အနကာ ယုဏ္ဍုနံ-သုတ်အပိုပင်။

နုဒါဒီဟီ'တိ ဧတ္ထ အနကာ'ဒေသ'ဂ္ဂဟဏံ ဣမိနာ ဝိသေသ-ဝိဓိနာ ပုဗ္ဗေ ဝုတ္တ-သာမည'ဝိဓိ-နိသေဓ'ပ္ပသင်္ဂ-နိဝတ္တနတ္ထံ။

ဟု-ရူပ္ပီကာဖြေဆိုသော်လည်း ထိုသာမညဝိဓိကို ဖြုတ်လိုက်လျှင်ပြီးတော့သည်။ ဓာတုပစ္စယေဟိ ဝိဘတ္တိယော-သုတ်ဖြင့် ဓာတုနိဒ္ဒိဋ္ဌပစ္စည်းနောက် အာချာတ်ဝိဘတ်သက်ခြင်းကို, ဤသုတ်ဖြင့် ကိတ, ကိစ္စ-ပစ္စည်းသက်ခြင်းကို ဆိုသည်။

သ-ကာရိတေဟိ ယု ဏွုနံ၊ ကာရိယဿ ဝိဓာနတော။
ကိစ္စကိတ္တမ္ဟာဝေါဓာတု၊ ပစ္စယေဟိပိ ဝေဒိယော။ ။ (ရူပသိဒ္ဓိ၊ ၃၅၄။)

**(၆၄၁) ဣ–ယ–တ–မ–ကိ–ဧ,သာ'ဒိန'မန္တ'သဗ္ဗော ဒိယံ ကွစိ ဒိသဿ ဓေါရံ သော သ–က္ခီ' စ။** ဣ-ယ-တ'မကိ'ဧ-သာ-ဒီနံ၊ ဣ, ယ, တ, မ, ကိ, ဧ, သ, ပြုမည့် ဣမ, ယ, တ, တုမှ, အမှ , ကိံ, ဧတ, သမာန-အစရှိကုန်သော ရှေ့ဥပမာနပုဒ်တို့၏။ အန္တ'သဗ္ဗော၊ အစိတ်သရသည်။ ကွစိ၊ အချို့ပုံစံ၌။ ဒိယံ၊ သို့ရင်း။ ဒိသဿ၊ နောက်ဒိသဓာတ်၏။ ဓေါ၊ ဒ-သည်။ ကွစိ၊ ၌။ ရံ၊ ရ-အဖြစ်သို့ရင်း။ သော၊ သသည်။ ကွစိ၊ ၌။ သက္ခီ'စ၊ သ-အဖြစ်, က္ခ-အဖြစ်, ဤ-အဖြစ်တို့သို့ရင်း။ ပပ္ပေါတိ၊ ၏။ နိပစ္စန္တေ စ၊ သင့်ရာ ဝိဓိဖြင့်လည်းပြီးကုန်၏။

**အယ'မိဝ ဒိဿတေ'တိ ဤဒိသော၊ ယာဒိသော၊ တာဒိသော၊ မာဒိသော၊ ကီဒိသော၊ ဧဒိသော၊ ဧတာဒိသော ဝါ၊ သမာနော ဣဝ ဒိဿတေ'တိ သာဒိသော၊ သဒိသော ဝါ၊** ရ- ပြုမှု ဤရိသော၊ က္ခ-ပြုမှု ဤဒိက္ခော၊ နှစ်ပါးပြုမှု ဤရိက္ခော၊ ဤ-ပြုမူ၊ ဤဒီ-စသည်ဖြစ်၏။

**စ-သဒ္ဒါ အညမညသမုစ္စည်း။ နိပစ္စန္တေကိုလည်း ငင်၏။**

**အာဒိဖြင့် အညာဒိသော၊ အမူဒိသော-စသည်ကို ယူ။**

---

(၆၄၁) အယ'မိဝ၊ ဤသူကိုကဲ့သို့။ ဒိဿတေ၊ ရှုအပ်၏။ ဣတိ၊ ကြောင့်။ ဤဒိသော၊ မည်၏။ (ကွိပစ္စည်း။ ဤသုတ်ဖြင့် မ-ကိုချေ။ ဣကိုဒီယပြု။ သကို မချေရအောင် သပြု။ ယောဝိယ၊ သောဝိယ၊ တွံဝိယ၊ အဟံဝိယ၊ ကောဝိယ၊ ဧသောဝိယ ဒိဿတေတိ ဧဒိသော၊ ဧတာဒိသော ဝါ) ကောဝိယ၊ အဘယ်သူကဲ့သို့။ ဒိဿတေ၊ ရှုအပ်သနည်း။ ဣတိ၊ ဤသို့ မေးအပ်သော သတ္တိကြောင့်။ ကီဒိသော၊ မည်၏။ ဧဒိသော၊ ထိုသူကဲ့သို့ သဘောရှိသည်။ (ဧတာဒိသော-၌ ကွစိမြစ်၍ ဧ-မပြုရ။ သမာနော ဣဝ၊ တူသောသူကိုကဲ့သို့၊ ဒိဿတေ၊ ၏။ ဣတိ၊ ကြောင့်။ သာဒိသော၊ ၏။ (သဒိသော-ကား သမာနကို သပြုရုံသာ။ ဒီယမပြုရ)။ ဤရိသော၊ ဤဒိက္ခော၊ ဤရိက္ခော ဤဒီ၊ ဤသူကဲ့သို့သော သဘောရှိ၏။

(ဤသို့ သဏ္ဍတ၌ ကမ္မသာဓနချည်းပြု၏။ **ကစ္စည်း၌လည်း** ဣမမိဝ နံ ပဿတီ'တိ ဤဒိသော-ကို နိဿာယ နံ ဝသန္တိတိ နိဿယော-ကဲ့သို့ကြံလျှင် အဝုတ္တကမ္မသာဓနဖြစ်၏။ အနိဋ္ဌကို ဣဋ္ဌ၊ ဣဋ္ဌကို အနိဋ္ဌ ရှုနိုင်သော တာဒိဂုဏ်ကိုဆိုသော အချို့အရာ၌ကား ကတ္တုသာဓ်လည်း သင့်သည်ပင်။ **သဏ္ဍတ၌**လည်း အသော'ဝ ဒဿန'မဿာတိ ဤဒိသော- ဟု ကတ္တားသဘောရှိသော ကိတန္တဗဟုဗ္ဗိဟိသမာသ် ပြု၏)။ အညာဒိသော၊ တပါးသူကဲ့သို့ သဘောရှိ၏။ အမူဒိသော၊ ထိုသူကဲ့သို့သဘောရှိ၏။

(ဤသုတ်ကို ဉာသ်တပုံ, ရူပသိဒ္ဓိတပုံ-ဖွင့်ဆိုကြ၏။ ဉာသ်ဆိုသော ဒုသ-ဂိုဏ်းတို့လည်း အရိုးအစဉ်မကျ၊ ထိုကြောင့် သဏ္ဍတနှင့်ညီလျော်, အနက်ပေါ်အောင် ပြင်လိုက်ပေသည်)။

(၆၄၂) **ဘျာ'ဒီဟိ မတိ ဗုဓိ-ပူဇာ'ဒီဟိ စ က္တော။** ဘျာ'ဒီဟိ၊ ဘီ-အစရှိသော ဓာတ်တို့မှရင်း။ မတိ ဗုဓိ-ပူဇာ'ဒီဟိ၊ မတိ, ဗုဓ, ပူဇ-အနက်ရှိသောဓာတ် စသည်တို့မှရင်း။ ပရံ ဌ။ က္တော၊ က-အနုဗန်ရှိသော တ-ပစ္စည်းသည်။ ဟောတိ၊ ၏။

ဘာယိတဗ္ဗော'တိ ဘီတော၊ သုပနံ သုတ္တံ၊ သုဋ္ဌု မာနီယတေ မညတေ'တိ ဝါ သမ္မတော၊ ဗုဇ္ဈတေ'တိ ဗုဒ္ဓေါ ဒေဝမနုဿေဟိ၊ ပူဇိတော၊ သက္ကတော။ ပုံစံ။

(ဘာဝကမ္မေသု တ-သုတ်ရှိပြီဖြစ်၍ ဤသုတ်လည်းအပိုပင်)။

(၆၄၃) **ဝေပု-သီ-ဒဝ-ဝမု-ကု-ဒါ-ဘူ-ဟွာ'ဒီဟိ ထု'တ္တိမ-ဏိမာ နိဗ္ဗတ္တေ။** ဝေပု-သီ-ဒဝ-ဝမု-ကု-ဒါ-ဘူ-ဟွာ'ဒီဟိ၊ ဝေပု-ဓာတ်, သီ-ဓာတ်, ဒဝ-ဓာတ်, ဝမု-ဓာတ်, ကု-ပြုသော ကရ-ဓာတ်, ဒါ-ဓာတ်, ဘူ-ဓာတ်, ဟု-ဓာတ် အစရှိသည်တို့မှ။ ပရံ ဌ။ နိဗ္ဗတ္တေ၊ ဖြစ်၏ဟူသော အနက်၌။ အထု-တ္တိမ-ဏိမာ၊ အထု-ပစ္စည်း, တ္တိမ-ပစ္စည်း, ဏိမ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ဝေပနံ ကမ္ပနံ ဝေပထု၊ သယနံ သယထု၊ ဒဝနံ ဥပတာပနံ ဒဝထု၊ ဝမီယတေ'တိ ဝမထု၊ ကရီယတေ'တိ ကုတ္တိမံ၊ ကိတ္တိမဥ္စ၊ ဒီယတေ'တိ ဒတ္တိမံ၊ ဘဝနံ ဘောတ္တိမံ၊ အဝဟာဝီယတေ ဣဇ္ဇတေ'တိ ဩဟာဝိမံ၊ ဩဟာရိမံ။ ပုံစံ။

---

(၆၄၂) ဘီတော၊ ကြောက်အပ်သည်။ သုတ္တံ၊ အိပ်ပျော်ခြင်း။ သုဋ္ဌု၊ ကောင်းစွာ။ မာနီယတေ၊ မြတ်နိုးအပ်၏။ ဝါ၊ မညတေ၊ သိအပ်၏။ ဣတိ၊ ကြောင့်။ သမ္မတော၊ ၏။ (ဉာဏ်၌ မာ ဓာတ်၊ ရှိ၌ မန ဓာတ်)။ ဒေဝမနုဿေဟိ၊ တို့သည်။ ဗုဒ္ဓေါ၊ သိအပ်သော ဘုရား။ ပူဇိတော၊ ပူဇော်အပ်၏။ သက္ကတော၊ အရိုအသေပြုအပ်၏။

(၆၄၃) ဝေပနံ ကမ္ပနံ၊ တုန်လှုပ်ခြင်း။ ဝေပထု၊ ကိုယ်တုန်လှုပ်သောအနာ။ (ဝေပနံ ဝေပေါ၊ တေန နိဗ္ဗတ္တော ဝေပထု-ဟူသော ဝိဂြိုဟ်တုသည် ဤဘာဝသာဓ် ဝိဂြိုဟ်စစ်ကိုပြ၏။ နိဗ္ဗတ္တတဒ္ဓိတ်မှတ်ထင်, ယောင်မှားတတ်၏။ နောက်ကိုနည်းတူ)။ သယထု၊ အိပ်ခြင်းများသော သာနာ ရက်အနာ။ ဒဝထု၊ ကိုယ်ပူ ပါဒရက်နာ။ ဝမီယတေ၊ ပျို့အန်အပ်၏။ ဣတိ၊ ကြောင့်။ ဝမထု၊ အန်ဖတ်မည်၏။ (ကမ္မသာဓ်)။ ကုတ္တိမံ၊ ပြုအပ်သော ဝတ္ထု၊ (ကိပြုလျှင် ကိတ္တိမဖြစ်၏ ဇာတိမဟုတ်သည်ကိုဟော၏)။ ဒတ္တိမံ၊ သူပေး၍ မွေးစားအပ်သသူ စသည်။ ဘဝနံ၊ ဖြစ်ခြင်း။ ဘောတ္တိမံ၊ ဖြစ်ခြင်း။ အဝဟာဝီယတေ ဣဇ္ဇတေ၊ ပူဇော်အပ်၏။ ဣတိ၊ ကြောင့်။ ဩဟာဝိမံ၊ မည်၏။ (အဝဟရတိ'တိ) ဩဟာရိမံ၊ နှစ်မြှုပ်၍ ဆောင်တတ်သည်။ (ကတ္တုသာဓ်)။

(၆၄၄) **အင်္ကောသေ နမှာ'နိ။** နမှိ၊ န-ပဋိသေဓသည်။ ယုတ္တေ၊ ယှဉ်လတ်သော်။ အင်္ကောသေ၊ ဆဲရေးခြင်းအနက်၌။ အာနိ၊ အာနိ, ပစ္စည်းသည်။ ဟောတိ၊ ၏။

အ-ကရာဏိ တေ ဇမ္မ ကမ္မံ၊ အ-ဂမာနိ တေ ဇမ္မ ဒေသံ။ ပုံစံ။

(၆၄၅) **ကော–ဒိတော သင်္ကျာ ကွတ္တုံ။** ကော'ဒိတော၊ ကေ-အစရှိသော သင်္ချာသဒ္ဒါမှ။ ပရသ္မာ၊ သော။ သင်္ကျာ၊ သင်္ချ-နိပါတ်ပုဒ်၏။ ကွတ္တုံ၊ ကွတ္တုံ-ပြသည်။ ဟောတိ၊ ၏။

ကေယျ'တ္ထသ သင်္ချ ကေကွတ္တုံ၊ အနေကေသံ သင်္ချ အနေကကွတ္တုံ၊ သတကွတ္တုံ၊ သဟဿကွတ္တုံ၊ ဗဟုကွတ္တုံ၊ ကတိကွတ္တုံ။ ပုံစံ။

(ရူပသိဒ္ဓိ၌ ကွတ္တုံပစ္စည်းသက်၍ အဗျယတဒ္ဓိတ် ဟူ၏)။

(၆၄၆) **သုနဿ'နဿောန–ဝါန'ဝါနု'နုန'နာနာ။** သုနဿ၊ ဂတျ'တ္ထ, သုန-ဓာတ်, အ-ပစ္စည်းဖြင့်ပြီးသော နိပ္ဖန္နပါဋိပဒိက သုနပုဒ်၏။ ဥနဿ၊ အစိတ်ဥန-သဒ္ဒါ၏။ ဩန-ဝါန-ဥဝါန-ဥူန-ဥနခ-ဥန-အာ-အာနာ၊ ဩန-ပြု, ဝါန-ပြု, ဥဝါန-ပြု, ဥူန-ပြု, ဥနခ-ပြု, ဥန-ပြု, အာ-ပြု, အာနာ- ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

---

(၆၄၄) ဇမ္မ၊ ဟယ်သူယုတ်။ တေ၊ သင်သည်။ ကမ္မံ၊ အမှုကို။ အ-ကရာဏိ၊ မပြုသင့်ပါတကား။ (န ကတ္တဗ္ဗန္တိ အကရာဏိ၊ ပြု။ ဏကြီးပြန်။ သက္ကတ၌ကွတ္တိလိင်ဆို၏။) တေ ၏။ အကရာဏိ၊ မပြုနေခြင်း ဖျင်းလှ၏တကား။ (ဟု-ဘောအနက်ပေး။ အဂမာနိ တေ ဇမ္မ ဒေသော-ဟု ဝုတ္တကံထည့်သော ရူပသိဒ္ဓိ (၄၁၀)ကား ကမ္မသာဓ် ပြုလို၏)။ ဇမ္မ၊ ယုတ်။ တေ ၏။ ဒေသံ၊ အရပ်တပါးသို့။ အဂမာနိ၊ မသွားနေခြင်း ဖျင်းလှ၏တကား။ (ကစ္စည်း, ဉာသ်, သက္ကတအလို)။

(၆၄၅) ကေယျ၊ တစ်ခုသော၊ အတ္ထဿ၊ အနက်၏။ သင်္ချ၊ အကြိမ်တည်း။ ကေကွတ္တုံ၊ တစ်ကြိမ်။ အနေကေသံ၊ များစွာသောအနက်တို့၏။ သင်္ချ၊ အကြိမ်တည်း။ အနေကကွတ္တုံ၊ အကြိမ်များစွာ။ သတကွတ္တုံ၊ အကြိမ်တစ်ရာ။ သဟဿကွတ္တုံ၊ အကြိမ်တစ်ထောင်။ ဗဟုကွတ္တုံ၊ အကြိမ်များစွာ။ ကတိတ္တကွတ္တုံ၊ အကြိမ်ဘယ်မျှနည်း။

(သင်္ချ နိပါတ်သက်သက် တစ်ကြိမ်ကို ဟော၏။ ဒွိတိစသည်နှင့် ယှဉ်သည့်အခါ အကြိမ်သာမညကို ဟော၏။ ဒွိသတံ၊ တိသတံ, စသည်၌ သတသဒ္ဒါ စသည်ကဲ့သို့မှတ်)။

ကေ ဒွိ တိ ကွစ္စေဝမာဒိတော ဂဏနတော သင်္ကျာ ဌာနေ ဝါရတ္ထေ ကွတ္တုံ-ပစ္စယော ဟောတိ။

အဗျယတဒ္ဓိတ်ဖြင့် ရူပသိဒ္ဓိ(၂၅၄)ကောင်းပေ၏။

သုနတိ ဂစ္ဆတီတိ သောနော၊ သွာနော၊ သုဝါနော၊ သူနော၊ သုနခေါ၊ သုနော၊ သာ၊ သာနော။ ပုံစံ။

(၆၄၇) **တရုဏာသ သုသု စ**။ တရုဏာသ၊ တရုဏာပုဒ်၏။ သုသု၊ သုသု-ပြုသည်။ စ၊ အချို့။ ဟောတိ၊ ၏။

**စ-သဒ္ဒါ အနိယမတ္ထ**။ တရတီတိ တရုဏော၊ သုသု စ။ ပုံစံ။

(၆၄၈) **ယုဝသာဝသော'ဝုဝါနု'နူ'နာ**။ ယုဝသ၊ ယုဝ-ပုဒ်၏။ ဥဝသ၊ အစိတ် ဥဝ-သဒ္ဒါ၏။ ဥဝ-ဥဝါန-ဥန-ဥူနာ၊ ဥဝ-ပြု, ဥဝါန-ပြု, ဥန-ပြု, ဥူန-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ယဝတိ မိဿီဘဝတီ'တိ ယုဝါ၊ ယုဝါနော၊ ယုနော၊ ယူနော။ ပုံစံ။

---

(၆၄၆) သုနတိ ဂစ္ဆတိ၊ နေလျှင်ကွေး, သွားလျှင် ပြေးတတ်၏။ ဣတိ၊ ကြောင့်။ သောနော၊ မည်၏။ သွာနော၊ မည်၏။ သုဝါနော၊ သူနော။ သုနခေါ၊ သုနော၊ သာ၊ သာနော၊ မည်၏။

(သာရမေယျော, ကုက္ကုရော, သာဠူရော သုံးပုဒ်ထည့်မှု ခွေးပရိယာယ်ဆယ့်တစ်ပုဒ်။ အလက္ကော၊ ခွေးရူး။ သက္ကတ။ သီဟိုဠ်ကစ္စည်း, ဉာသ်တို့၌ နငယ်ချည်း ရှိ၏။ ရူပသိဒ္ဓိ၌ ဩဏပြု, ဥဏာပြုမှ ကြွင်းသမျှ, နငယ်ချည်းရှိ၏။ သာမိကဿ ဝစနံ သုဏာတီတိ- ဟု ဝစနတ္ထပြုသော ဝုတ္တိ, အဘိဓာန် ဋီကာတို့အလို ဏကြီးနှင့်သင့်ရာ၏။ ဆင်ခြင်၍ယူ။ သုနတိ သဒ္ဒါယတီတိ သုနော-လည်းပြု)။

(၆၄၇) တရတိ၊ အဆင်း, အရွယ်အားဖြင့် လွန်၏။ ဣတိ၊ ကြောင့်။ တရုဏော၊ မည်၏။ သုသု စ၊ သုသုလည်းမည်၏။

(အာ သောဠသ ဘဝေ ဗာလော၊ တရုဏော တု တတုတ္တရိ။ သက္ကတအလို။ ပရိယာယ်သဒ္ဒါ အချင်းချင်း၊ တရုဏကို သုသု။ ဂေါကို ဂေါဏပြုသောနည်းဖြင့် ဗုဇ္ဈတီ'တိ ဘဂဝါ, ဗုဇ္ဈတီတိ သတ္တာ စသည် ပြုသော်လည်း အပြစ်ဆိုရန် မရှိပြီ။ "မာဂဓေသ မြန်မာ"- သုတ်တည်၍ ဂစ္ဆတီတိ၊ နွား။ အဿတိ ဘက္ခတီတိ မြင်း-စသော တောင်ဘီလာ စကားများလည်း အရှုးစကားဖြစ်သော်လည်း ကစ္စည်းနှင့် ညီပေသည်။

သာ မာဂဓီ မူလဘာသာ၊ နရာ ယာယာဒိ ကပ္ပိကာ။
ဗြဟ္မာနောစာ'ဿုတာလာပါ၊ သမ္ဗုဒ္ဓါစာပိ ဘာသရေ။ ။ (ရှု ၄၁။)

ဟု ဘာသာစ၍ လာခဲ့ပုံကို ဆိုသော ဂါထာနှင့်လည်း ညီပေ၏။ "မာဂဓေသ ရှမ်း"။ "မာဂဓေသ ကလား"၊ "မာဂဓေသ ယိုးဒယား"- စသည်ဖြင့် သုတ္တဝိဘာဂလည်း များစွာရ၏။)

(၆၄၈) ယဝတိ မိဿီဘဝတိ၊ ရောနှောသည်ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ ယုဝါ၊ ယုဝါနော၊ ယုနော၊ ယူနော၊ မည်၏။ (ယုဝါသဒ္ဒါ ပုမာဒိဂိုဏ်း၊ အကြွင်း ပုရိသာဒိဂိုဏ်း မှတ်)။

(၆၄၉) **ကာလေ ဝတ္တမာနာ–တီတေ ဏွာ'ဒယော။** ဝတ္တမာနာ-တီတေ၊ ပစ္စုပ္ပန်, အတိတ်ဖြစ်သော။ ကာလေ၊ ၌။ ဏွာ' ဒယော၊ ဏု-အစရှိသောပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

အာဒိဖြင့် ယု, တ္တ, မိ- စသည်ကို ယူ။ ကရောတိ အကာသီတိ ကာရု။ ပုံစံ။

၁။ ကာရု ဝါယု ခနု ဗန္ဓု၊ သာဒု သာဓု စ ရာဟု စ။
မနု သာနု တနု ဟနု၊ မရု စာရု တရာ'ယု စ။ ။

၂။ ဝသွ'သု ပသု ပဋ္ဋု စ၊ ဂရု ဇာနု စ စန္ဒနံ။
ဘုဝနံ ကရုဏာ ဘူတံ၊ တာတော ဘူမိ စ နေမိ စ။ ။

(ဉာဏ်ရှိသူကျက်ရန်၊ ယုနှင့်တ္တ ပိုဓ၏)။

(၆၅၀) **ဘဝိဿတိ ဂမာ–ဒီဟိ ဏီ–ဃိဏ်။** ဘဝိဿတိ၊ အနာဂတ်ဖြစ်သော။ ကာလေ၊ ကာလ၌။ ဂမာ'ဒီဟိ၊ ဂမု-အစရှိသော ဓာတ်တို့မှ။ ပရံ ၌။ ဏီ-ဃိဏ်၊ ဏ-အနုဗန်, ဃ-အနုဗန်ရှိသော ဏီ-ပစ္စည်း, ဃိဏ်-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ဂမိဿတိ သီလေနာ'တိ ဂါမီ၊ ဂါမိနော၊ ဂါမိ၊ ဂါမယော၊ ဘာဝီ၊ ဘာဝိ၊ ပဿာဝီ၊ ပဿာဝိ၊ ဥာယီ၊ ဥာယိ။ ပုံစံ။ (ဤသုတ်လည်းအပိုပင်)။

---

(၆၄၉) ကရောတိ၊ ပြုလုပ်ဆဲ။ အကာသိ၊ ပြုလုပ်တတ်ပြီ။ ဣတိ၊ ကြောင့်။ ကာရု၊ မည်၏။

၁။ ကာရု၊ လက်သမား။ ဝါယု၊ လေ။ ခနု၊ လေး။ ဗန္ဓု၊ ဆွေမျိုး။ သာဒု၊ ချိုမြိန်သော အရသာ။ သာဓု၊ သူတော်ကောင်း။ ရာဟု၊ ပေုပ်ဂြိုဟ်။ မနု၊ လူ။ (သနိယတိ ဘဇီယတီတိ) သာနု၊ ညီညွတ်သော တောင်ပြင်။ တနု၊ ကိုယ်။ ဟနု၊ မေး။ မရု၊ သဲ၊ နတ်။ စာရု၊ နှစ်သက်ဖွယ်။ တရု၊ သစ်ပင်။ အာယု၊ အသက်။

၂။ ဝသု၊ ရတနာ။ ဝသုနတ် ရှစ်မျိုး။ အဿု၊ မျက်ရည်။ ပသု၊ သားသတ္တဝါ။ ပဋ္ဋု၊ လိမ္မာသူ။ ဂရု၊ ဆရာ, လေးသည်။ (ဏု-ပစ္စည်းပုံစံ) စန္ဒနံ၊ အေးမြသော စန္ဒကူးနံ့သာ။ ဘုဝနံ၊ လောက။ ကရုဏာ၊ သနားခြင်း။ (ယု-ပစ္စည်းပုံစံ) ဘူတံ၊ ဘီလူး၊ မဟာဘုတ်။ တာတော၊ အဘ။ (တ-ပစ္စည်းပုံစံ) ဘူမိ၊ မြေ၊ ဘုံဗိမာန်။ နေမိ၊ အကွပ်၊ နေမိမင်း။ (မိ-ပစ္စည်းပုံစံ)။ ဤ၌- ယု, တ-တို့ကား အပိုပင်။ ပဒ္မန္တဂတိက)။

(၆၅၀) သီလေန၊ အလေ့အားဖြင့်။ ဂမိဿတိ၊ သွားလတ္တံ့။ ဣတိ၊ ကြောင့်။ ဂါမီ၊ မည်၏။ ဂါမိနော၊ သွားလတ္တံ့သော အလေ့ရှိသောသူတို့သည်။ ဂါမိ၊ သည်။ ဂါမယော၊ တို့သည်။

(တဇော ဘူ ဘာဂ-သေဝါသု၊ ဒါန-ပါကေ စုရာဒိကော။
သု ဘူ သန္ဒ-ဇနိ'ဿရေ၊ ဝိ ဝိချာတေ သွ သန္ဓာန။
မထ- နှာန သုတေ ဘူ-သွာ၊ ဂတေ ဘူ-သွာကိ ပိဋ္ဌနေ။
ဥာ ဘူ-ဒိ ဂတိနိဝတ္တံ- ဟူသော ဓာတ်နက်တို့ကို ရှု၍)။

(၆၅၁) **ကိရိယာယံ ဏွူ-တဝေါ။** ကိရိယာယံ၊ စပ်ရာကြိယာကို။ ဂမျမာနာယံ၊ သိအပ်သည်ရှိသော်။ ဘဝိဿတိ၊ သော။ ကာလေ၊ ၌။ ဏွူ-တဝေါ၊ ဏွူ-ပစ္စည်း, တု-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ကရိဿတိ ကရိဿသိ ကရိဿာမီ'တိ ကာရကော၊ ဝဇတိ ဝဇသိ ဝဇာမိ အစ္ဆာမိ၊ ကတ္တာ ဝဇတိ အစ္ဆတိ ဘုဥ္စတိ ပိဝတိ။ ပုံစံ။

(ဤသုတ်လည်းအပိုပင်)။

(၆၅၂) **ဘာဝ-ဝါစိမှိ စတုတ္ထီ။** ဘာဝ-ဝါစိမှိ၊ ဘောကိုဟောသည်။ သတိ၊ သော်။ ဘဝိဿတိ၊ သော။ ကာလေ၊ ၌။ စတုတ္ထီ၊ စတုတ္ထီဝိဘတ်သည်။ ဟောတိ၊ ၏။

ပစီယိဿတေ ပစနံ ဝါ ပါကော ပါကာယ ဝဇတိ၊ တဏ္ဍုလံ ခေါဝတိ။ ပုံစံ။

(သိလာဃ-သုတ် စသည်ရှိ၍ အပိုပင်)။

(၆၅၃) **ကမ္မနိ ဏော။** ကမ္မနိ၊ အနီးကံပုဒ်သည်။ သတိ၊ သော်။ ဘဝိဿတိ၊ သော။ ကာလေ၊ ၌။ ဏော၊ ဏ-ပစ္စည်းသည်။ ဟောတိ၊ ၏။

နဂရံ ကရိဿတီတိ နဂရကာရော ဝဇတိ။ ပုံစံ

(ဝိသရုဇပဒါဒိတော ဏ- ရှိပြီးဖြစ်၍ ဤသုတ်လည်း အပိုပင်)

---

ဘာဇီ၊ ဘာဇိ၊ ဝေဖန်ဆည်းကပ်လတ္တံ့သော အလေ့ရှိသူ။ ပဿာဝီ၊ ပဿာဝိ၊ နားထောင်လေ့ရှိသူ။ ဋ္ဌာယီ, ဋ္ဌာယိ၊ ရပ်တည်လတ္တံ့သောသူ။

(စသည်ပေး။ တဿီလာဒီသု-စသည်ရှိ၍ အပိုပင်)။

(၆၅၁) ကာရကော၊ ပြုလုပ်လတ္တံ့သော ထိုသူသည်၊ သင်သည်၊ ငါသည်။ ဝဇတိ၊ သွား၏။ ဝဇသိ၊ ၏။ ဝဇာမိ၊ ၏။ အစ္ဆာမိ၊ ထိုင်နေ၏။ ကတ္တာ၊ ငါပြုမည် ကြံစည်၍။ ဝါ၊ ကြံစည်သော ထိုသူသည်။ ဝဇတိ၊ ၏။ အစ္ဆတိ၊ ၏။ ဘုဥ္စတိ၊ ၏။ ပိဝတိ၊ သောက်၏။

(ဤနည်း၌၊ ကရိဿာမီ'တိ ကတ္တာ- ဟု အမှယောဂဝိဂြိုဟ် ပြု။ သူတစ်ပါးက ဆိုသောစကားဖြစ်၍ ဝဇတိ- စသည် နာမယောဂကြိယာလာ။ ။(သဗ္ဗတော ဏွူ-တွာ'ဝီ ဝါ။ ဏာ'ဒယော တေကာလိကာ-ရှိလေပြီဖြစ်၍ ဤသုတ်လည်း အပိုသက်သက်ပင်တည်း)။

(၆၅၄) **သေသေ သန္တျသာမာနာ’နာ။** သေသေ၊ တစ်ပိုင်းတစ်စိတ်ပြုမိ၍ အကြွင်းအကျန်ရှိသေးသော။ ဘဝိဿတိ၊ သော။ ကာလေ၊ ၌။ ကမ္မနိ၊ သည်။ သတိ၊ သော်။ သန္တျသာမာနာ’နာ၊ သန္တျ-ပစ္စည်း, သမာန-ပစ္စည်း, အာန-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ကမ္မံ ကရိဿံ ကရိဿန္တော ဝဇတိ။ လ။ ကမ္မံ ကရိဿတိ ကရိဿန္တမှိ ကရိဿန္တသ္မိံ ကရဿန္တေ ကရိဿန္တေသု တိဋ္ဌတိ။ ကမ္မံ ကရိဿမာနော ကရာဏော ပစာနော ဘုဥ္ဇာနော ဂစ္ဆတိ၊ တတော စ ဥတ္တရိ ဝါယမာနော တံ စီဝရံ အဘိနိပ္ဖါဒေယျ။ ပုံစံ။

(အထဝါ- တက်သော ရူပသိဒ္ဓိနည်း။ သန္တျ-ပစ္စည်း, သမာန-ပစ္စည်းဆိုလိုက်သည်)။

(၆၅၅) **ဆဒါ-ဒီဟိ တ-တြဏ်။** ဆဒါ’ဒီဟိ၊ ဆဒ-အစရှိသောဓာတ်တို့မှ။ ပရံ၊ ၌။ တ-တြဏ်၊ တ-ပစ္စည်း, တြဏ်-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

အာတပံ ဆာဒေတိ အပဝါရေတီ’တိ ဆတ္တံ၊ ဆတြံ။ ပုံစံ။

---

(၆၅၄) ကမ္မံ၊ ကို။ ကရိဿံ၊ ပြုဆဲဖြစ်၍။ ကရိဿန္တော၊ ၍။ ဝဇတိ၊ ၏။ ကမ္မံ၊ ကို။ ကရိဿတိ၊ ပြုဆဲသူ၌။ လ။ ကရိဿန္တေသု၊ တို့၌။ တိဋ္ဌတိ၊ တည်၏။ ကရိဿမာနော၊ ကရာဏော၊ ပြုဆဲဖြစ်၍။ ပြုဆဲသောသူသည်။ ပစာနော၊ ချက်ဆဲသူသည်။ ဘုဥ္ဇာနော၊ စားဆဲသူသည်။ ဂစ္ဆတိ၊ ၏။ တတော၊ ထိုသုံးကြိမ်တောင်းခြင်း ခြောက်ကြိမ် ရပ်ခြင်းထက်။ ဥတ္တရိ၊ အလွန်။ ဝါယမာနော၊ အားထုတ်လျက်။ တံ စီဝရံ၊ ကို။ စ အဘိနိပ္ဖါဒေယျ၊ အကယ်၍ ပြီးစေငြားအံ့။

(ဤပုံစံ၌ ကံပုဒ်အနီးမရှိပဲ အာနပစ္စည်းသက်၏။ သယာနော-စသော အကမ္မကဓာတ် တို့၌လည်း ကံပုဒ်အနီးမရှိပြီ။

အထ ဝါ၊ ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ်’တိ ဧတ္ထ ဘဝိဿတီ’တိ ဝဓနတော သန္တျ ဣတိ ဧကောဝ ပစ္စယော ဒဋ္ဌဗ္ဗော။ (ရူ ၄၀၃။)

သန္တ-ပစ္စည်းဆို၍ ဂစ္ဆန္တာဒိဂိုဏ်းသို့ သွင်းလျှင် သာ၍ပင်ကောင်းလေ၏။ ဘဝိဿတိ ကာလေ ဆိုသော်လည်း သေသေ-ဟူသော ဝိသေသနကြောင့် ပစ္စုပ္ပန်ကာလပင် ဖြစ်၍၊ ဝတ္တမာနေ မာနန္တာ-သုတ်ရှိသောကြောင့် မာနပစ္စည်းပိုလွန်ရကား သန္တပစ္စည်းကဲ့သို့ သမာနပစ္စည်းကောင်း၏။ ကရိဿမာနော၊ ဘဝိဿမာနော- ဟု ပုံစံလုပ်)။

(၆၅၅) အာတပံ၊ နေပူကို။ ဆာဒေတိ အပဝါရေတိ၊ တားမြစ်တတ်၏။ ဣတိ၊ ကြောင့်။ ဆတ္တံ-ဆတြံ၊ မည်၏။

* ဆတ္တံ ဟုတ္တံ သုတ္တံ စရိတ္တံ၊ ယန္တံ ယောတ္တံ ဝရတ္တကာ။
ကလတ္တံ တန္တံ ပဝိတ္တံ၊ ဝဟိတ္တ’ဥ္စ ဝဟိတြကံ။ ။
(ဉာဏ်ရှိသူကျက်ရန်၊ ဤသုတ်လည်းအပိုပင်)။

(၆၅၆) **ဝဒါ’ဒိဟိ ဏိတ္တော ဂဏေ။** ဝဒါ’ဒိဟိ၊ ဝဒ-အစရှိသောဓာတ်တို့မှ။ ပရံ၌။ ဂဏေ၊ အပေါင်းများလတ်, ဇာတ်ဟောအနက်ကို။ ဂမျမာနေ၊ သော်။ ဏိတ္တော၊ ဏိတ္တ, ပစ္စည်းသည်။ ဟောတိ၊ ၏။

ဝဒတိ ဝါဒီယတိ ဝါဒါပနံ ဝါ’တိ ဝါဒိတ္တံ၊ တူရိယံ ဝါဒနဥ္စ၊ ဝရီယတေ’တိ ဝါရိတ္တံ၊ ဥဘတော-ဝိဘင်္ဂသီလံ၊ စရီယတေ စရန္တိ ဝါ တသ္မိံ ပရိပူရ-ကာရိတာယာ’တိ စာရိတ္တံ၊ ခန္ဓက-သီလံ။ ပုံစံ။

(ဝါရိတံ တာယန္တိ ဧတ္ထ ဧတေန ဝါ’တိ ဝါရိတ္တံ- ဟု ပြုသော ဝစနတ္ထကား ဤသုတ်၏ ပုံစံ မဟုတ်။ ဝါရိတပုဗ္ဗ တာ-ဓာတ် အာ-ပစ္စည်းဖြင့်ပြီး၏)။

---

* ဆတ္တံ၊ ထီး။ ဟုတ္တံ၊ ပူဇော်ခြင်း။ သုတ္တံ၊ သုတ်၊ ချည်မျှင်။ စရိတ္တံ၊ အကျင့်။ ယန္တံ၊ ယန္တရားစက်။ ယောတ္တံ၊ ကြိုး။ ဝရတ္တကာ၊ သားရေလွန်။ ကလတ္တံ၊ မယား။ တန္တံ၊ ရက်ကန်း။ ပဝိတ္တံ၊ ဖြူစင် ကောင်းမြတ်သည်။ ဝဟိတ္တံ၊ လှေ။

(ဝဟစိတြကံ, ဝရတ္တကာ,တို့၌ ဆန်းကြောင့် က,လာသည်။ တပစ္စယဝိဓိ, ဒွေဘာဝဝိဓိသုတ်။ ဘုဇာဒီနံ’မန္တောသုတ် ဒေါဓော စ-၌ စသဒ္ဒါများရှိပြီးဖြစ်၍ အပိုဆိုသည်)။

(၆၅၆) ဝဒတိ၊ မြည်တတ်၏။ ဝါ၊ ကား။ ဝါဒီယတိ၊ မြည်စေအပ်, တီးမှုတ်အပ်၏။ ဝါ၊ ကား။ ဝါဒါပါနံ၊ မြည်စေခြင်း, တီးမှုတ်စေခြင်း။ ဣတိ၊ ဤသုဒ္ဓကတ္တု, ဟေတုကမ္မ, ဘာဝသာဓ် သုံးပါးကြောင့်။ ဝါဒိတ္တံ၊ မည်၏။ တူရိယံ၊ “အာတတံ ဝိတတဥ္စေဝ, ယနံ သုသိရမာ’တတံ, ဝိတတဥ္စာတိ တူရိယံ, ပဥ္စင်္ဂိကမုဒီရိတံ”-ဟူသော တူရိယာမျိုးငါး၊ ဝါဒနဥ္စ၊ တီးမှုတ်ခြင်းငါးရ၏။ ဝရီယတေ၊ စောင့်ရှောက်အပ်၏။ ဣတိ၊ ကြောင့်။ ဝါရိတ္တံ၊ မည်၏။ ဥဘတော ဝိဘင်္ဂ-သီလံ၊ ဥဘတောဝိဘင်း၌ လာသော သီလရ၏။ စရီယတေ၊ ကျင့်အပ်၏။ ဝါ၊ ကား။ တသ္မိံ၊ ထိုသီလ၌။ ပရိပူရ-ကာရိတာယ၊ ပြည့်အောင်ပြုလေ့ ရှိသည်၏အဖြစ်ဖြင့်။ စရန္တိ၊ ကျင့်ကြကုန်၏။ ဣတိ၊ ဤကျင့်ရာသတ္တိကြောင့်။ စာရိတ္တံ၊ မည်၏။ ခန္ဓကသီလံ၊ ဒွါဝီသတိခန္ဓက၌လာသော သီလ ရ၏။

(က) ဥပသမ္ပဒူ ပေါသထော၊ ဝဿူပနာ ပဝါရဏာ။
စမ္မ’ဘေသဇ္ဇ-ကထိနာ၊ စီဝရံ စမ္ပေယျ ကောန စ။

(ခ) ကောသမ္ဗံ ဒသကမ္မန္တ၊ ပါရိဝါသိ-သမုစ္စယာ။
သမထံ ခုဒ္ဒကံသေနာ၊ သံဃဘေဒံ သမာစရံ။

(၆၅၇) **မိဒါဒီဟိ တ္တိ-တိယော။** မိဒါ'ဒီဟိ၊ မိဒ-ဓာတ်စသည်တို့မှ။ ပရံ၊ ၌။ တ္တိ-တိယော၊ တ္တိ-ပစ္စည်း, တိ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

မေတ္တိ၊ ပတ္တိ၊ ရတ္တိ၊ တန္တိ၊ ဓာတိ၊ ပါတိ၊ ဝသတိ။ ပုံစံ။

(ဤသုတ်လည်း အပိုပင်၊ ပဒ္မနူဂတိက)

(၆၅၈) **ဥသု-ရဉ္ဇေဟိ ဗ-ဋ္ဌာ၊ ဒံသဿ ဒဿော စ။** ဥသု-ရဉ္ဇေဟိ၊ ဥသု-ဓာတ်, ရဉ္ဇ-ဓာတ် တို့မှ။ ပရံ၊ ၌။ ဗ-ဋ္ဌာ၊ ဗ-ပစ္စည်း, ဋ္ဌ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။ ဒံသဿ၊ ဒံသ-ဓာတ်၏။ ဒဿော စ၊ ဒဿ-ပြုသည်လည်း။ ဟောတိ၊ ၏။

ဥဿော၊ ရဋ္ဌ၊ ဒဿော။ ပုံစံ။

(ဗျာကိဏ္ဏဒေါသကြောင့် သုတ်ကိုပြင်ရသည်)။

(၆၅၉) **သု'ဝု'သာန'မုဝူ-သာန'မတော ထော စ။** သု'ဝု'သာနံ၊ သု-ဓာတ်, ဝု-ဓာတ်, အသ-ဓာတ်တို့၏။ ဥဝူ'သာနံ၊ အစိတ် ဥ,သဒ္ဒါ၊ ဥသဒ္ဒါ, အသ, သဒ္ဒါတို့၏။ အတော၊ အတ, ပြုသည်ငှင်း။ ထော စ၊ နောက်၌ ထ-ပစ္စည်းသက်သည်ငှင်း။ ဟောတိ၊ ၏။

(သတ္ထံ၊ ဝတ္ထံ၊ အတ္ထော။ ပုံစံ။ (ဤလည်းအပို)။

---

(၈) သမထံ ဘိက္ခုနီ ခန္ဓကံ၊ ပဥ္စသတ္တသတေန စ။
ဒွါဒသာတိ ဒွါဝီသတိ၊ ခန္ဓေ ဝန္ဒာမိ ဒေသကံ။ ။ (ပရိဝါပါဠိ၊ ၂၁၀။)

(နောက် နှစ်ပါဒဆက်။ ဝဒိတာန် ဂဏော ဝါဒိတ္တ- ဟူသော ဝိဂြိုဟ်ကို မြင်၍ တခွိတ်ပုဒ်မှတ်မှားတတ်သည်)။

(၆၅၇) (မိဋ္ဌနံ) မေတ္တိ၊ ချစ်ခြင်း။ ပတ္တိ၊ ရောက်ခြင်း၊ ခြေသည်။ ရတ္တိ၊ ညဉ့်။ တန္တိ၊ အစဉ်။ ဓာတိ၊ နို့ထိန်း။ ပါတိ၊ ခွက်။ ဝသတိ၊ နေရာအိမ်။

(ကွတ္တိယာ-မတိ-ယဝေါ ဝါ၊ ဘုဇာဒီန'မန္တော နော ဒွိ စ-တို့ဖြင့် ပြီးလေပြီဖြစ်၍ ဤသုတ်ကို အပိုဆိုသည်)။

(၆၅၈) ရဉ္ဇဓာတ်, ရာဇဓာတ်နောင် တပစ္စည်းကို။ သာဒိ သန္တ-ပုစ္ဆ-ဘန္ဇဟံသာဒီဟိ ဋ္ဌော သုတ်ဖြင့်ပြု၍ ရဋ္ဌပြီးသောကြောင့်ငှင်း ဥဿော၊ ဒဿော၊ နှစ်ပုဒ်လည်း မာဂဓ-သက္ကဋ-အဘိဓာန်တို့၌ မရှိ။ ပိဋကတ်တော်၌လည်း မထင်ရှား၍ငှင်း ဤသုတ်သည် နိရတ္ထက ဗျာကိဏ္ဏဒေါသ များ၏။

(၆၅၉) သတ္ထံ၊ လက်နက်။ ဝတ္ထံ၊ အဝတ်ပုဆိုး။ အတ္ထော၊ အနက်, အကျိုးစသည်။ သမာဒီဟိ ထမာ-ဖြင့် သသ, ဝသ, အရ-နောင် ထပစ္စည်းသက်၍ပြီးသောကြောင့် ဤသုတ်ကို အပိုဆိုသည်။

(၆၆၀) **ရန္န'ဒါ'ဒီဟိ ခ-ဒိ-ဒ္ဒ-ကိ'ရာ ကွစိ ဇ-ဒ-လောပေါ စ။** ရန္နု'ဒါ'ဒီဟိ၊ ရန္န, ဥဒိ, အစရှိသော ဓာတ်တို့မှ။ ပရံ၊ ၌။ ခ-ဒိ'ဒ္ဒ-ကိ'ရာ၊ ခ, ဒ, ဒ္ဒ, က, ကိရ-ငါးပစ္စည်းတို့သည် ဟောန္တိ၊ ဖြစ်ကုန်၏။ ကွစိ၊ ၌။ ဇ-ဒ လောပေါစ၊ ဓာတွန်၊ ဇ, ဒ, တို့၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ၏။

၁။ **ရန္ခံ ဥဒ္ဒေါ သမုဒ္ဒေါ စ၊ ဆိဒ္ဒေါ ခုဒ္ဒါ စ ခုဒ္ဒကော။**
**ရုဒ္ဒေါ လုဒ္ဒေါ ဘဒ္ဒေါ နိဒ္ဒါ၊ မုဒ္ဒါ မဒ္ဒေါ ဒလိဒ္ဒကော။ ။**

၂။ **သက္ကော သုက္ကံ ဥက္ကာ ဝက္ကံ၊ ဝဇီရံ မဒိရာ ပိ စ။**
**ရုဓိရံ ရုဟိရ'ဥ္စေဝ၊ ရုစိရံ တိမိရံ သိရော။**
**ဗမိရော ကုဋိလော စေဝ၊ ကောကိလော သလိလံပိ စ။ ။**

(ဉာဏ်ရှိသူကျက်ရန်ပုံစံ)

(၆၆၁) **ပတိတော ဟိဿ ဟေရဏ်-ဟီရဏ်။** ပတိတော၊ ပတိ, ဥပသဂ္ဂပုဒ်မှ။ ပရဿ၊ သော။ ဟိဿ၊ ဟိ, ဓာတ်၏။ ဟေရဏ် ဟီရဏ်၊ ဟေရဏ်, ပြု ဟီရဏ်, ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

ပါဋိဟေရံ၊ ပါဋိဟီရံ။ ပုံစံ။

**ပတိတော ဟိဿ,** ယောဂဝိဘာဂဖြင့် ဟာရိယပြုလျှင် ပါဋိဟာရိယ, ဖြစ်၏။ ပဋိပက္ခေ ဟရတီတိ ပါဋိဟာရိယံ, ဟူ၍လည်းပြု။

---

(၆၆၀) ၁။ (ရဇ္ဇန္တိ ရမန္တိ ဝါ တ္တောတိ) ရန္ခံ၊ အပေါက်။ ဥဒ္ဒေါ၊ ဖျံ။ ခုဒ္ဒါ၊ ဆာလောင်ခြင်း။ ခုဒ္ဒကော၊ ငယ်သည်။ (က-အာဂုံ)။ ရုဒ္ဒေါ၊ ရုဒ္ဒနတ်ဆယ့်တစ်မျိုး။ လုဒ္ဒေါ၊ ကြမ်းကြုတ်၊ မုဆိုး။ (ရကိုလပြု)။ ဘဒ္ဒေါ၊ ကောင်းသည်။ (နိန္ဒိယတေတိ) နိဒ္ဒါ၊ အိပ်ပျော်။ မုဒ္ဒါ၊ လက်စွပ်။ မဒ္ဒေါ၊ မဒ္ဒတိုင်း။ ဒလိဒ္ဒကော၊ သူဆင်းရဲ။ (ကအာဂုံ) ။

၂။ သက္ကော၊ သိကြား၊ သာကိဝင်။ သုက္ကံ၊ သုက်၊ အဖြူ။ ဥက္ကာ၊ မီးရှူး၊ မိုက်ခွက်။ ဝက္ကံ၊ အညို့၊ စကား။ ဝဇီရံ၊ ဝဇိရစိန်။ မဒိရာ၊ သေရက်ယစ်မျိုး။ ရုဓိရံ၊ ရုဟိရံ၊ သွေး။ ရုစိရံ၊ နှစ်သက်ဖွယ်။ တိမိရံ၊ မိုက်မှောင်။ သိရော၊ ဦးခေါင်း။ ဗမိရော၊ နားထိုင်းသသူ။ ကုဋိလော၊ ကောက်ကွေးသည်။ (ရကို လပြု) ကောကိလော၊ ဥဩ။ သလိလံ၊ ရေ။

(၆၆၁) (ပတိပက္ခေ မဒ္ဒိတွာ ဟိနောတိ ဂစ္ဆတိ ပဝတ္တတီတိ) ပါဋိဟေရံ၊ ပါဋိဟီရံ၊ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာ။ ပတိပက္ခေ၊ ဆန့်ကျင်ဘက်တို့ကို။ ဟရတိ၊ ပယ်ဖျက်တတ်၏။ ဣတိ၊ ကြောင့်။ ပါဋိဟာရိယံ၊ မည်၏။ (ပတိပစ္စာ ဝါ ဟရိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ပါဋိဟာရိယံ)။

(၆၆၂) **ကဉ္စာဒိဟိ ကော။** ကဉ္စာဒီဟိ၊ ကဒို-စသည်တို့မှ။ ပရံ၊ နောက်၌။ ကော၊ က-အနုဗန်ရှိသော အ-ပစ္စည်းသည်။ ဟောတိ၊ ၏။

* ကဏ္ဍော စ ကဏ္ဍကော ဂဏ္ဍော၊ ဃဏ္ဍော မဏ္ဍော ကရဏ္ဍကော။
သဏ္ဍော ဝဏ္ဍော ဝိတဏ္ဍော စ၊ စဏ္ဍော ပဏ္ဍော စ ပဏ္ဍကော။ ။

♣ ခဏ္ဍဏ္ဍော ဣသိဏ္ဍော'ရဏ္ဍော၊ မန္ဒော စန္ဒော ခုရာ'ဒယော။
ဣကာရ'န္တေ နိဂ္ဂဟီတံ၊ နိစ္စံ ဘွာဒိ- စုရာဒိကေ။ ။ ပုံစံ ။

(၆၆၃) **ခါဒါ'မ-ဂမာနံ ခန္ဒာ'န္ဓ-ဂန္ဓာ။** ခါဒါမ-ဂမာနံ၊ ခါဒ, အမ, ဂမု-ဓာတ်တို့၏။ ခန္ဒာ'န္ဓ-ဂန္ဓာ၊ ခန္ဒ, အန္ဓ, ဂန္ဓ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ ကော စ၊ က-ပစ္စည်းလည်းသက်၏။

ဒုက္ခေဟိ ခဇ္ဇတေ'တိ ခန္ဒော၊ စက္ခူဟိ အမတိ ရုဇ္ဇတီတိ အန္ဓော၊ အနုဝါတံ ဂစ္ဆတီတိ ဂန္ဓော၊ က, အနုဗန်ကို မချေလျှင်၊ ခန္ဓကော, အန္ဓကော, ဂန္ဓကော, ဖြစ်၏။ အနက်တူပင်။

---

(၆၆၂) * ကဏ္ဍော၊ မြား, ဆူး, အပိုင်းအခြား။ (ကဏ္ဍကော၌ က-လာ)။ ဂဏ္ဍော၊ ပါး။ ဃဏ္ဍော၊ ခေါင်းလောင်း, ဆည်းလည်း။ မဏ္ဍော၊ ကြည်လင်, တန်ဆာ။ ကရဏ္ဍကော၊ ကြုတ်။ (က-လာ)။ သဏ္ဍော၊ အပေါင်းအစု။ ဝဏ္ဍော၊ အညှာ။ ဝိတဏ္ဍော၊ အထူးသဖြင့် နှလုံးကို တုန်လှုပ် စေတတ်သောဝါဒ။ စဏ္ဍော၊ ကြမ်းတမ်း။ ပဏ္ဍော၊ ပဏ္ဍုက်။

♣ခဏ္ဍော၊ အပိုင်း၊ သကာခဲ။ အဏ္ဍာ၊ အဉ။ ဣသိဏ္ဍော၊ မင်း။ ရဏ္ဍော၊ ကြက်ဆူပင်။ မန္ဒော၊ သူငယ်၊ နုံ့သသူ။ စန္ဒော၊ လ။ ခုရော၊ သင်တုန်း။ အာဒယော၊ စသည်တို့တည်း။ ဘွာဒိစုရာဒိကေ၊ ဘုဝါဒိဂိုဏ်း စုရာဒိဂိုဏ်း၌။ ဣကာရန္တေ၊ ဣကာရန္တဓာတ်၌။ နိစ္စံ၊ အမြဲ။ နိဂ္ဂဟီတံ၊ ဗိန္ဒုလာခြင်းသည်။ ဟောတိ၊ ၏။

(အပစ္စည်းသက်၍ပြီးကောင်းသောကြောင့် ဤသုတ်လည်းအပိုပင်)။

(၆၆၃) ဒုက္ခေဟိ၊ ဇာတိဒုက္ခ စသည်တို့သည်။ ခဇ္ဇတေ၊ စားဝါးကိုက်မျိုအပ်၏။ ဣတိ၊ ကြောင့်။ ခန္ဓော၊ ခန္ဓာငါးပါး မည်၏။ (ခန္ဓော ရူပါဒိ-အံသေသု၊ ပခန္ဓေ ဂုဏ-ရာသိသု။ ငါးနက်)။ စက္ခူဟိ၊ မျက်စိနှစ်ဖက်တို့ဖြင့်။ အမတိ ရုဇ္ဇတိ၊ ကျင်နာ၏။ ဣတိ၊ ကြောင့်။ အန္ဓော၊ ၏။ သူကန်း။ အနုဝါတံ၊ လေစုန်သို့။ ဂစ္ဆတိ၊ ၏။ ဣတိ၊ ကြောင့်။ ဂန္ဓော၊ မည်၏။

(ဤသုတ်စီရင်ချက် ရှုပ်ရှက်ဝေးကွာလှ၏။

ခန္ဓော စု ရာသိကရဏော၊ အန္ဓော စု ဒိဋ္ဌိဝိနာသေ။ ဂဏ္ဍော စု သူ စ-ဆေဒ-ဟိံသနေ၊ ဟူသော ဓာတ်နက်ရှိသည်ပင်)။

(၆၆၄) **ပဋ္ဋာ'ဒီဟျ'လံ။** ပဋ္ဋာ'ဒီဟိ၊ ပဋ္ဋ-ဓာတ်, ပါဠိပဒိက-ပုဒ် အစရှိသည်တို့မှ။ ပရံ၊ ၌။ အလံ၊ အလံ-အနက်ရှိသော အလ-ပစ္စည်းသည်။ ဟောတိ၊ ၏။

အလမတ္ထ-ဝါစကော အလ'ပ္ပစ္စယော။ ပဋ္ဋလ'န္တိ ပဋ္ဋ ဂတိမှိ'တိ'မဿ ပဋ္ဋေ အလံ နိရုတ္တာကန္တိ အတ္ထေ ပဋ္ဋေ-က္ကစ္စေ'တသ္မာ ပါဠိပဒိကတော ဝါ ပဋ္ဋ-ကိစ္စကရဏေ အလံ သမတ္ထော'တိ အတ္ထေ က္ကမိနာ အလ'ပစ္စယံ ကတွာ ရူပံ။ (ဉာသ်၊ ၄၇၃-၄)။

ပဋ္ဋ ဂတိမှိ၊ ပဋ္ဋေ အလံ သမတ္ထ'န္တိ <u>ပဋ္ဋလံ</u>။ (ရူပသိဒ္ဓိ၊ ၄၁၆။)

အလ'မိတိ အရဟာတိ-ပဋ္ဋိက္ခိတ္တေသု။ (ကစ္စည်း)။

အလံ ဝါရဏ-ဘူသာသု၊ ပရိယတ္တိယ'မဗျယံ အဘိဓာန်(၁၉၀)အရ။

ပဋ္ဋတိ ဂစ္ဆတိ နိရုတ္တက-ဘာဝံ ဝုဒ္ဓိံ ဝါ'တိ ပဋ္ဋလံ၊ ပဋ္ဋေ ပဋ္ဋ-ကိစ္စ-ကရဏေ အလံ သမတ္ထ'န္တိ ဝါ ပဋ္ဋလံ။ ပုံစံ။

---

(၆၆၄) အ'လပ္ပစ္စယော၊ အလပစ္စည်းသည်။ အလမတ္ထဝါစကော၊ အလံအနက်ကိုဟော၏။ ပဋ္ဋလန္တိ၊ ပဋ္ဋလံဟူသည်ကား။ ပဋ္ဋ၊ ပဋ္ဋဓာတ်သည်။ ဂတိမှိ၊ ၌ဖြစ်၏။ က္ကတိက္ကမဿ၊ ဤဂတျတ္ထပဋ္ဋ ဓာတ်၏။ (ရူပံ၌စပ်)။ ပဋ္ဋေ၊ အသုံးပြုရာသို့ သွားရောက်သည်၌။ အလံ နိရုတ္တကံ၊ ဂုဏ်ကိုဖျက်တတ်, အကျိုးမနပ်သော, အထပ်အလွှာ အပေါင်အမြှောင် အဖော်အပေါင်း တည်း။ က္ကတိအတ္ထေ၊ ဤပဋိက္ခိတ္တအနက်၌။ (ဗောဓိမဏ္ဍိုင်၌ မာရ်နတ်စစ်ပြိုင်လာသည့်အခါ ဘုရားလောင်း ဂုဏ်ပျက်မည်ကြောင့် သိကြားဗြဟ္မာတို့ ထွက်သွားသည်ကိုထောက်) ဝါ၊ တစ်နည်းလည်း။ ပဋ္ဋက္ကစ္စေတသ္မာ၊ ပဋ္ဋဟူသော။ ပါဠိပဒိကတော၊ ပုဆိုးဟော နိပ္ဖန္နပါဠိပဒိကပုဒ်မှ။ ပရံ၊ ၌။ ပဋ္ဋေ ပဋ္ဋကိစ္စ-ကရဏေ၊ ပုဆိုးလို ဟိရိကောပိန'ပ္ပဋိစ္ဆာဒန စသောကိစ္စကိုပြုခြင်း၌။ အလံ သမတ္ထော၊ စွမ်းနိုင်၏၊ ထိုက်၏။ က္ကတိအတ္ထေ၊ ဤအရဟာတိ အနက်၌။ က္ကမိနာ၊ ဤသုတ်ဖြင့်။ အလ'စ္စယံ၊ ကို။ ကတွာ၊ သက်၍။ ရူပံ၊ ပြီးသော ရုပ်တည်း။ (ဉာသ်)

ပဋ္ဋေ၊ အသုံးပြုရာသို့ သွားရောက်ခြင်း၌။ အလံ သမတ္ထံ၊ စွမ်းနိုင်သည်တည်း။ က္ကတိ၊ ကြောင့်။ <u>ပဋ္ဋလံ</u>၊ မည်၏။ (ရူပသိဒ္ဓိ၊ ၄၁၆။)

အလမိတိ၊ အလံသဒ္ဒါသည်။ အရဟာတိ-ပဋ္ဋိက္ခိတ္တေသု၊ ထိုက်တန်ခြင်း, မြစ်ပယ်ခြင်းအနက်တို့၌။ ဘဝတိ၊ ၏။ (ကစ္စည်း)

အလံ၊ သည်။ ဝါရဏ-ဘူသာသု၊ မြစ်ပယ်ခြင်း, တန်ဆာဆင်ခြင်း တို့၌၎င်း။ ပရိယတ္တိယံ၊ စွမ်းနိုင်ခြင်း အနက်၌၎င်း။ အဗျယံ၊ ဖြစ်သောနိပါတ်ပုဒ်တည်း။ အဘိဓာန်ဟန်မရ၍၊ ဝါစကပုဒ်ကို အစထားလိုက်သည်။

နိရုတ္တကဘာဝံ၊ အကျိုးမရှိသည်အဖြစ်သို့။ ဝါ၊ ဝုဒ္ဓိံ၊ ကြီးပွားထူထပ်ခြင်းသို့။ ပဋ္ဋတိ ဂစ္ဆတိ၊ ရောက်တတ်၏။ က္ကတိ၊ ကြောင့်။ ပဋ္ဋလံ၊ မည်၏။ (ဤသို့ပြုလျှင် ကိတ်ပုဒ်) ဝါ၊ ကား။ ပဋ္ဋေ ပဋ္ဋကိစ္စ

၁။ ပဋလံ ကလလံ ကုသလံ၊ ကဒလီ စ ဘဂန္ဒလံ။
မေခလာ ဝက္ကလံ တက္ကလံ၊ ပလ္လလံ ပိစ သဒ္ဒလံ။ ။

၂။ မုဋ္ဌာလံ ဗိဋ္ဌာလော ဝါလော၊ စဏ္ဍာလော ဝသလော ပိစ။
မစလော မုသလော ပုထုလော၊ ဗဟလော ဗဟုလော တထာ။ ။

၃။ ပဋ္ဌာလာ ကမ္ဗလံ မဏ္ဍလံ၊ သမ္ဗလံ သဗလ'ဂ္ဂလံ။
ကုဏ္ဍလံ မင်္ဂလံ ဝိဒလံ၊ ကောတ္ထုလော'တျာဒိ ယောဇိယံ။ ။

(ဉာဏ်ရှိသူကျက်ရန်)

(၆၆၅) **ပုထဿ ပုထု ပထာ မော ဝါ။** ပုထဿ၊ ပုထဓာတ်၏။ ပုထု-ပထာ၊ ပုထု-ပြု ပထ-ပြုတို့သည်။ ဟောန္တိ ကုန်၏။ ဝါ၊ ပထ-ပြုရာ အချို့၌။ အမော၊ အမ-ပစ္စည်းသည်။ ဟောတိ၊ ၏။
ပုထတိ ပတ္ထရတီတိ ပုထဝီ၊ ပထဝီ၊ ပထမော၊ ပေါထယတိ ဒိဗ္ဗတီ'တိ ဝါ ပထမော၊ ပုထုဇ္ဇနော။ ပုံစံ။
ဝါသဒ္ဒါ ကွစိ အနက် ရှိ၏။

---

ကရဏော၊ ဟိရိကောပိန'ပ္ပဋိစ္ဆာဒန စသော ပုဆိုးကိစ္စကို ပြုခြင်း၌။ အလံ သမတ္ထံ၊ ၏။ က္လတိ၊ ကြောင့်။ ပဋလံ၊ ၏။ (ဤသို့ပြုလျှင် တဒ္ဓိတ်ပုဒ်၊ အလွှာအထပ်အပေါင်းအမြောင် အပေါင်းအသင်းကို ဟော၏။ အလွန်ခက်၏။ အားသက်၍ကြံ။ နောက်ပုဒ်များကိုလည်း ထိုအတူသင့်အောင် ဝိဂြိုဟ်ဆို)။

၁။ ပဋလံ၊ အလွှာ အထပ် အပေါင်း။ ကလလံ၊ ညွန်။ ကုသလံ၊ ကုသိုလ်။ ကဒလီ၊ ငှက်ပျောပင်။ ဘဂန္ဒလံ၊ အရိယိုသော ဘဂန္ဒိရ်နာ။ မေခလာ၊ ခါးစည်းကြိုး။ ဝက္ကလံ၊ လျှော်တေ။ တက္ကလံ၊ သစ်စေး။ ပလ္လလံ၊ ညွန်ပျောင်း။ သဒ္ဒလံ၊ စိမ်းစိုသောအရပ်။

၂။ မုဋ္ဌာလံ၊ ကြာစွယ်။ ဗိဋ္ဌာလော၊ ကြောင်။ ဝါလော၊ သားမြီး။ စဏ္ဍာလော၊ ဒွန်းစဏ္ဍား။ ဝသလော၊ သူယုတ်။ မစလော၊ ခိုးသူ။ မုသလော၊ ကျည်ပွေ့။ ပုထုလော၊ ဗဟလော၊ ကြီးမားထူထပ်။ ဗဟုလော၊ များ။

၃။ ပဋ္ဌာလာ၊ ပဋ္ဌာလတိုင်းတို့။ ကမ္ဗလံ၊ သက္ကလတ်။ မဏ္ဍလံ၊ ဝန်းဝိုင်း။ သမ္ဗလံ၊ စားနပ်ရိက္ခာ။ သဗလံ၊ ပြောက်ကျား။ အဂ္ဂလံ၊ တံခါးကျည်၊ အဖာ။ ကုဏ္ဍလံ၊ နားဒောင်း။ မင်္ဂလံ၊ ကောင်းမြတ်။ ဝိဒလံ၊ ထင်ရှားသောဝတ္ထု။ ကောတ္ထုလော၊ တောခွေး။ က္လတျာဒိ၊ ကို။ ယောဇိယံ၊ ၏။

(တောခွေးဟောကို ဂေါတ္ထု၊ ကောတ္ထု၊ ကောဋ္ဌု-ဟု ဂယ်, ကကြီး, ထဆင်ထူး, ဌဝမ်းဘဲတို့နှင့် အယူးထူး အတွေ့တွေ့ မာဂဓ, သက္ကတကျမ်းတို့၌ရှိ၏။ အဘိဓာန် မောဂ္ဂလာန်ရှိတိုင်း ကကြီး ထဆင်ထူး တို့နှင့် ကောတ္ထုပုဒ်ကို ပညာရှိတို့ အသုံးပြုကြ၏)။

(၆၆၅) ပုထတိ ပတ္ထရတိ၊ ကျယ်ပြန့်၏။ က္လတိ၊ ကြောင့်။ ပုထဝီ၊ မည်၏။ (ပုကို ပပြုလျှင် ပထဝီဖြစ်၏။ ပထပြု၍ အမပစ္စည်းသက်မူ ပထမပြီး၏။) ဝါ၊ ကား။ ပေါထယတိ-ဒိဗ္ဗတိ၊ ထွန်းပထင်ရှား၏။ က္လတိ၊ ကြောင့်။ ပထမော၊ မည်၏။

**(၆၆၆) သသွာ'ဒီဟိ တု-ဒဝေါ။** သသွာ'ဒီဟိ၊ သသု, ဇန, ဟိ, ဒဒ-အစရှိသော ဓာတ်တို့မှ။ ပရံ၊ ၌။ တု-ဒဝေါ၊ တု-ပစ္စည်း, ဒု-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

သတ္တု၊ ဇတ္တု၊ ဟေတု၊ ဒဒ္ဒု။ ပုံစံ။

(အဒ္ဒု မဒ္ဒု-တို့ကား တပါးကျမ်းတို့၌မရှိ)။

**(၆၆၇) စျာဒိဟိ ဤဝရော။** စျာဒီဟိ၊ စိ, ပါ, ဓာ- အစရှိသော ဓာတ်တို့မှ။ ပရံ၊ ၌။ ဤဝရော၊ ဤဝရ-ပစ္စည်းသည်။ ဟောတိ၊ ၏။

စီဝရံ၊ ပီဝရော၊ ဓီဝရော။ ပုံစံ။

**(၆၆၈) မုနာ'ဒီဟိ စိ။** မုနာ'ဒီဟိ စ၊ မုန-ဓာတ် အစရှိသည်တို့မှလည်း။ ပရံ၊ ၌။ က္တိ၊ က္တိ-ပစ္စည်းသည်။ ဟောတိ၊ ၏။

မုနာတိ ဇာနာတိ၊ တုဏှီ ဝါ ဘဝတီ'တိ မုနိ၊ ယတတိ ဝီရိယံ ကရောတီတိ ယတိ။ ပုံစံ။

**၈-သဒ္ဒါ ပါဠိပဒိကပုဒ်ကို ဆည်း၏။**

---

(ဌဝမ်းဘဲနှင့် ပဌမရေးကြသည်ကား ဤကျမ်းနှင့်မညီ။ ထကိုဓပြု၍၊ ပဓဝီ, ပဓမော-ဟု-ဉာဉ်ရှိသေး၏။ အသုံးမထင်။ သက္ကတ၌လည်း မရှိ။ ပုထကို ပါဠိပဒိကပုဒ်-ဟု ကစ္စည်း, ဉာသ်တို့၌ဆို၏။ သက္ကတ၌ နိပါတ်။ ရူ၌ ဓာတ်ဟူ၏။ ပုထော, ပုထာ, ပုထံ-စသည်မရှိသောကြောင့် နိပါတ်, ဓာတ်ဆိုခြင်းသည် ကောင်း၏။ ပုထုပြုပြီးမူကား ပုထူနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော-ဟု နာမ်ဝိဘတ်နှင့်ထင်၏။ နာမ်ပုဒ် ဖြစ်၏။

ပုထော ဒိ-စု ပဟာရေ၊ စု ဒိတ္တိယံ ဘူ ဝိတ္ထာရေ။ ဓာတ်နက်)။

(၆၆၆) (သသီယတေ ဟိံသီယတေတိ) သတ္တု၊ ရန်သူ။ မုန့်လုံး၊ မုန့်မှုန့်။ (ခန္ဓမဗ္ဗေ ဇာယတီတိ) ဇတ္တု၊ လည်ကုပ်။ ဟေတု၊ အကြောင်း။ ဒဒ္ဒု၊ ပွေး၊ ဝဲနာ။ (အန္ဒတိ ဗန္ဓတိ ဧတေနာတိ အန္ဒု၊ နှောင်အိမ်။ ဤသို့ကျမ်းအများဆုံးဖြစ်ကြ၏။ ဤကစ္စည်း၌ကား အဒဓာတ်၊ ဒုပစ္စည်း၊ အဒ္ဒု-ဟူ၏။ မဒ္ဒုကား မထင်ရှား)။

(၆၆၇) (စီယတေတိ) စီဝရံ၊ သင်္ကန်း။ (ပါတိ ပိဝတိ၊ ပီဏာတိ ဝါ တပ္ပတီတိ) ပီဝရော၊ ဆူဖြိုးသသူ၊ လိပ်သတ္တဝါ။ (မစ္ဆေ ဒဓာတီတိ) ဓီဝရော၊ တံငါ။ (စျာဒိဟိ, ယောဂဝိဘာဂဖြင့် ဤရပစ္စည်းသက်၍ စီရံ, ဖြစ်သင့်၏။ လျှော်တေသင်္ကန်း။ စိရတော ဝရံ စီဝရံ၊ သာသနာသင်္ကန်း)။

(၆၆၈) မုနာတိ ဇာနာတိ၊ သိတတ်၏။ ဝါ၊ မုနာတိ တုဏှီ ဘဝတိ၊ ကမ္မဋ္ဌာန်းကို, စီးဖြန်းနှုတ်ပိတ်, ဆိတ်ဆိတ်နေတတ်၏။ က္တိ၊ ကြောင့်။ မုနိ၊ မည်၏။ (သာဂါရ, အနာဂါရ, သေက္ခ, အသေက္ခ, ပစ္စေက, မုနိငါးပါးရှိ၏)။ ယတတိ၊ အားထုတ်တတ်၏။ ဝီရိယံ၊ လုံ့လကို။ ကရောတိ၊ ၏။ က္တိ၊ ကြောင့်။ ယတိ၊ ရဟန်းမည်၏။

၁။ မုနိ အဂ္ဂိ ယတိ ပတိ၊ သုစီ'သိ ရုစိ သပ္ပိ စ။
ကဝိ ရာဇိ ရဝိ ဒဓိ၊ ကုင္ရွာ'သိ မဏိ ဇောတိ စ။ ။

၂။ ခနိ ဒီပိ ကိမိ တိမိ၊ ကပါ'ရိ ကသိ ဗောဓိ စ။
ဗလိ နန္ဒိ ဂိရိ ဟရိ၊ မသျ'စ္ဆိ'တျာ'ဒိ ဓာတု-ဇော။ ။

၃။ မဟာလိ ပန ဘဒ္ဒါလိ၊ တရဏာ'ရဏိ စာ'ဝနိ။
သရဏီ ပိ ဓရဏီ'မေ၊ ပါဠိပဒိက'သမ္ဘဝါ။ ။

(ဉာဏ်ကောင်းသူတို့ ကျက်ရန်)

---

၁။ မုနိ၊ မုနိငါးပါး။ အဂ္ဂိ၊ မီး။ ယတိ၊ ရဟန်း။ ပတိ၊ အရှင်၊ လင်။ သုစိ၊ စင်ကြယ်။ (သူစိ ကား အပ်ဟော) ဣသိ၊ ရသေ့။ ရုစိ၊ အရောင်။ သပ္ပိ၊ ထောပတ်။ ကဝိ၊ ပညာရှိ။ ရာဇိ၊ အရေးအသား။ ရဝိ၊ နေ။ ဒဓိ၊ နို့ဓမ်း။ ကုဋ္ဌိ၊ တဲ, အိမ်, ကိုယ်။ အသိ၊ သန်လျက်။ မဏိ၊ ပတ္တမြား။ ဇောတိ၊ အရောင်၊ မီး။

၂။ ခနိ၊ အသံ။ ဒီပိ၊ သစ်။ (ကမတီတိ) ကိမိ၊ ပိုးလောက်။ တိမိ၊ ငါး, တိမိမည်သော ငါးကြီး။

မဟာမစ္ဆာ တိမိ တိမိ- င်္ဂလော တိမိရပိင်္ဂလော။
အာနန္ဒော တိမိနန္ဒော စ၊ အဇ္ဈာရောဟော မဟာတိမိ။ ။ (အဘိဓာန်၊ ၆၇၃)

တိမင်္ဂလဂိလ ငါးကိုထည့်၍ ငါးကြီးရှစ်စင်း။
ကပိ၊ မျောက်။ အရိ၊ ရန်သူ။ ကသိ၊ လယ်ထွန်ခြင်း၊ လယ်ထွန်ဘဏ္ဍာ။

ဗောဓိ သဗ္ဗညုတညာနေ- ရိယမဂ္ဂေ စ နာရိယံ။
ပညတ္တိယံ ပုမေ ဿတ္ထ- ရုက္ခမှိ ပုရိသိတ္ထိယံ။ ။(ဓာန်၊ ၈၀၅)

ဗလိ၊ အခွန်အတုတ်။ နန္ဒိ၊ နှစ်သက်ခြင်း။ ဂိရိ၊ တောင်။ ဟရိ၊ ဗိဿဏိုးနတ်၊ စိမ်းသော အဆင်း။ မသိ၊ မီးသွေး၊ မင်။ အစ္ဆိ၊ မီးလျှံ။ ဣတျာဒိ၊ ဤသို့စသည်သည်။ ဓာတု-ဇော၊ ဓာတ်ဖြင့် ဖြစ်သော ပုံစံတည်း။

၃။ ပန၊ ထိုမှတပါး။ မဟာလိ၊ မဟာလိလိစ္ဆဝီမင်း။ ဘဒ္ဒါလိ၊ ဘဒ္ဒါလိရဟန်း။ တရဏိ၊ နေ, လှေ။ အရဏိ၊ မီးပွတ်။ အဝနိ၊ မြေ။ သာရဏိ၊ လမ်း, အိမ်။ ဓရဏိ၊ မြေ။ (ဤနောက်ငါးပုဒ် ဤ-ပစ္စည်းဖြင့် လည်း ပြီး၏။) ဣမေ၊ ဤသဒ္ဒါတို့သည်။ ပါဠိပဒိက သမ္ဘဝါ၊ နိပ္ဖန္နပါဠိပဒိကပုဒ်ဖြင့် ဖြစ်ကုန်၏။

မဟတ္တံ လာတိ ဂဏှာတီတိ မဟာလော-ဟု အပစ္စည်းဖြင့် ပြီးသော နိပ္ဖန္နပါဠိပဒိက ကိတန္တ သမာသ်ပုဒ်နောင် ဣပစ္စည်းသက်ရသည်။ ဤနည်းတူ နောက်ကိုကြံလေ။ သာဝကာသ သာဓာရဏ ဤသုတ်ရှိပြီဖြစ်၍၊ သညာယံ ဒါဓာတော ဣ- သုတ်ပိုလွန်၏။

(၆၆၉) **ဝိဒါ'ဒိတျူ'ရော။** ဝိဒါ'ဒီဟိ၊ ဝိဒ-ဓာတ် စသည်တို့မှ။ ပရံ၊ ၌။ ဦရော၊ ဦရ-ပစ္စည်းသည်။ ဟောတိ၊ ၏။

ဝိဒီယတေ ဒုက္ခေန လဗ္ဘတေ ဉာယတေ ဝါ'တိ ဝိဒူရော၊ ဝိဒူရေ ဇာတော'တိ ဝေဒူရိယော၊ ဝလ္လီယန္တိ ရက္ခီယန္တိ ဣတော'တိ ဝလ္လူရော။ ပုံစံ။

* ဝိဒူရော ဝလ္လူရော'န္ဒူရော၊ မသူရော ကူရ-ဒူရကော။
သိန္ဒူရော ကပ္ပူရော မယူ- ရော ခဇ္ဇူရော ကုရူရကော။ ။

(ဉာဏ်ရှိသူတို့ ကျက်ရန်)

---

(၆၆၉) ဒုက္ခေန၊ ဆင်းရဲသဖြင့်။ ဝိဒီယတေ လဗ္ဘတေ၊ ရအပ်၏။ ဝါ၊ ဉာယတေ၊ သိအပ်၏။ ဣတိ၊ ကြောင့်။ ဝိဒူရော၊ မည်၏။ (လိုရင်းပုံစံ)။ ဝိဒူရေ၊ ဝေးသောတောင်၌။ ဇာတော၊ ၏။ ဣတိ၊ ကြောင့်။ ဝေဒူရိယော၊ မည်၏။ (ရေပွက်ဥဖောင်းဟော ဗုဗ္ဗုဒ၌ ဒကို ဋပြု၍ ဗုဗ္ဗုဠက ဖြစ်သကဲ့သို့ ဒကို ဋပြုလျှင် ဝေဠူရိယဖြစ်၏။ ဝေဠူရိယောတိ ဝံသဝဏ္ဏမဏိ မဇ္ဇာရက္ခိဝဏ္ဏော ဝါ-ဟု ဝိမတိဋီကာ ဖွင့်၏။ သက္ကတ၌ကား ဝိသိင်္ဃ ဒူရံ ဝိဒူရံ အတိဒူရံ။ ဝိဒူရေ ဘဝေါ ဝေဒူရိယော။ ကဏှပီတဝဏ္ဏော ဗိဠာလနေတ္တတုလျော မဏိဘေဒေ- ဟူ၏။ ဥဏ္ဏာဒ်ရုပ်လုပ်ပုံ ရှုပ်ပွေလှ၏) ဣတော၊ ဤအမဲခြောက်မှ။ ကာကာဒယော၊ တို့ကို။ ဝလ္လီယန္တိ ရက္ခီယန္တိ၊ စောင့်ရှောက်အပ်ကုန်၏။ ဣတိ၊ ကြောင့်။ ဝလ္လူရော၊ မည်၏။

* ဝိဒူရော၊ အလွန်ဝေးသည်။ ဝလ္လူရော၊ အမဲခြောက်။ ဥန္ဒူရော၊ ကြွက်။ (မသီယတီ'တိ) မသူရော၊ ပြောင်းစပါး သားရေ ဘုံလျှို။ ကူရော၊ ထမင်း။ (အဘိဓာန်၌ရသဃရှိ၏။) ဒူရော၊ ဝေးသည်။ သိန္ဒူရော၊ ဆုန်းမှုန့်၊ ဟင်္သပဒါး၊ အုံးနဲပင်။ ကပ္ပူရော၊ ပရုတ်။ မယူရော၊ ဥဒေါင်း၊ ခဇ္ဇူရော၊ သင်ဘောင်း, စွန်ပလွံ။ ကုရူရော၊ ကြမ်းတမ်းသည်။

အ-သရနှင့် ကုရရ-ကား ဝံလိုင်ငှက်ဟော။ ဤသုတ်ဖြင့်မပြီးသမျှကို-

ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယယော စ၊ ဒွေစာ'ပရေ ဝဏ္ဏဝိကာရ-နာသာ။
ဓာတူဿ စ'တ္ထာတိသယေန ယောဂေါ၊ တဒုစ္စတေ ပဉ္စဝိဓံ နိရုတ္တံ။ ။

(ရှု၊ ၄၁၉) မဟာနိ၊ ဌ၊ ၂၂၉။

ဟူသော နိရုတ္တိနည်းငါးပါး အတိုင်း သုတ်ကြီးတို့ဖြင့် စီရင်) ။

(၆၇၀) **ဟနာ'ဒီဟိ ဏာ-နာ-တဝေါ။** ဟနာ'ဒီဟိ၊ ဟန-ဓာတ် အစရှိသည်တို့မှ။ ပရံ၊ ဥ္တ။ ဏာ-နု-တဝေါ၊ ဏာ-ပစ္စည်း, နု-ပစ္စည်း, တု-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

ဟဏု၊ ဓေနု၊ ဟေတု။ ပုံစံ။

(သက္ကတ၌ကား နငယ်နှင့်သာ ဟနု-ဟုရှိ၏။ သသွာဒီဟိ တုဒဝေါ-သုတ်ရှိပြီဖြစ်၍ ဤ၌-တု-ပို၏)။

**အဏု ရေဏု ဝေဏု ဟနု၊ ဇာနု မေနု စ ဘာနု စ။**

သက္ကတနှင့်အညီ ဏ-ကြီး, နငယ် အကွဲပုံစံ။

(၆၇၁) **ကုဋ္ဌာ-ဒီဟိ ဌော။** ကုဋ္ဌာ'ဒီဟိ၊ ကုဋ္ဌ-ဓာတ် အစရှိသည်တို့မှ။ ပရံ၊ ဥ္တ။ ဌော၊ ဝိသံယောဂ ဌ-ပစ္စည်းသည်။ ဟောတိ၊ ၏။

ကုဋ္ဌံ၊ ကောဋ္ဌော၊ ကဋ္ဌံ၊ ကဏ္ဌော။ ပုံစံ။

(၆၇၂) **မန-ပူရ-သုဏာ'ဒီဟိ ဥသ-ဏုသိ'သာ။** မန-ပူရ-သုဏာ'ဒီဟိ၊ မန, ပူရ, သုဏ-အစရှိသော ဓာတ်တို့မှရင်း။ ပါဠိပဒိကေဟိ စ၊ တို့မှရင်း။ ပရံ၊ ဥ္တ။ ဥသ-ဏုသိ'သာ၊ ဥသ-ပစ္စည်း, ဏုသ-ပစ္စည်း, ဣသ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

---

(၆၇၀) (အမ ဂတျာဒီသု) အဏု၊ အနည်းငယ်။ (ရိ ဂတိမှိ) ရေဏု၊ မြူ။ (ဝေ တန္တသန္တာနေ။ ဝီ ဗဟိသာရေ) ဝေဏု၊ ဝါး။ (ဟနတီတိ) ဟနု၊ မေး။ (ဓာတွန်နကျေ။ ဇန ဇနနေ) ဇာနု၊ ဒူးဆစ်။ (မေ ပါနေ) မေနု၊ သားငယ်နို့စို့ရှိသော နွားမ, မိန်းမ။ ဘာနု၊ အရောင်, နေ။

သစ်ငုတ်ဟောခါနု, ၌လည်း နငယ်ပင်။ တုပစ္စည်းလည်း ပို၏။ ထို့ကြောင့် ဤသုတ်ကို အမာဒီဟိ ဏုနဝေါ-ပြင်ရလျှင်ကောင်း၏။ ယင်းအဏုလည်း သက္ကတ၌ အဏဓာတ်, ဥပစ္စည်း-ဟူ၏။ သန့်ရှင်းပေ၏။

(၆၇၁) (မံသစမ္မာဒီနိ ကုဋ္ဌတိ ဆိန္ဒတီတိ) ကုဋ္ဌံ၊ နူနာ။

(ကုသော ဘူ ရောဒနာဝ္ဒါန- ဆေဒ-ဘူ-ဒါန-သဋ္ဌယ။

ပူရဏာ'ဋ္ဌာဒါ'ကွေသေသု၊ ဒျာ'လိင်္ဂေ ကီ ပကာသနေ)။

ကောဋ္ဌော၊ ကျီ။ (ကဋ္ဌ မဒ္ဒနေ) ကဋ္ဌံ၊ ထင်း။ (ကဏော ဘူ ဂတျံ အဋ္ဌသဒ္ဒေပိ စ စု ဘူ နိမိလနေ) ကဏ္ဌော၊ လည်ပင်း။

* မနုသော မာနုသော ပေါသော၊ ပုရိသော သုဏိသာ ကိသော။
ကရီသံ သိရိသော သီသံ၊ မဟိသော ဝလိသာ'လသော။ ။ ပုံစံ

ဣတိ ဥဏာဒိ-ကပ္ပေ၊ အဋ္ဌမော။ ၅၀။

ဣတိ အယံ၊ ဤသုတ်, ဝုတ္တိ, ဥဒါဟရုဏ်- ပေါင်းငါးဆယ်သည်။ အဋ္ဌမော၊ ရှစ်ခုမြောက်သော။ ဥဏာဒိ-ကပ္ပေ၊ ဥဏာဒ်ကျမ်းတည်း။ ဝါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

ဥဏာဒ်ဟူသောအမည်သည် ကူးယူရာကလာပ်ကျမ်းရင်းက ပါသောအမည်တည်း။ ဤကစ္စည်းကျမ်းအလိုကား ဣတိ ဏုဏုကာဒိ-ကပ္ပေ၊ အဋ္ဌမော- ဟူသင့်၏။ (ဏုဏုကာဒ်ကျမ်း) ဟူလို။ ။ဥဏာဒီ'တိ ပရ-သမညာဝသေန ဏ္ကဏု-အာဒိပစ္စယာန'မေဝါ'ဓိဝစနံ။ (ရူပသိဒ္ဓိဋီကာ)။

ဥဏာဒ်သုတ်နက် ပြီး၏။

✪ ✪ ✪ ✪ ✪

---

(၆၇၂) * (မနတိ ဇာနာတီတိ မနုသော။ မာနုသော စ။ မနုနော အပစ္စံ။ မနုနော အယံ၊ လည်းပြု။ ပူရတိ ပူရေတိ စာတိ ပုရိသော။ ဥရသပြုလျှင် ပုရိသော။ ဝုဒ္ဓိပြု၊ ရိကိုချေမှု) ပေါသော၊ ယောကျ်ား။ (သုဏော ဟိံသာ-ကုလ-သန္တာန-သပ္ပနေ)။ သုဏိသာ၊ ချွေးမ။ (ကုဟိံသာ-ကုစ္ဆာသု) ကိသော၊ ကြံ့လှီသသူ။ ကရီသံ၊ မစင်။ (ဥကို အ၊ ရ,လာ။ ဝါ၊ ကုကို ကရပြု။ ဣကိုဒီဃပြု။ ရှုပ်ပွေလှ၏။ ကရဓာတ်, ဤသပစ္စည်း။ သက္ကတအဆိုရှင်း၏။ သု ဟိံသာယံ) သီရိသော၊ ကုက္ကိုပင်။ (နည်းတူရုပ်စီရင်။ နေဟော သူရိယကိုလည်း သုဓာတ်ဖြင့်ပင်ဆို၏။ သူရံ ဇနေတီတိ သူရိယော၊ အဋ္ဌကထာနည်းရှင်း၏။ သူရံ၊ ကိုယ်ရောင်ကွယ်ပျောက်, မိုက်မှောင်ရောက်၍, ကြောက်ကြသသူ, ကပ်ဉာဏ်လူတို့၏ ရဲရင့်ခြင်းကို။ ဇနေတိ၊ ၏။ ဣတိ၊ ကြောင့်။ သူရိယော၊ မည်၏။ သိ ဗန္ဓနေ) သီသံ၊ ဦးခေါင်း၊ သလွဲမည်း။ ဒီဃပြု။ (မဟ ပူဇာယံ၊ မဟိသော၊ ကျွဲ။ (ဝလ သံဝရဏေ) ပဋိသော။ ဗဋိသော ဝါ၊ ငါးမျှားချိတ်။ ဋပြု။ အလ သာမတ္ထေ)။ အလသော၊ လူပျင်း။

ဥဏာဒ်ပုံစံနက် ပြီး၏။

✪ ✪ ✪ ✪ ✪

ဤအာချာတ်, ကိတ်, ဥဏာဒ်လာ ဓာတ်မျှဖြင့် ဆင့်ပါးစပ်ကို နှမ်းပက်သည့်အသွင် ဓာတ်မစုံလင်သေးဖြစ်၍ ဤသုတ်နက် ပုံစံနက် စာစပ် သုံးစောင်၏နောက်၌ ဓာတွတ္ထသင်္ဂြိုဟ်ကျမ်း ကိုဖြစ်စေ၊ ပဏ္ဍဝံသာလင်္ကာရ-ကဝိဒ္ဓဇ-မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မင်းကွန်းဥဒ္ဒမ္ဗရချောင် တောရဆရာတော် ဦးပဏ္ဍဝံ ရေးသားစီရင်အပ်သော ဓာတုမဉ္ဇူသကကျမ်းကိုဖြစ်စေ၊ ဆက်လက်၍ ပုံနှိပ်လုပ်ဆောင်မှ ဓာတ်စုံလင်မည်။

သန္ဓိမှိ ဇက-ပညာသံ၊ နာမေ ငှာရသ-ဒေါသတံ။
အငှရသ သတာ-ချာတော၊ ဘိတေ သုတ္တသတံ ဘဝေ။ ။

သမာသမှိ အငှဝီသံ၊ ဒွါသဋ္ဌိ တဒ္ဓိတေ မတံ။
ကာရကေ ပဥ္စတာလီသံ၊ ပညာသဉ္စ ဥဏာဒိကေ။ ။

❀ သန္ဓိ, ဇက်ပဏ်၊ နာမ်, အငှဇက်ဒွေ၊ ချာတ်, ငှေ့ကေ့ကာ၊ ကိတ်,သတာမှတ်၊
သမာသ်, ငှာဝိသ်၊ တဒ္ဓိတ်, ဒွေဆ၊ ပဥ္စစတ်ကာ၊ ပညာသူ့ဏာဒ်၊
ပေါင်းတုံလတ်၊ ဒွါ-သတ္တတိဆ။

ဟူသော ခြောက်ရာ့ခုနစ်ဆယ့်နှစ်သုတ်တို့တွင်-

❀ တိပဏ်, သညာ၊ လေး, မိကာတည်း၊ ပရိဘာ, ဆယ်ရှိ၊ ဝိဓိ, ခြောက်ရာ၊ ငါးခုသာ၊
ပေါင်း ဒွါ-သတ္တ’ဆ။ ဟူ၍ မှတ်။

ဝိသုဒ္ဓိရုံကစွည်းသုတ်နက် ပြီး၏။

ပြယောဂသဒ္ဒါ ရှိသောကြောင့် ပြယုဂ်ဟူ၍ငင်း ပြယုတ္တသဒ္ဒါ ရှိသောကြောင့် ပြယုတ်ဟူ၍ငင်း, ဖော်ထုတ်ပြထားသောရုပ်ဖြစ်၍ ပြရုပ်ဟူ၍ငင်း ရေးသားကြ၏။ စကားကျဉ်းအောင် နည်းယူရန် ပုံစံဟု ရေးလိုက်သည်။

ရှစ်စောင်လုံး ပုံစံနက် ပြီး၏။

✪ ✪ ✪ ✪ ✪

# သုတ်ဂဏန်းမှတ်ချက်အတိုင်းစာစပ်

အာချာတ်သုတ်နက်ကို ဆိုပြီး၍ ကုန်မှ ဆိုရန်-

(၁) **အဇ္ဈော အက္ခရ သညာတော။** သဗ္ဗဝစနာန မတ္ထော အက္ခရေဟေ သညာယတေ၊ အက္ခရဝိပတ္တိယံ ဟိ အတ္ထဿ ဒုန္နယတာ ဟောတိ၊ တသ္မာ အက္ခရကောသလ္လံ ဗဟူပကာ၊ သုတ္တန္တေသု။

**အဇ္ဈော-ကား** အနက်"ကို"ဟူ၍ပေးသောကြောင့် **အက္ခရ-သညာတော**-၌ သံရှေးရှိသော ဥ ၁-ဓာတ် + တ-ပစ္စည်း တည်းဟူသော ကိတ်, ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ။

**အက္ခရသညာတော-ကား** ထိုကံကိုဟောသော ကိတ်ကြိယာဝါစက-အဖြစ်ဖြင့် စပ်၏။

(ထို့ကြောင့် အဇ္ဈော-ကို နာမ်ရုပ်ထွက်လိုသော် အတ္ထသဒ္ဒါတည်၊ ကို, ဟူ၍ပင် အနက်ပေးသော်လည်း နောက် ဝါစကကြီး ဟောလေပြီးဖြစ်၍ ကံအနက် ဝိသေသကို မလို, လိင်အနက် သာမညကိုသာ အလိုရှိအပ်ရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် အတ္ထကို လိင်အမည်မှည့်၊ လိင်္ဂတ္ထေ ပဌမာ-သုတ်ဖြင့် လိင်အနက်သာမညကို ထွန်းပြခြင်း အကျိုးငှာ အတ္ထလိင်မှ နောက်၌ ပဌမာ ဝိဘတ် ဧကဝုစ် သိသက်။

ဟောတိ ကြိယာပုဒ်ထည့်လျှင်- အဇ္ဈော-ကား "သည်"ဟူ၍ပင် အနက်ပေး သော်လည်း နောက်ဝါစကကြီးဟောလေပြီးဖြစ်၍ ကတ္တားအနက် ဝိသေသကို မလို၊ လိင်အနက်သာမညကိုသာ အလိုရှိအပ်ရကား- ဟုဝိဘတ်သွယ်ဆို။

စာစပ်ကိုလည်း-

အဇ္ဈော-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဟောတိ- ၌ ဟူဓာတ်- တိဝိဘတ်ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ပကတိဝုတ္တကတ္တား၊

အက္ခရ-သညာတော-လည်း ဝိကတိဝုတ္တကတ္တား၊

ဟောတိ-ကား ထိုကတ္တားနှစ်ပါးကို ဟောသော အာချာတ် ကြိယာဝါစက အဖြစ်ဖြင့်စပ်၏၊ ဟု-ဆို။ ဤကား အမှာစကားချပ်)။

အတ္တော အက္ခရသညာတော-ကား သဗ္ဗဝစနာန'မတ္တော- အစရှိသည့်၌ အကျဉ်း, သခ်ေပ, ဥဒ္ဒေသ, မာတိကာ, သံဝဏ္ဏေတဗ္ဗ, သုတ်၊

သဗ္ဗဝစနာနမတ္တော-အစရှိသည်ကား အကျယ်, ဝိတ္ထာရ, နိဒ္ဒေသ, ပဒဘာဇနီ, သံဝဏ္ဏနာ, ဝုတ္တိ- အဖြစ်ဖြင့်စပ်၏။

ဟိ-ကား "ဟိသစ္စံ၊ ၏။ ဟိယုတ္တံ၊ ၏"ဟု-အနက်ပေးသောကြောင့် မိမိထိုင်ရာ အက္ခရဝိပတ္တိယံ - စသော အလယ်ဝါကျ၌ ဒဠှီကရဏဇောတက၊ မိမိထိုင်ရာ အလယ်ဝါကျကား ဒဠှီကရဏဝါစက- အဖြစ်ဖြင့်စပ်၏။ (ဤကား ပဓာနစပ်)။

အပ္ပဓာန စပ်ကား သဗ္ဗဝစနာနမတ္တော-စသော ရှေ့ဝါကျ၌ ဒဠှီယဇောတက၊ ရှေ့ဝါကျ ကား ဒဠှီယဝါစက- အဖြစ်ဖြင့် စပ်၏။ ၎င်းရှေ့ဝါကျကား ဟိ-ထိုင်ရာ အလယ်ဝါကျ၌ ဒဠှီယ၊ အလယ်ဝါကျကား ဒဠှီကရဏ- အဖြစ်ဖြင့် စပ်၏။

တစ်နည်းလည်း ဟိ-ကား ဟိယသ္မာ၊ "အကြင်ကြောင့်" ဟူ၍ အနက်ပေးသောကြောင့် ဒုဋ္ဌာယတာ- ၌ အဘေဒဘေဒူပစာရဟိတ်၊

ဒုဋ္ဌာယတာ-ကား အဘေဒဘေဒူပစာရဖိုလ် အဖြစ်ဖြင့် စပ်၏။

တစ်နည်းလည်း ဟိ-ကား မိမိထိုင်ရာ အလယ်ဝါကျ၌ ဟေတွတ္ထ၊ အလယ်ဝါကျကား ဟေတွတ္ထဝါစက စပ်၏။

တစ်နည်း အပ္ပဓာနအားဖြင့် ဟိ-ကား ရှေ့ဝါကျ၌ ဖလဇောတက၊ ရှေ့ဝါကျကား ဖလဝါစကစပ်၏။ ၎င်းအလယ်ဝါကျသည် ရှေ့ဝါကျ၌ ဟိတ်၊ ရှေ့ဝါကျကား ဖိုလ်အဖြစ်ဖြင့် စပ်၏။ ၎င်းရှေ့ဝါကျသည် တသ္မာ- စသော တတိယဝါကျ၌ ဟေတု ဝါကျ၊ တတိယဝါကျကား ဖလဝါကျအဖြစ်ဖြင့် စပ်၏။

(ဒုတိယဝါကျသည် ဟိတ်၊ ပထမဝါကျသည် ဖိုလ်၊ ၎င်းပထမ ဝါကျသည် ဟိတ်၊ တတိယ ဝါကျသည် ဖိုလ်မည်၏ ဟူလိုသည်။ ဤကိုရည်၍-

❀ တသ္မာရှေ့၊ ဟိတ်ကိုတွေ့၊ ပြား၍ရှိမှ ခံ။
တသ္မာကို၊ ဟိတ်၏ဖိုလ်၊ စွဲဆိုမြဲထုံးစံ။-

ဟု နိယံဆို၏။ ဤကား အမှာစကားချပ်)။

### (၂) အက္ခရာပါဒယော ကေစတ္တာလီသံ။

**အာဒယော**-ကား "အ-အစရှိကုန်သော ဝဏ္ဏတို့သည်"ဟူ၍ အနက်ပေးသောကြောင့် **အက္ခရာ**-၌ သညီ, သချံ၊ တုလျတ်၊
**အက္ခရာ**-ကား သညာ, သင်္ချေယျ, လိင်္ဂတ်- အဖြစ်ဖြင့် စပ်၏။

**အပိ**-ကား "သည်လည်း"ဟူ၍ အနက်ပေးသောကြောင့် မိမိထိုင်ရာ ဤသုတ်၌ ဟေဋ္ဌာပေက္ခ ဝါကျာရမ္ဘဇောတက၊ ဤသုတ်ကား ဟေဋ္ဌာပေက္ခ ဝါကျာရမ္ဘ ဝါစကအဖြစ်ဖြင့် စပ်၏။

**တစ်နည်း** အပ္ပဓာနအားဖြင့် **အပိ**-ကား ရှေ့အတ္ထော အက္ခရသညာတော- သုတ်၌ ဟေဋ္ဌာပေက္ခိတ မူလဝါကျ ဘာဝဇောတက၊ ရှေ့သုတ်ကား ဟေဋ္ဌာပေက္ခိတ မူလဝါကျ ဘာဝဝါစက အဖြစ်ဖြင့်စပ်၏။

**ကေစတ္တာလီသံ**-ကား လေးဆယ့်တစ်လုံးသော- ဟူ၍ အနက်ပေးသောကြောင့်၊ အာဒယော-၌ တုလျာဓိကရဏဝိသေသန၊ အာဒယော-ကား တုလျာဓိကရဏ ဝိသေသျစပ်၏။

**တစ်နည်းလည်း အပိ**-ကား "လည်း မည်ကုန်၏" ဟူ၍ အနက်ပေးသောကြောင့် မိမိထိုင်ရာ **အက္ခရာ**-၌ သမုစ္စယဇောတက၊ အက္ခရာ-ကား သမုစ္စယဝါစကစပ်၏။
**တစ်နည်း** အပ္ပဓာနအားဖြင့် **အပိ**-ကား ဝဏ္ဏောဒယော၌ သမုစ္စေတဗ္ဗဇောတက၊ ဝဏ္ဏာဒယောကား သမုစ္စေတဗ္ဗဝါစက စပ်၏။ အပိ- ထိုင်ရာ အက္ခရာကား ဝဏ္ဏာဒယော-၌ သမုစ္စယ၊ ဝဏ္ဏာဒယော-ကား သမုစ္စေတဗ္ဗ စပ်၏။

### (၃) တတ္ထောဒန္တာ သရာ အဋ္ဌ။

**တတ္ထ**-ကား "ထိုလေးဆယ့်တစ်လုံးသော အက္ခရာ တို့တွင်" ဟူ၍ အနက်ပေးသောကြောင့် အဋ္ဌအက္ခရာ-၌ နိဒ္ဓါရဏ၊ အဋ္ဌအက္ခရာ-ကား နိဒ္ဓါရဏီယ စပ်၏။

**သြဒန္တာ, အဋ္ဌ**- တို့ကား ကေစတ္တာလီသံ-နည်းတူ စပ်၏။ **အက္ခရာ**-ကား အာဒယော-နည်းတူ စပ်၏။

(ဟောန္တိကြိယာထည့်၍ အနက်ပေးလျှင်)-

**အက္ခရာ**-ကား "အက္ခရာတို့သည်"ဟူ၍ အနက်ပေးသောကြောင့် ဟောန္တိ-၌ ဟူဓာတ်, အန္တိဝိဘတ်- ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော သညီ, ပကတိ, ဝုတ္တကတ္တား။ ဟောန္တိ-ကား ထိုကတ္တားကို ဟောသော အာချာတ် ကြိယာဝါစက စပ်၏။

သရာ-ကား "သရမည်ကုန်သည်"ဟု အနက်ပေးသောကြောင့် ဟောန္တိ-၌ ဟူဓာတ်, အန္တိဝိဘတ် ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော သညာ, ဝိကတိ, ဝုတ္တကတ္တား။ ဟောန္တိ-ကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝါစက စပ်၏။

(နောက်နောက်သုတ်တို့၌လည်း ဤနည်းကို မှီ၍ စပ်ဆို။ ထူးပြားသည်ကိုသာ ဆိုတော့အံ့)။

### (၇) ဝဂ္ဂါ ပဉ္စ ပဉ္စသော မန္တာ။

ပဉ္စပဉ္စသော-ကား "ငါးလုံးငါးလုံးအစုအားဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ဝဂ္ဂါ-၌ ဘိန္နာဓိကရဏ ဝိသေသန။ ဝဂ္ဂါ-ကား ဘိန္နာဓိကရဏဝိသေသျ စပ်၏။

(တဒဿတ္ထီတိ ဝီ စ-သုတ်၌ စဂ္ဂဟဏေန သောပစ္စယော ဟောတိ။ သုမေဓသော-ဟူသည်ကို သော-ပစ္စည်း မှတ်ထင်၍ ပဉ္စပဉ္စ ဧတေသမတ္ထီတိ ပဉ္စပဉ္စသော-ဟု အနက် ပေးကြသည်ကား မကောင်း။ အဿတ္ထိအနက်၌ သောပစ္စည်းမဟုတ်။ ဣတ္ထိလိင် *အာလုပ်ဝိဘတ် နှောင်းရာ၌ ရာဇပုတ္တိ သုမေဓသေ-ဟု ဇာတ်ပါဠိ ရှိ၍ သပစ္စည်းတည်း။* ဤ၌ကား ဝိဘာဂတ္ထ၌ သော-ပစ္စည်း မှတ်။ နာ-ဝိဘတ်၏ ကာရိယလည်း သင့်၏)။

### (၉) ပရသမညာ ပယောဂေ။

ပယောဂေ-ကား "ယှဉ်သင့်သည်"ဟု အနက်ပေးသောကြောင့် သတိ-၌ အသဓာတ်, အန္တပစ္စည်း-ဟူသော ကိတ်ကြိယာဝါစကသည် ဟောအပ်သော လက္ခဏဝန္တဝုတ္တကတ္တား၊ သတိ-ကား ထိုကတ္တားကို ဟောသော လက္ခဏကြိယာဝါစက စပ်၏။

သတိ-ကား "ရှိလတ်သော်"ဟု အနက်ပေးသောကြောင့် ယုဇ္ဇန္တေ-၌ လက္ခဏကြိယာ။ ယုဇ္ဇန္တေ-ကား လက္ချကြိယာ စပ်၏။

ပရသမညာ-ကား "တပါးသော အမည်သညာတို့ကို"ဟု အနက်ပေး သောကြောင့် ယုဇ္ဇန္တေ-၌ ယုဇဓာတ်, ယပစ္စည်း, အန္တေဝိဘတ်-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ် သော လက္ချဝန္တဝုတ္တကံ။ ယုဇ္ဇန္တေ-ကား ထိုကံကိုဟောသော လက္ချကြိယာဝါစက စပ်၏။

### (၁၀) ပုဗ္ဗ–မဓောဋ္ဌိတ–မဿရံ သရေန ဝိယောဇယေ။

ပုဗ္ဗံ-ကား "ရှေ့ဗျည်းကို" အနက်ပေးသောကြောင့် ဝိယောဇယေ-၌ ဝိပုဗ္ဗ, ယုဇဓာတ်, ဏေပစ္စည်း, ဧယျဝိဘတ်-ဟူသော အာချာတ် ကြိယာသည် မဟောအပ်သော အဝုတ္တကံ စပ်၏။

အခေဒွိတံ-ကား "တည်ထားရန်ဖို့"ဟု အဿရံ-ကား "သရကင်းအောင်ပြု၍"ဟု အနက်ပေးသောကြောင့် ဝိယောဇယေ-၌ ကြိယာဝိသေသန စပ်ကြ၏။

သရေန-ကား "မှီရာနောက်သရ မှ"ဟု အနက်ပေးသောကြောင့် ဝိယောဇယေ-၌ အပါဒါန်, အပါဒါနီ စပ်၏။ ဝါ "နှင့်"ဟု အနက်ပေး သောကြောင့် ဝိယောဇယေ-၌ သဟာဒိယောဂ၊ သဟာဒိယောဂဝန္တ စပ်၏။

## (၁၁) နယေ ပရံ ယုတ္တေ။

ယုတ္တေ သတိ-ကို ပယောဂေသတိ-ကဲ့သို့စပ်။ ပုဗ္ဗ-ကား "ရှေးဗျည်းကို"ဟု အနက်ပေးသောကြောင့် နယေ-၌ နီဓာတ်, ဧယျဝိဘတ်-ဟူသော အာချာတ် ကြိယာသည် မဟောအပ်သော ပဓာနလက္ခဏဝန္တ အဝုတ္တကံ၊ နယေ-ကား ထိုကံကို မဟောသော လက္ခဏကြိယာ စပ်၏။

ပရံ-ကား "နောက်အက္ခရာသို့" ဟု အနက်ပေးသောကြောင့် နယေ-၌ အပ္ပဓာန ဆို။ (ဖြစ်သင့်၍ အဝုတ္တကံကို လက္ခဏဝန္တစပ်လိုက်သည်။ အရိုးအတိုင်း ဆိုလိုမူကား သန္ဓိကတ္တုကာမော-ဟု ပါဌသေသ ထည့်၍စပ်)။

ဣတိ-ကား "ဤဆိုခဲ့ပြီးသော တစ်ဆယ့်တစ်သုတ်, ဝုတ္တိ, ဥဒါဟရဏ် အပေါင်းသည်"ဟု အနက်ပေးသောကြောင့် ကဏ္ဍော-၌ တုလျတ်၊ ကဏ္ဍော-ကား လိင်္ဂတ် စပ်၏။

သန္ဓိကပ္ပေ-ကား "သန္ဓိကျမ်း၌"ဟု အနက်ပေးသောကြောင့် ကဏ္ဍော-၌ အပေါင်းဒြဗ်ဓာရ။ ကဏ္ဍော-ကား အစိတ် အာဓေရ် စပ်၏။

ပထမော-ကား "ရှေးဦးစွာသော"ဟု အနက်ပေးသောကြောင့် ကဏ္ဍော-၌ တုလျာဓိ- ကရဏ-ဝိသေသန၊ ဝိသေသျစပ်၏။

ကဏ္ဍော-ကား "ဝါ၊ အပိုင်းအခြားသည်"ဟု အနက်ပေးသော ကြောင့် ပရိသမာပနတ္ထ ဣတိနိပါတ်၌ တုလျတ်, လိင်္ဂတ်။

သမတ္တော-ဟူသော သံဝဏ္ဏနာ၌ သံပုဗ္ဗ အပဓာတ်, တ-ပစ္စည်းဟူသော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊

သမတ္တော- ကား ထိုကတ္တားကို ဟောသော ကိတ်ကြိယာဝါစက အဖြစ်ဖြင့်စပ်၏။ အတ္တော အက္ခရ- သညာတော, အစရှိသော တစ်ပိုင်းလုံးကား ဣတိ-၌ နိဒဿေတဗ္ဗ၊ နိဒဿနစပ်၏။ ဣတိ သန္ဓိကပ္ပေ ပထမော ကဏ္ဍော-၌ကား နိဂမနီယ နိဂုံးစပ်၏။

အနက်အတိုင်းဖော်၍ဆိုမှ စပ်ရာကိုမြင်၍ အဓိပ္ပါယ် ထင်လွယ်သောကြောင့် စာစပ်တိုင်း အနက်ဖော်၍ ဆိုလေ။ နောက်ကို မြှုပ်၍ရေးတော့မည်။

(၁၂) **သရာ သရေ လောပံ။**

သရေ-ကား 'ကြောင့်' ဟု အနက်ပေးသောကြောင့် ပဗ္ဗေါနို့-၌ နိမိတ်၊ ပဗ္ဗေါနို့-ကား နိမိတ္တဝန် စပ်၏။

သရာ-ကား 'တို့သည်'ဟု အနက်ပေးသောကြောင့် ပဗ္ဗေါနို့-၌ ပပုဗ္ဗ-အပ္ပဓာတ်, ဩပစ္စည်း, အန္တိဝိဘတ်-ဟူသော အာချာတ်ကြိယာသည် ဟောအပ်သော ကာရိ ဝုတ္တကတ္တား။

ပဗ္ဗေါနို့-ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက စပ်၏။

လောပံ- ကား 'သို့' ဟု ကြောင့် ပဗ္ဗေါနို့-၌ ကာရိယ အဝုတ္တကံ။ အဝုတ္တကံ၏ ကြိယာ စပ်၏။

(၁၃) **ဝါ ပရော အသရူပါ။**

ဝါ-ကား 'အချို့' ဟု ကြောင့် ပဗ္ဗေါတိ-၌ ဝိကပ္ပနတ္ထ ဇောတက ကြိယာဝိသေသန။

ပဗ္ဗေါတိ-ကား ဝိကပ္ပနတ္ထ ဝါစကကြိယာဝိသေသျ စပ်၏။

(၁၄) **ကွစာ'သဝဏ္ဏံ လုတ္တေ။**

ကွစိ-ကား '၌' ဟု ကြောင့် ပဗ္ဗေါတိ-၌ ဝိကပ္ပနတ္ထ ဇောတက အာဓာရ၊

ပဗ္ဗေါတိ-ကား ဝိကပ္ပနတ္ထဝါစက အာဓာရ် စပ်၏။ ဝါသဒ္ဒါ, ကွစိသဒ္ဒါတို့ကို တစ်သုတ်လုံး၌သော်လည်း ဇောတက, ဝါစက စပ်။

(၁၇) **ယမေဒန္တဿာ ဒေသော။**

ဒေန္တဿ-ကား '၏' ဟု ကြောင့် အာဒေသော-၌ ကာရိ သမ္ဗန်။

အာဒေသော-ကား ကာရိယ သမ္ဗန္ဓိ စပ်၏။

(၂၇) **လောပဥ္စ တတြာကာရော။** ဗျဥ္ဇနေ စ-၌-

စ-ကား 'ကြောင့်လည်း'ဟု ကြောင့် မိမိထိုင်ရာ ဗျဥ္ဇနေ-၌ သမုစ္စယဇောတကဝါစက။ သရေ စ-၌ သမုစ္စေတဗ္ဗဇောတက ဝါစက စပ်၏။

အကာရော စ-၌ စ-ကား မိမိထိုင်ရာ နောက်ဝါကျ၌ သမ္ဗိဏ္ဍနဇောတက ဝါစက။ ရှေ့ဝါကျ၌ သမ္ဗိဏ္ဍနီယ ဇောတကဝါစက စပ်၏။

တစ်နည်း မိမိထိုင်ရာ အကာရော-၌ သမုစ္စယ ဇောတက ဝါစက။ ဥဿုကာရာဒိ စ-၌ သမုစ္စေတဗ္ဗ ဇောတကဝါစက စပ်၏။ (အကြွင်း ရှေးနည်းတူ)။

## (၃၃) သ ယေ စ။

သ-ကား "ယ-နိမိတ်နှင့်တကွ"ဟု ကြောင့် ပပ္ပေါတိ-၌ သဟယောဂ- ဝန္တ ကြိယာဝိသေသန။ ပပ္ပေါတိ-ကား သဟယောဂ ကြိယာဝိသေသျ စပ်၏။

တစ်နည်းလည်း ဉ-၌ သဟယောဂဝန္တ ကာရီ။ ဉ-ကား သဟယောဂကာရိယ စပ်၏။

တစ်နည်းလည်း သ-ကား 'တကွသော' ဟု ကြောင့် နိဂ္ဂဟီတံ-၌ သဟယောဂဝန္တ ဝိသေသန။ နိဂ္ဂဟီတံ-ကား သဟယောဂ ဝိသေသျ စပ်၏။ (သုံးချက် စပ်)။

တစ်နည်း ယေန-ဟု ပါဌသေသထည့်၍ အနက်ပေးလျှင် ယေန-ကား "နိမိတ်ယနှင့်" ဟု ကြော သ-၌ သဟယောဂ။ သ-ကား သဟယောဂဝန္တ စပ်၏။ (သ- ကား စပ်မြဲ)။

## (၅၂) ဇိနဝစနယုတ္တံ ဟိ။

ဟိ-ကား 'သာလျှင်'ဟု ကြောင့် မိမိထိုင်ရာ ဇိနဝစန- ယုတ္တံ-၌ အဝဓာရဏတ္ထ ဇောတက။ ဇိနဝစနယုတ္တံ-ကား အဝဓာရဏတ္ထ ဝါစက စပ်၏။

တစ်နည်း အပ္ပဓာနအားဖြင့် ဟိ-ကား န အယုတ္တံ-၌ အဝဓာရဏီယတ္ထ ဇောတက။ န အယုတ္တံ-ကား အဝဓာရဏီ- ယတ္ထ ဝါစက စပ်၏။

## (၈၄) အယောရုသမေကာဝစနယောသွပိ စ။

ယောသွပိ-၌ အပိ-ကား "ပပ္ပေါတိ အပိ၊ ရောက်သည်လည်းရှိ၏" ဟု ကြောင့် မိမိထိုင်ရာ ပပ္ပေါတိ-၌ သမုစ္စယတ္ထဇောတက၊ သမုစ္စယတ္ထ ဝါစက စပ်၏။

တစ်နည်း အပ္ပဓာနအားဖြင့် န ပပ္ပေါတိပိ-၌ သမုစ္စေတဗ္ဗတ္ထ ဇောတက၊ သမုစ္စေတဗ္ဗတ္ထ ဝါစက စပ်၏။ စ-ကား ပပ္ပေါတိ စ၊ 'ရောက်သည်သာတည်း'ဟု ကြောင့် မိမိထိုင်ရာ ဝါကျ၌ အဝဓာရဏတ္ထ ဇောတက၊ အဝဓာရဏတ္ထ ဝါစက စပ်၏။

တစ်နည်း အပ္ပဓာနအားဖြင့် နော န ပပ္ပေါတိ-ဟူသော ဗျတိရေက ဝါကျ၌ အဝဓာရဏီယတ္ထ ဇောတက၊ အဝဓာရဏီယတ္ထ ဝါစက စပ်၏။

**(၁၁၀) တယော နေဝ စ သဗ္ဗနာမေဟိ။** နေဝ ဟောန္တိ-၌-

ဧဝ-ကား "မဖြစ်ကုန်သည်သာလျှင်"ဟုကြောင့် မိမိထိုင်ရာ န ဟောန္တိ-၌ သန္နိဋ္ဌာနာဝဓာရဏ ဇောတက၊ သန္နိဋ္ဌာနာဝဓာရဏ ဝါစက စပ်၏။

စ-ကား န ဟောန္တိ စ၊ "မဖြစ်ကုန်သည်လည်း ရှိ၏"ဟု ကြောင့် မိမိထိုင်ရာ နဟောန္တိ-၌ နိဝတ္တာပနာဝဓာရဏ ဇောတက သမုစ္စယဇောတက၊ နိဝတ္တာပနာဝဓာရဏ ဝါစက သမုစ္စယ ဝါစက စပ်၏။ (ဧဝ-ကို သဒ္ဒါလွန်ကြံရာ၌ တယော ဧဝ၊ သဗ္ဗာ, သဗ္ဗိ, သ-တို့၏ အာ, ဧ, အာ-ပြု သုံးပါးတို့သည်သာလျှင်။ န ဟောန္တိ၊ ကုန်။ ဟု ပေး၍ ယော, နိတို့၏ အာ, ဧ-ပြုကား လျော်ရာ၌ ဖြစ်သေး၏ဟု ယူ)။

**(၂၇၀) အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပါနိ။**

အထ-ကား "ဤကာလမှ"ဟု ကြောင့် ပဌာယ-၌ မရိယာဒါဝဓိ အပါဒါန်။ ပဌာယ-ကား အပါဒါနိ စပ်။

ပဌာယ-ကား 'စ၍' ဟု ကြောင့် ဝုစ္စမာနာနံ-၌ ကြိယာဝိသေသန၊ ဝိသေသျ စပ်၏။

ဝုစ္စမာနာနံ-ကား "ဆိုအပ်လတ္တံ့ကုန်သော"ဟု ကြောင့် ဝိဘတ္တီနံ-၌ တုလျာဓိကရဏဝိသေသန၊ ဝိသေသျ စပ်၏။

ဝိဘတ္တီနံ-ကား "ဝိဘတ်ရှစ်သွယ် တို့တွင်။ ဝါ၊ တို့၏"ဟု ကြောင့် ဆ-၌ နိဒ္ဓါရဏ၊ နိဒ္ဓါရဏီယ။ ဝါ၊ အဝယဝသမ္ဗန်၊ အဝယဝသမ္ဗန္ဓီ စပ်၏။

ပုဗ္ဗာနိ-ကား "ရှေ့ရှေ့ဖြစ်ကုန်သော"ဟုကြောင့် ဆ-၌ တုလျာဓိကရဏ ဝိသေသန၊ ဝိသေသျ စပ်၏။

ဆ-ကား "ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်"ဟုကြောင့် ပရဿပဒါနိ-၌ သညီ, တုလျတ်။ ပရဿပဒါနိ-ကား သညာ, လိင်္ဂတ် စပ်၏။ ဝါ၊ ဟောန္တိ-၌ သညီ,ဝုတ္တ, ပကတိကတ္တား။

ဟောန္တိ-ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက စပ်၏။

ပရဿပဒါနိ-ကား "ပရဿပုဒ် မည်ကုန်သည်"ဟု ကြောင့် ဟောန္တိ-၌ ဟူဓာတ်, အန္တိဝိဘတ်-ဟူသော အာချာတ်ကြိယာ ဝါစကသည် ဟောအပ်သော သညာ, ဝုတ္တ, ဝိကတိကတ္တား။

ဟောန္တိ-ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက စပ်၏။

**(၃၈၈) ဓာတုယာ ကမ္မာဒိမှိ ဏော။**

ကမ္မာဒိမှိ-ကား "အစ၌ ကံပုဒ်သည်"ဟု ကြောင့် သတိ-၌ အသဓာတ်, အန္တ-ပစ္စည်းဟူသော ကိတ်ကြိယာဝါစကသည် ဟောအပ်သော လက္ခဏဝန္တ, ဝုတ္တကတ္တား။ သတိ-ကား ထိုကတ္တားကို ဟောသော လက္ခဏကြိယာဝါစက စပ်၏။

သတိ- ကား "ရှိလတ်သော်"ဟု ကြောင့် ဟောတိ-၌ လက္ခဏကြိယာ။ ဟောတိ-ကား လက္ချကြိယာ စပ်၏။

ဓာတုယာ-ကား "ဓာတ်မှ"ဟု ကြောင့် ပရော-၌ အပါဒါန်၊ အပါဒါနီ စပ်၏။

ဏော-ကား "သည်" ဟု ကြောင့် ပရော-၌ ပကတိကတ္တား။ ပရော-ကား ဝိကတိကတ္တား စပ်၏။

ဏော, ပရော-နှစ်ပုဒ်ကား 'သည်'ဟု ကြောင့် ဟောတိ-၌ ဟူဓာတ်, အ-ပစ္စည်း, တိ-ဝိဘတ်ဟူသော အာချာတ်ကြိယာ ဝါစကသည် ဟောအပ်သော လက္ချဝတ္ထ, ဝုတ္တ, ပကတိ, ဝိကတိကတ္တား။ ဟောတိ-ကား ထိုကတ္တားကို ဟောသော လက္ချကြိယာဝါစက စပ်၏။

## (၄၅၃) ဟန္တေဟိ ဟော ဟဿ ဒွေ့ာ ဝါ အဒဟာနဟာနံ။

အဒဟာနဟာနံ-ကား "ဒဟ, နဟ-မဟုတ်သော ဓာတ်အများတို့တွင်" ဟု ကြောင့် ဟန္တေဟိ-၌ နိဒ္ဓါရဏ၊ နိဒ္ဓါရဏီယ စပ်၏။

ဝါ၊ "မဟုတ်ကုန်သော"ဟု ကြောင့် ဟန္တေဟိ-၌ တုလျာဓိကရဏဝိသေသန၊ ဝိသေသျ စပ်၏။ (သင်္ဂဟိတေန အသင်္ဂဟိတံ-ကဲ့သို့ ဝိဘတ်မတူသော တုလျာဓိကရဏ-ဝိသေသန၊ ဝိသေသျ မှတ်)။

ပရဿ-ကား "သော"ဟု ကြောင့် တဿ-၌ တုလျာဓိကရဏ ဝိသေသန၊ ဝိသေသျ စပ်၏။

တဿ-ကား '၏' ဟု ကြောင့် ဟော-၌ ကာရီသမ္ဗန်။ ဟော-ကား ကာရိယသမ္ဗန္ဓီ စပ်၏။

ဟဿ- ကား ဒွေ့ာ, နည်းတူ။

ဝါ-ကား 'အချို့' ဟု ကြောင့် ဟောတိ-၌ ဝိကပ္ပနတ္ထဇောတက ကြိယာဝိသေသန၊ ဝိသေသျ စပ်၏။

## (၄၆၅) တဒ္ဓိတသမာသကိတကာ နာမံ ဝါ တဝေတုနာဒိသု စ။

အတဝေတုနာဒိသု- ကား "တဝေ, တုန, တွာန, တွာ, တုံ, တာယေ- စသော နိပါတ်ပစ္စည်း အဆုံးရှိသည်မှ တပါးကုန်သော" ဟု ကြောင့် တဒ္ဓိတသမာသကိတကာ-၌ တုလျာဓိကရဏ-ဝိသေသန၊ ဝိသေသျ စပ်၏။

ဝါ၊ "တပါးကုန်သော သဒ္ဒါတို့တွင်" ဟု ကြောင့် တဒ္ဓိတသမာသကိတကာ-၌ နိဒ္ဓါရဏ၊ နိဒ္ဓါရဏီယ စပ်၏။

တဒ္ဓိတသမာသကိတကာ-ကား 'တို့ကို' ဟု ကြောင့် ဒဋ္ဌဗ္ဗာ-၌ ဒိသဓာတ်, တဗ္ဗ-ပစ္စည်းဟူသော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဥပမေယျ, ဝုတ္တ,ပကတိကံ။ ဒဋ္ဌဗ္ဗာ-ကား ထိုကံကို ဟောသော ကြိယာဝါစက စပ်၏။

နာမံ-ကား "နာမ်ကို"ဟု ကြောင့် ဒဋ္ဌဗ္ဗာ-၌ ဥပမာန, ဝုတ္တ, ဝိကတိကံ။ ဒဋ္ဌဗ္ဗာ-ကား ထိုကံကို ဟောသော ကိတ်ကြိယာဝါစက စပ်၏။

ဣတ္ထ-ကား 'ကဲ့သို့'ဟု ကြောင့် မိမိထိုင်ရာ နာမ်-၌ ဥပမာနဇောတက၊ နာမ်-ကား ဥပမာနဝါစက စပ်၏။

တစ်နည်း၊ အပ္ပဓာနအားဖြင့် တဒ္ဓိတသမာသကိတကာ-၌ ဥပမေယျ ဇောတက။ တဒ္ဓိတသမာ-သကိတကာ-ကား ဥပမေယျဝါစက စပ်၏။

တဒ္ဓိတသမာသကိတကာ-ကား နာမ်-၌ ဥပမေယျ၊ နာမ်-ကား ဥပမာန စပ်၏။

## (၄၈၈) နာမာနံ သမာသော ယုတ္တတ္ထော။

နာမာနံ-ကား "နာမ်တို့၏" ဟု ကြောင့် ယုတ္တတ္ထော-ဟူသော အဝေးပုဒ်၌ ဝါစကသမ္ဗန်။ ယုတ္တတ္ထော-ကား ဝါစ္စသမ္ဗန္ဓီ စပ်၏။

ဝါ၊ "တို့တွင်"ဟု ကြောင့် နိဒ္ဓါရဏ၊ နိဒ္ဓါရဏီယစပ်၏။

ဝါ၊ 'တို့နှင့်'ဟု ကြောင့် သဟာဒိယောဂ၊ သဟာဒိယောဂဝန္တ စပ်၏။

ဥပနဂရံ, အန္တောပါသာဒံ, အနညာတညဿာမိတိန္ဒြိယံ-စသည်၌ ဥပသာရပုဒ် နိပါတ်ပုဒ် အာချာတ်ပုဒ်တို့ကို သဟာဒိ-ဟု ယူ။

တစ်နည်း ထိုပုဒ်တို့နောက်၌လည်း နာမ်ဝိဘတ် သက်ရသောကြောင့် နာမ်မည်သည်ပင်။ အာချာတ်လည်း ဣတိသဒ္ဒါဖြင့် ပိုင်းခြားအပ်သောကြောင့် အာချာတ် အဖြစ်မှ လွတ်၏။ ထို့ကြောင့် နာမ်ချင်းချင်းကိုပင် သဟာဒိဟူ၍ ယူ။

နာမံ နာမဒဗ္ဗဇာတိဂုဏပရိမာဏသင်္ချာဒိဝါစကံ လိင်္ဂလိင်္ဂနာမဝသေန သုဒ္ဓနာမနိပါတောပသဂ္ဂနာမဝသေန တဒ္ဓိတကိတကကိစ္စခါတုပစ္စယန္တ ဣတ္ထိပစ္စယန္တ-နာမဝသေန စ အနေကဝိဓံ သျာဒိ ဝိဘတျန္တပဒံ (ရူပ္ပီ)။

အနီးပုဒ်ကို ကျော်၍ အဝေးပုဒ်၌ စပ်သင့်ကြောင်းကို-

ယေန ယဿ ဟိ သမ္ဗန္ဓော၊ ဒူရဋ္ဌံ ပိစ တဿ တံ။
အတ္ထတော ဟျ'သမာနာနံ၊ အာသန္နတ္တ'မကာရဏံ။

ဟု-ညာသ်(၂၅၂)ဆို၏။ သုတ်စဉ်ဆုံးအောင် စပ်လေ။

သုတ်ဂဏန်း မှတ်ချက်အတိုင်း စာစပ် ပြီး၏။

✪ ✪ ✪ ✪ ✪

# ဝိသုဒ္ဓါရုံဝိဘတ်သွယ် မှုကျဉ်း

| ပေးနက်<br>ဝေါဟာရတ္ထ | သက်နက်<br>ဘာဝတ္ထ | ဝိဘတ် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|---|---|
| + | + | ပထမာ | သိ | ယော |
| အို | အာလုပ် | ပထမာ | သိ | ယော |
| ကို | ကံ | ဒုတိယာ | အံ | ယော |
| ပတ်လုံး,တိုင်တိုင် | အစ္စန္တသံယောဂ | ဒုတိယာ | အံ | ယော |
| သည် | ကတ္တား | တတိယာ | နာ | ဟိ |
| ဖြင့် | ကရိုဏ်း | တတိယာ | နာ | ဟိ |
| နှင့် | သမဝါယ | တတိယာ | နာ | ဟိ |
| အားဖြင့်,သဖြင့် | ဝိသေသန | တတိယာ | နာ | ဟိ |
| ကြောင့် | ဟိတ် | တတိယာ | နာ | ဟိ |
| အား | သမ္ပဒါန် | စတုတ္ထီ | သ | နံ |
| ငှါ | တဒတ္ထသမ္ပဒါန် | စတုတ္ထီ | သ | နံ |
| မှ | အပါဒါန် | ပဉ္စမီ | သ္မာ | ဟိ |
| အောက်, ထက် | ဝိဘတ္တအပါဒါန် | ပဉ္စမီ | သ္မာ | ဟိ |
| ကြောင့် | ကာရဏ | ပဉ္စမီ | သ္မာ | ဟိ |
| ၏ | သမ္ဗန် | ဆဋ္ဌီ | သ | နံ |
| ၌ | ဩကာသ | သတ္တမီ | သ္မိံ | သု |
| ကြောင့် | နိမိတ် | သတ္တမီ | သ္မိံ | သု |
| သော် | လက္ခဏ | သတ္တမီ | သ္မိံ | သု |
| စဉ် | အနာဒရ | ဆဋ္ဌီ,သတ္တမီ | သ,သ္မိံ | နံ,သု |
| တွင် | နိဒ္ဓါရဏ | ဆဋ္ဌီ,သတ္တမီ | သ,သ္မိံ | နံ,သု |

၁။ 'သည်'ဟု အနက်ပေးသော်လည်း ကတ္တားအနက်ကို မလို၊ (ကို-ဟု အနက် ပေးသော်လည်း ကံအနက်ကို မလို) လိင်္ဂတ္ထမျှကိုသာ လိုရကား လိင်္ဂတ္ထမျှရှိသောသဒ္ဒါမှ နောက်၌ ပထမာဝိဘတ် ဧကဝုစ် သိသက်။

၂။ 'အို'ဟု အနက်ပေးသောကြောင့် အာလုပ်အနက်၌ပထမာဝိဘတ် ဧကဝုစ် သိသက်။

၃။ 'ကို'ဟု အနက်ပေးသောကြောင့် ကံအနက်၌ ဒုတိယာဝိဘတ် ဧကဝုစ် အံသက်။

---

## အလုံးစုံနှင့်ဆက်ဆံအောင် အကျဉ်းစုရုံး၍ ထားအပ်သော ပကိဏ္ဏက စာစပ်၊ ဝိသုဒ္ဓါရုံဝိဘတ်သွယ်

(၁) ဧသော ဗုဒ္ဓေါ၊ ဧတေ ဗုဒ္ဓါ။ ဟူသော ပုံစံ၌ ကံ, ကတ္တား စသည်နှင့်မဖက်၊ သက်သက်သုဒ္ဓလိင်္ဂတ္ထကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် ဗုဒ္ဓကို သုဒ္ဓလိင်အမည်မှည့်။ လိင်္ဂတ္ထေ ပထမာ-သုတ်ဖြင့် သုဒ္ဓလိင်အနက်၌ ပထမာဝိဘတ် ဧကဝုစ် သိသက်၊ ဗဟုဝုစ် ယောသက်။

ဧသော၊ ဤသူသည်။ ဗုဒ္ဓေါ၊ ဘုရားတည်း။

ဧသော-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် ဗုဒ္ဓေါ-၌ တုလျတ်၊ ဗုဒ္ဓေါ-ကား လိင်္ဂတ်အဖြစ်ဖြင့် စပ်၏။

(၂) ဗုဒ္ဓေါ ဒေသေတိ၊ ဗုဒ္ဓါ ဒေသေန္တိ။ ဟူသော ပုံစံ၌ ကတ္တားနှင့် ရောသော ကတ္တုသံသဋ္ဌလိင်္ဂတ္ထကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် ဗုဒ္ဓကို ကတ္တုသံသဋ္ဌ လိင်အမည်မှည့်။ လိင်္ဂတ္ထေ ပထမာ-သုတ်ဖြင့် ကတ္တုသံသဋ္ဌ လိင်အနက်၌ ပထမာဝိဘတ် ဧကဝုစ် သိသက်၊ ဗဟုဝုစ် ယောသက်။

ဗုဒ္ဓေါ၊ ဘုရားသည်။ ဒေသေတိ၊ ဟောတော်မူ၏။

ဗုဒ္ဓေါ-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် ဒေသေတိ-၌ တိ-ဟူသော အာချာတ်ကြိယာဝါစကသည် ပေါအပ်သော ဝုတ္တကတ္တား။ ဒေသေတိ-ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာ ဝါစကစပ်၏။

(၃) ဗုဒ္ဓေါ ပူဇီယတေ၊ ဗုဒ္ဓါ ပူဇီယန္တေ။ ဟူသော ပုံစံ၌ ကံနှင့်ရောသော ကမ္မသံသဋ္ဌလိင်္ဂတ္ထကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် ဗုဒ္ဓကို ကမ္မသံသဋ္ဌလိင်အမည်မှည့်။ လိင်္ဂတ္ထေ ပထမာ-သုတ်ဖြင့် ကမ္မသံသဋ္ဌလိင်အနက်၌ ပထမာဝိဘတ် ဧကဝုစ် သိသက်၊ ဗဟုဝုစ် ယောသက်။

ဗုဒ္ဓေါ၊ ဘုရားကို။ ပူဇီယတေ၊ ပူဇော်အပ်၏။

ဗုဒ္ဓေါ-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် ပူဇီယတေ-၌ တေ-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ပူဇီယတေကား ထိုကံကိုဟောသော အာချတ်ကြိယာဝါစက အဖြစ်ဖြင့် စပ်၏။

(၄) ဘော ဗုဒ္ဓ၊ ဘောန္တော ဗုဒ္ဓါ။ ဟူသော ပုံစံ၌ ရှေးရှုခေါ်ဝေါ်ခြင်းနှင့် ရောသော အာလပနသံသဋ္ဌလိင်္ဂတ္ထကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် ဗုဒ္ဓ-ကို အာလပနသံသဋ္ဌလိင်အမည်မှည့်။ အာလပနေ စ-သုတ်ဖြင့် အာလပနသံသဋ္ဌလိင်အနက်၌ ပထမာဝိဘတ် ဧကဝုစ် သိသက်၊ ဗဟုဝုစ် ယောသက်။

ဘော ဗုဒ္ဓ၊ အို ဘုရား။ ဒေသေဟိ၊ ဟောပြပါလော့။ (ဤပုံစံ၌ အာလုပ်ဖြစ်၍ မစပ်ရ)။

**တစ်နည်းလည်း**၊ ဗုဒ္ဓ-ကား 'အိုဘုရား' ဟူ၍ အနက်ပေးသောကြောင့် ဒေသေဟိ-၌ ဟိဝိဘတ် ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သောအာလုပ် ဗဟိဒ္ဓကြိယာဝိသေသန၊ ဒေသေဟိ-ကား ထိုအာလုပ်ကို မဟောသော ဗဟိဒ္ဓကြိယာဝိသေသျ စပ်၏။

(၅) လောကော ဗုဒ္ဓံ ဗုဒ္ဓေ ဝါ ပူဇေတိ။ ဟူသော ပုံစံ၌ ကြိယာဖြင့် ရောက်အပ်သော ဘုရားဒြပ်၌တည်သော ကြိယာပါပုဏနသတ္တိဟူသော ကံအနက်ကို ဆိုလိုရကား ယံ ကရောတိ တံ ကမ္မံ- သုတ်ဖြင့် ကြိယာပါပုဏနသတ္တိကို ကံအမည်မှည့်၊ ကမ္မတ္ထေ ဒုတိယာ-သုတ်ဖြင့် အဝုတ္တ-ကံအနက်၌ ဒုတိယာဝိဘတ် ဧကဝုစ် အံသက်၊ ဗဟုဝုစ် ယောသက်။

လောကော၊ လူများအပေါင်းသည်။ ဗုဒ္ဓံ၊ ဘုရားကို။ ပူဇေတိ၊ ပူဇော်၏။

လောကော-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် ပူဇေတိ-၌ တိ-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ပူဇေတိ-ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစကအဖြစ်ဖြင့် စပ်၏။ ဗုဒ္ဓံ-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် ပူဇေတိ-၌ တိ-

ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပူဇေတိ-ကား ထိုကံကို မဟောသော အာချာတ်ကြိယာအဖြစ်ဖြင့် စပ်၏။

(၆) **မာသံ ဘုဥ္ဇတိ၊ ကောသံ သဇ္ဈာယတိ။** အစရှိသော ပုံစံ၌ ကာလအခွန့်တို့၏ ဒြပ်, ဂုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်ခြင်းဟူသော အစ္စန္တသံယောဂအနက်ကို ဆိုလိုရကား ပရသမညာ ပယောဂေ-သုတ်ဖြင့် ကာလအခွန့်တို့၏ ဒြပ်, ဂုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်ခြင်းဟူသော အနက်ကို အစ္စန္တသံယောဂအမည်မှည့်၊ ကာလဒ္ဓါန'မစ္စန္တသံယောဂေ-သုတ်ဖြင့် အစ္စန္တသံယောဂ အနက်၌ ဒုတိယာဝိဘတ် ဧကဝုစ် အံသက်၊ ဗဟုဝုစ် ယောသက်။

မာသံ၊ တစ်လပတ်လုံး။ ဘုဥ္ဇတိ၊ စား၏။ ကောသံ၊ တစ်ကောသတိုင်တိုင်။ သဇ္ဈာယတိ၊ သရဇ္ဈာယ်၏။

မာသံ, ကောသံ-တို့ကား 'ပတ်လုံး, တိုင်တိုင်' ဟူ၍ အနက်ပေးသောကြောင့် ဘုဥ္ဇတိ, သဇ္ဈာယတိ-တို့၌ တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အစ္စန္တသံယောဂ၊ ဘုဥ္ဇတိ, သဇ္ဈာယတိတို့ကား ထိုအစ္စန္တသံယောဂကို မဟောသော အစ္စန္တသံယောဂဝန္တကြိယာ အဖြစ်ဖြင့်စပ်၏။

(၇) **လောကေန ဗုဒ္ဓေါ ပူဇီယတေ၊ လောကေဟိ ဝါ။** အစရှိသော ပုံစံ၌ မိမိကိုယ်တိုင် ပြဋ္ဌာန်းသည်ဖြစ်၍ ကြိယာကို ပြီးစေတတ်သော ဒြပ်၌တည်သော ကြိယာနိပ္ဖါဒနသတ္တိဟူသော ကတ္တားအနက်ကို ဆိုလိုရကား ယော ကရောတိ သ ကတ္တာ-သုတ်ဖြင့် ကြိယာနိပ္ဖါဒနသတ္တိကို ကတ္တား အမည်မှည့်။ ကတ္တရိ စ-သုတ်ဖြင့် အဝုတ္တကတ္တားအနက်၌ တတိယာဝိဘတ် ဧကဝုစ် နာသက်၊ ဗဟုဝုစ် ဟိသက်။

လောကေန၊ လူများအပေါင်းသည်။ ဗုဒ္ဓေါ၊ ဘုရားကို။ ပူဇီယတေ၊ ပူဇော်အပ်၏။

လောကေန-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် ပူဇီယတေ-၌ တေ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား။ ပူဇီယတေ-ကား ထိုကတ္တားကို မဟောသော အာချာတ်ကြိယာဝါစကအဖြစ်ဖြင့် စပ်၏။ ဗုဒ္ဓေါ-ကား 'ကို' ဟူ၍ အနက်ပေးသော ကြောင့် ပူဇီယတေ-၌ တေ-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ။ ပူဇီယတေ-ကား ထိုကံကို ဟောသော အာချာတ်ကြိယာဝါစကအဖြစ်ဖြင့် စပ်၏။

(၈) **ပုရိသော ဒတ္တေန ဝီဟိံ လုနာတိ၊ ဒတ္တေဟိ ဝါ။** အစရှိသော ပုံစံ၌ ကြိယာကို ပြီးစေရာ၌ ကတ္တားအား လွန်စွာကျေးဇူးများသော ဒြပ်၌တည်သော ကြိယာသာဓကတမသတ္တိ-

ဟူသော ကရိုဏ်းအနက်ကို ဆိုလိုရကား ယေန ဝါ ကယိရတေ တံ ကရဏံ-သုတ်ဖြင့် ကြိယာသာဓက တမသတ္တိကို ကရိုဏ်းအမည်မှည့်။ ကရဏေ တတိယာ-သုတ်ဖြင့် ကရိုဏ်းအနက်၌ တတိယာဝိဘတ် ဧကဝုစ် နာသက်၊ ဗဟုဝုစ် ဟိသက်။

ပုရိသော၊ ယောကျ်ားသည်။ ဒဏ္ဍေန၊ တံစဉ်ဖြင့်။ ဝီဟိံ၊ ကောက်ကို။ လုနာတိ၊ ရိတ်၏။

ဒဏ္ဍေန-ကား 'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် လုနာတိ-၌ ထိုရိတ်ခြင်းကြိယာကို အထူးပြီးစေကြောင်းဖြစ်သော ကရိုဏ်း။ လုနာတိ-ကား ထိုကရိုဏ်း၏ ကြိယာအဖြစ်ဖြင့် စပ်၏။

**(၉) သာရိပုတ္တေန သဟ ဗုဒ္ဓေါ ဂစ္ဆတိ။** အစရှိသော ပုံစံ၌ ဒြပ်နှစ်ခုတို့၏ ဒြပ်, ဂုဏ်, ကြိယာအားဖြင့် တူမျှခြင်း သမဝါယ-ဟု ဆိုအပ်သော သဟာဒိယောဂ-အနက်ကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် ဒြပ်နှစ်ခုတို့၏ သမဝါယအနက်ကို သဟာဒိယောဂ အမည်မှည့်။ သဟာဒိယောဂေ စ-သုတ်ဖြင့် သဟာဒိယောဂအနက်၌ တတိယာဝိဘတ် ဧကဝုစ် နာသက်၊ ဗဟုဝုစ် ဟိသက်။

သာရိပုတ္တေန၊ သာရိပုတြာနှင့်။ သဟ၊ တကွ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဂစ္ဆတိ၊ ကြွတော်မူ၏။

သာရိပုတ္တေန-ကား 'အနက်နှင့်' ဟူ၍ ပေးသောကြောင့် သဟ-၌ သဟာဒိယောဂ၊ သဟ-ကား သဟာဒိယောဂဝန္တအဖြစ်ဖြင့်စပ်၏။ (သဟယောဂဆိုလျှင် ဆိုရ၏)။

**(၁၀) ဂေါတ္တေန နာထော ဂေါတမော။** အစရှိသော ပုံစံ၌ ဝိသေသျ သကတ်ကို အထူးပြုတတ်သော ထိုဝိသေသျနှင့် အရမတူသော ဘိန္နာဓိကရဏဝိသေသန အနက်ကို ဆိုလိုရကား ပရ-သမညာပယောဂေ-သုတ်ဖြင့် ထိုဝိသေသျနှင့် အရမတူသော အနက်ကို ဘိန္နာဓိကရဏ အမည်မှည့်။ ဝိသေသနေ စ-သုတ်ဖြင့် ဘိန္နာဓိကရဏဝိသေသနအနက်၌ တတိယာဝိဘတ် ဧကဝုစ် နာသက်၊ ဗဟုဝုစ် ဟိသက်။

နာထော၊ မြတ်စွာဘုရားသည်။ ဂေါတ္တေန၊ အနွယ်တော်အားဖြင့်။ ဂေါတမော၊ ဂေါတမ မည်တော်မူ၏။

ဂေါတ္တေန-ကား 'အားဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ဂေါတမော-၌ ဘိန္နာဓိကရဏ ဝိသေသန၊ ဂေါတမော-ကား ဘိန္နာဓိကရဏဝိသေသျ အဖြစ်ဖြင့်စပ်၏။

(၁၁) ဘိက္ခု သိပ္ပေန ဝသတိ။ အစရှိသော ပုံစံ၌ အကျိုးကို ပြီးစေတတ်သော အကြောင်း ဟူသော ဟိတ်အနက်ကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် အကြောင်းအနက်ကို ဟိတ်အမည်မှည့်၊ ဟေတွတ္ထေ စ-သုတ်ဖြင့် ဟိတ်အနက်၌ တတိယာဝိဘတ် ဧကဝုစ် နာသက်၊ ဗဟုဝုစ် ဟိသက်။

ဘိက္ခု၊ ရဟန်းသည်။ သိပ္ပေန၊ အတတ်ဟူသော အကြောင်းကြောင့်။ ဝသတိ၊ နေ၏။

**သိပ္ပေန**-ကား 'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် **ဝသတိ**-၌ နေခြင်း ကြိယာဟူသော အကျိုးကို ပြီးစေတတ်သော အကြောင်းဟိတ်။ **ဝသတိ**-ကား ထိုအကြောင်း၏ အကျိုးဖိုလ် အဖြစ်ဖြင့် စပ်၏။

(၁၂) ဗုဒ္ဓဿ ဒေတိ။ အစရှိသော ပုံစံ၌ ပေးခြင်း-စသော ကြိယာကို ခံတတ်သော ဒြပ်၌တည်သော ပေးရာ သမ္ပာပဒါနသတ္တိဟူသော သမ္ပဒါန်အနက်ကို ဆိုလိုရကား ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ-သုတ်ဖြင့် ပေးရာ သမ္ပာပဒါနသတ္တိကို သမ္ပဒါန် အမည်မှည့်။ သမ္ပဒါနေ စတုတ္ထီ-သုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ် ဧကဝုစ် သသက်၊ ဗဟုဝုစ် နံသက်။

ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒေတိ၊ ပေးလှူ၏။

ဗုဒ္ဓဿ-ကား 'အား' ဟူ၍ အနက်ပေးသောကြောင့် **ဒေတိ**-၌ သမ္ပဒါန်၊ **ဒေတိ**-ကား ထိုသမ္ပဒါန်၏ ကြိယာအဖြစ်ဖြင့် စပ်၏။

(၁၃) လောက-ဟိတာယ ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ။ အစရှိသောပုံစံ၌ ထိုကြိယာ၏ အကျိုးဖြစ်သော တဒတ္ထသမ္ပဒါန် အနက်ကို ဆိုလိုရကား သိလာယ။ လ။ သတ္တမျတ္ထေသု စ-သုတ်ဖြင့် ထိုကြိယာ၏ အကျိုးဖြစ်သော အနက်ကို တဒတ္ထသမ္ပဒါန်အမည်မှည့်။ သမ္ပဒါနေ စတုတ္ထီ-သုတ်ဖြင့် တဒတ္ထသမ္ပဒါန် အနက်၌ စတုတ္ထီဝိဘတ် ဧကဝုစ် သသက်၊ ဗဟုဝုစ် နံသက်။

လောကဟိတာယ၊ လူများအကျိုးငှါ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဥပ္ပဇ္ဇတိ၊ ပွင့်တော်မူ၏။

လောကဟိတာယ-ကား 'ငှါ' ဟူ၍ အနက်ပေးသောကြောင့် ဥပ္ပဇ္ဇတိ-၌ ပွင့်ခြင်း ကြိယာ၏ အကျိုးဖြစ်သော တဒတ္ထသမ္ပဒါန်။ ဥပ္ပဇ္ဇတိ-ကား ထိုသမ္ပဒါန်၏ အကြောင်း ကြိယာအဖြစ်ဖြင့် စပ်၏။

(၁၄) ဗုဒ္ဓသ္မာ အပေတိ။ အစရှိသော ပုံစံ၌ ဖဲတတ်သော ဒြပ်၏ ဒြပ်တစ်ခု၌ တည်သော ဖဲရာအပဂမနသတ္တိ-ဟူသော အပါဒါန်အနက်ကို ဆိုလိုရကား ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ

တဒပါဒါန်-သုတ်ဖြင့် ဖဲရာ အပဂမနသတ္တိကို အပါဒါန်အမည်မှည့်။ အပါဒါနေ ပဥ္စမီ-သုတ်ဖြင့် အပါဒါန်အနက်၌ ပဥ္စမီဝိဘတ် ဧကဝုစ် သ္မာသက်၊ ဗဟုဝုစ် ဟိသက်။

ဗုဒ္ဓသ္မာ၊ ဘုရားမှ။ အပေတိ၊ ဖဲ၏။

ဗုဒ္ဓသ္မာ-ကား 'မှ' ဟူ၍ အနက်ပေးသောကြောင့် **အပေတိ**-၌ အပါဒါန်၊ **အပေတိ**-ကား ထိုအပါဒါန်၏ ကြိယာအဖြစ်ဖြင့် စပ်၏။

**(၁၅) ဗုဒ္ဓသ္မာ လောကော ဟီနော၊ လောကသ္မာ ဗုဒ္ဓေါ သေဋ္ဌော။** အစရှိသော ပုံစံ၌ ဝေဖန်ခွဲခြမ်း၍ သိအပ်သော ဝိဘတ္တအပါဒါန်အနက်ကို ဆိုလိုရကား ဒူရန္တိ။ လ။ ကတ္တူသု စ-သုတ်ဖြင့် ဝိဘတ္တိအပါဒါန်အနက်၌ ပဥ္စမီဝိဘတ် ဧကဝုစ် သ္မာသက်၊ ဗဟုဝုစ် ဟိသက်။

ဗုဒ္ဓသ္မာ၊ ဘုရားအောက်။ လောကော၊ လောကသည်။ ဟီနော၊ ယုတ်၏။ လောကသ္မာ၊ လောကထက်။ ဗုဒ္ဓေါ၊ ဘုရားသည်။ သေဋ္ဌော၊ ၏။

ဗုဒ္ဓသ္မာ, လောကသ္မာ-တို့ကား 'အောက်, ထက်' ဟူ၍ အနက်ပေးသောကြောင့် **ဟီနော, သေဋ္ဌော**-တို့၌ ဝိဘတ္တအပါဒါန်။ **ဟီနော, သေဋ္ဌော**-တို့ကား ဝိဘတ္တအပါဒါနီ အဖြစ်ဖြင့်စပ်၏။

**(၁၆) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ။** အစရှိသောပုံစံ၌ အကျိုးကို ပြုတတ်သော အကြောင်းကာရဏာ အနက်ကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် အကျိုးကို ပြုတတ်သော အကြောင်းအနက်ကို ကာရဏာအမည်မှည့်။ ကာရဏတ္ထေ စ-သုတ်ဖြင့် ကာရဏာ အနက်၌ ပဥ္စမီဝိဘတ် ဧကဝုစ် သ္မာသက်၊ ဗဟုဝုစ် ဟိသက်။

အဝိဇ္ဇာ ပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

**အဝိဇ္ဇာပစ္စယာ**-ကား 'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် **သမ္ဘဝန္တိ**-၌ အကြောင်း ကာရဏာ။ **သမ္ဘဝန္တိ**-ကား အကျိုးဖလအဖြစ်ဖြင့် စပ်၏။

**(၁၇) ဗုဒ္ဓဿ စီဝရံ။** အစရှိသော ပုံစံ၌ ဥစ္စာရှင်၏ ဥစ္စာနှင့် စပ်ခြင်း-ဟူသော သမ္ဗန် အနက်ကို ဆိုလိုရကား ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ-သုတ်ဖြင့် ဥစ္စာရှင်၏ ဥစ္စာနှင့် စပ်ခြင်းဟူသော အနက်ကို သမ္ဗန်အမည်မှည့်။ သာမိသ္မိံ ဆဋ္ဌီ-သုတ်ဖြင့် သမ္ဗန်အနက်၌ ဆဋ္ဌီဝိဘတ် ဧကဝုစ် သသက်၊ ဗဟုဝုစ် နံသက်။

ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ စီဝရံ၊ သင်္ကန်းတည်း။

ဗုဒ္ဓဿ-ကား '၏' ဟူ၍ အနက်ပေးသောကြောင့် စီဝရံ-၌ ဥစ္စာရှင်ဖြစ်သော သာမိသမ္ဗန်။ စီဝရံ-ကား ဥစ္စာဖြစ်သော သံသမ္ဗန္ဓီ အဖြစ်ဖြင့်စပ်၏။

**(၁၈) ဗုဒ္ဓေ ပသီဒတိ။** အစရှိသော ပုံစံ၌ ကတ္တား, ကံ၌ တည်သော ကြိယာ၏ တည်ရာ ဖြစ်သော ကြိယာပတိဋ္ဌာန သတ္တိဟူသော ဩကာသအနက်ကို ဆိုလိုရကား ယော ဓာရော တမော-ကာသံ-သုတ်ဖြင့် ကြိယာပတိဋ္ဌာနသတ္တိကို ဩကာသအမည်မှည့်။ ဩကာသေ သတ္တမီ-သုတ်ဖြင့် ဩကာသအနက်၌ သတ္တမီဝိဘတ် ဧကဝုစ် သ္မိံသက်၊ ဗဟုဝုစ် သုသက်။

ဗုဒ္ဓေ၊ ဘုရား၌။ ပသီဒတိ၊ ကြည်ညို၏။

ဗုဒ္ဓေ-ကား '၌' ဟူ၍ အနက်ပေးသောကြောင့် ပသီဒတိ-၌ ထိုကြိယာ၏ တည်ရာဖြစ်သော ဩကာသ။ ပသီဒတိ-ကား တည်တတ်သော ဩကာသဝန္တကြိယာအဖြစ်ဖြင့် စပ်၏။

**(၁၉) နာဂေါ ဒန္တေသု ဟညတေ။** အစရှိသော ပုံစံ၌ နီးသောအကြောင်း-ဟူသော နိမိတ်အနက်ကို ဆိုလိုရကား ပရ သမညာ ပယောဂေ-သုတ်ဖြင့် နီးသောအကြောင်းဟူသော အနက်ကို နိမိတ်အမည်မှည့်။ ကမ္မ-ကရဏ-နိမိတ္တတ္ထေသု သတ္တမီ-သုတ်ဖြင့် နိမိတ်အနက်၌ သတ္တမီ ဝိဘတ် ဧကဝုစ် သ္မိံသက်၊ ဗဟုဝုစ် သုသက်။

နာဂေါ၊ ဆင်ပြောင်ကို။ ဒန္တေသု၊ အစွယ်တို့ကြောင့်။ ဟညတေ၊ သတ်အပ်၏။

ဒန္တေသု-ကား 'တို့ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် ဟညတေ-၌ နီးသောအကြောင်း ဟုဆိုအပ်သောနိမိတ်။ ဟညတေ-ကား ထိုနိမိတ်၏အကျိုး နိမိတ္တဝန် ကြိယာအဖြစ်ဖြင့်စပ်၏။

**(၂၀) ဗုဒ္ဓေ ဂစ္ဆန္တေ အနိဋ္ဌာ ပက္ကမန္တိ။** အစရှိသောပုံစံ၌ ကြိယာတပါးကို မှတ်ကြောင်း ကြိယာဟူသော လက္ခဏအနက်ကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် ကြိယာ တပါးကို မှတ်ကြောင်းဖြစ်သော ကြိယာကို လက္ခဏအမည်မှည့်။ ကာလ-ဘာဝေသု စ-သုတ်ဖြင့် လက္ခဏ အနက်၌ သတ္တမီဝိဘတ် ဧကဝုစ် သ္မိံသက်၊ ဗဟုဝုစ် သုသက်။

ဗုဒ္ဓေ၊ ဘုရားသည်။ ဂစ္ဆန္တေ၊ ကြွတော်မူသည်ရှိသော်။ အနိဋ္ဌာ၊ အနိဋ္ဌာရုံ ဟူသမျှတို့သည်။ ပက္ကမန္တိ၊ လမ်းမှ ဖဲသွားကြကုန်၏။

ဂစ္ဆန္တေ-ကား 'သော်' ဟူ၍ အနက်ပေးသောကြောင့် ပက္ကမန္တိ၌ ထိုဖဲခြင်းကြိယာကို မှတ် ကြောင်းဖြစ်သော လက္ခဏကြိယာ။ ပက္ကမန္တိ-ကား ထိုလက္ခဏကြိယာဖြင့် မှတ်အပ်သော လက္ချကြိယာ အဖြစ်ဖြင့်စပ်၏။ ဗုဒ္ဓေ-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆန္တေ၌ လက္ခဏဝန္တကတ္တား။

ဂစ္ဆန္တေ-ကား လက္ခဏကြိယာအဖြစ်ဖြင့် စပ်၏။ **အနိဋ္ဌာ-ကား** 'တို့သည်' ဟူ၍ အနက်ပေးသောကြောင့် ပက္ကမန္တိ၌ လက္ခဏဝန္တကတ္တား၊ ပက္ကမန္တိ-ကား လက္ခဏကြိယာအဖြစ်ဖြင့် စပ်၏။

**(၂၁) အာစရိယဿ သယန္တဿ အာစရိယေ သယန္တေ ဝါ သိဿော ယောသေတိ။** အစရှိသောပုံစံ၌ ဖြစ်ဆဲကြိယာတပါးကို မငဲ့မညှာ မရိုမသေပြု၍ဖြစ်သော ကြိယာဟူသော အနာဒရအနက်ကို ဆိုလိုရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် မရိုမသေပြု၍ဖြစ်သော ကြိယာကို အနာဒရအမည်မှည့်။ အနာဒရေ စ-သုတ်ဖြင့် အနာဒရအနက်၌ ဆဋ္ဌီဝိဘတ် ဧကဝုစ် သသက်၊ ဗဟုဝုစ် နံသက်၊ သတ္တမီဝိဘတ် ဧကဝုစ် သ္မိံသက်၊ ဗဟုဝုစ် သုသက်။

အာစရိယဿ၊ ဆရာသည်။ သယန္တဿ၊ အိပ်စဉ်။ ဝါ၊ အာစရိယေ၊ ဆရာသည်။ သယန္တေ၊ အိပ်စဉ်။ သိဿော၊ တပည့်သည်။ ယောသေတိ၊ ဟစ်အော်ကြွေးကြော်၏။

သယန္တဿ, သယန္တေ-တို့ကား 'စဉ်' ဟူ၍ အနက်ပေးသောကြောင့် ယောသေတိ, ၌ မရိုမသေအပ်သော အနာဒရိယကြိယာ။ ယောသေတိ, ကား မရိုသေတတ်သော အနာဒရကြိယာ အဖြစ်ဖြင့် စပ်ကုန်၏။ **အာစရိယဿ, အာစရိယေ-တို့ကား** 'သည်' ဟူ၍ အနက်ပေးသောကြောင့် **သယန္တဿ, သယန္တေ-တို့၌** အနာဒရိယဝန္တကတ္တား၊ **သယန္တဿ, သယန္တေ-တို့ကား** အနာဒရိယကြိယာ အဖြစ်ဖြင့် စပ်ကုန်၏။ **သိဿော-ကား** 'သည်' ဟူ၍ အနက်ပေးသောကြောင့် **ယောသေတိ၌** အနာဒရဝန္တကတ္တား၊ **ယောသေတိကား** အနာဒရကြိယာအဖြစ်ဖြင့် စပ်၏။

(၂၂) ခတ္တိယော သေဋ္ဌော ဇနာနံ ဇနေသု ဝါ။ အစရှိသော ပုံစံ၌ အပေါင်းမှ ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်အားဖြင့် အစိတ်ထုတ်ခြင်းဟူသော နိဒ္ဓါရဏအနက်ကို အလိုရှိရကား ပရ-သမညာ ပယောဂေ-သုတ်ဖြင့် အပေါင်းမှ ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်အားဖြင့် အစိတ်ထုတ်ခြင်းကို နိဒ္ဓါရဏ အမည်မှည့်။ နိဒ္ဓါရဏေ စ-သုတ်ဖြင့် နိဒ္ဓါရဏအနက်၌ ဆဋ္ဌီဝိဘတ် ဧကဝုစ် သသက်၊ ဗဟုဝုစ် နံသက်။ သတ္တမီဝိဘတ် ဧကဝုစ် သ္မိံ သက်၊ ဗဟုဝုစ် သုသက်။

ဇနာနံ၊ လူအပေါင်းတို့တွင်။ ဝါ-ဇနေသု၊ တို့တွင်။ ခတ္တိယော၊ မင်းသည်။ သေဋ္ဌော၊ အမြတ်ဆုံး ပေတည်း။

ဇနာနံ, ဇနေသု-တို့ကား 'တို့တွင်' ဟူ၍ အနက်ပေးသောကြောင့် ခတ္တိယော၌ နိဒ္ဓါရဏ၊ ခတ္တိယော-ကား နိဒ္ဓါရဏီယအဖြစ်ဖြင့် စပ်၏။ ခတ္တိယောကို သေဋ္ဌော၌ တုလျတ် လိင်္ဂတ်စပ်လေ။

❀ ပုဗ္ဗာ, ပရ၊ သမာနနှင့်။ လက္ခဏ, ဟေတု၊ ငါးခုအတ္ထ၊ သက်အပ်စွ၊ တုန, တွာန, တွာ။ (နိယံ)၊

၁။ **အဘိဝါဒိယ ဘာသိဿံ။** အဘိဝါဒိယ၊ ရှိခိုးပြီး၍။ ဘာသိဿံ၊ ဆိုပေအံ့။

အဘိဝါဒိယ-ကား '၍' ဟူ၍ အနက်ပေးသောကြောင့် **ဘာသိဿံ**၌ ပုဗ္ဗကာလကိတ်ကြိယာဝိသေသန၊ **ဘာသိဿံ**-ကား အပရကာလ အာချာတ်ကြိယာ ဝိသေသျအဖြစ်ဖြင့် စပ်၏။

၂။ **ဒွါရံ အာဝရိတွာ နိက္ခမတိ။** ဒွါရံ၊ တံခါးကို။ အာဝရိတွာ၊ ပိတ်၍။ နိက္ခမတိ၊ ထွက်၏။

**အာဝရိတွာ**-ကား '၍' ဟူ၍ အနက်ပေးသောကြောင့် **နိက္ခမတိ**-၌ အပရကာလ ကိတ်ကြိယာ ဝိသေသန၊ **နိက္ခမတိ**-ကား ပုဗ္ဗကာလ အာချာတ်ကြိယာဝိသေသျအဖြစ်ဖြင့် စပ်၏။

၃။ **အာဒိစ္စော တမံ ဟန္တွာ ဥဒေတိ။** အာဒိစ္စော၊ နေမင်းသည်။ တမံ၊ အမိုက်မှောင်ကို။ ဟန္တွာ၊ ပယ်ဖျောက်၍။ ဥဒေတိ၊ တက်၏။

ဟန္တွာ-ကား '၍' ဟူ၍ အနက်ပေးသောကြောင့် **ဥဒေတိ**, ၌ သမာနကာလ ကိတ်ကြိယာ ဝိသေသန၊ **ဥဒေတိ**-ကား သမာနကာ အာချာတ်ကြိယာဝိသေသျအဖြစ်ဖြင့် စပ်၏။

၄။ **သီဟံ ဒိသွာ ဘယံ ဇာယတေ။** သီဟံ၊ ခြင်သေ့ကို။ ဒိသွာ၊ မြင်သည်ရှိသော်။*(လက္ခဏ)* ဝါ၊ မြင်ခြင်းကြောင့်။*(ဟေတု)* ဘယံ၊ ကြောက်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။

ဒိသွာ-ကား 'သော်' ဟူ၍, "ကြောင့်"ဟူ၍ အနက်ပေးသောကြောင့် **ဇာယတေ**-၌ ထိုကြိယာကို မှတ်ကြောင်းဖြစ်သော လက္ခဏကြိယာဟိတ်၊ **ဇာယတေ**-ကား ထိုလက္ခဏကြိယာဖြင့် မှတ်အပ်သော လက္ချကြိယာ ဖိုလ်အဖြစ်ဖြင့်စပ်၏။

❀ နှစ်သုံးလေး-တွာ၊ ရှိလေရာ၊ ရှေ့-တွာ နောက်စပ်လေ။

(၂၄) **ပုရိသေန ပုရိသဿ ဝါ ဩဒနံ ပစ္စတေ။** ပုရိသေန၊ သည်။ ဝါ၊ ကား။ ပုရိသဿ၊ သည်။ ဩဒနံ၊ ကို။ ပစ္စတေ၊ ချက်ခြင်း။

ပုရိသေန, ပုရိသဿ-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် **ပစ္စတေ**-၌ တေ-ဟူသော ဘာဝဝါစက အာချာတ်ကြိယာသည် မဟောအပ်သော အဝုတ္တကတ္တား၊ **ပစ္စတေ**-ကား ထိုကတ္တားကို မဟောသော ဘာဝဝါစက အာချာတ်ကြိယာအဖြစ်ဖြင့် စပ်၏။ ဩဒနံ-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် ပစ္စတေ-၌ တေ-ဟူသော ဘာဝဝါစက အာချာတ်ကြိယာသည် မဟောအပ်သော အဝုတ္တကံ၊ ပစ္စတေ-ကား ထိုကံကို မဟောသော ဘာဝဝါစက အာချာတ်ကြိယာအဖြစ်ဖြင့် စပ်၏။

**(၂၅) ဒါသော ဩဒနံ ပစတိ။** ဒါသော၊ ကျွန်သည်။ ဩဒနံ၊ ကို။ ပစတိ၊ ချက်၏။ **ဒါသော**-ကို **ပစတိ**-၌ ဝုတ္တကတ္တား၊ **ဩဒနံ**-ကို **ပစတိ**-၌ အဝုတ္တကံ စပ်လေ။

❀ **ကာရိတ်ကံကား၊ ဓာတ်ကတ္တား၊ မပြားဝုတ္တ အဝုတ္တ။ (နိယံ)**

**သာမိကော ဒါသံ ဩဒနံ ပါစေတိ။** သာမိကော၊ အရှင်သည်။ ဒါသံ၊ ကျွန်ကို။ ဩဒနံ၊ ကို။ ပါစေတိ၊ ချက်စေ၏။

**သာမိကော**-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် **ပါစေတိ**-၌ ကာရိတ်နှင့်ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ပယောဇက ဟေတုကတ္တား၊ **ပါစေတိ**-ကား ထိုကတ္တားကို ဟောအပ်သော အာချာတ်ကြိယာဝါစကအဖြစ်ဖြင့် စပ်၏။ **ဒါသံ**-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **ပါစေတိ**-၌ ကာရိတ်နှင့်ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော ပယောဇ္ဇ ဓာတ်ကတ္တားဟူသော ကာရိတ်ကံ၊ **ပါစေတိ**-ကား ထိုကံကို မဟောသော အာချာတ်ကြိယာဝါစက အဖြစ်ဖြင့်စပ်၏။ **ဩဒနံ**-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **ပါစေတိ**-၌ ကာရိတ်နှင့်ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော ဓာတ်ကံ၊ **ပါစေတိ**-ကား ထိုကံကို မဟောသောအာချာတ်ကြိယာဝါစက အဖြစ်ဖြင့်စပ်၏။

**(၂၆) သာမိကေန ဒါသော ဩဒနံ ပါစိယတေ။** သာမိကေန၊ သည်။ ဒါသော၊ ကို။ ဩဒနံ၊ ကို။ ပါစိယတေ၊ ချက်စေအပ်၏။

**သာမိကေန**-ကို **ပါစိယတေ**-၌ မဟောအပ်သော ပယောဇက ဟေတုကတ္တား၊ **ဒါသော**-ကို **ပါစိယတေ**-၌ ဟောအပ်သော ပယောဇ္ဇ ဓာတ်ကတ္တားဟူသော ကာရိတ်ကံ၊ **ဩဒနံ**-ကို **ပါစိယတေ**-၌ ရှေးနည်းတူ မဟောအပ်သော ဓာတ်ကံ စပ်လေ။ (ရှေးပုံစံနှင့် အစဉ်အတိုင်းဟပ်၍ စပ်လေ)။

**(၂၇) အဇပါလော အဇံ ဂါမံ နေတိ။** အဇပါလော၊ ဆိတ်ကျောင်းသားသည်။ အဇံ၊ ဆိတ်ကို။ ဂါမံ၊ ရွာသို့။ နေတိ၊ ဆောင်၏။

**အဇပါလော**-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် နေတိ-၌ တိ-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ နေတိ-ကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက အဖြစ်ဖြင့်စပ်၏။ **အဇံ**-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် နေတိ-၌ တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ ပဓာနကံ၊ နေတိ-ကား ထိုကံကို မဟောသော အာချာတ်ကြိယာစပ်၏။ ဂါမံ-ကား 'ကို' ဟူ၍ အနက်ပေး သောကြောင့် နေတိ-၌

တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ အပ္ပဓာနကံ၊ နေတိ-ကား ထိုကံကို မဟောသော အာချာတ်ကြိယာစပ်၏။

(၂၈) **အဇပါလေန အဇော ဂါမံ နီယတေ။** အဇပါလေန၊ သည်။ အဇော၊ ကို။ ဂါမံ၊ သို့။ နီယတေ၊ ဆောင်အပ်၏။

**အဇပါလေန**-ကို **နီယတေ**-၌ မဟောအပ်သော အဝုတ္တကတ္တား၊ **အဇော**-ကို **နီယတေ**-၌ ရှေးနည်းတူ ဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ ပဓာနကံ၊ **ဂါမံ**-ကို **နီယတေ**-၌ မဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ အပ္ပဓာနကံ စပ်လေ။ (ရှေးပုံစံနှင့် အစဉ်အတိုင်းဟပ်၍ စပ်လေ)။

(၂၉) **သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ။** သာမိကော၊ သည်။ အဇပါ လံ၊ ကို။ အဇံ၊ ကို။ ဂါမံ၊ သို့။ နယာပေတိ၊ ဆောင်စေ၏။

**သာမိကော**-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် **နယာပေတိ**-၌ ကာရိတ်နှင့် ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ပယောဇက ဟေတုကတ္တား၊ နယာပေတိ-ကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝါစက စပ်၏။ **အဇပါလံ**-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **နယာပေတိ**-၌ ကာရိတ်နှင့်ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာ ဝါစကသည် မဟောအပ်သော ပယောဇ္ဇ ဓာတ်ကတ္တားဟူသော ကာရိတ်ကံ။ **နယာပေတိ**-ကား ထိုကံကို မဟောသော အာချာတ်ကြိယာစပ်၏။ **အဇံ**-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **နယာပေတိ**-၌ ကာရိတ်နှင့်ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ ပဓာနကံ။ နယာပေတိ-ကား ထိုကံကို မဟောသော အာချာတ်ကြိယာ စပ်၏။ ဂါမံ-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **နယာပေတိ**-၌ ကာရိတ်နှင့်ယှဉ်သော တိ-ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ အပ္ပဓာနကံ၊ **နယာပေတိ**-ကား ထိုကံကို မဟောသော အာချာတ်ကြိယာ စပ်၏။

(၃၀) **သာမိကေန အဇပါလော အဇံ ဂါမံ နယာပီယတေ။** သာမိကေန၊ သည်။ အဇပါလော၊ ကို။ အဇံ၊ ကို။ ဂါမံ၊ သို့။ နယာပီယတေ၊ ဆောင်စေအပ်၏။

သမိကေန-ကို နယာပီယတေ-၌ မဟောအပ်သော ပယောဇက ဟေတုကတ္တား။ **အဇပါလော**-ကို နယာပီယတေ-၌ ဟောအပ်သော ပယောဇ္ဇ ဓာတ်ကတ္တားဟူသော ကာရိတကံ။ အဇံ-ကို နယာပီယတေ-၌ မဟောအပ်သော နျာဒိဂိုဏ်းဓာတ်၏ ပဓာနကံ။ ဂါမံ-ကို နယာပီယတေ-၌

မဟောအပ်သော နျာဒိဂိုဏ်းခေတ်၏ အပ္ပခါနက် စပ်လေ။ (ရှေးပုံစံနှင့် အစဉ်အတိုင်းဟပ်၍ စပ်လေ)။

(၃၁) **ဗြာဟ္မဏော ရာဇာနံ ကမ္ဗလံ ယာစတိ။** ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ရာဇာနံ၊ မင်းကို။ ကမ္ဗလံ၊ ကမ္ဗလာ-ကို။ ယာစတိ၊ တောင်း၏။

ဗြာဟ္မဏော-ကို ယာစတိ-၌ ဟောအပ်သော ဝုတ္တကတ္တား၊ ရာဇာနံ-ကို ယာစတိ-၌ မဟော အပ်သော ဒုဟာဒိဂိုဏ်းခေတ်၏ အပ္ပခါနက်။ ကမ္ဗလံ-ကို ယာစတိ-၌ မဟောအပ်သော ဒုဟာဒိဂိုဏ်း ခေတ်၏ ပခါနက် စပ်မြဲစပ်လေ။

(၃၂) **ဗြာဟ္မဏေန ရာဇာ ကမ္ဗလံ ယာစီယတေ။** ဗြာဟ္မဏေန၊ သည်။ ရာဇာ၊ ကို။ ကမ္ဗလံ၊ ကို။ ယာစီယတေ၊ တောင်းအပ်၏။

ဗြာဟ္မဏေန-ကို၊ ယာစီယတေ-၌ မဟောအပ်သော အဝုတ္တကတ္တား။ ရာဇာ-ကို ယာစီယတေ- ၌ ဟောအပ်သော ဒုဟာဒိဂိုဏ်းခေတ်၏ အပ္ပခါနက်။ ကမ္ဗလံ-ကို ယာစီယတေ-၌ မဟောအပ် သော ဒုဟာဒိဂိုဏ်းခေတ်၏ ပခါနက် စပ်မြဲစပ်လေ။

(၃၃) **အာစရိယော ဗြာဟ္မဏံ ရာဇာနံ ကမ္ဗလံ ယာစာပေတိ။** အာစရိယော၊ ဆရာသည်။ ဗြာဟ္မဏံ၊ ကို။ ရာဇာနံ၊ ကို။ ကမ္ဗလံ၊ ကို။ ယာစာပေတိ၊ တောင်းစေ၏။

အာစရိယော-ကို ယာစာပေတိ-၌ ဟောအပ်သော ပယောဇက ဟေတုဝုတ္တကတ္တား။ ဗြာဟ္မဏံ- ကို ယာစာပေတိ-၌ မဟောအပ်သော ပယောဇ္ဇ ခေတ်ကတ္တားဟူသော ကာရိတ်ကံ။ ရာဇာနံ-ကို ယာစာပေတိ-၌ မဟောအပ်သော ဒုဟာဒိဂိုဏ်းခေတ်၏ အပ္ပခါနက်။ ကမ္ဗလံ-ကို ယာစာပေတိ-၌ မဟောအပ်သော ဒုဟာဒိဂိုဏ်းခေတ်၏ ပခါနက် စပ်မြဲစပ်လေ။

(၃၄) **အာစရိယေန ဗြာဟ္မဏော ရာဇာနံ ကမ္ဗလံ ယာစာပီယတိ။** အာစရိယေန၊ သည်။ ဗြာဟ္မဏော၊ ကို။ ရာဇာနံ၊ ကို။ ကမ္ဗလံ၊ ကို။ ယာစာပီယတိ၊ တောင်းစေအပ်၏၊

အာစရိယေန-ကို ယာစာပီယတိ-၌ မဟောအပ်သော ပယောဇက ဟေတုကတ္တား။ ဗြာဟ္မဏော-ကို ယာစာပီယတိ-၌ ဟောအပသော ပယောဇ္ဇ ခေတ်ကတ္တားဟူသော ကာရိတ်ကံ။ ရာဇာနံ-ကို ယာစာပီယတိ-၌ မဟောအပ်သော ဒုဟာဒိဂိုဏ်းခေတ်၏ အပ္ပခါနက်။ ကမ္ဗလံ-ကို ယာစာပီယတိ-၌ မဟောအပ်သော ဒုဟာဒိဂိုဏ်းခေတ်၏ ပခါနက် စပ်လေ။ နျာဒိဂိုဏ်း, ဒုဟာဒိဂိုဏ်း သာ ထူး၏။ ရှေးပြယုဂ်လေးခုနှင့် ဤပြယုဂ်လေးခုကို အစဉ်အတိုင်းဟပ်၍ စပ်လေ။

**နယာဒီနံ ပဓာနတ္တ၊ အပ္ပဓာနံ ဒုဟာဒိနံ။**

**ကာရိတေ သုဒ္ဓကတ္တာ စ၊ ကမ္မမာချာတ ဂေါစရံ။** ။(ရူပသိဒ္ဓိ၊ ၃၃၀။)

(၃၅) **သာမဏေရော ဥပသမ္ပန္နော ဟောတိ။** သာမဏေရော၊ သာမဏေသည်။ ဥပသမ္ပန္နော၊ ပဥ္စင်းသည်။ ဟောတိ၊ ဖြစ်၏။

**သာမဏေရော**-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် **ဟောတိ**-၌ ဟောအပ်သော ပကတိကတ္တား။ **ဥပသမ္ပန္နော**-ကား 'သည်'ဟူ၍ အနက်ပေးသောကြောင့် **ဟောတိ**-၌ ဟောအပ်သော ဝိကတိကတ္တား။ **ဟောတိ**-ကား ထိုကတ္တားတို့ကို ဟောသော အာချာတ်ကြိယာဝါစက စပ်၏။

(၃၆) **သုဝဏ္ဏံ ကဋကံ ကရောတိ။** သုဝဏ္ဏံ၊ ရွှေကို။ ကဋကံ၊ လက်ကောက်ကို။ ကရောတိ၊ ပြု၏။

သုဝဏ္ဏံ-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **ကရောတိ**-၌ မဟောအပ်သော ပကတိကံ။ **ကဋကံ**-ကား 'ကို' ဟူ၍ အနက်ပေးသောကြောင့် **ကရောတိ**-၌ မဟောအပ်သော ဝိကတိကံ။ **ကရောတိ**-ကား ထိုကံတို့ကို မဟောသော အာချာတ်ကြိယာ စပ်၏။

❀ ပကတိ ဝိကတိ၊ နှစ်ပါးရှိက၊ ပကတိမှာ၊ အကြောင်းသာ၊ နောင်မှာဝိကတိ **အကျိုးတည်း။**

ပကတိသချာ၊ ယှူမြဲသာ၊ ကြိယာပုဒ်သဘောတည်း။

(၃၇) **တန္တဝေါ ပဋော ဘဝန္တိ။** တန္တဝေါ၊ ချည်တို့သည်။ ပဋော၊ ပုဆိုးသည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

တန္တဝေါ-ကား 'တို့သည်' ဟူ၍ အနက်ပေးသောကြောင့် **ဘဝန္တိ**-၌ ဟောအပ်သော ပကတိကတ္တား။ ပဋော-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် **ဘဝန္တိ**-၌ ဟောအပ်သော ဝိကတိကတ္တား၊ **ဘဝန္တိ**-ကား ထိုကတ္တားတို့ကို ဟောသော အာချာတ်ကြိယာဝါစက စပ်၏။

(၃၈) စူဠပန္ထကော **ဘိက္ခုဝေါ ဘဝတိ။** စူဠပန္ထကော၊ စူဠပန်သည်။ ဘိက္ခဝေါ၊ နိမ္မိတရဟန်းတို့သည်။ ဘဝတိ၊ ဖြစ်၏။

စူဠပန္ထကော-ကား 'သည်' ဟူ၍ အနက်ပေးသောကြောင့် ဘဝတိ-၌ ဟောအပ်သော ပကတိကတ္တား၊ ဘိက္ခဝေါ-ကား 'တို့သည်' ဟူ၍ အနက်ပေးသောကြောင့် ဘဝတိ-၌ ဟောအပ်သော ဝိကတိကတ္တား၊ ဘဝတိ-ကား ထိုကတ္တားတို့ကို ဟောသော အာချာတ်ကြိယာဝါစက စပ်၏။

ပကတိ ဝိကတိ စာပိ၊ ယတြ ဝုတ္တံ ဒွယံပိ စ။
ဝါစကော ပကတီသဥ္ဇီ၊ ဂဏှာတိဿာ ပဓာနတော။ ။ (ကစ္စာယနသာရ၊ ၇။)

## ပကိဏ္ဏကစာစပ် ဝိဘတ်သွယ်မှုကျယ် ပြီး၏။

---

ဝိသုဒ္ဓါစာရထေရဿ၊ ဝိသုဒ္ဓါရာမဝါသိနော။
သော'ဒါဟရဏသမ္ဗန္ဓော၊ ကစ္စာနသုတ္တနိဿယော။
ဆ-ခာ-ဒွိ-ဇကေ-ဝဿသ္မိံ၊ မာဂသိရမှိ နိဋ္ဌိတော။

ဝိသုဒ္ဓါရာမဝါသိနော၊ ဝိသုဒ္ဓါရာမ တိုက်သစ်, တိုက်ဟောင်း၌ လှည့်ပြောင်းသုံးနေသော။ ဝိသုဒ္ဓါစာရ ထေရဿ၊ ဝိသုဒ္ဓါစာရထေရ်၏။ သောဒါဟရဏသမ္ဗန္ဓော၊ ဥဒါဟရဏ် ပုံစံ, သမ္ဗန်စာစပ်, ဝိဘတ်သွယ်နှင့်တကွဖြစ်သော။ ကစ္စာနသုတ္တနိဿယော၊ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်သည်။ ဆခဒွိ-ဇကေဝဿသ္မိံ၊ ၁၂၆၆-ခုနှစ်၌။ မာဂသိရမှိ၊ နတ်တော်လဆန်းသုံးရက်၌။ နိဋ္ဌိတော၊ နိဋ္ဌ ဣတော ဂတော ပတ္တော၊ အပြီးအဆုံးသို့ ရောက်သတည်း။

ဥဒါဟရဏ်, ပုံစံနက်, စာစပ်တို့နှင့်တကွ ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက် အလုံးစုံ ပြီး၏။

✪ ✪ ✪ ✪ ✪

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဝိသုဒ္ဓါရုံကစွည်းသုတ်နက်ကျမ်းကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ကုစ္ဆာသယ မြန်မာမှုလုပ်ငန်း

# ဦးအောင်ဇော်+ဒေါ်ထက်ထက်

## သမီး - မအဉ္ဇလီမိုး
## မဆုသျှားစန္ဒီဇော်

အမှတ်-၆၂၄၊ ၈၂-လမ်း၊
၄၄ × ၄၅-ကြား၊ မန္တလေးမြို့။

## မိသားစုကောင်းမှု

# ရကြပါစေ၊ အမျှဝေ

"မမွအလှူ၊ ဖြစ်စေဟူ"၍၊ ဘယ်သူမန္နီး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမူ၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးညာ တကာ၊ ကုလာဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွန်းကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဠာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွှားကို၊ စီးပွားရှာရှာ၊ သာသနာကို၊ မချာနေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတမြားမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်မှ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုညကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အားချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

## ဤ 'ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်' ကျမ်းကြီးကို ပုံနှိပ်ပြီးစီးသည့် အကြိမ်ကား

| | | | |
|---|---|---|---|
| ပထမနှိပ်ခြင်း | အုပ်ရေ | ... | ၃၀၀၀ |
| ဒုတိယနှိပ်ခြင်း | ॥ | ... | ၂၀၀၀ |
| တတိယနှိပ်ခြင်း | ॥ | ... | ၂၀၀၀ |
| စတုတ္ထနှိပ်ခြင်း | ॥ | ... | ၁၀၀၀ |
| ပဉ္စမနှိပ်ခြင်း | ॥ | ... | ၂၀၀၀ |
| ဆဋ္ဌမနှိပ်ခြင်း | ॥ | ... | ၂၀၀၀ |
| သတ္တမနှိပ်ခြင်း | ॥ | ... | ၁၀၀၀ |
| | အုပ်ရေပေါင်း | ... | ၁၃၀၀၀ |

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ်
ရက်စွဲ ............
သုတေသနစာကြည့်တိုက်

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဝိသုဒ္ဓါရုံကစွည်းသုတ်နက်ကျမ်းကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝေဂတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ကုဋ္ဌာသယ မြန်မာမှုလုပ်ငန်း

# ဦးအောင်ဇော်+ဒေါ်ထက်ထက်

သမီး - မအဥ္ဇလီမိုး
မဆုသျှားစန္ဒီဇော်

အမှတ်-၆၂၄၊ ၈၂-လမ်း၊
၄၄ × ၄၅-ကြား၊ မန္တလေးမြို့။

မိသားစုကောင်းမှု